# ချစ်ဦးညို

# ဝိဇိတာဝီ



ဒု တိ ယ အ ကြိ မ်

www.foreverspace.com.mm

www.foreverspace.com.mm

ရတနာပုံစာအုပ်တိုက်
အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၆၇၅

www.foreverspace.com.mm

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး
ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး
ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

www.foreverspace.com.mm

# ဝိဇိတာဝီ

## ချစ်ဦးညို

ရတနာပုံစာစဉ် - ၁၁
[ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ]

www.foreverspace.com.mm


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၁၉၂ / ၂၀၀၁ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | |

| | | |
|---|---|---|
| စီစဉ်သူ | ■ | **ဦးသိမ်းစိုး မင်းထွဋ်ဝင်း** |
| အကြိမ် | ■ | ဒုတိယအကြိမ် ၂၀၀၁ ခု၊ အောက်တိုဘာလ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ<br>၁၁၃၀ (က)၊ ဥယျာဉ်လမ်း၊<br>ဒဂုံတောင်ပိုင်း |
| အတွင်းစာစီ | ■ | ပုလဲ (သီဟရတနာ) |
| မျက်နှာဖုံး နှင့် | ■ | ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်) |
| အတွင်းပုံနှိပ် | | ၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း Glory |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၈၀၀ ကျပ် |


www.foreverspace.com.mm

# ဝိဓိတာဝိ

သက္ကရာဇ် တစ်ရာ့လေးဆယ့်ရှစ်ခု၊ ကဆုန်လပြည့်ကျော် ခုနစ်ရက်။

ကုသိနာရုံနှင့် ပါဝါပြည်အကြား ခုလတ်တစ်နေရာ တောလမ်းခရီးမှ သစ်ပင်ကြီးတစ်ပင်အောက်သို့ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ဝင်ရောက်တော်မူလာသည်။ တပည့်ရဟန်း ငါးရာတို့လည်း သစ်ပင်ကြီး၏ ကျယ်ပြန့်လှသော အရိပ်ဝန်းအောက်တွင် အစုအဖွဲ့လိုက် နေရာယူလိုက်ကြလေသည်။

အကျင့်သီလပြည့်ခြင်းအရာ၌ စံပြုပုဂ္ဂိုလ်အဖြစ် ဘုရားရှင် ကိုယ်တော်တိုင် စံပြထားတော်မူသော မထေရ်မြတ်ကြီးသည် အေးမြသော သစ်ရိပ်ကို ခံယူရင်း မြတ်စွာဘုရား၏ မဓုအာဝါသဂုဏ်ကို ဆင်ခြင်တော်မူသည်။

“နွေလတို့၏ အဦးအစ တန်ခူးလတွင် ကောင်းစွာပွင့်သည့် ခက်လက်ဝေဖြာ စုံညီစွာသော တောအုပ်ကြီးသည် အသရေသိန်အပေါင်းတို့ဖြင့် တင့်တယ်ဘိသကဲ့သို့ အနက်သဒ္ဒါဝေဆာစုံပေါ် ထိုတောအုပ်ကြီးပမာ ဖြစ်ပေသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို နိဗ္ဗာနစာရ၏ အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပြီး ဘုရားရှင်၏ ရတနာသိကြောင်းဖြစ်သော ဤဂုဏ်တော်ကား ထူးမြတ်လှပါပေစွ။ ဤစကားသည် အမှန်သစ္စာဖြစ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ”

www.foreverspace.com.mm



ကုသိနာရုံပြည်သို့ ရောက်ရန် ခရီးအတန် လှမ်းကွာသေးသည်။ တပည့်ရဟန်းငါးရာတို့အနက် ရာဂမကင်းသော ရဟန်းများလည်း ပါရှိနေသည်။ ခရီးပန်းခြင်း၏ ဒဏ်ကို ရင့်ကျက်ပြီးသောရဟန်းများက သည်းခံနိုင်စွမ်း ရှိကြသော်လည်း နုနယ်သေးသောရဟန်းများမှာမူ မသိမသာ ညည်းတွားစပြု လာကြပေသည်။ ထို့ကြောင့် ဤတောလမ်းခရီး၏ ဤတောအုပ်တစ်နေရာ ဤသစ်ပင်ကြီးတွင် ခေတ္တခိုနားရန် မထေရ်မြတ်ကြီး ဆုံးဖြတ်တော်မူခြင်းဖြစ်၏။

ထိုအချိန်တွင် ကုသိနာရုံပြည်ဘက်မှ ပါဝါပြည်ဘက်သို့ လာနေသော တက္ကတွန်းတစ်ယောက်ကို မထေရ်မြတ်ကြီး မြင်လိုက်သည်။ တက္ကတွန်းကား အဝတ်မဝတ်သော အာဇီဝကတစ်ယောက် ဖြစ်သည်။ လုံးတီးနီးပါးရှိသော ခန္ဓာကိုယ်တွင် ဖုန်အလိမ်းလိမ်း ကပ်နေသည်။ မုတ်ဆိတ်ကျင်စွယ်တို့လည်း ရှည်လျားရှုပ်ထွေးလှသည်။

တက္ကတွန်းသည် မထေရ်မြတ်ကြီးရှိနေသော သစ်ပင်ကြီးဆီသို့ ရောက်လာ၏။ သူ့လက်ထဲတွင် မန္ဒာရဝ အမည်ရှိ နတ်ပန်းကို ထီးသဖွယ်ကိုင် ဆောင် ဆောင်းမိုးလာသည်။

တက္ကတွန်းတစ်ယောက်က မန္ဒာရဝ နတ်ပန်းကို ထီးသဖွယ်ဆောင်းမိုး၍ ကုသိနာရုံဘက်မှ ရောက်ရှိလာခြင်းသည် သာမန်ထက် ထူးခြားသော အခြေအနေ ဖြစ်နေလေသည်။

နူးညံ့သိမ်မွေ့လှသော အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တက္ကတွန်းကို ပြေပြစ်စွာ စကားမိန့်ဆို နှုတ်ဆက်တော်မူသည်။

"ငါ့ရှင် . . . သင် ကုသိနာရုံဘက်က လာခဲ့သလား"

"ဟုတ်ပါတယ် . . . ကျွန်ုပ် ကုသိနာရုံက လာခဲ့တာပဲ"

"ငါ့ရှင် . . . ငါတို့ဆရာ မြတ်စွာဘုရားကို သင် သိပါသလား"

တက္ကတွန်းက မျက်ခုံးများပင့်လိုက်ပြီး ထီးသဖွယ် ဆောင်းလာသော မန္ဒာရဝ နတ်ပန်းကို လှည့်လိုက်သည်။

"သင်တို့ဆရာကို ကျွန်ုပ် သိပါတယ်၊ သိသမှ သင်တို့ဆရာ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသွားပြီ၊ ဒီကနေ့ဆို ခုနစ်ရက်ရှိသွားပြီ။ ကုသိနာရုံက မလ္လာမင်းတွေရဲ့ အင်ကြင်းတောထဲမှာ ပရိနိဗ္ဗာန်ပြုသွားပြီ၊ ဟောဒီ မန္ဒာရဝ ပန်းဟာ အဲဒီကနေ ကျွန်ုပ် ယူလာခဲ့တာပဲ"



www.foreverspace.com.mm



သစ်ပင်ကြီး၏ အုပ်ဆိုင်းအေးမြအရိပ်ဝန်းကြီး ရုတ်တရက် ပျောက်ကွယ်သွားသကဲ့သို့ပင် တက္ကတွန်း၏စကားကို ကြားလိုက်ရသော ရဟန်းအချို့သည် မြေပြင်သို့ လူးလိမ့်ငိုကြွေးကုန်ကြပေပြီ။

"မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားပြီတဲ့ ငါ့အရှင်တို့"

မသဲမကွဲသော ညည်းတွားရေရွတ်သံများ၊ မြည်တမ်းသံများဖြင့် တောအုပ်၏ တိတ်ဆိတ်အေးချမ်းမှုသည် ပျက်စီးသွားလေသည်။

"ဘုန်းတော်ကြီးသော အဘဘုရားရှင် နိဗ္ဗာန်စံဝင်သွားပြီ . . . တဲ့"

"လောကသုံးပါးရဲ့ အရှင်သခင်ကြီး မရှိတော့ဘူးတဲ့"

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ဆောက်တည်ရာမဲ့ ငိုကြွေးနေသော ရဟန်းတပည့်များကိုလည်းကောင်း၊ မမွှသံဝေဂဖြင့် စိတ်ကို ဖြေနေကြသော ရဟန်းတပည့်များကိုလည်းကောင်း ကြည့်ရှု ဆင်ခြင်တော်မူသည်။

တက္ကတွန်းကား မန္ဒာရဝပန်းကို ထီးဆောင်းလျက် ပါဝါပြည်ဘက်သို့ ဆက်လက်ထွက်ခွာသွားပေပြီ။ သူသည်လည်း အာဇီဝက တက္ကတွန်း တစ်ယောက်ဖြစ်စေကာမူ ဘုရားရှင်ပရိနိဗ္ဗာန်ပြုရာအရပ်မှ ရသောပန်းကို အမြတ်တနိုး အထိမ်းအမှတ်အဖြစ် သိမ်းဆည်းသယ်ဆောင်သွားဟန် တူပေသည်။

"ဪ . . . သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဤသင်္ခါရတရားမှာ မြဲခြင်းသဘောကို ဘယ်မှာရနိုင်မည်နည်း" မထေရ်မြတ်ကြီး ဆင်ခြင်နှလုံး သွင်းတော်မူသည်။

ထိုအချိန်တွင် လူးလိမ့်ငိုကြွေးနေကြသော ရဟန်းများဆီမှ ထူးခြားသောအသံတစ်သံ ထွက်ပေါ်လာလေသည်။

"ငါ့ရှင်တို့ . . . မငိုကြစမ်းပါနဲ့၊ တိတ်ကြစမ်းပါ၊ ငါပြောတာ နားထောင်လိုက်ပါ"

ပူဆွေး ကြေကွဲနေကြသော ရဟန်းတို့အကြားတွင် ဤအသံသည် အခြားသူများနှင့် ပီပီ ဆန့်ကျင်စွာပင် အားတက်သရော ဖြစ်နေသည်။ ဤအသံ၌ သောကပရိဒေဝအငွေ့ အလျှင်းမရှိ။ သို့သော် တည်ငြိမ်နက်ရှိုင်းစွာ တရားမြွှ၍ ဆင်ခြင်သက်ဝင်ထားသည့် အသံမျိုးလည်း မဟုတ်။

"ငါ့ရှင်တို့ . . . ငါ့ရှင်တို့၊ ဒီမှာ နားထောင်ကြစမ်းပါဦး"

www.foreverspace.com.mm



ရဟန်းတို့သည် မျက်ရည်အလူးလူးအလိမ်းလိမ်းဖြင့်ပင် ထိုအသံလာရာဆီသို့ တအံ့တသြ လှမ်းကြည့်လိုက်ကြသည်။

တောထွက်ရဟန်းကြီး သုဘဒ္ဒ . . .

ပြေလျော့ခြင်းမရှိသော သင်္ကန်းကို တမင်ပင် ဖြည့်ခွာလျက် ဟန်ပါပါ ဖြန့်ရမ်းကာ ထပ်မံ၍ စုစည်းဝတ်ရုံလိုက်သော ရဟန်းကြီးသုဘဒ္ဒသည် ဝင့်ကြွားအသွင်ဖြင့် မတ်တပ်ရပ်လိုက်သည်၊

"ဒီမလေ . . . မငိုကြစမ်းပါနဲ့၊ ငါ့ရှင်တို့ရဲ့ ရဟန်းကြီးဂေါတမ ပရိနိဗ္ဗာန်ပြုသွားပြီဆိုတာကို ငါပြောသလို အမိပ္ပါယ်ကောက်ယူလိုက်ကြစမ်းပါ။ ဒီမှာ . . . အခုဆိုရင် ငါတို့ဟာ ရဟန်းကြီးဂေါတမ လက်အောက်ကနေ ကောင်းစွာ လွတ်မြောက်ကြပြီမဟုတ်လား။ ဗုဒ္ဓဟာ ငါတို့ကို ဝိနည်းသိက္ခာပုဒ်တွေနဲ့ အမျိုးမျိုး ချုပ်ချယ်ခဲ့တာမဟုတ်လား၊ ငါတို့မှာ ဗုဒ္ဓရဲ့အဆုံးအမတွေအောက်မှာ နေရတကာ အချုပ်အချယ်မိခဲ့ကြတာ မဟုတ်လား၊ အခု ငါတို့ ပြုချင်တာပြုလို့ ရပြီ၊ ပြုလိုရာ ပြုကြရတော့မယ်၊ မပြုလိုရာကို မပြုဘဲ နေကြမယ်၊ ဘယ့်နှယ်လဲ"

ဆူးကြိမ် ကြာပွတ်တစ်ချောင်းကို ဝှေ့ရမ်းရိုက်ခတ်လိုက်သည့်နှယ် ရဟန်းများသည် ငိုရှိုက်ရန်ကိုပင် မေ့လျော့သွားကြကာ အံ့သြသော မျက်နှာများဖြင့် တောထွက်ရဟန်းကြီး သုဘဒ္ဒကို ဝိုင်းအံ့ကြည့်နေမိကြ၏၊

သုဘဒ္ဒကမူ လက်အစုံကို အထက်သို့ မြှောက်လိုက်ပြန်သည်။

"ဖိနှိပ်ချုပ်ချယ်မယ့်သူ မရှိတော့ဘူး၊ ကြိုက်သလို နေလို့ရပြီ၊ လွတ်လပ်ပြီလေ . . . မဟုတ်ဘူးလား ငါ့ရှင်တို့ . . ."

သုဘဒ္ဒက တစ်ခဲနက်သော အားပေးသြဘာသံကို မျှော်လင့်ထားသော်လည်း ရဟန်းများကမူ တိတ်ဆိတ်ခြင်းဖြင့်သာ တုံ့ပြန်လိုက်ကြကာ အရှင်မဟာကဿပ မထေရ်မြတ်ကြီးထံသို့ တစ်စုတစ်ရုံးတည်း လှမ်းကြည့်ကြလေသည်။

သုဘဒ္ဒ၏ ဝမ်းသာအားရ ကြွေးကြော်သံကို မထေရ်မြတ်ကြီးလည်း ဆတ်ဆတ်ကြားတော်မူရပေပြီ၊ မိမိထံ ဝိုင်းအုံစုပြုံ ကြည့်နေကြသော တပည့်ရဟန်းများ၏ မျက်လုံးအကြည့်တို့ကိုလည်း မထေရ်မြတ်ကြီး ကောင်းစွာ သိရှိတော်မူပြီ။

သုဘဒ္ဒ၊ တောထွက်ရဟန်းကြီး . . .





သားနှစ်ယောက် လူပျိုပေါက်အရွယ်ရောက်တော့မှ မယားသေ၍ သားနှစ်ယောက်ကိုလည်း ရှင်သာမဏေပြုစေကာ သူကိုယ်တိုင်လည်း ရဟန်းဘဝ ဝင်ရောက်ခဲ့သူ၊ လူဝတ်ကြောင်ဘဝက ဆံသ မုတ်ဆိတ်ရိတ်သင်သည့် ဆေတ္တာသည် အာတုမာတိုင်းသား တောထွက်ကြီး။

သုဘဒ္ဒကား ဘုရားရှင်အပေါ်၌ တစ်ချိန်လုံးလုံး မပြေနိုင်သည့် အာဃာတကို ထားခဲ့သူပါတကား။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သုဘဒ္ဒ၏ မဝေးလှသေးသောကာလမှ ရုပ်သွင်ကို ပြန်လည်ဆင်ခြင်မိလေသည်။

❊ ❊ ❊

ထိုစဉ်က ရဟန်းကြီးသုဘဒ္ဒသည် မြတ်စွာဘုရားရှေ့မှောက်၌ ဒူးတစ်ဖက် မြေထောက် ဒူးတစ်ဖက် ထောင်လျက် ဖြူဟွာမင်းကြီး၏ တင့်တယ်စံပယ်ဟန်မျိုးကို အတုခိုးကာ အကျအန ထိုင်နေခဲ့သည်။ သူ့သင်္ကန်းစမှာ အိုးမည်းတွေ၊ ပြာမှုန် ပြာစတွေဖြင့် မည်းညစ်ပေကျံနေသည်။ ညဥ့်ဦးက ဝတ်ဆင်ခဲ့သောကြောင့်လည်း အနွမ်းနွမ်း အကြေကြေ ဖြစ်နေသည်၊

သုဘဒ္ဒသည် လက်ထဲမှကိုင်လာသည့် ယောက်မနှင့်ဇွန်းတို့ကို ဘေးသို့ချကာ မြတ်စွာဘုရားအား လက်အုပ်ချီ၍ ဆိုခဲ့သည်။

"တပည့်တော်ရဲ့ဆွမ်းကို ခံယူတော်မူပါဘုရား"

သုဘဒ္ဒ၏ အသွင်အပြင်မှာ မတင့်မတယ်ဖြစ်နေသည်။ မျက်နှာမှာလည်း အဆီတွေပြန်ကာ မျက်လုံးများကမူ တောက်ပြောင်စူးရှလျက်။

မြတ်စွာဘုရားအတွက်ဟု သုဘဒ္ဒ ရည်စူးချက်လုပ် စီမံထားသော ဆွမ်းအိုးကြီးများဆီမှ ထောပတ်နံ့များ၊ သစ်ကြပိုး၊ ဇီယာနံ့၊ ကရဝေးနံ့များကလည်း ကြိုင်လျက် စူးရဲပျံ့လွင့်လျက် . . .

"သုဘဒ္ဒ . . . သင့်ရဲ့ဆွမ်း ဘယ်သို့ဖြစ်ပေါ်လာသလဲ"

ဘုရားရှင် အမေးတော်ရှိလေပြီ၊

သုဘဒ္ဒကလည်း အားပါးတရ တင်လျှောက်တော့သည် . . .



www.foreverspace.com.mm

“အရှင်ဘုရားနဲ့ နောက်ပါသံဃာ တစ်ထောင့်နှစ်ရာ့ငါးဆယ်တို့ တပည့်တော်ရဲ့ အာတုမာတိုင်းကို ဒေသစာရီ လှည့်လည်တော်မူမယ်ဆိုတာ ကြားသိရပြီးကတည်းက တပည့်တော်နဲ့ တပည့်တော်သား ရှင်သာမဏေ နှစ်ပါးတို့ မနေမနား ကြိုးကြပ်စီမံအပ်တဲ့ သီးစုံထောပတ်ဆွမ်းပါ ဘုရား . . . ဘယ်လို စီမံထားသလဲဆိုတော့ . . . ”

လူဝတ်ကြောင်ဘဝက ဆေတ္တာသည်လုပ်ခဲ့သော သုဘဒ္ဒသည် သားရှင်သာမဏေနှစ်ပါးတို့အား သင်မှုန်းဓားတစ်စင်းစီ ပေးအပ်လိုက်ကာ အိမ်ပေါက်စေ့ မုတ်ဆိတ်ဆံသအလုပ် လုပ်စေခဲ့၏။ ရရှိသော အသပြာဖြင့် ဘုရားအမှူးရှိသော သံဃာတို့အား ဆွမ်းကပ်မည်ဖြစ်ကြောင်းကိုလည်း အားပါးတရ ဟောပြော၍ အလှူခံခဲ့၏။

ထိုအခါ ဆံသခ အသပြာအပြင် ထောပတ်၊ တင်လဲ၊ ဆန်၊ ဆီ၊ ဟင်းခတ်အမွှေးအကြိုင်များကိုပါ ရရှိခဲ့လေရာ အသပြာတစ်သိန်းဖိုးခန့်အထိ ရှိခဲ့သည်။ ထိုမျှမကသေး၊ သုဘဒ္ဒသည် ချက်တတ်ပြုတ်တတ်သော အိုးသူကြီးများကိုပါ လက်စားမယူ၊ လုပ်အားလှူအဖြစ် ခေါ်ယူခဲ့ပြန်သည်။ သုဘဒ္ဒ၏ ကျောင်းသင်္ခမ်းထဲ၌ အိုးကြီးအိုးငယ် အသွယ်သွယ် ခင်းကျင်းကာ သစ်သီးမျိုးစုံ၊ ငါးအမဲမျိုးစုံ ရောပွမ်းသော နမသလေး ဆန်မွှေးတို့ကို ချက်ပြုတ်ကြော်လှော်ခဲ့သည်။

“တစ်သိန်းတန်တဲ့ သားပွမ်းထမင်း အလှူရှင်က ငါ သုဘဒ္ဒပေါ့၊ ဟဲ ဟဲ . . . အာတုမာတိုင်းမှာတော့ အကြီးအကျယ်ဆုံး ဆွမ်းအလှူရှင် ဖြစ်ပြီပေါ့”

သုဘဒ္ဒ ကြုံးဝါးခဲ့လေသည်။

ရဟန်းကြီးသုဘဒ္ဒ၏ ဆွမ်းဖြစ်ပေါ်လာပုံကို စစ်မေးတော်မူပြီးနောက် ဘုရားရှင်က တရားနှင့်မညီသောဆွမ်းဟု မိန့်တော်မူကာ သုဘဒ္ဒ၏ ဆွမ်းကို အလှူမခံဘဲ အာတုမာမြို့တွင်းသို့ ဆွမ်းခံကြွသွားသည်။

“ရဟန်းဂေါတမဟာ ငါ့ဆွမ်းကို ဖျက်ဆီးခဲ့ပြီ၊ ဂေါတမဗုဒ္ဓဟာ ငါ့ရဲ့ အကျိုးစီးပွားမဲ့ကို ပြုခဲ့ပြီ”

သုဘဒ္ဒ၏ နှလုံးအိမ်အတွင်း၌ အငြိုးအတေးသည် ထိုအချိန်ကတည်းက စတင်စွဲလောင်ခဲ့လေရာ ယခု ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီဟု





သိလျှင်သိချင်းမှာပင် အာဃာတ မီးတောက်မီးလျှံကြီးသည် အရှိန်တညီညီးဖြင့် ထ၍ တောက်လောင်ခြင်းဖြစ်ချေသည်။

သုဘဒ္ဒ၏ ဝမ်းသာအားရ ကြွေးကြော်သံနှင့် ရန်ငြိုးကို ဖွင့်ဟထုတ်ဖော်သံတို့သည် အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ နှလုံးသည်းပွတ်ကို လှံသွားတို့ဖြင့် ထိုးဆွဘိသကဲ့သို့ ရှိလေသည်၊

နွေလယ်မွန်းတည့်၌ မိုးတိမ်မမြင်၊ မြူခြေစင်နေသော ကောင်းကင်မှ မထစ်မချုန်း တဝုန်းဝုန်း မိုးကြိုးပစ်ချလိုက်ခြင်းပင်။

မထေရ်မြတ်ကြီး ဆင်ခြင်သုံးသပ်တော်မူပြန်သည်။

“မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည်မှာ ခုနစ်ရက်ပင် ရှိသေးတယ်၊ ရုပ်ကလာပ်တော်ကြီး ရွှေအဆင်းလို ဝါဝင်းလျက် ထင်ရှားရှိနေသေးတယ်။ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး ဘုရားရှင် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ထားတဲ့ သာသနာတော်ကြီး ဖြစ်ပါလျက် သာသနာ့ရန်စွယ် ဆူးငြောင့်တွေ ပေါ်လာကြပါတုန်ပကော . . . မြန်ဆန်လှပါကလား၊ အသေးအမွှား အညစ်အမှိုက်တွေ ကူးပြွံ့အားကောင်း ကြီးထွားလာမည့်အန္တရာယ်ဟာ မသေးလှပါကလား”

သင်္ကန်းကြီးတဖားဖားဖြင့် ရဟန်းတို့အလယ်မှာ ဝင့်ကြွားစွာ လမ်းသလားရင်း အားပါးတရပြောနေသော ရဟန်းကြီးသုဘဒ္ဒကို ကြည့်ရင်း မထေရ်မြတ်ကြီးသည် ကြောင်းကျိုးဆက်စပ် တွေးမြင်သုံးသပ်ပေပြီ။

“ရဟန်းယုတ် သုဘဒ္ဒမှာ တစ်စတစ်စနဲ့ သဘောတူရာ အဖော်အပေါင်းတွေ စုဆောင်းမိလာရင် သာသနာတော်ရဲ့ ဆုတ်ယုတ်ကြောင်းတွေ ဖြစ်ပေါ်လာတော့မယ်၊ အင်း . . . သုဘဒ္ဒကို သင်္ကန်းချွတ်၊ ပိတ်ဖြူဝတ်၊ လူဝတ်လဲစေပြီး သာသနာ့ဘောင်ကနေ နှင်ထုတ်မယ်ဆိုရင်လည်း ဂေါတမဘုရားရဲ့ အလောင်းတော်မှ မီးသင်္ဂြိုဟ်ရသေးဘူး၊ တပည့်ရဟန်းတွေမှာ ငြင်းခုန်ရန်ပွား အချင်းများတုန်ကြပြီလို့ လူအများ ကဲ့ရဲ့စရာဖြစ်လေမယ်”

မထေရ်မြတ်ကြီး စံနေတော်မူရာ သစ်ပင်ကြီးထက်မှ ရွက်ကြွေတို့ ဖြည်းဖြည်းလွင့်ဝဲလာကြသည်။

“အင်း . . . ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတွေဟာ မသီကုံးရသေးတဲ့ ပန်းပွင့်တွေလို အစုအပုံကြီးအဖြစ် တည်ရှိနေပေတယ်။ အရပ်လေးမျက်နှာက တိုက်ခတ်တဲ့လေကြောင့် ပန်းပွင့်တွေ ဖရိုဖရဲ ပြန့်ကျဲ



www.foreverspace.com.mm

www.foreverspace.com.mm



လွှင့်ပါ ပျောက်ပျက်ကုန်သလို အချိန်ကာလ ကြာညောင်းလာရင် ဝိနည်းသိက္ခာပုဒ်တွေဟာ တစ်ခုချင်း နှစ်ခုချင်းကအစ ပျောက်ပျက်ကုန်နိုင်တယ်၊ သုတ္တန်တရား အဘိဓမ္မာတရားတွေလည်း တစ်စတစ်စ ကွယ်ပျောက်သွားနိုင်တယ်။ သာသနာ မကွယ်ဖို့အတွက် ဓမ္မနဲ့ ဝိနယကို သင်္ဂါယနာတင်မှ ဖြစ်လိမ့်မယ်၊ ပန်းပွင့်တွေကို ခိုင်ခံ့တဲ့ကြိုးနဲ့ သီကုံးမှုဖြစ်တော့မယ်၊ သို့သော် ဤမျှ ကြီးလေးတဲ့ တာဝန်ကို ဘယ်သူ ဦးစီးဦးရွက်ခံယူပြုမူနိုင်မလဲ”

အရှင်မဟာ ကဿပ မထေရ်မြတ်ကြီး၏ စိတ်အစဉ်၌ ဘုရားရှင်နှင့် မိမိအကြား ဆက်သွယ်မှုကို ပြန်၍ ဆင်ခြင်မိပြန်လေသည်။

“ငါ ရဟန်းပြုပြီး ဘုရားရှင်ထံ ထွက်ခွာခဲ့စဉ်က မြတ်စွာဘုရားဟာ သုံးဂါဝုတ်ခရီးကို ခြေလျင်ကြွတော်မူပြီး ငါ့ကို ကြိုဆိုခဲ့တယ်။ ဩဝါဒသုံးပါးနဲ့ ကိုယ်တော်တိုင် ငါ့ကို ရဟန်းပြုပေးခဲ့တယ်၊ ဘုရားရှင်သာသနာတော်မှာ ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါနဲ့ ရဟန်းအဖြစ် ချီးမြှောက်ခံရသူဆိုလို့ ငါတစ်ပါးတည်းသာလျှင် ရှိလေတယ်၊ သည်မျှမကသေး၊ ငါ့ရဲ့ ပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းကြီးနဲ့ ဘုရားရှင်ရဲ့ ပံသုကူ နှစ်ထပ်သင်္ကန်းကြီးကိုလည်း လဲလှယ်ဝတ်ရုံခွင့် ရခဲ့တယ်။ ဓုတင်္ဂဝါဒါန ဧတဒဂ်အရာမှာလည်း ထားတော်မူခဲ့တယ်။ အကျင့်သိက္ခာဖြူစင် သန့်ရှင်းမှုအရာမှာလည်း ငါ့ကိုသာ စံပြအဖြစ် ဘုရားရှင်ထားရှိဟောကြားတော်မူခဲ့လေတယ်”

မထေရ်မြတ်ကြီးသည် ဘုရားရှင် လဲလှယ်ဝတ်ရုံခွင့် ပေးခဲ့သော နှစ်ထပ်သင်္ကန်းကြီးကို ထုတ်ယူကြည့်ရှုတော်မူလေသည်။

“ဒီ နှစ်ထပ်သင်္ကန်းကြီးဟာ ကမ္ဘာလောကမှာရှိနေတဲ့ အဓမ္မဝါဒ အဓမ္မဝါဒီတွေကို ချုတ်ခြေချေမှုန်းရန်မှာ ဘုရားရှင်ကိုယ်တော်တိုင် ဝတ်ဆင်တော်မူခဲ့တဲ့ ဓမ္မချပ်ဝတ်တန်ဆာပင် ဖြစ်ပေတယ်။ ယခု ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက်မှာ ငါကိုယ်တိုင်ပဲ ဒီဓမ္မချပ်ဝတ်တန်ဆာကို ဝတ်ဆင်ပြီး အဓမ္မကို ချုတ်ခြေချေမှုန်းရလိမ့်မယ်၊ ငါသို့သောသူ ထင်ရှားရှိပါလျက်နဲ့ သုဘဒ္ဒလို ရဟန်းယုတ်နဲ့ အပေါင်းပါတို့ မကြီးထွားစေရဘူး”

မထေရ်မြတ်ကြီးသည် သုဘဒ္ဒကို မည်သို့မျှ အရေးတယူမထားတော့ဘဲ ပူဆွေးသောက ရောက်နေကြသော တပည့်ရဟန်းများကိုသာ တရားအမြိုက်ဖြင့် အပူငြိမ်းစေတော်မူလိုက်သည်။



www.foreverspace.com.mm



ထို့နောက် ကုသိနာရုံပြည်ဘက်သို့ ဆက်လက်ကြွချီတော်မူခဲ့လေသည်။

❈ ❈ ❈

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် နံ့သာထင်းပုံကြီးကို လက်အုပ်ချီလျက် လက်ယာရစ် သုံးပတ်လှည့်လည်ကာ ဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက်ရှိကျိုး ရှိခိုးကန်တော့လေသည်။ မထေရ်မြတ်ကြီး၏ တပည့်ရဟန်း ငါးရာတို့ကလည်း သင့်တင့်သောနေရာမှ အတူလိုက်ပါလျက် ရှိခိုးကြ၏။

ဤတွင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး ခုနစ်ရက်မြောက်သောနေ့ကတည်းက အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် အနည်းနည်းအဖုံဖုံ ကြိုးစားခဲ့ကြသော်လည်း အထမမြောက်ခဲ့၊ မီးမစွဲလောင်ခဲ့သော မလ္လာမင်းတို့ လက်မှိုင်ချခဲ့ရသော နံ့သာထင်းပုံကြီးမှ အလိုအလျောက် မီးထတောက်လေတော့သည်။

အရှင်အနုရုဒ္ဓါ မိန့်တော်မူသည့်အတိုင်း အရှင်ကဿပ မထေရ်မြတ်အနေဖြင့် မြတ်စွာဘုရား၏ ခြေတော်ကို ဦးခိုက်ရှိခိုးခြင်း မပြုရသေးသမျှ ဤနံ့သာထင်းပုံ မီးမစွဲလောင်စေသတည်းဟု နတ်တို့အလိုဆန္ဒပြုခဲ့ကြရာ ယခုအခါ နံ့သာထင်းပုံကြီးသည် ရဲရဲညီးညီး မီးတောက်ကြီးများဖြင့် လောင်မြိုက်လေပြီ။

ခုနစ်ရက်ပတ်လုံး မီးလောင်ကျွမ်းခဲ့ပြီးနောက် မြတ်စွာဘုရား၏ ရုပ်ကလာပ်အလောင်းတော်သည် မီးသွေးမဖြစ်၊ ပြာမဖြစ်ဘဲ ဓာတ်တော်များအဖြစ်သာ တည်ရှိကြွင်းကျန်ခဲ့လေသည်။ အလောင်းတော်ကို ရစ်ပတ်ထားသော ပုဆိုးအသစ် ငါးရာတို့တွင်လည်း အလယ်၌ရှိသော ပုဆိုးလေးရာ့ကိုးဆယ့်ရှစ်ထည်သာ မီးလောင်ကျွမ်း၍ အပြင်ဆုံးထပ်နှင့် အတွင်းဆုံးထပ်ဖြစ်သော ပုဆိုးနှစ်ထည်တို့မှာ မီးလောင်ဖို့ဝေးစွ အနိုးအငွေ့သင့်ကာ ညိုမည်းညစ်မှောင်ခြင်းသော်မျှ အလျင်းမရှိ၊ ပကတိအတိုင်း ကြွင်းကျန်ရစ်ခဲ့သည်။

မလ္လာမင်းတို့သည် တာဝန်အရှိဆုံး ကာယကံရှင်များအဖြစ် အပိုင်

www.foreverspace.com.mm



အနိုင် စီမံကြတော့၏။ ဘုရားရှင်သည် မိမိတို့၏ပိုင်နက် ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံလွန်တော်မူသည်ဖြစ်ရာ မီးသင်္ဂြိုဟ်ခြင်းအမှု ပြီးသည့်နောက် သာဓုကီဠနသဘင် ပူဇော်ပွဲကြီးမှာလည်း မိမိတို့ လုပ်ပိုင်ခွင့်သာဟု ယုံကြည်ထားကြ၏။

ထို့ကြောင့် နံ့သာထင်းပုံကြီးမှ ငြိမ်းသေသွားသော မီးကြွင်းပြာစများကို နံ့သာရည်ဖြင့် ငြိမ်းသတ်ကာ ဓာတ်တော်နှစ်တင်းကို ရတနာကြုတ်ထဲသို့ ထည့်သွင်းလိုက်ကြသည်၊ ဓာတ်တော်ကြုတ်ကိုလည်း လက်နက်စုံလင် ကိုင်ဆောင်သော စစ်သူရဲတို့ဖြင့် အထပ်ထပ် ဝန်းရံစောင့်ကြပ်စေလိုက်ကြသည်။ သာဓုကီဠနသဘင်ပြီးလျှင် ဓာတ်တော်အားလုံးကို မိမိတို့အပိုင်အဖြစ် သိမ်းယူကိုးကွယ်ကြတော့မည် ဖြစ်၏။

သို့သော် သာဓုကီဠနသဘင် ကာလအတွင်းမှာပင် သဝဏ်လွှာများ စာချွန်များက တစ်ခုပြီးတစ်ခု မလ္လာမင်းတို့ထံ ရောက်ရှိလာကြသည်။

မဂဓပြည့်ရှင် အဇာတသတ်မင်း၊ ဝေသာလီလိစ္ဆဝီမင်းများ။ ကပိလဝတ်သာကီဝင်မင်းများ၊ အလ္လကပ္ပတိုင်း ဗုလီမင်းများ၊ ရွာမရွာစိုးကြီး၊ ဗြာဟ္မဏပုဏ္ဏား၊ ဝေဌဒီပကတိုင်းကြီး ရှင်ပုဏ္ဏား ပါဝါပြည်မှ မလ္လာမင်းများထံမှ ဆင့်ကဲ ဆင့်ကဲ ရောက်ရှိလာသော စာချွန်များ၌ ဓာတ်တော် မွေတော်များကို ခွဲဝေပူဇော်ခွင့်ပေးရန် တောင်းဆိုကြ၏။ တိုင်းကြီးပြည်ကြီးသခင်များ၏ သဝဏ်လွှာများ၌ ဘုရားရှင်၏ ဓာတ်တော်တို့ကို အဘယ်ကြောင့် မိမိတို့လည်း ပူဇော်ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားများ ပြဆိုထားကြသည်၊ အားလုံးပင်လျှင် မငြင်းနိုင်သော ခိုင်လုံမှုများ ဖြစ်နေကြသည်။

သို့သော် ကုသိနာရုံ မလ္လာမင်းများက တင်းမာစွာ တုံ့ပြန်အကြောင်းကြားလိုက်ကြ၏။

“လေးဆယ့်ငါးနှစ်ကာလပတ်လုံး ဗုဒ္ဓမြတ်စွာဟာ မဇ္ဈိမတစ်ခွင် လှည့်လည်ကြွရောက်တော်မူခဲ့တာလည်း မှန်တယ်။ ကပိလဝတ် သာကီမင်းတွေက စပြီး အတိုင်းတိုင်းအပြည်ပြည် ဒေသနိဂုံးအနှံ့ ဘုရားရှင် ဒေသစာရီ လှည့်လည်တော်မူခဲ့ပြီး ဘုရားရှင်ရဲ့ တပည့်သားသမီးတွေ ဖြစ်ခဲ့ကြတာလည်း မှန်တယ်၊ ဒါပေမဲ့ တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းမှာ ဘုရားရှင်က ကိုယ်တော်မြတ်ရဲ့ နောက်ဆုံးကာလများကို ငါတို့ ကုသိနာရုံမှာပဲ ကုန်လွန်တော်မူစေခဲ့



www.foreverspace.com.mm



တယ်လေ။ ပရိနိဗ္ဗာန် စံဝင်တာကလည်း ငါတို့ရဲ့ ကုသိနာရုံမှာပဲ ဖြစ်တယ်။ ငါတို့နဲ့ထိုက်လို့သာ ငါတို့ ရခဲ့တာ . . . ဓာတ်တော်တွေကို ဘယ်နည်းနဲ့မှ၊ ဘာအကြောင်းကြောင့်မှ ခွဲဝေမပေးနိုင်ဘူး”

စာချွန်သဝဏ်လွှာများ ပေးပို့ခဲ့ကြသည့် ခုနစ်ပြည်မင်းတို့သည် ဤတုံ့ပြန်ချက်ကိုရသောအခါ နောက်ထပ် အကျိုးသင့်အကြောင်းသင့် ပြ၍ တောင်းခံမနေတော့ဘဲ စစ်အင်အားကိုသာ ပြင်ဆင်ချီတက်လာကြတော့၏။

“အသာတကြည် သဘောမျှပြီး ခွဲဝေမပေးရင်လည်း တိုက်ယူရတော့မှာပေါ့” ဟု အားလုံးက ကြွေးကြော်လိုက်ကြသည်။

သာဓုကီဠန ပူဇော်ပွဲကြီးအပြီးတွင် ကုသိနာရုံသည် ကြီးစွာသော စစ်မြေပြင်ကြီးအဖြစ် ပြောင်းလဲရောက်ရှိရမလို ဖြစ်သွား၏။ ခုနစ်ပြည်ထောင်မင်းတို့သည် ဓာတ်တော်လုပွဲစစ်ပွဲကြီး၌ ကုသိနာရုံ မလ္လာမင်းများကို ဦးစွာဘုံရန်သူအဖြစ် ဦးတည်တိုက်ခိုက်ကြမည်။ ထို့နောက် ခုနစ်ပြည်အချင်းချင်းလည်း ဆက်လက်တိုက်ခိုက်ကြဦးမည်။ ဓာတ်တော်များကို ရယူရေးတွင် မိမိမှအပ အခြားသူသည် ရန်သူဖြစ်နေသည်။ သွေးချောင်းစီးစစ်ပွဲကြီးကို ရှေ့ရှုနေကြသည်။

သို့သော် ထိုမင်းများ၊ ခေါင်းဆောင်များကို ငယ်စဉ်က ပညာသင်ပေးခဲ့သော ငယ်ဆရာဖြစ်သူ ဒေါဏပုဏ္ဏားကြီးက အပြန်အလှန် ချိန်ရွယ်ထားသော လက်နက်သွားများ အလယ်သို့ ဝင်ရောက်လိုက်သည်။

“လောကရဲ့ ငြိမ်းချမ်းမှု၊ သတ္တဝါရဲ့ ငြိမ်းချမ်းမှုကို လေးဆယ့်ငါးနှစ်ကာလပတ်လုံး နေ့နေ့ညည အားထုတ်ကြိုးပမ်းပြီး တရားဓမ္မ တိုက်ကျွေးခဲ့တဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ပိုင်ဆိုင်ဖို့အရေး စစ်မက်နဲ့ ဖြေရှင်းကြမလို့တဲ့လား၊ မဖွယ်ရာလိုက်လေ . . . သင်တို့အားလုံး မြတ်စွာဘုရားရှင်ကို မြတ်နိုးကိုးကွယ်ကြတယ်ဆိုရင်၊ မြတ်စွာဘုရားရဲ့ ဓမ္မအမြိုက်ကို ဆည်းကပ်သက်ဝင်ကြတယ်ဆိုရင် နောက်ပြီးတော့ ငယ်ဆရာဖြစ်တဲ့ အကျွန်ုပ်ကို ခုထိ ဆရာအဖြစ် သိမှတ်ကြသေးတယ်ဆိုရင် အဲဒီလက်နက်တွေကို အားလုံးပြန်သိမ်းလိုက်ကြပါ”

ဒေါဏပုဏ္ဏားကြီး၏စကားကို မည်သူမျှ မပယ်ရှားနိုင်ကြတော့။

“သင်တို့ အခု ရှစ်ပြည်ထောင် ရှစ်မင်းရှိနေတယ်မဟုတ်လား . . . ဓာတ်တော် ရှစ်စိတ်၊ နှစ်တင်းကို အညီအမျှ ကျွန်ုပ်ကိုယ်တိုင် ခွဲဝေပေးမယ်

www.foreverspace.com.mm

ဆိုရင် အလိုမကျနိုင်စရာ ဘာမှမရှိဘူး”

ဤသို့ဖြင့် ဆရာအရှင်ပုဏ္ဏားကြီးကိုယ်တိုင် ရှစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်တစ်စိတ်စီ ခွဲခြမ်းဝေငှပေးလိုက်၏။

ဓာတ်တော်ကို ခြင်တွယ်သော ရတနာခြင်ခွက်ကို ဒေါဏပုဏ္ဏားကြီးက မိမိကိုးကွယ်ရန် ရယူလိုက်၏။ ဓာတ်တော်များကို ဝေငှပေးပြီး နောက်ကျမှလာသော ပိပ္ပလိဝနမောရိယမင်းတို့ကား အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာဌာနမှ စန္ဒကူးမီးသွေးကိုသာ ရရှိသွားခဲ့သည်။

ဓာတ်တော်များကို ဝေငှခွဲခြမ်းသောနေ့ကား သရီရရုပ်အလောင်းတော်ကို ပူဇော်သည့် ခုနစ်ရက်၊ နံ့သာထင်းပုံကို မီးလောင်ကျွမ်းသည့် ခုနစ်ရက်၊ ဓာတ်တော်ပူဇော်ပွဲ သာဓုကီဠနသဘင် ခုနစ်ရက် စုစုပေါင်း နှစ်ဆယ့်တစ်ရက်ဖြစ်ရာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသော ကဆုန်လပြည့်နေ့၊ နံနက်အရုဏ်တက်ချိန်မှစလျှင် နယုန်လဆန်းငါးရက်နေ့မှ ဓာတ်တော်ဝေနိုင်ခဲ့လေသည်။

ဤအချိန်တွင် အရပ်လေးမျက်နှာမှနေ၍ ကြွရောက်စုရုံးလာကြသော ရဟန်းသံဃာတို့မှာလည်း ကုသိနာရုံ၌ မရေမတွက်နိုင်အောင် များပြားခဲ့ပြီ ဖြစ်လေသည်။

များပြားလှစွာသော သံဃာထုကိုကြည့်ရင်း အရှင်မဟာကဿပ မထေရ်ကြီးသည် ဆုံးဖြတ်ချက်တစ်ခု ချတော်မူလိုက်သည်။ အစုခေါင်းဆောင်များဖြစ်သော သံဃာခုနစ်သိန်းအား စည်းဝေးစေကာ ရဟန်းကြီးသုဘဒ္ဒ၏ ရိုင်းပျစော်ကားသော စကားများကို ပြန်လည်မိန့်ကြားလျက် သာသနာတော် အဓွန့်ရှည်စေဖို့ အစဉ်တစိုက် သန့်စင်မွန်မြတ်နေဖို့ သင်္ဂါယနာတင်ခြင်းအမှုကို မုချပြုလုပ်ကြောင်း မိန့်မြွက်လိုက်၏။

ဤသို့ဖြင့် သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်အရ အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ပိဋကသုံးပုံဆောင် ပုထုဇဉ်ရဟန်းများ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အနာဂါမ်နှင့် ရိုးရိုးသုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်များကို ရွေးကောက်ခြင်းမပြုဘဲ ပိဋကသုံးပုံဆောင်၊ ဆဋ္ဌသိညာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာပုဂ္ဂိုလ် လေးရာကိုးဆယ့်ကိုးပါးတို့ကို သင်္ဂါယနာပွဲ၌ ပါဝင်ရန် ရွေးကောက်တော်မူလိုက်၏။ ဤတစ်ခုယုတ် ငါးရာကုန်သော အစုအဝေးတွင်





www.foreverspace.com.mm

ဘုရားရှင်ကိုယ်တော်တိုင် ဧတဒဂ်ထားတော်မူခဲ့သော ရဟန္တာမထေရ်ကြီး ပါဝင် ပါဝင်ကြလေသည်။

ငါးရာပြည့်ရန် တစ်ပါးအလိုထားခြင်းကား ဤအချိန်ဝယ် ပိဋကသုံးပုံကို အာဂုံဆောင်နိုင်သော်လည်း သောတာပန်အဆင့်သာရှိသေးသော အရှင်အာနန္ဒာအတွက်ဖြစ်သည်။ စင်စစ်မူ သင်္ဂါယနာပွဲ၌ အရှင်အာနန္ဒာ မပါဘဲလည်း မဖြစ်နိုင်။ အရှင်အာနန္ဒာက ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားနောက်ပါးမှ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလျက် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို ကိုယ်တိုင်ကိုယ်ကျ ကြားနာသင်ယူ သိမ်းဆည်းမှတ်သားခဲ့သော တရားဘဏ္ဍာဂါရိက ဖြစ်တော်မူလေသည်။

အရှင်အာနန္ဒာ၏ မရှိမဖြစ်သော လိုအပ်ခြင်းကဏ္ဍကို ကြွင်းသော ရဟန်းတော်တို့က တညီတညွတ်တည်း ရွေးကောက်တော်မူကြခြင်းဖြင့် သင်္ဂါယနာတင်ပွဲကြီးသည် မထေရ်ငါးရာပြည့်ခဲ့၏။

သင်္ဂါယနာတင်ပွဲအတွက် လိုအပ်သော မထေရ်အင်အား ပြည့်စုံပေပြီ။ မည်သည့်နေရာဌာနတွင် သင်္ဂါယနာပွဲ ကျင်းပကြမည်နည်း။ ထိုနေရာဒေသသည် ရဟန်းတော်တို့ သီတင်းသုံးရန်အတွက်လည်းကောင်း၊ အခင်းအကျင်း အစီအမံ အစစ အဆင်ပြေရန်အတွက်လည်းကောင်း၊ မလိုလားသော ရဟန်းတို့ သံဃာ့အလယ် ဝင်ထွက် နှောင့်ယှက်ဆန့်ကျင်ခြင်းဘေးမှ ကင်းဝေးရန်အတွက်လည်းကောင်း၊ သင်္ဂါယနာတင်ရဟန်းတော်ကြီးများ၏ ဆွမ်း၊ ဆေး၊ ကျောင်း၊ ဝိဟာရ . . . စသည်တို့ အဆင်ပြေ ချောမွေ့ရန်အတွက် လည်းကောင်း အဘက်ဘက်မှ ပြည့်စုံသောနေရာဌာနဖြစ်ဖို့ အရေးကြီးလှချေသည်။ ရက်ပေါင်း လပေါင်းချီ၍ကြာမည့် အရေးကြီးလှသော ဤသင်္ဂါယနာပွဲကြီးကို သာမန် အထောက်အပံ့ အကြောင်းခံများဖြင့် ထောက်ကန်၍မရနိုင်။

မည်သည့်နေရာ၊ မည်သူတို့၏ အထောက်အခံ၊ အကူအပံ့ကို ရယူလေမည်နည်း။

❊ ❊ ❊

www.foreverspace.com.mm

ဘုရင့်နန်းတွင်းမှ အရေးအပါဆုံး ဝန်ကြီးမှူးကြီးများသည် အမှုတော်ထမ်းတို့ စီရင်ထားသော ရွှေတင်း၊ ရွှေခေါင်းသုံးလုံးကို စစ်ဆေးကြည့်ရှုနေကြ၏။ ကြီးမားသော ဇလားကြီးများသဏ္ဌာန်ရှိသည့် ဤရွှေတင်းကြီးများမှာ လူတစ်ကိုယ်စာ ဝင်ရောက်လဲလျောင်းနိုင်လောက်အောင် ချောင်ချိ ကျယ်ပြန့်ကြသည်။

ရွှေတင်းများကို စစ်ဆေးကြည့်ရှုနေကြသော အမတ်ကြီးများ၏ မျက်နှာအားလုံး မသာမယာ ဖြစ်နေကြသည်။ တစ်ခုထက်မကသော သောကများကို ပွေ့ပိုက်ထမ်းပိုးထားရသည့် အသွင်များ ရှိကြသည်။

"လောင်းထည့်တော့ . . . "

အမတ်ကြီးများ တစ်ဦးကိုတစ်ဦး ကြည့်ကာ ပြိုင်တူလိုလို ခေါင်းညိတ်လိုက်ကြသည်တွင် အကြီးအကဲတစ်ဦးက အမိန့်ပေးလိုက်၏။ ထိုအမိန့်အဆုံးဝယ် အနီးရှိ အမှုထမ်းများက ထမ်းပိုးနှစ်ခုဖြင့် မ,ချီထားသော ကန်ဇလားကို မြှောက်ကာ ရွှေတင်းထဲသို့ စောင်းငဲ့ သွန်ချလိုက်ကြသည်။

ရွှေတင်းထဲ၌ နီညိုဝါဖန့်အရည်ပျစ်များ ကျရောက်သွားကြ၏။

ထိုအရည်များကား ထောပတ်၊ တင်လဲ၊ သကာ၊ ပျားရည်တို့ဖြင့် ဖော်စပ်ထားသော စတုမဓုရည်များ ဖြစ်လေသည်။

"အားလုံးပြည့်ရင် ဘုရင်မင်းမြတ်ကို ပင့်ဆောင်ခဲ့ပါ"

ဝန်တစ်ယောက်သည် ရွှေရောင်တံခါးချပ်ကို ဖွင့်လျက် အတွင်းသို့ ဝင်သွား၏။ မကြာမီ ထိုတံခါးမှ ပြန်ထွက်လာသော ဝန်၏ လက်အုပ်ချီထားသော ရိုကျိုးပျပ်ဝပ်သဏ္ဌာန်နောက်မှ ဘုရင်မင်းမြတ် ထွက်ကြွလိုက်ပါလာ၏။

ဘုရင်မင်းမြတ်မှာ ဘွဲ့ဖြူနှစ်ထပ်ဝတ်စုံနှင့် ဖြစ်သည်။

"မှူးကြီးမတ်ကြီးများအားလုံး အစုံအညီ ရှိနေကြပါလား၊ ဒီကိစ္စက ဒီလောက်တောင် အရေးကြီးသတဲ့လား"

ဝန်ရံခစားနေကြသော မှူးမတ်များကို တစ်ချက်ဝေ့ကြည့်ရင်း ဘုရင်မင်းမြတ်က မိန့်သည်။ နန်းရင်းဝန်ကြီးက ကိုယ်ကို စန့်မတ်လျက် -

"အရှင်မင်းကြီး ကျွန်ုပ်တို့အားလုံး အိပ်မက်များအားလုံး မကောင်းကြပါဘူး၊ အိပ်မက်ဆိုးတွေဟာ မကောင်းကျိုးကို ပေါ်တတ်ပါတယ်၊ ကျွန်ုပ်တို့မှူးကြီးမတ်ကြီးတွေမှာ တူညီကြုံကြိုက်စွာ အိပ်မက်များ မကောင်းမြင်မက်ကြခြင်းဟာ အရှင်မင်းကြီးအတွက် တစ်စုံတစ်ခု ထိခိုက်စေမယ့်နိမိတ် ဖြစ်တယ်





www.foreverspace.com.mm

လို့ ပုရောဟိတ်ကြီးများက ကောက်ယူကြပါတယ်။ ဒါကြောင့် အိပ်မက်ဆိုးများရဲ့ မကောင်းရလဒ်ကို ဖယ်ရှားဖို့ ခုလို စီမံခြေင်းဖြစ်ပါတယ်။ စတုမဓု ရွှေတင်းအတွင်း သက်ဆင်းလျောင်းတော်မူစေလိုပါတယ်"

ဟု လျှောက်လိုက်၏။ နန်းရင်းဝန်ကြီး၏ အမြဲတစေ တည်ငြိမ်ခိုင်ခံ့နေသော ဣန္ဒြေမှာ မသိမသာ ယွင်းပျက်သလို ဖြစ်နေလေသည်။

ဘုရင်မင်းမြတ်က အစီအရီချခင်းထားသော ရွှေတင်းသုံးခုကို ကြည့်လိုက်ပြီးနောက် ပြုံးယောင်မျက်နှာဖြင့် ဆိုပြန်သည်။

"စတုမဓုတွေအပြည့် ဖြည့်လောင်းထားတဲ့ ရွှေတင်းသုံးလုံး အင်း . . . ဒီရွှေတင်းတွေထဲကို ဘွဲ့ဖြူနှစ်ထပ် ဝတ်ထားရတဲ့ ကျွန်ုပ်က ဆင်းရမယ်၊ မကြားဖူး မကြုံဖူးတဲ့ အစီအရင်ပေပဲ။ ဒါပေမဲ့ သင်တို့ မှူးကြီးမတ်ကြီးများက အိပ်မက်ဆိုးတွေ တစ်ပြိုင်တည်းမက်၊ ကျွန်ုပ်အတွက် စိုးရိမ်ကြတယ်ဆိုရင်လည်း ကျွန်ုပ်မငြင်းသာတော့ဘူးပေါ့"

"အသက်ရှူသာရုံ နှာခေါင်းပေါ်ရုံမျှ ထားပြီး စတုမဓုရွှေတင်းထဲမှာ တစ်ကိုယ်လုံး မြှုပ်နှစ်လဲလျောင်းတော်မူပါဘုရင်မင်းမြတ်"

"ကောင်းပြီလေ . . . "

ရွှေတင်းထဲသို့ ဘုရင်မင်းမြတ် ဆင်းရာတွင် နန်းရင်းဝန်ကြီး ကိုယ်တိုင် အခြားမှူးကြီးမတ်ကြီးများနှင့်အတူ ကိုင်တွယ်ဖေးမ ကူညီလေသည်။

နှာခေါင်းဖော်ထားရုံမျှသော အနေအထားဖြင့် ဘုရင်မင်းမြတ်သည် ရွှေတင်းထဲရှိ စတုမဓုရည်များ၌ နှစ်စိမ်ထားလေပြီ။

နန်းရင်းဝန်ကြီးက အခြားနံရံဘက်ရှိ တံခါးပေါက်သို့ လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။ အားလုံးပင် ထိုတံခါးဆီကို လှမ်းကြည့်ကြသည်၊ တံခါးချပ်ပွင့်လာသည်၊ အထဲမှ ထွက်လာသူကား ဆံပင်ဖားလျားချကာ အဆင်တန်ဆာ အဆောင်အယောင် ချွတ်ထားသော အမတ်ငယ်တစ်ဦး၊

အမတ်ငယ်သည် ဘုရင်မင်းမြတ်ရှိရာ ရွှေတင်းဆီသို့ လျှောက်လာကာ လက်အုပ်ချီမြှောက်လိုက်၏။ ထို့နောက် ပကတိပြတ်သားကြည်လင်သော အသံတွင် ယူကြုံးမရသောအသွင် ဆောင်လျက် -

"အရှင်မင်းမြတ် . . . သေခြင်းမှကင်းသော သတ္တဝါမည်သည် မရှိပါကုန်။ ကျွန်ုပ်တို့၏ အသက်ရှည်ဆေး၊ အသက်ရှင်ဆေးကြီးသဖွယ် ဖြစ်တော်

www.foreverspace.com.mm



မူသော ဦးခိုက်ပူဇော်သမှုနှင့် အရိုအသေပြုရာ စေတီတော်ကြီးလည်း ဖြစ်တော်မူသော ကောင်းမှုမျိုး စိုက်ပျိုးကြဲချရာ လယ်မြေကောင်းသဖွယ်လည်း ဖြစ်တော်မူသော လူနတ်သတ္တဝါ ခပ်သိမ်းတို့၏ဆရာ မြတ်စွာဘုရားသခင်သည် ယခုအခါ ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းတောရုံ၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါပြီ အရှင်မင်းကြီး”

အမတ်ငယ်၏ ရေရွတ်မြည်တမ်းသံ အဆုံးဝယ် တိတ်ဆိတ်ခြင်းသည် ကြောက်မက်ဖွယ် ဖုံးအုပ်သွား၏။ နန်းရင်းဝန်ကြီးနှင့်တကွသော အနီးအနားရှိ မှူးကြီးမတ်ကြီး ဝန်ကြီးအမှုတော်ထမ်းအားလုံးတို့၏ မျက်လုံးအစုံများက ရွှေတင်းဆီသို့ စုပြုံရောက်ရှိသွားကြသည်။

ရွှေတင်းစတုမဓုရည်ထဲ၌ စိမ်ထားသော ဘုရင်မင်းမြတ်။

ဘုရင်မင်းမြတ်၏ မျက်နှာပြင်သည် ရုတ်ခြည်း သွေးဆုတ်သွားသလို ဖြူလျော်ဖျော့တော့သွား၏။ ထို့နောက် ရုတ်ခြည်းပင် ပြန်လည်နီမြန်းလာ၏။ မျက်လုံးအစုံတို့ တင်းကြပ်စွာ ပိတ်သွားကာ၊ နဖူးနားထင်စပ်မှ အကြောတို့ ဖျတ်ဖျတ်လှုပ်ခတ်သွားကြ၏။ ညည်းတွားသံ၊ ငိုကြွေးသံ၊ အော်ဟစ်သံ၊ မည်သည့်အသံမျှ ဘုရင်မင်းမြတ်ထံမှ ထွက်ပေါ်မလာ။

သို့သော် မှူးကြီးမတ်ကြီးများ ကြိုတင်တွက်ဆထားသော လွန်စွာ ထူးခြားသော အခြင်းအရာတစ်ရပ်ကိုကား မျက်ဝါးထင်ထင် တွေ့လိုက်ကြရလေသည်။ ထိုအရာကား အခြားမဟုတ်။

ရွှေတင်းထဲရှိ စတုမဓုရည် မျက်နှာပြင်အထက်ဝယ် အငွေ့တခြောင်းခြောင်း ထောင်းထောင်းလှုပ်ခါလာခြင်းပင် ဖြစ်၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ကြောင်းကို ကြားသိလိုက်ရသည့် ပထမတစ်ဒင်္ဂများ၌ပင်လျှင် ရွှေတင်းထဲမှ ဘုရင်မင်းမြတ်၏ သောကပရိဒေဝသည် အဟုန်ပြင်းစွာ လှုပ်ခတ်ရုန်းကြွခဲ့လေပြီ။ စတုမဓုရည်တို့သည် ဘုရင်မင်းမြတ်၏ ရင်ထဲမှ အပူမီး၏အရှိန်ကြောင့် အငွေ့ခြောင်းခြောင်း ထကြွခဲ့ပေပြီ။

မှူးကြီးမတ်ကြီးဝန်ကြီးတို့အနေဖြင့် ဤသို့မှ ကြိုတင်စီမံမထားခဲ့ပါလျှင်မူ ဘုရင်မင်းမြတ်သည် ‘ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီ’ ဟု သိလျှင်သိချင်း ခဏ၌မှာပင် နှလုံးကွဲ၍ ချက်ချင်း သေဆုံးသွားမည် ဧကန်ပင်။

အကြောင်းမူ မဂဓပြည့်ရှင် အဇာတသတ် မင်းကြီးသည် ဘုရားရှင်



www.foreverspace.com.mm



အား ကြည်ညိုမြတ်နိုးခြင်းအရာ၌ ပုထုဇဉ်တို့၏ သဒ္ဓါတရားအရာ၌ အတုမရှိ ထက်သန်ပြင်းထန်လွန်းလှသူ ဖြစ်ခြင်းကြောင့်ပင်တည်း။

ရွှေတင်းထဲရှိ စတုမဓုရည် မျက်နှာပြင်ထက်၌ အငွေ့ဖြူဖြူတို့ လူးလွန့်တက်ပျံနေဆဲ၌ပင် မှူးမတ်တို့သည် အဇာတသတ်မင်းကြီးကို ပွေ့ချီဆယ်မ, လျက် အသင့်ရှိနေသော ဒုတိယရွှေတင်းထဲသို့ ရွှေ့ပြောင်းပေးလိုက်ကြသည်။

ခဏအကြာတွင် မင်းကြီး သတိပြန်လည်လာ၏။ ဖြည်းညင်းစွာ ပွင့်လာသော မျက်လုံးသူငယ်အိမ်များမှာ လည်ပတ်နေမည်ဟု ထင်ရ၏။ မျက်နှာအသွင်မှာလည်း အိပ်မက်ဆိုးတစ်ခုမှ နိုးထလာကာ၊ ဘာကိုမှန်းမသိဘဲ ချောက်ချားနေသယောင် သွေးဆုတ်ဖျော့တော့နေ၏။

မျက်တောင်တစ်ချက်နှစ်ချက် ပုတ်ခတ်ပြီးနောက် မင်းကြီးသည် မိမိအနီးတွင် ဝိုင်းအုံနေသော မှူးမတ်ဝန်တို့ကိုလည်းကောင်း၊ မိမိကိုယ်တိုင် စတုမဓုရွှေတင်းထဲရှိနေသည်ကိုလည်းကောင်း သတိထားမိသွားသည်။ ဘုရင်မင်းမြတ်သည် ရွှေတင်း၏ နှုတ်ခမ်းသားများကို ဆုပ်ကိုင်၍ မေးလိုက်လေသည်။

“သင်တို့ စောစောက ဘာပြောလိုက်ကြသလဲ”

နန်းရင်းဝန်ကြီးက ခြောက်သွေ့နေသော နှုတ်ခမ်းများကို ပွတ်သပ်လိုက်ကာ တုန်ယင်စွာ လျှောက်ထားရပြန်သည်။

“မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါပြီ အရှင်မင်းကြီး”

“မြတ်စွာဘုရားရှင် . . . ပရိ . . . နိဗ္ဗာန် . . . စံ . . . ဝင်တော် . . . မူ . . .”

စကားလုံးများကို ထပ်မံလိုက်လံရေရွတ်ရင်း မင်းကြီး၏ မျက်လုံးများသည် အထက်သို့ လန်တက်သွားကြပြန်သည်။ ရွှေတင်းထဲရှိ စတုမဓုရည်များလည်း အငွေ့ခြောင်းခြောင်း တထောင်းထောင်း လွှတ်ပြန်သည်။

ဖြူလွှလွှအငွေ့များ အနည်းငယ်လျော့ပါးသွားတော့မှ မင်းကြီးအား ဒုတိယရွှေတင်းမှ ဆယ်ယူလျက် တတိယရွှေတင်းထဲသို့ ရွှေ့ပြောင်းကြရသည်။ တတိယရွှေတင်းထဲသို့ ရောက်သွားပြီး မကြာမီပင် သတိပြန်လည်လာသော မင်းကြီးက မေးပြန်သည်။

“သင်တို့ ဘာပြောလိုက်ကြတာလဲ”

“မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါပြီ အရှင်”

"မဖြစ်နိုင်ဘူး . . . ဒီသတင်းကို ငါ . . . မယုံ"

တတိယအကြိမ် နစ်မျောသွားပြန်၏။ မျက်လုံးများကမူ ပွင့်လျက်သားပင် ရှိတော့သည်၊ ဤအခြင်းအရာသည် မင်းကြီး၏ရင်ထဲမှ အပူမီးများ အတန်အသင့် လျော့ပါးသွားပြီကို ပြသော လက္ခဏာဖြစ်၏။

ဤတွင် မှူးကြီးဝန်ကြီးများသည် အဇာတသတ်မင်းကြီးကို ရွှေတင်းထဲမှ ထုတ်ဆယ်ပွေ့ချီ၍ နံ့သာရေများဖြင့် ရေမိုးသန့်စင်ပေးလိုက်ကြသည်။ အသင့်ဆောင်ထားသော ရေစင်ရေချမ်းများဖြင့် ဦးထိပ်ဆံပင်မှသည် သွန်းဖျန်းပေးကြသည်။ အေးမြသော ရေစင်တို့ကြောင့် မင်းကြီး သတိရလာသည်။

"တော်ကြတော့ ငါ သတိရပြီ"

ရေအစွဲရွှဲစိုသော ကိုယ်ခန္ဓာထက်တွင် ဖြူဖွေးသော ဝတ်လွှာရုံသည် ဖရိုဖရဲရှိနေ၏။ နံ့သာရေတို့ဖြင့် စိုစွတ်ဆဲ ဆံပင်များက မင်းကြီး၏ ကျောပြင်ထက်ဝယ် ဖားလျားကျလျက် ရှိ၏။

"ငါ့ကို ဖယ်ပေးကြစမ်း . . . ဘာဖြစ်လို့ ဝိုင်းအုံကြည့်နေကြတာလဲ"

ဆို့နင့်သော ဝေါက်ငမ်းသံကြောင့် မှူးကြီး၊ ဝန်ကြီးများသည် မင်းကြီးအနီး ဝိုင်းအုံနေရာမှ ရှဲသွားကြသည်။ မင်းကြီးသည် နန်းဆောင်စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။ ဝတ်ရုံဖြူ၏ အနားများက ကြမ်းပြင်တွင် ဒရွတ်တိုက်ပါသွားကြသည်။ မင်းလမ်းစင်္ကြံတစ်လျှောက်တွင် ရှိနေကြသော နန်းတွင်းအမှုထမ်းများသည် မင်းကြီးဖြတ်သွားရာ ဝဲယာနှစ်ဘက်တို့၌ အလျင်အမြန် ဒူးထောက်ခစားလိုက်ကြရ၏။

အဇာတသတ်မင်းကြီးနှုတ်မှ တတွတ်တွတ် ရေရွတ်မြည်တမ်းသွားသော စကားတို့သည် နန်းတော်တိုင်လုံးများအကြားမှ တိုးဝှေ့ကာ မျက်နှာကြက် နံရံများသို့ ထိခတ်လွင့်ပါသွားကြသည်။

"ဘုရားရှင် ပရိနိဗ္ဗာန်စံပြီ . . . တဲ့၊ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီတဲ့၊ မင်းတို့ သိကြရဲ့လား . . . ငါတို့ဘုရားရှင် မရှိတော့ဘူး . . ."

ဒယီးဒယိုင် ခြေလှမ်းများဖြင့် မင်းလမ်းစင်္ကြံများအတိုင်း ဆောက်တည်ရာမဲ့ လျှောက်သွားရင်း မင်းကြီးသည် လေသာဆောင် ဝရံတာဆီ ရောက်သွားလေသည်၊ ထိုအခါမှပင် ငေးကြောင်၍ကြည့်ရင်း ကျန်ရစ်ခဲ့ကြသော မှူးမတ်ဗိုလ်ပါများသည် တစ်ပြိုင်တည်းလိုလိုပင် မင်းကြီးရပ်နေသော ဝရံတာ





ဆီသို့ ပြေးလာကြလေသည်။ လေသာဆောင်၏ ဝရံတာကား အတန်ငယ်မြင့်သောနေရာ။ မင်းကြီးသည် ပရိဒေဝ၏ နှိုးမြှိုက်မှုဖြင့် သတိကင်းလွတ်ဖြစ်ကာ ထိုအမြင့်နေရာမှ လိမ့်ကျသွားခဲ့ပါက . . .

ဝရံတာ၏ ကျောက်သလင်းလက်ရမ်းတိုင်ကို ဆုပ်ကိုင်ရင်း မင်းကြီးသည် အဝေးတစ်နေရာဆီသို့ ကြည့်နေသည်၊

"ရာဇဂြိုဟ်ဟာ သုညဖြစ်သွားပြီ . . . မဂဓနိုင်ငံတော်ဟာ အမှောင်တိုက်ဖြစ်သွားပြီ၊ အို . . . တစ်လောကလုံး အမှောင်တိုက်ဖြစ်သွားပြီ"

မင်းကြီးအမူအရာလှုပ်ရှားမှု တစ်ခုခုပျက်သွားလျှင် အချိန်မီ တားဆီးနိုင်အောင် မှူးမတ်များက အသင့်စောင့်နေကြသည်။

"ဟောဟိုက ကောင်းကင်ကြီး၊ ဟောဟိုက ကမ္ဘာလောက . . . ဟိုအဝေးဆီမှာ မိုးကုပ်စက်ဝိုင်း . . . အားလုံးသေဆုံးသွားကြပြီ၊ ဘုရားရှင်မရှိတော့တဲ့နောက်မှာ အားလုံး သေဆုံးသွားကြပြီပေါ့၊ အို . . . ဟိုးမှာ . . . ဟိုးတစ်နေရာမှာ"

မင်းကြီးသည် အပြင်သို့ ကြည့်နေရာမှ ပြန်လှည့်လိုက်၏၊

"ဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းရှိရာကို ငါ အခုသွားမယ်"

❊ ❊ ❊

သရက်ဥယျာဉ်ကျောင်း၊ ကမ္ဗဝန်ဝိဟာရ၏ ဦးခန်းရှိ ပလ္လင်ရှေ့တွင် အဇာတသတ်မင်းကြီးသည် ဒူးတုပ်ပျပ်ဝပ်နေ၏။ လက်အုပ်အစုံတို့ကို နဖူးထိပ်ထက်မှ ရွှေ့ပြောင်းကာ ရင်ညွန့်ဆီတွင် ထိကပ်လိုက်၏။

ထို့နောက် စံပယ်ကိန်းဝပ်သူမရှိသော ပလာဟင်းလင်း တရားဟောပလ္လင်ကို စိန်းစိန်းပါအောင်ကြည့်ရင်း မြည်တမ်းပြန်လေသည်။

"အရှင်မြတ်ဘုရား . . . လွန်ခဲ့တဲ့နှစ်များရဲ့ တစ်ခုသော တန်ဆောင်မုန်းလပြည့်ညမှာ ဟောဒီ ကမ္ဗဝန်ဝိဟာရ ဟောဒီပလ္လင်ထက်ကနေပြီး တပည့်တော်ကို အရှင်ဘုရား တရားဟောခဲ့ပါတယ်ဘုရား၊ တပည့်တော်ရဲ့ သောကပြောင့်ဆူးကို ဒေသနာတော်ဆူးနဲ့ အရှင်ဘုရား ဖယ်ရှားသုတ်သင်ခဲ့တယ် မဟုတ်လား ဘုရား . . ."



www.foreverspace.com.mm

"အခုတော့ တရားပလ္လင်ဟာ ထိုင်စံပယ်သူ ကင်းမဲ့လို့ ပလာ ဟင်းလင်းဖြစ်ခဲ့ပါပြီကော ဘုရား . . . တရားဒေသနာစကားတို့ တစ်ခွန်းမျှ မြွက်ကြားမည့်သူမရှိ ဖြစ်ပါပြီကောဘုရား"

"အရှင်ဘုရား . . . အခါတိုင်းဆိုရင် တပည့်တော်ဟာ ရာဇဂြိုဟ် နန်းတော်ထဲကနေပြီး နားစွင့်လိုက်တိုင်း မြတ်စွာဗုဒ္ဓဟာ တပည့်ရဟန်းအပေါင်း ခြံရံပြီး ဘယ်နေရာ ဘယ်ဒေသ ဒေသစာရီခရီး ကြွမြန်းတော်မူပြီဆိုတဲ့သတင်း ကိုသာ ကြားခဲ့ရပါတယ်ဘုရား"

"အခုတော့ သူတို့တစ်တွေက အရှင်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီ ဆိုတဲ့ သတင်းဆိုးကြီးကိုသာ တပည့်တော်ဆီ ယူဆောင်လာခဲ့ကြပါတယ် ဘုရား"

"အခု အရှင်ဘုရားကို ဖူးမြော်ဖို့ တရားဒေသနာများကို ခံယူဖို့ တပည့်တော် ဘယ်အရပ်ကိုသွားရပါမလဲဘုရား . . . ရဟန်းသာမဏောတို့ရဲ့ ချမ်းသာသုခကို ဟောဒီပလ္လင်ထက်ကပဲ အရှင်ဘုရား ဟောကြားတော်မူခဲ့ပါ သေးသကောဘုရား . . . အရှင်ဘုရား တပည့်တော်အဇာတသတ် အရှင်ဘုရား ကိုလည်း ပုဂ္ဂိုလ်ထင်ရှား မတွေ့မြင် မဖူးမြော်နိုင်တော့ပါလားဘုရား . . . တရားဒေသနာတို့ကိုလည်း ကြားနာနိုင်ခွင့် မရှိတော့ပါလားဘုရား"

"တပည့်တော်ရဲ့လောကမှာ နေအစင်းစင်း၊ လအစင်းစင်း အလင်း ရောင်ဟူသမျှ ကွယ်ပျောက်ပါပကောဘုရား . . . အမှောင်ထု အမိုက်မိုက်ကြီး သာ ကျန်ရှိခဲ့ပါပကောဘုရား"

မင်းကြီး သောကမီးလျှံတို့သည် အတူခစားလိုက်ပါလာကြသော မှူးမတ်ရဲမက် အခြံအရံများဆီသို့ ကူးစက်သွား၏။ ငိုညည်းသံများ မြည်တမ်း သံများဖြင့် သရက်ဥယျာဉ်ကျောင်းသည် ပွက်ညံသွား၏။

အဇာတသတ်မင်းကြီးလည်း ရူးသွပ်သွားသူပမာ တတွတ်တွတ် ရေရွတ်မြည်တမ်းရင်းဖြင့် မြတ်စွာဘုရားထိုင်တော်မူခဲ့သော ပလ္လင်ရှေ့တွင် ဦးခေါင်းငိုက်စိုက်ကျသွား၏။ ရှေ့နားရှိ မှူးမတ်များက စိုးရိမ်တကြီး ဖြိုင်ဖြိုင် ထက်ပိုင်းအုံသွားကြ၏။

"ငါ ဘာမှမဖြစ်ဘူး . . . နေရာမှာပဲ ရှိကြ၊ ဘုရားရှင်ရဲ့ ပလ္လင်တော် ကို ဦးခေါင်းနဲ့ ပွတ်တိုက်ပြီး ဗုဒ္ဓဂုဏ်တော်အပေါင်းကို ငါ ဆင်ခြင်ပူဇော်မယ်"





ပလ္လင်တော်သည် အဇာတသတ်မင်း၏ မျက်ရည်များ၊ ပူဇော်ဦးခိုက် စကားလုံးများဖြင့် အလိမ်းလိမ်း ဖြစ်သွားပြန်လေသည်။

အတန်ကြာသောအခါ မင်းကြီးသည် ပလ္လင်တော်ရှေ့မှ ပြန်၍ လူးလဲထလာ၏။

"ငိုကြွေးပူလောင်နေရုံမျှနှင့် အရေးအရာ မပြီးကြသေးဘူး၊ မြတ်စွာ ဘုရားရဲ့ ကိုယ်ပွားကိုယ်စားအဖြစ် ဓာတ်တော်တွေကို ဆောင်ယူကိုးကွယ်ဖို့ အရေး ရှိသေးတယ်၊ ကုသိနာရုံကိုသွားဖို့ အစီအစဉ်တွေ လုပ်ရမယ်"

အရှုံးတစ်ယောက်၏ ဆောက်တည်ရာမဲ့အသွင်နေရာတွင် မဂဓပြည့် ရှင် လက်နက်နိုင်ငံသခင်၏ ရာဇမာန်များ ပြန်လည်ပေါ်ပေါက်လာ၏။

"မြတ်စွာဘုရားဟာ အသမ္ဘိန္နခတ္တိယမင်းမျိုးမင်းနွယ်ဖြစ်တယ်၊ ငါ ဟာလည်း အသမ္ဘိန္နခတ္တိယအနွယ်ပဲ မဟုတ်လား . . . ငါဟာလည်း သရီရ ဓာတ်တော်တွေကို တစ်စုတစ်ပုံ ရထိုက်တယ်၊ ဓာတ်တော်တွေကို စေတီပုထိုး တည်ထားကိုးကွယ်ရမယ့်အရေးကို ဆောင်ရွက်ကြရမယ်၊ မလ္လာမင်းတွေဆီကို သဝဏ်လွှာပို့ဖို့ ပြင်ဆင်ကြ၊ အင်း . . . သူတို့ အသာတကြည် မရှိခဲ့ရင်ကော"

မင်းကြီးသည် တည်ငြိမ်စွာ ပြန်လည်စဉ်းစားနိုင်လာ၏။

"ရတဲ့နည်းနဲ့ ငါ ယူရလိမ့်မယ်၊ စစ်အင်္ဂါလေးပါး အသင့်ပြင်ကြ"

❊ ❊ ❊

ရာဇဂြိုဟ်၏ အရှေ့တောင်ထောင့်အရပ်တွင် တည်ရှိသော သရီရ ဓာတ်တော်များ ဌာပနာ ကိန်းဝပ်ရာ၊ စေတီတော်ကြီး၏ ရင်ပြင်ထက်သို့ အဇာတသတ် မင်းကြီးသည် တစ်ကိုယ်တည်း တက်ရောက်ခဲ့လေသည်။

မဂဓ ကောင်းကင် အဇ္ဈာဝယ် လပြည့်ဝန်းကြီးသည် ရွှန်းမြလျက် ရှိ၏။ တိမ်စတိမ်မျှင်ကင်းသောကတ္တီပါညတွင် ကြယ်စုံတို့သည်လည်း တောက်ပ နေကြ၏။ ညင်းညှို့သော လေပြည်တစ်ချက်အသုတ်တွင် စေတီတော်ကြီး၏ ထီးတော်ဆီမှ ဆည်းလည်းသံများက လွင်လွင်စာစာ အသံတို့ကို ရင်ပြင်တော် ဆီသို့ ခြွေချပေးနေကြ၏။

www.foreverspace.com.mm

မင်းကြီးသည် လဝန်းကို နောက်ခံပြုလျက် စေတီတော်ကြီးအား ထင်ထင်လင်းလင်း ဖူးမြော်သာသော တံတိုင်းပရုက်ထောင့်တစ်နေရာတွင် ဒူးတုပ်ထိုင်ချလိုက်သည်။

ဆည်းလည်းသံတို့က မဝေးလှသေးသော အတိတ်ကာလများဆီသို့ မင်းကြီးအား ဆောင်ကြဉ်းသွားနေကြ၏။ မင်းကြီးသည် အသက်အရွယ်ကြီးရင့်ခဲ့ပြီဖြစ်သည့်အလျောက် ရင့်ကျက်တည်ငြိမ် ခိုင်ခံ့မှုကိုလည်း တည်ဆောက်နိုင်ခဲ့ပေပြီ။

"တကာတော်မင်းကြီး . . . လျှို့ဝှက်သော ဓာတ်တော်ဌာပနာတိုက် တစ်ခု တည်ဆောက်ကြမှ သင့်မြတ်လိမ့်မယ်"

ဆည်းလည်းသံ၏ လေပြည်ထဲဝယ် ဤစကားကို မင်းကြီး ကြားယောင်သည်။ တစ်ဆက်တည်းမှာပင် ဤစကားတို့ကို မိန့်ကြားသော အရှင်မဟာ ကဿပ မထေရ်မြတ်ကြီး၏ ရုပ်သွင်ကို မြင်ယောင်မိသည်။

ကုသိနာရုံမှ သရီရဓာတ်တော်ဝေစုကို ရယူခဲ့ပြီးနောက် နှစ်ဆယ့်ငါးယူဇနာ ဝေးကွာသော ကုသိနာရုံနှင့် ရာဇဂြိုဟ်အကြား ခရီးတစ်လျှောက် အတိုင်း မင်းကြီးသည် ဓာတ်တော်များကို ပင့်ဆောင်ပူဇော်ခဲ့သည်။ မိမိ၏ အမိန့်အတိုင်း ကြီးကျယ်ခမ်းနားလှစွာ ထိုပင့်ဆောင်ပူဇော်ရေး အစီအစဉ်ကို အဇာတသတ်မင်းကြီး ပူနွေးလတ်ဆတ်စွာ မှတ်မိနေဆဲပင်။

နှစ်ဆယ့်ငါးယူဇနာ လမ်းခရီးတစ်လျှောက်၌ အကြားအလပ် မရှိစေရအောင် မဏ္ဍပ်များ၊ တဲကန္နားများ တည်ခဲ့ပုံ၊ ရွှေတလား၊ ရွှေတင်းတို့၌ ထည့်သွင်းအပ်သော ဝေစုရဓာတ်တော်များကို လှံရှည်ကိုင် တပ်မကြီးများ ခြံရံစောင့်ကြပ်စေလျက် ပင့်ဆောင်ခဲ့ပုံ၊ ရှေ့ရထား၏ ဦးစွန်းတည်ရာအရပ်၌ နောက်ရထား နောက်စွန်း ရောက်ရှိရာ အရပ်တိုင်း၌ သာဓုကီဠန သဘင်များကို ခုနစ်ရက်ကြာ ဆင်ယင်ကျင်းပခဲ့ကြပုံ။

ဤသို့ဖြင့် နှစ်ဆယ့်ငါးယူဇနာ ခရီးအတိုင်း ဓာတ်တော်များကို ပူဇော်ပင့်ဆောင်လာခဲ့ရာ၌ ခုနစ်နှစ်၊ ခုနစ်လတိုင် ကြာမြင့်ခဲ့ပုံ၊ နောက်မှ ရဟန္တာမထေရ်မြတ်တို့က မိမိအား ခေါ်ယူ၍ ဓာတ်တော်ပင့်ဆောင်မှု အချိန်ကာလကြာမြင့်လွန်းလှသည်။ နတ်များ အမျက်ထွက်ကြပြီး အမြန်ပင့်ဆောင်ပါဟု မိန့်တော်မူသောကြောင့် နောက်ခုနစ်ရက်ဖြင့် ရာဇဂြိုဟ်သို့ အရောက်ပင့်ဆောင်





www.foreverspace.com.mm

ခဲ့ပုံ . . . စသည်များ . . .။

အရှင်မဟာကဿပ မထေရ်မြတ်ကြီး ကိုယ်တော်တိုင် အဓိဋ္ဌာန်ပြုလျက် ရွေးချယ်သတ်မှတ်ပေးခဲ့သောနေရာတွင် အတောင်ရှစ်ဆယ်အနက်တူးကာ တည်ထားခဲ့သော လျှို့ဝှက်ဌာပနာတိုက်။

အောက်အပြင်၌ ကြေးအခင်းကြီးကို ခင်း၍ ထိုကြေးအခင်းပေါ်၌ ထူပါရာမစေတီအိမ် ပမာဏရှိသော ကြေးနီတိုက်အိမ်ကြီး ဆောက်ခဲ့သည်။ ထိုနောက် အဆင့်ဆင့်ငုံလောက်သော စန္ဒကူးရွှေကြုတ်ရှစ်လုံး၊ စန္ဒကူးရွှေစေတီရှစ်ဆူတို့ကို အသင့်စီမံပြုလုပ်ခဲ့သည်။ သရီရဓာတ်တော်များကို ဦးစွာ စန္ဒကူးရွှေကြုတ်၌ထည့်ပြီး ထိုရွှေကြုတ်ကိုပင် အခြားရွှေကြုတ်၌ တည်စေခဲ့သည်။ ဤအတိုင်းပင် အဆင့်ဆင့် စန္ဒကူးရွှေကြုတ်တို့၌ ထည့်သွင်းကာ ရွှေကြုတ်အဝါရောင် ကြုတ်ရှစ်လုံးကို ရွှေအနီရောင်ကြုတ် ရှစ်လုံးတွင် ထပ်မံထည့်သွင်းပြီး စန္ဒကူးနီရွှေစေတီရှစ်ဆူဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ဆင်စွယ်ကြုတ်ရှစ်လုံး၊ ဆင်စွယ်စေတီ ရှစ်ဆူ၊ ထိုမှတစ်ဆင့် ရတနာခုနစ်ပါးကြုတ် ရှစ်လုံးရှိ၍ ခုနစ်ပါးစေတီရှစ်ဆူ၊ ထိုမှတစ်ဆင့် ငွေကြုတ်ရှစ်လုံး ငွေစေတီရှစ်ဆူ၊ ထိုမှတစ်ဆင့် မြကြုတ်ရှစ်လုံး မြစေတီရှစ်ဆူ၊ ထိုမှတစ်ဆင့် ပတ္တမြားကြုတ် ရှစ်လုံး ပတ္တမြားစေတီရှစ်ဆူ၊ ထိုမှတစ်ဆင့် ပတ္တမြားပြောက်ခေါ် မသာရဂလ်ကျောက်ရှစ်လုံး စေတီရှစ်ဆူ၊ ထိုမှတစ်ဆင့် ဖန်ကြုတ်ရှစ်လုံး ဖန်စေတီရှစ်ဆူ၊ ထိုဖန်စေတီ၏ အထက်၌ ရတနာခုနစ်ပါးစီခြယ်သော စေတီအိမ်၊ ထို၏အထက်၌ ရွှေတိပြီးသော ရွှေစေတီအိမ်၊ ထို၏အထက်၌ ကြေးနီစေတီအိမ်တို့ဖြင့် အဆင့်ဆင့် တည်ထားခဲ့လေသည်။

ကြေးနီစေတီအိမ်၌လည်း ရတနာခုနစ်ပါးတို့ကို သဲအဖြစ် ကြဲဖြန့်၍ ရေပန်း၊ ကြည်းပန်းတို့ကို ထပ်မံဖြန့်ကြကာ၊ ငါးရာ့ငါးဆယ်ဇာတ်တော်များ၊ အသီတိ မဟာသာဝကကြီးများ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မယ်တော် မာယာဒေဝီ ဖွားဖက်တော်ခုနစ်ဦး စသည်တို့ကို ရွှေစင်ရုပ်သွန်းလုပ်ထည့်သွင်းခဲ့ပြန်သည်။

ထိုမျှသာမက ရေပြည့်သော ရွှေမြူတာအိုးငါးရာ၊ ငွေမြူတာအိုးငါးရာ၊ ရွှေတံခွန်အလံ ငါးရာ၊ ရွှေဆီမီးခွက်ငါးရာတို့ဖြင့် ပူဇော်ခဲ့လေသည်။

အလုံးစုံပြုပြီးချိန်၌ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ကိုယ်တော်

တိုင် အဓိဋ္ဌာန်ပြုတော်မူခဲ့သည်ကိုလည်း မင်းကြီး သတိရနေဆဲ၊

"ပန်းများ မညှိုးကြပါစေကုန်သတည်း။ နံ့သာများ မပြယ်ပျောက်ပါစေကုန်သတည်း၊ ဆီမီးခွက်များ မငြိမ်းပါစေကုန်သတည်း။

ရတနာခုနစ်ပါးဖြင့်ပြီးသော စေတီအိမ်တံခါးဝမှ အစပြုကာ တံခါးများကို ပိတ်လျက်ထွက်ခဲ့ပြီးနောက် မင်းကြီးသည် ကြေးနီစေတီအိမ်တံခါးကို ပိတ်ပြီးလျှင် တံခါးလှည့်ကြိုး၌ မင်းတံဆိပ် ခတ်နှိပ်သော သံကောက်သော့ကို ကိုယ်တိုင်ဖွဲ့ချည်ခဲ့သည်။ ထိုသော့၌ ကြီးစွာသော ပတ္တမြားတုံးကြီးကို ထားခဲ့ပြီး ကမ္ပည်းအက္ခရာအချို့ကိုလည်း ထွင်းထုရေးနှိပ်စေခဲ့သည်။

မိမိကိုယ်တိုင် စီကုံးပေးခဲ့သော ကမ္ပည်းစာများ -

"နောင်သောအခါ ဆင်းရဲချို့တဲ့သောမင်းသည် ဤပတ္တမြားရတနာကို ထုခွဲရောင်းချပြီးသော် ဓာတ်တော်များအား ပူဇော်မှုပြုရစ်စေသတည်း"

❈ ❈ ❈

လရောင်၊ လေပြည်နှင့် ဆည်းလည်းသံတို့သည် အဇာတသတ်မင်းကြီးထံသို့ နောက်ထပ် အတိတ်ရုပ်ပုံလွှာတစ်ခုကို ဆောင်ကြဉ်းလာကြပြန်၏။

မိမိ၏ နန်းတော်ဆောင်သို့ အရှင်မဟာကဿပ မထေရ်မြတ်ကြီး အမှူးပြုသော မထေရ်မြတ်များ ကြွရောက်တော်မူလာကာ မိန့်မြွက်ခဲ့ကြသော စကား -

"ဒကာတော်မင်းမြတ်နဲ့ ရာဇဂြိုဟ်မှာ သင်္ဂါယနာတင်ပွဲကြီး ကျင်းပကြမယ်၊ ဒကာတော်မင်းမြတ် လက်ခံပါရဲ့လား၊ လက်ခံတယ်ဆိုရင် ဘယ်လိုများ အကူအပံ့ ပြုနိုင်ပါသလဲ"

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ပြုဖွယ်ကိစ္စများကို ပြုနေရသော်လည်း အချိန်နှင့်အမျှ ပရိဒေဝ လောင်မြိုက်နေသော နှလုံးသားထဲမှ ရဲရဲတောက်စကားလုံးများကို မိမိ လျှောက်ထားခဲ့၏။

"သင်္ဂါယနာတင်ပွဲကို ရဲရဲကြီးသာ ပြုတော်မူပါဘုရား၊ အရှင်ဘုရားတို့ဘက်မှ ဓမ္မစက်တည်အောင် ကြိုးပမ်းတော်မူကြချိန်မှာ တပည့်တော်ဘက်က အာဏာစက်နဲ့ ကူညီပါ့မယ်ဘုရား၊ သင်္ဂါယနာတင်ပွဲကြီးအတွက် တပည့်





တော်ကို အလိုရှိရာ ခိုင်းစေတော်မူကြပါဘုရား . . ."

ရာဇဂြိုဟ်တွင် ကျောင်းတိုက်အများအပြားရှိသည်မှာလည်း မှန်၏။ ပစ္စည်းလေးပါး ထောက်ပံ့နိုင်သည့် ပုဂ္ဂိုလ်များလည်း ရှိသည်မှာ မှန်၏။ သို့သော် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီဟု ကြားရသောအခါ ဇမ္ဗူဒီပါတစ်ကျွန်းလုံးရှိ ရဟန်းတော်အားလုံးသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူ၍ ကုသိနာရုံသို့ တစ်ပါးမကျန် သွားရောက်ကြသည်ဖြစ်လေရာ ရာဇဂြိုဟ်မှာရှိသော ကျောင်းတိုက်ကြီးဆယ့်ရှစ်တိုက်တို့မှာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိဘဲ ဖုန်အလိမ်းလိမ်းဖြင့် အမှိုက်သရိုက်များ ဖုံးလွှမ်းနေခဲ့လေသည်။

ထို့ကြောင့် သင်္ဂါယနာတင် ထေရ်အရှင်ပေါင်းငါးရာတို့ စုံညီရောက်ရှိလာကြပြီးနောက် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ဝါဆိုပွဲ သံဃာအစည်းအဝေး၌ ပထမတစ်လကို ကျောင်းပျက်များ ပြုပြင်မွမ်းမံရန် ဆုံးဖြတ်တော်မူကြရသည်။ သင်္ဂါယနာတင်ရန်ကိုမူ ဒုတိယလမှသာ စတင်နိုင်ပေမည်။

အဇာတသတ်မင်းကြီးသည် အရှင်မဟာကဿပ မထေရ်ကြီး အမှူးပြုသော ရဟန်းတော်များ မိမိထံသို့ ကြွတော်မူခဲ့ခြင်းကို ပူနွေးလတ်ဆတ်စွာ သတိရနေဆဲ။ ထိုနေ့က ဝါဆိုလပြည့်ကျော် နှစ်ရက်နေ့ . . .၊

အရှင်မဟာကဿပမထေရ် ဦးဆောင်သည့် နှစ်ရာ့ငါးဆယ်သော ရဟန္တာတို့သည်လည်းကောင်း၊ အရှင်အနုရုဒ္ဓါထေရ် ဦးဆောင်သည့် ကျန်တစ်ဝက်သော ရဟန္တာတို့သည်လည်းကောင်း၊ အရှင်အာနန္ဒာထေရ်သည် တစ်ပါးတည်း ကြွချီလျက်လည်းကောင်း။ ဝါဆိုကာနီးမှ ရောက်ရှိတော်မူလာရသော အရှင်ပုဏ္ဏာထေရ်သည်လည်းကောင်း၊ နှစ်ဆယ့်ငါးယူဇနာ ဝေးကွာသော ကုသိနာရုံမှ ကြွရောက်တော်မူခဲ့ကြခြင်း ဖြစ်သည်၊

သင်္ဂါယနာတင်ပွဲ ကျင်းပမည့် ရာဇဂြိုဟ်၌ သင်္ဂါယနာတင်ထေရ်အရှင် ငါးရာမှတစ်ပါး အခြားရဟန်းများ ဝါဆိုဝါကပ်မပြုရဟုလည်း အရှင်မဟာကဿပထေရ်က ဉတ္တိကမ္မဝါစာဖြင့် ကြေညာတားမြစ်ခဲ့ပြီးလေပြီ။

သို့သော် ပျက်စီးယိုယွင်းနေသော ထိန်းသိမ်းမွမ်းမံမှု ကင်းမဲ့နေသော ကျောင်းတိုက်ကြီးများအရေးက ရှိသေးသည်၊

"ဒကာတော်မင်းကြီး ရာဇဂြိုဟ်ရှိ ကျောင်းတိုက်ကြီးဆယ့်ရှစ်ရပ်ကို ပြင်ဆင်မွမ်းမံဖို့ လိုအပ်နေပါတယ်"

www.foreverspace.com.mm

"တပည့်တော်အရာ ရှိပါစေဘုရား" မဆိုင်းမတွပင် တာဝန်ယူလျှောက်ထားခဲ့၏။

သို့ဖြင့်ပင် ဝေဘာရတောင်၏ မြောက်ဘက်၌ရှိသော ဝေဠုဝန်ကျောင်းတော်၊ ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ရှိကြသော သပ္ပသောဏ္ဍိကကျောင်း၊ ပဗ္ဘာရသကျောင်း၊ ဂေါတမကန္ဒရကျောင်း၊ တိန္ဒုကကဂုဟာကျောင်း၊ တပေါဒါကန္ဒရကကျောင်း၊ တပေါဒါရာမကျောင်း၊ ဣန္ဒသာလဂုဟာကျောင်း၊ ပိပ္ပလိဂုဟာကျောင်းများ၊ ဣသိဂိလိတောင်နံရံ၌ရှိသော ကာဠသိလကျောင်း၊ ဂိဇ္ဈကုဋ်တောင်၌ရှိသော ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်း၊ ဂိဇ္ဈကုဋ်တောင်နံရံနှင့် တောင်ခြေတို့၌ရှိသော စောရပပါတကျောင်း၊ တာလဝ နုယျာနကျောင်း၊ မဒ္ဒကုစ္ဆိမိဂဒါယကျောင်း၊ ဇီဝကမ္ဗဝနကျောင်း၊ မောရနိဝါပကျောင်း၊ လဋ္ဌိဝနုယျာနကျောင်းနှင့် ဂိဇ္ဈကုဋ်တောင်၏ အရှေ့မြောက်ဘက်၌ရှိ၍ သိပ္ပိနီခေါ်ချောင်းငယ်တစ်ခုခြားသည့် အန္ဒကဝိန္ဒကတောကျောင်း စုစုပေါင်း ကျောင်းတိုက် ဆယ့်ရှစ်ခုကို နေ့ညမဆိုင်း အလျင်အမြန် ပြင်ဆင်မွမ်းမံပေးခဲ့လေသည်။

"တပည့်တော်အနေဖြင့် အာဏာစက်နဲ့ ကူညီပါမည်ဘုရား၊ အလိုရှိရာကို ခိုင်းစေတော်မူကြပါဘုရား၊ ကြောင့်ကြမဲ့နေတော်မူကြပါဘုရား" ဟု လျှောက်တင်ပြီး နောက်တွင် မထေရ်ကြီး၏ မိန့်ကြားချက်အရ သံဃာစည်းဝေးရာဌာနကြီးကိုလည်း တာဝန်ယူခဲ့ပြန်သည်၊

ဝမ်းမြောက်ရွှင်လန်းစွာ ဝန်ခံကတိပြုခဲ့ပြီးနောက် သင်္ဂါယနာတင် မဏ္ဍပ်ကြီးကို တည်ဆောက်ခဲ့ပြန်သည်။

ဝေဘာရတောင်နံရံ၊ စရည်းပင်ပေါက်ရောက်ရာ သတ္တပဏ္ဏိဂူအနီး၌ ထိုမဏ္ဍပ်ကြီးကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဤတွင်လည်း မိမိယတိပြတ်အမိန့်တော်ထုတ်ခဲ့သောစကားကို အဇာတသတ်မင်းကြီး ကြားယောင်မိပြန်သည်။

"သံဃာ့စည်းဝေးပွဲကြီးကျင်းပမည့် သင်္ဂါယနာတင် မဏ္ဍပ်ကြီးဟာ ဘုရင့်နန်းတော်ထက် သာလွန်စေရမယ်၊ နတ်တို့ရဲ့ ဘုံဗိမာန်ကိုပင် ပြက်ရယ်ပြုနေသယောင် ထင်စေရမယ်၊ ကြည်နူးသာယာဖွယ်၊ နှစ်သက်ရွှေမောဖွယ် ဒကာတို့ရဲ့ အမြတ်ဆုံး အလွန်ဆုံးဖြစ်အောင် ဆောက်လုပ်ကြရမယ်"

ဤသို့ဖြင့် အထူးထူးသော ခြူးပန်းခြူးနွယ် ဆေးရေးပန်းချီများ ရုပ်ကြွ





www.foreverspace.com.mm

ရုပ်လုံးများ၊ ပန်းကနုတ်များကို မဏ္ဍပ်ကြီး၏အတွင်းအပြင် နေရာတိုင်း၌ ခြယ်မှုန်းတန်ဆာဆင်ခဲ့သည်။

ဖိတ်လက်တောက်ပ မျက်နှာကြက်မှ ပန်းခိုင်ပန်းကုံး ပန်းဆိုင်းတို့သည် တွဲရရွဲ စီရရီ ကျနေကြ၏။ မဏ္ဍပ်အတွင်းရှိ အခင်းပြင်တလင်းမှာလည်း မှန်သားဖန်ပြင်ပမာ တစ်လက်လက်တောက် ချောမွတ်နေ၏၊ ရတနာတို့ စီခြယ်သော ကြမ်းခင်းကွက်များဖြင့် အကွက်ဖော်ထား၏၊ ရဟန္တာမထေရ်ငါးရာတို့အတွက် အဖိုးထိုက်အဖိုးတန် ကမ္ဗလာဖုံအခင်းများကိုလည်း ခင်းပေးထား၏။

သံဃာအားလုံးနေရာ၏ ရှေ့၌ အရှေ့ဘက်သို့ မျက်နှာမူလျက် ဓမ္မာသနပလ္လင်ကို ခင်းထား၏။ ထိုဓမ္မာသနပလ္လင်ကား ဖြေမည့်ပုဂ္ဂိုလ်ထိုင်မည့်နေရာဖြစ်ပြီး မဏ္ဍပ်၏ တောင်ဘက်နံရံကို ကပ်လျက် မြောက်ဘက်မျက်နှာမူ၍ ထေရာသနပလ္လင်ကို ခင်းထား၏။ ထေရာသနပလ္လင်ကား မေးမည့်ပုဂ္ဂိုလ်ဖြစ်သော အရှင်မဟာကဿပမထေရ်ကြီး ထိုင်မည့်နေရာဖြစ်လေသည်။

❊ ❊ ❊

ယခုအခါ သင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးခဲ့ပေပြီ။

ဝါခေါင်လပြည့်ကျော် ငါးရက်နေ့မှစ၍ စတင်ခဲ့ကာ ခုနစ်လတိုင်ကြာမြင့်ခဲ့သော သင်္ဂါယနာတင်ပွဲကြီး အောင်မြင်ထမြောက်ခဲ့လေပြီ၊

တန်ခူးအကြိုလေရူးသည် စေတီတော်ကြီး၏ ရင်ပြင်တစ်ဝိုက်တွင် ဝေ့ဝိုက်ပြေးလွှားနေသည်။ သရီရဓာတ်တော်များ ကိန်းဝပ်ရာ စေတီတော်ကြီးကို မင်းကြီးဖူးမြော်ရန် မဝန့်ရှိနေသည်။ ရင်ပြင်ထက်တွင် အစေ့အစပ် ခင်းထားသော သလင်းကျောက်ပြားများ၏ အေးမြသော အထိအတွေ့က မင်းကြီး၏ ခြေဝတ်မှုံ့ဖဝါးများကို ထိတွေ့တုံ့ပြန်နေသည်။ အတော်ကြီး ညဥ့်နက်မှ ထွက်ပြူလာသည့် တန်ခူးလဆန်းလဝန်းသည် ဝိုင်းစက်ပြည့်ဝခြင်း မရှိလှသေး။

ဆည်းလည်းသံတို့ကမူ မင်းကြီးထံသို့ အဆက်မပြတ်တိုးဝေ့ခုန်ဆင်းနေကြ၏။ ဤဆည်းလည်းသံကလေးများသည်ကား ဤညဥ့်အဖို့ အဇာတသတ်မင်းကြီး၏ အဖော်သဟဲဖြစ်၏။ မဂဓတစ်နိုင်ငံလုံးသည် နှစ်မြိုက်စွာအိပ်မောကျနေ

www.foreverspace.com.mm



ကြသည်။ မအိပ်စက်နိုင်သေးသူမှာ မိမိတစ်ကိုယ်တည်းသာ ရှိပေမည်ဟု မင်းကြီးတွေးမိသည်။ အိပ်စက်ခြင်းမဲ့ညများ . . .

အိပ်စက်ခြင်းမဲ့ညများ . . .

မိမိသည် အိပ်စက်ခြင်းမဲ့ညပေါင်းများစွာကို ဖြတ်သန်းခဲ့ဖူးကြောင်း မင်းကြီး အမှတ်ရနေသည်၊ သို့သော် ယနေ့ကား မိမိဘဝတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသောညများနှင့် မတူချေ။ ယခင်ယခင် ကြုံခဲ့ရဖူးသည့် ညများကမူ ခြောက်အိပ်မက်များနှင့်အတိ ပြီးခဲ့ချေသည်။ ညဆိုသည်မှာ ကြောက်မက်ဖွယ် ခံတွင်းနက်ကြီးကို ဖြဲဟကာ မိမိအား ဝါးမျိုစားသောက်သည့် ဧရာမ အမှောင်ထုကြီး ဖြစ်ခဲ့သည်။

ယခုတော့ အရာခပ်သိမ်းတို့သည် ပြောင်းလဲခဲ့ကြပေပြီ။ ကာလ အလျဉ်၏ တိုက်စားမှုအောက်ဝယ် အရာအားလုံးတို့သည် ရွေ့လျောပြောင်းလဲကုန်ကြပေပြီ။ မိမိ၏အသက်အရွယ်သည်လည်း ကြီးရင့်ခဲ့ပြီ။ အသက်အရွယ်နှင့်အမျှ အသိတရားတို့လည်း ရင့်ကျက်ခဲ့ပြီ။ အကြွင်းမဲ့ခိုလှုံရာဖြစ်လေသော ဗုဒ္ဓဘုရားရှင်သည်ပင် ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီဖြစ်လေသည်။

ဆည်းလည်းသံလွင်လွင်စာစာတို့က မိမိအား အမည်နာမများကို တစ်ခုချင်း ရေရွတ်ပြောဆိုနေကြသည်ဟု ထင်လာသည်။

"မဂဓပြည့်ရှင်မင်းကြီး . . . သင်မှတ်မိပါတယ်နော် . . . သင် ဖြတ်သန်းခဲ့တဲ့ . . . ဘဝဖြစ်စဉ်တွေ၊ ပြီးတော့ . . . သင်နဲ့အတူ လှုပ်ရှားထိတွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေကို သင် မှတ်မိကောင်းပါရဲ့"

ကျွန်ုပ်ဘယ်မှာ မေ့လို့ရနိုင်မလဲဟု . . . အဇာတသတ်မင်းကြီးသည် စိတ်ထဲမှ အဖြေပေးလိုက်မိသည်။

ဆည်းလည်းသံနှင့် လေရူးတို့က ထပ်ပြောကြပြန်သည်၊

"မင်းကြီး . . . ညဦးကာလဟာ သင်နဲ့အကျွမ်းတဝင်အရှိဆုံးကာလတွေပဲ၊ သင်ဟာ မမေ့စကောင်းတဲ့ ညဦးများစွာကို သင့်ဘဝမှာ ဖြတ်သန်းခဲ့တာ မဟုတ်လား၊ အဲဒီလို ညဦးတွေမှာပဲ သင်ဟာ သင့်ဘဝအတွက် အရေးပါတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ရတာမဟုတ်လား"

ဟုတ်ပါတယ်၊ ကျွန်ုပ် မှတ်မိပါတယ်ဟု ဝန်ခံလိုက်ပြန်သည်။



www.foreverspace.com.mm



"ခမည်းတော် ဗိမ္ဗိသာရမင်းကြီး၊ မယ်တော်ကြီး ဝေဒေဟီ၊ ပြီးတော့ သမားတော်ဇီဝက၊ ဦးရီးတော် ကောသလမင်းကြီး၊ နောက်ပြီး သင့်ဘဝမှာ အကြီးကျယ်ဆုံးအရေးပါခဲ့တဲ့ အရှင်ဒေဝဒတ်"

အရှင်ဒေဝဒတ်ဟူသောအမည်ကို ကြားယောင်လိုက်သည်တွင် အဇာတသတ်မင်းကြီးသည် တစ်ကိုယ်လုံး တုန်ခါသွားသည်ဟု ထင်လိုက်၏။ အခုတော့ သူ မရှိတော့ပြီ၊ ဇေတဝန်ကျောင်းတော်မုခ်ဝအနီးက ရေကန်တစ်ကန်ရဲ့အုတ်ခုံဘောင်တစ်ခုအနီးမှာ . . . သူ . . . အရှင်ဒေဝဒတ် . . .

"အဇာတသတ်မင်းကြီးသည် စေတီယရုဏ်တံတိုင်းတွင် နွမ်းနယ်စွာ လျောင်းမှီလိုက်ရ၏။ ဘုရား . . . ဘုရား . . . အရှင်ဒေဝဒတ်အကြောင်းကို ဘယ်တော့မှ ပြန်ပြောင်းမတွေးစတမ်းဟု စိတ်ကူးသော်လည်း မှတ်ဉာဏ်တွင် ပျောက်ပျက်မရအောင် အစွဲအမြဲ ထင်နေပါကလား"

"သူတို့အားလုံး မရှိကြတော့ဘူး၊ သင်ကတော့ ရှိနေသေးတယ်နော် မင်းကြီး . . . ကိုင်း . . . သက်ရှိထင်ရှားရှိနေသေးတဲ့ အသင်မင်းကြီးဟာ အခုဆိုရင် သင်္ဂါယနာတင်ပွဲကြီးကို မင်းအာဏာစက်နဲ့ ကူပံ့ခဲ့တဲ့ သာသနာ့ဒါယကာ မင်းမြတ်အဖြစ်ကိုလည်း ခံယူနိုင်ခဲ့ပြီမဟုတ်လား . . . မဇ္ဈိမဒေသကြီးမှာသာမက ကမ္ဘာလောကကြီးတစ်ခုလုံးရဲ့ ရာဇဝံသ စာမျက်နှာများပေါ်မှာ သာသနာ့ဒါယကာ အဇာတသတ်မင်းကြီးရယ်လို့ သင် ကမ္ပည်းထိုးနိုင်ခဲ့ပါပြီလေ . . . မဂဓနိုင်ငံတော်ကြီးဟာလည်း သင့်လက်ထက်မှာ ယခင်ကနဲ့မတူ ကြီးထွားကျယ်ပြန့်နေပြီမဟုတ်လား၊ အသင်မင်းကြီး . . . ရှေ့ဆက်ပြီး ကြွင်းကျန်သောကာလများမှာ ဘယ်လိုဆက်လက်ရှင်သန်မလဲဆိုတာ အသင် တွေးထားပြီးပြီလား"

ဆည်းလည်းတို့၏ အမေးစကားများက ပို၍ စူးရှလာကြ၏။

အဇာတသတ်မင်းကြီးသည် ရင်ပြင်တော်၏ သလင်းကျောက်ပြားအခင်းပေါ်တွင်ထိုင်၍ တံတိုင်းကိုမှီလျက် စေတီတော်ကြီး၏ ထီးတော်ဆီသို့ မော့ကြည့်လိုက်၏။ ထီးတော်ကြီး၏ နောက်ခံကားအဖြစ် အတိုင်းမသိ ကျယ်ပြန့်သော အဇမ္ဗရာတစ်ခွင်ကို မြင်ရသည်၊

ထိုခဏဝယ် မင်းကြီး၏အတွေးများ၌ ပစ္စုပ္ပန်ကာလ၏ အခင်းအကျင်း

တို့သည် မေးမှိန်လျက် ပျောက်ကွယ်သွားကြလေသည်။ တပြန့်တပြော မိုးကောင်းကင်ကြီးသည် ပန်းချီကားကြီးတစ်ချပ်၏ နောက်ခံဆေးရောင်ပြင်ကြီး ဖြစ်သွား၏။

နဂါးငွေ့တန်းတစ်ခုက အဇ္ဈောကို ပွေ့ပိုက်ထားသည့်နှယ် ကောင်းကင်ပြင်ဝယ် တွေးကောက်လူးလွန့်နေ၏။ မလင်းလက်နိုင်သေးသော ကြယ်ပွင့်ကလေးများက မင်းကြီးကို ငုံ့ကြည့်ကာ တီးတိုး ရေရွတ်နေကြသယောင် ထင်ရ၏၊ သူတို့ ဘာတွေပြောနေကြသနည်း။

တပြန့်တပြော ကမ္ဘာကောင်းကင်ပြင်ထက်ဝယ် အဇာတသတ်မင်းကြီးသည် အတိတ်ရုပ်ပုံလွှာများကို တစ်ခုချင်း ရေးဆွဲရန် စိတ်ကူးလိုက်၏။ အတိတ်သို့ ပြန်ပြောင်းထွက်ခွာခြင်းခရီးရှည်ကို စတင်တော့မည်။ ဤခရီးရှည်ကြီးတစ်လျှောက်၌ ခရီးသည်ဖြစ်သော မိမိသည် ရုပ်ပုံလွှာများကို အတိအကျပင် ရေးဆွဲမှတ်တမ်းပြုရပေမည်။ မိမိကိုယ်မိမိ ညှာတာခြင်း၊ ခွင့်လွှတ်ခြင်း၊ ဖေးမ,ခြင်းစသော အကျအပေါက်များ မရှိစေရ၊ တို့ထိလိုက်သော ဆေးရောင်များသည် ဟိုတစ်ချိန်က ရှိခဲ့ဖြစ်ခဲ့သည့်အတိုင်းပင် အတိအကျပင် ဖြစ်စေရမည်။ မိမိသည် ဆောက်တည်ရာမဲ့ တုန်လှုပ်တတ်သော အရွယ်အသိမှ လွန်မြောက်ခဲ့ပြီ၊ ဘဝပုံကားချပ်များကို ပြန်ပြောင်းရေးဆွဲရင်း အတိတ်ခရီးရှည်ကို ထွက်ခွာရာ၌ ပွံ့စားသောခြေလှမ်းများကို အသုံးပြုနိုင်ရမည်။

ထိုအတိတ်ခရီး၏ မှတ်တိုင်စခန်းများသည် ဖျောက်ဖျက်၍မရသော အရာဌာနများဖြစ်ကြသည်။ ပျော်ရွှင်ကြည်နူးဖွယ်၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်၊ နာကျင်ကြေကွဲဖွယ်၊ မုန်းတီးစက်ဆုပ်ဖွယ်၊ ကြင်နာထောက်ထားဖွယ်များဖြင့် ပြည့်နှက်နေကြသည်၊

အဇာတသတ်မင်းကြီးသည် အသက်ပြင်းပြင်းတစ်ချက် ရှိုက်လိုက်၏။ ဤကား အတိတ်ခရီးရှည်ကို ထွက်ခွာတော့မည့် ခရီးသည်၏ ပထမဆုံးသော အားဖွဲ့စုစည်းမှုပင် ဖြစ်လေသည်၊ အတိတ်ပန်းချီကားချပ်ကြီးကို ရေးဆွဲတော့မည့် ပန်းချီပညာရှင်၏ ပထမဆုံး ကိုင်စွဲလိုက်သော စုတ်တံဖြစ်ပေမည်။

မမေ့စကောင်းသော အတိတ်ရုပ်ပုံလွှာများ . . .

❊ ❊ ❊





ဦးစွာ ထင်ရှားပေါ်လာသော ရုပ်ပုံလွှာမှာမြင့်မားလှသော စံအိမ်တံတိုင်းကြီးတစ်ခုဖြစ်သည်၊ ထိုတံတိုင်း၏ မုခ်ဝအပြင်ဘက်၌ ပြည့်ရှင်မင်းတို့၏ ထွက်တော်မူအခမ်းအနားသဘင် အခင်းအကျင်းကို တွေ့ရ၏။ မြင်းဖြူလေးကောင်ကသော ရထားထက်မှ ဆင်းလိုက်သော ပြည့်ရှင်မင်းတစ်ပါးကို တွေ့လိုက်ရသည်။ မင်းကြီးသည် တစ်ကိုယ်တည်းမဟုတ်၊ သားတော်ငယ်လေးကို လက်ဆွဲ၍ ရထားပေါ်မှ ဆင်းလိုက်ခြင်းဖြစ်သည်။

သားတော်လေးသည် မိမိ၏လက်ကို ခမည်းတော်မင်းကြီး၏ ကြီးမားသောလက်ဖဝါးအတွင်း ထည့်သွင်းထားရင်း တံတိုင်းကြီး၏ မုခ်ဝဆီသို့ လျှောက်လာသည်။ ခမည်းတော်မင်းကြီး၏ နွေးထွေးနေတတ်သော လက်ဖဝါးသည် ယခုအခါ အေးစက်နေကြောင်းလည်း သတိထားမိနေသည်။ ရှိစေတော့၊ ယခုအချိန်မှာ စိတ်ဝင်စားစရာက ခမည်းတော်မင်းကြီးမဟုတ်၊ ရှေ့နောက်တွင် ထီးထီးမားမားကြီး ထိုးထွက်နေသော တံတိုင်းမုခ်ကြီးဖြစ်သည်။ ခြူးနွယ်ကနုတ်များ၊ ရုပ်လုံးရုပ်ကြွများဖြင့် ထုဆစ်ထားသော မုခ်ကြီးမှာ ရွှေရောင်ဝင်းနေသည်။

မုခ်ဝ၏ အပေါ်ဘက်သို့ မော့ကြည့်လိုက်စဉ်တွင် မိမိတစ်သက်၌ ဤမျှမြင့်မားသော ဤမျှ ထည်ဝါလွန်းသော တံတိုင်းမုခ်မျိုးကို ဘယ်တုန်းကမှ မတွေ့ဖူးကြောင်း မင်းသားငယ် တအံ့တဩ သတိထားလိုက်မိသည်၊

ခမည်းတော် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်မုခ်ဝသည်ပင်လျှင် ဤမျှကြီးကျယ်ခမ်းနားခြင်းမရှိ။ မင်းသားငယ်သည် မိမိလက်ကိုဆွဲထားရင်း တုန့်ဆွဲရပ်နေသော ခမည်းတော်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ အို - ခမည်းတော်၏မျက်နှာမှာလည်း အံ့ဩခြင်းများဖြင့် လှုပ်ရှားနေပါလား။

"ဒါဟာ ဇောတိကဆိုတဲ့ သူဌေးကြီးရဲ့စံအိမ် . . . ဟုတ်လား ခမည်းတော်"

မင်းသားငယ်က မေးလိုက်သည်။ ခမည်းတော်မင်းကြီးက စကားတုံ့ပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြမိသည်။ ဆုပ်ကိုင်ထားသော အေးစက်သော လက်ဖဝါးများမှ လက်ချောင်းများက ပို၍ တင်းကြပ်သွားကြသည်၊

"သိပ်ကို ကြီးကျယ်တာပါလား ခမည်းတော် . . ."

"ဟုတ်တယ် သားတော် . . . ဒါဟာ ဇောတိကရဲ့ ဘုံနန်းပြာသာဒ်



www.foreverspace.com.mm

www.foreverspace.com.mm

ကို ကာရံထားတဲ့ တံတိုင်းခုနစ်ထပ်ရဲ့ ပထမဆုံးအထပ်ပဲ ရှိသေးတယ်၊ လာ. . ခမည်းတော်တို့ အထဲဝင်ကြစို့ . . . ”

ပထမဆုံး တံခါးမုခ်ဝတွင် အမျိုးသမီးတစ်ယောက် စောင့်နေသည်။ အဖိုးထိုက်အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထားသည်၊ ရုပ်ရည် ချောမောလှပတင့်တယ်သည်။ အမျိုးသမီးက လက်ကမ်းလိုက်သောအခါ ခမည်းတော်မင်းကြီးက ပြန်လည်လက်ကမ်းလိုက်မည်လားဟု မင်းသားငယ်က လှမ်းကြည့်လိုက်သေးသည်။ ခမည်းတော် ပြန်၍ လက်ကမ်းခြင်းမပြု၊

သို့ဖြင့်ပင် ပထမဆုံး တံတိုင်းငယ်မုခ်ဝအတွင်းဘက်သို့ ဝင်ခဲ့ကြသည်။

မင်းသားငယ်သည် ဘွားခနဲပေါ်လာသော ဒုတိယတံတိုင်းမုခ်ကို မော့ကြည့်ရင်း အံ့သြသွားပြန်လေသည်။ ရုတ်ခြည်းပင် အတွေးတစ်ခု ဝင်လာပြန်သည်။

“ကြည့်စမ်းပါဦး . . . ငါ့ဖခမည်းတော်ရဲ့ နန်းတော်စံအိမ်က တံတိုင်းမုခ်ထက်တောင် ပိုပြီးခမ်းနားနေပါလား”

မင်းသားငယ်၏ အံ့သြမှုသည် ဆက်၍ဆက်၍ တိုးပွားလာတော့၏။

တတိယ . . . စတုတ္ထ . . . အဆင့်ဆင့်သောတံတိုင်းမုခ်များ . . . နောက်ဆုံးတံတိုင်း ခုနစ်ထပ်၊ မုခ်ခုနစ်ခု။ ထို့နောက် မုခ်ဝတစ်ခုတစ်ခု ရောက်တိုင်း အသင့်စောင့်ကြိုလက်ကမ်းကြလေသော ဝတ်ကောင်းစားလှဖြင့် ချောမောလှပသည့် မိန်းမပျိုများ . . .

“ဒီမိန်းမတွေ ဝတ်ဆင်ထားလိုက်တာလည်း ငါတို့နန်းဆောင်ထဲက မောင်းမရံရွေတွေထက် အဆပေါင်းများစွာ ပိုပြီးတောက်ပနေပါလား၊ ရတနာလည်ဆွဲတွေ လက်ကောက်တွေကလည်း ဝင်းနေတာပဲ”

ထိုမိန်းမများသည် ဇောတိကသူဌေးစံအိမ်မှ အမှုလုပ်ကျွန်မများသာ ဖြစ်ကြောင်း သိလာရသောအခါ မင်းသားငယ်မှာ ပို၍သာ အံ့သြရတော့သည်။ နောက်ဆုံးတံတိုင်းခုနစ်ထပ်၊ မုခ်ခုနစ်ခုကို ဖြတ်ကျော်ပြီးနောက် စံအိမ်ဘုံနန်းအတွင်း ရောက်လာခဲ့ကြလေသည်။

မိမိစိတ်ထဲမှာ ဇောတိကသူဌေး၏ စည်းစိမ်ကို အံ့သြငေးမောရင်းဖြင့် တစ်ခုခုကို ဘဝင်မကျသလို ဖြစ်လာသည်။ သို့သော် မည်သည့်အရာမှန်း မိမိ ကိုယ်တိုင် တိတိကျကျ မသိသေးချေ၊





www.foreverspace.com.mm

မြရတနာမြေကို နင်းလျက် ဘုံခုနစ်ဆင့်ပြာသာဒ်၏ မြေညီထပ်မှသည် တစ်ထပ်ပြီးတစ်ထပ် တက်ခဲ့ကြသည်။ ဘုံနန်းပြာသာဒ်ဆောင်များကို တစ်ခုပြီးတစ်ခု ဝင်ထွက်ကြည့်ရှုခဲ့ကြသည်၊

မင်းသားငယ်သည် ခမည်းတော်မင်းကြီး ဆုပ်ကိုင်ထားသော မိမိလက်ကို ပြန်ရုပ်လိုက်သည်။ ခမည်းတော်၏ ကျယ်ပြန့်နွေးထွေးသောလက်ဖဝါးထဲတွင် မိမိလက်ကို ထည့်မထားချင်တော့၊ ခမည်းတော်၏ လက်ဖဝါးပြင်ကျယ်ကြီးသည် ရွှေနန်းတော်ထဲမှာ ရှိစဉ်ကတော့ အားကိုးအားထားရာပင် ဖြစ်ခဲ့ပေသည်၊ ယခုမူကား အစဉ်တစိုက် အားကိုးတကြီး အထင်တကြီး ဆုပ်ကိုင်ခဲ့သော ထိုလက်ဖဝါး၊ လက်ချောင်းတို့သည် အားကိုးစရာမကောင်းတော့ပြီ၊ အထင်ကြီးစရာ မဟုတ်တော့ပြီ။

ဇောတိကဆိုသော ဤသူဌေးကြီး၏ ဤဘုံနန်းပြာသာဒ်စံအိမ်ကြီးထဲ ရောက်ကတည်းက ခမည်းတော်၏ လက်များအပေါ် ယုံကြည်ကိုးစားမှု လျော့ပါးသွားခဲ့သည်။ ယခင်လို တင်းကြပ်ပူနွေးသော အဆုပ်အကိုင်မရှိ။ စေးစေးပိုင်ပိုင်မရှိ။ ခမည်းတော်၏ လက်တွေက ချွေးစေးပြန်နေကာ သွေးဆုတ်သလို အေးစက်လာနေကြသည်၊ လက်ချောင်းတို့၏ အထိအတွေ့ကလည်း လျော့ရဲရဲ ရှိနေကြသည်။

မှတ်မှတ်ရရ ခမည်းတော်မင်းကြီးအပေါ် ပထမဆုံးအကြိမ် အထင်အမြင်သေးသွားခဲ့ခြင်းပင် ဖြစ်နိုင်မည်၊ မဂဓပြည့်ရှင်မင်းတဲ့ . . . ရာဇဂြိုဟ်ထီးနန်းသခင်တဲ့ . . .။ သူဌေးတစ်ယောက်ရဲ့ စံအိမ်အတွင်းမှာ အရောင်အဝါတွေက ညှိုးမှိန်နေသယောင်။

အဆင့်ဆင့် အထပ်ထပ်တို့ကို တက်ခဲ့ကြရင်းဖြင့် နောက်ဆုံး၌ စားတော်ဆောင်ထဲသို့ ရောက်ခဲ့ကြသည်။ မိမိ မောပန်းဆာလောင်နေပြီဖြစ်ကြောင်း မင်းသားငယ်သိသည်။ သို့သော် ထမင်းအာဟာရ ပွဲတော်စာကို ဆာလောင်သည်ထက် တစ်စုံတစ်ခုကို ပိုမိုမွတ်သိပ်နေကြောင်း သတိထားမိပြန်သည်။ ရင်ထဲမှာ ဟာနေသည်၊ နှလုံးထဲမှာ ကွက်လပ်ကြီးတစ်ခု ဖြစ်တည်နေသလိုလို၊ ထမင်းဆာသလိုမျိုးတော့မဟုတ်။

“နံနက်ပွဲတော်စာ စားသုံးဖို့ အသင့်စီမံပြီးပါပြီ အရှင်မင်းကြီး”

ဇောတိကသူဌေးကြီးက ပြောလာသည်။

“ဒီနေရာမှာ ထိုင်တော်မူပါ အရှင်မင်းကြီး”

ခမည်းတော်နှင့်အတူ မိမိ နေရာယူလိုက်ရသည်။ ပွဲတော်စားသုံးရန် ထိုင်ခုံပလ္လင်ကပင်လျှင် ပြိုးပြိုးပြက်ပြက် ရှိလှချေသည်။

"ရေသုံးသပ်တော်မူပါ အရှင်"

နံ့သာရေအိုး တစ်ဆယ့်ခြောက်လုံး ရောက်လာသည်။ ထို့နောက် နံ့သာရေတို့ဖြင့် သန့်စင်ပြီးသောလက်တို့ကို အေးမြကြည်လင်သော လက်ဆေးရေဖြင့် ထပ်မံဆေးကြော နှစ်စိမ်ရပြန်သည်။ ဇောတိကသူဌေးသည် ခမည်းတော်ကိုသာမက မိမိကိုပါ ထပ်တူထပ်မျှ ပြုစုစောင့်ရှောက် ဧည့်ခံနေသည်။ သို့သော် ဘာကြောင့်မှန်းမသိ။ ဤသူဌေးကြီးကို မိမိသဘောမကျ၊ မနှစ်မြို့ ခံစားရသည်၊ သူက ရိုကျိုးပျပ်ဝပ်စွာ လုပ်ရှားနေသော်လည်း မိမိတို့သားအဖ နှစ်ယောက်ကို လိမ္မာပါးနပ်စွာဖြင့် ကြွားဝါနေသည်ဟုလည်း ထင်မိပြန်သည်။

ရတနာရွှေခွက်တစ်ခု ရောက်လာသည်၊ သင်းပျံ့သော မွှေးရနံ့များ ကြိုင်လှောက်နေသည်။ ရွှေခွက်ထဲမှာ နို့ယနာထမင်းများ ရှိသည်။ ခမည်းတော်ကို လှမ်းကြည့်လိုက်သောအခါ ရွှေခွက်ထဲမှ နို့ယနာထမင်းကို စားရန် လက်လှမ်းလိုက်သည်ကို တွေ့ရ၏။ ထိုအချိန်တွင် ဇောတိကသူဌေး၏အသံ ထွက်လာသည်။

"သည်းခံတော်မူပါ အရှင် . . . ဒါဟာ စားသုံးရန်ထမင်း မဟုတ်သေးပါဘူး၊ အငွေ့ကောင်းကောင်းပေးဖို့ စီမံထားတဲ့ ပျော့ပျောင်းသော လက်ကော်ရ နို့ယနာထမင်းသာ ဖြစ်ပါတယ်၊ ပွဲတော်တည်ဖို့ ထမင်းအာဟာရများ ယခုမကြာခင်ပဲ ရောက်လာပါလိမ့်မယ်"

အငွေ့တလူလူထွက်နေသည့် ရွှေခွက်ကိုကြည့်ရင်း ခမည်းတော်မှာ မနေတတ် မထိုင်တတ် ဖြစ်နေပုံရသည်။ မိမိကတော့ အရိပ်အခြည်အားလုံးကို စောင့်ကြည့်နေလိုက်ရုံပင်။ ခမည်းတော်မင်းကြီးသည် မဆိုစလောက် ပျက်ယွင်းသွားသော ရာဇဣန္ဒြေကို ပြန်၍ ဆောက်တည်လိုက်သည်၊

မကြာမီ အခြွေအရံများက အခြားရတနာ ရွှေခွက်တစ်ခုကို ယူလာကြပြန်သည်။ ထို ဒုတိယရွှေခွက်မှ ထမင်းများကား တစ်ခါမှမမြင်ဖူးသော အရွယ်အဆင်း အနံ့ကိုဆောင်နေကြတော့သည်၊ ဆန်လုံးက ရှည်လျားပြီး တောင့်စင်းနေသည်။ ဆွတ်ဆွတ်ဖြူလျက်ရှိပြီး အနံ့ကလည်း ထူးထူးကဲကဲ မွှေးကြိုင်လွန်းသည်။





"မြောက်ကျွန်းဆန်နဲ့ ချက်ထားပါတယ် အရှင်"

မြောက်ကျွန်းဆန် ထမင်းကို ခူး၍ ပထမရွှေခွက်ပေါ်သို့ တင်လိုက်ကြသည်၊ ဘာလုပ်တာပါလိမ့်ဟု တအံ့တဩ မြင်ရပြန်လေပြီ။

"ဒီစီမံမှုကိုတော့ ကျွန်တော်မျိုးရဲ့ စားတော်ကဲချုပ်က သံတော်ဦး တင်ပါလိမ့်မယ် အရှင်မင်းကြီး"

အသားလတ်လတ် ခပ်ဖိုင့်ဖိုင့်လူကြီးတစ်ယောက်က မိမိနှင့် ခမည်းတော်ရှေ့တွင် လက်အုပ်ချီလျက် . . .

"မြောက်ကျွန်းဆန်ထမင်းကို ခူးပြီး ပထမယူလာတဲ့ နို့ယနာထမင်းရွှေခွက်ပေါ် တင်လိုက်ခြင်းရဲ့ အဓိပ္ပါယ်က အောက် နို့ယနာရွှေခွက်က အငွေ့ကို မပြတ်ထပ်ယူစေခြင်းအားဖြင့် အထက်ရွှေခွက်ထဲက မြောက်ကျွန်းဆန် ထမင်းဟာ စားသုံးနေစဉ်တစ်လျှောက်လုံးမှာ အစဉ်တစိုက် ပူနွေးမှုနဲ့ ထူးကဲတဲ့ ဂန္ဓအာရုံအရသာ အတွေ့ထူးကို ရရှိနေစေဖို့ ဖြစ်ပါတယ် အရှင်မင်းကြီး"

ကြီးကျယ်လိုက်တာဟု စိတ်ထဲက ရေရွတ်ရင်းပင် တတ်လည်းတတ်နိုင်ကြပေ့ဟူသော အံ့ဩမှုကို မဖုံးမကွယ်နိုင် ဖြစ်ရလေသည်၊

"သုံးဆောင်တော်မူပါ အရှင်မင်းကြီး . . . သုံးဆောင်တော်မူပါ အရှင့်သား"

ဇောတိကသူဌေး၏ ပျူငှာယဉ်ကျေးမှုကို တဖြည်းဖြည်း မျက်စိစပါးမွေး စူးလာပေပြီ။ ဒီသူဌေးကြီးဟာ လိမ္မာပါးနပ်စွာနဲ့ ငါနဲ့ ငါ့ခမည်းတော်တို့ကို ကြွားဝါနေတာပဲဟုလည်း ပို၍ ယုံကြည်လာသည်။

သို့ဖြင့် ထူးကဲလှသော ချိုမြမွှေးပျံ့ မြောက်ကျွန်းဆန်ထမင်းကို ပွဲတော်တည်ကြသည်၊ စားတော်ကဲချုပ်ပြောသလိုပင် နို့ယနာရွှေခွက်၏ အငွေ့ဖြင့် တစ်ချိန်လုံး နွေးပေးထားသောကြောင့် မြောက်ကျွန်းဆန်ထမင်းသည် စားနေစဉ်တစ်လျှောက်မှာ ပူနွေးချိုမြ မွှေးပျံ့မှုတို့က တစ်သမတ်တည်းရှိနေသည်။ ထူးကဲသောအရသာကို ခံစားနေရင်းမှာပင် ရွှေနန်းတော်မှာ နေ့စဉ်စားခဲ့သော ပွဲတော်စာကို သတိရမိပြီး နှိုင်းယှဉ်ကြည့်မိနေသည်။

အင်း-နန်းတော်ထဲမှာတော့ ထမင်းကလည်း စားနေတုန်းမှာပဲ ပူနွေးရာက အေးသွားတယ်။ စားခါစမှာ မွှေးကြိုင်ပေမယ့် အငွေ့ပြယ်သွားတော့ အနံ့မရှိတော့ဘူး။ ပြီးတော့ နူးညံ့မှုကလည်း တစ်ခြားစီ။ မြောက်ကျွန်းဆန်ဆို

www.foreverspace.com.mm

တာ လျှာပေါ်မှာတင် အရည်ပျော်သွားသလား အောက်မေ့ရတယ်။ ကွာခြားလိုက်ပါဘိ၊ ဒါနဲ့များ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်တို့။ ဒီသူဌေးစားတဲ့ ထမင်းနဲ့ ဘုရင်စားတဲ့ထမင်း၊ အင်း . . . သိသာလိုက်တာ၊ ကွာခြားလိုက်တာ။

တွေးရင်းတောရင်း စားကောင်းကောင်းနဲ့ စားနေလိုက်သည်မှာ ဘယ်လောက်ကုန်သွားသည်မသိ၊ ဇောတိကသူဌေး၏ စကားသံ ပေါ်လာမှပင် ခွံ့အံ့ထမင်းလုတ်ကို ရပ်လိုက်ရ၏။

"သင့်မြတ်လောက်ပါပြီ အရှင်မင်းကြီး . . . အရှင့်သားတော် . . . ပွဲတော်စာကို သည်မျှသာ ရောင့်ရဲစေလိုပါတယ်၊ သည့်ထက် ပမာဏပိုသွားရင် မြောက်ကျွန်းဆန်တို့ရဲ့ ထူးကဲလှတဲ့ အဆီဩဇာအာနိသင်ကြောင့် အစာကြေနိုင်မှာ မဟုတ်ပါ"

ထမင်းပွဲကို လက်စသတ်ပြီး ရွှေကရားဖြင့် လောင်းချကာနေသော နှင်းဆွတ်ရည်တို့ဖြင့် လက်ဆေးရင်း ခမည်းတော်မင်းကြီးကို အကဲခတ်လိုက်၏။ ကြွားဝါလွန်းသော ဤသူဌေးကြီး၏စကားကို ခမည်းတော် မည်သို့ တုံ့ပြန်မည်နည်း။

"ဇောတိက . . . ဘယ်သို့လဲ၊ သင့်ထမင်းကို ဂုဏ်တင်ချီးမြှောက်လှချည့်လား"

"မိမိရဲ့ထမင်းကို ဂုဏ်တင်ချီးမြှောက်စကား ဆိုရခြင်းမဟုတ်ပါ အရှင်မင်းကြီး . . . အရှင်မင်းကြီးနဲ့ ပါလာတဲ့ စစ်သည်ဗိုလ်ပါအားလုံးအတွက်လည်း ဒီမြောက်ကျွန်းဆန်ထမင်းနဲ့ပဲ ဧည့်ခံကျွေးမွေးထားပါတယ်။ ကျွန်ုပ်အတွက် ဂုဏ်သတင်းမကောင်းစကား ဖြစ်လာမှာစိုးလို့ ဟန့်တားရခြင်းပါ"

"ဘာကြောင့် သင့်ဂုဏ်သတင်း မကောင်းစကားဖြစ်ရမှာလဲ"

"မြောက်ကျွန်းဆန်ထမင်းကို စားသုံးရာမှာ အရသာထူးကဲလှလို့ အတိုင်းအရှည်ပမာဏကို မခန့်မှန်းနိုင်ဘဲ အစာဩဇာ လိုသည်ထက်ပိုသွားရင် ခန္ဓာကိုယ်မှာ လေးလံပျင်းတွဲမှုများ ပေါ်လာပါလိမ့်မယ်၊ အဆီဩဇာဓာတ်ရဲ့ ဖမ်းစားမှုကြောင့် အစာမကြေဖြစ်ပြီး သွေးသားထိုင်းမှိုင်းသွားနိုင်ပါတယ်။ ဒီအခါမှာ အများက ငါတို့မင်းကြီးဟာ ဇောတိကအိမ်မှာ ထမင်းစားလာပြီးကတည်းက ကိုယ်လက်မအီမသာကျန်း ဖြစ်လာတယ်။ ဇောတိကဟာ ငါတို့ရဲ့ မင်းကြီးကို တစ်စုံတစ်ခု ပြုလုပ်လိုက်ပြီလို့ အထင်အမြင်မှား အပြစ်စကား





www.foreverspace.com.mm

ပြောလာကြမှာကို စိုးရိမ်လှပါတယ် အရှင်မင်းကြီး"

"သြော် . . . သြော် . . . ဒီလိုလား"

ခမည်းတော်အပေါ် အားမလိုအားမရဖြစ်ခြင်းနှင့် ဇောတိကသူဌေးကြီးအပေါ် မကြေမလည်ဖြစ်ရခြင်းများကား ရင်ထဲမှာ ဆူးစို့တစ်ချောင်းလို ထိုးထွက်လာတော့သည်၊

❊ ❊ ❊

အသက်ရှူနေရသည်ကပင် မွန်းကြပ်သိမ်ငယ်လာသဖြင့် ရွှေနန်းတော်သို့ ပြန်ချင်လှပေပြီ။ သို့သော် ခမည်းတော်က အရေးထဲမှာ ဇောတိကနှင့် စကားစမြည်ပြော၍ မပြီးသေး။

"ဇောတိက ဒီစံအိမ်မှာ သူဌေးကတော် မရှိဘူးလား"

"ရှိပါတယ် အရှင်မင်းကြီး . . . ကျက်သရေတိုက်ခန်းထဲမှာ ရှိနေပါတယ်၊ အရှင်မင်းကြီး ကြွရောက်တော်မူကြောင်း မသိလို့သာ ဖြစ်ပါတယ်၊ ကျွန်ုပ်ကိုယ်တိုင် သွားရောက်ခေါ်ယူပါ့မယ်"

ဇောတိကသူဌေး ထွက်သွားပြီးနောက် ခမည်းတော်က လှမ်းစကားပြောသည်။

"သားတော်အဇာတသတ် . . . ဇောတိကသူဌေးကြီးရဲ့ စံအိမ်ကို ဘယ်လိုသဘောရသလဲ"

တစ်ချိန်လုံး ရင်ထဲမှာ တိုးဝှေ့ပြည့်ကျပ်နေသော အစိုင်အခဲများက နှုတ်ဖျားမှသည် ကစဉ့်ကလျား လွင့်ထွက်သွားလေသည်။

"ဇောတိကသူဌေးရဲ့ စံအိမ်ကော၊ အဆောင်အယောင် ပြာသာဒ်တွေကော၊ မြောက်ကျွန်းဆန်ထမင်းပွဲကော အားလုံး အားလုံး ကြုံရတွေ့ရသမျှတွေဟာ ရာဇဂြိုဟ်ရွှေနန်းတော်ထက် အစစအရာရာ ပိုပြီးသာတယ်"

မိမိ၏ လေသံတင်းမာပြတ်တောက်စွာ ရှိသည်ကို ပြောပြီးမှသတိထားမိသည်။ ခမည်းတော်ကမူ အစဉ်အမြဲလိုလို ရှိနေတတ်သောအပြုံးဖြင့် -

"ဟုတ်လား . . . သားတော်လေး ဒီအတိုင်းပဲ ထင်သလားကွယ့်"

"ထင်တာမဟုတ်ဘူး ခမည်းတော် . . . တပ်အပ်မြင်တာ၊ သူဌေးတစ်ယောက်ဟာ ဘုရင်တစ်ပါးထက်ပိုပြီး ကြီးကျယ်နေတယ်လေ"

ရတနာပုံစာအုပ်တိုက်

www.foreverspace.com.mm

ခမည်းတော်မင်းကြီး တစ်ခုခုပြောမည်အပြုတွင် ဇောတိကသူဋ္ဌေး ပြန်ရောက်လာ၏။ သူ့နောက်တွင် ချောမောလှပသော မိန်းမတစ်ဦးပါလာသည်၊ အစ်မအရွယ်၊ ဒေါ်ကြီးအရွယ်၊ အရီးအရွယ်၊ မိခင်အရွယ်၊ မိန်းမချောကြီးများကို ရွှေနန်းတော်မှာ မိမိမြင်နေကျ မဂဓနန်းတွင်းသူတို့၏ တင့်တယ်သိုက်မြိုက်သော ရုပ်သွင်အမူအရာမှာ မိမိအတွက် တွေ့မြင်နေကျပင်၊ ထို့ထက်မူ မယ်တော်ဝေဒေဟီမိဖုရားကြီး၊ မယ်တော်သည် မဂဓတစ်တိုင်းလုံးတွင် ဂုဏ်ကျက်သရေအပေါင်းတို့ဖြင့် တင့်တယ်သည့်အရာ၌ နှစ်ယောက်အတူမရှိသူ တုဘက်ကင်းသူ ဖြစ်ချေသည်။

သို့သော် ယခုဇောတိကသူဋ္ဌေးနောက်ပါးမှ ခပ်ရှိန့်ရှိန့်လိုက်ပါလာသော မိန်းမကား . . .

"ကျွန်ုပ်ရဲ့ဇနီး သူဋ္ဌေးကတော် သတုလကာရီ ဖြစ်ပါတယ် အရှင်မင်းကြီး . . . ရှင်မရေ . . . တို့များရဲက ဘုရင်မင်းမြတ်ကို သင့်မြတ်ရာက ခစားပြီး ထန်းရွက်ယပ်ဝန်းနဲ့ ယပ်လေသွင်း ဧည့်ဝတ်ပြုပါကွယ်"

သတုလကာရီ၊ ဩော် . . . ဇောတိကရဲ့မယား၊ မြောက်ကျွန်းသူဆိုတာ သူကိုး . . . အဆွေအမျိုး ရွှေငွေရတနာ ဝတ်စားတန်ဆာ ဆင်မြန်းမထားသော ဤမိန်းမကြီး၏အသားအရည် အရောင်အဝါမှာ ထူးထူးကဲကဲ စိုပြည် ဝင်းဝါလွန်းလှသည်ဟု ထင်မိ၏။

သူဋ္ဌေးကတော်သည် သင့်မြတ်ရာမှထိုင်ပြီး ခမည်းတော်အား ထန်းရွက်ယပ်ဝန်းဖြင့် ယပ်လေခတ်ပေးနေသည်။ ယပ်ဝန်း၏ ဝဲယာရွေ့လျားဝဲပျံသွားပုံ၊ ယပ်ရိုးကို ကိုင်ထားသော လက်ချောင်းနှင့် ယပ်ခတ်တိုင်း ယိမ်းနွဲ့သွားသော လက်မောင်းတို့၏ လှုပ်ရှားပုံမှာ ကနုတ်ပန်းတစ်ခု၏ အနားကြောင်းတစ်ခုနှယ် သိမ်မွေ့ခမ်းနားနေသည်။

သို့သော် မမျှော်လင့်သော ထူးခြားမှုတစ်ခု ပေါ်လာ၏၊

ထန်းရွက်ယပ်ဝန်းကို အသာအယာ လွှဲဖယ်နေရင်းမှ သူဋ္ဌေးကတော်၏ မျက်လုံးများမှာ မျက်ရည်စများ ခိုတွဲလာပြီး ပါးပြင်ထက်သို့ မျက်ရည်များ လိမ့်ဆင်းလာကြခြင်းပင်၊

ခမည်းတော်လည်း ဤအခြင်းအရာကို သတိထားမိပြီး . . .

"ဇောတိက . . . သင့်ဇနီး တုန်လှုပ်ငိုကြွေးနေတယ်၊ သူ့ကို နှစ်သိမ့်





www.foreverspace.com.mm

လိုက်ပါ၊ သင်တို့ရဲက စည်းစိမ်ဥစ္စာကို မင်းဘဏ္ဍာအဖြစ် ကျွန်ုပ် မသိမ်းယူပါဘူး၊ ဒါကို စိုးရိမ်ထိတ်လန့်ပြီး သင့်ဇနီးဟာ ငိုကြွေးနေတယ်၊ အေးချမ်းစွာနေလို့ ပြောလိုက်ပါ"

သည်တစ်ခါတော့ ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာကြွယ်ဝသည်ဖြစ်စေ၊ သူဋ္ဌေးသည် သူဋ္ဌေးသာဖြစ်၍ ခမည်းတော်၏ ရာဇအာဏာအောက်တွင် အခြေပျက် အနေခက်ပြီဟု အောက်မေ့ရင်း မိမိပါ နှစ်ထောင်းအားရ ဖြစ်လာ၏၊ ခမည်းတော်မိန့်ဆိုလိုက်ပုံကလည်း ဘုရင်မင်းမြတ်တို့၏ တကယ့်ရာဇသံပါသော စကား။

သို့သော် ဇောတိကသူဋ္ဌေးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလျက် ပြန်ပြောလိုက်သောစကားကို ကြားလိုက်ရသောအခါ အတိုင်းမသိ အံ့အားသင့်သွားရလေသည်။

"အရှင်မင်းကြီး . . . သူဋ္ဌေးကတော် မငိုပါဘူး၊ မျက်ရည်တွေ ကျနေခြင်းက . . . "

အနည်းငယ် ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီးမှ ဆက်ပြော၏၊

"အရှင်မင်းကြီးကို ထန်းရွက်ယပ်ဝန်းနဲ့ ယပ်လေသွင်းပေးရာမှ အရှင်မင်းကြီးရဲ့ ဦးရစ်ခေါင်းပေါင်းတော်ဆီက ပြန်လည်လွင့်ပါး တိုက်ဟပ်လာတဲ့ လေနဲ့အတူ ပါလာသောရနံ့များကြောင့် သတုလကာရီဟာ မျက်စိများ ကျိန်းစပ်မျက်ရည်ယိုစီးနေခြင်းသာ ဖြစ်ပါတယ်"

"ဘယ်လို . . . သင့်ဇနီးဟာ . . . "

"အရှင်မင်းကြီး . . . ကျွန်ုပ်ရဲ့ ဇနီးမယားဟာ မြောက်ကျွန်းသူဖြစ်တဲ့အတွက် ဆီမီးရောင် ပကတိမီးရောင်များကို ကြည့်ရမြင်ရတဲ့အလေ့မရှိပါ၊ သူတို့မြောက်ကျွန်းမှာ ဗူးရှူပူလောင်သော မီးအလင်းရောင်ကို အသုံးမပြုပါ။ သူတို့ဟာ ကျောက်မျက်ရတနာအရောင်နဲ့သာ စားသောက်နေထိုင် အိပ်စက်လှုပ်ရှားသူများဖြစ်ပါတယ်။ အလွန်မတန်မှလျှင် နူးညံ့သိမ်မွေ့သော ခန္ဓာကိုယ်ဖွဲ့စည်းမှု အာရုံခံစားမှုရှိသူများ ဖြစ်ပါတယ်။ ဒါကြောင့် ဆီမီးအရောင် ပကတိမီးရောင်များနဲ့ နေထိုင်လှုပ်ရှား ရှင်သန်သူများထံမှ တုံ့ပြန်လာတဲ့ ကိုယ်ငွေ့များ၊ အနံ့အသက်များကို မြောက်ကျွန်းသူတို့ မခံနိုင်ပါ။ ဒ့ါကြောင့် သူ့မျက်ရည် တွေတွေယိုစီးနေခြင်းဖြစ်ပါတယ် အရှင်မင်းကြီး"

ခမည်းတော်က တအံ့တဩကြီးဖြစ်နေသည်။ မိမိကတော့ ရင်ထဲမှာ တောက်တစ်ချက် ခေါက်လိုက်မိသည်။

နောက်ဆုံး ပြန်ခါနီးတွင် ဇောတိကသူဌေးက မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့အသုံးပြုသော ကျောက်မျက်ရတနာကြီးတစ်လုံးကို ပဏ္ဏာဆက်သလိုက်သေးသည်၊ အရှင်မင်းကြီး ချမ်းမြေ့စွာ ခံစားနေတော်မူပါ၊ ကျောက်မျက်အရောင်နဲ့ အသုံးပြုတော်မူပါဟုလည်း ဆိုလိုက်သေးသည်။

ခမည်းတော်ကတော့ "အင်း . . . ဇောတိကသူဌေးကြီးဟာ အစစအရာရာ ကြီးကျယ်ခမ်းနားပါပေတယ်၊ ကြီးကျယ်ခမ်းနားပါပေတယ်" ဟု တဖွဖွ ရွတ်လာခဲ့သည်၊

မိမိမှာမူ ရွှေနန်းတော်သို့အပြန် တစ်လမ်းလုံး ဘယ်သူ့ကိုမှ စကားမပြောတော့၊ ခမည်းတော်၏ ဇောတိက ချီးမွမ်းခန်း စကားလုံးတွေကိုလည်း နားကလောလှသည်၊

ဆင်ပုခက်ထဲတွင် ထိုင်လိုက်ရင်း တစ်ချိန်လုံး မိမိရင်ထဲမှာသာ အဆက်မပြတ် ကြွေးကြော်နေမိတော့သည်၊

"တောက် . . . မခံနိုင်စရာကောင်းလိုက်လေခြင်း၊ ငါ့ခမည်းတော်ဟာ မဂဓတိုင်းနိုင်ငံသခင်၊ ရာဇဂြိုဟ် ထီးနန်းသခင်ပြည်ကြီးရှင် ဘုရင်မင်းမှန်ပါလျက် သစ်နဲ့ဆောက်တဲ့နန်းတော်မှာ နေရတယ်၊ ဇောတိကဆိုတဲ့ သူဌေးကြီးဟာ မင်းမျိုးမင်းနွယ်လည်းမဟုတ်၊ အမျိုးဇာတ်မြင့်တဲ့ ငါတို့လို ခတ္တိယနွယ်လည်းမဟုတ်၊ ကုန်သည်သူဌေးသူကြွယ် သူကြွယ်ဝဿမျိုးနွယ်၊ တစ်ဆင့်နိမ့်တဲ့ အမျိုးဇာတ်ဖြစ်ပါလျက်နဲ့ ကြည့်စမ်း . . . နေတော့လည်း ရတနာခုနစ်ပါးအတိပြီးတဲ့ ဘုံခုနစ်ဆင့် ပြာသာဒ်ကြီးနဲ့၊ စားတော့လည်း မြောက်ကျွန်းဆန်၊ သုံးတော့လည်း ကျောက်မျက်အလင်းရောင်၊ ငါ့ခမည်းတော် ညံ့လိုက်လေခြင်း၊ ရာဇအာဏာကိုပိုင်စိုးတဲ့ ပြည့်ရှင်မင်းဖြစ်ပါလျက် ကိုယ့်တိုင်းပြည်ထဲကကိုယ့်ကျေးတော်ကျွန်တော်မျိုး သူဌေးတစ်ယောက်လောက်တောင် အရောင်အဝါမရှိ၊ ဟေ့ . . . ငါဟာ အဇာတသတ်ပဲ၊ ငါဟာ ခမည်းတော် ဗိမ္ဗိသာရမဟုတ်ဘူး။ ငါ မင်းဧကရာဇ်ဖြစ်လာတဲ့တစ်နေ့မှာ ဇောတိကဟာ ဒီလိုပြာသာဒ်စံအိမ်မျိုးနဲ့ မနေစေရဘူး၊ တောက် . . . ငါ သိပ်ငယ်နေသေးလို့သာပေါ့ကွာ"

ရာဇဂြိုဟ် ထီးနန်း၏အရှင် မဂဓတိုင်း၏ သခင်ဖြစ်လာသည့် တစ်





နေ့ဝယ် ဇောတိကမည်သော ဤသူဌေးကြီး၏ စည်းစိမ်ချမ်းသာတို့ကို ဘုရင့်အာဏာတော်ဖြင့် မိမိလက်ဝယ်ရောက်စေရမည်ဟု စိတ်ထဲက ကြုံးဝါးခဲ့ရိုးမှန်သော်လည်း ဘုရင်ဖြစ်လာမည့် "ထိုတစ်နေ့" ကိုမူကား မေ့မေ့ပျောက်ပျောက်ပင် ရှိခဲ့၏။

ဘုရင့်သားတော်ဟူသည် မလွဲမသွေပင် ထီးနန်းမွေကို ဆက်ခံရမည်သာ။ မဂဓနန်းပလ္လင်ထက်သို့ မိမိ တက်ရောက်ရမည်သာဖြစ်၏၊ ဤသို့ဖြင့်ပင် အချိန်သမယများသည် အမှတ်မထင်ပင် ကုန်ဆုံးခဲ့လေသည်၊ မင်းလုလင်၏ ငယ်ရွယ်နုပျိုလွတ်လပ်သော ကာလများကို ပျော်ရွှင်စွာပင် ဖြတ်သန်းခဲ့သည်။

မယ်တော် ဝေဒေဟီမိဖုရားကြီး၏ ချစ်ခြင်း မျက်စိအောက်တွင် ချမ်းမြေ့စွာ ကြီးပြင်းခဲ့သည်။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီး၏ နွေးထွေးသော အလိုလိုက်ခြင်းအောက်တွင် ကြောင့်ကြမဲ့စွာ ကြီးပြင်းခဲ့သည်၊ ရာဇဂြိုဟ်နန်းတော်တစ်ခုလုံးကလည်း သားတော်လေး အဇာတသတ်ဟူ၍ ဖူးဖူးမှုတ် အရေးပေးခြင်း ခံခဲ့ရသည်။ ပူပင်ကြောင့်ကြ၊ တောင့်တခြင်းကင်းမဲ့သော ပျော်ရွှင်ချမ်းမြေ့မှု ကာလများ တရိပ်ရိပ် ကုန်ဆုံးခဲ့သည်။

နန်းတော်ထဲမှာ ငြီးငွေ့လာသောအခါ မဂဓတိုင်းအတွင်း လှည့်လည်ခဲ့သည်၊ ခမည်းတော်ကြီး၏ မဂဓနိုင်ငံတော်ကြီးသည် ဤမျှမဝယ် အကြီးကျယ်ဆုံးဒေသကြီးဖြစ်ကြောင်း သိခဲ့ရသည်၊ ထိုအခါ ဗိမ္ဗိသာရမင်း၏ သားတော် ဖြစ်ရခြင်းအတွက်လည်း မိမိကိုယ်မိမိ ကျေနပ်အားရမဆုံး၊

အစခ်သိမ်း ပြည့်စုံနေသော ဘဝမှ နှလုံးအိမ်ထဲတွင် ခြောင့်ဆူးလေးတစ်ခု စူးဝင်သလို မြက်နေသည့်အရာဆို၍ ဇောတိကသူဌေးကိစ္စသာရှိသည်။ ရာဇဂြိုဟ်မြို့တွင်းသို့ နောက်ပါ ကျေးကျွန်များနှင့် ထွက်တော်မူတိုင်း ဇောတိကသူဌေး၏ စံအိမ်ရှေ့မှ ဖြတ်ဖြတ်သွားခဲ့သည်ချည်းသာပင်၊ ထိုသို့ ဖြတ်သန်းရောက်ရှိတိုင်းလည်း ဇောတိက၏ စည်းစိမ်ကို တစ်နေ့သောအခါ ဘုရင့်အာဏာဖြင့် သိမ်းပိုက်ယူရန်ဟူသော အကြံအား ပို၍ပို၍ ခိုင်မာလာခဲ့သည်ချည်းဖြစ်၏။

ရက်,လ,နှစ်တို့ အရွေ့ရွေ့ ပြောင်းလဲကုန်ဆုံးခဲ့လေသည်။

❊ ❊ ❊

www.foreverspace.com.mm



ပြောင်းလဲမှုကာလအစဉ်သည် တစ်ခုသောနေ့ရက်ဆီသို့ ရောက်ရှိလာခဲ့၏။ ထိုနေ့ထိုရက်တွင် မိမိ၏ဘဝသည် ကြီးစွာသော အဟုန်ဖြင့် ကွေ့ချိုးပြောင်းလဲတော့မည်ဖြစ်ကြောင်းကိုမူကား စိုးစဉ်းမျှ မရိပ်စားမိခဲ့။ သို့သော် ပြန်တွေးလိုက်တိုင်း ဘယ်လိုမှ မေ့နိုင်စရာမရှိသောနေ့ ထိုနေ့ ထိုည၊

ညဉ့်ဦးယံညီလာခံကို ထုံးစံအတိုင်း ကျင်းပပြီးစီးသွား၏၊ ခမည်းတော်မင်းကြီးနှင့် မယ်တော်တို့သည် နန်းဦးဆောင်တွင် စံရင်း မှူးမတ်များနှင့် စကားစမြည်ပြောနေကြသည်၊ များသောအားဖြင့်ကား ဤသို့သောအချိန်တွင် ခမည်းတော်တို့၏ စကားဝိုင်းတွင် “ဗုဒ္ဓမြတ်စွာ” ဟူသော စကားလုံးက လွှမ်းမိုးနေတတ်ပေသည်။ ဝေဠုဝန်ကျောင်းတော်၊ မြတ်စွာဘုရား၊ ရဟန္တာမထေရ်မြတ်ကြီးများဟူသော စကားများကိုသာ တွင်တွင်ဆိုတတ်ကြသည်၊ မဂဓတိုင်းပြည်ရေးရာများကို ခမည်းတော်တို့သည် ညီလာခံနန်းဆောင်ထဲတွင် ထားပစ်ခဲ့ကြပေသည်။

ခမည်းတော်နှင့် မယ်တော်တို့အား ခွင့်ပန်နှုတ်ဆက်ခဲ့ပြီး၊ မိမိ၏ အဆောင်တော်သို့ ပြန်ခဲ့သည်။ ယခုအချိန်ဆိုလျှင် အဆောင်တော်၏ သဏ္ဍာလီခန်းဝယ် ညဉ့်ဦးယံသဘင် ဖျော်ဖြေမှုအတွက် ပန်တျာသည်တို့ အဆင်သင့်စောင့်မျှော်ခစားနေကြပေပြီ။ ဤသည်မှာလည်း ခမည်းတော်မင်းကြီး၏ အစီအမံပင်ဖြစ်သည်။

“သားတော်ရဲ့ . . . အမှန်ကတော့ စက်ရာကနိုးထလို့ မျက်စိနှစ်လုံးပွင့်ချိန်ကစပြီး ည အိပ်စက်ချိန်အထိ မပြတ်နှလုံးသွင်းအောက်မေ့နေရမှာက ရတနာသုံးပါးပဲ . . . ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်တော်တွေကို ပွားစည်းနေရမှာပဲ၊ ဒါပေမဲ့ သားတော်က ငယ်သေးတော့ ငယ်သူတို့ဓလေ့ လွတ်လပ်ပျော်ရွှင်မှုကို ခံစားထိတွေ့ခွင့် ပေးရမှာပေါ့ . . . ဒီတော့ . . .”

ခမည်းတော်သည် မိမိ၏ နဖူးဆံစပ်ကို ကလေးငယ်တစ်ယောက်အား ချော့မော့သလို အသာအယာ ပွတ်သပ်လျက် ဆက်ပြော၏။

“သားရဲ့ ညဉ့်ဦးယံအချိန်တွေမှာ တခြား ဘာကိုမှ မတွေးဘဲ သဏ္ဍာလီမှာ သက်သောင့်သက်သာနေ၊ သဘင်အဖွဲ့က လိုက်လျောညီထွေတဲ့ တေးချင်း၊ ဂီတ၊ အကအခုန်များနဲ့ ဖျော်ဖြေပေးကြလိမ့်မယ်၊ အင်း . . . ဂီတသဘင်ဆိုတာဟာလည်း လူရဲ့စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းအောင် စွမ်းဆောင်နိုင်တဲ့



www.foreverspace.com.mm



သုခုမပညာရပ်တွေပဲ၊ စောင်းညှင်းပတ်သာနဲ့ စက်ရာဝင်ရတယ်ဆိုတာ တစ်နည်းအားဖြင့် ချမ်းမြေ့ကြည်လင်စွာ အိပ်စက်ခြင်းကိုပေးတဲ့ ဆေးတစ်မျိုးပဲ”

ခမည်းတော်၏ အစီအမံဖြင့် မိမိစက်ရာဆောင်ဝယ် ညစဉ်ညတိုင်း ဂီတသဘင် ဖျော်ဖြေမှုတို့ ရောက်ရှိလာခဲ့သည်။

သုခုမပညာသည် အမှုထမ်းတွေက အမျိုးမျိုးအဖုံဖုံသော တင်ဆက်မှုတွေဖြင့် အချော့အယ ဆက်သကြ၏။ သူတို့၏တေးချင်းနှင့် အကအခုန်၊ အတီးအမှုတ်များမှာ များသောအားဖြင့် မဂဓနိုင်ငံတော်ကြီး၏ တင့်တယ်သာယာပုံ၊ ဗိမ္ဗိသာရမင်းကြီး၏ ဘုန်းစက်အာဏာ ကြီးမားပုံ့ ရာဇဂြိုဟ်မင်းနေပြည်တော်ကြီး၏ ခမ်းနားထည်ဝါပုံများကို အလင်္ကာဂုဏ်အမျိုးမျိုးဖြင့် သီကုံးဖွဲ့နွဲ့ ဖော်ညွှန်းကြသည်က များသည်။ တစ်ခါတစ်ရံ ပန်တျာသည် တစ်ဦးချင်း၏ အစွမ်းပြခန်းများကို တင်ဆက်တတ်ကြသည်။

ဤညဉ့်ဦးယံသဘင် ဖျော်ဖြေမှုကို အစကနဦးတုန်းကတော့ မိမိ နှစ်ခြိုက်သာယာခဲ့၏။ ခမည်းတော်ကြီး ပြောသလို ချမ်းမြေ့ကြည်လင်စွာ စက်ရာဝင်နိုင်ခဲ့၏။ သုခုမအနုပညာတို့ဖြင့် ပျောင်းအိသွားခဲ့သော စိတ်နှလုံးသည် နှစ်ခြိုက်ရှိုက်မက် အိပ်စက်ခြင်းကို ဖြစ်ပေါ်စေခဲ့၏။

သို့သော် တစတစ ငြီးငွေ့လာသည်။

မဂဓဘွဲ့၊ ရာဇဂြိုဟ်ဘွဲ့၊ ဗိမ္ဗိသာရဘွဲ့နှင့် မိမိအား ချီးမြှောက်ဆိုပင့်သည့် သားတော်ဘွဲ့၊ ထို့နောက် ခတ္တိယမျိုးနွယ်ဇာတ်တို့၏ မြင့်မြတ်ခြင်းကို ဖွဲ့ဆိုသည့် ဘုန်းတော်ဘွဲ့များက နားထဲတွင် ခြောက်သွေ့လာသည်။ ပန်တျာသည်တို့၏ တစ်ကိုယ်တော် အစွမ်းပြဖျော်ဖြေမှုတို့မှာလည်း ထူး၍ဆန်းလာသည် မရှိတော့။ ပတ်သာသံသည်လည်း တခြောက်ခြောက်နှင့်၊ သစ်ပင်ကိုင်းတွေ အဆက်မပြတ် ကျိုးကြေနေသော သစ်ပင်ကြီးတစ်ပင်လိုဖြစ်လာသည်။ စောင်းညှင်းနှင့် ဘူးခြောက်ပလွေသံများကလည်း နွေရာသီ၏ ပူပြင်းတောက်လောင်မှုအောက်မှ အချင်းချင်း ပွတ်ကြိတ်အော်မြည်ကြသော သစ်ပင်တွေ၏ ညည်းညူသံနှင့် တူလာသည်။ ကချေသည်တို့၏ ခုန်ပေါက်ဝှေ့ယမ်းမှုများမှာလည်း နွေဦး၏လေရူးဝယ် လွင့်ချင်သလို လွင့်နေသော လေပွေများနှယ် ပရမ်းပတာ နိုင်လှစွာ၏၊

အပြောင်းအလဲတစ်ခုခု။

www.foreverspace.com.mm



ဤရာဇဂြိုဟ်နန်းတော်ကြီးအတွင်း ဤစက်ရာဆောင်သဏ္ဍာလီဝယ် အဇာတသတ်ဟူသော မိမိ၏ဘဝဝယ် မိမိ၏ ညဥ့်ဦးယံများသည် ဤကဲ့သို့ပင် ပျင်းရိငြီးငွေ့ စက်ဆုပ်ဖွယ် တရစ်ပတ်ပတ် တစ်သမတ်တည်း ကုန်ဆုံးနေတော့မည်လား။ အပြောင်းအလဲတစ်ခုခုကို လိုချင်လာသည်။

နုပျိုတက်ကြွနေသော နှလုံးသားသည် တိမ်းမူးလှုပ်ခုန်စရာ အတွေ့အကြုံတစ်ခုခုကို အလိုရှိလာ၏။ ဘုရင့်သားတော်တစ်ပါး၏ဘဝသည် ဤမျှပင် ပျင်းရိငြီးငွေ့စရာကောင်းလေသလော။ နန်းတော်ဥယျာဉ်၊ စက်ရာဆောင်၊ ပွဲတော်ဆောင်၊ တစ်ခါတစ်ရံ မြို့တော်ဆင်ခြေဖုံး တောအုပ်များ၊ နေ့နေ့ညည ထပ်တလဲလဲဖြစ်လာသည်။ ခမည်းတော်မင်းကြီးကို ကြည့်လိုက်တော့လည်း တိုင်းရေးပြည်ရာများ၊ ညီလာခံများကျင်းပလိုက်၊ ဝေဠုဝန်ကျောင်းတိုက်သို့ သွားလိုက်ဖြင့် သူ့ဟာနှင့်သူတော့ အဓိပ္ပါယ်ရှိနေကောင်းရှိနေမည်။ မိမိအဖို့မူကား ခမည်းတော်သည်လည်း စိတ်ဝင်စားဖွယ်မကောင်း။ အေးဆေးတည်ငြိမ်လွန်းသော မယ်တော်ကြီးကို ကြည့်တော့လည်း ပန်းပုရုပ်တစ်ရုပ်လို၊ ပန်းချီကားတစ်ချပ်လို ဣန္ဒြေကြီးရင့်စွာဖြင့် မလှုပ်မရှားရှိလွန်းလှ၏။

ရာဇဂြိုဟ်တစ်မြို့လုံးသည်ပင် ပျင်းရိငြီးငွေ့စရာ၊ တေးလက်ရှည်ကြီးတစ်ပုဒ်ကို ထပ်တလဲလဲ နားထောင်နေရသလို စိတ်ဝင်စားစရာ အလျင်းမရှိ၊ ပကတိ သွေ့ခြောက်နေ၏။

ဤလောကဝယ် အဇာတသတ္တု မင်းသားငယ်အတွက် ရင်ခုန်လှိုက်ဖိုစရာ၊ တက်ကြွမြူးထူးစရာ ဘာတစ်ခုမှ မရှိကြတော့ပြီလော။

ငြီးငွေ့ထိုင်းမှိုင်းခြင်းများက မိုးတိမ်တွေလိုဝန်းဖွဲ့လာသောအခါ သည်းခံနိုင်မှုက ကုန်ဆုံးသွားတော့၏။ ညဥ့်ဦးယံသဘင် ဖျော်ဖြေမှုမှ ပန်တျာသည်များအားလုံးကို အော်ငေါက်မောင်းနှင်ချလိုက်တော့သည်။

ထို့နောက် လေသာဆောင်ဘက် ထွက်ခဲ့ကာ ရာဇဂြိုဟ်မြို့ကြီးကို ဖြန့်ကြက်အုပ်မိုး၍ တမျှော်တခေါ် ငေးကြည့်နေမိသည်။ ပျပျရေးရေး ဟိုအဝေးဆီမှ ဂိဇ္ဈကုဋ် တောင်ထွတ်ကြီးဆီသို့ လှမ်းမျှော်ကြည့်ရင်း ဘာမှန်းမသိသော တစ်စုံတစ်ခုကို တောင့်တလာမိသည်။ မိမိအလိုမရှိသော အရာများကိုတော့ အလိုမရှိမှန်းသိရပြီး မိမိ ဘာကိုအလိုရှိမှန်း ကိုယ်တိုင်က ပြန်မသိသောအခါ အသက်ရှူရသည်ကပင် ပင်ပန်းဆင်းရဲလွန်းလှ၏။ ပြည့်စုံကုံလုံမှု သမုဒ္ဒရာထဲမှ





ဘာကိုမှန်းမသိ၊ ငတ်မွတ်တောင့်တစွာ ရေငတ်နေရသောဘဝ။

လေသာပြူတင်းမှ ခွာခဲ့သည်။

စက်ရာဆောင်ဆီ ပြန်ဝင်ခဲ့သည်။ အိပ်ဖန်စောင့် အမှုထမ်းက ထုံးစံအတိုင်း ဦးညွှတ်လျက် စက်ရာခန်းဝတွင် နေရာယူရန် ပြင်၏။ ခြေလက်ဆေးကြောရမည့် ရေနွေးအင်တုံနှင့် ကမ္ဗလာထည်များကို ကျွန်တစ်ယောက်က ယူလာသည်။ နံရံကပ် ဆီမီးတိုင်များကို ငြိမ်းသတ်ရန် တစ်ယောက်က ပြင်ဆင်သည်။

သူတို့ကို ကြည့်ရသည်မှာလည်း မုန်းတီးစရာ၊ ယန္တရားစက်တပ်ဆင်ထားသော အရုပ်တွေလို လှုပ်ရှားနေကြသည်။

"သွား . . . သွားကြစမ်း . . . ထွက်သွားကြစမ်း"

သူတို့ကိုလည်း အော်ဟစ်မောင်းထုတ်ပစ်လိုက်၏။

အိပ်ဖန်စောင့်နှင့် ကျေးကျွန်များသည် အံ့ဩထိတ်လန့်စွာဖြင့် စက်ရာဆောင်ထဲမှ ထွက်ခွာသွားကြလေသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ စက်ရာဆောင် ညဥ့်အမှောင်ရိပ် လေသာပြတင်းမှ ချည့်နဲ့စွာ စီးသွန်ဖြာကျနေသော လရောင်ပိုးတဝါး၊ ထို့နောက် ဘာကို အလိုရှိမှန်းမသိသော အလိုဆန္ဒတစ်ခုခု။

❊ ❊ ❊

ပြတင်းမှ ထိုးကျနေသော လရောင်ဖျော့ဖျော့သည် ရုတ်တရက် ကွယ်ပျောက်သွား၏။ လရောင်ဖြင့် ထင်ဟပ်နေသော နံရံထက်တွင် အရိပ်တစ်ခုဖြင့် မည်းမှောင်သွား၏။ တိမ်တိုက်တစ်ခု ဖုံးအုပ်သွားဟန်တူသည်ဟု တွေးမိဆဲမှာပင် နံရံပေါ်မှအရိပ်သည် တဖျတ်ဖျတ်လှုပ်ခါနေသည်ကို တွေ့လိုက်ရ၏။

ရင်ထဲမှာ တစ်ခုခုတိုးဆောင့်သွားသလို ခံစားရသည်။

ထိုအရာသည် ထိတ်လန့်ခြင်းဖြစ်ကြောင်း ချက်ချင်းသိလိုက်မိပြီး တစ်ဆက်တည်းမှာပင် ထိုဖိုလှိုက်ရသော အရသာဖြင့် မိမိတစ်ကိုယ်လုံး နိုးကြားလာသည်ဟု ခံစားရပြန်သည်။

စက်ရာထက်တွင် လက်ထောက်ထထိုင်လျက် မျက်နှာချင်းဆိုင် နံရံ

www.foreverspace.com.mm

ထက်မှ အဆက်မပြတ် တဖျတ်ဖျတ်လှုပ်ခါနေသော အရိပ်၏ လှုပ်ရှားမှုကို ငေးစိုက်ကြည့်နေမိသည်၊ ဖျတ်ဖျတ်လှုပ်ခါနေပုံကား ပိုးပုရွက်ကောင်၏ အတောင်ပံများနှယ်ပင်။ မည်သည့်အရာပေနည်း။ စက်ရာဆောင်တွင် တစ်ခါမှမမြင်ဖူးသော အခြင်းအရာ။

ငေးစိုက်ကြည့်နေဆဲမှာပင် . . . ၊

အပြင်ဘက် ကောင်းကင်ယံဆီမှ လေတိုက်သံလိုလို၊ ငှက်မြည်သံလိုလို၊ တရှီရှီအသံအချို့ကို မသဲမကွဲ ကြားလိုက်ရ၏။ ထိုအသံသည် မိမိ၏ စက်ရာဆောင်ဆီသို့ လျင်မြန်စွာ နီးကပ်လာနေကြောင်းကိုလည်း သတိထားမိသည်၊ ထူးဆန်းသော တရှီရှီအသံက မိမိ၏နားမှတစ်ဆင့် ရင်ထဲအထိ ထိုးဖောက်လာသည်။

ခုတင်ပေါ်မှ ငေါက်ခနဲထကာ ခုတင်စွန်းတွင် ခြေချရင်း လေသာပြတင်းဆီသို့ ကြည့်နေမိဆဲ ထိုခဏမှာပင် . . .

"အလိုလေး . . . ကောင်းကင်ထဲကနေ ပျံသန်းလာ . . . "

မိမိက အမျိုးအမည် ခွဲခြားသတ်မှတ်နိုင်စွမ်းမရှိသေးမီမှာပင် မည်းမည်းသဏ္ဌာန်တစ်ခုသည် လေသာပြတင်းမှတစ်ဆင့် စက်ရာခန်းထဲသို့ တစ်ဟုန်ထိုး ပျံသန်းဝင်ရောက်လာ၏။

အရောင်တွေ ပြိုးပြက်တောက်ပနေသည့် ထိုအရာကား . . .

"အလိုလေး . . . လုလင်ငယ်တစ်ယောက် . . . သူ ကောင်းကင်ကနေ ပျံသန်းလာ . . . ဟင် . . . ဟိုမှာ . . . "

သူငယ်ကြီးအရွယ် ထိုလုလင်ပျိုကလေး၏ ခါးဝတ်ပိုင်းမှ ပဝါသည် ဖြိုးဖြိုးဖျတ်ဖျတ် လှုပ်ခါနေ၏။ ထို့ထက်မူကား ဖျတ်ဖျတ်လှုပ်ခါသော ပဝါမြိတ်စအောက်တွင် အရပ်အနားမရှိ လူးလွန့်လှုပ်ယမ်းနေသည်။

"မြွေ . . . မြွေတွေ . . . တစ်ကောင် . . . နှစ်ကောင် . . . သုံး . . . လေး . . . ဟာ . . . ခြောက်ကောင်"

သူငယ်ကြီး၏ လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့၌ မြွေတစ်ကောင်စီ လည်ပင်း၌တစ်ကောင်က ရစ်ပတ်လျက်၊ ဦးခေါင်းပေါ်၌ရှိသော တစ်ကောင်က ခေါင်းခုသဖွယ် ရစ်ခွေလျက် . . . ။

မြွေခြောက်ကောင်တို့သည် အမြီးချင်းယှက်ထိုးကာ ခါးကြိုးတန်ဆာ





www.foreverspace.com.mm

ခါးပတ်နှယ် သူငယ်ကြီး၏ခါး၌ ရစ်ပတ်နေကြ၏။

အစိမ်းနှင့်အနက်ပြောက်ကျား ဝင်းလက်နေသော အကြေးခွံများကို အတိုင်းသားမြင်ရသည်။ မြွေများသည် နီရဲသောနှုတ်ခံတွင်းကို ဖွင့်ဟထားကာ နှစ်ခွလျှာတို့က အဆက်မပြတ်လှုပ်ရမ်းနေကြသည်။ ပြူးကြောင်သော မျက်စိများက အလင်းစက်ဝန်းထဲတွင် ပြိုးပြက်နေကြသည်။

မြွေများကို ရတနာသဖွယ် ဆင်မြန်းလာသော သူငယ်ကြီး၏ မျက်နှာကား ဆိုးရွားသည့် ရုပ်ဆင်းသွင်ပြင်မဟုတ်၊ သို့သော် ပြူးရယ်နေသော မျက်လုံးများ၏ စူးရှသောမျက်ဝန်းအိမ်များမှာ တစ္ဆေသရဲထက်ပင် ကြောက်စရာကောင်းနေသည်။ ကြောက်စရာကောင်းသောအပြုံး၊ ထို့နောက် တရှီရှီ တွန်မြည်နေသော မြွေတွန်သံများ၊ ယှက်လိမ်ကွေးကောက် ပူးကပ်ရွေ့လျားနေကြသော အကြေးခွံကိုယ်လုံးများ၊ နီရဲသောခံတွင်းထဲမှ ဖွေးဖွေးဖြူသောအစွယ်များ၊ ရန်သူကိုရှာဖွေနေသည့်နှယ် အရပ်အနားမရှိ တရစပ်လှုပ်ယမ်းနေသော နှစ်ခွလျှာများ။

အဆုံးစွန်သော ထိတ်လန့်ခြင်းဖြင့် မိမိတစ်ကိုယ်လုံး အေးခဲတောင့်တင်းသွားသည်ကို သိလိုက်၏၊ ချက်ချင်းပင် အာခေါင်များ ခြောက်လာပြီး ရင်ဘတ်တစ်ခုလုံး တဒိန်းဒိန်း မြည်လာသည်၊ ကျောပြင်မှသည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် စိမ့်အေးသွားပြီး ကြက်သီးမွေးညင်းများ ဖူးဖူးထလာကြသည်။

ကြောက်လွန်းမက ကြောက်ခြင်းကြီးစွာဖြင့် မျက်စိကိုလွှဲဖယ်ရန် ကြိုးစားသော်လည်း မရ၊ မျက်လုံးတွေပိတ်ကာ သံတုန်အော်ဖို့ ကြိုးစားသော်လည်း မရ၊ မြွေတွေနှင့် သူငယ်လုလင်ဆီသို့သာ မမှိတ်မသုန် ကြည့်နေမိရင်း နှုတ်ကလည်း ဆွံ့အပြီဟု ထင်ရ၏။

မြွေတွေထက် ပိုကြောက်စရာကောင်းသော မျက်နှာပေါ်မှအပြုံးကို ကြည့်ရင်း . . .

နှုတ်မှ စကားတစ်ခွန်းထွက်ကျသွားသည်။

"သင် . . . သင် . . . ဘယ်သူလဲ"

သူငယ်ကြီး၏အပြုံး ပျောက်ကွယ်သွား၏။ မျက်လုံးများက အရောင်ထွက်မတတ် တောက်ပလာ၏။ တရှီရှီ အော်မြည်နေကြသော မြွေများလည်း တိတ်သွား၏၊ ထိုတိတ်ဆိတ်ခြင်းသည် သူငယ်ကြီး၏အသံဖြင့် ပြိုကွဲသွား၏။

www.foreverspace.com.mm



"ငါ . . . ဒေဝဒတ်"

ကောင်းကင်မှလာသော၊ မြွေတွေကို အခြံအရံပြုလာသော မိမိနှင့် သက်တူရွယ်တူလောက်ရှိသော သူငယ်ကြီး၏အဖြေစကားကို ကြားလိုက်ရသော အခါ အဇာတသတ်မင်းသားသည် အနည်းငယ် အကြောက်ပြေသွား၏။ သို့ သော် မဖြစ်နိုင်သောအဖြေကို ကြားရသည် "ငါ ဒေဝဒတ်" တဲ့။

ဒေဝဒတ်ကို မိမိကောင်းစွာသိထားသည်။ ကိုယ်တိုင်ကိုယ်တျ မမြင် ဖူးသော်လည်း ရှင်ဒေဝဒတ်၏ သတင်းများကို အခါအခွင့်သင့်တိုင်း မိမိ ကြားဖူး ထားသည်ပင်။ ဤသည်မှာလည်း ခမည်းတော်ဗိမ္ဗိသာရနှင့် စပ်လျဉ်း၍ ကြား ရသောသတင်းများဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် ဂေါတမဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် တွင် သာကီဝင် မင်းသားခြောက်ယောက်တို့ လိုက်ရဟန်းပြုသွားခဲ့ကြသည်။ ထိုအထဲတွင် သိဒ္ဓတ္ထမင်းသားနှင့် ဖခင် ညီအစ်ကိုရင်းဖြစ်သော သုပ္ပဗုဒ္ဓ၏ သားတော် ဒေဝဒတ္တမင်းသားလည်း ပါဝင်သည်၊ ဒေဝဒတ္တသည် ယသော်ဓရာ ဒေဝီ၏ အစ်ကိုတော်လည်း ဖြစ်၏။ ဗုဒ္ဓ၏ ယောက်ဖတော်လည်းဖြစ်သည်။ အရှင်ဒေဝဒတ္တသည် ဗုဒ္ဓနှင့် ဆွေမျိုးရင်းခြာ ရဟန်းတစ်ပါးဖြစ်လေသည်။

ထိုမျှမကသေး ဣဒ္ဓိဝိဒအဘိညာဏ်ကို ရထားသူဖြစ်သည်ဟုလည်း အဇာတသတ် ကြားဖူးထား၏။ မြေအပြင်၌ ငုပ်လျှိုးခြင်း၊ လေအပြင်၌ ပျံသန်း ခြင်း၊ သဏ္ဍာန်ရုပ်အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း စသော တန်ခိုးရှိသည်ဟု သိထား ၏၊

အဘယ်ကြောင့် ဂေါတမဗုဒ္ဓ၏ ယောက်ဖတော် တန်ခိုးကြီးသည့် အရှင်ဒေဝဒတ်သည် မိမိရှေ့မှောက် ရောက်ရှိလာရသနည်း။ မြွေများခြံရံလျက် လာသော သူငယ်ကြီးက သူ့ကိုယ်သူ ဒေဝဒတ်ဟု ပြောနေသည်။ အရှင် ဒေဝဒတ်သည် မြတ်စွာဘုရားနှင့်အတူ ကောသမ္ဗီပြည်တွင်ရှိနေသည်ဟု ခမည်း တော်ထံမှ မိမိ သိထားသည်။

ခမည်းတော်ကြီးသည် မြတ်စွာဘုရား၏ အကြောင်းခြင်းရာ မှန်သမျှ ကို အမြဲ စုံစမ်းသိရှိနေသူဖြစ်သည်။ မဇ္ဈိမဒေသရှိ သာဝတ္ထိပြည် ကောသလ မင်း၊ ဝေသာလီလိစ္ဆဝီမင်းများနှင့်လည်း အမြဲမပြတ် အဆက်အသွယ်ယူကာ ဗုဒ္ဓ ဘယ်နေရာရောက်ရှိနေသည်၊ ဘယ်ရွာ သီတင်းသုံးနေသည်ကို ခမည်း



www.foreverspace.com.mm



တော် သိသည်၊ ခမည်းတော် တဖွဖွ တသသ ပြောလွန်းလှ၍ မိမိလည်း သိ သည်။ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်တွင် သီတင်းသုံးနေတော်မူလျက်ရှိ သည်၊ အရှင်ဒေဝဒတ်သည် အဘယ်ကြောင့် ဗုဒ္ဓအနီးထံပါးတွင် ရှိမနေဘဲ မိမိရှေ့မှောက်ရောက်နေရသနည်း။

အရှင်ဒေဝဒတ်၏ အသိဉာဏ်တန်ခိုးနှင့် ဣဒ္ဓိဝိဒအစွမ်းများကို ကြား ဖူးနေသော်လည်း ရှေ့မှောက်မှာ ဤသူငယ်ကြီးကိုတော့ အရှင်ဒေဝဒတ်ဖြစ် သည်ဟူ၍ လက်မခံနိုင်သေး။

အဇာတသတ်သည် မိမိ၏ ထိတ်လန့်မှုနှင့် အံ့သြမှုကို မြိုသိပ်လျက် မေးလိုက်၏။

"မဆိုစကောင်းတဲ့အရာကို သင် ဆိုတာပဲ . . . ရှင်ဒေဝဒတ်ဟာ ရဟန်းတစ်ပါးဖြစ်တယ်၊ ကောသမ္ဗီပြည်မှာ မြတ်စွာဘုရားနဲ့အတူ ရှိနေတယ်လို့ ကျွန်ုပ်တော် သိထားတယ်၊ သင် ဘယ်သူလဲဆိုတာ အမှန်အတိုင်းပြောစေချင် တယ်။ နန်းတော်ဆောင်ထဲကို ကောင်းကင်ခရီးနဲ့ ရောက်လာခဲ့တဲ့သင်ဟာ နတ် နဂါး ဒါမှမဟုတ် တန်ခိုးရှင်တစ်ပါးပါးပဲ ဖြစ်ရမယ်"

မြွေများ၏ ပါးပျဉ်းများကို အသာအယာပွတ်ရင်း သူငယ်ကြီး နှစ်နှစ် ခြိုက်ခြိုက်ပြုံးလိုက်၏။ ထို့နောက် တစ်ချက်နှစ်ချက် ခေါင်းညိတ်လျက် . . .

"ငါ ဒေဝဒတ်ဆိုတာကို မင်းသား မယုံတာ ငါ သဘောကျတယ်၊ သံသယနဲ့နေခြင်း၊ တစ်ဖက်သားပြောတဲ့အတိုင်း ချက်ချင်း မယုံတတ်ခြင်း၊ စိစစ် ဝေဖန်ခြင်းဆိုတာ အရည်အချင်းရှိသူတွေရဲ့ သဘာဝပဲ . . . ဘာကြောင့်လဲ ဆိုတော့ ဒီလိုပုဂ္ဂိုလ်တွေဟာ ယုံစရာရှိရင် စိတ်ချယုံတတ်သူတွေအဖြစ် ပြောင်း လဲသွားတတ်လို့ပဲ၊ တဲ . . . သင့်ရဲ့ မယုံကြည်မှုကို ယုံကြည်မှုအဖြစ်သို့ ပြောင်း လိုက်ပါ"

ဖျတ်ခနဲ အလင်းတစ်ချက် တောက်ပသွားသည်ဟု ထင်လိုက်ရ၏။ မြွေတွေ ဝန်းရံရစ်ပတ်နေသော သူငယ်ကြီး၏ ပုံသဏ္ဍာန် အနားရေးအကြောင်း များသည် တံလျှပ်များလို လှုပ်သွားပြီးနောက် . . .

မြင်ကွင်းသည် ရုတ်ခြည်း ပြောင်းသွားလေသည်။

မြွေတွေနှင့်သူငယ်ကြီး ပျောက်ကွယ်သွားပြီး ထိုနေရာတွင် ပရိက္ခရာ ရှစ်ပါးလွယ်လျက် ရဟန်းတစ်ပါး ပေါ်လာသည်၊ ရဟန်းသည် မိမိ၏ မျက်လုံး

www.foreverspace.com.mm

များတည့်တည့်ဆီသို့ စူးစူးရှရှကြီးကြည့်ရင်း ပြုံးနေ၏။ ထိုအကြည့် ထိုအပြုံး၏ နောက်ကွယ်တွင် စောစောက မြွေများ၏တောက်လက်သော မျက်လုံးများထက် ပို၍ ပြင်းထန်အားကြီးသော တန်ခိုးအာနိသင်တစ်ခု ကိန်းဝပ်နေ၏။

ရှင်ဒေဝဒတ်၏အပြုံးနှင့် စူးစူးရဲရဲ မျက်လုံးများသည် မိမိ၏ တစ်ကိုယ်လုံးကို ထိုးဖောက်နှောက်မွှေသွားပြီဟု အဇာတသတ် ခံစားလိုက်ရလေသည်။

အဇာတသတ်သည် နန်းဆောင်ကြမ်းပြင်ထက်သို့ အလိုလို ဒူးတုပ်မိသွား၏။ လက်အုပ်အစုံတို့လည်း အလိုလို ပူးကပ်မိသွား၏။

"အရှင်ဘုရား . . . တန်ခိုးကြီးမားလှပါတယ်၊ အထူးထူးအပြားပြားသော အသွင်သဏ္ဌာန်တို့ကို ဖန်ဆင်းတော်မူနိုင်ပါပေတယ်၊ အရှင်ဒေဝဒတ် စင်စင်ဖြစ်ကြောင်း တပည့်တော် ယုံပါပြီဘုရား"

"ယုံကြည်မှုဟာ အားကောင်းတဲ့သဒ္ဓါတရားရဲ့ ကိုယ်ပွားအမည်နာမတစ်ခုပဲ၊ ယုံကြည်မှုရဲ့နောက်မှာ သက်ဝင်ခြင်း၊ ဆည်းကပ်ခြင်း၊ အားထားခြင်း၊ မှီခိုခြင်းတွေဟာ ကပ်လျက် လိုက်ပါလာကြတယ်၊ သင်ဟာ သဒ္ဓါတရားရဲ့ အကောင်းပြယုဂ်ပဲ မင်းသား . . ."

မြွေတွေ အရာအထောင်အသောင်းအသိန်း တစ်ပြိုင်တည်း တွန့်မြည်လိုက်သည်ဟု ခံစားလိုက်ရ၏။

"မှန်ပါဘုရား . . . အခုလို ကြွရောက်တော်မူလာခြင်းဟာ ဘယ်လိုအကြောင်းကြောင့်မှန်း မသိရသေးပေမယ့် တပည့်တော်ကို ချီးမြှောက်တယ်လို့ ခံယူပါတယ်ဘုရား"

"သက်သောင့်သက်သာနေ မင်းသား . . . ငါဟာ ဒကာတစ်ဦးရဲ့ ပျပ်ဝပ်တုပ်ကွ ဦးချရှိခိုးမှုကို သာယာတတ်တဲ့ရဟန်း မဟုတ်ပါဘူး၊ သင် သက်သာသလိုနေပါ၊ အင်း . . . ပူဇော်တဲ့အခါ လွန်လွန်ကဲကဲ ပူဇော်၊ အပူဇော်ခံသူကလည်း အဲဒါကို နှစ်နှစ်ခြိုက်ခြိုက်ကြီးခံယူ ဖြစ်နေကြတဲ့ မဇ္ဈိမဒေသမှာ ငါကတော့ လိုချင်တာထက် လွန်ကဲတဲ့ပူဇော်မှုကို သာယာတတ်သူ မဟုတ်ပါဘူး"

ဘာ့ကြောင့်မှန်းမသိ။ ရှင်ဒေဝဒတ်၏ ထိုစကားကို ကြားလိုက်ရသည်တွင် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးနှင့် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားတို့ကို ပြေး၍





www.foreverspace.com.mm

မြင်ယောင်လိုက်မိ၏။ တစ်ချိန်တည်းမှာပင် ရှင်ဒေဝဒတ်ကိုလည်း တစ်ထိုင်တည်းမှာပင် ကြည်ညိုလေးမြတ်သွားလေသည်။

"တပည့်တော်ကို ချီးမြှောက်တယ်လို့ ခံယူပါတယ်လို့ သင် စောစောက ပြောလိုက်တဲ့စကားဟာ သိပ်မှန်တဲ့စကားပဲ၊ ငါဟာ မင်းသားကို ချီးမြှောက်ဖို့ ရောက်လာတာပဲ၊ ပူဇော်ခံချင်လို့လာတာမဟုတ်ဘူး၊ ငါက ပေးဖို့လာတာ၊ ယူဖို့လာတာ မဟုတ်ဘူး"

အတိုင်းမသိ ကြည်ညိုသွား၏။

ဤစကားမျိုးကို ရှင်ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးထံမှတစ်ပါး မည်သည့်နေရာကမှ မိမိ မကြားဖူးခဲ့။

"မင်းသား သင့်ခမည်းတော်ကြီးကော ကျန်းကျန်းမာမာ ရှိရဲ့လား"

"မှန်ပါဘုရား . . . အရွယ်နဲ့မမျှအောင်ဘဲ ကျန်းမာပါတယ်ဘုရား"

"အင်း . . . ကောင်းပါလေရဲ့၊ နန်းသက်ရှည်တဲ့ဘုရင်ကြီးပေပဲ၊ သင်ကော တိုင်းရေးပြည်ရာများနဲ့ အိမ်ရှေ့ဥပရာဇာစည်းစိမ်အာဏာများနဲ့ မွေ့လျော်ရဲ့ မဟုတ်လား"

သာမန်အားဖြင့်ဆိုလျှင် အလိုက်သင့် ဖြေဆိုကောင်း ဖြေဆိုလိုက်မည်သာဖြစ်၏။ ယခုသော် ရှင်ဒေဝဒတ်လို ပုဂ္ဂိုလ်မြတ်ကြီးက တခုတ်တရ မေးလာသော အမေးစကားဖြစ်သဖြင့် စဉ်းစဉ်းစားစားဖြေမှ တော်မည်ဟု စဉ်းစားမိ၏။

အိမ်ရှေ့ဥပရာဇာ စည်းစိမ်အာဏာများနဲ့ မွေ့လျော်ခဲ့မဟုတ်လားတဲ့၊ တိုင်းရေးပြည်ရာများတဲ့ . . .၊ အမေးရှိရင် အဖြေကို စဉ်းစားတော့မှပင်။ ဤမေးခွန်းသည် အဖြေရခက်သော မေးခွန်းဖြစ်နေကြောင်း သိလိုက်ရ၏။

အိမ်ရှေ့ဥပရာဇာ၊ မိမိသည် ရာဇဂြိုဟ်ပြည့်ရှင် မဂဓတိုင်းနိုင်ငံသခင် ဗိမ္ဗိသာရ၏ သားတော်အနေဖြင့် အလိုအလျောက်ပင် ဥပရာဇာဖြစ်ခဲ့သည်။ ဘာများ ထူးဆန်းသနည်း၊ ဥပရာဇာစည်းစိမ်ဆိုတာကော၊ ခမည်းတော်နှင့် မယ်တော်တို့က စီစဉ်ပေးသော စည်းစိမ်ဆိုတာဟာ အမှုးအမတ်ဗိုလ်ပါများက ဆက်သွင်းခစားကြသော စည်းစိမ်၊ ဤစည်းစိမ်များသည် အလိုအလျောက်ပင် ဖြစ်လာခဲ့ကြသည်။ ဘာများ အထူးတလည် မိမိက အားထုတ်ရသည် ရှိဖူးသနည်း။

အာဏာ . . . အာဏာ . . . ဆိုသည်ကတော့ မိမိ၌ ဘာအာဏာများ ရှိသနည်း၊ အမိန့်မပေးရဘဲ အားလုံးသည် အသင့်ဖြစ်နေကြ၏။ ရွှေနန်းတော်အတွင်းရှိ အမှုထမ်းများသည် မိမိနှုတ်တစ်မြွက် မဟရဘဲ၊ လက်တစ်ချက်မညွှန်ရဘဲနှင့် မိမိအတွက် သူတို့ ခစားလုပ်ဆောင်စရာရှိသည်များကို အချိန်မှန် လုပ်ဆောင်သွားကြ၏။ အာဏာဆိုတာ ဘာလဲ . . .၊ မိမိ မသိ။ မသုံးစွဲဖူးသော အရာတစ်ခုပင်၊ အဆိုးအကောင်းကို မိမိ မသိ။

တိုင်းရေးပြည်ရာ . . . တဲ့၊ ဒါကတော့ ဘာလဲ . . .။ မဂဓနိုင်ငံအတွင်း၌ အရာရာသည် ယန္တရားကြီးတစ်ခုပမာ မှန်မှန်ကြီး လည်ပတ်လှုပ်ရှားနေကြ၏။ ထိုလည်ပတ်မှု၏ ခလုတ်မောင်းတံကို ခမည်းတော်က ကိုင်ထား၏။ မိမိ ဘာမှလုပ်စရာမလို၊ အို . . . ဒါဆိုတော့ . . . ဥပရာဇာမင်းဟူသော မိမိသည်လည်း ထိုယန္တရားကြီး၏ တစ်ခုသောတစ်နေရာမှ အစိတ်အပိုင်းလေး မျှသာပဲလား . . .။

အဖြေရခက်သော မေးခွန်းအတွက် စိတ်အိုက်လာ၏။ မဖြေနိုင်ခြင်းအတွက်လည်း ရှက်ရွံ့သလို ခံစားမိလေသည်၊

"မိမိရင်ခွင်ထဲ သို့မဟုတ် မိမိလက်ထဲ ကျရောက်ပြုတ်ကြွေလာတဲ့ သစ်သီးတစ်လုံးထက် မိမိကိုယ်တိုင် အပင်ပေါ်တက်ခူးပြီးမှ ကိုက်ဝါးရတဲ့ သစ်သီးက ပိုပြီးချိုမြိန်တတ်တယ်၊ သင့်မှာ အဖြေရခက်နေတယ်မဟုတ်လား မင်းသား . . ."

အို . . . မိမိ၏စိတ်အတွေးကို ရှင်ဒေဝဒတ်သိနေပါသည်ကော။ ထို့အပြင် သစ်သီးနှစ်လုံး ဥပမာဥပမေယျဆောင်လိုက်သော စကား။

ကြည့်စမ်း . . . ရှင်ဒေဝဒတ်သည် မိမိ၏ ရှုပ်ထွေးနောက်ကျိနေသော စိတ်ခုတ်အကြံကို သိရုံသာမက ထိုရှုပ်ထွေးနောက်ကျိမှု၏ ရှင်းလင်းကြည်လင်မှု လမ်းစကလေးကိုပင် အလိုလို ညွှန်ပြသွားရာ ရောက်အောင်ပြော တတ်ပါဘိခြင်း၊

ရင်ခွင်ထဲ သို့မဟုတ် လက်ထဲကျသော သစ်သီးတဲ့ . . .။

မိမိ၏ ဥပရာဇာစည်းစိမ်၊ ဘုရင့်သားတော်ဟူသော ဘဝ။ ရင်ခွင်ထဲ လက်ထဲ အလိုလိုကျလာသော သစ်သီးတစ်လုံး။ သို့ဆိုလျှင် အပင်ပေါ်တက်ခူးပြီး ကိုက်ဝါးရသည့် ချိုမြိန်စဖွယ်သစ်သီးဆိုတာက အဘယ်နည်း . . .၊ စိတ်





လှုပ်ရှားစရာကောင်းသော အတွေးပင်ဖြစ်၏။ ဘာမှန်းမသိ တတ်နိုင်သေးသည်ကပင် ပျော်စရာကောင်းနေ၏။

"ငါ ပြန်တော့မယ် အဇာတသတ်"

"မှန်ပါဘုရား . . . တပည့်တော် မေးလျှောက်ချင်တာလေးတစ်ခု"

"ငါ ပြန်တော့မယ် အဇာတသတ်"

"တပည့်တော်ရဲ့စိတ်ထဲမှာ ရှုပ်ထွေးနေတာလေးတစ်ခုကို . . ."

"သင် ယောကျ်ားကောင်းပဲ အဇာတသတ် . . . ကိုယ့်စိတ်စိတ်ထဲ ရှုပ်ထွေးနေတာကို ကိုယ့်ဘာသာကိုယ် အရင်ရှင်းကြည့်၊ မရနိုင်တော့ဘူးဆိုမှ ငါ့ကိုမေး . . . ငါ ပြန်မယ်"

"ဒါ . . . ဒါဆိုရင်လည်း . . . တပည့်တော်ရဲ့ လျှောက်ထားချက်လေးတစ်ခုကိုတော့ လက်ခံတော်မူသွားပါဦးဘုရား"

"ပြောစမ်း"

"တပည့်တော်အား အရှင်ဘုရားရဲ့ တပည့်ဒါယကာအဖြစ် မှတ်ယူတော်မူပါဘုရား"

"သင့်မြတ်ပါတယ်"

အရှင်ဒေဝဒတ်ရှေ့တွင် ဦးချလိုက်၏။

ဦးခေါင်းပြန်မော့လိုက်ချိန်တွင် အရှင်ဒေဝဒတ်မရှိတော့၊

❊ ❊ ❊

ရေသေတန်၏ မော်ဒိုက်သရော မျက်နှာပြင်ထက်သို့ ခဲတစ်လုံး ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ဝိတ်ဆည်းမည်းမှောင် အလုံတိုက်အတွင်းသို့ အလင်းတန်းတစ်ခု ထိုးကျလာခဲ့ခြင်းဖြစ်သည်။ ဖြူလွှည်ညိုမှိုင်း ဆီးနှင်းအထုထဲသို့ နေခြည်ဖောက်ထွင်းလာခဲ့ခြင်းဖြစ်သည်၊

မိမိသည် ရေသေတန်၊ အလုံတိုက်၊ ဆီးနှင်းအထု၊ အရှင်မြတ်ကား ခဲတစ်လုံး၊ အလင်းတန်း၊ နေခြည်။

ငြီးငွေ့ထိုင်းမှိုင်းအေးစက်နေခဲ့သော ဘုရင့်သားတော်တစ်ပါး၏ဘဝသည် အမိပ္ပါယ်ပေါင်းများစွာဖြင့် ရှင်သန်နိုးထ, လာခဲ့ပေပြီ၊ မိမိကိုယ်တိုင်



www.foreverspace.com.mm

ဘာကိုလိုချင်မှန်းမသိသော အလိုဆန္ဒမပြည့်ဝမှုသည် ယခုတော့ အဓိပ္ပါယ်ရှိလာပြီဖြစ်၏။

ခမည်းတော်မင်းကြီးက ဂေါတမမြတ်စွာဘုရား၏ ကျောင်းတိုက်ဒါယကာကြီးဖြစ်သလို၊ မိမိသည်လည်း အရှင်ဒေဝဒတ်၏ ကျောင်းတိုက်ဒါယကာ ဖြစ်ခဲ့ပြီ။ ဝေဠုဝန်ကျောင်းတော်ဟူသော ဝိဟာရသည် မိမိနှင့်မည်သို့မျှ ပတ်သက်ခြင်းမရှိသောအရပ်။ ဝေဠုဝန်ကျောင်းတော်ဟု ပြောကြတိုင်း မဂဓတိုင်းသခင် ဗိမ္ဗိသာရမင်းကြီးဟူ၍ အလိုလို တွဲစပ်နားလည်ခဲ့ကြ၏။ ယခုလည်း ဂယာသီသအရပ်မှ ကျောင်းတိုက်ကြီးဟု ပြောကြလေတိုင်း အဇာတသတ်မင်းသားဟူသောအမည်ကို လူတွေ တဖွဖွရွတ်ဆိုကြရပြီဖြစ်၏။

အဇာတသတ်ဟူသော အမည်သည် ဤရာဇဂြိုဟ်ဝယ်၊ ဤ မာဂဓဝယ်၊ ဤကမ္ဘာလောကဝယ် နေရာတစ်ခုလို လှပစွာ ရယူနိုင်ခဲ့ပြီ။ ဘုရင့်သားတော်ဟူသည်မှာ ဘုရင်ကမွေး၍ သားတော်ဖြစ်ရခြင်း မည်ကာမတ္တမဟုတ်ဘဲ သူ့အရွယ် သူ့အစွယ်နှင့်ဆိုတာကို ပြနိုင်ခဲ့ပြီ၊

ဗိမ္ဗိသာရမင်းဟူသော အမည်နာ၏ အထက်၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရားဟူ၍ လူတွေက တစ်စပ်တည်း သိမှတ်ကြသလို အဇာတသတ်ဟူသောအမည်နာမ၏ အထက်တွင်လည်း အရှင်ဒေဝဒတ်ဟူ၍ သိမှတ်ကြရပြီ ဖြစ်သည်။

ပို၍ ကျေနပ်ဂုဏ်တက်စရာဖြစ်နေသည်က အရှင်ဒေဝဒတ်သည် ဣဒ္ဓိဝိဒတန်ခိုးရှင်၊ အဘိညာဏ်ရ ရဟန်းတစ်ပါးဖြစ်နေခြင်းပင်။ မြတ်စွာဘုရားသည်ပင်လျှင် မည်သို့မည်ပုံ တန်ခိုးဖန်ဆင်းပြသည်ဟူ၍ သတင်းမမွှေးခဲ့။ မိမိ ၏ အရှင်ဒေဝဒတ်မူကား အထူးထူးအပြားပြားသော ရုပ်သွင်သဏ္ဌာန်များအံ့မခန်းတန်ခိုးများကို ဖန်ဆင်းပြနိုင်သူဖြစ်နေ၏။

နောက်ထပ် ကျေနပ်စရာတစ်ခု ရှိသေး၏၊ မြတ်စွာဘုရားနှင့် နောက်ပါရဟန်းများကို တိုင်းဌာနီ မြို့တော်အသီးသီးတွင် ကျောင်းတိုက် ဝိဟာရကြီးများ ဆောက်လုပ်လှူဒါန်းထားကြသည်မှာ မှန်၏။ သို့သော် မြတ်စွာဘုရား၏ တပည့်သာဝကကြီးများထဲမှ အရှင်သာရိပုတ္တရာလို၊ အရှင်မောဂ္ဂလာန်လို၊ အရှင်မဟာကဿပ ရဟန်းတော်များမှာပင် ကိုယ်ပိုင် ကျောင်းတိုက်ဝိဟာရဟူ၍ မရှိ။ မိမိ၏ အရှင်ဒေဝဒတ်ကား မိမိဆောက်လုပ်လှူဒါန်းထားသော





ဂယာသီသမှ ကျောင်းတိုက်ဝိဟာရကြီးကို ပိုင်ဆိုင်သိမ်းမြန်းရသူ၊

အရှင်ဒေဝဒတ် ဂယာသီသဝိဟာရများနှင့် အတူတွဲလျက် ကျောင်းဒါယကာအဇာတသတ်ဟူသော သတင်းက ရာဇဂြိုဟ်မဂဓကို ကျော်လွန်လျက် မဇ္ဈိမတစ်ခွင်သို့ လှုပ်ခတ်သွားစေမည်။

သည်မျှမကသေး . . . ။

ရာဇဂြိုဟ်နေပြည်တော်၌ လူတွေ အထူးအာရုံစိုက်ရသော အခြင်းအရာတစ်ရပ် ပေါ်လာ၏။ ထိုအရာကား "ဆွမ်းအုပ်ပို့ပွဲ"ပင် ဖြစ်သည်။ အဇာတသတ်မင်းသား၏ စံအိမ်တော်မှ ဂယာသီသရှိ ကျောင်းတော်ကြီးဆီသို့ ဆွမ်းအုပ်ပို့သောအခမ်းအနားမှာ ရာဇဂြိုဟ်မြို့သူမြို့သားတို့ တအံ့တသြ ထွက်ကြရသော အခမ်းအနားဖြစ်လာသည်။

မြို့လမ်းမတစ်လျှောက် မောင်းနှင်သွားသော ရထားငါးရာတို့သည် ဆွမ်းအုပ်ငါးရာတို့ကို ဆောင်ကြဉ်းသွားကြ၏။ အဇာတသတ်သည် အကြီးမားဆုံး၊ အလှဆုံး ဆွမ်းအုပ်ကို ပိုက်၍ မြင်းဖြူကသောရထားထက်တွင် လိုက်ပါခဲ့၏။ ဝဲယာတစ်ဘက်တစ်ချက်တွင် ပွဲလမ်းသဘင်တမျှ ဝိုင်းအုံစီတန်းကြည့်နေကြသော မြို့သူမြို့သားများမှာ အထူးအဆန်း တအံ့တသြဖြစ်နေကြသည်။

"အဲဒါ . . . ဂယာသီသအရပ်ကိုသွားတာ၊ ဂယာသီသမှာ ရှင် ဒေဝဒတ်အတွက် အဇာတသတ်ကိုယ်တော် ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းတိုက်ကြီးက ဟည်းလို့လေ . . . "

"ရှင်ဒေဝဒတ်ဟာ ဘယ်လောက်ဘုန်းကြီးသလဲ . . . ကြည့်စမ်း၊ ကိုယ်တိုင် မြို့ထဲရပ်ထဲထွက် ဆွမ်းခံရတာမဟုတ်ဘူး၊ မင်းသားကိုယ်တိုင် ရထားငါးရာနဲ့ ဆွမ်းအုပ်ငါးရာ ပို့တာ"

"မင်းသားကိုယ်တော်တိုင် ဆွမ်းအုပ်ပို့တာဆိုတော့ ထွက်တော်မူအခမ်းအနားတစ်ခုလို ဖြစ်နေတာပေါ့နော် . . . ကြည့်ပါဦး . . . ကြီးကျယ်ခမ်းနားလိုက်တာ"

"အံမာ . . . ဒါက နံနက်ပိုင်း ဆွမ်းအုပ်ပို့တာပဲ ရှိသေးတယ်၊ ညနေပိုင်းကျတော့ အဇာတသတ်ဟာ ရှင်ဒေဝဒတ်ဆီကို အဖူးအမြော်ဝင်ဖို့ တစ်ခေါက်သပ်သပ် ထွက်သေးတာတလား"

"ရှင်ဒေဝဒတ် ဘုန်းကြီးလိုက်တာနော် . . . ဝေဠုဝန်ကျောင်းတော်

www.foreverspace.com.mm

မှာ သိတင်းသုံးတဲ့ မြတ်စွာဘုရားတောင်မှ ဒီလောက် လာဘ်ပေါများမယ် မထင်ဘူး”

“ဟော့ ဟော့ . . . အဲသလိုတော့ နှိုင်းယှဉ်မပြောပါနဲ့ကွယ်ရို့ . . . ရှင်ဒေဝဒတ်ကိုကြည့်ရတာ တစ်မျိုးပဲ၊ ဗုဒ္ဓမြတ်စွာထံမှာ တခြားသံဃာတော်ကြီးများနဲ့ အတူမနေဘဲ သီးခြား ခွဲထွက်လာတာကိုက တစ်မျိုးကြီး။ ဘယ်လို တစ်မျိုးကြီးလဲဆိုတာသာ မသိတာ”

“ဘာပဲဖြစ်ဖြစ် ရှင်ဒေဝဒတ် ဘုန်းကြီးတာတော့ အမှန်ပဲလေ”

“အင်း . . . ဘုန်းကြီးတာတွေ မကြီးတာတွေ အပထား . . . တို့များ ရာဇဂြိုဟ်ပြည်မှာ အခုလို နှစ်ဂိုဏ်းနှစ်ပက္ခ ဖြစ်နေတာတော့ မတော်လှပေဘူး”

အမြော်အမြင်ရှိသူအချို့က စိုးရိမ်မကင်း ဆိုကြ၏။

“ဘယ်လိုနှစ်ဂိုဏ်းနှစ်ပက္ခ ဖြစ်နေတာလဲ”

“ကြည့်လေ . . . ခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးက ဗုဒ္ဓမြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်တယ်၊ ဝေဠုဝန်ဝိဟာရမှာ ဘုရားရှင်နဲ့ တကွ ရဟန်းတော်များ သိတင်းသုံးနေတော်မူကြတယ်။ သားတော် အဇာတသတ်က ဂယာသီသကျောင်းက အရှင်ဒေဝဒတ်ကို ကိုးကွယ်တယ်။ ကိုင်း. . အဖေနဲ့သား ဆရာကိုယ်စီ ဖြစ်မနေဘူးလား”

“ဟုတ်ပါရဲ့နော် . . . ဒါ သိပ်ကောင်းတဲ့ အလားအလာတော့ မဟုတ်ဘူး”

“နေပါဦး . . . ကျုပ်တို့ရဲ့ ဘုရင်မင်းမြတ်က သူ့သားတော်ကို မစည်းရုံး မသိမ်းသွင်းနိုင်ဘူးတဲ့လား”

“မစည်းရုံး မသိမ်းသွင်းနိုင်တာ မဟုတ်ဘူး။ စည်းရုံးသိမ်းသွင်းဖို့ကို စိတ်မကူးတာ . . . မင်းကြီးက သားတော်ကို အင်မတန် ချစ်တာကလား၊ ပြီးတော့ မင်းကြီးကပြောသတဲ့ . . . သားတော်အနေနဲ့ ကျောင်းဆောက်လှူတာ၊ ဆွမ်းအုပ်ပို့တာတွေဟာ ကောင်းမှုကုသိုလ်ကိစ္စတွေပဲတဲ့၊ ကိုးကွယ်ဆည်းကပ်တယ်ဆိုတာ အကုသိုလ်မှ မဟုတ်ဘဲ၊ သူမြတ်နိုးရာကို လွတ်လပ်စွာ ကိုးကွယ် ဆည်းကပ်ပါစေတဲ့လေ . . .”

“ဟာ . . . ဒီနေရာမှာတော့ ကျုပ်တို့မင်းကြီး လျော့လွန်းပြီထင်





www.foreverspace.com.mm

တယ်ဗျာ . . . ရှင်ဒေဝဒတ်ဆိုတာက ကောသမ္ဗီပြည်မှာတုန်းကတည်းက မြတ်စွာဘုရားကို မကျေမနပ် အာဃာတဖွဲ့ပြီး သီးခြားတစ်စင် ထူထောင်ခဲ့တယ် ဆိုလား”

“ရှူး . . . တိုးတိုးပြော ရောင်းရင်း . . . ရှင်ဒေဝဒတ်နဲ့ ပတ်သက်ပြီး ဘာမှ ဝေဖန်လား၊ သုံးသပ်လား မလုပ်ပါလေနဲ့၊ သူ့ကိုယ်နှိုက်ကလည်း တန်ခိုး ဣဒ္ဓိပါဒ်နှင့်၊ ပြီးတော့ ဘုရင့်သားတော်ရဲ့ ဆရာနော် . . .”

“ခက်တော့ ခက်နေပါပြီ ကရို့ . . .”

❊ ❊ ❊

အဇာတသတ်မင်းသားကိုယ်တိုင် ရထားငါးရာဖြင့် နံနက်ဆွမ်းအုပ်ပို့ တစ်ခေါက်၊ ညနေ အဖူးအမြော်ဝင် တစ်ခေါက် ဂယာသီသကျောင်းတိုက်သို့ လာရောက်သည်ဆိုသောသတင်းမှာ တောမီးပမာပျံ့နှံ့သွား၏။ ထိုတောမီး၏ အလျှံများအတွင်းသို့ လောင်စာများလည်း အများအပြား ဝင်ရောက်လာကြသည်။

ရှင်ဒေဝဒတ်သည် တစ်ညနေတွင် အဇာတသတ်ကို ဆီးကြိုနှုတ်ဆက်ရင်း အားပါးတရ စကားဆို၏။

“ငါ့ရဲ့ ဘုန်းရိပ်နဲ့ မင်းသားရဲ့ အာဏာရိပ်တို့ဟာ အချိန်တိုတိုအတွင်းမှာ အကျယ်ပြန့်ကြီး ကျယ်ပြန့်သွားပြီ၊ ဒါကို သိရဲ့လား . . .”

ဆရာအရှင်၏စကားကို မိမိ နားမလည်သဖြင့် ဆက်ပြောမည့်စကားကိုသာ လမ်းခင်းပေးလိုက်သည်။

“ဘယ်လိုကျယ်ပြန့်သွားတာလဲ အရှင်”

“ငါ့ကျောင်းတိုက်မှာ အခု နေ့စဉ်နဲ့အမျှ ရဟန်းတွေ ခိုဝင်လာကြတယ်လေ၊ ကြာရင် ဝေဠုဝန်မှာ ဗုဒ္ဓနဲ့ သူ့ရဲ့ သာဝကကြီးတွေလောက်ပဲ ကျန်ရစ်မှာတောင် စိုးရတယ်”

မိမိ နေ့စဉ် ပို့လွှတ်သော ဆွမ်းအုပ်ငါးရာတို့မှာ စားမကုန် သုံးမကုန် အလျှံပယ်ဖြစ်နေသောကြောင့် ရဟန်းများ တသဲသဲ ရောက်ရှိလာကြကြောင်း၊ ထိုရဟန်းများမှာ သာသနာတော်၌ သက်ဝင်ယုံကြည်ခြင်းထက် ဆွမ်းလာဘ်

ပသကာ ပေါပေါများများ အသင့်ရရှိခြင်းကြောင့် ခိုဝင်လာကြခြင်း ဖြစ်ကြောင်းကို အဇာတသတ် မသိခဲ့။

မိမိ၏ ဆရာအရှင်၌ နောက်လိုက်နောက်ပါတွေ တိုးပွားလာခြင်း၊ မိမိ ဆောက်လုပ်လှူဒါန်းထားသော ဂယာသီသကျောင်းတိုက်ကြီး စည်ကားဖွံ့ဖြိုးလာခြင်းကိုသာ တွေးမိပြီး အားရကျေနပ်နေမိ၏။

တစ်ချိန်တည်းမှာပင် ရာဇဂြိုဟ်၏ ဥပရာဇာဖြစ်သော မိမိသည် သာမန် ဘုရင့်သားတော်တစ်ပါး မဟုတ်မူဘဲ ထိုက်ထိုက်တန်တန်ကြီး အလုပ်တစ်ခု လုပ်ပြနိုင်ပါပြီကောဟူ၍ နှစ်ထောင်းအားရ ဖြစ်မိသွား၏၊ ဤတွင် မိမိ၏ အရေးပါ အရာရောက်မှု၊ ကြီးကျယ်မှု၊ လူအပေါင်းတို့၏ အာရုံစိုက်ခံရမှုတို့အတွက် ရေသောက်မြစ်သဖွယ် ဖြစ်ပေသော ဆရာအရှင်ဒေဝဒတ်၏ ကျေးဇူးဂုဏ် ဘုန်းတန်ခိုးတို့ကို ပို၍ ကြည်ညိုမိလာလေသည်၊

မိမိ၏ အတ္တဖွံ့ဖြိုးမှုအတွက် အရှင်ဒေဝဒတ်သည် ပင်မ အားကိုးအားထားရာကြီးပါတကား။

"မင်းသားရဲ့ခမည်းတော်ကြီးကော ကျန်းမာပါစ"

ဆရာအရှင်ကို ကြည်ညိုရသည့် အကြောင်းများထဲတွင် ဤအချက်သည်လည်း အဓိကကျသောအချက်ဖြစ်၏။ အရှင်သည် အမြဲတစေပင် ခမည်းတော်ကြီး၏ ကျန်းမာရေး၊ နေထိုင်လှုပ်ရှားမှုများကို သတိတရ မေးမြန်းတတ်လေသည်။

"အသက်အရွယ်နဲ့မမျှ ကျန်းမာစွာရှိပါတယ် အရှင်ဘုရား"

"သူက ဗုဒ္ဓရဲ့တပည့်ဖြစ်နေတော့ ငါ့တပည့်ဖြစ်နေတဲ့ သင့်ကို ဘာမှ မပြောဘူးလား"

ဆရာအရှင်စကားလုံးများမှာ ဤသို့ပင် ရုတ်တရက် မဖြေနိုင်သော မေးခွန်းများဖြစ်နေတတ်၏။ ဆရာအရှင်သည် စကားကို အနက်အမျိုးမျိုး ထွေပြားစွာ၊ ဆန်းကြယ်စွာ၊ ခမ်းနားစွာ ပြောတတ်ပေစွ။

အလွယ်ဆုံးပင် ဖြေလိုက်၏။

"ခမည်းတော်က ဘာမှမပြောပါဘူး အရှင်ဘုရား။ အရှင့်လို ပုဂ္ဂိုလ်မြတ်တစ်ပါးကို တပည့်တော်က ခုလို ဆည်းကပ်ကိုးကွယ်တဲ့ကိစ္စမှာ ခမည်းတော် ဘာမှပြောစရာလည်း မရှိပါဘူးဘုရား"





"အင်း . . . သင်တို့ကတော့ ဖအေနဲ့ သားပေကိုး"

ဆရာအရှင့်မျက်လုံးများ အနည်းငယ် ရီဝေသွားသည်ဟု ထင်မိ၏။

"ဖအေနဲ့သားအကြားက မေတ္တာနားလည်မှု၊ ခွင့်လွှတ်မှု၊ အင်း . . . ဒါ သဘာဝကျပါတယ်၊ ညီအစ်ကိုတို့ သမီးယောက်ဖတို့ကြားမှာတော့ နားလည်မှုတွေက လျော့ရဲတတ်တယ်၊ အဲ . . . မလိုရင် မလိုသလို ဖိနှိပ်ချိုးဖဲ့တတ်တယ်"

"အရှင်ဘုရား . . . ဘာကို ဆိုလိုပါသလဲဘုရား"

"ဂေါတမဗုဒ္ဓလေ . . . သင်သိသားပဲ၊ ယသော်ဓရာနဲ့ ပတ်သက်ပြီး သူနဲ့ငါက သမီးယောက်ဖ တော်စပ်တာ၊ သူက ငါ့ကို ဖိနှိပ်ချိုးဖဲ့ခဲ့တယ်။ ထားပါတော့လေ . . . ဒါက မင်းသားနဲ့မဆိုင်ပါဘူး၊ အင်း . . . အင်း . . . သင့်ခမည်းတော်ကြီး ကျန်းမာချမ်းသာ အနာကင်းတယ်ကြားရတာ ငါ ဝမ်းသာတယ်"

ဆရာအရှင်ကို တိုး၍ ကြည်ညိုမိပြန်၏။ အရှင်သည် သူ့အား ဖိနှိပ်ချိုးဖဲ့ခဲ့သည်ဆိုသော မြတ်စွာဘုရားအား ဆည်းကပ်ကိုးကွယ်နေသည့် ခမည်းတော်ကြီးကို မေတ္တာထားနိုင်သူပေပင်။

သို့သော် ထိုနေ့ညဦးချမ်းအချိန်၊ ဂယာသီသမှ အပြန်ခရီးတွင် ရထားထက်၌ လိုက်ပါရင်း ဆရာအရှင်၏ ရီဝေသွားသော မျက်လုံးများနှင့် "အင်း. . . သင်တို့ကတော့ ဖအေနဲ့သားပေကိုး" ဟူသော ညည်းသံလိုလို စကားလုံးများကို ပြန်အမှတ်ရမိနေ၏။ ဆရာအရှင်၏ စိတ်နှလုံး ညိုးငယ်မှုမှာ မိမိ၏ ညိုးငယ်မှုပင်ဖြစ်လေသည်၊ ခမည်းတော်မင်းကြီး ကိုးကွယ်ဆည်းကပ်နေသော ဂေါတမမြတ်စွာဘုရားသည် မိမိ၏ ဆရာအရှင်အပေါ်၌ မည်သို့ ဖိနှိပ်ချိုးဖဲ့ခဲ့လေသနည်း၊ ဆရာအရှင် မည်သို့ ခံစားခဲ့ရသနည်း။

ရထားမောင်းသူ၏ ကြာပွတ်သည် မြင်းဖြူကြီးများ၏ ကျောထက်သို့ ရွှမ်းခနဲ ရွှမ်းခနဲ မှန်မှန်ကျရောက်နေ၏၊ စင်စစ်မူ လိမ္မာသော မြင်းဖြူကြီးများသည် ကြာပွတ်ကို မလိုအပ်တော့၊ ရထားမောင်းကလည်း လေထဲတွင်သာ ဝှေ့ရမ်းအသံပေးခြင်းဖြစ်၏။ မိမိအဖို့မှုကား ဆရာအရှင်ဒေဝဒတ်သည် မြတ်စွာဘုရား၏ တစ်စုံတစ်ခုသော ကြာပွတ်သံအောက်တွင် မခံချည့်မခံသာ ဖြစ်နေရှာပေမည်ဟု တွေးမိရင်း စိတ်မကောင်းဖြစ်နေမိလေသည်။



www.foreverspace.com.mm

www.foreverspace.com.mm

ဆရာ၏ ဝေဒနာကို တပည့်ဖြစ်သူ သိရအောင် စုံစမ်းကြည့်မည် စိတ်ကူးလိုက်၏။ ဆရာအရှင်သည် မတော်မတရား အစော်ကားခံခဲ့ရသည်လား၊ တန်ခိုးအဘိညာဏ်ဖြင့် ပြည့်စုံသော ဆရာအရှင်သည် အခြားသူများ၏ မနာလိုမုန်းထားခြင်းကို ခံခဲ့ရသည်လား။ ဆရာအရှင်ကတော့ သူ့စကားလုံးများကို ထောက်ရှုလျှင် ဘာမှပြောမည်မဟုတ်၊ ဆရာသည် သည်းခံနိုင်အားကြီးသူ ဖြစ်ချိမ့်မည်။

ဆရာသည် မြင့်မြတ်ပေစွ။

မိမိဘာသာမိမိ သိအောင် စုံစမ်းကြည့်မည်ဟု ကြံလိုက်သောအခါ ရုတ်ခြည်း ခေါင်းထဲပေါ်လာသည့် မျက်နှာမှာ ဆရာဇီဝက၏ မျက်နှာဖြစ်၏။ ဆရာဇီဝကသည် မြတ်စွာဘုရားနှင့် ကျွမ်းနီးသူ၊ ဝေဠုဝန်ဝိဟာရတွင် ရဟန်းတော်များအား ဆေးဝါးကုသပေးခြင်းဖြင့် အဝင်အထွက်ရှိသူ၊ ထို့ပြင် ဆရာဇီဝကသည် လေးစားယုံကြည်ထိုက်သော ဥပမိလက္ခဏာနှင့် ပြည့်ဝသူလည်း ဖြစ်သည်၊ ခမည်းတော်ကိုယ်တိုင်ကပင် သမားတော်အဖြစ်နှင့်သာမက ကိုယ်ရေးကိုယ်တာကိစ္စများကိုပါ ဆွေးနွေးအားထား တိုင်ပင်ရသူဖြစ်သည်။

နန်းတော်ပြန်ရောက်လျှင် ဆရာဇီဝကနှင့် တွေ့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

❊ ❊ ❊

ဖြူစင်ရှင်းသန့်သောမျက်နှာထက်မှ မျက်လုံးအိမ်များသည် ခါတိုင်းလိုပင် စူးရှတောက်ပနေကြ၏။ ဆရာဇီဝကကို ကြည့်လိုက်လျှင် အမြဲတစေပင် တည်ငြိမ်သန့်စင်နေသည်။ လူနာများအတွက် ယုံကြည်အားထားထိုက်သော ရုပ်လက္ခဏာက ဆရာဇီဝကထံတွင် အထင်းသားပေါ်နေသည်၊

အဖြူဆွတ်ဆွတ် ကိုယ်ကြပ်နှင့် အပြာနုရောင် ဝတ်ရုံသင်တိုင်းတို့က ဆရာဇီဝက၏ သန့်စင်ခြင်းနှင့် နူးညံ့ခြင်းကို ဖော်ပြနေ၏။ ထူထဲ ဖြောင့်စင်းသော မျက်ခုံးအစုံ အလယ်မှာ နှာရောင်အထက်တွင်မူ ဝေဒနာသည်တို့၏ ရောဂါဝေဒနာတို့ကို အမြဲလိုလို တွေးဆချင့်ချိန်နေရခြင်းကြောင့် ဖြစ်မည်ထင်သည်၊ အရေးအကြောင်းလေးများ ပေါ်လွင်နေ၏။





www.foreverspace.com.mm

ဆရာဇီဝကသည် ဘာမှမပြောသေးဘဲ မိမိ၏လက်တွင်းမှ ငွေခွက်ကို ကြည့်နေသည်၊

"အရှင့်သား . . . မေးတဲ့ကိစ္စတွေ မပြောခင်မှာ ခုလောလောဆယ် လုပ်စရာကတော့ အရှင့်သားလက်ထဲက သရက်အဖျော်ရည်အစား သဘော်သီး စိတ် မှည့်မှည့်လေးတစ်စိတ်ကို ပြောင်းလဲစားလိုက်စေချင်တယ်။ ဥတုရာသီနဲ့ နက္ခတ်အရ ခုလို အချိန်ညဦးပိုင်းမှာ သရက်အဖျော်ရည်ကို မသုံးဆောင်သင့်ပါဘူး။ သဘော်သီးမှည့်မှည့်လေး တစ်စိတ်လောက်ပဲ သုံးဆောင်သင့်တယ်"

သမားတော်တစ်ယောက်၏ အသိဖြင့် အမြဲ နိုးကြားနေတတ်သော ဆရာဇီဝကကို သဘောကျသွား၏။ ရုံရွေတစ်ယောက်အား သရက်ဖျော်ရည်ကို ပြန်ယူသွားရန်၊ သဘော်သီးမှည့်တစ်စိတ် ယူလာခဲ့ရန် အမိန့်ပေးလိုက်ရ၏။

"နောင်ကြီးဇီဝကကော ဘာသုံးဆောင်မလဲ"

"ရေအေးအေးတစ်ခွက်ပဲပေးပါ အရှင့်သား"

"နောင်ကြီးက ရေအေးအေးပဲ သောက်လေ့ရှိသလား"

ဆရာဇီဝက ပြုံးသည်။

"ဟုတ်ပါတယ် . . . အလေ့အကျင့်လည်း ဖြစ်နေတယ်၊ ပြီးတော့ အရှင့်သားမေးထားတဲ့ မေးခွန်းတွေကလည်း ရင်ပူစရာဖြစ်နေလို့ ရင်အေးအောင် ရေသောက်ထားနှင့်ရမှာ"

"ဟုတ်လား . . . အရှင်ဒေဝဒတ်၏အကြောင်း ပြောရမှာက ရင်ပူစရာလား"

"ပြဿနာဖြစ်ခဲ့တာတွေကို ပြန်ပြောရမှာဆိုတော့ ရင်အေးစရာ မဟုတ်ဘူးလေ"

မိမိ၏ဆရာ၌ မည်မျှအထိ ပူလောင်စရာဖြစ်ခဲ့သနည်းဟု စိတ်လက်မသာ ဖြစ်သွားလေသည်။ ဆရာဇီဝကသည် ငွေခွက်ထဲမှရေကို တစ်ကျိုက်ကျိုက် သောက်ချလိုက်ပြီးနောက် ပဝါဖြင့် နှုတ်ခမ်းများကို တို့လိုက်၏။

"အရှင်ဒေဝဒတ် ဘာဖြစ်ခဲ့သလဲတဲ့ . . . အရှင့်သားရဲ့ မေးခွန်းကတော့ တိုတိုလေးပဲ၊ ဒါပေမဲ့ ရှည်ရှည်လျားလျားပြန်ဖြေမှဖြစ်မယ်၊ ပထမဆုံး စရမှာတော့ ဥပါလိနဲ့ သာကီဝင်မင်းသား ခြောက်ဦးတို့ ဘုရားရှင်နောက်ကို လိုက်သွားတဲ့အကြောင်းက စရမှာပဲ . . . သိပ်မကြာလှသေးတဲ့ အချိန်ကပါ"

"ဥပါလိဆိုတာ ဘယ်သူလဲ ဆရာဇီဝက"

"ဆေတ္တာသည်ကြီးတစ်ယောက်ပါ . . . ကပိလဝတ် နန်းတော်ထဲက မင်းသုံးဆေတ္တာသည်ကြီး . . . အခုတော့ သူဟာ အရှင်ဥပါလိမထေရ် ဖြစ်နေပါပြီ"

ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ သာကီဝင်မင်းသားများနှင့်အတူ လိုက်ပါသွားသော ဥပါလိဆေတ္တာသည်။ ထို့နောက် ထိုအချိန်က သာကီဝင်မင်းသားတစ်ပါးဖြစ်သော အရှင်ဒေဝဒတ္တ၊ ကပိလဝတ်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်ပြီး သာကီဝင်မင်းသားတစ်ထောင်တို့သည် အနုပိယ သရက်ပင် ဥယျာဉ်သို့ လိုက်ပါသွားကာ ရဟန်းပြုကြသည့်အကြောင်း။ ဤတွင် ဒေဝဒတ္တ အပါအဝင် မင်းသားခြောက်ဦးတို့လည်း နောက်မှ လိုက်ပါခဲ့ကြကြောင်း။ ဤကား ဇာတ်လမ်းအစပင် ဖြစ်လေမည်။

"သူတို့အားလုံး ရဟန်းပြုကြတယ်၊ အရှင်ဘဒ္ဒိယက အဲဒီနှစ်ဝါတွင်းမှာပဲ တေဝိဇ္ဇရဟန္တာဖြစ်တော်မူခဲ့တယ်။ အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုအဘိညာဉ်ရပြီးနောက်မှာ အရဟတ္တဖိုလ် ရောက်ခဲ့တယ်။ အရှင်အာနန္ဒာကတော့ အရှင်ပုဏ္ဏမထေရ်ရဲ့တရားကို ကြားနာရပြီး သောတာပတ္တိဖိုလ်မှာ တည်ခဲ့တယ်။ အဲ . . . အရှင်ဘဂုနဲ့ ကိမိလ မထေရ်တို့လည်း ဝိပဿနာတရား ပွားများကြပြီး အရဟတ္တဖိုလ် ရောက်ခဲ့ကြတယ်"

"အရှင်ဒေဝဒတ်ကတော"

ဆရာဇီဝက ဆုတ်ဆိုင်းဆိုင်းဖြစ်သွားသည်ဟု ထင်လိုက်ရ၏။

အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလ . . . နှင့် အရှင်ဥပါလိ၊ ခမည်းတော်မင်းကြီးနှုတ်မှတစ်ဆင့် ကြားဖူးထားသော အမည်ခွဲများ ဖြစ်သည်။

ယခု ဆရာဇီဝက ပြောသလောက်တော့ အတိအကျမသိခဲ့။ တေဝိဇ္ဇရဟန္တာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်၊ အရဟတ္တဖိုလ် . . . ဤအခေါ်အဝေါ်တွေ၏ အနက်အဓိပ္ပါယ်တို့ကိုလည်း သေသေချာချာမသိ။

ဆရာဇီဝက၏ လေးဖင့်ဆုတ်ဆိုင်းသော အမူအရာကို အားမလိုအားမရဖြစ်လာ၏။ အရှင်ဒေဝဒတ်အကြောင်းကို မေးကာမှ အဘယ့်ကြောင့် စကားအရှိန်တန့်သွားရသနည်း။





"ဆရာဇီဝက အရှင်ဒေဝဒတ်ကကော"

မိမိအသံ အနည်းငယ်မာသွားသည်ကို သိလိုက်၏။

"အရှင်ဒေဝဒတ်ဟာ ပုထုဇဉ်ရဟန်းအဖြစ်နဲ့ လောကီဈာန် အဘိညာဉ် တန်ခိုးတွေကို ရရှိခဲ့တယ်၊ အရှင့်သား . . . ဒါပေမဲ့ သူဟာ အရိယာ မဖြစ်ခဲ့ဘူး"

ပုထုဇဉ် - အရိယာ၊ အဓိပ္ပါယ်သိပ်မရှင်းချင်။

"အရိယာဆိုတာ ဘာလဲ ဆရာဇီဝက"

"အရိယာဆိုတာ . . . အင်း . . . မဖောက်မပြန် မှန်ကန်တဲ့သစ္စာတရားတို့ကို သိသောသူ၊ မဂ်ဖိုလ်ရပြီးသူ၊ မြတ်နိဗ္ဗာန်သို့သွားမည့်သူလို့သာ အရှင့်သား မှတ်ယူလိုက်ပါတော့"

သူရှင်းကာမှပင် ပို၍ ရှုပ်ထွေးလာသည်ဟု ထင်မိပြန်၏။ သည်စကားလုံးတွေကလည်း ခမည်းတော်ဗိမ္ဗိသာရမင်းကြီးထံမှ ကြားနေကျတွေ။ နားမလည်နိုင်တာတွေကို ထပ်မေးလျှင် ပို၍ ရှုပ်ထွေးလာတော့မည်ဟု တွေးကာ လိုရင်းရောက်မည်ထင်သော နောက်ထပ်မေးခွန်းတစ်ခုကို မေးလိုက်သည်။

"အရှင်ဒေဝဒတ်ဟာ လောကီဈာန်အဘိညာဉ်တန်ခိုးတွေ ရခဲ့တယ်လို့ ဆရာဇီဝက ပြောသွားတယ်နော်"

"ဟုတ်ပါတယ်အရှင့်သား . . . ဒါကတော့ သံသယဖြစ်စရာမရှိပါဘူး"

"ကျွန်ုပ်ရဲ့ဆရာဟာ လောကီဈာန်တန်ခိုးရှင် ဖြစ်ခဲ့တဲ့အတွက် ကောင်းကင်မှာ ပျံနိုင်တယ်၊ မြေပြင်အောက် ငုပ်လျှိုးနိုင်တယ်၊ အထူးထူးသော ရုပ်ဆင်းသဏ္ဌာန်တွေကို ဖန်ဆင်းနိုင်တယ်မဟုတ်လား ဆရာဇီဝက"

"ဟုတ်ပါတယ် အရှင့်သား"

"ဒါတွေဟာ အင်မတန်ထူးဆန်းပြီး အင်မတန်ကို အံ့သြကြည်ညိုစရာကောင်းတဲ့ တန်ခိုးတွေ မဟုတ်ဘူးလား ဆရာဇီဝက"

"အရှင့်သား . . . ထူးဆန်းအံ့သြဖွယ်ဆိုတာတွေဟာ တစ်ချိန်ကျရင် နိုးအိသွားတတ်ကြပါတယ်"

ဆတ်ခနဲ လှမ်းကြည့်မိ၏။ ဆရာဇီဝကမှိုသာ အောင့်အည်းထားလိုက်ရခြင်းပင်။ မိမိ၏ အရှင်သခင်ကို သွယ်ဝိုက်နှိမ့်ချသောစကားလုံးမျိုးကို အခြား



www.foreverspace.com.mm

www.foreverspace.com.mm

သူသာပြောသည်ဆိုလျှင် ဤနေရာမှာပင် ဥပရာဇာတို့၏ မင်းမိန့်အာဏာတစ်ရပ်ကို လွှတ်ထုတ်လိုက်မည်ဖြစ်လေသည်။

ဆရာဇီဝကမူကား ပကတိတည်ငြိမ်လျက်ပင်။ သူ၏ ရှင်းသန့်သောမျက်လုံးများကိုကြည့်ကာ ဒေါသမထွက်သာဖြစ်သွား၏။ သို့သော် ဆရာသခင်အတွက်မူ ရင်ထဲတွင် မရှင်းမလင်းရှိနေဆဲ။ ရီဝေသွားသော မျက်လုံးများ ညည်းသံလိုလို စကားလုံးများကို ကြားယောင်မြင်ယောင်နေဆဲ။ "အင်း . . . သင်တို့ကတော့ ဖအေနဲ့သားပေကိုး" ဟူသော ရေရွတ်သံ။ "ဂေါတမဗုဒ္ဓလေ . . . သင်သိသားပဲ၊ ယသော်ဓရာနဲ့ ပတ်သက်ပြီး သူနဲ့ငါက သမီးယောက်ဖ တော်စပ်တာ၊ သူက ငါ့ကို ဖိနှိပ်ချိုးဖဲ့ခဲ့တယ်၊ ထားပါတော့လေ . . ." ဟူသော မြည်တမ်းမှုများ။

ရှင်းရှင်းပြတ်ပြတ်ပင် မေးလိုက်တော့မည်ဟု ဆုံးဖြတ်၏။

"ဆရာဇီဝက . . . ဂေါတမဗုဒ္ဓဟာ ကျွန်ုပ်ရဲ့ဆရာ အရှင်ဒေဝဒတ်ကို ဘယ်တုန်းက ဘယ်လိုများ ဖိနှိပ်ချိုးဖဲ့ခဲ့တာရှိသလဲ"

ဆရာဇီဝ အစဉ်တစိုက် ငြိမ်သက်နေသော ကိုယ်ခန္ဓာသည် မသိမသာ လှုပ်ရှားသွားသည်ဟု ထင်လိုက်ရ၏။ ထို့နောက် သူ၏ နက်မှောင်သောမျက်လုံးကြီးများဆီမှ စူးရှသောအကြည့်များ ကျရောက်လာသည်။ ဤမျက်လုံးမှ ဤအကြည့်မျိုးကား ရောဂါအနာ သည်းနေသော ဝေဒနာရှင်တစ်ယောက်ကို စူးစမ်းလေ့လာသော သမားတော်တစ်ယောက်၏ ရောဂါရှာဖွေသည့်အကြည့်မျိုးဖြစ်သည်။ ဤမျက်လုံးတွေကို မိမိ မကြိုက်။

ဆရာဇီဝက၏အသံ ဖြည်းလေးစွာ ထွက်ပေါ်လာသည်။

"မြတ်စွာဘုရားရှင်ဟာ အရှင်ဒေဝဒတ်ကို ဖိနှိပ်ချိုးဖဲ့ခြင်း ပြုတော်မမူပါဘူး။ လောကသုံးပါးသခင်ဟာ အမိုက်မှောင်ကိုသာ ထွင်းဖောက်ခုတ်ပယ်တော်မူတာပါ အရှင့်သား"

ဆရာဇီဝကနှင့်မိမိတို့နှစ်ဦးအကြား သဘောကွဲလွဲမှုက အထင်အရှားဖြစ်ပေါ်လာပြီဟု နားလည်မိပေပြီ။ သို့သော် သူ၏ တည်ငြိမ်ခိုင်ခံ့သော အသွင်နှင့် ယုံကြည်မှုအပြည့်ဖြင့် တည်ဆောက်ထားသော မျက်နှာထားကိုမူ အလိုလိုပင် ခံ့ညားနေမိသည်။

သဘောထားချင်း မတူစေကာမူ ဂေါတမဗုဒ္ဓနှင့် မိမိဆရာတို့အကြား





www.foreverspace.com.mm

ဘာတွေဖြစ်ခဲ့သလဲဆိုသည်ကိုတော့ ဆရာဇီဝကထံမှသာ သိခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် အောင့်အည်းသည်းခံနေလိုက်၏။ ဆရာဇီဝကသည် သမားတော်တစ်ယောက်၏ ဂုဏဝယဖြင့် ပြည့်စုံသူ၊ သိက္ခာသမာဓိရှိသူဖြစ်ကြောင်းကား စိုးစဉ်းမျှ သံသယဖြစ်စရာမရှိ။ သူသည် သမာသမတ်ကျပြီး လေးနက်တည်ကြည်သူလည်း ဖြစ်ချေသည်။

"ထားပါလေ . . . ကျွန်ုပ်သိချင်တာက ဘာတွေဖြစ်ခဲ့ကြသလဲဆိုတဲ့ အဖြစ်သနစ်ပါပဲ။ ဘယ်သူက ဘယ်သို့ဆိုတဲ့ မှတ်ချက်သဘောထားတွေ မဟုတ်ပါဘူး။ အဖြစ်နစ်ကိုပဲ သိချင်တယ်"

အဖြစ်သနစ်ကတော့ ကောသမ္ဗီပြည်က စခဲ့တယ်လို့ ပြောရလိမ့်မယ် အရှင့်သား။ ဒါဟာလည်း မကြာသေးပါဘူး"

"အင်း . . . ပြောစမ်းပါဦးလေ"

* * *

အပြည့်အစုံသိရတော့မှပင် ဆရာအရှင်ဒေဝဒတ်အတွက် ပို၍ စိတ်မကောင်းဖြစ်ရလေတော့သည်။ ကောသမ္ဗီပြည်မှာ ဖြစ်ခဲ့သည့်ကိစ္စအတွက် ဆရာ၌ အပြစ်မရှိဟု ဆုံးဖြတ်လိုက်သည်။

ကောသမ္ဗီပြည်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူချိန်၌ ကြီးမားများပြားလှစွာသော လာဘ်ပူဇော်သက္ကာရတို့ ဖြစ်ပေါ်ခဲ့သည်။ သင်္ကန်းပစ္စည်း၊ ဆေးနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆောင်ကြဉ်းလျက် လူများစွာတို့သည် ကျောင်းတိုက်အတွင်း ဝင်ခဲ့ကြသည်။

ထိုပရိသတ်တို့သည် ကျောင်းတိုက်အတွင်း လှည့်လည်ကြရင်း မေးမြန်းကြသည်တဲ့ "မြတ်စွာဘုရားရှင် ဘယ်နေရာမှာ သီတင်းသုံးနေပါသလဲ၊ အရှင်သာရိပုတ္တရာ ဘယ်မှာလဲ၊ အရှင်မောဂ္ဂလာန် ဘယ်မှာလဲ၊ အရှင်မဟာကဿပ ဘယ်မှာလဲ၊ အရှင် ဘဒ္ဒိယ ဘယ်မှာလဲ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလ . . . ဘယ်မှာလဲ . . . ဘယ်မှာလဲ"

မဟာသာဝကကြီး ရှစ်ကျိပ်တို့ကို နေထိုင်ရာအရပ်ကို မေးမြန်းစုံစမ်းရင်း ပရိသတ်တို့ သဲသဲလှုပ်ခဲ့ကြသည်။ ဤအထဲတွင် "အရှင်ဒေဝဒတ် ဘယ်မှာ

www.foreverspace.com.mm



လဲ” ဟူသော မေးခွန်းတစ်ခုမျှ မပါ။ မေးသူတစ်ဦးမျှ မရှိ။ သြော် . . . ဆရာ အရှင် မည်သို့ ခံစားရလေမည်နည်း။

ဆရာအရှင်သည်လည်း အရှင်ဘဒ္ဒိယတို့နှင့်အတူပင် ရဟန်းပြုခဲ့သူဖြစ်၏။ သာကီယမင်းမျိုးနွယ်မှ ရဟန်းဘောင်ကူးခဲ့သူလည်းဖြစ်၏။ ပြောကြစတမ်းဆိုလျှင် အရှင်ဒေဝဒတ်သည် ဂေါတမဗုဒ္ဓနှင့် သမီးယောက်ဖပင်တော်စပ်သေးသည်။ သို့စပ်လျက် အခြားသောရဟန်းများအနီးတွင် ပရိသတ်ဖွေးဖွေးလှုပ်နေချိန်၌ ဆရာအရှင်ခမျာ မေးသူမြန်းသူမရှိ ဖြစ်ရရှာသည်။

မြတ်စွာဘုရားသည် ယောက်ဖတော်အရှင်ဒေဝဒတ်အား မချီးမြှောက်ခဲ့ဘူးလား။ ကောသမ္ဗီပြည်သားတို့ကတော့ တန်ခိုးရှင် ဆရာအရှင်ဒေဝဒတ်လိုပုဂ္ဂိုလ်မျိုးကို မေးရမြန်းရ ကြည်ညိုလှူဒါန်းရကောင်းမှန်း မသိကြသူတွေ၊ ဣဒ္ဓိဝိဓ အဘိညာဏ်ကို ရရှိထားသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်၏တန်ဖိုးကို မသိကြသူတွေ။ ထိုမျှသာမက ဆရာအရှင်သည် ဘုရားမှတစ်ပါး သာဝကရဟန်းများအနက်တွင် အဟောအပြောကောင်းလှသူ ဓမ္မကထိကပုဂ္ဂိုလ်။ ဒါကို မသိသားဆိုးရွားကြသော ကောသမ္ဗီသားတွေ။

ယောသိတာရုံ၊ ပါဝါရိကာရုံ၊ ကုက္ကုဋာရုံကျောင်းတော်ကြီးတွေကို ဆောက်လုပ်ရမှန်းသိသော်လည်း ကောသမ္ဗီသားတွေသည် ထိုကျောင်းတော်ကြီးတွေထက်မှာ ထိုက်တန်စွာသီတင်းသုံးမည့် အရှင်ဒေဝဒတ်လို ရဟန်းမြတ်တစ်ပါးကို မသိကြသူတွေ၊ ဆရာအရှင်အတွက် မခံချည့်မခံသာ ဖြစ်လာ၏။

သည်အထဲတွင် ပို၍နာစရာကိစ္စတစ်ခုကို ကြားရပြန်၏။

ကောသမ္ဗီပြည် ကျောင်းတိုက် မဏ္ဍသဘင်၌ ထိုညဥ့်က ဆရာအရှင် မတက်ခဲ့။ ဆရာအရှင်မတက်ခဲ့ဖြစ်သော ထိုမဏ္ဍသဘင်၌ မြတ်စွာဘုရားသည် ကျေးဇူးတရားကို ဖော်ကားသော ဒုတိယမက္ကဋဇာတ်ကြောင်းကို ဟောတော်မူခဲ့သည်တဲ့။ ကျေးဇူးမသိတတ်သော မျောက်သည် အရှင်ဒေဝဒတ်၏ ရှေးဘဝတစ်ခုတဲ့။

နောက်တစ်နေ့နံနက်တွင် ကောသမ္ဗီမှ ရဟန်းသံဃာတို့အလယ်မှ ဆရာဒေဝဒတ်၏ ပျောက်သွားခြင်းမှာ အဆန်းမဟုတ်၊ ဤအရာ၌ ဆရာအရှင် လုံးဝ မှန်သည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

ဆရာဇီဝက၏စကားကို ကြားပြီးနောက် အရှင်ဒေဝဒတ်အပေါ်



www.foreverspace.com.mm



ကြည်ညိုခြင်း၊ စာနာခြင်းတို့မှာ ပို၍ တိုးလာ၏။ ဤသို့သော အရှင်မြတ်အတွက် ဂယာသီသတွင် မိမိကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းဖြစ်ခြင်းအတွက်မူ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

“အခုတော . . . ကျွန်ုပ်ရဲ့ဆရာ အရှင်ဒေဝဒတ်နဲ့ ပတ်သက်ပြီး ရာဇဂြိုဟ်မှာ ဘယ်သူတွေက ဘာတွေပြောနေကြသေးသလဲ . . . ဆရာဇီဝက”

ဆရာဇီဝက၏ လေးနက်သောမျက်နှာတွင် အပြုံးရိပ်တစ်ခု ပေါ်လာ၏။

“အရှင့်သား . . . ကျွန်ုပ်က လူတွေရဲ့ကိုယ်ခန္ဓာအတွင်းအပမှာ ဖြစ်တဲ့ ရောဂါဝေဒနာတွေကိုသာ စိတ်ဝင်စားတတ်သူပါ၊ လူတွေပြောကြဆိုကြတဲ့ စကားလုံးတွေ၊ အဲဒီစကားတွေရဲ့ နောက်ကွယ်က သဘောထားတွေကို စိတ်လည်း မဝင်စားပါဘူး၊ ရောဂါလည်း မရှာဖွေပါဘူး၊ ကုသဖို့လည်း မရည်ရွယ်ပါဘူး”

စကားပြော လိမ္မာကျွမ်းကျင်သော သမားတော်ပါပေ။

“အင်းလေ . . . ရာဇဂြိုဟ်ဟာ ကောသမ္ဗီလောက်တော့ မမိုက်မဲဘူးလို့ ကျွန်ုပ်လည်း ယုံချင်ပါတယ်၊ အခုတော့လည်း ဂယာသီသက ကျောင်းတိုက်ကြီးမှာ ကျွန်ုပ်ရဲ့ ဆရာအရှင်ထံ တဖွဲဖွဲ ခိုဝင်လာတဲ့ ရဟန်းတွေနဲ့ စည်ကားလာတာကို ဆရာဇီဝက တွေ့မှာပေါ့ . . . လူတွေဟာ ဒီလိုပါပဲ၊ ကျွန်ုပ် ကိုယ်တိုင် ကိုးကွယ်တယ်ဆိုတော့လည်း ရာဇဂြိုဟ်သားတွေ ဘာပြောလို့ရဦးမှာလဲ . . . ဟင်း . . ဟင်း . . . ပြောရင်လည်း . . .”

စကားကို အဆုံးမသတ်ဘဲ ထားလိုက်၏။ ဆရာဇီဝကသည် ထိုင်ရာမှ ထ၍ ဝတ်ရုံစကို သိမ်းလိုက်လေသည်။

“တစ်ခုတော့ အရှင့်သားကို စကားလက်ဆောင်ပေးခဲ့ပါရစေ”

“ဘာပါလိမ့် ဆရာဇီဝက . . .”

“အရှင်မောဂ္ဂလန် ကိုယ်တော်မြတ်ကြီးထံက နာယူခဲ့ရတဲ့တရားပါ၊ အရှင်မြတ်ကြီးကလည်း မြတ်စွာဘုရားရှင် ဟောကြားတော်မူတာကို နာကြားခဲ့ရတာပါ”

“အဲဒါဟာ ကျွန်ုပ်နှင့် ပတ်သက်နေလို့လား”

“ဒါတော့ အရှင့်သားကိုယ်တိုင် စဉ်းစားဖို့ပါပဲ။ ဒီနေရာမှာ ဇီဝကဆို

ရတနာပုံစာအုပ်တိုက်

www.foreverspace.com.mm

တဲ့ ကျွန်ုပ်ဟာ သမားတော်တစ်ဦးအဖြစ်သာမက အရှင့်သားရဲ့အကျိုးကို လိုလားတဲ့ မိတ်ဆွေကောင်းတစ်ဦးအဖြစ်နဲ့လည်း စကားလက်ဆောင် တစ်ဆင့် ပါးတယ်လို့ မှတ်ယူစေချင်ပါတယ်။

"ပြောပါဦး ဆရာဇီဝက . . . သင်ဟာ ကိုယ်တွင်းကိုယ်ပ ရောဂါသာမကဘဲ စိတ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကိုပါ အကြံဉာဏ်ကောင်း ပေးနိုင်သူပါ၊ ကျွန်ုပ် သဘောပေါက်ပါတယ်"

"ကျွန်ုပ်ကို ဒီလိုအသိအမှတ်ပြုလို့ ဝမ်းသာလှပါတယ်၊ အင်း . . . ပါးရမယ့် စကားလက်ဆောင် တရားဓမ္မကတော့ . . ."

လေးနက်တည်ကြည်မှုကို ပြန်၍ ဆောင်သွားပြန်၏။

"မြတ်စွာဘုရားရှင်က အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးကို မိန့်မြွက်တော်မူပါတယ်၊ အဲဒါကတော့ ဤလောကမှာ အပူဇော်ခံဆရာ ငါးမျိုးရှိပါသတဲ့။ တစ် . . . အကြင်ဆရာသည် မိမိ၌ စင်ကြယ်သောသီလမရှိပါဘဲ ရှိဟန်ဆောင်တယ်၊ သူတစ်ပါးအား ကဲ့ရဲ့ရှုတ်ချပြီး မိမိသာ သီလရှိသူလို့ ဝန်ခံကာ အခြွေအရံများအောင်၊ အလုပ်အကျွေးများအောင် သွေးဆောင်ဖြားယောင်းခြင်း ပြုပါတယ်၊ အဲဒါကတစ်မျိုးပါ"

"နှစ် . . . အကြင်ဆရာသည် မိမိ၌ စင်ကြယ်သော အသက်မွေးမှု မရှိပါဘဲ ရှိဟန်ဆောင်တယ်။ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချပြီး ဖြူစင်မြင့်မြတ်သော အသက်မွေးမှု ငါ့မှာရှိတယ်လို့ ဝန်ခံပြီး အပူဇော်ခံတယ်၊ ဒါကတစ်မျိုး"

ဆရာဇီဝက၏ စကားသံများက မိုးသီးမိုးပေါက်များနှယ်၊

"သုံး . . . အကြင်ဆရာသည် မိမိ၌ မစင်ကြယ်သော အယူဝါဒ တရားဒေသနာရှိပါလျက် စင်ကြယ်သော အယူဝါဒ ရှိဟန်ဆောင်တယ်။ သူတစ်ပါးအား ကဲ့ရဲ့ရှုတ်ချပြီး ငါ့မှာသာ မှန်ကန်မွန်မြတ်သော တရားဒေသနာ ရှိတယ်လို့ ဝန်ခံပြီး အပူဇော်ခံတယ်"

"လေး . . . အကြင်ဆရာသည် မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိပါလျက် စင်ကြယ်သောဉာဏ်အမြင်ရှိ၏လို့ ဝန်ခံပြီး အခြွေအရံများအောင် သွေးဆောင်ဖြားယောင်းတယ်"

"ငါ . . . အကြင်ဆရာသည် မစင်ကြယ်သော ဗျာကရုဏ်းသင်ခြင်း ရှိပါလျက် စင်ကြယ်သောဗျာကရုဏ်းသင်ခြင်း ငါ့မှာရှိ၏လို့ ဝန်ခံပြီး အခြွေအရံ





www.foreverspace.com.mm

များအောင် သွေးဆောင်ဖြားယောင်းတယ်။ အဲဒီလို ဆရာမျိုးတွေ ရှိတတ်ပါတယ်တဲ့။ ဒီလိုဆရာမျိုးတွေကို တပည့်လုပ်သူတွေကပဲ ကိုယ့်ဆရာဟာ မည်သို့သောဆရာမျိုးလဲဆိုတာ ဆင်ခြင်ကြည့် သိသာနိုင်ပါတယ်တဲ့"

ဘာကြောင့်မှန်းမသိ။ ဆရာဇီဝက၏ စကားလုံးတွေကို နားထောင်ရင်း မအီမသာကြီး ဖြစ်လာလေသည်။

"ဒီလိုသိတဲ့အခါမှာ အရှိအသေတန်ရုံမျှမက အများတကာ ကဲ့ရဲ့မှုကိုလည်း ခံရတတ်ပါတယ်တဲ့"

ဆရာဇီဝကသည် စကားကို တိခနဲ ရပ်ကာ ဦးညွှတ် အရိုအသေပြုလျက် ထွက်သွား၏။

အေးစက်တောင့်တင်းလျက် မလှုပ်မရှား ကျန်ရစ်ခဲ့သည်၊

ဤစကားတို့သည် မြားတံများဆိုပါလျှင် ယင်းတို့၏ စက်ဝန်းပစ်ကွင်းသည် အဘယ်နည်း။ မြတ်စွာဘုရားက အရှင်မောဂ္ဂလာန်ကို မိန့်မြွက်တော်မူသောစကားတွေဟု ဆိုသည်။ ဂေါတမဗုဒ္ဓသည် အဘယ်ကို ရည်ညွှန်းလေသနည်း။

ရင်ထဲမှာ ရှုပ်ထွေး၍သွားသည်ကတော့ အမှန်ပင်။

တစ်ဖက်ကလည်း ဆရာအရှင်ဒေဝဒတ်အပေါ် ကြောက်ရွံ့ခုံညားစိတ်၊ သူ၏ တန်ခိုးဣဒ္ဓိပါဋိဟာရိယများအပေါ် အထင်ကြီးစိတ်၊ သူ၏ အဖိနှိပ် အချုပ်ချယ် ခံဘဝကို သနားစိတ်များက ထုထည်အစိုင်အခဲကြီးစွာ ရှိနေပြန်၏။

ယနေ့ည ကောင်းစွာအိပ်စက်ခြင်း မပြုနိုင်တော့မည်မှာ သေချာနေပြီ။

❋ ❋ ❋

ဘာတစ်ခုမှ အပြောင်းအလဲမရှိဟု ထင်ရသည်။ အရာရာတို့သည် နေသားတကျရှိမြဲ ရှိနေကြကာ အကယ်၍ လှုပ်ရှားနေကြသည်ဆိုလျှင်လည်း နန်းမြို့တံခါးမကြီးတွင် တပ်ဆင်ထားသော ဘီးဝင်ရိုးကြီးနှယ် သူ့ပုံမှန်အတိုင်း တိကျစွာ လှုပ်ရှားနေကြ၏။

ရာဇဂြိုဟ်ကောင်းကင်၏ အရှေ့ဆီမှ နေဝန်းထွက်ပေါ်သည်။

အနောက်ဘက်တွင် နေလုံးပျောက်ကွယ်သည်။ နေ့အခါ လင်း၍

www.foreverspace.com.mm

ညဥ့်အခါ မှောင်မိုက်သည်။ မဂဓနိုင်ငံသားတို့သည်လည်း နေ့ခင်းအခါတွင် နိုးထလှုပ်ရှား ရောင်းဝယ်ဖောက်ကားကြပြီး ညဥ့်အချိန်တွင် အိပ်စက်ကြသည်။

နန်းတော်ထဲမှာလည်း ခမည်းတော်မင်းကြီး၏ နံနက်၊ နေ့၊ ညဥ့် ညီလာခံများ အချိန်အလိုက် ကျင်းပသည်၊ မင်းမှုထမ်းတို့ သူ့အရာအလိုက် သူ ခံစားအမှုတော်ထမ်းကြသည်။ ညဥ့်ဦးယံသဘင်တွင် ပန်တျာသည်တို့၏ အတီးအမှုတ် ကခုန်ပွဲ ကျင်းပသည်။

တစ်နေ့ပြီးတစ်နေ့ တစ်ညဥ့်ပြီးတစ်ညဥ့် ဤအတိုင်းသာပင်။ ကရွတ်ခွေပေါ် လျှောက်နေသော ကင်းတစ်ကောင်လို သည်အတိုင်း သည်အတိုင်း အထပ်ထပ်အခါခါ အချိန်မှန်လည်ပတ်လျက်၊

အိမ်ရှေ့ဥပရာဇဖြစ်သော မိမိ၏ ဘဝသည်ကော . . . ။

သည်အတိုင်းပဲဖြစ်၏။

နံနက်ညီလာခံတက်သည်၊ ခမည်းတော်၏ လက်ျာဘက်သလွန်ခုံတွင် ထိုင်ရသည်။ နေ့၊ ရက်၊ လ အမည်တို့သာ အပြောင်းအလဲရှိပြီး အခြားဘာမှ ပြောင်းလဲခြင်းမရှိသော တိုင်းနိုင်ငံအရေး သံတော်ဦးတင်ချက်များကို မှူးမတ်တို့က တင်သွင်းကြသည်။ ခမည်းတော်ကလည်း ထုံးစံအတိုင်း အမိန့်များ ချမှတ်သည်။ ပဏ္ဏာတော်များကို လက်ခံရယူသည်၊ သံတော်ဆင့်အမတ်၏ အသံဝါကြီးက ကြားနေကြအတိုင်း ပုံမှန်ထွက်ပေါ်သည်။

ဥပရာဇတစ်ပါးအနေဖြင့် မိမိသည် ဘာကိုမှလည်း ထွေထွေထူးထူး လုပ်ဆောင်စရာမရှိ။ မဂဓနိုင်ငံတော်ကြီးသည် ပုံမှန်လည်ပတ်လှုပ်ရှားလျက်ရှိသည်။ နန်းမြို့တံခါးဝင်ရိုးဘီးကြီးအတိုင်းပဲဖြစ်သည်၊ မောင်းခလုတ်ကိုဆွဲ၍ လက်တံကို ကိုင်လှည့် တအီအီမြည်လျက် တံခါးကြီးပိတ်သွားမည်။ ပွင့်လာမည်။

ဂယာသီသမှ ကျောင်းတိုက်ကြီးဆီ ဆွမ်းအုပ်အပို့ထွက်သော အခမ်းအနားမှာလည်း ကြာတော့ ရိုးအီလာပြီ။ ရာဇဂြိုဟ်သားတို့ကလည်း အစကနဦးပိုင်းလောက် စိတ်ဝင်တစား မရှိကြတော့၊

စိတ်လှုပ်ရှားစရာဟူ၍ ဘာမှမရှိ။ ဤနန်း၊ ဤအဆောင်၊ ဤဥယျာဉ်၊ ဂယာသီသသို့သွားရာလမ်း၊ မြင်းရထားတပ်၊

ပျင်းရိငြီးငွေ့ဖွယ်နေ့နေ့ညညတို့ကို ထပ်ခါထပ်ခါ ဖြတ်သန်းနေရင်း





www.foreverspace.com.mm

စိတ်လှုပ်ရှားဖွယ်တစ်ခုခုကို တောင့်တမိနေ၏။ ဆရာဇီဝကနှင့် စကားစမြည်ပြောရသည်မှာ စိတ်ဝင်စားစရာကောင်းသော်လည်း ထိုသမားတော်ကလည်း မိမိထံ ဝင်ထွက်ခစားနေရအောင် အချိန်အားရှိသူ မဟုတ်။ ဆရာဇီဝကသည် သူ၏ ဝေဒနာသည်များနှင့်သာ အချိန်ကုန်နေတတ်သူဖြစ်၏။

တစ်ခါတစ်ရံ မိမိငယ်စဉ်က ခမည်းတော်လက်ဆွဲကာ ရောက်ခဲ့ဖူးသော သူဌေးကြီး၏ အိမ်ကို သတိရမိ၏။ သူ့စံအိမ်သည် ယခုအခါဆိုလျှင် အဘယ်မျှ ခမ်းနားထည်ဝါနေပြီလဲမသိ၊ သို့သော် ထိုနေရာသို့သွားရန်လည်း အကြောင်းမပေါ်။ ပျင်းရိငြီးငွေ့ဖွယ် အချိန်ကာလများကို ဖြတ်သန်းနေရ၏။

ဆရာအရှင်ဒေဝဒတ်၏ ဂယာသီသကျောင်းတိုက်ကြီးမှာတော့ ရဟန်းတွေ ပို၍များပြားလာသည်၊ ဆရာအရှင်ကို ကြည့်ရသည်မှာ အမြဲလိုလို လှုပ်ရှားတက်ကြွနေတတ်၏။ မိမိဆွမ်းအုပ်သွားပို့တိုင်းလည်း ပြုံးရွှင်စွာဖြင့် "ခမည်းတော်မင်းကြီး ကျန်းခန့်သာရဲ့ မဟုတ်လားဟေ့" ဟု မေးမြန်းနေကျ။ ပြီးနောက် "အင်း . . . ကောင်းပါရဲ့ . . . ကောင်းပါရဲ့"ဟု ဆိုတတ်စမြဲ။

အရှင်ဒေဝဒတ်တည်းဟူသော တန်ခိုးရှင်ပုဂ္ဂိုလ်ကြီးတစ်ပါးကို ဆည်းကပ်ကိုးကွယ်ဖြစ်နေခြင်း တစ်ခုသာ မိမိဘဝမှာ တစ်ခုတည်းသော အဓိပ္ပါယ်ရှိမှုဟု နားလည်မိ၏၊ ဆရာအရှင်သာ မရှိပါက မိမိ၏ ရာဇဂြိုဟ်ဥပရာဇဘဝသည် လုံးဝ ပကတိခြောက်သွေ့ တိတ်ဆိတ်နေမည်မှာ မုချဖြစ်သည်။ ဤသို့တွေးမိတိုင်း ဆရာအရှင်ကား မိမိဘဝကို အဓိပ္ပါယ်ရှိအောင် ဖန်တီးပေးနိုင်သူပါတကားဟု တိုး၍ ကြည်ညိုမိရလေသည်။

တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သော ရက်လတို့သည် တစ်ခုသောနေ့တစ်နေ့ဆီသို့ ဦးတည်လာနေကြောင်းကိုကား သတိမထားမိ။

ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည်ဟု ထင်မှတ်ခံစားခဲ့ရသော ကာလများသည် ကုန်ဆုံးသွားပြီး လှုပ်လှုပ်ရှားရှားဖြစ်လာသောနေ့တစ်နေ့အား အမှန်ပင်ဖြစ်ပေါ်လာ၏၊ ထိုနေ့ကို စတင်ဖွင့်လှစ်လိုက်သော သတင်းတစ်ခု စံအိမ်နန်းဆီသို့ ရောက်လာ၏။ ထိုသတင်းကား . . .

ဂေါတမမြတ်စွာဘုရား ရာဇဂြိုဟ်သို့ ကြွလာတော်မူပြီဟူသော သတင်းပင် ဖြစ်လေသည်။

❊ ❊ ❊

www.foreverspace.com.mm

ယုံကြည်ခြင်းဆိုတာတော့ ကောင်းစွာ သဘောမပေါက်ချင်။

"အရှင့်ခမည်းတော်ဟာ မြတ်စွာဘုရားထက် ငါးနှစ်ပဲငယ်တယ်။ မြတ်စွာဘုရား သိဒ္ဓတ္ထမင်းသားဘဝ ကပိလဝတ်နန်းစည်းစိမ်ကို စွန့်ပစ်ထွက်ခွာခဲ့စဉ်က အသက်နှစ်ဆယ့်ကိုးနှစ်၊ အဲဒီအချိန်မှာ အရှင့်ခမည်းတော်ကြီးက အသက်နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတယ်။ နန်းစံသက် ကိုးနှစ်အရမှာ သူဟာ ကပိလဝတ်ကနေ ထွက်ခွာပြီး ရာဇဂြိုဟ်ရောက်လာတဲ့ သိဒ္ဓတ္ထနဲ့ စတွေ့ခဲ့ကြတာပေါ့"

အနှစ်သုံးဆယ်ကျော် လေးဆယ်နီးပါးပင် ရှိပါပကောဟု သိလိုက်ရ၏။ ဤမျှ နှစ်ကာလ ရှည်ကြာခဲ့လေသော ရင်းနှီးကျွမ်းဝင်မှု၊ ကိုးကွယ်ဆည်းကပ်မှု ရှိခဲ့မှန်း အတိအကျ သတိမထားမိခဲ့။

"အရှင့်သား ခန့်မှန်းကြည့်နိုင်ဖို့ပါ"

ဆရာဇီဝကသည် ထုံးစံအတိုင်း ရေတစ်ခွက်ကို ခပ်ဖြည်းဖြည်း သောက်ချလိုက်ပြီးနောက် . . .

"သိဒ္ဓတ္ထဟာ ရာဇဂြိုဟ်ကနေ ဥရုဝေလကို သွားခဲ့တယ်။ အာဠာရကာလာမနဲ့ ဥဒ္ဒကရာမ ပုတ္တရသေ့နှစ်ပါးထံမှာ နည်းနိဿယ ခံယူပြီး တရားကျင့်ခဲ့တယ်။ ပြီးတော့ ဥရုဝေလကို ကြွပြီး ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့တယ်။ ဗောဓိပင်ရင်းမှာ သစ္စာလေးပါးတရားကို သိမြင်တော်မူခဲ့ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို ရရှိတော်မူတဲ့အခါ မိဂဒါဝုန်ကို ကြွတော်မူတယ်"

ဆရာဇီဝကသည် ဆေးဆရာနှင့်မတူဘဲ ပုရာဏ်ကျမ်းကို အာဂုံရွတ်ဆိုနေသော လက်ာကဝိကြီးနှင့်တူသည်ဟု ထင်မိ၏။

"မိဂဒါဝုန်ကနေ ဥရုဝေလကိုပဲ ပြန်ကြွလာပြီး အဲဒီကနေ ရာဇဂြိုဟ်ကို ကြွလာတော်မူတယ်။ ရာဇဂြိုဟ် လဋ္ဌိဝနဉယျာဉ်မှာ သီတင်းသုံးနေချိန်မှာ အရှင့်ခမည်းတော်ကြီးဟာ ဗုဒ္ဓမြတ်စွာရှေ့တော်မှောက် ရောက်သွားခဲ့တယ်။ နောက်တစ်နေ့မှာပဲ ဘုရင်မင်းမြတ်ဟာ ဘုရားအမှူးရှိတဲ့ သံဃာများကို ဆွမ်းလုပ်ကျွေးပြီး ဝေဠုဝန်ဉယျာဉ်ကို လှူဒါန်းလိုက်တာပဲ"

ရှည်လျားသော အတိတ်ဖြစ်စဉ်ကြီးကို ထိမိစွာ အတိုချုံးပြောပြသော ဆရာဇီဝက၏ စကားကို နားထောင်ရင်း အရှေ့မြောက်ဘက်ဆီသို့ မျှော်ကြည့်ဖြစ်၏။





www.foreverspace.com.mm

မြူတွေဝေ့နေသော ဂိဇ္ဈကူဋတောင်ကြီးကို မှိုးမှိုးမားမားမြင်နေရသည်။ တောင်ထိပ်ပိုင်းတွင် မြူတွေဆိုင်းနေသော်လည်း တောင်ခါးပန်းလယ်၌မူ နေရောင်တို့ ထွန်းနေကြကာ ပြာလဲ့သော အဆင်းဖြင့် တစ်မျိုးတစ်ဖုံလှနေသည့် ဂိဇ္ဈကူဋတောင်ကြီး။

ဆရာဇီဝကလည်း မိမိအကြည့်ရောက်ရာသို့ လိုက်ကြည့်၏။ ဂိဇ္ဈကူဋတောင်ကြီးသည် အသံမဲ့စကားလုံးတို့ဖြင့် မိမိတို့အား တစ်စုံတစ်ခု လှမ်းပြောနေသယောင်။

"ဂိဇ္ဈကူဋတောင်ပေါ်မှာ ဘုရားရှင် သီတင်းသုံးတတ်တယ်၊ အရှင့်ခမည်းတော်ကြီးဟာ ဘုရားရှင်ကို ဖူးမြော်ဖို့ တောင်ပေါ်တက်တဲ့အခါမှာ စီးလာတဲ့ယာဉ်ပေါ်ကနေဆင်း၊ နောက်ပါ မှူးမတ်ဗိုလ်တွေကိုထားခဲ့ပြီး တစ်ကိုယ်တည်း ရှေ့ဆက်တက်သွားတတ်တယ်၊ အဲဒီလောက် ကြည်ညိုတာ"

ဂယာသီသကျောင်းတိုက် မှခ်ဝရှေ့တွင် ရထားကိုရပ်ကာ ကျောင်းဝင်းထဲသို့ ခြေကျင်ဆက်လျှောက်ခဲ့သော မိမိသည်လည်း အရှင်ဒေဝဒတ်ကို အလားတူပင် ကြည်ညိုတတ်သူပါဟု ပြောမိလုနီး ဖြစ်သွား၏။ သို့သော် ယခုလိုအချိန်တွင် ဆရာဇီဝကပြောသောစကားများကိုသာ နားထောင်နေချင်သည်။

"ဂိရိဗ္ဗဇရဲ့ မြောက်ဘက်မှာရှိနေတဲ့ . . ."

ဆရာဇီဝကသည် ပြောလက်စ စကားကို သူ့ဘာသာသူပင် ရပ်တန့်ပစ်လိုက်၏။ ထို့နောက် ပြုံး၍ -

"ဂိရိဗ္ဗဇဆိုတာ ရာဇဂြိုဟ်ရဲ့ အမည်ဟောင်းလေ . . . အတိတ်ဖြစ်ရပ်တွေပြောရင်းနဲ့ ကိုယ်တိုင် အတိတ်ရဲ့လွှမ်းမိုးမှုအောက် ရောက်သွားတယ်ထင်ရဲ့ . . . ဂိရိဗ္ဗဇဆိုတဲ့ အမည်ဟောင်းကို လွှတ်ခနဲ သုံးမိလျက်သား ဖြစ်သွားတယ်၊ အဲ . . . ထားပါတော့"

ဂိရိဗ္ဗဇရဲ့ မြောက်ဘက်။ အင်း . . . မြို့တော်ဟောင်းတံခါးရဲ့ အနောက်ဘက်၊ အခုတော့ ရာဇဂြိုဟ်မြို့တော်သစ်ကြီးဆိုတော့ မြို့သစ်ရဲ့ အနောက်တောင်ဘက် ကျတာပေါ့လေ။ အဲဒီမှာရှိနေတဲ့ ဝေဠုဝန်ကျောင်းတိုက်ကြီးကလည်း သိပ်စိတ်ဝင်စားစရာကောင်းတာကလား အရှင့်သားရဲ့ . . ."

ဝေဠုဝန်ကျောင်းတိုက်နေရာသည် ရှေးယခင်က ဉယျာဉ်ကြီးဖြစ်ခဲ့

www.foreverspace.com.mm

ကြောင်း ရှဉ့်တို့မြူးထူးကျက်စားရာ တောဥယျာဉ်ဖြစ်ခဲ့ကြောင်းကိုမူကား ကြားဖူးနားဝ ရှိထား၏။

"ဟိုးရှေးပဝေသဏီကဆိုပါတော့ အရှင့်သား . . . ကာလက မဂဓဘုရင်ကြီးတစ်ပါးဟာ အဲဒီဥယျာဉ်ကြီးထဲကို တောကစားထွက်လာခဲ့သတဲ့"

ဆရာဇီဝကသည် ပုရာဏ်ဆရာကြီးဖြစ်သည်ဆိုပါက မိမိသည် ပုံပြင်လင်္ကာရှည်ကြီးတစ်ပုဒ်၌ နစ်မြုပ်ငြိတွယ်စွာနားထောင်နေသော ကလေးအငယ်တစ်ဦး ဖြစ်သွားပြီဟု ထင်မှတ်မိ၏။

"ဘုရင်ကြီးဟာ တောကစားပြီးတော့ သေရည်သောက်ပြီး မောမောနဲ့ အိပ်ပျော်သွားတာပေါ့ . . . ဒီအခါ ဘုရင်ကြီးရဲ့ပါးစပ်က သေရည်နံ့ကိုရပြီး မြွေကြီးတစ်ကောင်ဟာ ဘုရင်ကြီးကို ကိုက်မယ်အလုပ်မှာ တောစောင့်နတ်က ရှဉ့်ယောင်ဆောင်ပြီး သစ်ပင်ပေါ်ကနေ ကျယ်ကျယ်လောင်လောင် အော်လိုက်တဲ့အတွက် ဘုရင်ကြီး လန့်နိုးသွားတယ်။ မြွေကြီးကလည်း ထွက်ပြေးသွားတယ်။ ဒီအခါကစပြီး သူ့အသက်ကို ရှဉ့်ကယ်တာပဲဆိုပြီး ဘုရင်ကြီးဟာ ရှဉ့်တွေကို မပြတ် အစာကျွေးရမယ်၊ ဘေးမဲ့ စောင့်ရှောက်ပေးရမယ်လို့ အမိန့်ထုတ်လိုက်သတဲ့။ ဒါကြောင့် အရင်က ဒီဝေဠုဝန်က ဥယျာဉ်တော်နေရာကို အခါခပ်သိမ်း ရှဉ့်များအား အစာကျွေးရာ၊ ဘေးမဲ့ပေး စောင့်ရှောက်ရာဌာန ကလန္ဒကနိဝါပလို့ ခေါ်ခဲ့ကြတာပေါ့ . . . ဝေဠုဝန်ရဲ့အတိတ်ဟာ အဲဒီလို လှပခဲ့တယ်လေ"

မိမိငယ်စဉ်က ဝေဠုဝန်ဝါးရုံတော်ကြီးထဲ၌ ရှဉ့်များနှင့် ဆော့ကစားခဲ့ဖူးသည်ကို အမှတ်ရမိ၏။

"နေစမ်းပါဦး ဆရာဇီဝကရယ် . . . ဒါတွေကတော့ ဟုတ်ပါပြီ၊ ဗုဒ္ဓက ဘာကြောင့် ရာဇဂြိုဟ်ကို ကြွလာသတဲ့လဲ"

"သတ္တဝါတွေကိုကယ်တင်ဖို့ပေါ့ အရှင့်သား"

ဆရာဇီဝက၏အဖြေမှာ မထင်မှတ်ဘဲ တိုတောင်းပြတ်သားစွာ ထွက်ပေါ်လာ၏။ ဖြေသံက တိုတောင်းပြတ်သားသော်လည်း ဆရာဇီဝက၏ မျက်နှာသွင်ပြင်မှာ အတိုင်းမသိ လေးမြတ်ကြည်နူးမှုများက ထုထည်ကြီးစွာ ပျံ့နှံ့နေသည်ဟု ထင်ရ၏

"အရှင့်သား ခွင့်ပြုမယ်ဆိုရင် ကျွန်ုပ်မှာ အလုပ်တွေရှိနေသေးလို့"





www.foreverspace.com.mm

"ဩော် . . . အင်း . . အင်း . . . သွားပါ . . သွားနိုင်ပါတယ် ဆရာဇီဝက"

"ဘုရားရှင်နဲ့အတူ ကြွချီလာကြမယ့် ရဟန်းတော်များ ခရီးပန်းနွမ်းနယ်ရှာကြမှာတွေ၊ အနာရောဂါ ရှိမှာတွေ . . . အဲ . . . ဒါတွေအတွက် ဆေးဆရာတစ်ယောက်အနေနဲ့ ဆေးဝါးတွေ ပြင်ဆင်ရဦးမယ်လေ"

ဆရာဇီဝက ထွက်သွား၏။

ငူငူငိုင်ငိုင်ကျန်ရစ်ခဲ့သော မိမိ၏ရင်ထဲတွင်ကား မတင်မကျကြီးပင် ဖြစ်နေပြန်သည်၊ ဗုဒ္ဓရောက်ရှိလာတော့မည့် ဝေဠုဝန်ကျောင်းတိုက်။ ထို့နောက် ဂယာသီသမှ မိမိ၏ဆရာအရှင်။ ရုတ်ခြည်းပင် အတွေးတစ်ခုကြောင့် ဖြိုးဖြိုးဖြင်းဖြင်းဖြစ်သွား၏။ အလို . . . ရာဇဂြိုဟ်ကောင်းကင်ထက်မှာ နေနှစ်စင်း၊ လနှစ်စင်း ထွက်ပေါ်တော့မည်လော။

နောက်တစ်နေ့ ဂယာသီသသို့ ဆွမ်းအုပ်အပို့တွင် ဆရာအရှင်နှင့် ဤပြဿနာကို ဆွေးနွေးမည်ဟု ဆုံးဖြတ်လိုက်၏။ ဆရာအရှင် မည်သို့ တုံ့ပြန်လေမည်လဲတော့ မသိ၊

❊ ❊ ❊

"အရှင်ဘုရား . . . ဝါဆိုအမီ ဗုဒ္ဓဟာ ကောသမ္ဗီကနေ ရာဇဂြိုဟ်ကို ကြွလာတော်မူနေပြီလို့ သိရပါတယ်။ နောက်ပါရဟန်းတွေလည်း အတူပါရှိလာကြပြီလို့ ဆိုပါတယ်"

ဆရာနှင့် တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင်လျှောက်ရပြီဆိုသောအခါ မိမိအသံ အနည်းငယ် မူပျက်ချင်သလို ဖြစ်နေသည်ကို သတိထားမိ၏။

"အင်း . . . ငါလည်းကြားပါတယ်၊ မင်းသားရဲ့ခမည်းတော်ကြီးကတော့ ဗုဒ္ဓကိုကြိုဆိုဖို့ အစီအစဉ်တွေ လုပ်နေရောပေါ့ . . . နန်းတော်မှာလည်း လှုပ်လှုပ်ရွရွ ပြင်ဆင်နေကြရောပေါ့ ဟုတ်လား . . ."

ဆရာဒေဝဒတ်ကြည့်ရသည်မှာ တည်တည်ငြိမ်ငြိမ်ပင် ရှိလေသည်။

"ဝေဠုဝန်ကျောင်းတိုက်ကြီး ပြန်လည်စည်ကားလာဦးမှာပေါ့လေ"

ဝေဠုဝန်ကျောင်းတိုက်ကြီး ဘယ်သို့ပင် ပြန်လည်စည်ကားလာစေ

www.foreverspace.com.mm



မိမိ၏ ဆရာအရှင် ဒေဝဒတ်၏ ဂယာသီသကိုတော့ မည်သို့မျှ မီမှာမဟုတ်ဟု အတွေးရောက်မိ၏။ ဂယာသီသသို့ ခိုလှုံဝင်ရောက်လာသော ရဟန်းတို့ အရေအတွက်မှာ တစ်နေ့တခြား တိုးပွားလာနေသည်။

"တပည့်တော် လျှောက်ထားစရာတစ်ခု ရှိလို့ပါ အရှင်ဘုရား"

အရဲစွန့်၍ ဆိုလိုက်၏။

"အင်း . . . ဆိုပါဦးမင်းသား"

"တပည့်တော်ရင်ထဲမှာ မရှင်းမလင်းဖြစ်လာတဲ့ပြဿနာတစ်ခုပါ၊ ဗုဒ္ဓ ရောက်လာပြီဆိုရင် ဒီရာဇဂြိုဟ်မှာ နှစ်ဂိုဏ်းနှစ်ပက္ခ ဖြစ်လာမယ့်အရေး . . ."

"ဘာ . . . ဘယ်လို မင်းသားရဲ့ . . ."

အရှင်ဒေဝဒတ်ထံမှ ဆောင့်ထွက်လာသော အသံကြောင့် ရုတ်တရက် တုန်လှုပ်သွားသည်။ သို့သော် လျှောက်လက်စ မထူးတော့ပြီ။

"တပည့်တော်ရဲ့ တွေးတောပူပန်မှုပါ အရှင် . . . ဗုဒ္ဓနဲ့ အရှင်ဘုရားတို့ဟာ သကျသာကီဝင်နွယ်ချင်း အတူတူပဲ ဖြစ်ကြပါတယ်၊ ယခုအခါ နောက်လိုက်နောက်ပါ ရဟန်းများလည်း ကိုယ်စီနဲ့ . . . အရှင်ဘုရားကလည်း ဂယာသီသအရပ်မှာ ကျောင်းတိုက်ဝိဟာရကြီးနဲ့ . . . ဗုဒ္ဓနဲ့ ရဟန်းများကလည်း ဝေဠုဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးလို့ . . . ပြီးတော့ . . . အရှင်ဘုရားနဲ့ ဗုဒ္ဓတို့ဟာ ညီနောင်သွေးသားချင်းလည်း ဖြစ်ကြပါတယ်၊ တပည့်တော် စိုးရိမ်ပူပန်နေတာက ဒီရာဇဂြိုဟ်ပြည်မှာ နှစ်ဂိုဏ်းနှစ်ပက္ခဖြစ်လာမှာကိုပါ။ ရွှေဂူကြီးတစ်ခုတည်းမှာ ခြင်္သေ့မင်းနှစ်ကောင် အတူအောင်းသလို မဖြစ်သင့်ပါဘူးလို့ ထင်ပါတယ်ဘုရား"

"ဒီတော့ သင်က ဘယ်လိုဖြစ်စေချင်နေလို့လဲ"

ဤမေးခွန်းကို မျှော်လင့်မထားသဖြင့် ပြန်ဖြေစရာ အဖြေမရှိ ဖြစ်သွား၏။

"ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ တပည့်တော်မှာ မရှိပါ ဆရာအရှင်၊ တွေးတောပူပန်မိတာကို လျှောက်ထားရခြင်းသာ ဖြစ်ပါတယ်"

"ဘာတဲ့ . . . သင်ပြောလိုက်တာ၊ ရွှေဂူကြီးတစ်ခုတည်းမှာ ခြင်္သေ့မင်းနှစ်ကောင် အတူမအောင်းသင့်ဘူး ဟုတ်လား . . . အင်း . . ."

အရှင်ဒေဝဒတ်သည် ပိုးသားသင်္ကန်းစကို ပွတ်သပ်နေ၏။ မျက်နှာ



www.foreverspace.com.mm



သွင်ပြင်၏ အဓိပ္ပါယ်ကိုကား နားလည်ရခက်လှ၏။ ဆရာအရှင်၏ စိတ်ထဲမှာ ဘာရှိသည်ကို မိမိ မခန့်မှန်းတတ်။

ခဏအကြာမှ အသံထွက်လာသည်။

"ငါလည်း နှစ်ဂိုဏ်းနှစ်ပက္ခဖြစ်လာမှာကို မလိုလားပါဘူး၊ ဒါပေမဲ့ သင် စဉ်းစားကြည့်စမ်း . . . ငါက ရာဇဂြိုဟ် ဂယာသီသမှာ ငါ့ဘာသာငါ နေနေတယ်၊ ဗုဒ္ဓက သူ့တပည့်ရဟန်းတွေခြံရံပြီး မဇ္ဈိမတစ်ခွင်လုံး လှည့်နေတယ်၊ မိမိရဲ့ ဩဇာသက်ရောက်မှုကို ပျံ့နှံ့အောင် ထူထောင်ဖို့ ကြိုးစားနေတာက ဗုဒ္ဓပဲ . . . သင် စဉ်းစားကြည့်"

ဆရာဇီဝက၏ စကားလုံးများက ဖျတ်ခနဲ ခေါင်းထဲပေါ်လာ၏။ ဗုဒ္ဓက ဘာကြောင့် ရာဇဂြိုဟ်ကို ကြွလာသလဲဟု မိမိမေးစဉ်က ဆရာဇီဝက ဖြေ လိုက်သောစကား။ သတ္တဝါတွေကို ကယ်တင်ဖို့ပေါ့။

ယခု မိမိ၏ဆရာအရှင်ကမူ ဗုဒ္ဓသည် ဩဇာသက်ရောက်ပျံ့နှံ့အောင် ထူထောင်နေသည်ဟု ဆိုပါကလား။ ခေါင်းထဲမှာ ရှုပ်သွား၏၊ သို့သော် ဤအချိန်မှာ ဗုဒ္ဓနှင့်ပတ်သက်၍ အခြေအနေ ဆွေးနွေးနေရမည့်အချိန် မဟုတ်။ မိမိလည်း မဆွေးနွေးတတ်။ ဗုဒ္ဓသည် ခရီးယူဇနာပေါင်းများစွာ လှည့်လည်နေသည်ဆိုခြင်းကို ယမန်နေ့ကမှ ဆရာဇီဝကပြောပြသဖြင့် သိခဲ့ရခြင်း ဖြစ်၏။

"ဂိုဏ်းပက္ခကွဲပြားမှုကို လိုလားသူက ဗုဒ္ဓပဲ . . . ငါမဟုတ်ဘူး"

ဆရာအရှင်၏အသံမှာ ဝမ်းခေါင်းသံကြီးဖြစ်နေသည်။ ခြင်္သေ့ကြီး တစ်ကောင် မာန်ဖီသလို အသံမျိုး။

"အဇာတသတ် . . . သင် ဘာမှ တွေးတောပူပန်မနေပါနဲ့ . . . ဒီကိစ္စက သင်နဲ့မဆိုင်ဘူး၊ ငါ့အရေးအရာသာ ဖြစ်တယ်၊ သင် တွေးတောပူပန်နေသလို ဖြစ်မလာစေပါဘူး၊ ဗုဒ္ဓ ရာဇဂြိုဟ်ရောက်လာရင် ငါ သူ့ဆီသွားမယ်၊ အမှန်တော့ ဒီအခွင့်အရေးကို ငါစောင့်နေတာ ကြာပြီ"

စိတ်ထဲမှာ အနည်းငယ်ပေါ့ပါးသက်သာသွားသလို ခံစားရ၏၊ ဆရာအရှင်အပေါ်၌လည်း အားလုံးယုံကြည်စိတ်များ ပို၍များလာ၏၊ မိမိ၏သခင်သည်လည်း ဩဇာအာဏာအရှိန်အဝါ ကြီးမားသူပေပင်။

သို့သော် ဒီအခွင့်အရေးကို ငါ စောင့်နေတာ ကြာပြီဟူသော စကား

www.foreverspace.com.mm



လုံးများကိုမှ ဘဝင်မကျသလို ဖြစ်မိနေသေး၏။

"သူရောက်လာရင် ငါ ဝေဠုဝန်ကျောင်းတိုက်ကို သွားမယ်လေ . . . ငါ သူ့ကို အကျိုးသင့်အကြောင်းသင့် တောင်းပန်ဖို့ရှိတယ်၊ အမှန်တော့ ဗုဒ္ဓဟာ အသက်အရွယ်လည်း ထောက်လာပြီ၊ နေ့ညဥ့်မအား ပရိသတ်ကို တရားဟောခဲ့တာလည်း ကြာပြီ၊ ဗုဒ္ဓဟာ အမှန်တော့ အနားယူသင့်ပြီ၊ သူ့ကို သက်သောင့်သက်သာစံနေစေပြီး များမြောင်ကျယ်ပြောလှတဲ့ သံဃာကိစ္စ ပရိသတ်ကိစ္စတွေကို ငါ လွှဲပြောင်းတာဝန်ယူရမှာပေါ့"

ဆရာအရှင်၏ အစီအစဉ်ကို သဘောကျသွားမိ၏။ အရှင်ဒေဝဒတ်က လျှော့တိလျှော့ရဲဖြစ်နေသောသက်နှန်းကို ရှုံလိုက်ပြီးနောက် ဆက်ပြော၏။

"သံဃာကို ငါ့ဆီလွှဲပေးဖို့ . . . ဗုဒ္ဓအဖြစ်ကို ငါ ခံယူဖို့ ငါ သူ့ကို တောင်းဆိုယူရမှာပဲ"

တငြိမ့်ငြိမ့် လွင့်မျောနေသော လဲမှို့ပွင့်ကလေးတစ်ခု ဆူးခက်နှင့် တိုက်မိသလိုဖြစ်သွားလေသည်။ ကြားကာစက နှစ်သက်သလိုဖြစ်ခဲ့သော စကားလုံးများနောက်ကွယ်၌ တစ်ခုခု အဆင်မပြေသလို ခံစားလိုက်ရ၏။

သံဃာကို ငါ့ဆီလွှဲပေးဖို့၊ ဗုဒ္ဓအဖြစ်ကို ငါ ခံယူဖို့ . . . တဲ့။

ဆရာ၏ ဂယာသီသကျောင်းတိုက်ကြီး၌ သံဃာတွေရှိနေသည်။ နောက်လိုက်ရဟန်းတွေ ရှိနေသည်။ ဂယာသီသအင်အားသည် သေးလှသည် မဟုတ်။ ဂေါတမဗုဒ္ဓ၏နောက်တွင် ရဟန်းဘယ်နှစ်ပါးရှိနေသလဲ မိမိမသိ။ ရှိစေတော့။ ဗုဒ္ဓ၏သံဃာကို ဆရာက သူ့ထံ လွှဲပြောင်းယူမည်တဲ့။ ခမည်းတော်မင်းကြီး၏ ခြေလျင်တပ်၊ ရထားတပ်၊ ဆင်တပ်၊ မြင်းတပ်များ တပ်ချင်းစုရုံးပေါင်းစည်းသလို ရဟန်းသံဃာတော်များကို စုရုံးပေါင်းစည်း၍ ရနိုင်သလော။ မိမိ မသိ။

ရှိစေဦး။ ထို့ထက်ပို၍ ဘဝင်မကျစရာ နားလည်ရခက်သော စကားတစ်လုံးကို ဆရာအရှင်ဆိုပြန်သည်။ ဗုဒ္ဓအဖြစ် ခံယူဖို့တဲ့ . . .၊ ဘုရားအဖြစ်ကို လွှဲပြောင်းခံယူဖို့၊

အတွေးထဲမှာ ရှုပ်ထွေးနောက်ကျသွားတော့သည်။

ဗုဒ္ဓဘုရားအဖြစ် ဟူသည်မှာ ဤသို့ တောင်းဆိုလွှဲပြောင်းခံယူ၍ ရကောင်းသလော။ မိမိ၏ ဉပရာဇာ အိမ်ရှေ့စံအဖြစ်နှင့် နှိုင်းယှဉ်သုံးသပ်ကြည့်



www.foreverspace.com.mm



မိ၏။ ခမည်းတော်မင်းကြီး အမိန့်တော်ဖြင့် မဂဓနိုင်ငံတော်အတွင်းရှိ အချို့သော တိုင်း၊ မြို့ရွာနယ်ပယ်များသည် မိမိ၏ လက်အောက်ခံအဖြစ် ရှိနေကြ၏၊ ထိုဒေသများတွင် အသီးသီးသော မြို့စား၊ နယ်စား၊ ရွာစားမင်းများ ရှိကြ၏။ အကြောင်းတစ်စုံတစ်ခုကြောင့် မြို့စားနယ်စား ရွာစားမင်း အသစ်ခန့်အပ်လိုလျှင် မိမိ၏ ဉပရာဇာအာဏာဖြင့် အမိန့်တော်စာချွန် ထုတ်ပေးရ၏။ မူလမြို့စားနယ်စား ရွာစားမင်းတို့၏ သား သို့မဟုတ် ညီ သို့မဟုတ် တူ စသည်ဖြင့် အရိုက်အရာ ဆက်ခံကြ၏။

ဒါက ရာဇမင်းတို့၏ အာဏာစက်ဝန်းအတွင်းမှာရှိသော ရာထူးဌာနန္တရ ဆက်ခံလွှဲပြောင်းမှုသဘာဝ။

ယခုအရေးကား ဗုဒ္ဓဘုရားတည်းဟူသော . . .

စိတ်ထဲမှာ မသက်မသာဖြစ်လာသဖြင့် နေရာပြင်ထိုင်ကာ ရှုပ်ထွေးနေသော အတွေးတို့ကို ဖွင့်ဟမေးလျှောက်မိတော့သည်။

"ဆရာသခင် အရှင်ဘုရား . . . ဗုဒ္ဓဘုရားအဖြစ်ဆိုတာ တပည့်တော် ဉာဏ်မီသလောက် လွှဲအပ်လို့ ရစကောင်းတဲ့အရာလို့ မထင်ပါ၊ တကယ်လို့များ ဗုဒ္ဓက ဆရာအရှင်ရဲ့ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့မယ်ဆိုရင် . . ."

ကပျာကယာ မျက်နှာလွှဲလိုက်ရ၏၊ အကြောင်းမှာ အရှင်ဒေဝဒတ်စူးခနဲ လှမ်းကြည့်လိုက်သော မျက်လုံးအိမ်အစုံကို ရုတ်တရက် ကြောက်လန့်သွားသောကြောင့်ဖြစ်လေသည်။ ဆရာ့မျက်လုံးသူငယ်အိမ်များမှာ မိမိ၏ စက်ရာဆောင်အတွင်း ဆရာအရှင် လုလင်ပျိုအသွင်ဖြင့် ကောင်းကင်မှ ပျံသန်းသက်ဆင်း ရောက်ရှိလာစဉ်က သူ့ကိုယ်တွင် ရစ်ပတ်လာသော မြွေများ၏ မျက်လုံးမျိုး ဖြစ်နေသောကြောင့်ပင်။

"ငါ့တောင်းဆိုချက်ကို မလိုက်လျောရင် ဟုတ်လား . . . ရှင်းနေပြီပေါ့ အဇာတသတ် . . . ငါက တစ်စုတစ်စည်းအဖြစ်ကို တောင်းဆိုတယ်၊ ဗုဒ္ဓက နှစ်ဂိုဏ်းနှစ်ပဏ္ဍဖြစ်ဖို့ လိုလားတယ်၊ ဒါပဲပေါ့"

"အို . . . အရှင်ဘုရား၊ ဒါဆိုရင်တော့ . . ."

"မင်းသား . . . တွေးပြီး စိတ်ပူမနေစမ်းပါနဲ့၊ နှစ်ဂိုဏ်းနှစ်ပဏ္ဍ ဖြစ်မှာကို သင် မလိုလားသလို ငါလည်း မလိုလားပါဘူး . . . ဗုဒ္ဓက ငါ့ တောင်းဆိုချက်ကို ငြင်းပယ်ရင်လည်း အဖြူအမည်း ကွဲပြားသွားတာပေါ့၊ ဗုဒ္ဓဟာ ကွဲပြားမှု

ကို လိုလားသူပေါ့၊ ကိုင်း . . . နေမြင့်ပြီ၊ သင် ပြန်တော့ . . . အေးဆေး သက်သာစွာနဲ့ ကြောင့်ကြမဲ့ နေပါ၊ ဗုဒ္ဓနဲ့ ရင်ဆိုင်ရမှာက ငါပါ”

ဂယာသီသမှ စံနန်းဆောင်သို့ အပြန်ခရီးသည် စိတ်လှုပ်ရှားမှုများ ဖြင့်သာ အတိပြီးခဲ့၏၊ ရထားမောင်းသမား၏ ကြာပွတ်သံသည် ခါတိုင်းထက် ပို၍ တရွှမ်းရွှမ်းမြည်နေပြီး ရထားကိုဆွဲသော မြင်းများသည်လည်း ခါတိုင်းလို ခွာသံခြေကျ မပြေပြစ်ဟု ထင်မိလေသည်၊

❊ ❊ ❊

ရက်ပေါင်းများစွာ ခြောက်သွေ့နေခဲ့သော ဝေဠုဝန်ကျောင်းတော်ကြီးမှာ ပြန်လည်အသက်ဝင်လာ၏။ ဗုဒ္ဓမြတ်စွာမရှိခိုက်တွင် ကျောင်းတော်၌ သီတင်းသုံးကျန်ရစ်ခဲ့သော ရဟန်းများမှာ ဂယာသီသရှိ ကျောင်းတိုက်ကြီး၏ အရှိန်အဝါအောက်တွင် ညှိုးငယ်သလို ဖြစ်နေခဲ့ကြသည်။ ဥပရာဇာ အဇာတသတ်ကိုယ်တိုင် တစ်နေ့နှစ်ကြိမ် ဆရာဒေဝဒတ်ထံ အဖူးအမြော်ဝင်ခြင်း၊ နေ့စဉ် ဆွမ်းအုပ်ငါးရာပို့ခြင်းဟူသော အရှိန်အဝါဖြင့် ဂယာသီသတွင် ရဟန်းပြုသူများ ပေါ်များခဲ့သလောက် ဝေဠုဝန်ကား ခြောက်သွေ့ညှိုးမှိန်နေခဲ့ရလေသည်။

ယခုမူ အခြေအနေသည် ချက်ချင်းပင် ပြောင်းပြန်ဖြစ်သွားသည်။

ဘုရားရှင်နှင့်တကွ လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝကကြီးများ၊ မဟာသာဝကကြီးများ ကြွရောက်လာကြမည်။ ဝေဠုဝန်တွင် သီတင်းသုံးတော်မူကြမည်ဟူသောသတင်းက ရာဇဂြိုဟ်ပြည်တွင် အလျင်အမြန်ပျံ့နှံ့မွှေးကြိုင်သွား၏၊ လူအပေါင်းတို့၏ အာရုံသည် ဝေဠုဝန်ဆီသို့ ပြောင်းသွားသည်။ ဝေဠုဝန်ရှိရာသို့ မျက်နှာလှည့်လိုက်ကြသောအခါ အလိုလိုပင် ဂယာသီသကို ကျောခိုင်းပြီးသားဖြစ်သွားသည်။

အဇာတသတ်ကား ဝေဠုဝန်ကျောင်းတော်ဆီသို့ လှူဖွယ်ပစ္စည်းများဖြင့် သွားနေကြသော ရာဇဂြိုဟ်သားများကို နန်းပြာသာဒ်လေသာဆောင်မှ ကြည့်ရင်း မအီမသာ ခံစားနေရ၏၊ မဂဓကောင်းကင်တွင် နေနှစ်စင်း၊ လနှစ်စင်း ထွန်းပေါ်လေမည်လားဟူသော စိုးရိမ်စိတ်က အကင်းမသေချင်။ မိမိဆရာအရှင်က ဤအရေးကို သူကိုယ်တိုင် ကိုင်တွယ်သွားမည်ဟု ဆိုသည့်တိုင် စိတ်မအေးနိုင်သေး။





ဆရာအရှင်သည် စကားအဟောအပြောကောင်းသူ ဖြစ်ကြောင်း မိမိသိပြီးဖြစ်၏။ ပရိသတ်ကို ထိန်းရာ၌ မည်မျှ အာဝဇ္ဇန်းကောင်းသည်ကိုလည်း သိထား၏၊ တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသူဖြစ်ကြောင်းကိုလည်း ခြွင်းချက်မရှိ လက်ခံထား၏။ သို့သော် မြတ်စွာဘုရားထံဝယ် ဆရာအရှင်၏ တန်ခိုးအရည်အသွေးများသည် ထက်မြက်နိုင်ကြပါဦးမည်လားဟု သံသယဝင်နေသည်၊

မိမိသည် ဗုဒ္ဓကို ဆည်းကပ်ကိုးကွယ်သူ မဟုတ်သော်လည်း ဆရာဇီဝကထံမှ တစ်ဆင့်စကားအကြားအရလည်းကောင်း၊ ခမည်းတော်နှင့် မယ်တော်တို့ မြတ်စွာဘုရားအပေါ် အတိုင်းထက်အလွန် ကြည်ညိုကြပုံအရ လည်းကောင်း၊ မဂဓနိုင်ငံသားတို့ သဲသဲလှုပ်လှုပ်ဖြစ်နေကြခြင်းအရလည်းကောင်း မြတ်စွာဘုရား၏ တန်ခိုးသည်လည်း အရှိန်အဝါကြီးမားလှလေမည်ဟု တွေးမိ၏၊

အခြားတစ်ဖက်ကမူ စိတ်အားငယ်စရာတစ်ခု တွေ့နေရသည်။

မိမိစိတ်အထင် ဖြစ်ကောင်းဖြစ်မည်လားတော့ မပြောတတ်။

ဆရာအရှင်ဒေဝဒတ်ကို ကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေ၏။ ဂယာသီသကျောင်းတိုက်ကြီးတွင် တင့်တယ်စွာ စံမြန်းလျက် မိမိလှူဒါန်းသော ဆွမ်းအာဟာရပစ္စည်းများကို အလျှံပယ် အသင့်သုံးစွဲနေနေသည့်အကြားက ဆရာ့အသွင်မှာ စိုစိုပြည်ပြည် မရှိလှဟုထင်သည်။

မျက်လုံးများက အရောင်တောက်ဆဲရှိသော်လည်း ပူလောင်ပြင်းပြသည့် မီးအလျှံများနှယ် ထင်ရသည်၊ ထို့အပြင် မှတ်မှတ်ရရ မိမိ၏ စက်ရာဆောင်ထဲသို့ လုလင်ပျိုအသွင် ဖန်ဆင်းလျက် မြွေများရစ်ပတ်ကာ စတင်ရောက်ရှိလာပြီး နောက်ပိုင်းတွင် ဆရာ၏ တန်ခိုးဣဒ္ဓိပါဒ်များကို မျက်ဝါးထင်ထင် မတွေ့ရတော့ပေ။

စကားအပြောအဆို တရားအဟောအပြောမှုကား ဆရာအရှင်သည် ပြောင်မြောက်ဆဲပင်ရှိ၏။ သည်တစ်ခုတော့ ခြွင်းချက်ဖြစ်သည်။ ဆရာသည် ပို၍ပင် စကားပြောကောင်းလာသည်ဟုထင်၏၊ ဆရာ့အသံမှာ ပို၍ ဩဇာအာဏာသံပေါက်လာကာ လှုပ်ရှားမှုများမှာလည်း ပို၍ သွက်လက်တက်ကြွလာခဲ့၏။ ဆရာသည် သူ၏တန်ခိုးဣဒ္ဓိပါဒ်များကို အသွင်တစ်မျိုးပြောင်းလဲလိုက်သလားတော့ မသိ၊



www.foreverspace.com.mm

www.foreverspace.com.mm

နောက်ဆုံးတော့ အသိရခက်သော ဆရာအရှင်၏ တန်ခိုးတွေကို မတွေးတာဘဲကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ ဆရာအရှင်လို ပုဂ္ဂိုလ်မျိုး၏ တန်ခိုးတွေ၊ ပညာတွေကို ဝေဖန်စိစစ်နေလျှင် မိမိသာလျှင် အပြစ်ဖြစ်တော့မည်ဟု ယူဆသည်။ ဂယာသီသကျောင်းတိုက်ကြီး၌ တစ်နေ့တခြား တိုးပွားလာသော ရဟန်းများ၊ တပည့်များကို ထောက်ရှုခြင်းအားဖြင့် ဆရာ့အရှိန်အဝါအင်အား ကြီးမားလှသည်ဟုသာ နှလုံးပိုက်လိုက်၏။

စကားချပ်။ ။ဤနေရာတွင် ဒေဝဒတ်ရော၊ အဇာတသတ်ပါ မသိကြသည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်မှာ လာဘ်သပ်ပကာ၏ နှိပ်စက်ခြင်း၊ တစ်နည်း လာဘ်၌ တပ်မက်သာယာခြင်းကြောင့် ဒေဝဒတ်၏ ရရှိပြီးသော လောကီဈာန်များ ဆုတ်ယုတ်လျော့ကျသွားခြင်းပင် ဖြစ်ပါသည်။

နန်းပြာသာဒ်လေသာဆောင်မှ ခွာခဲ့၏။ မွန်းကျပ်နေသော အတွေးများဖြင့်ပင် ဆုတောင်းလိုက်မိသည်။ မိမိ၏ ဆရာအရှင်သည် ပြောသည့်အတိုင်းပင် ဗုဒ္ဓနှင့် သွားရောက်တွေ့ဆုံ၍ သံဃာပရိသတ်အပေါင်းကို လွှဲပြောင်းရယူနိုင်ပါစေ၊ ဘုရားအဖြစ်ကိုလည်း လွှဲပြောင်းရယူနိုင်ပါစေ။

❊ ❊ ❊

"ကျွန်တော်မျိုး နားနဲ့ဆတ်ဆတ်၊ မျက်စိနဲ့တပ်အပ် ကြားခဲ့ မြင့်ခဲ့ရတာပါ အရှင် . . . ဝေဠုဝန်ကျောင်းတိုက်ကြီးမှာရှိတဲ့ ရဟန်းပရိသတ်၊ လူပရိသတ်အားလုံးဟာ တထိတ်ထိတ်နဲ့ ဟယ်ခနဲ ဟာခနဲ ဖြစ်သွားကြပါတယ်"

မင်းချင်းတစ်ယောက်၏ လျှောက်တင်ချက်ကို နားထောင်ရင်း စိုးရိမ်စိတ်များ ပိုများလာလေသည်။

"ကျွန်တော်မျိုးတို့ မိသားတစ်စုလုံး ဝေဠုဝန်မှာ အဲဒီတစ်ချိန်လုံး ရှိနေခဲ့တာပါ။ အရှင်ဒေဝဒတ်ဟာ ပရိသတ်ကြားထဲကနေ မြတ်စွာဘုရားရှေ့တော်မှောက်ကို ဝင်သွားပုံဟာ တကယ့်ကို ဝံ့ဝံ့စားစားရှိလှပါတယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရားကလည်း အရှင်ဒေဝဒတ်ကို အကြောင်းပြုပြီး ပရိသတ်ကို ဆုံးမစကား မြွက်ကြားတော်မူနေချိန်ဖြစ်ပါတယ်"





"ငါ့ ငါ့ဆရာက ဗုဒ္ဓကို ဘယ်လိုလျှောက်သလဲ . . . သူက စပြောသလား"

"ဟုတ်ပါတယ်အရှင် . . . အရှင်ဒေဝဒတ်ဟာ တကယ့်ကို ရဲဝံ့တဲ့သူပါပဲ၊ မြတ်စွာဘုရားရှေ့မှောက် ဝင်ပြီး ဧကသီသက်န်းကို ပခုံးပေါ်တင် လက်ကန်တော့ထိုးပြီး လက်အုပ်ချီလျှောက်ပါတယ်၊ သူလျှောက်ပုံဟာ ရှင်းလင်းပြတ်သားလှပါတယ်၊ ကျွန်တော်မျိုးတို့အားလုံး ကြားရပါတယ်"

"သူ ဘယ်လိုလျှောက်သလဲဆိုတာသာ ပြောစမ်း"

"သူလျှောက်တဲ့စကားက ယခုအခါ မြတ်စွာဘုရားဟာ အိုမင်းပါပြီ၊ ကြီးရင့်ပါပြီ၊ အချိန်လွန်ပါပြီ၊ အဆုံးစွန်သော ပစ္ဆိမအရွယ်သို့ ရောက်ပါပြီ၊ ပင်ပန်းနွမ်းရိလှပါပြီတဲ့၊ မျက်မှောက်ချမ်းသာစွာ နေထိုင်ရေးကိုသာ အားထုတ်ပြီး ကြောင့်ကြမဲ့ နေတော်မူပါတဲ့ . . . ကျွန်ုပ်အား ရဟန်းသံဃာကို လွှဲအပ်ပါ၊ ရဟန်းသံဃာအပေါင်းကို ကျွန်ုပ် ထိန်းသိမ်းစောင့်ရှောက် ရှေ့တော်ဦးရွက်ပြုပါမယ်တဲ့"

"အဲဒီတော့ ဗုဒ္ဓက ဘယ်လိုမိန့်သလဲ"

"အရှင်ဒေဝဒတ်က ဝံ့ဝံ့စားစား လျှောက်သလို ဘုရားရှင်ကလည်း ရှင်းလင်းပြတ်သားစွာ မိန့်တော်မူခဲ့ပါတယ်အရှင်၊ ဘုရားရှင် မိန့်တော်မူပုံက . . . အင်း . . ."

မင်းချင်းသည် ကြားခဲ့ရသော စကားလုံးများကို အတိအကျရနိုင်ရန် ပြန်စဉ်းစားဟန်ဖြင့် ငြိမ်သက်သွားသည်။ မင်းချင်း၏ ဖင့်လေးနေသော အမူအရာကို သည်းမခံနိုင်စွာ ငေါက်ငမ်းလိုက်မိသည်။

"မြန်မြန်ပြောစမ်း"

"ဒီလိုပါအရှင် . . . ဗုဒ္ဓမိန့်တော်မူပုံက . . . သင် တောင်းဆိုတဲ့အခွင့်အရေးကိုပေးဖို့ မသင့်သေးဘူး၊ သင့်အနေနဲ့ ရဟန်းကိစ္စ ပြီးမြောက်အောင်သာ ကိုယ်ရေးကိုသာ အားထုတ်ဦး၊ ဒီအဖြစ်ကို သင် မနှစ်သက်လေနဲ့ . . . ပါတဲ့"

ဆရာအရှင်၏ တောင်းဆိုချက်ကို ဗုဒ္ဓ လိုက်လျောလိမ့်မည်မဟုတ်ဟု အစကတည်းက ကြိုတင်တွက်ဆထားပြီးသား ဖြစ်၏။ ထို့ကြောင့်ပင် ဗုဒ္ဓ၏ ငြင်းပယ်စကားကိုကြားရသောအခါ ထူးပြီး အံ့ဩတုန်လှုပ်ခြင်း မဖြစ်မိ။



www.foreverspace.com.mm

သို့သော် ဗုဒ္ဓမိန့်တော်မူသောစကားထဲမှ ရဟန်းကိစ္စပြီးမြောက်အောင်ဟူသော စကား "ဒီအဖြစ်ကို သင် မနှစ်သက်လေနဲ့" ဟူသော စကားတို့၏ အဓိပ္ပါယ်ကိုကား မိမိ နားမလည်ပေ။

"ဒီတော့ . . . ငါ့ဆရာအရှင်က ဘယ်လိုပြန်လျှောက်သလဲ"

မင်းချင်းက ထူးဆန်းထွေလာ ဖြစ်ရပ်ကြီးတစ်ခုနှယ် အားပါးတရ ဆက်ပြော၏။

"ဆရာအရှင်ဒေဝဒတ်ဟာ တကယ်ကို ရဲဝံ့တဲ့သူပါပဲ အရှင် . . . ပထမအကြိမ် လျှောက်လိုက်ကတည်းက ရဟန်းပရိသတ်ရော၊ လူပရိသတ်ပါ ဟင်ခနဲ ဖြစ်သွားကြပါတယ်၊ ဗုဒ္ဓက အဲဒီလို ငြင်းပယ်လိုက်တော့ အရှင်ဒေဝဒတ်က လက်လျှော့သွားတာ မဟုတ်ပါဘူး၊ ဒုတိယအကြိမ် ထပ်ပြီး တောင်းဆိုပါတယ်"

နားထောင်နေရင်းဖြင့် စိတ်မသက်မသာ ဖြစ်လာသည်၊

"အဲဒီတော့ကော"

"ဒုတိယအကြိမ်မှာလည်း ဗုဒ္ဓက ဒီစကားနဲ့ပဲ ငြင်းပယ်ပါတယ်၊ အရှင်ဒေဝဒတ်က ဇွဲမလျှော့ပါဘူး၊ တတိယအကြိမ် ထပ်တင်ပြန်ပါတယ်၊ တကယ့်ကို ပွဲကြီးပွဲကောင်းပါပဲ"

ပွဲကြီးပွဲကောင်း၊ မင်းချင်းသုံးလိုက်သောစကားသည် နားထဲသို့ အဆင်မပြေစွာ ဝင်ရောက်လာသည်၊ ဒါဟာ ပွဲကြီးပွဲကောင်းတဲ့လား၊

မင်းချင်းကမူ အားရပါးရ ဆက်ပြောနေ၏။

တတိယအကြိမ်မှာလည်း ဗုဒ္ဓက ငြင်းပယ်ပါတယ်။ သုံးကြိမ်စလုံး အပယ်ခံရတာပါ။ ဒီအချိန်မှာ အရှင်ဒေဝဒတ်ရဲ့ မျက်နှာကြီးဟာ နီမြန်းလာတယ်လို့ ဆိုကြပါတယ်။ ကျွန်တော်မျိုးကိုယ်တိုင် မြင်ခဲ့ရတာတော့ မဟုတ်ပါဘူးရှင် အရှင်။

ဆရာအရှင်၏ အမူအရာကို မြင်ယောင်လိုက်မိ၏။ ဂယာသီသ ဝိဟာရတွင် တပည့်ရဟန်းများကို အလိုမကျသည့်အခါ စိတ်ဆိုးနေသော ဆရာအရှင်၏ ဒေါသမျက်နှာကို မိမိကြုံဖူးသည်။ သို့သော် မိမိရောက်သွားသည့်အချိန်တွင် ဆရာအရှင်သည် ထိုဒေါသမျက်နှာကို တစ်ဖက်မှာထားခဲ့ပြီး မိမိဘက် ပြန်အလှည့်တွင် မျက်နှာထားပြောင်းသွားတတ်၏၊ ဆရာသည် ဒေါသ





မထွက်တတ်သူမဟုတ်သော်လည်း၊ ဒေါသကို ဖုံးဖိ ဖယ်ရှားရာ မျက်နှာထားပြောင်းရာတွင်ကား ကျွမ်းကျင်သူပင်။

ယခုလည်း မိမိ၏ဆရာသည် ပရိသတ်အလယ်တွင် သူ၏ နီမြန်းလာသည်ဆိုသော မျက်နှာအရောင်ကို ချက်ချင်းပြောင်းလဲပစ်နိုင်ခဲ့မည်ဖြစ်သည်။ ဆရာ့ကို အထင်သေး၍မရ။ တောင်းဆိုချက် ငြင်းပယ်ခံရသောအခါ ဆရာလည်း အခြားတစ်နည်းနည်းဖြင့် ချဉ်းကပ်ဦးမည် မုချ။

"အဲဒီနောက်ကော ဘာဖြစ်သေးလဲ"

မင်းချင်းမှာ ပြောချင်လွန်းသဖြင့် စကားကို ကြိုးစားစီစဉ်နေရဟန်၊ တံတွေးမျိုချလိုက်ပြီးမှ . . .

"တတိယအကြိမ် ငြင်းပယ်လိုက်ပြီးနောက်မှာ ဗုဒ္ဓက ဆက်မိန့်ပါတယ်၊ ဒီလိုပါ . . . အယုတ် အလတ် အမြတ် သုံးမျိုးသုံးစားကုန်သော ရဟန်းတို့ဟာ သင့်ကိုရည်စူးပြီး ရဟန်းပြုကြတာမဟုတ်၊ ငါ့ကိုရည်စူး ဦးတည်ပြီးသာ ရဟန်းပြုကြခြင်းဖြစ်တယ်တဲ့၊ ငါ့ကိုရည်မှန်း ရဟန်းပြုလာသူများကို တစ်ပါးသူထံ လွှဲအပ်လို့ မသင့်ဘူးတဲ့ . . . ဒီနေရာမှာ ဗုဒ္ဓဟာ ဥပမာတစ်ခုပြပါတယ် အရှင်၊ ဥပမာတဲ့ . . သင့်ကိုယုံကြည်လို့ အပ်နှံထားတဲ့ပစ္စည်းတစ်ခုကို သင်က တစ်ပါးသူထံ လက်ဆင့်ကမ်းလိုက်တယ်ဆိုရင် ပစ္စည်းရှင်က သင့်ကို ဘယ်လိုထင်မလဲ၊ ယုံကြည်ပါတော့မလား၊ အားကိုးပါတော့မလားတဲ့၊ သိပ်ရှင်းတဲ့ ဥပမာပါပဲ အရှင်"

မင်းချင်းမှာ သံတော်ဦးတင်ရင်းဖြင့် တစ်ဆင့်ဖောက်သည်ချရင်းဖြင့် အရှင်ဒေဝဒတ်၏ တပည့်ရင်းလည်းဖြစ် မဂဓဥပရာဇာလည်းဖြစ်သော အဇာတသတ်ရှေ့တွင် စကားပြောနေပါလားဟူသော အဖြစ်ကို မင်းချင်း မေ့သွားဟန်တူ၏။ မိမိ၏ စကားများမှာ ဗုဒ္ဓဘုရားရှင်အား ချီးပင့်သည့်စကားများ ဖြစ်သွား၏၊ စိတ်လှုပ်ရှားစွာ နားထောင်နေသော ဥပရာဇာဖြစ်သူကလည်း ဤအခြင်းအရာကို သတိမထားမိချေ။

"အဲဒီလို ဥပမာပေးပြီးတော့ ဗုဒ္ဓရှင်တော်က ဆက်မိန့်တော်မူပါသေးတယ်၊ စင်စစ်တဲ့ သာဝကအပေါင်းတို့ရဲ့ အထွတ်အထိပ်ဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကိုတောင်မှ ငါဟာ သံဃာကို လွှဲအပ်ခြင်းမပြုဘူးတဲ့၊ အင်း . . . နောက်ဆုံးပိတ် မိန့်လိုက်တဲ့စကားကတော့ တကယ့်ကို မြား



www.foreverspace.com.mm

www.foreverspace.com.mm

တစ်စင်းလိုပါပဲ အရှင်”

“နောက်ဆုံးပိတ် မိန့်လိုက်တဲ့စကား . . .”

“ဟုတ်ပါတယ်အရှင် . . . သူတစ်ထူး ထွေးစွန့်ပစ်လိုက်တဲ့ တံတွေးချွဲပေါက်ကို ကောက်ပြီး မျိုဟပ်နေသူနဲ့ အလားတူတဲ့ သင့်ကို အဘယ့်ကြောင့် ငါက သံဃာလွှဲအပ်နိုင်မည်လဲပါတဲ့”

တုန်လှုပ်သွား၏။ တစ်ဆင့်ပြန်အကြားမှာပင် မိမိ ဤမျှထိခိုက်တုန်လှုပ်သွားခဲ့လျှင် ပရိသတ်အလယ်၌ တိုက်ရိုက်အဆိုခံရသူ ဆရာအရှင်ခမျာ မည်သို့ ရှိချေမည်နည်း။ ဗုဒ္ဓမိန့်လိုက်သည့်စကားများကလည်း၊ ယခုကြားရသလောက်ဆိုလျှင် အမှန်နည်းလမ်းတွေချည်း ဖြစ်၏။ မငြင်းသာသော အချက်အလက်တွေချည်းဖြစ်၏။

သို့သော် သူတစ်ပါး ထွေးစွန့်ပစ်လိုက်သော တံတွေးချွဲပေါက်ကို ကောက်ယူမျိုဟပ်နေသူဟု အဆိုခံလိုက်ရသည့် ဆရာအရှင် မည်သို့ဖြစ်သွားလေမည်နည်း . . .။

ရာဇဂြိုဟ်ကောင်းကင်တွင် လနှစ်စင်းထွက်ပေါ်ခြင်းသည် မသင့်ပါ။ မဖြစ်စကောင်းပါဟု ဆရာအရှင်ကို မိမိတောင်းပန်ခဲ့ဖူးပါလျက် . . .။ အခုတော့ ထွန်းပမြဲလဝန်းက လဝန်းအတိုင်း ရှိနေချိန်တွင် တစ်ခုသော ကြယ်တာရာကား အရောင်ညှိုးမှိန်ကြွေကျတော့မည်လား . . .။

“မင်း သွားနိုင်ပြီ”

စိတ်မချမ်းမြေ့စွာဖြင့် မင်းချင်းကို နှင်ထုတ်လိုက်၏။

ပြောစရာစကား ကုန်ပြီဖြစ်၍ မင်းချင်းလည်း ကိုယ်ကို ရို့လျက် တိတ်ဆိတ်စွာ ထွက်သွားလေသည်။

မိမိဆရာအရှင် ဗုဒ္ဓအဖြစ်ကို လွှဲပြောင်းရယူနိုင်ပါစေ။ သံဃာကိုလည်း လွှဲပြောင်းရယူနိုင်ပါစေဟူသော နဂိုကပင် ချည့်နဲ့သည့် ဆုတောင်းသည် ယခုတော့ နေလာနှင်းပျောက်ဖြစ်သွားပေပြီ။ ထိုပျောက်လွင့်သွားသော နှင်းတို့နေရာတွင် မည်သည့်အရာ ထပ်မံပေါ်ပေါက်လာဦးမည်နည်း၊

တစ်ခုခုတော့ ဖြစ်တော့မည်ဟု မချမ်းမြေ့စွာ တွေးမိ၏၊

ဆရာအရှင်သည် ရှုံးနိမ့်ခြင်း၏ ခါးသီးသောအရသာကို မြည်းစမ်းဖူးသူ မဟုတ်။ ဂယာသီသမှ ကျောင်းတော်ဝိဟာကြီးနှင့် တပည့်ရဟန်း နောက်





www.foreverspace.com.mm

လိုက်များစွာကို စိုးမိုးအုပ်ချုပ်နေသော ဆရာအရှင်သည် အရှုံးနှင့်တွေ့ဖူးသူ မဟုတ်။ အရှုံးကို ခံစားတတ်သူမဟုတ်။ ထိုသို့ဆိုလျှင် ဆရာအရှင်သည် မည်သို့ တုံ့ပြန်မည်နည်း။

ဆရာသည် မြွေများကို အစိုးရသူဖြစ်၏၊ မြွေဆိပ်ကို နိုင်နင်းသူဖြစ်၏။ သို့သော် မြွေတို့သခင် မြွေဘုရင်သည်ပင် မြွေပါ၏ ကိုက်ခဲခြင်းကိုမူ အလူးအလဲခံရတတ်သည်မဟုတ်လား . . .

ဆရာအရှင် လက်လျှော့နောက်ဆုတ်သွားပါစေ၊ အို . . . မဖြစ်နိုင်။ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော၊ အခြွေအရံနောက်လိုက်ပေါများသော၊ မဂဓ ဥပရာဇာ၏ အကိုးကွယ်ခံဖြစ်သော၊ အရှင်ဒေဝဒတ္တသည် နောက်ဆုတ်မည့် အစားမျိုးမဟုတ်၊ နောက်မဆုတ်စတမ်း ရှေ့ဆက်တိုးလျှင် . . .

အို . . . ဗုဒ္ဓကလည်းနော်၊ ဆရာအရှင် ဒေဝဒတ်ဆိုတာ တခြားသူမှ မဟုတ်ဘဲ။ ဘဒ္ဒကစ္စနာ၏ အစ်ကိုတော်သူ ဗုဒ္ဓ၏ယောက်ဖတော်သူပေပဲ။ ပြီးတော့ ဆရာအရှင်သည် သကျသာကီဝင်မင်းမျိုးစင်စစ်။ အရှင်အာနန္ဒာတို့နှင့် အတူ ရဟန်းပြုဖော်ပြုဖက်၊ ဘယ့်နဲ့ကြောင့်များ ဤမျှနစ်နာအောင် မိန့်တော်မူလိုက်ရပါလိမ့်။

အင်း . . . ဆရာအရှင်ကလည်း ဆရာအရှင်ပေပဲ၊ ဘာကြောင့်များ ဗုဒ္ဓအဖြစ်ကို လိုချင်ရသနည်း။ ဘာကြောင့် သံဃာကို အုပ်ချုပ်သူ ဖြစ်ချင်ရသနည်း၊ သည်လိုတွေးပြန်တော့ ခမည်းတော်မင်းကြီး ကိုးကွယ်ဆည်းကပ်သည့် ဗုဒ္ဓ၏ မိန့်ချက်များမှာ ငြင်းမရအောင် မှန်လွန်းလှ၏။

အို . . . အခုချက်ချင်းပဲ ဆရာအရှင်နဲ့ တွေ့ချင်လိုက်တာ။

အရှုံးနှင့်အရှက်ကို ဆရာအရှင် ဘယ်သို့ ခံယူတုံ့ပြန်မည်နည်း။

❊ ❊ ❊

“ရထားငါးရာနဲ့ ဆွမ်းအိုးငါးရာတို့ကို နေ့တိုင်းပို့၍ ညဉ့်နံနက်မပြတ်ရအောင် အဇာတသတ်မင်းသားက ဆည်းကပ်နေသမျှ ကာလပတ်လုံး အရှင်ဒေဝဒတ်အဖို့ရာမှာ ကုသိုလ်တရားတို့မှာ ယုတ်လျော့နေလိမ့်မယ်။ ပွားများတိုးတက်ဖို့မရှိဘူးတဲ့” ရာဇဂြိုဟ်တစ်မြို့လုံး ပြောနေကြသော စကားအချို့။

"ကြမ်းတမ်းပြီး သွေးဆိုးတဲ့ ခွေးတစ်ကောင်ရဲ့ နှာခေါင်းမှာ ဝံရဲ့သည်းခြေကို ထည့်ပေးထားရင် ဒီခွေးဟာ တိုးပြီး ကြမ်းတိုးပြီးဆိုးလာသလို၊ အဇာတသတ်မင်းရဲ့ ဆွမ်းအုပ်ငါးရာဟာလည်း အရှင်ဒေဝဒတ်အဖို့ ကုသိုလ်တရားတို့မှာ ဆုတ်ယုတ်နေမှာ မုချပဲတဲ့"

လူတိုင်း ပြောဆို၍ လျှံကျလာပြီးမှ မိမိနားဝရောက်လာသည့် စကားအချို့။

"ငှက်ပျောပင်ရဲ့ အသီးသီးခြင်းဟာ မိမိကိုယ်ရဲ့ ပျက်စီးရာပျက်စီးကြောင်း ဖြစ်တယ်၊ ဝါးပင်ရဲ့ အသီးသီးခြင်းဟာ မိမိကိုယ်မိမိ သတ်ဖို့ပဲ ဖြစ်လာတယ်၊ ကျူပင်ရဲ့ အသီးသီးခြင်းဟာ မိမိကိုယ်မိမိ သေဆုံးစေဖို့ပဲဖြစ်တယ်။ အဿတိုရ်မြင်းမရဲ့ ကိုယ်ဝန်ဆောင်ခြင်းဟာ မိမိရဲ့ အသက်ဆုံးရှုံးဖို့ပဲ ဖြစ်တယ်၊ အလားတူစွာပဲ ရှင်ဒေဝဒတ်ရဲ့ လာဘ်သပ်ပကာ ကျော်စောမှုဟာ သူ့ ကိုယ်သူ သတ်ဖို့ ဖြစ်လာတယ်"

သည်စကားတွေက ဝေဠုဝန်ကျောင်းတော်မှတစ်ဆင့် ရာဇဂြိုဟ်တစ်မြို့လုံးသို့ ပျံ့နှံ့ရိုက်ခတ်နေပြီဖြစ်၏။ မည်သည့်ကာလကတည်းက လူတွေတစ်ဆင့်စကား တစ်ဆင့်နား ပြောဆိုနေကြသည်မသိ။

ခြေခြေမြစ်မြစ် သိသူများကမူ ဗုဒ္ဓသည် ကောသမ္ဗီမှ ကြွချီလာပြီး ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတိုက်သို့ စတင်ရောက်ရှိ သီတင်းသုံးတော်မူကတည်းက ရဟန်းတို့အား မိန့်တော်မူခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြလေသည်။

ထိုစဉ်ကမူ ရာဇဂြိုဟ်တစ်မြို့လုံးသိပြီးမှ၊ မိမိ၏ နန်းတော်ထဲသို့ ထိုစကားရောက်လာ၏။

ယခုကြားနေရသော အသံတွေကိုမူကား မိမိသည် ရာဇဂြိုဟ်သားများနှင့်အတူ နားဖြင့် ဆတ်ဆတ်ကြားလိုက်ရခြင်းဖြစ်လေသည်၊

မယ်တော်ကြီး၏ အဆောင်တော်သို့ အခစားဝင်သည့် ထိုနေ့။

မိဖုရားကြီးအဆောင်တွင် ဆရာဇီဝကလည်း ရှိနေ၏။

ဆရာဇီဝက,က လှမ်း၍နှုတ်ဆက်ရင်း မျက်စိမျက်နှာညှိုးငယ်နေသောအဖြစ်ကို သတိထားမိသွားကာ၊ စိတ်ရွှင်လန်းစေမည့် ဆေးဝါးအဖျော်ရည်များ ပေးဦးမည်ဟု ပြောနေချိန်၌၊ ထိုအသံများကို ကြားလိုက်ရခြင်းဖြစ်၏။





အသံမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၏အသံ။

"ဟောဟိုမှာ လက်ျာရံ အဂ္ဂသာဝကကြီးပါလား . . . ရဟန်းသံဃာတွေလည်း ခြံရံလို့ . . . မုခ်တံတိုင်းနားမှာ ဘာအတွက်များ စုဝေးလာကြပါလိမ့်"

အမတ်တစ်ဦးက ပြောသဖြင့် အားလုံးပင် နန်းတော်တံခါးပေါက်ဆီသို့ ချဉ်းကပ်ခဲ့ကြသည်၊ ပြောသည့်အတိုင်း အမှန်ပင်ဖြစ်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် ရဟန်းများစွာ ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းတစ်နေရာမှ မုခ်ဝအနီးသို့ ရောက်လာခြင်းဖြစ်ဟန်တူသည်။

နန်းတွင်း ပရိသတ်များနှင့် ရာဇဂြိုဟ်မြို့သားများလည်း ရာနှင့်ချီ၍ ဝန်းကျင်ဝဲယာတွင် ရှိနေကြသည်။

အရှင်သာရိပုတ္တရာ၏ အေးဆေးအောင်မြင်သောအသံကို ကြားလိုက်ကြရလေသည်။

"ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တစ်မျိုးဖြစ်၏၊ ယခုအခါ၌ ဒေဝဒတ်၏ အမူအကျင့်သည် တစ်မျိုးဖြစ်ခဲ့ပြီ၊ အကြင်အခါ၌ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြုရာ၏။ ဒေဝဒတ်ပြုသော ထိုအမှုတို့ဖြင့် မြတ်စွာဘုရားဟူ၍ လည်းကောင်း၊ တရားတော်ဟူ၍လည်းကောင်း၊ သံဃာဟူ၍လည်းကောင်း မမှတ်အပ်ယူ၊ ဝေဒဒတ်ဟူ၍ မှတ်ယူရမည်"

အရှင်သာရိပုတ္တရာသည် ရဟန်းများခြံရံလျက် တစ်နေရာသို့ ထွက်ခွာသွားလေသည်။ မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင် နန်းတော်ဆောင်တံခါးမှ မိမိမခွာမိ။ အံ့အားအသင့်ကြီးသင့်ကာ အစွဲအမြဲ ရပ်မိနေ၏။

သတိကင်းကွာသလိုဖြစ်နေပြီးမှ ပြန်၍ သတိထားမိသောအချိန်တွင် မိမိကို လှမ်းကြည့်နေကြသော မယ်တော်၊ ဆရာဇီဝကနှင့် မှူးမတ်များ၏ မျက်လုံးများကို တွေ့လိုက်ရလေသည်။

"ဘာသဘောလဲ ဆရာဇီဝက"

ဆရာဇီဝက၏မျက်နှာမှာ အားတောင့်အားနာအသွင် ရှိနေ၏။

"အရှင်သာရိပုတ္တရာနဲ့ ရဟန်းသံဃာတွေဟာ ရာဇဂြိုဟ်မြို့တွင်းတစ်နေရာက တစ်နေရာ လှည့်လည်ပြီး ဒီလို ရွတ်ဆိုကြေညာနေကြသလား"

မယ်တော်ကြီးက ပန်းနှစ်ဘက်ကို လာ၍ ဖျစ်ညှစ်ဆုပ်ကိုင်၏။

ဆရာဇီဝကသည် သက်ပြင်းရှိုက်လျက် . . .

"မြတ်စွာဘုရားရှင်ဟာ ရဟန်းတို့ကို ဥတ္တိဒုတိယကမ္မဝါမနဲ့ ရာဇဂြိုဟ်မှာ အရှင်ဒေဝဒတ်ကို ပကာသနီယကံ ပြုစေပါတယ်။ သံဃာက ပကာသနီယကံပြုပြီးလို့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို သမ္မုတိပေးပြီး ထင်ရှားအောင်ပြတော်မူခြင်းပါပဲ အရှင့်သား"

"ကျွန်ုပ်နားလည်အောင် ရှင်းရှင်းပြောစမ်းပါ ဆရာဇီဝက"

"ပကာသနီယကံပြုမှုဆိုတာ ဝိနည်းကိစ္စပါပဲ အရှင့်သား . . . ဝိနယ အမှုပါ၊ ကံအပြုခံရတဲ့ရဟန်းရဲ့ ပြောသမျှ ပြုသမျှဟာ ဘုရားရှင်၊ တရားတော်၊ သံဃာနဲ့ မဆိုင်၊ သူ့သဘောအတိုင်းသာ ဖြစ်တယ်လို့ ထင်ရှားအောင်ပြခြင်း ဖြစ်ပါတယ်"

"ဆရာအရှင်ဒေဝဒတ်ကို သံဃာကနေ ထုတ်ပယ်ပစ်လိုက်တဲ့ သဘောလား"

"မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်နဲ့ အရှင်ဒေဝဒတ်ရဲ့ ပြုမူပြောဆိုမှုများ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့ ထင်ရှားအောင်ပြလိုက်တာပါပဲ အရှင့်သား"

မယ်တော်ကြီးကမူ ဖျစ်ညှစ်ဆုပ်ကိုင်ထားသော ပန်းကို သူ့ဘက်သို့ ဆွဲလှည့်လိုက်၏။ အားအင်ချည့်နဲ့သလိုဖြစ်နေသောကြောင့် မယ်တော် အသာအယာဆွဲလှည့်ရာဆီသို့ အလိုက်သင့်ပါသွားသည်။

မယ်တော်၏မျက်နှာမှာ ကရုဏာရိပ်များ ဖိတ်လျှံကျနေ၏။

"သား . . . ဒီကိစ္စမှာ ဗုဒ္ဓမြတ်စွာဘုရားအပေါ် သား ဘယ်လိုမှ မဥပါဒ်နဲ့နော် . . . ကိုယ် ကိုးကွယ်နေတဲ့ ဆရာတစ်ပါးအတွက် နာကျင်တဲ့ ခံစားမှုမျိုးနဲ့တော့ ဘုရားရှင်အပေါ် တစ်မျိုးတစ်မည် မထင်လိုက်ပါလေနဲ့ ကွယ်၊ တကယ်တော့ ရှင်ဒေဝဒတ်နဲ့ပတ်သက်ပြီး ဖြစ်လာနိုင်တဲ့နောင်ရေးတွေကို ဘုရားရှင် မြင်တော်မူလို့သာ အခုလို ပကာသနီယကံ ပြုလိုက်ရတာ ဖြစ်ပါလိမ့်မယ်၊ ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့သာဝကကြီးများဟာ ဘယ်တော့မှ သူတစ်ပါးအကျိုးဆုတ်ယုတ်နစ်နာအောင် ပြုလုပ်တော် မမူကြဘူးဆိုတာ သား မြဲမြဲမှတ်ထားနော်"





မယ်တော်ကြီးကို ပြန်ပြောစရာ စကားမရှိ။

ဆရာဇီဝကထံမှ အသံထွက်လာပြန်သည်။

"ဒီပကာသနီယကံရဲ့ အကျိုးဆက် ဘာတွေဖြစ်ပေါ်လာသလဲဆိုတာတော့ ကာယကံရှင် ဆရာဒေဝဒတ် ဘာလုပ်မလဲဆိုတဲ့ အခြေအနေကို စောင့်ကြည့်ဖို့ပဲ ရှိပါတယ်"

မည်သူကိုမှ စကားမပြောချင်တော့။ မည်သူ၏ မှတ်ချက်ကိုမှလည်း နားမထောင်ချင်တော့။ မယ်တော်၏ လက်ထဲမှ ရုန်းထွက်ကာ ခြေလှမ်းကြီးများဖြင့် နန်းဆောင်ထဲမှ ထွက်လာခဲ့လေသည်။

ယခုအချိန်တွင် ဆရာဒေဝဒတ်နှင့်သာ အမြန်တွေ့ချင်သည်။

❊ ❊ ❊

စံအိမ်နန်းဆောင်ဝင်ပေါက်ဝသို့ မြင်းရထားဆိုက်သည်နှင့် တစ်ခုခုထူးခြားနေပြီဖြစ်ကြောင်း သိလိုက်၏။ မြင်းရထားသိမ်း မြင်းဇက်ကြိုးကိုဆွဲသော အမှုထမ်း၏ အမူအရာမှာ ပျာယီးပျာယာနိုင်လွန်းလှသည်။ တံခါးဝ၌ရှိနေသော အစောင့်စစ်သည်နှစ်ယောက်မှာလည်း အကဲမရဖြစ်နေသည်။ နန်းဆောင်လှေကားထစ် အောက်ဆုံးထစ်တွင် တခါးမှူးရောက်နေသည်။ တံခါးမှူးသည် အဘယ့်ကြောင့် လှေကားထစ်များအပေါ် တံခါးဝတွင် ရှိမနေသနည်း။ သူတို့အားလုံး အနေအထား မမှန်ကြ။

မြင်းရထားပေါ်မှ အဆင်းမှာပင် မူပျက်နေသော ထိုအခြေအနေများ၏ အဖြေမှန် ပေါ်လာ၏။ အိမ်တော်ဝန်သည် မလှမ်းမကမ်းဆီမှ မပြေးရုံတမယ် ခြေလှမ်းများဖြင့် အနီးသို့ ရောက်လာ၏။ သူ့မျက်နှာမှာ အမောတကော ဖြစ်နေသည်။

"ဆရာသခင် ရောက်နေပါတယ်အရှင်"

"ဘာ"

"ဆရာအရှင်ဒေဝဒတ် နန်းဦးဆောင်ထဲမှာ ရှိနေပါတယ်၊ ရောက်နေတာ အတော်လေးကြာပါပြီ၊ ဘယ်သူ့ကိုမှ အဝင်မခံပါဘူး၊ ကျွန်တော်မျိုးတို့လည်း တစ်ယောက်မှ အနားမသီရဲကြပါဘူး။ ဆရာအရှင်ရဲ့မျက်နှာဟာ မြွေ



www.foreverspace.com.mm

www.foreverspace.com.mm



ဟောက်ကြီးတစ်ကောင်ရဲ့ ပါးပျဉ်းလိုဖြစ်နေပါတယ်"

အိမ်တော်ဝန်၏ ထိတ်လန့်မျက်နှာရှေ့မှ ဖြတ်လျက် စံအိမ်တော် လှေကားထစ်များအတိုင်း အပြေးအလွှား တက်လာမိလေသည်။ ဆရာအရှင်သည် မိမိ၏ နန်းဆောင်ဆီသို့ မကြွစဖူး ကြွလာပေပြီ။

နန်းဦးဆောင်ထဲသို့ အဝင်တွင် မောဟိုက်ပင်ပန်းနေ၏။ စိတ်ရောလူပါ နွမ်းနယ်နေသော အဖြစ်။

သလွန်ထက်တွင် သက်နှ်း ဖိုရိုဖားရားဖြင့် ထိုင်နေသော ဆရာအရှင်ကို စိတ်မသက်သာစွာ တွေ့လိုက်ရသည်၊ အိမ်တော်ဝန်၏ စကားလုံးများကို သတိရလျက် ဆရာအရှင်၏မျက်နှာကို အမောတကော လှမ်းကြည့်လိုက်မိသည်၊ မြွေဟောက်ကြီးတစ်ကောင်ရဲ့ ပါးပျဉ်းလိုတဲ့။

မဟုတ်ချေ၊ ဆရာ့မျက်နှာပေါ်တွင် မာန်ဖီနေသောအသွင် အလျဉ်းမရှိ။ သို့သော် တစ်ခုခုကို အလေးနက်ဆုံး တွေးတောနေဟန်ဖြင့် နဖူးကြောကြီးများ ထောင်နေသည်ကိုမူ အတိုင်းသား တွေ့လိုက်ရ၏၊ ဆရာ့မျက်နှာ နီမြန်းနေသည်ကတော့ အမှန်ပင်။

"ဆရာအရှင် . . . တပည့်တော်နန်းဆီ ရောက်နေ . . ."

"အင်းပါ . . . ငါသိပါတယ်၊ ကျွန်ုပ်လာမယ်ဆိုတာ အကြောင်း မကြားမိခဲ့ဘူး၊ အေး . . . ဒီကိုလာဖို့ကလည်း ကြိုတင်အစီအစဉ် မရှိဘူးလေ"

အသံမှာ ခြောက်ကပ်ကပ်ဖြစ်နေ၏၊

"ရာဇဂြိုဟ်မြို့တံခါးနားမှာ တပည့်တော် ကြားခဲ့ပြီးပါပြီ ဆရာအရှင်၊ ဗုဒ္ဓရဲ့ လက်ျာရံ အဂ္ဂသာဝကနဲ့ ရဟန်းတွေဟာ တစ်နေရာပြီးတစ်နေရာ လှည့်လည်ရင်းနဲ့ . . ."

"သူတို့အကြောင်း ထားလိုက်စမ်းပါ ဥပရာဇာရယ် . . . အုပ်စုကြီးဖွဲ့ပြီး ကျွန်ုပ်ကို အပြိုးထား တိုက်ခိုက်နေကြပေမယ့် ဒါဟာ သူတို့လုပ်စရာရှိတာ လုပ်တာပါပဲ။ ဒါအတွက် ကျွန်ုပ် မအံ့သြပါဘူး၊ ကျွန်ုပ် ဂရုလည်း မစိုက်ပါဘူး"

ဤစကားများကို ဆရာအရှင် တကယ်ပင်ပြောနေသည်လား မမှန်းဆတတ်၊ သို့သော် ပကာသနီယကံ ပြုခံရခြင်းအတွက် ဆရာအရှင် အမျက်ခြောင်းခြောင်း ထွက်နေလိမ့်မည်ဟူသောအထင်နှင့် ယခုတွေ့နေသော အမြင်



www.foreverspace.com.mm



ကား လွဲနေပေသည်။ ဆရာသည် မိမိထင်ထားသလို တရှူးရှူး တရှားရှားဖြစ်မနေဘဲ ငြိမ်သက်လွန်းနေ၏၊ ဤသည်ကပင် တစ်မျိုး လန့်စရာဖြစ်နေလေသည်၊ ဆရာ၏ အနက်အရှိုင်းကို မိမိ မခန့်မှန်းနိုင်ပါတကား၊

"ဒီမှာ အဇာတသတ် . . . ကြားခဲ့ရတဲ့ သတင်းတွေ နားထောင်ခဲ့ရတဲ့အသံတွေကို သင့်ခေါင်းထဲက ထုတ်ပစ်လိုက်စမ်း၊ ကျွန်ုပ်လာတာ အဲဒီကိစ္စတွေကို ပြောဖို့မဟုတ်ဘူး၊ ဗုဒ္ဓနဲ့ သူ့နောက်လိုက်ရဟန်းတွေ ကျွန်ုပ်အပေါ် ဒီလိုလုပ်ကြလိမ့်မယ်ဆိုတာ ကျွန်ုပ် တွက်ပြီးသား၊ အံ့သြစရာမဟုတ်ဘူး၊ နာသာခံခက်ဖြစ်စရာလည်း မလိုဘူး၊ နားလည်လား . . ."

ဆရာ့ကို ထိတ်လန့်မိနေရာမှ သနားသွားသည်။ ထို့နောက် တစ်မြို့လုံး ပကာသနီယကံပြုသော အသံများ လျှံနေချိန်မှာ ထိုအသံတို့ကို မျက်ကွယ်ပြုလျက် မိမိရှေ့မှောက် တစ်ကိုယ်တည်း ရောက်လာသော ဆရာ့ကို ပို၍ပင် ကြည်ညိုသွားမိသည်၊ ဆရာအရှင်သည် ကိုယ့်အပေါ် ထိုးနှက်တိုက်ခိုက်မှုတို့အား လျစ်လျူရှုနိုင်သူ ဖြစ်ချေသည်။

"အရှင်ဘုရား . . . ခုလို တပည့်တော်ဆီ မကြွစဖူး ကြွလာတယ်ဆိုတော့ . . ."

လျှော့ရဲနေသော သက်နှ်းကို ပြင်ရုံလျက် ဆရာအရှင် ခန့်ခန့်မတ်မတ် ထိုင်သည်။ ရင်အုပ်ကြီးတစ်ခုလုံး ပြန့်ကားသွားသည်အထိ အသက်ကို ပြင်းပြင်းရှူသည်။ အိမ်တော်ဝန်၏စကား မှားသည်။ ဆရာသည် မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းထောင်နေသည်နှင့်မတူ။ နဂါးကြီးတစ်ကောင် အခိုးခြောင်းခြောင်းလွှတ်ဖို့ အားယူနေသည်နှင့် တူသည်ဟု ထင်လိုက်မိလေသည်။

"ကျွန်ုပ်လာတာ ကျွန်ုပ်အတွက် မဟုတ်ဘူး၊ သင့်အတွက် . . ."

"တပည့်တော်အတွက် . . ."

"ဟုတ်တယ် . . . ဖြစ်ခဲ့သမျှ ဖြစ်နေသမျှ အားလုံးကို ကျွန်ုပ် ဆက်စပ် သုံးသပ်လိုက်တဲ့အခါမှာ သင့်ကို စကားတစ်ခွန်းပြောတော့မှဖြစ်မယ်ဆိုတဲ့အဖြေ ထွက်လာတယ်၊ ဒီစကားပြောဖို့ ကျွန်ုပ် ကြွလာတာပဲ"

ဆရာ့စကားကို နားမလည်။

"အခု ဝေဠုဝန်အုပ်စုက ကျွန်ုပ်ကို ပကာသနီယကံပြုနေကြတယ် မဟုတ်လား . . . ဒီ လက်ငင်းဖြစ်ရပ်ကို အခြေပြုပြီး ရှေ့ကြောင်းနောက်

www.foreverspace.com.mm



ကြောင်းတွေ ဆက်စပ်စဉ်းစားလိုက်တော့ ကွင်းဆက်လိုဖြစ်နေတဲ့အရာတွေကို ကျွန်ုပ် ထင်းထင်းကြီး မြင်လိုက်ရတယ်။ ဒီအခါမှာ အဖြေတစ်ခုထွက်လာတယ်၊ အဲဒီအဖြေကတော့ သင့်အတွက် အချိန်မရှိတော့ဘူးဆိုတာပဲ အဇာတသတ်"

"တပည့်တော်အတွက် အချိန်မရှိတော့ဘူး . . . ဟုတ်လား ဆရာအရှင်"

"အေး . . . ဟုတ်တယ်၊ အချိန်မရှိတော့ဘူးဆိုတာ၊ တစ်နည်းအားဖြင့် အချိန်ကျရောက်ပြီလို့လည်း အဓိပ္ပါယ်ထွက်တယ်၊ ဒီအချိန်ကို သင် အသုံးမချရင် သင့်ဘဝ စုံးစုံးနစ်မြုပ်တော့မယ်"

"တပည့်တော် နားမလည်နိုင်ပါလားဘုရား"

"အင်း . . . အင်မတန် သိမ်မွေ့တယ်၊ ကျွန်ုပ်က ကိုယ့်တပည့်ရဲ့ ကောင်းရာကောင်းကျိုးနဲ့ ရှေ့အလားအလာတွေကို အမြဲ စဉ်းစားတွက်ချက်နေသူမို့သာ ဒီသိမ်မွေ့တဲ့ကိစ္စကို မြင်လိုက်တာ၊ ဒီမှာ အဇာတသတ် . . . ဒီစကားဟာ နားလေးဖက်သာ ကြားသင့်တဲ့စကား။ ဒီတော့ . . . "

ဆရာ လေသံနိမ့်သွားသည်။ နန်းဦးဆောင်ထဲတွင် ရှိနေကြသော အမှုတော်ထမ်းများကို ဆရာ ငဲ့ဝိုက်၍ ကြည့်သည်။

နားလေးဘက်သာ ကြားသင့်သောစကားတဲ့ . . .။ ဆရာ၏ အထူးလျှို့ဝှက်သောအသွင်ကို ရိပ်မိလိုက်သဖြင့် အမှုတော်ထမ်းများကို နန်းဆောင်ထဲမှ လက်ပြ၍ နှင်ထုတ်လိုက်၏။

နှစ်ဦးတည်းကျန်ရစ်တော့မှ ဆရာအရှင် စကားပြန်စသည်။

"ဗုဒ္ဓရဲ့အမိန့်နဲ့ ဝေဠုဝန်ရဟန်းတွေက ကျွန်ုပ်ကို အခု ပကာသနီယကံ ပြုလိုက်ကြပြီ ဟုတ်လား . . . ရှင်ဒေဝဒတ်ပြုသောအမှုသည် ဘုရား၊ တရား၊ သံဃာနှင့် မဆိုင်၊ ပြုသူနှင့်သာ ဆိုင်၏တဲ့ . . . ဟုတ်လား"

"ဒီအသံတွေကို တပည့်တော် ကြားရချိန်မှာပဲ တပည့်တော် စိတ်နှလုံး အထူးထိခိုက်ရပါတယ်ဘုရား"

"ဘာမှ ထိခိုက်ခံစားမနေနဲ့ . . . အဲဒါ ကျွန်ုပ်နဲ့ သက်ဆိုင်တဲ့ အခန်းကဏ္ဍ၊ ဒါအတွက် ကျွန်ုပ်မှာ ဘာမှ ယုတ်လျော့မသွားဘူး၊ သို့သော် ဆက်စပ်နေတဲ့ အခြားတစ်ဖက်မှာ ထိထိမိမိကြီး ထိခိုက်နေတာက သင်ပဲ"





"တပည့်တော် . . . "

"နားထောင်စမ်း အဇာတသတ် . . . သင့်ရဲ့ ခမည်းတော်ကြီးဟာ အသက်အရွယ် ကြီးရင့်လာပြီဖြစ်ပေမယ့် အခုထိ မာဂဓထီးနန်းရဲ့ အရှင်သခင်ပဲ မဟုတ်လား . . . ထီးနန်းစည်းစိမ်ရဲ့ လိုလေသေးမရှိတဲ့ ပြည့်စုံမှုတွေကြောင့် သင့်ဖခင်ကြီးဟာ အသက်အရွယ်နဲ့ မလိုက်အောင် ကျန်းမာသန်စွမ်းလျက်ပဲ မဟုတ်လား"

ဆရာ့စကား ဘယ်သို့ဦးတည်မည် မသိတတ်နိုင်။

"ရာဇဝံသအရ ထီးဆောင်အရှင် ဘုရင်တစ်ပါး ကွယ်လွန်တော့မှ မကိုဋ်သရဖူဟာ ထီးမွေနန်းမွေဆက်ခံသူရဲ့ ဦးခေါင်းပေါ်ကို ရောက်ရှိရမှာ မဟုတ်လား . . . ဒီမှာလည်း ဗြဟ္မဏ ပုရောဟိတ်တွေကို ဟူးရားပညာရှိတွေရဲ့ အဘိသေက အစီအစဉ်တွေကို ဘုရင်သစ်က လိုက်နာရဦးမှာ၊ ဟုတ်တယ် မဟုတ်လား . . . ငါပြောတာ"

ဆရာအရှင်သည် ကိုယ်တိုင်သည်ပင် သုဒ္ဓေါဒနဘုရင်၏ သားတော်တစ်ပါးဖြစ်သည်မို့ ထီးနန်းအရိုက်အရာ ထုံးဓလေ့များကို ကောင်းစွာ ကြေညက်နေပေသည်ဟု နားလည်လိုက်မိ၏။ သို့သော် ဘာရည်ရွယ်ချက်ဖြင့် ဆရာ ဤစကားတွေကို ပြောနေသနည်း။

ဆရာက သက်နှန်းကို ပြန်ဖျက်၍ ပခုံးထက်သို့ ကျစ်လျစ်စွာ ပစ်တင်လိုက်ပြီးမှ ဆက်ပြော၏။

"အဇာတသတ် . . . သင့်ရဲ့ဦးခေါင်းပေး မဂဓဘုရင်ရဲ့ မကိုဋ်သရဖူ ရောက်ရှိလာဖို့ သင် ဘယ်လောက်စောင့်ရဦးမယ် ထင်သလဲ"

တွေးတွေးဆဆဖြင့် ဖြေလိုက်ရသည်။

"ခမည်းတော်မင်းကြီးက အရိုက်အရာလွှဲတဲ့အချိန်ထိ စောင့်ရမှာပါ ဆရာအရှင် . . . မဂဓထီးနန်းအမွေဟာ တပည့်တော်ကလွဲလို့ ဆက်ခံမယ့်သူ မရှိပါဘူး"

"အဲဒါထားစမ်းပါ . . . သင် ခုပဲ ဥပရာဇာဖြစ်နေပြီမဟုတ်လား၊ ဥပရာဇာဆိုတာ တစ်နေ့ ဘုရင်ဖြစ်သင့်သူဆိုတာ ရှင်းပြီးသားပါ . . . ငါ မေးနေတာက သင် ဘယ်တော့ ဘုရင်ဖြစ်မှာတဲ့လဲ"

"ခမည်းတော်က လွှဲတဲ့အချိန်ကျရင် တပည့်တော် . . . "



www.foreverspace.com.mm

www.foreverspace.com.mm



"အဲဒီ ခမည်းတော်က ဘယ်တော့လွဲမှာလဲ . . . ဒါကိုမေးနေတာ"

ဓားအိမ်ထဲမှ ဓားလွတ်ကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်သလို ဆရာ၏ ခပ်ဝေါက်ဝေါက်အမေးက စကားကို ဖြတ်တောက်လျက် ထွက်ပေါ်လာ၏။ ဆရာ့လေသံ ဆတ်လွန်းလှသဖြင့် တုန်သွား၏။

"ဒါကိုတော့ . . . တပည့်တော်လည်း . . . အချိန်ကာလအားဖြင့် မခန့်မှန်းတတ်ပါဘူး ဆရာအရှင်"

"မှားတယ် . . . ခန့်မှန်းလို့ ရရမယ်"

သလွန်ပေါ်မှာထိုင်ရင်းဖြင့် ဆရာ နေရာပြင်သည်။

"ဘယ်အချိန်ကာလလဲဆိုတော့ . . . သူ သေဆုံးပြီးတဲ့အချိန်ပဲ"

"အေး . . . ပြောလို့မရတာက သူ ဘယ်တော့ သေဆုံးမယ်ဆိုတာပဲ"

မစဉ်းစားတတ်အောင် ဖြစ်သွား၏။ ဆရာ့စကား ဘယ်သို့ ဦးတည်နေသနည်း။ ထီးမွေနန်းမွေ အရေးကိစ္စတွေကို ဆရာ ဘာကြောင့်ပြောနေသနည်း။

"ဒီစကားကို ဒီနေရာမှာ ခဏလေး ရပ်နားထား၊ မှတ်ထားနော် . . . ဗိမ္ဗိသာရမင်းကြီး အနိစ္စရောက်မှ အဇာတသတ် ဘုရင်ဖြစ်မယ်ဆိုတဲ့အချက်၊ ကိုင်း . . . နှိုင်းယှဉ်ထင်ဟပ် တွေးစရာ အခြားတစ်ဖက်ကို ကူးကြည့်လိုက်ကြစို့"

❊ ❊ ❊

ဆရာ့အသွင်သည် အံ့ဩစရာကောင်းလောက်အောင် ကြွပ်ဆတ်မာကျောနေရာမှ နူးညံ့ပျော့ပျောင်းသွား၏။ ထိုနူးညံ့မှုတွင် ကြေကွဲသော အရိပ်အယောင်များပါ ဖုံးလွှမ်းသွားလေသည်။

"ဘုရားအဖြစ်ကို တပည့်တော်အား လွှဲပြောင်းပေးပါ၊ သံဃာကိုလည်း တပည့်တော် ဆက်လက်တာဝန်ယူပါရစေ . . . အရှင်ဘုရားအနေနဲ့ သက်တော်ကြီးရင့်ပြီဖြစ်လို့ အေးဆေးသက်သာစွာ စံနေပါတော့လို့ ငါက စကားနဲ့ အနူးအညွတ် အချိုအသာ တောင်းခံတဲ့အခါ ငါ့ကို ဘယ်လိုလုပ်လိုက်ကြသလဲဟင် . . . ငါ့ကို ပထုတ်လိုက်ကြတယ် မဟုတ်လား . . . "

နန်းဦးဆောင် မျက်နှာကြက်ဆီသို့ ဆရာ ငေးမောနေ၏။

"အဇာတသတ် . . . ဒို့ ဆရာတပည့်နှစ်ယောက်ဟာ ခေါင်းပိုင်းနဲ့



www.foreverspace.com.mm



အမြီးပိုင်းလို ခွဲခြားလို့မရဘူး၊ ငါက မြားတစ်စင်းရဲ့အသွားဆိုရင် သင်က အမြီးဖျား ငှက်မွေးသဖွယ်ပဲ၊ အင်း . . . ငါ အခု ကြံရတာက ငါ့အတွက် မထောင်းတာပေမယ့် ငါ့လို အလားတူ သင်ကြံရရင်တော့ သင် ကံဆိုးမိုးမှောင်ကျမှာပဲ"

မည်းမှောင်သော ကျောက်ဂူကြီးတစ်ခုအတွင်းထဲသို့ တိုးဝင်ရသလို ဆရာ့စကားလုံးတွေကို နားထောင်ရင်း မွန်းကြပ်လာ၏။

"သင်နဲ့ငါနဲ့က ဆရာတပည့်၊ အလားတူ ဗုဒ္ဓနဲ့ သင့်ခမည်းတော်ကြီးကလည်း ဆရာတပည့်၊ ဗုဒ္ဓထံ ငါက အရေးဆိုတဲ့အခါ၊ ငါ ပကာသနီယကံ အပြုခံရတယ်၊ ဒါက ရဟန်းတွေနဲ့ ဝိနည်းနဲ့ အရေးယူလိုက်တာ၊ အင်း . . . ဗိမ္ဗိသာရမင်းကြီးထံမှာ သင်က မဂဓထီးနန်းကို တောင်းဆိုပြီ ဆိုပါစို့ . . . ဗုဒ္ဓရဲ့တပည့်ရင်းကြီးဖြစ်တဲ့ သင့်ခမည်းတော်ကြီးဟာ ဘယ်လိုတုံ့ပြန်မယ်ထင်သလဲ အဇာတသတ် . . . ရဟန်းဝိနည်းအရ ငါကမှ ပကာသနီယကံနဲ့ အရေးယူခံရသေးတယ်၊ သင်တို့ကတော့ လက်နက်၊ အာဏာ၊ စည်းစိမ်တွေနဲ့ တည်ဆောက်ထားတဲ့ ထီးနန်းကိစ္စ၊ အနည်းဆုံး သင်ဟာ ပုန်စားပုန်ကန်သူအဖြစ် သတ်မှတ်ခံရမယ်၊ ကြေးတိုက်ထဲ ရောက်မယ်၊ အမြင့်ဆုံးကတော့ ရာဇဝတ်သားအဖြစ် . . . "

တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွား၏။

သို့သော် ရုတ်ခြည်းဝင်လာသော အတွေးဖြင့် ကမန်းကတန်း လျှောက်မိလိုက်သည်။

"ခမည်းတော်ကတော့ တပည့်တော် ထီးနန်းကို တောင်းတဲ့အချိန်မှာ လွှဲပေးမှာပါပဲ ဆရာအရှင်"

တဟားဟားရယ်သံ ထွက်လာ၏။ ဆရာ့ရယ်သံကြီးမှာ သွေ့ခြောက်နေသည်။

"ထင်သလား အဇာတသတ် . . . လောကီစည်းစိမ်မဟုတ်တဲ့ ရဟန်းအဖြစ်ရဲ့ အထွတ်အထိပ်ဆိုတဲ့ ဗုဒ္ဓအဖြစ်ကိုတောင်မှ ဗုဒ္ဓဟာ သူ့ယောက်ဖအရင်း ငါ့ကို လွှဲမပေးသေးတာ၊ စည်းစိမ်ချမ်းသာမှန်သမျှကို အလှူပယ်ခံစားနေနိုင်တဲ့ မဂဓသေရဖူဆောင်းအဖြစ်ကို သင့်ခမည်းတော်က သင့်ဆီ ရှေ့အင့်ဆိုပြီး အသာတကြည် လွှဲပေးမယ်ထင်မလား"

"တပည့်တော်အနေနဲ့ တစ်နေ့သောအခါမှာ မုချ ဘုရင်ဖြစ်မှာ

မဟုတ်လား ဆရာအရှင်”

“ဘယ်နေ့လဲ . . . အဲဒီနေ့က ဘယ်နေ့လဲ . . .”

မည်သည့်စကားဖြင့် ပြန်ဖြေရမှန်းမသိ။

“ကျန်းမာသန်စွမ်းနေတဲ့ သင့်ဖခမည်းတော်ဟာ နောင်နှစ်ပေါင်းများစွာ အသက်ရှင်နေဦးမှာပဲ . . . သူ ကွယ်လွန်မယ့်နေ့ . . . အင်း . . သင် ထီးနန်းရမယ့်နေ့ဆိုတာ နောင်နှစ်ပေါင်းများစွာ . . .”

သည်တစ်ခါတော့ ဆရာ့တွေးခေါ်မှု သဘာဝကျလှသည်ဟု မှတ်ယူလိုက်မိသည်။

“အပင်ပေါ်က သူ့အလိုလိုပြုတ်ကျတဲ့ သစ်သီးကို ကောက်ယူစားသူဟာ ယောက်ျားကောင်းမဟုတ်ဘူး။ အပင်ထက်တက်ပြီး စိတ်ကြိုက်ဆွတ်ခူးကိုက်ဝါးစားသောက်နိုင်မှ ယောက်ျားကောင်း။ အဲဒီလို ဆွတ်စားရတဲ့ အသီးသာလျှင် အကောင်းဆုံး အချိုမြိန်ဆုံးအသီး”

ကြက်သီးဖြန်းဖြန်း ထလာသလို ခံစားရသဖြင့် လက်ဖဝါးချင်း ပွတ်ချေနေမိ၏။

“ဒါဖြင့်ရင် တပည့်တော် ဘယ်လိုလုပ်ရမှာပါလဲဘုရား”

“အိုး . . . အိုး . . . ဆန္ဒမစောပါနဲ့လေ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ကိုယ့်ဆန္ဒနဲ့ မဆုံးဖြတ်နဲ့၊ ပကတိ အခြေအနေတွေကို တွက်ကြည့်လိုက်ဦး၊ အဲဒီအခြေအနေတွေအပေါ်မှာ ဘာအလုပ်သင့်ဆုံးလဲဆိုတာ အလိုအလျောက်ပေါ်လာပါလိမ့်မယ်”

မည်သူ့မျှ မရှိပါဘဲလျက် မည်သူ့မျှ မကြားနိုင်ပါဘဲလျက် ဆရာအရှင်သည် လေသံကို နှိမ့်ချလိုက်လေသည်၊

“ပကတိအခြေအနေဆိုတာက ကျန်းမာသန်စွမ်းနေတဲ့ သင့်ခမည်းတော်ကြီးဟာ နောက်ထပ် နှစ်ပေါင်းများစွာ မဂဓရဲ့ မကိုဋ်သရဖူကို ဆင်မြန်းထားဦးမယ်၊ ဒါက တစ်ချက် . . . သင်က ထီးနန်းလွှဲပါလို့ ထတောင်းဆိုလိုက်ရင် ဗုဒ္ဓနဲ့ သူ့ရဟန်းတွေက ငါ့ကို ပကာသနီယကံပြုတာထက် သင့်အဖြစ်က ပိုဆိုးသွားမယ်၊ ဒါကတစ်ချက် . . . နောက်တစ်ချက်က . . . အသက်အရွယ်အတိုင်း သင့်ခမည်းတော်ကြီး ကွယ်လွန်တော့မှ သင်ရာဇဝံသအတိုင်း ထီးမွေဆက်ခံရမယ့်အချိန်မှာ သင်ကိုယ်တိုင် အသက်ကြီးရင့်နေပြီဆိုတဲ့တစ်ချက်၊





အင်း . . . ထီးနန်းစည်းစိမ်ဆိုတာ ပျိုရွယ်မှုနဲ့ ပေါင်းစပ်မှသာ အပြည့်အဝ အရသာပေါ်လွင်ပေတာကလား၊ သွားတွေမကောင်းတော့မှ ကြံချိုချိုတစ်ချောင်း လာပေးတယ်ဆိုတာမျိုးကတော့ ပြက်ရယ်ပြုခြင်းခံရတာပဲ မဟုတ်လား”

“တပည့်တော် . . .”

“နေဦး . . . ကျန်သေးတယ်၊ ဗုဒ္ဓရဲ့တပည့်ရင်း ဥပါသကာကြီးဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးဟာ ငါ့တပည့်ရင်းဖြစ်နေတဲ့ သင့်ကို ကြည်ဖြူနိုင်ပါဦးမလားဆိုတဲ့တစ်ချက်၊ အင်း . . . သူတို့ဘက်ကကြည့်ရင်တော့ သိပ်ဟုတ်နေကြတာကလား၊ ဗုဒ္ဓက ငါ့ကို ဖိနှိပ်၊ ဗိမ္ဗိသာရက သင့်ကိုဖိနှိပ် . . .”

“တပည့်တော်လုပ်ရမှာကိုသာ ညွှန်ပြပေးပါတော့ ဆရာအရှင်”

“တို့ ဆရာတပည့်နှစ်ယောက်စလုံး အဖြစ်ဆိုးကြတယ် အဇာတသတ်”

ဆရာအရှင်၏ ကြေကွဲဝမ်းနည်းနေသော ဝမ်းခေါင်းသံကြီးက နားမှ တစ်ဆင့် တစ်ကိုယ်လုံးသို့ ဝင်ရောက်မွှေနှောက်သွားလေသည်၊

“အဇာတသတ် . . . ဆရာဖြစ်သူ ငါ့မှာတော့ မတရားအပြုခံလိုက်ရပြီ၊ တပည့်ဖြစ်သူ သင့်အပေါ် ငါ့လိုအဖြစ်ဆိုးမျိုး ဆက်ပြီးကျရောက်မလာစေဖို့ အချိန်မီ ကိုယ်တိုင်က လှုပ်ရှားပြင်ဆင်မှ ဖြစ်တော့မယ်၊ ငါ့အဖြစ်ထဲကနေ သင်ခန်းစာထုတ်နုတ်ပြီး သင့်အတွက် ငါ စဉ်းစားတာ . . . ဒါပဲ၊ ငါ့ရဲ့ ရှုံးနိမ့်မှုဟာ သင့်ထံကို အောင်မြင်မှုအသစ် ပြောင်းလဲစီးဆင်းသွားစေရမယ်။ ဆရာက ကံဆိုးမိုးမှောင်ကျခဲ့ပေမယ့် တပည့်ဟာ ကံကောင်းခြင်းသရဖူကို ဆောင်းနိုင်ရမယ်၊ ဆရာက ဂိုဏ်းပယ်ခံရပေမယ့် တပည့်ဟာ ဂိုဏ်းဝန်းအပူဇော်ခံနိုင်ရမယ်၊ ဆရာက အစော်ကားခံရပေမယ့် တပည့်က ချီးမြှောက်မှုကို ရယူနိုင်ရမယ်၊ ငါပြောတာတွေ သဘောပေါက်ရဲ့လား”

“သဘောပေါက်ပါတယ် ဆရာအရှင် . . . ဒါပေမဲ့ တပည့်တော် ဘာလုပ်ရမလဲဆိုတာကို တိတိလင်းလင်း မိန့်ကြားတော်မူပါ”

“သင် လုပ်ရမှာကတော့ သင့်ဖခမည်းကို လုပ်ကြံပြီး မဂဓထီးနန်းပလ္လင်ထက် တက်လိုက်ဖို့ပဲ အဇာတသတ်”

တစ်ကိုယ်လုံး တုန်သွား၏။

❊ ❊ ❊

www.foreverspace.com.mm

ဗီးကွက်တစ်ကောင် အော်မြည်သံသည် နန်းတော်အထက် အမှောင်ထု ကောင်းကင်ယံတွင် စူးစူးရှရှ ကျယ်လောင်ရာမှ အဝေးသို့ ရောက်ရှိ တိုးတိမ်သွား၏။

မဂဓနန်းတော်ကြီးတစ်ခုလုံး အိပ်မောကျသွားခဲ့ပြီ။

တစ်တိုင်တည်းသော ကညင်ဆီမီးခွက်ရှေ့တွင် အငူသားထိုင်နေမိသူမှာ မိမိတစ်ယောက်တည်းသာ ရှိလိမ့်မည်။ စောစောက မီးရောင်ကို တိုးဝှေ့ပျံသန်းခဲ့ကြသော ပိုးဖလံများသည် အတုံးအရုံး သေဆုံးနေကြပေပြီ။

ထိုမီးရောင်အောက်သို့ ဓားမြှောင်ကို ထုတ်၍ကြည့်မိပြန်၏။

ဓားမြှောင်သည် လက်ခနဲ ပြိုးပြက်သွား၏။ ဤဓားမြှောင်ကို ဘယ်နှစ်ကြိမ် ထုတ်ကြည့်ပြီးပြီလဲ မမှတ်မိတော့။ သေးသွယ်ချွန်မြသော ဓားမြှောင်သွားသည် မီးရောင်အောက်မှနေ၍ မိမိအား အသံမဲ့စကားလုံးများဖြင့် ပြောဆိုနေသည်ဟု ထင်မိ၏။

"မဂဓဥပရာဇာ . . . သင် လုပ်စရာရှိတာ လုပ်လိုက်ပါ၊ ကျွန်ုပ်ရဲ့လက်ကိုင်ကို တင်းတင်းဆုပ်ကိုင်လိုက်ပါ၊ သင့်လက်မောင်းကို အသာလေး လှုပ် ရှားလိုက်ရုံနဲ့ ကျွန်ုပ်ရဲ့ စူးမြတဲ့အသွားက ဗိမ္ဗိသာရမင်းရဲ့ ရင်အုံထဲကို ချောချော မောမော ဝင်ရောက်သွားပါလိမ့်မယ်။ ကျွန်ုပ်ရဲ့အသွားမှာ သွေးများပေကျံသွား ပြီး အဲဒီသွေးတွေမခြောက်ခင်မှာပဲ သင်ဟာ မဂဓရဲ့ မကိုဋ်သရဖူကို ဆင်မြန်း ပြီးသားဖြစ်သွားမှာပါ၊ လုပ်စရာရှိတာ လုပ်လိုက်တော့ . . . အလွယ်လေးပါ ဥပရာဇာ"

ဓားမြှောင်၏ ဦးချွန်ထိပ်၊ လင်းလက်နေသော ရောင်ဖြာထဲတွင် ဆရာအရှင်၏မျက်နှာ ပေါ်လာပြန်သည်။

"အဇာတသတ် . . . မင်းအတွက် တခြားရွေးစရာလမ်း မရှိတော့ဘူး၊ ငါ့ကို ပဏာသနီယကံ ပြုလိုက်ခြင်းဟာ နိဒါန်းပဲရှိသေးတယ်၊ နိဂုံးပိုင်းမှာ ငါ့တပည့်ဖြစ်တဲ့ မင်းရဲ့ ပျက်စီးခန်းပဲ"

ဆရာ့အသံကို မကြားရဲသဖြင့် ဓားမြှောင်ကို လှည့်လိုက်၏။ စူးခနဲ အလင်းတန်းများ ဖြာထွက်သွားကြသည်၊ ဤအလင်းတန်းများနှင့်အတူ ဆရာ့စကားသံတွေက တစ်ခွန်းပြီးတစ်ခွန်း ထွက်ပေါ်လာတော့သည်။

"ရာဇာဘုရင်ဆိုတာမျိုးက မကိုဋ်သရဖူနဲ့ ပတ်သက်လာရင် သား





www.foreverspace.com.mm

သမီးဆိုတာမျိုး မရှိဘူး။ သူ့ဆရာဒေဝဒတ်က ဘုရားအဖြစ်ကို တောင်းပြီး သံဃာအုပ်ချုပ်ခွင့်ကို တောင်းပြီဆိုရင် တပည့်ဖြစ်သူကလည်း ထီးနန်းကို တောင်းတော့မှာပဲလို့ သင့် ဖခမည်းတော် တွက်မှာ မုချ၊ ဂေါတမရဲ့တပည့် ဗိမ္ဗိသာရဟာ ထီးနန်းကို လွှဲပေးလိမ့်မယ်များ ထင်သလား၊ ဂေါတမနဲ့ သူ့ရဟန်းတွေက ငါ့ကို ပဏာသနီယကံပြုရုံတွင်ပြုခဲ့ပေမယ့် မင်းကျတော့ အသက်ဆုံးစီရင်လိုက်မှာ . . . မုချ"

မြကျောက်စီထားသော ဓားမြှောင်ရိုးကို တင်းတင်းဆုပ်ထားမိသည်။ လက်ချောင်းများ နာကျင်ကိုက်ခဲလာသည်၊

"ရာဇဝံသအရ ထီးနန်းလွှဲပေးမယ်ပဲထားပါဦး၊ ထီးနန်းမရခင် ဥပရာဇာဘဝနဲ့ ငယ်ငယ်ရွယ်ရွယ်မှာ မင်းသေဆုံးသွားရင်ကော . . ."

ဓားမြှောင်ကို ခုံပေါ်သို့ ထိုးစိုက်ပစ်လိုက်မိ၏။ ဓားမြှောင်ရိုး ဆတ်ဆတ်တုန်နေသည်။

"တပည့် . . . ငါတို့နှစ်ယောက်စလုံးဟာ သားကောင်နေရာကို ရောက်ရှိနေကြပြီ။ သူတို့က လက်နက်မျိုးစုံနဲ့ ငါတို့ကို ချိန်ရွယ်ထားကြပြီ။ ပဏာသနီယကံပြုခြင်းဆိုတဲ့ မြားတစ်စင်းကတော့ ငါ့ကိုယ်ထဲမှာ စွဲဝင်နေပြီ။ ဒီအချိန်မှာ ငါတို့ဟာ သားကောင်အဖြစ်နဲ့ပဲ ရန်သူကို ပြန်တိုက်ရမယ်၊ ခံစစ်ဗျူဟာထဲကို အကျမခံနဲ့။ ထိုးစစ်ဗျူဟာအဖြစ် ပြောင်းလဲယူလိုက်ရမယ်"

ခုံပေါ်မှ ဓားမြှောင်ကို ပြန်နုတ်ယူမိပြန်၏။ ထို့နောက် ဓားမြှောင်ထိပ်ဖျားကို လက်ချောင်းများဖြင့် အသာအယာ စမ်းကြည့်သည်။ အေးစက်စူးရှသော အထိအတွေ့မှတစ်ဆင့် တစ်စုံတစ်ရာသော ခွန်အားများ မိမိကိုယ်ထဲသို့ စီးဝင်လာသည်ဟု ခံစားနေရ၏။

ဤဓားမြှောင်သွား၏ စူးရှသောထိပ်ထက်တွင် မိမိ၏အနာဂါတ်ဆရာအရှင်၏အနာဂတ်တို့ လုံးလုံးလျားလျားကျရောက်နေသည်။ ရုန်းရင်းဆန်ခတ် လှုပ်ရှားနေသော အတွေးတို့သည် တစ်စတစ်စ တည်ငြိမ်မှုရလာ၏။ နောက်ဆုံးတွင် အသံဗလံမျိုးစုံ ထွက်နေသော မေးခွန်းများသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းသွားသည်။

ဆရာအရှင်နဲ့အတူ အပျက်စီးခံမလား။ သို့တည်းမဟုတ် ထီးနန်းမကိုဋ်ကို သိမ်းပိုက်မလား . . .။

မဂဓ၏ ရာဇဝင်သည် နက်ဖြန်မှစ၍ ကမ္ပည်းအသစ်ဖြင့် ပြန်လည်စတင်ရလိမ့်မည်။ ထိုကမ္ပည်းအသစ်ကို ရေးထိုးရန်အတွက် လိုအပ်သည်မှာ ဓားမြှောင်မှ ထုတ်ဖော်သယ်ယူပေးမည့် သွေးစအချို့သာ ဖြစ်လိမ့်မည်။

နက်ဖြန်နေ့လယ် ညီလာခံအပြီးသည် အကောင်းဆုံးအချိန် ဖြစ်လိမ့်မည်။

* * *

နေ့ခင်း ညီလာခံစဲစအချိန် ဖြစ်၏။

ဝန်ကြီး၊ မှူးကြီးများ၊ နန်းဆောင်ထဲမှ အလျှိုအလျှို ထွက်လာကြသည်။

အစောင့်ရဲမက်အချို့ အမှုထမ်းတာဝန် လဲလှယ်နေကြသည်။ တပ်မင်း တပ်မှူးများက သီးသန့်ခန်းမဆောင်တွင် စုရုံးဆွေးနွေးရန် ထွက်သွားကြသည်၊ သံတော်ဆင့်၊ နာခံတော်နှင့် မြို့မှူး၊ နယ်မှူးမင်းများက ပုရပိုက်စည်းများကို သယ်ဆောင်၍ ဆိုင်ရာ အစုကဏ္ဍများအလိုက် ခွဲခြားနေကြသည်။

ညီလာခံစဲစ အခုလိုအချိန်မျိုးတွင် ကိုယ်စီကိုယ်ငှ အလုပ်များနေကြသည်။ ခမည်းတော်မင်းကြီးသည်လည်း နေ့လယ်စာ ပွဲတော်စားသုံးရန် သီးခြားအဆောင်သို့ ကြွတော့မည်ဖြစ်သည်။ မဂဓနန်းတော်ထဲ၌ အားလုံးသည် ပုံမှန်လှုပ်ရှားလည်ပတ်နေကြ၏။

ညီလာခံနန်းဆောင်မှ ပွဲတော်ဆောင်သို့ ကူးရာတွင် စင်္ကြံဆောင်တစ်ခုကို ဖြတ်သွားရပေသည်။ နေ့လယ်စာစားရန် ထွက်ခွာမည့် ဘုရင်တစ်ပါးအနီးတွင် မည်သည့် သက်တော်စောင့်မျှ လိုက်ပါရိုးမရှိ။ အကောင်းဆုံးအခြေအနေ၊ အကောင်းဆုံးအချိန်။

တစ်ခုပဲ ကသိကအောက်ဖြစ်နေ၏။

ပေါင်တွင် ပိုးသားထည်ဖြင့် ဖွဲ့ချည်ထားသော ဓားမြှောင်ကြောင့် လှုပ်ရှားရတာ တစ်မျိုးကြီးဖြစ်နေသည်။ ဝတ်လုံကို မ,၍ လက်ဆန့်တစ်ကမ်း၌ အသင့်ဆွဲထုတ်နိုင်အောင် နေသားတကျ ချည်နှောင်ထားပြီးဖြစ်သော်လည်း အေးစက်တင်းမာသော ဓားမြှောင်ကြောင့် ခြေလှမ်းလှမ်းရတာ စနိုးစနောင့်





ဖြစ်နေသည်။ သည့်ထက်မူ . . .

စင်္ကြံအဆောင်လမ်းသို့ နီးလာလေလေ၊ ဣန္ဒြေပျက်ယွင်းချင်လာလေလေ ဖြစ်သည်က ပိုဆိုးသည်၊ လှုပ်ရှားရ လွယ်ကူအောင် ပိုးသားဝတ်စုံခပ်ပျော့ပျော့ကို ဝတ်ထားသည့်အထဲမှပင် ချွေးစေးများပြန်ကာ ပူလောင်နေသည်။ အပေါ်မှ ထပ်ဝတ်ထားသော ဝတ်လုံကြီးက ဓားမြှောင်ဖွဲ့ချည်ထားသော နေရာကို ကောင်းစွာ အကာအကွယ်ပေးထားသည် မှန်သော်လည်း ခြေလှမ်းတိုင်းမှာ တဖျတ်ဖျတ် လန်ချင်နေ၏။ ဝတ်လုံကြီးကို ဆွဲဆွဲ၍ ဖုံးရသည်ကလည်း အလုပ်တစ်ခု၊

ဝန်ကြီးမှူးကြီးများ၊ တပ်မင်းများ၊ အစောင့်ရဲမက်များနှင့် ဆန့်ကျင်လျက် အတွင်းလမ်းသို့ ဝင်လာခဲ့၏။ ညီလာခံအစဲနှင့် မင်းကြီး နေ့လယ်စာသုံးဆောင်မည့်အချိန်တွင် အားလုံး အပြင်ပြန်ထွက်လာကြချိန်မှာ မိမိက အတွင်းဘက်ဝင်နေရသည်။

မျက်နှာချင်းဆိုင် ဖြတ်သန်းသွားသူများက ကိုယ့်ကိုရို၍ ရှောင်တိမ်းပေးကြ၏။ အချို့က ပြုံးလျက် နှုတ်ဆက်ကြသည်။ အချို့က ကိုယ်တော်လေးပါလားဟု ပါးစပ်လှုပ်ရုံမျှ ရေရွတ်ကြသည်။ လှံရှည်ကိုင် ရဲမက်များကမူ သူတို့ရှေ့ ဖြတ်သွားချိန်တွင် တောင့်တောင့်ကြီးရပ်၍ အရိုအသေပေးကြသည်။

"အိုး . . . ကိုယ်တော်လေး"

စင်္ကြံတစ်ကွေ့တွင် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်တော့မည် ဖြစ်သွား၏၊ နန်းရင်းဝန်ကြီးဖြစ်သည်။

"မင်းတရားကြီး နေ့လယ်စာသုံးဆောင်တော့မယ်၊ ကိုယ်တော်လေး နောက်မကျသေးပါဘူး၊ အသော့သာ ကြွပါ၊ ခမည်းတော်ကြီးနဲ့အတူ နေ့လယ်စာ သုံးဆောင်မလို့နဲ့တူတယ်"

စကားရှည်နေသော နန်းရင်းဝန်ကြီးကို မသိကျိုးကျွံပြုကာ ကျဉ်းမြောင်းသော စင်္ကြံလမ်းတစ်ဖက်မှ ကပ်လျက် ကွေ့ရှောင်ခဲ့၏။ လမ်းကျဉ်းဖြစ်နေသဖြင့် ပေါင်မှာ ဖွဲ့ချည်ထားသော ဓားမြှောင်နှင့် စင်္ကြံလမ်းထောင့်အစွန်း တိုက်မိကာ အသံမြည်သွားသေးသည်။

မြန်မြန်သွား၊ သုတ်သုတ်သွား၊ အချိန်မီ။

မမျှော်လင့်သည်များ ကြုံလာရ၏။ စင်္ကြံလမ်းသည် ပွဲတော်ဆောင်

www.foreverspace.com.mm

ဘက် နီးလေလေ၊ အကွေ့အချိုးများလေလေ ဖြစ်နေသည်။ ထို့ကြောင့် တစ်ဖက်အကွယ်မှ ဘွားခနဲ ထွက်လာသော ရဲမက်အစုတစ်စုနှင့် ပက်ပင်းတိုးမိပြန်၏။ ရဲမက်များက ကမန်းကတန်း ရှောင်လိုက်သဖြင့်သာ ကိုယ်ချင်း မတိုက်မိခြင်းဖြစ်သည်။ သို့တိုင်အောင်ပင် ဝတ်လုံစက လွှားခနဲ ပွင့်ဟသွားသဖြင့် အလျင်စလို ပြန်ဖုံးလိုက်ရသည်။

မြန်မြန်သုတ်တော့ ပွဲတော်ဆောင်ထဲမရောက်ခင်မှာ အချိန်မီအောင် မြန်မြန် . . . ။

ပေါင်မှာ ဖွဲ့ချည်ထားသော ပိုးကြိုးကား လှုပ်ရှားသည့်အရှိန်ကြောင့်လား၊ လူချင်း တိုက်မိသည်ကြောင့်လား မသိ၊ လျော့ရဲလာ၏။ ထို့ကြောင့် ဝတ်လုံ အတွင်း လက်နှိုက်လျက် ကြိုးစကို တင်းအောင်ကို ဆွဲလိုက်ရ၏။ သို့သော် မားမြှောင်က ချည်ထားသောနေရာအတိုင်း မဟုတ်တော့ပြီ။ အနေအထား ယိုယွင်းနေပြီ။ နောက်ထပ် ခြေနှစ်လှမ်းသုံးလှမ်းလောက် လှမ်းလိုက်လျှင် ပြုတ်ကျတော့မည့် အနေအထား။

မတတ်သာတော့၊ အရစ်လိုက်ပြေလျော့နေသည့် ပိုးကြိုးကို ဆွဲထုတ်ရင်း မားမြှောင်ကို လှမ်းယူလိုက်ရ၏။ နောက်ဆုံး စင်္ကြံအကွေ့သို့ ရောက်လာ၏။ ဤအကွေ့ပြီးလျှင် ပွဲတော်ဆောင်တံခါးဝသို့ ရောက်ပြီ။

ပိုးကြိုးတစ်ထွေးတစ်လုံးက တစ်ဖက်၊ မားမြှောင်က တစ်ဖက်။ ပိုးကြိုးကို လွှင့်ပစ်လိုက်သည်။

ဟော . . . ဟိုမှာ၊ ခမည်းတော် ပွဲတော်ဆောင်ထဲကို ခြေတစ်လှမ်းဝင်နေပြီ။ ဒါ နောက်ဆုံးလက်မတင် အခွင့်အရေး၊ လုပ်စမ်း . . . လုပ်စရာရှိတာ လုပ်လိုက်တော့ဟေ့ . . . အဇာတသတ်။

မားမြှောင်ရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြေးအသွားတွင် . . .

ဝရုန်းသုန်းကား ပြိုလဲသွား၏။

ဝိုင်းဝန်းချုပ်ကိုင်ထားသော သန်မာသည့်လက်များအကြားတွင် မရုန်းသာ မလှုပ်သာ ဖြစ်သွား၏။ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ မောပန်းခြင်းများဖြင့် ရင်အုံသည် ပေါက်ကွဲတော့မတတ်။

နောက်ကျသွားပါပကောလား . . . ။

❊ ❊ ❊





www.foreverspace.com.mm

အတိတ်ခြေလှမ်းများသည် ကြောက်မက်ဖွယ်သစ်ငုတ်ဖြင့် တိုက်မိကာ ရပ်တန့်သွား၏။

စေတီတော်ကြီး၏ ရင်ပြင်တော်၊ သလင်းကျောက်ပြား အခင်းပေါ်တွင် ထိုင်လျက်သားဖြင့် မိမိကိုယ်မိမိ အဇာတသတ်မင်းကြီးအဖြစ် တွေ့ရှိလိုက်သည်။ ညဦးကာလ၏ အေးချမ်းမှုမှာ ဇောချွေးတွေ ပြန်နေသည်။ အတိတ်သို့ ထွက်ခွာခဲ့သော ခရီးရှည်ကြီးသည် တစ်ထောက်တနား ရပ်တန့်သွားခဲ့၏။ ထိတ်လန့်ဖွယ် မှတ်တိုင်ဖြစ်၏။

အဖျားကောင်းကင်တွင် ကြယ်တာရာများ လင်းလက်နေကြပြီး စောစောက နဂါးငွေ့တန်းကြီး မရှိတော့၊ ကမ္ဘာ့လာနက်ပြာ ကောင်းကင်ပြင်ဝိတ်ကားကြီးပေါ်မှ ရုပ်ပုံများ လွင့်ပြယ်သွားကြသည်။

ဘုရား . . . ဘုရား . . . အတိတ်ခရီးရှည်ကြီးသို့ ထွက်ခွာခဲ့သည့် ခရီးသည်တစ်ယောက်သည် ဤမျှ မောပန်းနွမ်းနယ်ရသတဲ့လား၊ သွေးနန့်ရတော့မည့်ဆဲဆဲ၌ အတိတ်ခရီးစဉ်ကြီးသည် အလိုလိုပင် ရပ်တန့်သွားခြင်းဖြစ်ပေမည်။

စေတီတော်မှ ဆည်းလည်းသံများက ပို၍ ဝေစည်နေကြ၏။

ညဦးနက်ကာလ တိတ်ဆိတ်ခြင်း၏ သိပ်သည်းမှုဝယ် ဆည်းလည်းသံများက ပိုမိုလွတ်လပ်စွာ မြည်ကြွေးနေကြ၏။ စေတီတံတိုင်းကို မှီလျက်ထိုင်နေခဲ့သောအချိန် မည်မျှကြာခဲ့ပြီမသိ၊ ရာဇဂြိုဟ်၏ အရှေ့တောင်အရပ်မှ သရီရဓာတ်တော်များ ကိန်းဝပ်ရာ မဟာစေတီတော် ရင်ပြင်ထက်သို့ ယခုမှ ပြန်ရောက်သည်။

ဘုရား . . . ဘုရား . . . ဘုရား . . . ငါ . . . ဒီအဖြစ်အပျက်တွေနဲ့ တွေ့ကြုံဖြတ်သန်းခဲ့ပါကလား . . . ဒါတွေဟာ တကယ်ကို ဖြစ်ခဲ့တာပါကလား . . .၊ ဟောဟို ကောင်းကင်ထက်မှာရှိတဲ့ ကြယ်တာရာတွေသာ ပျောက်ကွယ်ချင် ပျောက်ကွယ်သွားမယ်။ ငါ့ရဲ့အဖြစ်သနစ်တွေကတော့ မပျောက်မပျက် ထက်ကြွပ်လိုက်ပါနေဆဲပါလား။

ကောင်းကင်မြင့်တစ်နေရာဆီမှ ကြယ်ပွင့်လေးများဆီမှ အသံတစ်သံကျရောက်လာသည်ဟု ထင်လိုက်ရ၏။

“သာသနာ့ဒါယကာမင်းမြတ် . . . သင်တွေးတဲ့အတိုင်း အမှန်ပါပဲ၊

www.foreverspace.com.mm

သင်ဟာ တကယ်ပဲ ဒါတွေကို ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအတိတ်ဖြစ်ရပ်တွေကို ခုနေခါမှာ သင်ဟာ မတွန့်မဆုတ် ပြန်ပြောင်းတွေးတောနိုင်စွမ်းရှိတဲ့ ရင့်ကျက်မှုနဲ့ ပြည့်စုံနေပြီမဟုတ်လား”

ဟုတ်တယ် . . . ငါဟာ ရင့်ကျက်ခိုင်မာနေပြီဟု အဇာတသတ်မင်းကြီးစိတ်ထဲက ဖြေလိုက်၏။

နောင်တ တစ်ဖန် ပူပန်ခြင်းနဲ့ တွေးတောခံစားတာမျိုး မဖြစ်စေရဘူး။ မိမိရဲ့ ကမ္ပည်းပုရပိုက်ကို အကျအန တဖြည်းဖြည်း လှန်လှောဖတ်ရှုနေခြင်းသာ ဖြစ်တယ်။ ပစ္စုပ္ပန်ကို ဆေးကြောပွတ်တိုက်ပြီး အနာဂတ်ကို ဝင်းလက်တောက်ပလာအောင် လုပ်ချင်တဲ့သူဟာ အတိတ်စာမျက်နှာများကို လှန်လှောဖတ်ရှုဖို့ မကြောက်ရွံ့အပ်ဘူး၊ မတွေဝေအပ်ဘူး။

ခရီးသည်ကြီးသည် တစ်ထောက်နား အားမွေးအပန်းဖြေလိုက်၏။ မည်မျှပင် ထိတ်လန့်စက်ဆုပ်ဖွယ် ဖြစ်စေကာမူ ထိုအတိတ်သို့ ရဲရဲဝံ့ဝံ့ ပြန်ကြည့်ခြင်းသည်ပင်လျှင် ညစ်ထေးသောနှလုံးကို ဆေးကြောရာရောက်ပေမည်။

အတိတ်ခရီးသို့ပြန်လည်လျှောက်လှမ်းမည့် ဒုတိယအသုတ် ခြေလှမ်းများကို အစပြုလိုက်လေသည်။

❊ ❊ ❊

ဝရုန်းသုန်းကား လဲပြိုသွားသော်လည်း လက်ထဲမှ ဓားမြှောင်ကိုမူ ဆုပ်ကိုင်မိထားဆဲပင်ဖြစ်၏။ သို့သော် ခြေလက်များကို ရဲမက်တို့က တင်းကျပ်စွာ ချုပ်ကိုင်ထားကြသည်။ မလှုပ်သာတော့၊

ထိတ်လန့်သော အံ့ဩသော မျက်နှာများ မိမိအနီးတွင် ဝိုင်းအုံနေကြသည်၊ အချို့မှာလည်း သူတို့ ဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးမိသူသည် အခြားသူမဟုတ်ဘဲ မဂဓဥပရာဇာဖြစ်နေသည်ကို ယခုမှ အတိအကျသိသွားကြဟန်တူ၏၊ ချုပ်ကိုင်ထားသော လက်တွေက တင်းကျပ်သန်စွမ်းသော်လည်း မျက်နှာများမှာ ထိတ်လန့်နေကြ၏။

မျက်နှာချင်းဆိုင်တည့်တည့်တွင် ရပ်နေသူမှာ နန်းရင်းဝန်ဖြစ်သည်။ နန်းရင်းဝန်သည်လည်း စေ့စေ့မကြည့်ရဲဘဲ မျက်လုံးလွှဲထား၏။ လုပ်ကြံမှု၏





www.foreverspace.com.mm

ကာယကံရှင်သည် ဘုရင့်သားတော် ဖြစ်နေသောအခါ ထူးဆန်းသော ရာဇဝတ်သားကို သူတို့ မည်သို့ ရင်ဆိုင်ရမှန်းမသိ။ ဇဝေဇဝါဖြစ်နေသော ဤအဖြစ်ကို သိလိုက်သဖြင့် ခပ်ဆတ်ဆတ် ငေါက်လိုက်၏၊

“ငါ့ကိုလွှတ်ကြစမ်း”

လက်မောင်းနှင့် လက်ရုံးပေါ်မှ ဆုပ်ကိုင်ထားသော လက်ချောင်းများ ပြေလျော့သွားကြသည်။ လွှတ်တော့ လွှတ်မပေးကြသေး။

နန်းရင်းဝန်သည် စေ့စေ့မကြည့်ဘဲ ပြောလာ၏။

“အရှင့်သားရဲ့ လက်ထဲက ဓားမြှောင်ကို ဦးစွာ လွှတ်ချစေချင်ပါတယ်၊ ကျွန်တော်မျိုးတို့အနေနဲ့ ဒီဓားမြှောင်ကို အရှင့်သား ဘယ်လိုအသုံးပြုမယ်ဆိုတာ မသိနိုင်ပေမယ့် နန်းဆောင်ရဲ့ အခုလိုနေရာမှာ အခုလိုအချိန်မှာ မည်သူမျှ လက်နက်ကိုင်စွဲခွင့် မရှိဘူးဆိုတာ အရှင့်သား သိပါလိမ့်မယ်”

မိမိတို့ ဖမ်းဆီးထားသူကိုပင် ပြန်ကြောက်နေသည့် သူတို့အဖြစ်ကို အထင်သေးစွာဖြင့် ပြောပစ်လိုက်သည်။

“ဒီဓားမြှောင်ကိုလား . . . ဒီနေရာ ဒီအချိန်မှာ ဘယ်သူမှ လက်နက်စွဲခွင့်မရှိဘူးဆိုတာ ငါသိတာပေါ့ . . . ဒါပေမဲ့ ငါ ကိုင်စွဲလာတယ်၊ ဘာပြောချင်သေးသလဲ”

“တောင်းပန်ပါတယ် အရှင့်သား . . . ဒီနေရာမျိုးမှာ မင်းတရားကြီးကိုယ်တော်တိုင်သော်မှ သန်လျက်မကိုင်စွဲတာမို့”

“အဲဒီမင်းတရားကြီးကိုပဲ ငါ လုပ်ကြံမလို့ပေါ့”

ဝိုင်းအုံလာသော လူအုပ်ကြီး လှုပ်လှုပ်ရွရွဖြစ်သွား၏။ နန်းရင်းဝန်၏ မျက်နှာမှာ ရုတ်တရက် သွေးဆုတ်သွားသလို ဖြစ်သွားပြီးမှ ရဲခနဲဖြစ်လာ၏။ ထို့နောက် သူ့အသွင်ပြောင်းသွားလေသည်၊

“ဘုရင်မင်းတရားကို လုပ်ကြံမယ့်သူ ရာဇဝတ်သားပဲ . . . အထပ်ထပ် မရုန်းနိုင်အောင် တုပ်၊ ဓားမြှောင်ကို မရအရ ယူ . . . ဒါ နန်းရင်းဝန်ရဲ့ အမိန့်ပဲ၊ မင်းတရားကြီးရဲ့ အသက်ကိုစောင့်ရှောက်သူရဲ့ အမိန့်ပဲ”

ဥပရာဇာ၏ တန်ခိုးအရှိန်တို့ ရုတ်ခြည်း ပျောက်ကွယ်သွားလေသည်။ တုပ်နှောင်ချုပ်ကိုင်မှုများ ပို၍ လေးလံတင်းကြပ်သွား၏။ ဓားမြှောင်လည်း လက်ထဲမှ ပါသွားသည်။

"အခုချက်ချင်း ရှေ့တော်မှောက် သွင်းခဲ့၊ ပွဲတော်ဆောင်ထဲကိုပဲ ခေါ်လာခဲ့ကြ"

အခိုးအလျှံထွက်မတတ် မျက်လုံးများဖြင့် နန်းရင်းဝန်ကို လှမ်းကြည့်လိုက်၏။ သို့သော် အတွန်းတွန်းအတိုက်တိုက် ခေါ်ဆောင်သွားခြင်းခံရသဖြင့် ပွဲတော်ဆီသို့ ဒယီးဒယိုင် ပါသွားခဲ့လေသည်။

ပွဲတော်ဆောင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

ခမည်းတော်သည် ပွဲတော်အုပ်ကို ဖွင့်ရုံသာ ဖွင့်ရသေးပုံရှိသည်။

"ဘုရင်မင်းမြတ်ကိုလုပ်ကြံဖို့ လက်နက်စွဲကိုင်ပြီး အတင်းဝင်လာတဲ့ သားတော်ဥပရာဇာ ဖြစ်ပါတယ်၊ စွဲကိုင်တဲ့ ဓားမြှောင်နဲ့အတူ လက်ကြပ်ဖမ်းဆီးရခဲ့ပါတယ်အရှင်"

နန်းရင်းဝန်သည် လိုရင်းကို တင်လိုက်လေသည်။

မင်းကြီး၏မျက်နှာမှာ ရှုပ်ထွေးနောက်ကျိသွား၏။ အံ့ဩတုန်လှုပ်သောအကြည့်များ မိမိအပေါ် ကျရောက်လာသည်ကို စူးစူးရဲရဲမျက်လုံးများဖြင့် ရင်ဆိုင်လိုက်သည်။ လုပ်ရဲတယ်။ ဒါကြောင့် ခံရဲရမယ်။ မအောင်မြင်တဲ့ လုပ်ကြံမှုမှာ ရဲဝံ့တဲ့ရာဇဝတ်သားအဖြစ် တုံ့ပြန်လိုက်စမ်း။ ငါဟာ အဇာတသတ်၊ ငါဟာ အရှင်ဒေဝဒတ်ရဲ့တပည့်၊ ယုန်ငယ်တစ်ကောင်လို တုန်လှုပ်သွေးပျက်မနေနဲ့၊ ဝံပုလွေ၊ သစ်ကျားတစ်ကောင်လို နောက်ဆုံးအချိန်အထိ သွေးစိမ်းရှင်ရှင်နဲ့ ခုခံတိုက်ခိုက်လိုက်စမ်းဟေ့။

နန်းရင်းဝန် ဆက်သလိုက်သော ဓားမြှောင်သည် အကျည်းတန်လှစွာဖြင့် ခမည်းတော်ရှေ့မှောက် ပွဲတော်အုပ်ဘေးတွင် လဲလျောင်းနေလေသည်။ ခမည်းတော်သည် ဓားမြှောင်ကို အဆိပ်ရှိသတ္တဝါတစ်ကောင်အလား လှမ်းကြည့်နေ၏။

ကြောက်မက်ဖွယ် တိတ်ဆိတ်ခြင်း ဖုံးလွှမ်းနေ၏။ လှုပ်ရှားမှု မရှိ၊ အသံ မရှိ။

အတော်ကြီးကြာမှ ခမည်းတော်ထံမှ အသံထွက်လာ၏၊

"ငါ့သားတော်ကို အနှောင်အတည်းကနေ လွှတ်ပေးလိုက်ကြစမ်း၊ မင်းတို့ ချုပ်နှောင်ထားသူဟာ ဘာပဲဖြစ်ဖြစ် မင်းတို့အရှင်သခင်ရဲ့သား ဖြစ်နေတယ်ဆိုတာ မေ့နေကြသလား . . . အခုလွှတ်လိုက်စမ်း"





အချုပ်အနှောင်များ ပြေသွားကြသည်။

နန်းရင်းဝန်၏ တုန်တုန်ယင်ယင်အသံ ပေါ်လာသည်၊

"အရှင့်အသက်ကို လုပ်ကြံမည့်သားတော်ဖြစ် . . ."

"တိတ်စမ်း . . . ငါ့ရှေ့မှာ အားလုံး ထင်ရှားရောက်ရှိနေပြီ၊ သင်ဘာမှ လျှောက်လဲနေစရာ မလိုတော့ဘူး၊ ငါတို့ ခမည်းတော်နဲ့ သားချင်း စကားပြောစရာပဲ ရှိတယ်"

နန်းရင်းဝန်သည် ကြမ်းပြင်နှင့်ဦးခေါင်း ထိမတတ် ကိုင်းညွတ်သွားလေသည်။

ခမည်းတော်ထံမှ ခြောက်သွေ့အက်ကွဲသောအသံ ပေါ်လာ၏။

"သားတော် အဇာတသတ် . . . ခမည်းတော်ကို လုပ်ကြံမလို့ဆိုတာ အမှန်ပဲလား သား"

"အမှန်ပဲ ခမည်းတော်"

ဝံ့ဝံ့စားစားဖြေလိုက်နိုင်ခြင်းအတွက် မိမိကိုယ်မိမိ ကျေနပ်မိ၏။

"ဘာအကြောင်းကြောင့်များလဲ သားတော်ရယ်"

"ထီးနန်းရာဇပလ္လင်အတွက်ပဲ ခမည်းတော်"

"ဘာ . . . ဘယ်လို"

"မဂဓမကိုဋ်သရဖူကို သားတော် ဆောင်းသင့်နေပြီမဟုတ်လား"

တဝေါဝေါအသံများ လှုပ်သွားပြီးမှ ပြန်လည်ငြိမ်သက်သွား၏။ သတ်စေအမိန့်အတွက် နားစွင့်ထားလိုက်သည်။ ဆရာအရှင်၏မျက်နှာကို မြင်ယောင်သည်။ အသံကို ကြားယောင်သည်။ တပည့်တော်တော့ မအောင်မြင်တော့ဘူး ဆရာအရှင်၊ ခွင့်လွှတ်ပါဟု စိတ်ထဲက ကြေကြေကွဲကွဲ ရွတ်မိသည်။ သတ်စေအမိန့်အောက်မှာ သေဆုံးရမည်ထက် အထမမြောက်သော အကြံအစည်အတွက် ယူကြုံးမရဖြစ်မိသည်။

မင်းကြီးထံမှ တိုးတိတ်လွန်းစွာ အသံထွက်လာ၏။

"ထီးနန်းပလ္လင်အတွက်များ ခမည်းတော်ကို လုပ်ကြံစရာမလိုပါဘူး သားတော် . . . ဒီနေ့ ဒီအချိန်ကစပြီး မဂဓမကိုဋ်သရဖူဟာ အဇာတသတ်မင်းရဲ့ ဦးခေါင်းထက်ကို ရောက်ရှိသွားပါပြီ။ ရာဇပလ္လင်နဲ့တကွ အရပ်ရပ်သက်ဦးဆံပိုင် မင်းအာဏာတော်မှန်သမျှ ဘုရင်သစ် အဇာတသတ် အသုံးပြု

www.foreverspace.com.mm



နိုင်ပါပြီ၊ မင်းတို့အားလုံးလည်း အခုပဲ မင်းတို့ရဲ့အရှင်သခင် မဂဓဘုရင်သစ် ရှေ့မှောက်မှာ ဒူးထောက်လိုက်ကြ၊ ဘုရင်သစ်အတွက် လိုအပ်သမျှ ရာဇဘိသေကသဘင် ဆင်ယင်ဖို့ အခုချက်ချင်း ပြင်ဆင်ကြ”

ရင်ထဲမှာ လင်းသွားသလား၊ မှောင်သွားသလား မသိလိုက်။

ဘယ်တုန်းက ပိတ်လိုက်မှန်းမသိသော မျက်လုံးအစုံကို ပြန်ဖွင့်အကြည့်တွင် ခမည်းတော်သည် နေရာတွင် မရှိတော့ချေ။

❊ ❊ ❊

မဂဓတိုင်း ရာဇဝံသတွင် ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဖူးသော ထူးခြားသည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်နေ၏။ ယင်းကား မဂဓ သက်ဦးဆံပိုင်အာဏာသည် ပါးလျားသေးမျှင်သော သံမဏိကြိုးတန်းပေါ်တွင် လျှောက်နေရသည့်အခြေအနေဖြစ်လေသည်။

ထိုသံမဏိကြိုးတန်းတစ်ဖက်တွင် ဗိမ္ဗိသာရမင်းကြီး ရှိနေသည်။ အခြား တစ်ဖက်တွင် အဇာတသတ်မင်း ရှိနေသည်။ သားအဖနှစ်ဦး တစ်ဖက်တစ်ချက်မှ ဆွဲကိုင်ထားသော သံမဏိကြိုးတန်းပေါ်တွင် သက်ဦးဆံပိုင် အာဏာသည် မည်သည့်ဘက်သို့ အပြီးတိုင် ပါသွားမည်နည်း၊ အဖထံသို့လော၊ သားထံသို့လော . . .။

ထိုကြိုးတန်းပေါ်တွင် ရာဇအာဏာသည် လိမ့်လိမ့်လဲလဲ ဖြစ်နေ၏။ အတိမ်းအစောင်း နည်းနည်းလေးမှ မခံနိုင်သောအနေအထား ဖြစ်၏။ ထိုရာဇအာဏာ တစ်ဖက်ဖက်သို့ ရောက်ရှိမသွားဘဲ ဝရုန်းသုန်းကား ပြုတ်ကျလာမည်ဆိုလျှင် တည်းတည်းကလေး အနေအထားဖြင့် လူးလူးလိမ့်လိမ့် ဖြစ်နေသော ရာဇအာဏာတည်ရာကြိုးတန်းကို အောက်မှနေ၍ ရင်တဖိုဖိုဖြင့် စောင့်ကြည့်နေကြသူများမှာ ရာဇဂြိုဟ်နန်းတွင်းပရိသတ်များဖြစ်၏။

အရှင်ပရိသတ်ထဲမှာလည်း သုံးစွဲကွဲနေသည်။

ပထမအစုမှာ ရာဇအာဏာသည် ဗိမ္ဗိသာရဘုရင်ကြီးထံသို့သာ ရှောရှောရှူရှူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားစေချင်ကြသည်။

ဒုတိယအစုကမူ ထို့ထက်ပို၍ ပြင်းထန်၏၊ ဗိမ္ဗိသာရမင်းကြီးထံ ရာဇ



www.foreverspace.com.mm



အာဏာရောက်ရှိသွားပြီးလျှင် တစ်ဖက်စွန်းဆီမှ လက်လွတ်ဖြစ်သွားမည့် သားတော်ကို အပြီးတိုင်ချေမှုန်းပစ်စေချင်ကြသည်၊

တတိယအုပ်စုကား အပြင်းထန်ဆုံးဖြစ်လေသည်။

ရာဇအာဏာကို အဇာတသတ်မင်း လက်ထဲသို့ လုံးဝ သက်ရောက်မသွားစေချင်သည်သာမက . . . အဇာတသတ်မင်းကို ချေမှုန်းပစ်ရုံသာမက . . .

❊ ❊ ❊

“မြင်တယ်မဟုတ်လား . . . ဘုရင်မင်းမြတ် အဲဒီအခြေအနေကို မြင်တယ်မဟုတ်လား၊ ဒါ ပူပူနွေးနွေးဖြစ်ခဲ့တဲ့ ကိစ္စနော်”

ဆရာအရှင်ဒေဝဒတ်၏ မျက်နှာ၌ နဖူးကြောများ တွန့်လျက် နားထင်ကြောများ ဖူးဖူးထနေသည်ကို တွေ့လိုက်ရ၏။

“ဘုရင်မင်းမြတ်” ဟု အခေါ်ခံလိုက်ရသောအခါ တစ်ကိုယ်လုံး ဖိန်းရှိန်းသွားလေသည်။ ဘုရင်မင်းမြတ်တဲ့ . . .၊ ငါဟာ တကယ်ပဲ မဂဓဘုရင်မင်းမြတ် ဖြစ်နေပြီလား၊ ရာဇဂြိုဟ်နန်းပလ္လင်ကို တကယ်ပဲ ငါပိုင်ဆိုင်ပြီလား။

မကိုင်ရသေးရဖူးကို ဆောင်းထားလျက်ကပင် စိတ်ချလက်ချ မရှိနိုင်သေးသော မိမိအဖြစ်။

“လတ်တလော ပူပူနွေးနွေးအဖြစ်က အကင်းမသေသေးဘူးနော်၊ ဘုရင်မင်းမြတ် . . . သင် ဒါကို မေ့လို့မဖြစ်ဘူး”

ဆရာအရှင်က လေးနက်စွာ သတိပေးစကား ဆိုနေသည်။

လုပ်ကြံမှု အထမမြောက်ခဲ့သည့်နေ့က နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သော အခြေအနေကို ပြန်တွေးကြည့်လိုက်သည်။

ခမည်းတော်ကြီးက “ရာဇပလ္လင်နဲ့တကွ အရပ်ရပ် သက်ဦးဆံပိုင် မင်းအာဏာတော်မှန်သမျှ ဘုရင်သစ် အဇာတသတ် အသုံးပြုနိုင်ပြီး ဘုရင်အသစ်အတွက် လိုအပ်သမျှ ရာဇဘိသေကသဘင် ဆင်ယင်ဖို့ အခုချက်ချင်း ပြင်ဆင်ကြ” ဟု အမိန့်ချခဲ့၏။

အဘိသေကသဘင် ဆင်ယင်ဖို့ ဆိုသည်မှာ မင်းရေးမင်းမှုအရ များ

ပြားကျယ်ဝန်းလှပါသည်။ ထို့ကြောင့် ချက်ချင်းပြင်ဆင်ကြဟု ခမည်းတော်က အမိန့်ထုတ်လိုက်သော်လည်း ထိုနေ့တစ်နေ့လုံး ထိုညတစ်ညလုံး အချိန်ယူ ပြင် ဆင်ရမည်ဖြစ်၏။ ဗိမ္ဗိသာရမင်း၏ အမိန့်တော်စကားတစ်ခွန်းတည်းဖြင့် ဘုရင် သစ် အဇာတသတ်ဖြစ်လာသည် မှန်သော်လည်း မဂဓနိုင်ငံတော်၏ ရာဇာ ဘိသေကသဘင်ကို ဆင်ယင်ပေးကြရဦးမည်ဖြစ်၏။

ထိုသို့ ဆင်ယင်ကျင်းပရန် အမြန်ဆုံး ပြင်ဆင်ခဲ့ကြသည့် တစ်နေ့ နှင့် တစ်ညကာလအတွင်းမှာပင် ရာဇဂြိုဟ်နန်းတော်ကြီး၏ ထိပ်တန်းမှူးမတ် သေနာပတိများအကြား၌ အုပ်စုသုံးစု ကွဲပြားသွားခဲ့၏။

"အဇာတသတ်ကို အားပေးအားမြှောက်ပြုသူဟာ သူ့ဆရာ အရှင် ဒေဝဒတ်ပဲ . . . ဒါကို အဇာတသတ် ကိုယ်တိုင်ကလည်း ထုတ်ဖော်ဝန်ခံပြီး ပြီ၊ ရက်စက်တဲ့ ဒီလုပ်ကြံမှုကြီးကို လမ်းညွှန်သူ ဆရာကိုရော၊ လက်နက်ကိုင်စွဲ ကြိုးစားသူ တပည့်ကိုပါ အဆုံးစီရင်ပစ်သင့်တယ်"

ပထမအုပ်စုက အတိအလင်းပင် ဤသို့ဆိုကြသည်။

ဒုတိယအုပ်စုကမူ ပို၍ ပြင်းထန်၏။

"မင်းသားကိုလည်း သတ်၊ ဒေဝဒတ်ကိုလည်း သတ်၊ ဒါတွင်မကဘူး၊ ဂယာသီသမှာရှိနေတဲ့ ဒေဝဒတ်ရဲ့နောက်လိုက်ရဟန်းတွေကိုပါ သတ်ပစ် . . . ဒေဝဒတ်မှာ နောက်ပါအင်အား တောင့်တင်းလှတယ်၊ ရန်စဆိုတာ ကျူငုတ် တောင် မကျန်စေရဘူးမဟုတ်လား"

တတိယအုပ်စုကမူ တွေးတွေးဆဆဆို၏။

"မင်းတရားကြီးက နှုတ်မိန့်နဲ့ သားတော်ထံကို ထီးနန်းလွှဲလိုက်ပြီ မဟုတ်လား . . . ဒီတော့ ဘယ်သူတွေဘယ်ဝါတွေကို သတ်ဖို့ မသတ်ဖို့ ဆိုတာ လည်း မင်းတရားကြီးရဲ့ အလိုတော်အတိုင်းသာ ရှိပါစေ . . . အမှန်ကတော့ မအောင်မြင်တဲ့ လုပ်ကြံမှုအတွက် ဘယ်သူ့ကိုမှ သွေးမြေ မကျစေသင့်ပါဘူး၊ အဇာတသတ်ကိုရော ဒေဝဒတ်ကိုရော၊ ဂယာသီသကျောင်းတိုက်က ရဟန်း တွေကိုရော မသတ်သင့်ပါဘူး၊ မင်းတရားကြီး ဘယ်လိုအမိန့်တော် ဆက်ရှိမလဲ ဆိုတာပဲ ဆက်နားထောင်သင့်ပါတယ်၊ မင်းတရားကြီးကိုလည်း လျှောက်ထား သင့်ပါတယ်"

ရာဇာဘိသေကသဘင် မတိုင်မီ ကာလလေးတွင် မဂဓသေက်ဦးဆံပိုင်





အာဏာသည် ကြိုးတန်းပေါ်၌ လျှောက်ခဲ့ရလေသည်။

ရှုပ်ထွေးနေသော ဤအခြေအနေတွင် မိမိ ဘာဝင်ပြောရမှန်းမသိ။ မိမိသည် ဘုရင်သစ်လား၊ ရာဇဝတ်သားလား၊

သို့သော် ခမည်းတော်က ပြတ်သားစွာ ဆုံးဖြတ်လိုက်၏၊

"မှူးမတ်တို့ . . . မြတ်စွာဘုရားဟာ တရားတော်ဟာ သံဃာဟာ ဘယ်လိုအပြစ် မကောင်းမှုမျိုးကိုမှ ပြုလိမ့်မည်မဟုတ်ဘူး၊ ငါဟာ ရတနာသုံးပါး ရဲ့ အလုပ်အကျွေးဖြစ်တယ်၊ ရာဇဂြိုဟ်မှာလည်း ရှင်ဒေဝဒတ်ကို ထင်ရှား အောင် ပကာသနီယကံပြုပြီးပြီမဟုတ်လား . . . ဒါကြောင့်"

ခမည်းတော်ကြီး၏ အဆုံးအဖြတ်သည် ထွေပြားနေသော အခြေ အနေကို တစ်ချက်တည်း ရှင်းလင်းပေးလိုက်လေသည်။

"ဆရာဒေဝဒတ်ကိုရော တပည့်အဇာတသတ်ကိုပါ အဆုံးစီရင်ပစ် သင့်တယ်ဆိုတဲ့ မှူးမတ်အစုတွေအားလုံးကို အခုအချိန်ကစပြီး မိမိတို့ရဲ့ ရာထူး ဘွဲ့နာမ အဆောင်အယောင်တွေကနေပြီး နိမ့်သောအဆင့်သို့ ဆင်းကြ"

ပထမအုပ်စုမှာ ရာထူးမှ လျှောချခံလိုက်ရ၏။

"ဒေဝဒတ်ကိုရော အဇာတသတ်ကိုရော ရဟန်းတွေကိုပါ သတ်ပစ် လို့ ဆိုသူများ မိမိတို့ရရှိထားတဲ့ ရာထူးဘွဲ့နာမ အဆောင်အယောင်တွေမှန်သမျှ ကို လုံးဝ စွန့်လွှတ်လိုက်ကြ"

ဒုတိယအုပ်စုမှာ လုံးဝ ခြေမဲ့လက်မဲ့ဖြစ်သွား၏။

"ငါ့ကိုလည်း ဆက်လက်လျှောက်သင့်တယ်၊ ငါ့သဘောအတိုင်းရှိပါ စေဆိုသူများ မိမိတို့ ယခုရရှိထားဆဲ ရာထူးဘွဲ့နာမ အဆောင်အယောင်ကနေ တစ်ဆင့်တိုးမြှင့် ခံစားရရှိကြစေ"

တတိယအုပ်စုမှာ အရာတိုးမြှင့်သွားကြလေသည်။

တစ်ချက်လွှတ်အမိန့်တော်အပြီးတွင် ခမည်းတော်သည် မည်သူ့ကိုမျှ မကြည့်ဘဲ ရှေ့တူရူသို့ ငေးကြည့်လိုက်ကာ -

"ဘုရင်သစ်အတွက် နက်ဖြန် ရာဇာဘိသေကသဘင် ဆင်ယင်ဖို့ ပြင်ဆင်ကြတော့" ဟု ဆိုခဲ့လေသည်။

❊ ❊ ❊

www.foreverspace.com.mm

ဤအကြောင်းရပ် အသေးစိတ်ကို ဆရာအရှင်ကို ပြန်လျှောက်တင်လိုက်သောအခါ ဆရာအရှင်၏ မျက်ခုံးထူထူများအတွင်းသို့ စုဝင်သွားခဲ့၏။ အတန်ကြာမျှ မျက်မှောင်ကြုတ်နေပြီး . . .

"လတ်တလော ပူပူနွေးနွေးအဖြစ်က အကင်းမသေသေးဘူးနော်. . . ဘုရင်မင်းမြတ် သင် ဒါကို မေ့လို့မဖြစ်ဘူး" ဟု ဆိုသည်။

ထို့နောက်မျက်နှာဆီသို့ လက်ညှိုးငေါက်ငေါက်ထိုးကာ တင်းမာသော အသံဖြင့် ပြောလေသည်။

"တွေ့လား . . . သင့်ကို ဘုရင်သစ်အဖြစ် သိမှတ်လိုက်ပြီ၊ ရာဇအာဏာ ပြောင်းလဲပေးလိုက်ပြီလို့ သူ့နှုတ်ကပြောပြီးတဲ့နောက်မှာပဲ သူဟာ မျှုမတ်တွေကို ရာထူးချနိုင်၊ ရာထူးတိုးနိုင်တဲ့အာဏာကို ဆုပ်ကိုင်ထားခဲ့သေးတယ်၊ တွေ့လား . . . မြင်ရဲ့လား"

ယောင်ယမ်း၍ ခေါင်းညိတ်လိုက်မိ၏။

"ဒီမှာ အဇာတသတ်ဘုရင်ရဲ့ . . . မင့်ခမည်းတော်ကြီးဟာ မဂဓနိုင်ငံတော်မှာ နှစ်ပေါင်းများစွာ သက်ဦးဆံပိုင် အာဏာကို ကိုင်စွဲအသုံးပြုလာခဲ့တာ . . . သူ့နှုတ်ဟာ အမိန့်တော်တွေကို အမြဲပေးနေတဲ့နှုတ်၊ သူ့လက်ဟာ ရာဇလှံတံနဲ့ သံလျက်ကို အမြဲဆုပ်ကိုင်ခဲ့တဲ့လက်၊ ဒီနှုတ်ခံတွင်းနဲ့ ဒီလက်တွေမှာ ရာဇအာဏာဟာ ဖျောက်ဖျက်မရအောင် စွဲထင်နေတယ် . . . သိရဲ့လား"

သိပါတယ်ဆရာအရှင်ဟူသော အဖြေစကားက ထစ်ငေ့ါစွာထွက်သွား၏။

"အေး . . . အလားတူပဲ၊ မဂဓတစ်နိုင်ငံလုံးနဲ့ ရာဇဂြိုဟ်တစ်နန်းတော်လုံးမှာရှိတဲ့ မျှုမတ်ဗိုလ်ပါ သေနာပတိတွေမှန်သမျှရဲ့ နားတွေဟာလည်း ဗိမ္ဗိသာရဘုရင်ရဲ့အမိန့်ကို နာခံတဲ့နားကျင့် စွဲနေပြီးသားဆိုတာ မှတ်ထား"

"အခုတော့ . . . တပည့်တော်ရဲ့အမိန့်ကိုပဲ သူတို့ နာခံရတော့မှာပါဘုရား" ဟု လျှောက်မိ၏။

"ဘာ"

ပြင်းထန်သော ငေါက်ငမ်းသံ ပေါ်လာသည်။

"သင့်ခေါင်းပေါ်မှာ မကိုဋ်သရဖူဆောင်းထားတာဟာ မနေ့တစ်နေ့ကမှ . . . သင်ဟာ ဘုရင်သစ်၊ သင့်နှုတ်က အမိန့်နဲ့ သင်ညွှန်တဲ့လက်ညှိုးကို





www.foreverspace.com.mm

မျှုမတ်တွေ နာခံဖို့ အကျင့်ရသေးတာမဟုတ်ဘူး"

ဤစကားကို ဘဝင်မကျချင်သော်လည်း ဆရာအရှင်ကို ပြန်၍ အထွန့်မတက်ရဲချေ။

"ဘုရင်အဇာတသတ်ရဲ့ သစ်သီးကို သင် စားသောက်နေရပြီဖြစ်ပေမယ့် ဒီသစ်သီးဟာ သင် ဆွတ်ယူခဲ့တာ မဟုတ်ဘူး၊ အပင်ပေါ်က သူ့အလိုလို ကြွေကျလာတာလည်းမဟုတ်ဘူး၊ သစ်သီးကိုယ်တိုင်က သင့်လက်ထဲ ကိုင်းညွတ်ရောက်ရှိလာတာ . . . သင်ဟာ ဘုရင်မင်းမြတ်ဖြစ်လာပေမယ့် ဂုဏ်မြောက်တဲ့ ဖြစ်ပုံမျိုး မဟုတ်ဘူးဆိုတာ မှတ်ထား"

ရင်ထဲမှာ စူးခနဲ ဖြစ်သွား၏၊ သို့သော် ဆရာအရှင်ပြောသည်များအားလုံး မငြင်းသာသောစကားတွေချည်းပင်၊

ခဏကြာမျှ တိတ်ဆိတ်သွားပြီးနောက်တွင် ဆရာအရှင်၏မျက်နှာထားသည် ပြောင်းလဲသွားလေသည်၊ နဖူးကြောကြီးများ ပျောက်ကွယ်သွားကာ တင်းမာနေသော မျက်နှာထားလည်း ပြေလျော့သွား၏၊ ထို့အတူ လေသံမှာလည်း ပျော့ပျောင်းသွား၏။

"ပူပူနွေးနွေးဖြစ်ရပ်ကို ပြန်စဉ်းစားကြည့်လိုက်ပါလား . . . အဇာတသတ် . . . သင့်ကို ရာဇအာဏာ လွှဲပေးလိုက်ပြီးလို့ သင့်ခမည်းတော်ကြီးက နှုတ်မိန့်ပေးပြီးချိန်နဲ့ ရာဇဘိသေကသဘင် ဆင်ယင်တဲ့အချိန် နှစ်ခုအကြားကာလလေးမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာကို ပြန်စဉ်းစားကြည့်လိုက်စမ်း"

ဤအဖြစ်ကို မိမိလည်း တအုံ့နွေးနွေးရှိဆဲပင်ဖြစ်၏။ အထူးတလည် ပြန်လှန်တွေးတောစရာ မလိုဘဲ တရိပ်ရိပ် ပြန်ပေါ်လာသည်။

ရာဇဂြိုဟ် နန်းတော်တွင်း၌ အုပ်စုသုံးစု ပေါ်ခဲ့သောအဖြစ်၊ ထိုအုပ်စုသုံးစု၏ တင်ပြချက်သုံးမျိုး။ အထူးသဖြင့်မူကား မိမိကိုရော၊ ဆရာအရှင်ကိုပါ မက ဂယာသီသရဟန်းအားလုံးကိုပါ ကိစ္စတုံး စီရင်သင့်သည်ဟူသော အုပ်စု။

ခမည်းတော်ကြီးကမူ ထိုမျှုမတ်အုပ်စုများကို ထိုက်သင့်ရာ ဆုံးဖြတ်စီရင်ခဲ့ပြီးပြီဖြစ်၏၊ သို့သော် . . .

"ရှင်းရှင်းလေးပါ ဘုရင်မင်းမြတ် . . . ဟောဒီ ရာဇဂြိုဟ်နန်းတော်ထဲမှာ သင့်ကိုရော ငါ့ကိုပါ မလိုလားတဲ့သူတွေ ရှိနေခဲ့တယ်၊ သူတို့ကို ဗိမ္ဗိသာရက ရာထူးက နှုတ်ပယ်လိုက်ပြီဆိုပေမယ့် မုချ ငါတို့အပေါ်မှာ အငြိုးအာယာတ

www.foreverspace.com.mm

ထားကြမှာပဲ”

“တပည့်တော်ကို မလိုလားတဲ့သူတွေ နန်းတော်ထဲမှာရှိနေမယ်ဆိုတာ တပည့်တော်လည်း တွေးမိပါတယ်ဘုရား။ သူတို့တစ်တွေ ခေါင်းမဖော်ရဲအောင် လုပ်ပစ်ဖို့လည်း တပည့်တော် စိတ်ကူးပြီးပါပြီ၊ တပည့်တော်လက်ထဲမှာ မဂမ သက်ဦးဆံပိုင်အာဏာ ရှိနေပြီမဟုတ်ပါလားဘုရား”

ဆရာအရှင် ထူးဆန်းစွာ ပြုံးလေသည်၊ ထို့နောက် အေးစက်သော အသံဖြင့် ဆို၏။

“အဇာတသတ်ဘုရင် . . . သင်ဟာ မြွေခွေးကို အတွင်းမှာထားပြီး စည်ကြက်သူလို ဖြစ်နေတယ်၊ ငါပြောတာ သိရဲ့လား . . . သားရေချပ်ကို ကိုက်ဝါးတတ်တဲ့ မြွေခွေးကို စည်အိမ်အတွင်းမှာထားပြီး စည်ကြက်နေလို့ကတော့ စည်မျက်နှာပြင် ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး”

“ဒါဖြင့် တပည့်တော် ဘာလုပ်ရမလဲ ဆရာအရှင် . . . ရာဇအာဏာကို အထိရောက်ဆုံး ဘယ်လိုကိုင်တွယ်အသုံးပြုရမလဲ”

“သစ်ပင်ကြီးရဲ့အမြစ်ကို ဆွဲနုတ်ပြီးပေမယ့် အမြစ်ဟာ သေမသွားသေးဘူး၊ မြေပြင်ထဲကို ထပ်မံထိုးဖောက် ကုပ်တွယ်နိုင်တဲ့အစွမ်း ရှိနေသေးတယ်”

ကုပ်တွယ်နိုင်စွမ်းရှိနေသေးသော အမြစ်၊ ထိတ်လန့်ဖွယ်စကားဥပမာအဖြစ် ခံစားလိုက်ရ၏၊

ဆရာအရှင်မျက်နှာက နီးကပ်စွာ တိုးလာသည့် မြွေတစ်ကောင်၏ မျက်လုံးမျိုးကို မြင်ရပြန်ပြီ။ သူငယ်အိမ်မှာ လည်ပတ်နေသည့်နှယ်။

“အုတ်တံတိုင်းကို တွယ်ကပ် ထိုးဖောက်တဲ့ ညောင်ပင်ရဲ့အမြစ်ကို တွေ့ဖူးတယ်မဟုတ်လား အဇာတသတ် . . . အုတ်တံတိုင်း ကွဲအက်ပြိုပျက်သွားသည်အထိ သန်မာတဲ့အမြစ်တွေလေ . . . အင်း . . . ”

နှာခေါင်းပေါက်မှ မှုတ်ထုတ်လိုက်သော ဆရာအရှင်၏ သက်ပြင်းလေသည် မိမိ၏ မျက်နှာပြင်ထက်သို့ ပူနွေးစွာ ကျရောက်လာ၏၊

“ဗိမ္ဗိသာရဘုရင်ကြီးဆိုတဲ့ အမြစ်ဟာ သင့်ရဲ့ ရာဇပလ္လင်ထဲကို ထွင်းဖောက်ကုပ်တွယ်လာလိမ့်မယ်၊ သင့်ရဲ့ ရာဇပလ္လင်ဟာ တစ်စတစ်စ ကွဲအက်ပျက်စီးသွားလိမ့်မယ်၊ အက်ကြောင်းတွေ ထင်လာတဲ့ သင့်ရာဇပလ္လင်ကို အမှုန့်





www.foreverspace.com.mm

မှုန့်ဖြစ်သွားအောင် ထုရိုက်ဖျက်ဆီးမယ့် သူ့နောက်လိုက် သစ္စာတော်ခံ မှူးမတ်ဗိုလ်ပါတွေကလည်း တူရွင်းငန်းပြား ပေါက်တူး ဆောက်ပုတ်တွေနဲ့ အသင့်စောင့်နေကြတယ်၊ ရာဇပလ္လင်နဲ့အတူ သင့်ရဲ့ အသက်ဇီဝိန်လည်း ပျက်စီးလိမ့်မယ်”

“တပည့်တော် . . . တပည့်တော် ဘာလုပ်ရမလဲဘုရား”

“အမြစ်သေအောင် လုပ်ပစ်ရုံကလွဲပြီး သင့်မှာ ရွေးစရာလမ်း မရှိတော့ဘူး မဂဓဘုရင်လေး”

“အမြစ်သေသွားအောင် . . . ”

“ဟုတ်တယ် . . . နန်းစွန့်ဘုရင်ဟောင်းကို သုတ်သင်ပစ်လိုက်တော့”

❊ ❊ ❊

“ပြုဖွယ်ကိစ္စ” ကို ပြုပြီးချိန်တွင် ပထမဆုံး ထုတ်ပြန်လိုက်သော အမိန့်မှာ “ဘုရင်မင်းမြတ် အလိုတော်မရှိဘဲ မည်သူ့ကိုမျှ အတွင်းဆောင်သို့ ဝင်ရောက်ခစားခွင့် မပြု” ဟူ၍ ဖြစ်၏၊

ဆရာဇီဝကသည် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံခွင့်ရရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်ဟု နားခံတော်အမတ်က သတင်းပို့လျှောက်ထားခဲ့သည်၊ “ငါမတွေ့ချင်ဆုံးက အဲဒီသမားတော် ဇီဝကပဲ” ဟု ပြောလိုက်၏။ နန်းတော်တွင် ရှိမနေတတ်ဘဲ ဝေဠုဝန်ကျောင်းတိုက်နှင့် ရာဇဂြိုဟ်မြို့တွင် လူနာများရှိရာသို့သာ အချိန်ပြည့်လိုလို လှည့်လည်သွားရောက် ကုသပေးနေသော ဆရာဇီဝကလည်း အတွင်းတော်ဝင်ခွင့်ရဖို့ နောက်ထပ် မကြိုးစားတော့ပေ၊

ဆရာအရှင်နှင့် အရေးတကြီး တွေ့ဆုံဆွေးနွေးခဲ့ပြီးသည်မှာ ခုနစ်ရက် ရှိခဲ့ပြီ၊ ဤကာလအတွင်း မဂဓနန်းတော်ထဲ၌ ဘယ်သူတွေ ဘယ်သို့ဖြစ်နေသည်ကို လုံးဝ ဂရုမစိုက်ဘဲ လျစ်လျူရှုထားလိုက်၏။ “သက်ဦးဆံပိုင် ဘုရင်တစ်ပါးရဲ့ အလုပ်ဟာ နှုတ်အလုပ်ပဲဖြစ်တယ်။ နားကို အလုပ်မပေးရဘူး။ မှူးမတ်ဗိုလ်ပါတွေ ပြောချင်တိုင်းပြောနေကြတဲ့စကားလုံးတွေကို နားထောင်နေလို့ကတော့ ပြီးတော့မှာမဟုတ်ဘူး။ ဘုရင်မင်းမြတ်ရဲ့ အလုပ်က သူတစ်ပါးပြောတာကို နားထောင်ဖို့မဟုတ်ဘူး။ ကိုယ်ပြောတာကိုသာ သူတစ်ပါး နား

www.foreverspace.com.mm

ထောင်စေတဲ့အလုပ်ဖြစ်တယ်။ ရာဇအာဏာရဲ့ ခွန်အားကိုသုံးပြီး ကိုယ်ကသာ အမိန့်တော်တွေ တစ်ခုပြီးတစ်ခု ထုတ်ပြန်နေရမယ်" ဟုလည်း ဆရာအရှင်က ဆုံးမဩဝါဒပေးထားသည် မဟုတ်လား။

ထို့အပြင်လည်း . . .

"ဒီမှာ မဂဓဘုရင်လေး . . . မဂဓတိုင်းသားပြည်သူတွေဆိုတာ လက်အုပ်ချီဖို့ ဒူးထောက်ဦးညွှတ်ဖို့နဲ့ အမိန့်နာခံဖို့အတွက် အကျင့်ပါနေပြီးသား၊ ဒါကို ဆက်လက်ပြီး အကျင့်စွဲနေအောင် လုပ်သွားဖို့ပဲရှိတယ်။ သူတို့ လက်အုပ်တွေ ဆက်လက်ပူးကပ်နေကြပေစေ . . . သတို့ဒူးဆစ်တွေ ဆက်လက်ပြီး ထောက်နေကြပေစေ။ သူတို့ဦးခေါင်းတွေ ဆက်လက် ညွှတ်နေကြပေစေ၊ လူတွေရဲ့ အကြောက်တရားကိုသာ ပိုမိုကြီးထွားအောင်လုပ်၊ ရာဇပလ္လင်ဆိုတာ တိုင်းသားပြည်သူတွေရဲ့ အကြောက်တရားနဲ့ ထုလုပ်ထားတဲ့ ထိုင်ခုံဖြစ်တယ်"

ဟု ဆရာအရှင် မပြတ် ဩဝါဒပေးသည်။ သကျသာကီဝင် မင်းမျိုးမင်းနွယ်ဖြစ်သော ဆရာအရှင်သည် ရာဇတို့၏ ကျင့်ထုံးကျင့်စဉ်ကို ဒေဝဒတ္တမင်းသားဘဝကတည်းက ကောင်းစွာ ကျေညက်ခဲ့လေသည်။

လုံးဝ အတွေ့မခံရမည့်သူများကိုလည်း ဆရာအရှင်က အမည်နာမနှင့်တကွ ညွှန်ပြပေးထား၏။ ထိုအထဲတွင် သမားတော်ဇီဝကသည် ထိပ်ဆုံးကပါသည်။ ထို့နောက် မိမိ၏ မအောင်မြင်သောလုပ်ကြံမှုကို လက်ထိလက်ရောက်ဖမ်းဆီးပေးခဲ့သည့် နန်းရင်းဝန်နှင့် သူ့လူယုံများ၊ ဗိမ္ဗိသာရမင်းကြီး၏ အတွင်းအပြင် ကိုယ်ရံတော် သက်တော်စောင့်များ ဝေဠုဝန်ကျောင်းတိုက် ဝေယျာဝစ္စကို ကြီးကြပ်ခဲ့သည့် အမတ်အစုများ၊ ဗိမ္ဗိသာရမင်းကြီး လက်စွဲသုံးခဲ့သည့် ဆေတ္တာသည်၊ စားဖိုမှူး၊ ဥယျာဉ်မှူး၊ ဘဏ္ဍာစိုး ရွှေတိုက်ဝန် . . .

"သူတို့အားလုံးကို အရာက နုတ်ပယ်ပစ်လိုက်၊ မိမိယုံကြည်စိတ်ချရမယ့် သူတွေကို သစ္စာရေသောက်ခိုင်း၊ ကျိန်စာအဆိုခိုင်းပြီး အမှုတော်ထမ်းအသစ်တွေ ခန့်ပစ်၊ အင်း . . . အရေးအကြီးဆုံးက ဇီဝကပဲ . . . သင်းဟာ ပညာထက်သလောက် ဉာဏ်နီဉာဏ်နက်များတဲ့ သမားတော်လည်းဖြစ်တယ်၊ သင်းဟာ ရောဂါဝေဒနာတွေကို ပျောက်ကင်းအောင် ဆေးဝါးတွေ ဖော်စပ်နိုင်သလို ပြင်းထန်တဲ့ အဆိပ်တွေကိုလည်း ဖော်စပ်နိုင်တယ်၊ ပြီးတော့ သင်းဟာ





www.foreverspace.com.mm

နန်းတွင်းသမားတော်ဆိုပေမယ့် ဗိမ္ဗိသာရမင်းကြီးရဲ့က ကိတ္တိမသားနေရာ ရထားသူဖြစ်တယ်၊ သူ ဆေးကုပေးထားတဲ့သူတွေကလည်း အရေးဆိုရင် သူခိုင်းသမျှ လုပ်ပေးမယ့် နောက်လိုက်တပည့်တွေဖြစ်တယ်၊ ဇီဝကဟာ အန္တရာယ်အရှိဆုံး အနီးကပ်ရန်သူပဲ"

ဆရာအရှင်၏ အစီအမံများ စေ့စပ်တိကျလှသည်ဟု အံ့ဩယူရတော့သည်။

"ကောသလ၊ အင်္ဂ၊ တက္ကသိုလ အစရှိတဲ့ တိုင်းခြားတွေနဲ့ ဆက်သွယ်ရတဲ့ အမှုတော်တာဝန်ခံ၊ သံတမန်မှူးမတ်တွေကိုလည်း အစားထိုး အသစ်လဲလှယ်ပစ်လိုက် . . . အားလုံးဟာ ဘုရင်သစ်ရဲ့ သစ္စာရှိလူယုံသစ်တွေပဲ ဖြစ်ရမယ်၊ နောက်ပြီးတော့ သင့်လက်ထဲမှာ သင့်လက်တစ်ကမ်းမှာ သန်လျက်ကို အမြဲမကွာထား၊ အဇာတသတ်ဘုရင်ဟာ လူတွေ ဖိန့်ဖိန့်တုန် ကြောက်ရွံ့ခုံညားရတဲ့ဘုရင်ဖြစ်တယ်ဆိုတာ နန်းတော်အတွင်းအပြင် လူတွေအားလုံး စွဲစွဲမြဲမြဲသိနေပေစေ"

"မကိုင်ရှုသရဖူဆောင်း ဘုရင်တစ်ပါးရဲ့ဘဝဟာ အန္တရာယ်ကြီးလှပါလား ဘုရား . . . "ဟု မသက်မသာဖြင့် လျှောက်ထားသောအခါ . . .

"အိုး . . . ဒါတွေဟာ ခေတ္တခဏပါ၊ နေသားတကျမဖြစ်ခင် အခိုက်အတန့်ပါ၊ မကြာခင်မှာ အားလုံးဟာ ပြားပြားဝပ်သွားလိမ့်မယ်၊ မှတ်ထား . . . မဂဓဘုရင်လေး . . . လူတွေရဲ့ အတွင်းသန္တာန်မှာရှိနေတဲ့ အကြောက်တရားကို နစ်နစ်နဲနဲကြီး ဖြစ်အောင် လုပ်လိုက်ပြီးရင် အရာရာဟာ ချောမွေ့သွားလိမ့်မယ်၊ သက်ဦးဆံပိုင်ဘုရင်ဟာ ဒီအချက်ကို မိမိရရ အသုံးချတတ်ရတယ်"

"မကြာခင် . . . ဆိုတဲ့ကာလဟာ ဘယ်လောက်ထိ ရှိမယ်ဘုရား"

"နန်းစွန့်ဘုရင်ကြီး အသက်ဇီဝန်ကြွေတဲ့အချိန်အထိပေါ့ . . . ဘယ်လောက်ကြာမှာမို့လဲ၊ သူ သေဆုံးသွားပြီးရင် အားလုံးဟာ သင့်ခြေဖဝါးအောက် အလုံးစုံရောက်လာမှာ မုချပဲ၊ အင်း . . . ဘယ့်နှယ်လဲ၊ အကျဉ်းတိုက်ထဲက ရာဇ ဝတ်သားကြီးကော တင့်တင့် ဆုတ်ယုတ်နေရဲ့မဟုတ်လား"

အကျဉ်းတိုက်ထဲက ရာဇဝတ်သားကြီး ဆိုသည်မှာ ခမည်းတော်မင်းကြီးကို ဆိုလိုခြင်းဖြစ်၏။

ဆရာ၏မေးခွန်းကို ရုတ်တရက် မဖြေနိုင်။ ကြေးတိုက်အကျဉ်းထောင်

ဆီသို့ မိမိ မသွားရောက်ခဲ့သည်မှာ ခမည်းတော်ကို ကြေးတိုက်ထဲ သွင်းလိုက်သည့်နေ့မှစ၍ ယခုတိုင်ဖြစ်လေသည်။

"အစာငတ် ရေငတ်နဲ့ ရိက္ခာဖြတ်ထားတာဆိုတော့ တဖြည်းဖြည်းနဲ့"

ဘာကြောင့်မှန်းမသိ၊ စကားဆက်မပြောနိုင်ဘဲ ရပ်သွား၏။

ဆရာအရှင်က ဆတ်ခနဲ မျက်နှာလှည့်လာကာ စူးစူးရဲရဲကြီး စိုက်ကြည့်လာသည်၊ မြွေနဂါးမျက်လုံးနှင့် လည်နေသော သူငယ်အိမ်များဆီမှ အငွေ့လှိုင်းများကို ရင်မဆိုင်ရဲ။ ထို့ကြောင့် ထစ်ငေါ့ရပ်ဆိုင်းသွားသော စကားကို ကမန်းကတန်း ဆက်လိုက်ရ၏။

"တဖြည်းဖြည်းနဲ့တော့ ဆုတ်ယုတ်သွားမှာပါ ဘုရား"

အားယူ၍ ပြောဖြစ်ကြောင်းနှင့် အဆုံးသတ်တွင် တုန်ခါသွားသော မိမိ၏လေသံကို မိမိ သတိထားမိလေသည်၊

"အင်း . . . အမြစ်ကိုသတ်လိုက်လို့ ငါ ယတိပြတ် ပြောခဲ့စဉ်က ခတ္တိယမျိုးနွယ်တို့ရဲ့သွေးဟာ မြေမကျစကောင်းလို့ သင် အကြောင်းပြလို့ ငါ တခြားနည်းကို စီမံပေးလိုက်ရတာပဲ၊ ကြေးတိုက် အကျဉ်းထဲမှာ အစာငတ် ရေငတ်နဲ့ ရိက္ခာဖြတ်ထားရင် သူ့အလိုလို အမှည့်ကြွေ ကြွေသွားမှာပါလေလို့ ငါ တွက်လိုက်ရတယ်၊ ရှိစေတော့လေ . . . အရေးကြီးတဲ့အချက်က သင့်ရာဇပလ္လင်ခုံ ပြုအက်ပျက်စီးမသွားဖို့ဘဲ အရှင်းဆုံး နားလည်ထားရမှာက သူမသေရင် ကိုယ်သေ၊ ကိုယ်မသေချင်ရင် သူသေ ဒါပဲ၊ ဟုတ်ရဲ့လား မဂဓဘုရင်လေး . . . "

မဂဓဘုရင်လေးဟု ဆရာတွင်တွင်ကြီးသုံးနေသည်ကို သတိထားမိ၏။ ဤအခေါ် အဝေါ် သည် မိမိနှင့် မရင်းနှီးချင်သေးသော်လည်း ဤသို့ကြားရတိုင်း မိမိ၏ မဂဓဘုရင်ဧကရာဇ်အဖြစ်ကို မြိန်ယှက်စွာ အရသာခံမိလာသည် ကား အမှန်ပင်။

❊ ❊ ❊

ကြောက်ရွံ့ ထိတ်လန့်မှုသည် မိမိ၏ တစ်ဖက်စွန်းသို့ ရောက်ရှိသွားသောအခါ အမျက်ဒေါသအဖြစ် ကူးပြောင်းသွားလေသည်။ ဘာကိုမှ သည်းမခံ





နိုင်တော့သည့် နှလုံးသည် အမြဲထာဝရ ကျွတ်ဆတ်နေတော့၏၊

မကိုင်ရှုသရဖူဆောင်းထားသည့် ဦးခေါင်းမှာလည်း အမြဲတစေပင် ဆူဝေလှုပ်ရှားနေ၏။ ဘုရင်ဧကရာဇ်တစ်ပါး၏ ကြီးကျယ်လှသော စည်းစိမ်ချမ်းသာများကတော့ အလျှံပယ်စီးဝင်နေသည်။ အကောင်းဆုံး အညွန့်ဆုံး ပွဲတော်စာများကို စားသောက်ရသည်။ အနံ့အရသာ အဆီဩဇာ အပြည့်ဆုံး၊ အဖျော်ယမကာများကို သောက်သုံးရသည်။ အတောက်ပဆုံး အနူးညံ့ဆုံး ပိုးဖဲကတ္တီပါ ဝတ်လဲတော်များကို ထည်လဲ ဝတ်ဆင်ရသည်။ အသုံးအဆောင်ပစ္စည်းမှန်သမျှမှာလည်း ရွှေငွေ ကျောက်သံတို့ဖြင့်သာ အတိပြီးသည်။ နှုတ်တစ်ခွန်းအဟ လက်တစ်ချက်အငေ့ါမျှဖြင့် လိုချင်သောအရာမှန်သမျှ ရှေ့မှောက်သို့ ရောက်လာသည်။ ခြေလှမ်းတိုင်း၏ ရှေ့မှောက်တွင် ပြားပြားဝပ် ဒူးထောက်ဦးညွတ်သူများ၏ ကျောက်ကုန်းများနှင့် ပူးကပ်ထားသော လက်အုပ်များကို တွေ့ရသည်။ ငြိမ့်ငြောင်းသာယာ တေးသီချင်းများနှင့် ပူဇော်ကခုန်မှု အနုပညာများက ဝန်းရံနေသည်၊

ညီလာခံနန်းဆောင်၊ တရားသဘင်ခန်းမ၊ စက်ရာဆောင်၊ နားနေပန်းမြေနန်းဆောင်၊ ပွဲတော်စာဆောင်၊ သဘင်ဆောင်တို့တွင် ယခင်က ခင်းကျင်းဖြန့်ကြက်ထားသည့် ကော်ဇောများ၊ တင်းတိမ်ခန်းဆီးများအားလုံးကို ဖြုတ်ချစေပြီး အသစ်လဲလှယ် တပ်ဆင်စေလိုက်သည်။ နန်းစွန့်ဘုရင်ဟောင်း၏ အငွေ့အသက်ဆို၍ ဘာတစ်ခုမှ မရှိစေရ။ အားလုံးအသစ် ဖြစ်ရမည်၊

သို့သော် အသစ်ထဲတွင် အဟောင်း၏ရနံ့များက လှည့်လည်မွှေနှောက်နေသည်၊ အရိပ်လိုက်ပါနေသည်၊ ခမည်းတော်မင်းကြီးသည် ကြေးတိုက်အကျဉ်းထောင်ထဲတွင် ရှိနေသော်လည်း ခမည်းတော်၏ အရှိန်အဝါများက တစ်နန်းတော်လုံးတွင် ရိုက်ခတ်နေဆဲဟု ခံစားနေရသည်။

ကြေးတိုက်အကျဉ်းခန်းထဲသို့ကား ကိုယ်တိုင် မသွားခဲ့၊

သို့သော် သစ္စာရေတိုက်ကာ ကျိန်စာအမျိုးမျိုးကို ရွတ်ဆိုခိုင်းထားသော ကြေးတိုက်မှူး ပါးကွက်သားချုပ်ထံမှမူ တစ်နေ့သုံးကြိမ် သတင်းပို့လျှောက်ထားချက် ရောက်နေသည်။

"အပြင်နံရံမှာ ကြေးပြားများကို ကြေးမှိုနဲ့ စွဲထားပါတယ်၊ ကြေးတိုက်ရဲ့ အတွင်းနံရံကိုတော့ သံပြားထုတွေနဲ့ အခိုင်ခံ့ဆုံး စပ်ထားပါတယ်။ အခင်း

မှာ နွားချေးမလိမ်းကျံ မြေမှုန့် မလိမ်းကျံပါဘူး၊ အကွက်အကွက်ဖော်ထားသော သံပြားများကိုသာ ခင်းကျင်းပါတယ်။ မျက်နှာကြက်၊ နံရံအစပ်တွေမှာ ဖြုတ်တစ်ကောင်တောင်မှ ဝင်လို့မရနိုင်တဲ့ စရွေးများနဲ့ အထပ်ထပ်စီမံထားပါတယ်၊ ကြေးတိုက်ထဲမှာလည်း နွေကာလမွန်းတည့်ချိန်ရဲက အပူမျိုး ခြောင်းခြောင်းထနေအောင် စီမံထားပါတယ် ဘုရင်မင်းမြတ်”

အကျဉ်းချလိုက်သည့် ပထမနေ့က ကြေးတိုက်မှူး ပါးကွက်သားချုပ်အားပါးတရ လျှောက်တင်ခဲ့သော စကားများဖြစ်၏။

ပါးကွက်သားကြီးသည် ဝက်ဝံကြီးတစ်ကောင်နှယ် ထွားကျိုင်းလှသူဖြစ်ပြီး သေရည်ကို အချိန်နှင့်အမျှ မှီဝဲသူလည်းဖြစ်၏။ သူ၏ ပင်ကိုယ်စိတ်ကပင် တိရစ္ဆာန်ရိုင်းတစ်ကောင်နှင့်တူပြီး ညှဉ်းပန်းနှိပ်စက်ခြင်း အလုပ်ကို မြိန်ယှက်စွာ အရသာခံတတ်သူလည်း ဖြစ်လေသည်။

“စိတ်ချတော်မူပါ ဘုရင်မင်းမြတ် . . . ယင်တစ်ကောင်တောင်မှ အနားမသီစေရပါဘူး၊ သံမှိုစွဲထားတဲ့ ကြေးပြားထုတံခါးကြီးဟာ လက်တစ်ဝါးသာသာ ထုထဲခိုင်ခံ့ပါတယ်၊ ကျွန်တော်မျိုးတစ်သက်မှာ အကောင်းဆုံးကြေးတိုက် အကျဉ်းထောင်ဖြစ်ပါတယ်”

ဝက်ဝံကြီး၏ လျှောက်ထားချက်ကို မျက်နှာလွှဲပြီး နားထောင်ရသည်။ ကိုယ်တိုင်ပင် သူ့ကို မကြည့်မမြင်ချင်။ ကျက်သရေယုတ်လှသော မြင်ကွင်းဖြစ်၏။

“တံခါးမင်းတုန်း သံကောက်ကို ကျွန်တော်မျိုးရဲ့ လူသုံးယောက် မ,ရွှေ့မှသာ တင်နိုင်ချနိုင်ပါတယ်၊ ဒီသုံးယောက်ကိုလည်း ကျွန်တော်မျိုးရဲ့ ကြေးတိုက်အကျဉ်းအမှုထမ်းတွေထဲကနေ သခင်ကြီးကိုယ်တိုင် ရွေးပေးထားတာပါ၊ အဆိုးဆုံး အကြမ်းဆုံး အကောင်တွေပါ”

ကြေးတိုက်မှူးပြောသည့် “သခင်ကြီး” ဆိုသည်မှာ ဆရာအရှင် ဒေဝဒတ်ပင် ဖြစ်လေသည်။

“ကြေးတိုက်သံပြားထုတံခါးအပေါ်ဘက်မှာ အပေါက်ငယ်လေးတစ်ခု ဖောက်ထားပါတယ်၊ ဒီအပေါက်မှာလည်း သံတိုင်တွေ စိုက်ထားပါတယ်”

ကြေးတိုက်မှူး ထွက်သွားတော့ဟု ကိုယ်ရံတော်ရဲမက်မှ တစ်ဆင့် အမိန့်ပေးလိုက်ရ၏။ အားပါးတရ လျှောက်တင်နေသော သူ့အသွင်ကို သူ့အသံ





ကို ဆက်လက်မမြင် မကြားချင်တော့။

ပါးကွက်သားကြီး ထွက်သွားပြီးနောက်တွင် နားခံတော်အမတ်က အနီးသို့ တိုးကပ်ခစားလာ၏။

“တံခါးစောင့် ရဲမက်ဆီကတစ်ဆင့် လျှောက်ထားချက်ပါဘုရင်မင်းမြတ်”

“ဘာလဲ . . . ဘယ်သူရောက်နေလို့လဲ . . . ဆရာအရှင်လား”

နားခံတော်အမတ် တစ်ခုခုဖြေမည်အပြုမှာပင် တံခါးဝဆီမှ အသံပေါ်လာ၏။

“မင့်ဆရာအရှင်မဟုတ်ပါဘူး သားတော်ဘုရင် . . . မယ်တော်ကိုယ်တိုင်ပဲ”

မယ်တော်ကြီးသည် ပြောပြောဆိုဆိုပင် လှံကိုင်တံခါးစောင့် ရဲမက်များအကြားမှ ခြေလှမ်းကျဲကျဲဖြင့် ဝင်လာလေသည်။

သဋ္ဌာလီတွင် ထိုင်နေရာမှ ဝုန်းခနဲထဖြစ်၏။ အယောင်ယောင် အမှားမှား လှုပ်ရှားမှုဖြစ်သည်။ ခမည်းတော်ကို ကြေးတိုက်ထဲသွင်းပြီး အစာငတ် ရေငတ်ရိက္ခာ ဖြတ်ထားလိုက်သည့် ခုနစ်ရက်လုံးလုံး မယ်တော်ကြီးကိုလည်း အတွေ့မခံဘဲ ရှောင်တိမ်းနေခဲ့၏၊ ယခုတော့ ရှောင်လွှဲ၍မရတော့ပြီ။

မယ်တော်ကြီးသည် ဘုရင်မင်းမြတ်နှင့် တွေ့ဆုံခွင့်ကို အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီး ထိုတောင်းဆိုချက်ကို အကြိမ်တိုင်း ပယ်ချခဲ့သည့်ကြားမှ ဖွတ်အတင်း ဝင်ရောက်လာပေပြီ။

တံခါးစောင့်ရဲမက်များ၏ လှံရှည်နှင့် ကိုယ်ရံတော်တို့၏ ဓားသွားတို့သည် အိုမင်းသော မိန်းမသူကြီးတစ်ယောက်၏ ခြေလှမ်းများနောက်၌ ဆွံ့အ,သွားခဲ့ကြပြီဖြစ်၏။

မယ်တော်ကြီးသည် ရှေ့တည့်တည့်၌ ခြေစုံရပ်လိုက်၏၊

“မဂဓဘုရင်မင်းမြတ်ဆီကို လာတာမဟုတ်ဘူး၊ သားတော် . . . ဒါဟာ မိခင်တစ်ယောက်က သူ့သားဆီကို လာတာပါ၊ သက်ဦးဆံပိုင် ဘုရင်တစ်ပါးအနေနဲ့ အမိန့်တော်ကို ကျော်နင်းဖြတ်သန်းလာတဲ့ အဲဒီမိန်းမကြီးကို မောင်းထုတ်မှာလား၊ ဒါမှမဟုတ် . . . သားတစ်ယောက်အနေနဲ့ မိခင်ကို လက်ခံတွေ့ဆုံမှာလား၊ မင်း ရွေးချယ်နိုင်ပါတယ် သား”



www.foreverspace.com.mm

အလိုလိုပင် ဒူးများ ညွတ်ခွေကာ သလွန်ပေါ် ပြန်ထိုင်မိလျက်သား ဖြစ်သွားလေသည်၊

❊ ❊ ❊

စေစေ့ကြည့်နေသော မယ်တော်ကြီးကို တစ်ချက် မျက်လွှာပင့်၍ ကြည့်လိုက်၏။ ဖွေးဖွေးဖြူသော ဆံပင်၊ ချုံးချုံးကျနေသော မျက်နှာ၊ နွမ်းကြေနေသော ဝတ်လဲအစုံ၊ သေးသွယ်ပါးလျားသော ကိုယ်ခန္ဓာ။ မယ်တော်ကြီးသည် ဤမျှသောရက်ပိုင်းအတွင်း ဤမျှပင် အိုစာသွားခဲ့သလား။ သို့သော် ညိုးရော်နွမ်းလျနေသော ထိုအသွင်ကြားမှ မယ်တော်ကြီး၏ မျက်လုံးအစုံကား စူးစူးရဲရဲ နိုင်လှဘိခြင်း။

ထိုမျက်လုံးများကို ပြန်မကြည့်ရဲသဖြင့် မျက်လွှာအောက်ချလိုက်ရလေသည်။

ဘုရင်မင်းမြတ်၏ အမိန့်တစ်ခုခုကို နှုတ်မှဖွင့်လွှတ်လိုက်ရန် အပြေးအလွှား စိတ်ကူးမိပြန်သည်။ အခုချက်ချင်း ထွက်သွားပါ မယ်တော်၊ ဒါဟာ မဂဓဘုရင်ရဲ့ သီးသန့်အတွင်းဆောင်ဖြစ်တယ်။ အမိန့်တော်မရဘဲ ကျူးကျော်ချဉ်းနင်းလာသူမှန်သမျှဟာ ရာဇဒဏ်သင့်တယ်ဆိုတာ မသိဘူးလား၊ ဟော့ . . . တံခါးစောင့်တွေ၊ ကိုယ်ရံတော်တွေ၊ သက်တော်စောင့်တွေ ဘာလုပ်နေကြတာလဲ၊ ဆရာအရှင်ဒေဝဒတ်ကလွဲပြီး ဘယ်သူမှ အဇာတသတ်ဘုရင်ဆီကို တံခါးမရှိ ဓားမရှိ ဝင်ရောက်ခွင့်မရှိဘူးဆိုတာ မသိဘူးလား။

နှုတ်မှဖွင့်ထုတ်ဖို့ ဝေးစွ။ စိတ်ထဲမှ ကမန်းကတန်းစီစဉ်လိုက်သော စကားလုံးတွေကပင် ဖရိုဖရဲ ဖြစ်နေ၏၊ နောက်ဆုံးတွင်ကား ဘာပြောချင်သလဲ မယ်တော်ဟုသာ အသံမထွက်ဘဲ အော်မြည်နေမိတော့သည်၊

မယ်တော်ကြီး . . . တစ်ခုခုပြောပါတော့၊ ပြောပြီး ထွက်သွားပါတော့။ ချည့်နဲ့စွာ ရင်ထဲမှ ပြောနေမိ၏၊

"သား . . . ရယ်"

ကတုန်ကယင် ထွက်ကျလာသောအသံကို စတင်ကြားရပေပြီ။

ပြိုကျသွားအံ့ဆဲဆဲ ရင်ကို ရာဇတို့၏ မာန်မာနဖြင့် အလောတကြီး



www.foreverspace.com.mm



ပြန်လည် တည်ဆောက်လိုက်ရလေသည်၊

"မင်းကို မယ်တော် စကားတစ်ခွန်းပြောဖို့ လာတာပါ။ တစ်ခွန်းတည်းပါ၊ ဒီစကားဟာ နန်းစွန့်ဘုရင် နန်းကျဘုရင်ကြီးရဲ့ မိဖုရားကြီး ဝေဒေဟီကနေပြီး ဘုရင်အဇာတသတ်ကိုပြောတဲ့စကား မဟုတ်ပါဘူး၊ ဖခင်ဖြစ်သူ အကြောင်းကို သားဖြစ်သူ သိမှတ်မိအောင် မိခင်ဖြစ်သူက လာပြောတာပါ သား"

အံကိုကြိတ်၍ တံတွေးမျိုချလိုက်မိ၏။

"ခမည်းတော်၊ မယ်တော်၊ သားတော် အစရှိသော ရာဇအဆောင်အယောင် အခေါ်အဝေါ် အသုံးအနှုန်းများမဟုတ်၊ သားဟူသောအခေါ်၊ မယ်မယ်ဟူသောအသုံး၊ ဤစကားလုံးများသည် ရိုးစင်းလွန်းစွာဖြင့် ထူးခြားသော ခွန်အားများကို ဆောင်နေကြ၏။

"နားထောင်ကြည့်ပါဦး သား . . . ပုံဝတ္ထုမဟုတ်တဲ့ တကယ့်အဖြစ်အပျက်လေးတစ်ခုကို သား နားဆင်လိုက်စမ်းပါ။ တစ်ခါက မိန်းမသူတစ်ဦးမှာ သန္ဓေတည်ခဲ့သတဲ့၊ ရင်သွေးကို ဝမ်းကြာတိုက်မှာ လွယ်ထားရတဲ့ ဒီမိခင်မှာ ဒီသန္ဓေကို ရတယ်ဆိုရင်ပဲ ထူးဆန်းတဲ့ချဉ်ခြင်းတစ်ခု ဖြစ်ပေါ်ခဲ့သတဲ့ သား"

မပြောပါနဲ့ဟု အော်လိုက်မိသောအသံသည် ရင်ထဲမှာပင် ပျောက်ဆုံးသွားလေသည်။

"အဲဒီ ထူးဆန်းတဲ့ချဉ်ခြင်းက ဘာလဲဆိုတော့ မိခင်လောင်းဟာ သူ့ခင်ပွန်းဖြစ်သူရဲ့ လက်ျာလက်မောင်းသွေးကိုမှ သောက်မျိုချင်တဲ့ဆန္ဒပဲ ဖြစ်ပါတယ်၊ မိမိခင်ပွန်းရဲ့ လက်မောင်းသွေးကို သောက်ချင်သောဆန္ဒဆိုတော့ မိခင်လောင်းဟာ ဘယ်မှာထုတ်ဖော်ပြောဝံ့ပါ့မလဲ သားရယ် . . . ဒါဟာ အင်မတန်ထူးဆန်းသလောက် ကြမ်းကြုတ်တဲ့ချဉ်ခြင်း မဟုတ်လား"

ဆက်မပြောပါနဲ့ . . . နှုတ်မှမထွက်သောအသံ။

"ဒါကြောင့် ဒီဆန္ဒချဉ်ခြင်းကို ဘယ်သူ့မှ ထုတ်မပြောဘဲ နေလာခဲ့ရာမှာ ပဋိသန္ဓေ တဖြည်းဖြည်း ရင့်လာသည်နဲ့အမျှ ဆန္ဒချဉ်ခြင်းကလည်း ပိုပြီးတိုးပွားလာလေတော့ မိခင်လောင်းမှာ ကြုံလှီညှိုးနွမ်းလာခဲ့တော့တယ်"

မယ်တော်ကြီးအသံမှာ တည်ငြိမ်လျက်ရှိလေသည်။

"ဇနီးဖြစ်သူ အဲဒီလို တစ်နေ့တခြား ရုပ်ဆင်းကြုံလှီခြောက်သွေ့လာတာတွေ့တော့ ခင်ပွန်းဖြစ်သူကလည်း အကြောင်းရင်းကို မေးတော့တာပေါ့။



www.foreverspace.com.mm

www.foreverspace.com.mm



မိခင်လောင်းက မမေးပါနဲ့၊ ဒါကို မမေးပါနဲ့လို့သာ တွင်တွင်ငြင်းခဲ့တယ်၊ ဒါပေမဲ့ နည်းအမျိုးမျိုးနဲ့ မဖြေဖြေအောင် မေးလာတဲ့အတွက် ဇနီးဖြစ်သူကလည်း ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့ သူ့ချဉ်ခြင်းဆန္ဒကို ထုတ်ဖော်ပြောလိုက်ရသတဲ့ သား"

မယ်တော့်အသံ တည်ငြိမ်မှု လျော့လာသည်။

"ဒီအခါမှာ ခင်ပွန်းက ကြီးစွာသော ချစ်ခြင်းသနားခြင်းများနဲ့ ဒါများ ဝန်လေးစရာလားကွယ်၊ ဒီချဉ်ခြင်းကို ထိန်ချန် လျှို့ဝှက်ထားရင်းနဲ့ မင်းကိုယ် မင်းရော ရင်ထဲက သန္ဓေသားကိုပါ အထိခိုက်ခံရမှာလားလို့ ဆိုပြီးတော့"

မယ်တော်၏ အားယူသက်ပြင်းရှိုက်သံကို ကြားလိုက်ရ၏။

"ဆေးဆရာတစ်ယောက်ကို ခေါ်ပြီး သူ့လက်ရုံးကို ဖောက်ခိုင်း . . . သွေးကိုထုတ် ခွက်နဲ့ခံ ရေနဲ့ရောပြီးတော့ ဇနီး မိခင်လောင်းရဲ့ ချဉ်ခြင်းကို ဖြည့်စွမ်းခဲ့သတဲ့"

ဆက်နားမထောင်ရဲတော့သဖြင့် မယ်တော်ကြီးရှေ့မှောက်မှ တစ်ဟုန်ထိုး ထွက်ပြေးချင်လှသည်။ သို့သော် အဘယ်အရာတို့က ဖိစီးချုပ်နှောင်ထားကြသည်မသိ၊ တောင့်တင်းအေးစက်စွာဖြင့် မလှုပ်မရှားနိုင် ဖြစ်နေလေသည်။

"ဒီအခါကျမှ မိခင်လောင်းလည်း ကျန်းမာရွှင်လန်းလာခဲ့တယ်၊ ဒါပေမဲ့ ဒီသတင်းကို ကြားရတဲ့အခါ ဟူးရားပညာရှိတွေက နိမိတ်ဖတ်တွက်ချက်ကြတာပေါ့ကွယ်၊ သူတို့ နိမိတ်တွက်ချက်လာပုံက . . ."

မယ်တော်ကြီး အားယူကြိုးစားနေရလေပြီ။

"ဒီကိုယ်ဝန်ကနေ သားယောကျ်ားဖွားမြင်မယ်၊ ဒီသားဟာ သူ့ဖခင်ကို သတ်လိမ့်မယ်တဲ့၊ ကြောက်စရာကောင်းလိုက်တဲ့ ဟောချက်ပါပဲ သားရယ်၊ ဒီအခါမှာ မိခင်ဟာ ငါဖွားမြင်တဲ့သားဟာ သူ့ဖခင်ကိုသတ်မယ့် ရန်သူဆိုပါလားဆိုတဲ့ ကြောက်ရွံ့ထိတ်လန့်စိတ်နဲ့ မကြံကောင်းမစည်ကောင်းပြုမိခဲ့သတဲ့ သားရဲ့"

ဤအချိန်တွင် အဖြစ်ချင်ဆုံးအရာမှာ မိမိနားများ လုံးဝမကြားရသည်အထိ ပင်းသွားစေလိုသောဆန္ဒ ဖြစ်၏။ သို့သော် ယခုမူပင် နားအစုံ၏ သောတအာရုံက ပို၍ထက်မြက်နေကြသလား မသိ။ မယ်တော်ကြီး၏ အသံကို ပီသစွာ ပဲ့တင်မြည်စွာ ကြားနေရ၏။



www.foreverspace.com.mm



"ထိတ်လန့်စိုးရိမ်နေတဲ့ မိခင်ဟာ တိတ်တဆိတ် ဥယျာဉ်ကိုသွားပြီး၊ ကိုယ်ဝန်သားကိုချဖို့ ဝမ်းဗိုက်ကို နှိပ်နင်းစေတယ်၊ ဒါပေမယ့် ကိုယ်ဝန်သားဟာ ကျမသွားဘူးတဲ့ သားရယ် . . . ဒါကို ဖခင်ကြီးသိသွားတဲ့အခါမှာ သူ့ဇနီးကို အပြင်းအထန် ဆူပူတော့တာပေါ့၊ မလုပ်ကောင်းတဲ့အလုပ်၊ မကြံကောင်းတဲ့အရာ . . . ရင်ထဲက သန္ဓေသားကို ဖျက်ဆီးတယ်ဆိုတာ မိုက်မဲလှတဲ့ မေတ္တာကင်းတဲ့အလုပ်လို့ ကြိမ်းမောင်းသတဲ့ . . . တစ်ဆက်တည်းပဲ သူ့ဇနီးသည် ဒီလို ထပ်မကြံနိုင်အောင် အစောင့်အကြပ်တွေနဲ့ ထားသတဲ့၊ သူကိုယ်တိုင်လည်း မျက်စိအောက်က အပျောက်မခံတော့ဘူးပေါ့ သားရယ်"

တစ်ကိုယ်လုံး တုန်ယင်ကာ ချွေးသီးချွေးပေါက်များ ကျလာလေသည်။

"ဒီလိုနဲ့ပဲ ကိုးလလွယ် ဆယ်လဖွား သားယောကျ်ားကလေး ရလာတယ်ပေါ့ကွယ်၊ သားရဲ့ အူဝဲအသံလေးနဲ့ အပြစ်ကင်းတဲ့ မျက်နှာလေးကို ကြားလိုက် တွေ့လိုက်ရတယ်ဆိုရင်ပဲ ကိုယ်ဝန်သန္ဓေသားဘဝမှာ ထိတ်လန့်စိုးရိမ်စိတ်တွေနဲ့ မကြံကောင်း မစည်ရာပြုခဲ့မိတဲ့ မိခင်ကြီးဟာ သားရင်သွေးကို ချစ် ရှာလွန်းလို့တဲ့ . . . သားလေးမသိဘဲ သူမိုက်မှားခဲ့မိတာတွေကို သားလေး နားမလည်သေးပေမယ့် တဖွဖွ တောင်းပန်လိုက်တာတဲ့ . . . သားကိုလည်း ချစ်လိုက်တာတဲ့၊ သားပြုသမျှ နုပါတော့မယ်လို့လည်း ဝန်ခံကတိတွေ အထပ်ထပ် ပေးလိုက်တာတဲ့"

မယ်မယ့်စကားသံတွေက နိမ့်မြင့်ပြတ်တောက် ဖြစ်လာကြသည်။ ရှိုက်သံများဖြင့် စကားလုံးတွေ အဆက်ပြတ်လာသည်။

"ဖခင်ကြီးကတော့လား . . . သားလေးကို ပွေ့ယူပြီး မင့်မယ်မယ် ရူးရူးမိုက်မိုက်နဲ့ မကြံကောင်းမစည်ရာတွေ လုပ်ခဲ့သေးတာ . . . သားတော့ မသိရှာဘူး၊ ငါ့သားဟာ အာဂသားကွ၊ ဝမ်းကြာတိုက်ထဲကနေတောင် ငါ့လက်ရုံး သွေးကို သောက်ပြခဲ့တဲ့သားဆိုပြီး . . ."

မယ်တော်ကြီး ငိုကြွေးလေပြီ၊ သို့သော် ငိုရှိုက်သံ ဗလုံးဗထွေးဖြင့်ပင် အမိအရ ဆက်ပြောနေတော့သည်။

"သူ့သားကို ချစ်လိုက်ရှာတာများကွယ် . . . တကယ်တော့ အဲဒီ သားလေးရဲ့အသက်ဟာ သူပေးတဲ့အသက်ပါပဲ၊ အဲဒီသားလေး လောကကြီးထဲမှာ ရှင်သန်ခွင့်ရလာတာဟာ သူ့ကြောင့်ပါပဲ၊ အဲဒီသားလေး လူလားမြောက်

www.foreverspace.com.mm

ကြီးပြင်းခဲ့တာဟာလည်း သူ့ကြောင့်ပါပဲ၊ သူဟာ . . .”

နစ်သွားသောအသံကို ပင်ပန်းတကြီး ဆယ်ယူလျက် . . .

“ဖခင်သာဆိုပေမယ့် မိခင်တို့ရဲ့မေတ္တာနဲ့ပါ၊ သားအပေါ် ချစ်လွန်းအားကြီးရှာတဲ့ ဖခင်မျိုးပါပဲ၊ သား . . . ကမ္ဘာလောကမှာ ဘယ်ဖခင်မှ လိုက်မမီနိုင်အောင် သားဖြစ်သူအပေါ် ချစ်ခြင်း၊ ကြင်နာခြင်း၊ ထောက်ထားခြင်းများနဲ့ သူ့ရင်ထဲ ရှိရှိသမျှ မေတ္တာအားလုံးကို အကြွင်းမဲ့ ပုံပေးနိုင်ခဲ့တဲ့ အနှိုင်းမဲ့ဖခင်ကြီးပါပဲ သား . . .”

မိမိတစ်ကိုယ်လုံး မှုန့်မှုန့်ညက်ညက် ဖြစ်သွားပြီလား၊ သို့မဟုတ် အစိုင်အခဲ ဒြပ်တို့ အရည်အဖြစ် ပျော်ကျစီးဆင်းသွားပြီလားဟု ထင်လိုက်မိ၏။

တစ်ချိန်တည်းမှာပင် နားဝ၌ အမည်နာမတစ်ခုသည် မြည်ဟည်းပဲ့တင်ရိုက်လျက်ရှိ၏။ အဇာတသတ္တု၊ အဇာတသတ္တု၊ မမွေးဖွားမီကပင် အဖ၏ရန်သူဖြစ်သော သားအဇာတသတ္တု။

ရှိသမျှ အင်အားတို့ ချည့်နဲ့ပျက်ကြွေကာ ဝေဝါးမှုန်ရီလာသော မျက်ဝန်းအိမ်၏ မြင်ကွင်းထဲ၌မူ နန်းဆောင်ထဲမှ တစ်လှမ်းချင်း ထွက်ခွာသွားသော မယ်တော်ကြီးကို တွေ့လိုက်ရလေသည်။

❊ ❊ ❊

“ဘာ . . . အဲဒါဟာ မင်းမိဖုရားတို့ရဲ့ မဟာပရိယာယ်ပဲကွ . . . သိပ်ကြောက်စရာကောင်းတဲ့ သေနင်္ဂဗျူဟာကို သိပ်လှပတဲ့ နည်းဗျူဟာ တပ်ဆင်လာတဲ့ တိုက်ခိုက်မှုပဲ”

ဆရာအရှင်က သင်္ကန်းစကို ဝတ်ရုံလွှာလှုပ်ခါသလို ပြင်းထန်စွာ ခါရမ်းလိုက်ရင်း ဟိန်းဟောက်လေတော့သည်။

“မင်းကို သန္ဓေလွယ်ထားခဲ့တုန်းက ကိုယ်ဝန်သားကို ဖျက်ဆီးဖို့ သူ အကြိမ်ကြိမ် ကြိုးစားခဲ့တာ ကြည့်စမ်း . . . ဒါကို သူကိုယ်တိုင်ပဲ ပြောပြသွားတာ မဟုတ်လား၊ အားလုံးလည်း သိကြတာမဟုတ်ဘူး၊ သူ့သန္ဓေသားဖျက်တဲ့ ဥယျာဉ်တော်မှာ ကိုယ်ဝန်သားကို နှိပ်နင်းချရာ ဥယျာဉ်-မဒ္ဒကုစ္ဆိလို့ နာမည်





www.foreverspace.com.mm

တွင်ခဲ့သေးတာတော့၊ အလိုလေးလေး . . . ထောင်ချောက်ကွန်ယက်ထဲကို ဆင်းတော့မလို့လား မဂဓဘုရင်လေး . . .”

ဂယာသီသကျောင်းတိုက်မှ ရဟန်းများသည် ဆရာအရှင်၏ ကျယ်လောင်မြည်ဟည်းလှသော အသံကြောင့် ရပ်ကြည့်နေကြ၏။

“ဘာကြည့်နေကြတာလဲ . . . ကိုယ်လုပ်စရာရှိတာ သွားလုပ်ကြစမ်း”

ဆရာအရှင်က ငေါက်ငမ်းနှင်ထုတ်လိုက်သည်။

“တော်သေးတာပေါ့ကွယ် . . . မင့်မယ်တော်ကြီး ဒီလိုလာပြောသွားတာကို မင်းက ငဲ့ပြန်ပြီး လျှောက်တင်ဖို့ သတိရလို့သာပေါ့၊ အမယ်လေး . . . ဒါဟာ အလွန်လှပတဲ့ တိုက်ကွက်ကွ၊ မျက်ရည်တွေနဲ့ မင်းကို အရည်ပျော်ကျသွားအောင် လာလုပ်တာ၊ သက်ဦးဆံပိုင်အာဏာကို ဘယ်လိုမှ မတုံ့ပြန် ရင်မဆိုင်ရဲလေတော့ အတိတ်ဇာတ်ကြောင်းတွေကို ဖော်ထုတ်ပြီး အနုနည်းနဲ့ လာဖြိုဖျက်တာ”

“အတိတ်ဇာတ်ကြောင်းဟာ တကယ်ဖြစ်ခဲ့တာတော့ အမှန်ပါပဲ ဘုရား . . . ခမည်းတော်ကြီး လက်ရုံးသွေးကို ဖောက်ပေးခဲ့တာ ဆရာဇီဝက အကူအညီနဲ့ သွေးစက်ကို ရေနဲ့ရောပြီး မယ်တော်ကြီး သောက်ခဲ့တာ၊ ပြီးတော့ တပည့်တော်ရဲ့ အမည်နာမဟာလည်း အဇာတသတ္တုလို့ တွင်ခဲ့တာ”

“တော်စမ်းပါကွယ် . . . ကိုင်း . . တကယ်ဖြစ်ခဲ့တဲ့ ဒီအတိတ်ဖြစ်ရပ်ကိုပဲ မင်း ပြန်တွေးကြည့်လိုက်စမ်း၊ မင်းကို မျက်ရည်ခံလာထိုးတဲ့ မင့်မယ်တော်ကြီးဟာ မင်းကို သန္ဓေလွယ်ခဲ့စဉ်က ကိုယ်ဝန်သားကို နှိမ်နင်းဖို့ ကြိုးစားခဲ့တာတော့၊ အကြိမ်ကြိမ်ပြုခဲ့တာတော့၊ အမှန်တော့ မင်းကို မမွေးခင်ကတည်းက သတ်ပစ်ဖို့ လုပ်ခဲ့တဲ့ မယ်တော်ကြီးပဲ”

“ခမည်းတော်ကတော့ . . .”

“တိတ်စမ်း အဇာတသတ်”

ဆရာအရှင် ရှူးရှူးရှဲရှဲဖြစ်လာ၏။ ငေါက်ငမ်းလိုက်သော အသံအောက်တွင် တစ်ကိုယ်လုံး တုန်သွားလေသည်။

“ဒီအကြောင်းတွေပြောပြီး မင်း ခုလို တွေဝေယိမ်းယိုင်လာအောင် အဲဒီခမည်းတော်ကြီးကနေ မယ်တော်ကြီးကို သွန်သင်ညွှန်ပြ နည်းလမ်းပေး

www.foreverspace.com.mm

လိုက်တာပဲ၊ ဒါဟာ ပရိယာယ်ကျွ၊ ကြောက်စရာကောင်းတဲ့ သေနင်္ဂကို နည်း ပရိယာယ်လှလှလေးနဲ့ အယောင်ဆောင်ဖုံးလွှမ်းပြီး မင်းကို ထိုးနှက် စစ်ဆင် လိုက်တာပဲ၊ မှတ်ထား . . . မင်းက တွေဝေပြီး အကျဉ်းကျဘုရင်ကြီးကို လွှတ် ပေးလိုက်စမ်းပါလား၊ သူ့လက်ထဲက ထီးနန်းကို လွှတ်ပေးလိုက်ရတဲ့ ဗိမ္ဗိသာရ ဟာ သူ့ထီးနန်းကို ပြန်သိမ်းမှာပဲ၊ အေး . . . အဲဒီအခါမျာ မင်းက သူနေခဲ့တဲ့ ကြေးတိုက်ထဲ ရောက်သွားမှာပဲ၊ အေး . . . ကြေးတိုက်ထဲရောက်သွားရင် ကံကောင်းလှပြီမှတ်၊ အဖြစ်နိုင်ဆုံးကတော့ မင်း သန္ဓေသားဘဝမှာ လက်ရုံး သွေးကို ဖောက်ပေးခဲ့တယ်ဆိုတဲ့ မင့်ဖခင်ဟာ ထီးနန်းပြန်ရရင် မင့်လည်ချောင်း သွေးကို ပြန်သောက်မှာ မုချပဲ"

ယောင်ယမ်း၍ မိမိလည်ပင်းကို စမ်းမိသွား၏။

"ဒီမှာ မဂဓဘုရင်လေး . . . ခုလို ဘာကြောင့်ဖြစ်လာရသလဲ ဆိုတာ ငါ တစ်ထိုင်တည်း ဆန်းစစ်ကြည့်လိုက်တော့ . . ."

ဆရာအရှင်သည် ဦးပြည်းကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ထက် အောက် ပွတ်သပ်လိုက်၏။ ရိတ်သင်ခြင်းမပြုသည်မှာ ကြာပြီဖြစ်ချေသည်။ ဆရာအရှင်၏ ဦးပြည်း၌ ဆံစများ ကျိုးကျဲအငုတ်ထွက်နေလေသည်။

"အင်း . . . ဟုတ်ပြီ၊ အစီအမံမှာ ချွတ်ယွင်းချက်တစ်ခု ရှိနေတယ်၊ ကြေးတိုက်ထဲကို ဘယ်သူမှ အဝင်အထွက်မရှိရ၊ သို့သော် ဝေဒေဟီ တစ်ယောက် တော့ ဝင်ခွင့်ရနေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာအရှင်"

ဝေဒေဟီဟာ အကျဉ်းသားအတွက် စားကောင်းသောက်ဖွယ်တွေကို သယ်ဆောင်ပြီး ဝင်ထွက်နေလိမ့်မယ်၊ အာဟာရဖြစ်နေသမျှ ကာလပတ်လုံး အကျဉ်းသားဟာ ကျန်းမာသန်စွမ်းပြီး ဉာဏ်နီဉာဏ်နက်တွေ အကြံကောင်းတွေ ထွက်နေဦးမှာပဲ၊ ဒီတော့ . . . မင်းအမိန့်တော် ထပ်ပြီးထုတ်ဖို့ လိုမယ်"

"ဘယ်လိုပါလဲဘုရား"

"ပွဲတော်အုပ် မသွင်းရဆိုတဲ့ အမိန့်"

မိမိ၏ ငေးငိုင်နေမိခြင်းကို ဆရာအရှင် ကောင်းစွာ ရိပ်မိသွားပုံရ၏။

"အဇာတသတ် . . . ဒါဟာ အသက်ရှင်သန်ရေးနဲ့ ရာဇပလ္လင်ပိုင်စိုး ရေးနော်၊ မင်း မတွေဝေနဲ့၊ နောက်မဆုတ်နဲ့၊ ခြေလှမ်းမတွန့်နဲ့၊ မာယာပိုက်ကွန်





www.foreverspace.com.mm

ထဲ အမိမခံနဲ့၊ မင်း တစ်ချက်တွေဝေတုံ့ဆိုင်းသွားတဲ့ အချိန်မှာပဲ မင်းဟာ. . ."

ဆရာအရှင် စကားဖြင့်ဆက်မပြော။ သူ၏လည်မျိုကို လက်ချောင်း များဖြင့် တန့်လန့်ဖြတ်၍ လှီးဟန်ပြုပြလေသည်။

"တွေ့တယ်မဟုတ်လား၊ အေး . . . ဒါပဲ၊ နောင်ကိုလည်း အရေးထူး တိုင်း ထူးတိုင်း ငါ့ကို လာပြီးလျှောက်တင်၊ ဒါကို မမေ့နဲ့၊ ထီးနန်းစည်းစိမ် ခံစား စံစားဖို့ မင်း အသက်ရှင်ချင်သေးရင် မင်းနဲ့ငါ ဆရာတပည့်နှစ်ဦး ပိုပြီး သွေးစည်းကြရမယ်၊ နားလည်လား"

ဂယာသီသကျောင်းတိုက်မှ အပြန် လှေကားထိပ်အထိ ဆရာအရှင် လိုက်ပို့သည်။ မြင်းရထားပေါ် တက်ခါနီးတွင် ဆရာအရှင် ထပ်မံ၍ သတိပေး စကားကို ဟစ်ဆိုလေသည်။

"အမိန့်တော်သစ် ထပ်ထုတ်လိုက်ပေ့ . . . မဂဓဘုရင်လေး"

* * *

ကျက်သရေမရှိသော ကြေးတိုက်မှူးကို မမြင်မတွေ့ချင်သဖြင့် ကြေး တိုက်အခြေအနေများကို သတင်းပို့လျှောက်ထားရန်တာဝန်ကို လက်ထောက် ပါးကွက်မှူးအား လွှဲပြောင်းပေးထားခဲ့သည်၊

ပါးကွက်မှူးသည် မျက်နှာကြီးကို ငိုက်စိုက်ချ၊ သူ၏ တုတ်ခိုင်သော လက်ချောင်းများကို ပူးကပ် လက်အုပ်ချီလျက် ရှိနေ၏။ ထို့နောက် တွဲရှုရှုအသံ ကြီးဖြင့် လျှောက်တင်လေသည်။

"ခမည်းတော်ကြီးဟာ . . ."

"ဘာပြောတယ် . . . ဘယ်လိုခေါ်လိုက်တာလဲ"

ခပ်ထန်ထန် ငေါက်လိုက်၏။ ခမည်းတော်ကြီး မင်းတရားကြီးဟူသော အခေါ်အဝေါ်ကို မသုံးဖို့ "အကျဉ်းသား"ဟု သုံးဖို့ အမိန့်ထုတ်ထားပြီး ဖြစ်၏။

"မှန်ပါ၊ အဲဒီ . . . အကျဉ်းသားဟာ ကျန်းမာသန်စွမ်းနေဆဲ ရှိကြောင်းပါ ဘုရင်မင်းမြတ်"

"ဘာဖြစ်လို့ ကျန်းမာသန်စွမ်းနေဆဲ ရှိရတာလဲ။ ပွဲတော်အုပ် မသွင်းရ ဘူးလို့ ငါ အမိန့်ထုတ်ထားတာပဲ၊ မင်းတို့ ကြပ်ကြပ်မတ်မတ် မစစ်ဆေးကြ ဘူးလား"

www.foreverspace.com.mm

“ကျွန်တော်မျိုးတို့ အစွမ်းကုန် အမှုထမ်းကြပါတယ် အရှင်၊ ပွဲတော်အုပ် ပွဲတော်ခွက် ဘာတစ်ခုမှ မယူစေရပါဘူး၊ ဒါပေမဲ့ မယ်တော်ကြီးဟာ. . .”

“ဘာပြောလိုက်တယ်”

မယ်တော်ကြီးဟုလည်း မသုံးရဟု တားမြစ် ထုတ်ပြန်ထားပြီးဖြစ်၏။ ခမည်းတော် မယ်တော်ဟူသော အသုံးအနှုန်းများဝယ် တွေဝေ ယိမ်းယိုင်စေသော အခေါ်အဝေါ်များဖြစ်ကြောင်း၊ ယခုအခါတွင် အကျဉ်းသားဟု လည်းကောင်း၊ မိဖုရားကြီးဟုလည်းကောင်း ပြောင်းလဲခေါ်ဝေါ်ကြရန် ဆရာအရှင်က ညွှန်ကြားထားပြီးဖြစ်လေသည်။

“မိ . . . မိဖုရားကြီးဟာ ဆံထုံးထဲမှာ စားစရာများကို ထည့်သွင်းပြီး ယူဆောင်ပါတယ် အရှင်၊ ပွဲတော်အုပ်၊ ပွဲတော်ခွက် မဟုတ်တဲ့အတွက် ကျွန်တော်မျိုးတို့လည်း မတားသာပါဘူး”

ဖျဉ်းခနဲဖြစ်သွား၏။ အမိန့်တော်ကို ရှောင်လွှဲလျက် လက်တစ်လုံးခြား လှည့်စားနေရသည့် လုပ်ရပ်ဟု သဘောပေါက်သွားသောကြောင့် ဖြစ်သည်။

ဤမျှလောက်ကိုတော့ ဆရာအရှင်ထံမှ နည်းလမ်းသြဝါဒ တောင်းခံနေစရာ မလို၊ မိမိဘာသာ ဆုံးဖြတ်နိုင်ရမည်ဟု တွေးကာ . . .

“အကျဉ်းသားဆီကို ဝင်တဲ့ မိဖုရားကြီးဟာ ဒီနေ့ကစပြီး ဆံထုံး မထုံးရ၊ ဆံပင်ကို ဖားလျားချဝင်ရမယ်လို့ ငါ့အမိန့်ထုတ်လိုက်တယ်၊ ကြားလား”

“နာ . . . နာခံလျက်ပါ အရှင်”

“မျက်တောင် တစ်ခတ်စာတောင် အလစ်မပေးနဲ့၊ အမိန့်တော်အတိုင်း မလိုက်နာရင် ငါ့ကို ချက်ချင်း လာသံတော်ဦးတင်၊ ကြားလား . . . သွားတော့”

ကိုယ့်ကိုယ်ကို အားရကျေနပ်သွား၏။ ရာဇအာဏာသည် တစ်နေ့တခြား မိမိနှင့် အသားကျလာပြီဟုလည်း နားလည်လာ၏။ ထို့နောက် စိတ်ကူးတစ်ခုရသဖြင့် နားခံတော်အမတ်ကို ခေါ်ယူလိုက်သည်။

“ဂယာသီသကို သွားစမ်း၊ . . . ဆရာအရှင်ကို ငါ့ကိုယ်စား လျှောက်ထားစမ်း၊ လျှောက်ထားရမှာက ကြေးတိုက်ထဲက အကျဉ်းသားဆီ ဝင်နေတဲ့ မိဖုရားကြီးကို ပိုမိုတင်းကြပ်တဲ့ အမိန့်တော်များနဲ့ ကြပ်မတ်ကိုင်တွယ်နေပါပြီ





www.foreverspace.com.mm

လို့ . . . ပြီးတော့ . . အဲ . . .”

အကောင်းဆုံးစကားလုံးများကို ရွေးသီစဉ်းစားလိုက်၏။

“ပြီးတော့ . . . ဆက်လျှောက်ထားရမှာက ကြေးတိုက်အကျဉ်းသားနဲ့ ပတ်သက်ပြီး အထူးတလည် ကြပ်မတ်ဆောင်ရွက်နေတဲ့အတွက် ဆရာအရှင်ထံ အဖူးမြော် မဝင်နိုင်ခြင်း ဖြစ်ပါတယ်လို့ . . . ပြီးတော့ နန်းတော်ထဲမှာ ဘုရင်တစ်ပါးအနေနဲ့ အချိန်ပြည့် စံမြန်းပြီး တိုင်းရေးပြည်မှု အစုစုကို စီမံအုပ်စိုးနေရလို့ ဂယာသီသ ကျောင်းတိုက်ကို ရက်ခြားလောက်ပဲ အဖူးအမြော်ဝင်နိုင်တော့မှာ ဖြစ်ပါတယ်လို့ . . . မှတ်မိရဲ့လား၊ ဟော့ . . . ငါပြောတာတွေ ပြန်တင်စမ်း”

မင်း၏ နှုတ်ထွက်စကားတို့ကို အတိအကျ မှတ်သားပြန်ကြားဖို့ အလုပ်၌ ကျွမ်းကျင်ပြီးဖြစ်သော နားခံတော်အမတ်က တစ်လုံးချင်း ပြန်ရွတ်ပြသည်။ ကျေနပ်အားရစွာဖြင့် တအင်းအင်း နားဆင်နေလိုက်၏။

“ကောင်းတယ် . . . အဲဒီအတိုင်း တစ်လုံးတစ်ပါဒမှ မယွင်းစေနဲ့၊ အခုချက်ချင်းသွား၊ ဪ . . . ဟော့ . . . နေဦး၊ မင်းရဲ့ မှတ်ဉာဏ်နဲ့ ကျွမ်းကျင်မှုအတွက် ရော့ . . . ဆုလာဘ်”

ပုလဲသွယ်တစ်ကုံး ပစ်ပေးလိုက်သည်။ နားခံတော်အမတ်သည် ဝမ်းသာအားရ ကောက်ယူကာ လက်အုပ်ချီ နောက်ဆုတ်လျက် နန်းတော်ထဲမှ ထွက်သွားလေသည်၊

ယခုမှ တကယ် ဘုရင်မင်းမြတ်အစစ် ဖြစ်လာပြီဟု ကျေနပ်စွာ တွေးသည်၊ ကြားနာစစ်ဆေးခြင်း၊ အမိန့်တော် ထုတ်ပြန်ခြင်း၊ ခိုင်းစေခြင်း၊ ဆုလာဘ်ချီးမြှင့်ခြင်း ဒါတွေသည် ဘုရင်တစ်ပါး လုပ်ရမည့် အလုပ်တွေပင် မဟုတ်လား။

အကြောင်းကိစ္စကြီးငယ်ရှိလေတိုင်း ဂယာသီသသို့ ပြေး၊ ဆရာအရှင်ထံမှောက် ဝင်၊ မြင်သမျှကို လျှောက်တင်၊ ဆရာအရှင် ဝေါက်ငမ်းသည်ဆိုလျှင်လည်း မျက်စိသူငယ်ဖြင့် နာခံ၊ ပြီးတော့ ဆရာအရှင် နည်းပေးလမ်းညွှန်လုပ်သည်များအတိုင်း အမိန့်တွေထုတ် . . .

“ငါဟာ မဂဓဘုရင်၊ သူငယ်နှပ်စား မင်းသားလေးမဟုတ်တော့ဘူး၊ အခု ဒါမျိုးတွေ လုပ်စရာမလိုတော့ဘူး၊ ငါ့ဆုံးဖြတ်ချက်၊ ငါ့အမိန့်၊ ငါ့ရာဇအာဏာနဲ့ ငါ လုပ်လို့ရနေပြီပဲ၊ ဆရာအရှင်ဟာလည်း ငါ့ကို ဒီလိုပဲ မြင်ချင်

www.foreverspace.com.mm

တာ၊ အင်း . . . မဂဓထီးနန်းသခင် သက်ဦးဆံပိုင် အာဏာရှင်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာကို ငါ့အစွမ်းအစနဲ့ ပြရသေးတာပ၊ ကိုယ့်ကိုယ်ကို ကောင်းချီးပေးရင်း ခွန်အားသစ်များဖြင့် ပြည့်ဖြိုးထွားကျိုင်းလာသည်ဟု ခံစားနေရလေသည်။

❈ ❈ ❈

"ဖားလျားချထားတဲ့ ဆံပင်မှာ စတုမဓူတွေ သုတ်လိမ်းလာတယ် . . . ဟုတ်လား၊ ပြီးတော့မှ ကြေးတိုက်ထဲမှာ ဆံပင်က စတုမဓူတွေကို ခြစ်ခွာပြီး အကျဉ်းသားကို ကျွေးသတဲ့လား၊ ကောင်းပြီ . . . အမိန့်တော်ကို ကပ်ပြီး လှည့်စား အခွင့်အရေးယူနေတာပဲ၊ ကြေးတိုက်ဝတံခါးမှာ မိဖုရားကြီးကို မင်းတို့ အသေအချာစစ်၊ သူ့ဆံပင်မှာ စတုမဓူနဲ့ တခြားအာဟာရတွေ သုတ်လိမ်းလာရင် လုံးဝ ဝင်ခွင့်မပေးနဲ့၊ ဘုရင့်အမိန့်တော်နဲ့ ပြန်နှင်ထုတ်လိုက်၊ အေး . . . ပေါ့ပေါ့လျော့လျော့လုပ်ကြရင်တော့ မင်းတို့ ကြေးတိုက်ပါးကွက်မှူးတွေ အာဏာသားတွေအားလုံးရဲ့ အူအသည်းတွေ ကျီးစာခွေးစာ ဖြစ်ပြီသာမှတ်"

ကြောက်ရွံ့နေသော မျက်နှာများနှင့် တုန်ရီနေသော လက်အုပ်များကို ကြည့်ရတာ အရသာရှိလှ၏။ အဇာတသတ္တုဘုရင်၏ ရုပ်လုံးသည် ယခုမှပင် ထင်ရှားပီသလာပေပြီ။ ရာဇအာဏာ၏ ခါးသက်သက် ချိုမြိန်မှုကို ခံတွင်းတွေ့လာပြီ။

ဘာတဲ့ . . . ဒါ နောက်တစ်မျိုးလား၊ ကိုယ်ခန္ဓာမှာ ပျားရည် ထောပတ်တွေ သုတ်လိမ်းပြီး ကြေးတိုက်ထဲ ဝင်ပြန်ပြီတဲ့လား၊ သြ . . . သြ . . . ဒါကြောင့်အကျဉ်းသားဟာ အစာအာဟာရဖြစ်ပြီး ကျန်းကျန်းမာမာ ရှိနေတာကိုး၊ ဒါဟာ အကျဉ်းသား အင်အားဆုတ်ယုတ်ပြီး အမှည့်ကြွေကြွေအောင် ငါ စီစဉ်ထားတာကို ဆန့်ကျင်ပုန်ကန်လိုက်တာပဲ၊ ဘုရင့်အမိန့်ကို ဖီဆန်တာပဲ၊ မယ်တော်ဆိုတဲ့ အနေအထားနဲ့ အကာအကွယ်ယူပြီး ငါ့အာဏာကို မထီမဲ့မြင် ပြုနေတာပဲ၊ ဒီမှာ ဟေ့ . . . သံတော်ဆင့်မှူး၊ လာစမ်း"

နန်းတွင်းအမှုတော်ထမ်းများအားလုံး ပျာယာခတ်သွားကြသည်။ ရာဇမာန်ဒေါသ၏ ပြင်းထန်သော ပေါက်ကွဲမှုကို သင်တို့ ဖိန့်ဖိန့်တုန်စေအံ့။





www.foreverspace.com.mm

"မိဖုရားကြီး ယနေ့ကစပြီး ကြေးတိုက်ထဲ လုံးဝမဝင်ရ။ အကျဉ်းသားနဲ့ လုံးဝ အဆက်အသွယ်မပြုရ။ အဆက်အသွယ်ပြုဖို့ ကြိုးစားသူမှန်သမျှ မိဖုရားကြီးမှ အစပြု၍ မည်သူမဆို ရာဇဝတ်သင့်စေ . . . အဲဒီအမိန့်တော်ကို တစ်ချက်လွှတ်အာဏာနဲ့ တရားသဘင်ခန်းဆောင်ကနေ ထုတ်ပြန်လိုက်စမ်း"

နေ့လယ် ပွဲတော်စာ မစားခင်၌ စပျစ်သေရည်ကို အတော်များများ သောက်ချလိုက်၏။ သေရည်ကုန်သွားသော ရွှေခွက်ကိုလည်း ရွှေရေးမှန်စီ နံရံသို့ ပစ်ပေါက်လိုက်လေသည်။

❈ ❈ ❈

ဂယာသီသကျောင်းတိုက်သို့ မရောက်နိုင်ခဲ့သည်မှာ ရက်သတ္တ သုံးပတ်ခန့်ပင် ရှိခဲ့ပြီဖြစ်၏။ ဤရက်များအတွင်း ဆရာအရှင်လည်း နန်းတော်သို့ ကြွမလာခဲ့။ သံတော်ဆင့်အမတ်မှတစ်ဆင့်သာ ဆက်သွယ်ခဲ့ရ၏။ သို့သော် သံတော်ဆင့်၏ လျှောက်တင်သတင်းပို့ချက်အရ ဂယာသီသသို့ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကျောင်းတိုက်ကြီးမှာ အရှင်ဒေဝဒတ်ရဲ့ ရဟန်းသံဃာတွေ တစ်နေ့တခြား လျော့ပါး ဆုတ်ယုတ်နေပါတယ် ဘုရင်မင်းမြတ်"

သတင်းပို့ချက်ကို ကြားရသောအခါ အံ့သြခြင်းနှင့်အတူ စိတ်မကောင်းဖြစ်သွားမိ၏။ မိမိကိုယ်တိုင် မသွားရောက်နိုင်သော်လည်း ဆွမ်းအုပ်ငါးရာကိုမူ နေ့စဉ် ပို့ခိုင်းမြဲ ဝတ်မပျက်ရှိခဲ့သည်။ အခြားသော လာဘ်လာဘ အပူအဇော်တို့ကိုလည်း မချို့တဲ့စေရအောင် ဂရုစိုက်ခဲ့သည်။

ဘုရင်သစ်တစ်ပါးအနေဖြင့် ရာဇဂြိုဟ်နန်းတော်နှင့် မဂဓတိုင်းရေးပြည်ရာများကို ကြပ်မတ်အုပ်ချုပ် စီမံနေရ၍ ဥပရာဇ ဘဝတုန်းကလို အဖူးအမြော် မဝင်ရောက်သည်ကို ခွင့်လွှတ်ပါရန် ဆရာအရှင်အား သံတော်ဆင့်မှ တစ်ဆင့် ခွင့်ပန်ခဲ့ပြီး ဖြစ်သည်။ ဆရာအရှင်ကလည်း 'ငါ့တို့ချင်း အဆက်အသွယ်မပြတ်၊ တိုင်ပင်နှီးနှောနေမိဖို့က အရေးကြီးသည်၊ ငယ်ရွယ်နုပျိုသော ဘုရင်သစ်အနေဖြင့် နန်းတော်မှာ အချိန်ပြည့်ရှိနေဖို့သာ အရေးကြီးသည်။ အဖူးအမြော် မဝင်နိုင်သည်ကို ငါ အပြစ်မယူ' ဟု အကြောင်းပြန်ခဲ့လေသည်။

www.foreverspace.com.mm

ယခု ဂယာသီသည် ဆရာအရှင်၏ တပည့်ရဟန်းများ လျှော့ပါး ဆုတ်ယုတ်နေသည်ဟု ကြားရသောသတင်းမှာ စိတ်မသက်သာစရာပင်ဖြစ်၏။ ထို့ကြောင့် ညနေခင်းအချိန်တွင် ဆရာအရှင်ထံသွားရန် အစီအစဉ်လုပ်ခိုင်းလိုက်သည်။

"ဘာကြောင့် ဂယာသီသကျောင်းတိုက်မှာ ရဟန်းတွေ လျှော့ပါးသွားရသလဲ . . . အရင်တုန်းက ဆိုရင် ဝေဠုဝန်ကျောင်းတိုက်က ရဟန်းတချို့တောင်မှ ငါ့ဆရာအရှင်ဆီ ကူးပြောင်းခိုလှုံခဲ့ကြသေးတာပဲ၊ မင်း ဘယ်လိုထင်သလဲ"

အမတ်တစ်ယောက်ကို မေးကြည့်လိုက်သည်။

"ကျွန်တော်မျိုး မထင်တတ်ပါ ဘုရင်မင်းမြတ်"

အမတ်၏အဖြေစကားမှာ တုံးတိတိနိုင်လှသည်။

"ငါ ဥပရာဇာဘဝတုန်းကတည်းက ဂယာသီသကို အလျှံပယ်ကြွယ်ဝအောင် လုပ်ကျွေးခဲ့တယ်၊ အခု ဘုရင်ကိုးကွယ်တဲ့ကျောင်းတိုက် ဖြစ်နေပြီဆိုတော့ ပိုပြီး ကြီးကျယ်ရမှာပေါ့၊ ဆရာအရှင်မှာလည်း တပည့်နောက်လိုက်တွေ ပိုပြီး များလာရမှာပေါ့၊ အခုဟာ ဘယ်လိုဖြစ်ရတာလဲ"

အခြားအမတ်တစ်ဦးကို မေးကြည့်လိုက်၏။

"ကျွန်တော်မျိုးတို့လည်း နားမလည်တတ်ပါ ဘုရင်မင်းမြတ်"

"ဝေဠုဝန်ကျောင်းတိုက်နေရာဟာ အရင်က ရှဉ့်နက်တွေ ကျက်စားမြူးထူးတဲ့နေရာတဲ့ . . . ဂယာသီသအရပ်ကတော့ အဆိပ်ပြင်းတဲ့ မြွေကြီးတွေ နေထိုင်ခဲ့ဖူးတယ်လို့ ဆိုတယ်၊ အဲဒီမြွေတွေကြောင့်များ ရဟန်းတွေ မနေရဲလို့လား မသိဘူး . . . မဟုတ်ဘူးလားဟေ့"

အမတ်များ၊ နားခံတော်များ၊ သက်တော်စောင့် ရဲမက်ဗိုလ်မင်းများထံမှ မည်သည့်အဖြေစကားမျှ ထွက်ပေါ်မလာ။ တိတ်ဆိတ် ဆွံ့အ,နေသော မျက်နှာသေများကိုသာ တွေ့နေရ၏။

"သွားစမ်း . . . သွားကြစမ်း၊ မင်းတို့ဦးနှောက်ထဲမှာ ဇလာဟင်းလင်းပဲ၊ ခေါင်းပွသစ်ဆွေးတွေပဲ၊ ဟေ့ . . . ရွှေတိုက်ဝန် လာစမ်း"

ရွှေတိုက်ဝန် ရှေ့သို့ ခစားလာ၏။ သူလည်း ကတုန်ကယင်ဖြစ်နေသည်။





www.foreverspace.com.mm

"လစာရိက္ခာစားပြီး မိမိဘုရင်မင်းမြတ်ကို ဘာတစ်ခုမှ တင်လျှောက်စရာမရှိတဲ့ ဒီအမတ်တွေအားလုံး အရာက ပယ်နုတ်လိုက်၊ ရွှေတိုက်စာရင်းမှာ အားလုံး အစားထိုးပြီး အသစ်ပြန်ခန့်"

အမိန့်တော်ထုတ်ပြန်လိုက်သည့်တိုင် ဒေါသအရှိန်မှာ မပြေသေး။ ဆရာအရှင့်ထံသွားကာနီးမှ ယခုလိုဖြစ်ရသည့်အတွက်လည်း စိတ်ထင့်သွား၏။

ဘာတွေဖြစ်နေကြသနည်း၊ ရာဇပြာဟ်နန်းတော်မှာ ဆွံ့အ,ခြင်း ထိတ်လန့်ခြင်းတွေကိုချည်း တွေ့နေရသည်။ ဝိတ်ထားသော နှုတ်ပါးစပ်တွေနှင့် ကြောက်ရွံ့နေသော မျက်လုံးတွေချည်း တွေ့နေရသည်၊ ယန္တရားခလုတ် တပ်ဆင်ထားသော ရုပ်တုတွေဖြစ်နေကြသည်၊

"မြင်းရထား ပြင်လိုက် . . . ဆရာအရှင်ဆီ သွားမယ်"

မတွေ့ရတာကြာပြီဖြစ်သော ဆရာအရှင်နှင့် ယခုမှ ပိုပြီး တွေ့ချင်လာ၏။ ရထားမောင်းသမား၏ ကြာပွတ်ကို အားမရသဖြင့် ပေးစမ်းဟုဆိုကာ ကြာပွတ်ကိုယူပြီး တရွှမ်းရွှမ်း ရိုက်ချလိုက်မိလေသည်။

❊ ❊ ❊

ဂယာသီသသည် တကယ်ပင် ခြောက်ကပ်တိတ်ဆိတ်နေ၏။

ရဟန်းများမှာလည်း ဟိုနားတစ်စု၊ သည်နားတစ်စု ရှိနေကြသည်။ ပရဝုဏ်အတွင်းမှာလည်း အမှိုက်သရိုက်တွေ၊ သစ်ကိုင်းခြောက်တွေဖြင့် မတင့်မတယ်ဖြစ်နေသည်၊ တစ်နေရာတွင် ရေအိုးစင်ထက်၌ ရေအိုးတစ်လုံးမှာ ရေမရှိဘဲ စောင်းရွဲ့နေသည်။

ဆရာအရှင် ကိုယ်တိုင်သည်ကော . . .

စိတ်မသက်မသာဖြစ်ရလေသည်၊

ဆရာအရှင်၏ အသားအရေသည် ယခင်ကလို စိုပြည်ခြင်း မရှိ။ ခြောက်သွေ့ညိုမည်းနေ၏။ ရှုံ့ထားသော သက်နှစ်းစအကြားတွင် ပခုံးရိုးတို့ ငေါငေါထွက်ပေါ်နေ၏။ မျက်နှာမှာလည်း နားထင်ပါးရိုးများ ချောင်ကျကာ မောပန်းနွမ်းနယ်နေဟန် ရှိလေသည်။

ဦးပြည်းကိုပွတ်လျက် ဆရာအရှင်ဆို၏။

www.foreverspace.com.mm

"မင်း မြင်တဲ့အတိုင်းပဲ . . . ဂယာသီသ ကျောင်းတိုက်ကြီးဟာ ခြောက်သွေ့နေတယ်၊ ငါ့တပည့်ရဟန်းတွေလည်း နှစ်ပါးစု သုံးပါးစုလိုက်၊ တစ်ခါတစ်ရံ ဆယ်ပါး၊ ဆယ့်ငါးပါးအစုလိုက် ပျောက်ပျောက်သွားကြတယ်၊ နန်းတော်ကပို့တဲ့ဆွမ်းအုပ်တွေဟာ တစ်ခါတစ်ရံ စားမယ့်သူမရှိလို့ ပုပ်သိုးကုန်ကြတယ်၊ သင်္ကန်းတွေ ကမ္ဗလာခင်းတွေလည်း အသစ်ကျပ်ချွတ်အတိုင်းပဲ၊ ကျက်သရေတိုက်ခန်းထဲမှာ အပုံလိုက်ရှိနေကြတယ်"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဆရာအရှင် . . . အမှန်က တပည့်တော် မဂဓဘုရင်ဖြစ်လာတဲ့နောက်မှာ ဂယာသီသဟာ ဟိုတုန်းကထက်ပိုပြီး ကြီးကျယ်စည်ကားနေရမှာ မဟုတ်လား"

"အင်း . . . ဒီလိုဖြစ်နေတဲ့ကိစ္စရဲ့အဖြေကို ငါ တွေးထားပါတယ်"

ဆရာအရှင်၏ လေသံမှာလည်း ဖျော့တော့နေ၏။ ကျိုးကျဲဖြူဆွတ်နေသော ဆံငုတ်များကို ပွတ်သပ်နေသော လက်ချောင်းများ၊ လက်ဖမိုးများမှာလည်း ကြေးလို့နေကြသည်။

"ဆရာအရှင်ကော . . . သပ္ပါယ မျှတပါရဲ့လား"

"အင်း . . . ငါလား၊ အသက်ကြီးလာလို့ ထင်ပါရဲ့၊ ဆွမ်းစားလည်းပျက်တယ်၊ မဆိုစလောက် ကိုယ်လက်လှုပ်ရှားရုံနဲ့ မောဟိုက်နွမ်းနယ်နေတယ်"

"တပည့်တော်ရဲ့ နန်းတော်က ဘုရင့်သမားတော်တွေကို လွှတ်ပေးပါမယ် ဆရာအရှင်"

"ဘုရင့်သမားတော်တွေ ဟုတ်လား"

ဆရာ့အသံ မဆိုစလောက် လေသံပြင်းလာသည်။ ရီရီဝေဝေ မျက်လုံးအိမ်များအတွင်း၌ တစ်ချိန်က အမြဲလိုလို တွေ့ရတတ်သောအရောင် တစ်ချက်လက်သွားသည်ဟု ထင်ရ၏။

"မဂဓဘုရင်မင်းမြတ်"

အာလုပ်ပြု၍ ဆရာခေါ်လိုက်သော အသံသည်လည်း ချက်ချင်းပင် မာကျောလာ၏။ "မဂဓဘုရင်မင်းမြတ်" ဟူသော အသုံးအနှုန်းကြောင့် ဆရာ တစ်ခုခု ထူးခြားသောစကား ပြောတော့မည်ဟု နားလည်မိသည်၊

"အဲဒီ ဘုရင့်သမားတော်တွေက တစ်ယောက်အကြောင်းကိုပဲ ငါ ပြောမလို့ . . . ဂယာသီသမှာ ခုလို ရဟန်းတွေ လျော့သွားတာ ခြောက်သွေ့





www.foreverspace.com.mm

သွားတာဟာ ဘာကြောင့်လဲဆိုတာ ငါ စဉ်းစားကြည့်တော့ မင်းပြောလိုက်တဲ့ ဘုရင့်သမားတော်ဆိုတာကို တွေ့ထားတယ်"

"ဘယ်လိုပါလိမ့် ဆရာအရှင်"

"ဘုရင့်သမားတော်တစ်ယောက်ပဲ . . . ဒါပေမယ့် မင်း အခုလက်သုံးပြုနေတဲ့ သမားတော်တွေတော့ မဟုတ်ဘူး၊ ယခင်က ဘုရင့်သမားတော်၊ သူ့နာမည်က ဇီဝက"

ဇီဝက . . . မိမိမေ့လျော့နေသော အမည်နာမ၊ မိမိ အမှုမဲ့အမှတ်မဲ့ ထားခဲ့မိသော သမားတော် ဇီဝက။

"ဇီဝကဟာ ဗိမ္ဗိသာရရဲ့ လူယုံရင်းဆိုတာ မင်း သိပြီးသားနော်၊ မဂဓဘုရင် . . . သူဟာ သမားတော်ဆိုပေမယ့် ငါထင်တာတော့ သူဟာ ဆေးကုသတဲ့အလုပ်အပြင် တခြားအလုပ်တွေလည်း တိတ်တဆိတ်လှုပ်ရှားနေတယ်လို့ ငါထင်တယ်"

ဇီဝက၏ မျက်နှာကို မြင်ယောင်လိုက်မိ၏။ ရှင်းလင်းဖြောင့်စင်းသော နှုတ်ခမ်းမွေးစစ ကြံ့ခိုင်သောကိုယ်သဏ္ဌာန်။ အမြဲတစေ လေးနက်နေသော မျက်လုံးများ။ ထို့နောက် အမြဲလိုလိုပင် တွေ့ရတတ်သော မျက်နှာပေါ်မှ အပြုံး။ သွက်လက်ဖျတ်လတ်သော လှုပ်ရှားမှု၊

"ငါပြောမယ် . . . ဇီဝကဟာ ဆေးဆရာအဖြစ်နဲ့ နေရာတကာ ရောက်တဲ့သူပဲ၊ ပြီးတော့ သူဟာ ဝေဠုဝန်ကိုလည်း အမြဲ အဝင်အထွက်ရှိတယ်၊ သူ့ဆေးကလည်း စွမ်းတော့ သူ ကုသပေးလိုက်လို့ ပျောက်ကင်းသွားတဲ့လူနာတော်၊ လူနာရှင်တွေဟာ သူတို့ကို အသက်သခင်ကျေးဇူးရှင်အဖြစ် ကိုးကွယ်ကြည်ညိုကြတယ်။ ငါပြောချင်တာက ဇီဝကနောက်မှာ ပရိသတ်အများကြီးရှိတယ်"

ယခင့်ယခင်ကဆိုလျှင် ဆရာအရှင် ဤသို့သော စကားမျိုးပြောလာလျှင် အံ့ဩခြင်း၊ တုန်လှုပ်ခြင်းများဖြင့် တပည့်တော် ဘာလုပ်ရပါ့မလဲဘုရားဟု မေးမိမည်ဖြစ်၏၊ ယခုမူကား သွေးကြောများ ဖျဉ်းခနဲဖြစ်သွားပြီး ရာဇသွေး၊ ရာဇမာန်တို့သည် မြွေဟောက်တစ်ကောင်၏ ပါးပျဉ်းလို ချက်ချင်းပင် မာန်ဝင်လာ၏။

"ဆေးဆရာတစ်ယောက်ရဲ့ ပရိသတ်ဆိုတာ မှုလောက်စရာ မရှိပါ

www.foreverspace.com.mm

ဘူး ဆရာအရှင်၊ ဇီဝကကို သတိထားဖို့ ဆရာအရှင် တစ်ခါမိန့်ဆိုခဲ့ကတည်းက တပည့်တော် သူ့ကို လုံးဝအတွေ့မခံခဲ့ပါဘူး။ တလောကတော့ သူဟာ တပည့်တော်ထံ အခစားဝင်ခွင့်ရဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ တပည့်တော်က အမိန့်တော်နဲ့ တားမြစ်ပိတ်ပင်လိုက်ပါတယ်။ ဇီဝကဟာ လူနာတွေရဲ့ အသက်သခင်ကျေးဇူးရှင်သာ ဖြစ်ပါလိမ့်မယ်။ တိုင်းသားပြည်သူတွေရဲ့ သက်ဦးဆံပိုင်အာဏာရှင် မဟုတ်ပါဘူး"

မိမိ၏ ချက်ကျလက်ကျစကားများကြောင့် ဆရာအရှင်ပင် တုံ့ဆိုင်းအံ့အားသင့်သွားဟန် ရှိလေသည်။

မည်သို့ဆိုစေ ဆရာတပည့် ဆွေးနွေးမှုမှာ ရောက်စတုန်းကလို ခြောက်သွေ့မနေတော့ဘဲ စိတ်ဝင်စားဖွယ်တက်ကြွလာသည်ကတော့ အမှန်ဖြစ်၏။

"ဒါပေမဲ့ ဇီဝကကို သတိထား။ သူဟာ အဘယ မင်းသားကြီးရဲ့ မွေးစားသားအဖြစ် ကြီးပြင်းလာခဲ့ပေမယ့် ဆေးဆရာဖြစ်လာပြီးတဲ့နောက်မှာ ဗိမ္ဗိသာရဟာ သူ့ကို သားအရင်းနဲ့မခြား နေရာပေးခဲ့တယ်မဟုတ်လား . . . မင်းကြီးရဲ့ ပြင်းထန်တဲ့ရောဂါတစ်ခုကို ပျောက်ကင်းအောင် ကုသပေးခဲ့ပြီးနောက်မှာ ဇီဝကဟာ နန်းတော်ထဲမှာ တွင်ကျယ်လာတဲ့သူ မဟုတ်လား"

ငြင်းဖွယ်မရှိ။ ကိုယ်တိုင်ပင်လျှင် ဇီဝကကို ခုံညားလေးစားမိခဲ့သည်မှာ အမှန်ဖြစ်၏။ သမားတော်ဇီဝကသည် လေးစားလောက်သော ဥပမိလက္ခဏာနှင့် ပြည့်စုံသူလည်းဖြစ်၏။ သို့သော် အားကောင်းသောသူ ရန်သူဖြစ်လာလျှင် ပို၍ အန္တရာယ်ကြီးသည် မဟုတ်လား။

"ဒီမှာ အဇာတသတ်ရဲ့ . . ."

မဂဓဘုရင်ဟု ခေါ်နေရာမှ ဆရာအရှင် အခေါ် ပြောင်းသွားပြန်၏။ ပို၍ အရေးကြီးသောအချက်အလက်ကို ပြောတော့မည့်သဘောပင်။

"အဲဒါထက် ပိုအရေးကြီးတာက ဇီဝကဟာ ဝေဠုဝန်ကျောင်းတိုက်ကို အမြဲတမ်း အဝင်အထွက်ရှိနေခြင်းပဲ၊ ဗုဒ္ဓနဲ့ သာဝကရဟန်းကြီးတွေနဲ့ သူဟာ ပုဂ္ဂိုလ်ရေးအရကို ရင်းနှီးကျွမ်းဝင်ရှိတယ်။ ငါထင်နေတယ်။ ငါ့ရဲ့ ဂယာသီသမှာ သံဃာအား လျှော့နည်းသွားတာဟာ ဇီဝကရဲ့ သွေးထိုးမှုပဲလို့"

ဆရာအရှင်၏ အတွေးလမ်းကြောင်းတိုင်း လိုက်စဉ်းစားကြည့်သည်။





www.foreverspace.com.mm

ဆရာ တွေးဆပုံမှာ ဖြစ်နိုင်ကောင်းစရာ ရှိသော်လည်း ဆရာ့လေသံ ဆရာ့ဟန်ပန်မှာ ဟိုယခင်ကလို ပိုင်ပိုင်နိုင်နိုင်မရှိ၊ ဟိုယခင်ကလို ယုံကြည်မှုအပြည့်နှင့် ထက်သန်တက်ကြွစွာ ပြောချလိုက်သော အသွင်မျိုးမရှိ။

"ဇီဝကဟာ ဗိမ္ဗိသာရရဲ့လူ၊ ဗုဒ္ဓရဲ့သာဝက၊ ရာဇဂြိုဟ်ပြည်သားတွေ လိုလားသူဖြစ်နေတယ်၊ ဒါကြောင့် သမားတော်ဆိုပေမယ့် သူဟာ ဆေးကုတဲ့ အလုပ်နဲ့ အပြင်မှာ ထီးရေးနန်းရေးကိစ္စတွေအတွက်များ သူလျှိုတမန် လုပ်နေသေးလားလို့ သံသယဖြစ်မိတယ်"

သူလျှိုတမန်၊ ကြောက်စရာကောင်းသော ဝေါဟာရဖြစ်၏၊ သို့သော် သမားတော်ဇီဝက၏ ဥပမိနှင့် သူလျှိုတမန်အလုပ်ကို စိတ်ကူးထဲမှာပင် ဆက်စပ် စဉ်းစားမရ ဖြစ်နေသည်။

ဆရာအရှင်၏ တွေးခေါ်သုံးသပ်မှုကို ပထမဆုံးအကြိမ်ဟု သံသယဝင်မိခြင်းပင် ဖြစ်ချိမ့်မည်။ သို့တည်းမဟုတ် ဆရာ့အတွေးအခေါ်၏ စက်ဝန်းနယ်နိမိတ်ကို မိမိက ကျော်လွန်ထိုးဖောက် စဉ်းစားဖြစ်ခြင်းလည်း မည်ပေလိမ့်မည်။

"အကျဉ်းသားရဲ့ အခြေအနေကော"

မယ်တော် မိဘုရားကြီး၏ နည်းလမ်းအဆင့်ဆင့်အပေါ် မိမိ ကန့်သတ်ချုပ်ချယ်သော အမိန့်တော်များဖြင့် အဆင့်ဆင့် တားမြစ်ခဲ့ကြောင်း၊ နောက်ဆုံးတွင် မိဖုရားကြီးအနေဖြင့် ကြေးတိုက်တွင် လုံးဝ မဝင်ရဟု အမိန့်ထုတ်ပြီး ဖြစ်ကြောင်းနှင့် ယခုအခါ အကျဉ်းသားအား လုံးဝ အစာငတ် ရေငတ် အပြစ်ဒဏ်ကို ကျခံစေပြီဖြစ်ကြောင်း အကျဉ်းချုံး၍ လျှောက်တင်လိုက်သည်။

"အင်း . . . ကောင်းတယ်၊ ရာဇအာဏာကို ဘယ်လိုကိုင်တွယ်အသုံးပြုရမယ်ဆိုတာ မင်း သိလာပြီ၊ ဒီအတိုင်းဆိုရင် အကျဉ်းသားအတွက်ကတော့ စိတ်အေးရပြီ၊ အရေးကြီးတာက ဇီဝကပဲ"

"ဆရာအရှင်သာ ကျန်းခန့်အောင် နေတော်မူပါ၊ သမားတော် ဇီဝကကို တပည့်တော် ဆက်လက်ကိုင်တွယ်ပါ့မယ်"

ဂယာသီသမှအပြန်တွင် ရာဇဂြိုဟ်တစ်မြို့လုံး ဆီမီးရောင်များဖြင့် လင်းဖြာနေကြပေပြီ။ ညနေစောင်းမှစ၍ ဆွေးနွေးခဲ့ရာ ဤမျှ အချိန်လင့်သွားမည် မထင်ခဲ့။

www.foreverspace.com.mm

မီးရောင်တို့ လင်းနေသော ရာဇဂြိုဟ်မင်းလမ်းမအတိုင်း မြင်းရထား ပေါ်လိုက်ပါရင်း အတွေးပေါင်းဖြင့် ငြိမ်သက်နေမိ၏။ ထိုအတွေးများထဲတွင် သမားတော်ဇီဝကအကြောင်းကို အသေးစိတ် စုံစမ်းသိရှိနိုင်ရေးသည် အဓိက အကျဆုံး ဖြစ်နေသည်၊

သို့သော် ထိုထိုအတွေးများအားလုံးထက် ပို၍လတ်ဆတ်သော ခံစား မှုတစ်ခုကို သုံးသပ်မိသည်။ ယင်းကား အခြားမဟုတ်။

ဆရာအရှင်သည် ရုပ်အသွင် ကိုယ်ခန္ဓာအရ အားပျော့ ဆုတ်ယုတ် နေသည်နှင့်အမျှ တန်ခိုးသြဇာများလည်း လျော့ပါးနေပြီလားဟူသော အချက် ပင်ဖြစ်၏။ ဆရာ့အပေါ် ယခင်ကလို အလုံးစုံပုံ၍ အားကိုးအားထားစိတ်လည်း မိမိမှာ မရှိတော့ကြောင်း တွေ့လာ၏။ တစ်ဆက်တည်းပင် တွေ့လာရသည် ကား မိမိကိုယ်တိုင်သည်သာ ရာဇာမင်းတစ်ပါးအဖြစ် ပို၍ပို၍ ကြီးထွားအား ကောင်းနေပြီဟူသော ခံစားမှုဖြစ်သည်။

မိမိက မဂဓတစ်နိုင်ငံလုံးကို အုပ်စိုးကိုင်တွယ်နေချိန်တွင် ဆရာအရှင် မှုကား ဂယာသီသ ကျောင်းတိုက်တစ်ခုကိုသော်မှပင် နိုင်နိုင်နင်းနင်း မကိုင် တွယ်နိုင်သောအဖြစ်၊

ဆရာ့အတွက် စိတ်မကောင်းသော်လည်း ကိုယ်တိုင်အတွက်မူ ရာဇ အာဏာကို စားသုံးရင်း တစ်စထက်တစ်စ ကြီးထွားအားကောင်းလာသော ကြောင့် ကျေနပ်အားရခြင်း ဖြစ်မိလေသည်၊

ဂယာသီသကား ညဥ့်အမှောင်ထုထဲတွင် ကျန်ရစ်ခဲ့လေသည်။

❉ ❉ ❉

"အသက်တစ်ရာတမ်းကို ဒသက ဆယ်ခုစီ ပိုင်းခြားအပ်ပါတယ် ဘုရင်မင်းမြတ်"

အသံသြဇာဖြင့် ပြည့်စုံသလို ဥပမိရုပ်အားဖြင့်လည်း တည်ငြိမ်သော ထိုသူကို အကဲခတ်ကြည့်လိုက်၏၊ လူသားတွေရဲ့ အသက်ပိုင်းကို အရွယ်နဲ့ ဆန်းစစ်ပြီး ပြောစမ်းဟု အမိန့်ပေးလိုက်သည်တွင် ချက်ချင်း ဒေါက်ခနဲ ပြန်ဖြေ လိုက်သော သူ၏ တုံ့ပြန်ချက် လျှောက်တင်ချက်ကိုလည်း သဘောကျသွား၏။




www.foreverspace.com.mm

"အင်း . . . ဆက်ဆိုစမ်း ဝဿကာရ"

"မန္ဒဒသက . . . ဆယ်နှစ်အတွင်းမှာကို အသိဉာဏ်နုံ့သောအရွယ် လို့ ခေါ်ပါတယ်၊ ခိဍ္ဍာ ဒသက နှစ်ဆယ်အတွင်းက မြူးထူးပျော်ပါးတတ်သော အရွယ်ပါ၊ ဝဏ္ဏဒသက သုံးဆယ်အတွင်းက ရုပ်အဆင်းလှပတဲ့အရွယ်ပါ၊ ဗလ ဒသက လေးဆယ်အတွင်းက ခွန်အားပြည့်ဝသောအရွယ်ပါ၊ ပညာဒသက ငါးဆယ်အတွင်းက ဉာဏ်ပညာအားကြီးသောအရွယ်ပါ"

"သင့်အသက် ဘယ်လောက်ရှိပြီလဲ ဝဿကာရ"

"လေးဆယ့်ခြောက်နှစ်ပါ ဘုရင်မင်းမြတ်"

"ဒါဖြင့်ရင် သင်ဟာ ခွန်အားနဲ့ ဉာဏ်ပညာတို့ နှစ်ခုအားပြည့်နေဆဲ၊ ဗလဒသကနဲ့ ပညာဒသက အရွယ်နှစ်ပါး ကာလမှာ ရပ်တည်နေတာပေါ့ ဟုတ်လား"

"ဘုရင်မင်းမြတ် အလိုတော်ရှိလို့ ထုတ်နုတ်သုံးစွဲမယ်ဆိုရင် ကျွန်တော် မျိုးရဲ့ ဗလဒသကနဲ့ ပညာဒသကဟာ အသုံးဝင်လာပါလိမ့်မယ်"

လျှောက်တင်ချက် လိမ္မာပါးနပ်ပုံကို နှစ်မြို့က်သွားသည်၊

"အင်း . . . ဆက်စမ်းပါဦး၊ ငါးဆယ်တွင်းပြီးတော့ကော . . ."

"ခြောက်ဆယ်တွင်းက ဟာနိဒသက အင်အားလျော့သောအရွယ်၊ ခုနစ်ဆယ်တွင်း ပဗ္ဘာရဒသက ယိမ်းယိုင်လာသောအရွယ်၊ ရှစ်ဆယ်တွင်း ဝင်္က ဒသက ခန္ဓာကိုယ် ကုန်းကော့လာသောအရွယ်၊ ကိုးဆယ်တွင်းက မောမူဟ ဒသက မိန်းမောတွေဝေလာသောအရွယ်၊ တစ်ရာတွင်း သယနဒသက အိပ်ရာ ထဲ လဲလျောင်းရသောအရွယ်တို့ ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

တုတ်ခိုင်သောလည်ပင်း၊ ပြည့်ဖြိုးသောပခုံး၊ လက်အုပ်ချီလျက်ပင် ဖြောင့်မတ်သောကိုယ်ခန္ဓာနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေသော မျက်လုံးများကို အကဲခတ်ကြည့်လိုက်သည်၊

ဗြာဟ္မဏပုဏ္ဏားဝတ်စုံအဖြူသည် သူ့ကိုယ်ပေါ်၌ ချပ်ချပ်ယပ်ယပ် ရှိနေ၏။ အသားအနည်းငယ် ညိုသော်လည်း စိုပြည်၏၊ မိမိ လူအရွေးမှန်ပြီ ဟု ဆုံးဖြတ်လိုက်လေသည်။

အသက်တစ်ရာပိုင်းကို ဆယ်စုစီ ပိုင်းခြားလျက် ဒိုးဒိုးဒေါက်ဒေါက် အဖြေပေးသွားပုံမှာလည်း အထစ်အငေါ့မရှိ၊ မြင်းကောင်းပြေးသလို နိုင်နင်း

www.foreverspace.com.mm



ကျွမ်းကျင်ရှိ၏။

"ဝဿကာရ"

"နာခံလျက်ပါ ဘုရင်မင်းမြတ်"

"သင့်အသက် လေးဆယ့်ခြောက်နှစ် ဟုတ်လာ . . . ပညာနဲ့ ခွန်အား နှစ်ခုစလုံး တောက်ပလို့ကောင်းဆဲ အရွယ်ပေါ့၊ ဒီအရွယ်မှာ သင် ဘာကို မျှော်မှန်းသလဲ"

"ကျွန်တော်မျိုး ပညာနဲ့ခွန်အားကို ဖော်ထုတ်သုံးစွဲရင်းနဲ့ ပိုမိုကြီးကျယ် သောဘဝကို တက်လှမ်းဖို့ မျှော်မှန်းပါတယ် အရှင်"

"သင့်ဝတ်စုံဟာ ဖြူစင်သန့်ရှင်းနေပေမယ့် ဟောင်းနွမ်းနေတယ်"

"မားတစ်စင်းရဲ့ ထက်မြက်မှုဟာ အဲဒီဓားကို ဆုပ်ကိုင်အသုံးပြု ခုတ် ပိုင်းကြည့်မှသာ ပေါ်လွင်ပါတယ် အရှင်၊ ဓားကလည်း ဒီအခါမှာသာ အရောင် အဝါထွက်ပြီး တင့်တယ်လာပါတယ်"

"သင့်မျှော်မှန်းချက်ဖြစ်တဲ့ ပိုမိုကြီးကျယ်သောဘဝကို ဖန်တီးပေးမယ့် သူအပေါ် သင်ဘယ်လိုသဘောထားမလဲ"

"အဲဒီလို ဖန်တီးပေးမယ့်သူရဲ့ဘဝကိုလည်း ပိုမိုကြီးကျယ်အောင် ကျွန်တော်မျိုး လုပ်ပေးပါရမယ်၊ ဒါမှသာ ထိုသူရဲ့ဖန်တီးမှုနဲ့ ကျွန်တော်မျိုး ဘဝဟာ ပိုမိုကြီးကျယ်လာမှာပါ၊ ဒါဟာ အရှင်သခင်နဲ့ ကျေးကျွန်တို့ရဲ့ နှစ်ဦး ပေါင်း တိုးတက်မြင့်မားမှု အခြေခံပါ"

"ဝဿကာရ"

"နာခံလျက်ပါ ဘုရင်မင်းမြတ်"

"ရှေ့နားတိုးခဲ့စမ်း"

တိတ်ဆိတ်ဆွံ့အနေသော နန်းတော်ထဲ၌ မိမိအလိုရှိနေသော လက်ရုံး အမတ်တစ်ဦးကို ရရှိလိုက်ပြီဖြစ်၏။

"ဟောင်းနွမ်းနေတဲ့ သင့်ဝတ်စုံကို အသစ်လဲရမယ်၊ ပြီးတော့ ဗလာ ဟင်းလင်းဖြစ်နေတဲ့ သင့်ပခုံးပေါ်မှာ ရွှေကြိုးစလွယ် တပ်ဆင်ရမယ် . . . နားလည်လား"

❊ ❊ ❊



www.foreverspace.com.mm



တရိပ်ရိပ်ကုန်ဆုံးသွားသော နေ့နှင့်ညများကို သတိမှတ်မဲ့ပင် ဖြတ် သန်းခဲ့သည်။ သို့သော် ရာဇအာဏာတို့ဖြင့် တစ်နေ့တခြား ထုံမွှမ်းလာသော နှလုံးကား ဖွံ့ထွားအားကောင်းလာခဲ့၏။

မဂဓကို မဇ္ဈိမဒေသတစ်လွှားတွင် လက်နက်အင်အား အတောင့်တင်း ဆုံးသောနိုင်ငံတစ်နိုင်ငံဖြစ်စေမည့် အခြေခံပြောင်းလဲမှုများလည်း စတင်ပြုလုပ် လိုက်သည်။

ဥပရာဇဘဝတစ်လျှောက်လုံး မိမိ မသိရှိခဲ့သော အခြား တိုင်းနိုင်ငံ များအကြောင်းကို လေ့လာသည်။ နန်းတော်စောင့်တပ်ဖွဲ့တစ်ခုလုံးကို အသစ် လဲလှယ် အစားထိုးလျက် မူလတပ်ဖွဲ့ကို ပစ္စန္တရာဇ်နယ်ခြားသို့ ပြောင်းရွှေ့လိုက် သည်။ ညီလာခံတွင် အများဆုံး ကိုင်တွယ်အမိန့်တော်ထုတ်ပြန်ရသည်မှာ ရာထူးဟောင်း၊ လူဟောင်းများကို လူသစ်များဖြင့် အစားထိုးခြင်းပင် ဖြစ်သည်။ "အကျဉ်းသား" ရှိရာ ကြေးတိုက်ကိုလည်း ပါးကွက်သားအသစ်များနှင့် လဲလှယ် လိုက်သည်။

ပုရောဟိတ် ဝဿကာရသည် မျှော်လင့်သည်ထက် ပို၍ အာထား ရသော လက်ရုံးတစ်ဆူ ဖြစ်လာ၏။ သူ့ကိုယ်သူ ပြောသည့် ပညာဒသကနှင့် ဗလဒသက အရွယ်နှစ်ပါး၏ အရည်အသွေးနှစ်ခုကို သူ ထုတ်ဖော်သုံးစွဲပြနိုင် သည်။

ယုဇနာများစွာ သူ ခရီးလှည့်သလို ရွှေတိုက်တော်တွင်းမှာလည်း ပုရပိုက်များစွာကို သူ ဖတ်ရှုလေ့လာသည်၊ ဗြဟ္မဏတစ်ဦးအနေဖြင့် ဝဿ ကာရသည် ပင်ကိုဉာဏ်ထက်မြက်သူလည်းဖြစ်သည်။

ဂယာသီသကျောင်းတိုက်သို့မူ ရံဖန်ရံခါမျှသာ ရောက်ဖြစ်တော့၏။ ဆရာအရှင် ပြန်လည် ကျန်းမာ သန်စွမ်းလာပြီဖြစ်သော်လည်း ယခင်လို ထက် ထက်မြက်မြက်မရှိဟု ထင်ရသည်၊ သို့သော် လျှို့ဝှက်နက်နဲသော ဆရာ့ အတွင်းသန္တာန်ကို မသိတတ်နိုင်စွမ်းသဖြင့် ဆရာ့ကို မဝေဖန်ရဲ။ တစ်ခုခု အတွက် ဆရာ ကြံစည်အားထုတ်နေဦးမည်သာ ဖြစ်သည်ဟု မှန်းဆရ၏။ ထိုတစ်ခုခုသည်လည်း ကြီးကျယ်သောအရာ ဖြစ်ပေလိမ့်မည်။

မည်သို့ဆိုစေ၊ ဆရာသည် တပည့်သာဝက ဖြစ်သူအတွက်ကား လွန် စွာမှ နှစ်ထောင်းအားရ ဖြစ်နေပေသည်။

www.foreverspace.com.mm



ဝဿကာရကို မိမိရရှိထားကြောင်း ပြောပြသောအခါ ဆရာက ဂုဏ်ပြုစကား ဆိုလိုက်၏။ မဂဓ လက်နက်နိုင်ငံတော်ကြီး ဖြစ်လာရေး အစီအမံများကို သိသောအခါ ဆရာအရှင်သည် လက်ပမ်းပေါင်း ထခတ်မတတ် ဝမ်းသာသွားသည်။

"ဇီဝကနဲ့ ပတ်သက်လို့ကော . . . "

ဆရာအရှင်က မေးသည်။

"ဘာမှ မစိုးရိမ်ပါနဲ့ ဆရာအရှင် . . . သမားတော်ကြီးဇီဝကကို တပည့်တော် နိုင်နင်းအောင် ကိုင်တွယ်နိုင်ပါတယ်၊ အမှန်တော့ ဇီဝကကိုယ်တိုင်လည်း အခုအချိန်မှာ သူ့ကိုယ်သူ ဆေးကုသရတော့မယ့်အခြေ ဆိုက်နေပါပြီ"

ဆရာအရှင် တဟားဟား ရယ်လေသည်။

"ဇီဝကနဲ့ ပတ်သက်တဲ့ နောက်ကြောင်းဖြစ်ရပ်ကိုမူ အူမချေးခါးမကျန် စုံစမ်းဖို့ ဝဿကာရကို တပည့်တော် တာဝန်ပေးထားပါတယ်၊ ဒီနေ့နက်ဖြန်ပဲ သိရတော့မှာပါ၊ ဒီအချက်အလက်တွေပေါ်မှာ အခြေခံပြီး ဇီဝကရဲ့နောင်ရေးကို ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ အဖြေထွက်လာမှာပါ ဆရာအရှင်"

"ကောင်းတယ် . . . သိပ်ကောင်းတယ်၊ မင်းဟာ တကယ့်ကို မဂဓနိုင်ငံတော်ရဲ့ အရှင်သခင်ဖြစ်နေပြီ၊ မဇ္ဈိမဒေသနဲ့ ဇမ္ဗူဒိပ်အပြင်ရဲ့ မင်းဧကရာဇ်ဖြစ်ဖို့ပဲ ကျန်တော့တယ် အဇာတသတ်"

ဆရာ့စကားသည် ရေပြည့်အိုးထဲသို့ ထပ်မံလောင်းထည့်လိုက်သည့်နှယ်ပင်၊ ပြည့်လျှံဖိတ်ကျလာသော ရေများမှာ မိမိ၏ ပီတိနှင့် အဆုံးစွန်တက်ကြွမှုပင် ဖြစ်ချေသည်။

"ဝဿကာရဆီကတစ်ဆင့် ဇီဝကအကြောင်းတွေ သိရပြီးရင် ငါ့ဆီလာခဲ့ဦးဟေ့"

ကတ္တီပါသက်နန်းကြီးကို လွှားခနဲ ပြင်ရုံရင်း ဆရာ မှာလေသည်။

❊ ❊ ❊

ကိုယ်ကာယ နွမ်းနယ်မှုနှင့် စိတ်၏ မောပန်းမှုကို စပျစ်ချိုသေရည်ဖြင့် ဖြေဖျောက်သောအလေ့ စွဲစပြုခဲ့ပေပြီ။ ရွှေခွက်၏ လက်ကိုင်ကိုင်းကို



www.foreverspace.com.mm



အားပါးတရ ဆုပ်ကိုင်ကာ သေရည်များကို ကျိုက်ချလိုက်ရသည့် အရသာကိုလည်း နှစ်ခြိုက်တတ်လာပြီဖြစ်၏။

ချိုမြရှတ အထိအတွေ့သည် လျှာကို ဖြတ်သန်းလျက် လည်ချောင်းမှ တစ်ဆင့် ရင်ထဲသို့၊ ထို့နောက် သွေးကြောများဆီသို့ လျင်မြန်စွာ ကူးပျံ့သွားချိန်တွင် စိတ်အစဉ်သည်လည်း တက်ကြွလာသည်။ ထို့နောက် ဝေရီသောအတွေးများထဲ၌ မဂဓလက်နက်နိုင်ငံတော်ကြီး၏ ရုပ်လုံးကို လှပစွာ ထုဆစ်ကြည့်လိုက်၏၊ မြူးထူးသော ခံစားမှုဖြင့် ရာဇဂြိုဟ်နန်းတော်ဆောင်သည်လည်း ဝိုမိုနှစ်လိုဖွယ် ဖြစ်လာ၏။

ကိုယ်လုပ်ရံရွှေတစ်ယောက်က ရွှေတဂေါင်းထဲမှ စပျစ်ချိုသေရည်များကို ငုံ့ပေးလာသည်၊ တဂေါင်းထဲမှ ရွှေခွက်ထဲသို့ စီးသွန်ကျလာသော သေရည်သံသည်ပင်လျှင် ပျော်ရွှင်ဖွယ်ဂီတသံဖြစ်နေလေသည်။

ကချေသည်တို့သည် ခြူသံနှင့်ဗုံသံကို တိုးညှင်းမှေးမှိန်အောင် လက်ဆလျှော့လိုက်ကြ၏။ ရဲမက်အချို့က နံရံမှ ဆီမီးတိုင်များကို အသစ်လဲလှယ်နေကြသည်၊ ပန်းပေါင်းဆီမွှေးရနံ့များက ကြိုင်လှောက်ဝေ့ဝဲလျက်ရှိသည်။

ဘုရင့်နန်းတော်သုံး သဘင်အဖွဲ့မှ တေးသီချင်းသည် တစ်ယောက်ရှေ့မှောက်သို့ ရောက်လာကာ မျက်နှာနှင့် ကြမ်းပြင်ကော်ဇောကို ထိကပ်ဦးခိုက်သည်။ ပတ်သာဗုံနှင့် ပလွေက တေး၏ရှေ့ပြေး ဂီတအသွားကို ဖြူးပေးသည်။ တေးချင်းသည်က ဘုန်းတော်ဘွဲ့ကို စတင်သီကျူးလိုက်သည်၊ နားဆင်၍ မရိုးနိုင်သော ဘုန်းတော်ဘွဲ့ကို ခံစားရင်း ပဉ္စမမြောက် သေရည်ခွက်ကို နှုတ်ခမ်းသို့ တော့ယူလိုက်၏။

ထိုအချိန်မှာပင် တေးဂီတသံများ ရုတ်ခြည်း ရပ်ဆိုင်းသွားလေသည်။

သေရည်ကို ကျိုက်မချနိုင်သေးဘဲ ရွှေခွက်ကို ပါးစပ်မှခွာလိုက်သည်။ အဘယ်ကြောင့် စတင်ကာစ တေးချင်းရပ်တန့်သွားသနည်း။ တိခနဲ ရပ်တန့်သွားသော အရုပ်ဆိုးလှသည့် ဤအဖြစ် . . .

ရွှေခွက်ကို လွှတ်ချမိတော့မတတ် အံ့ဩသွားရ၏။

တေးဂီတသံများ တိခနဲ ရပ်တန့်ကုန်ဆုံးသွားခြင်းနှင့် အတူ ကချေသည်တို့၏အကြားမှ တစ်လှမ်းချင်း လှမ်းဝင်လာသည့်သူနှစ်ဦး . . .။ ဘုရင့်

www.foreverspace.com.mm

ညဥ့်ဦးယံသဘင်အခါသို့ ဝံ့ဝံ့စားစား ခွင့်မတောင်းဘဲ ဝင်ရောက်လာသူနှစ်ဦး။

ကြင်ယာတော်ဒေဝီနှင့် သမားတော် ဇီဝက။

သေရည်ဖြင့် မိမိမျက်စိအာရုံအမြင် မှောက်မှားသလားဟု တွေးကာ အသေအချာ ကြည့်လိုက်၏။ အမြင်မှောက်မှားခြင်းမဟုတ်။

အညိုရင့်ရောင် သားမွေးသင်တိုင်းရှည်ကြီး ဝတ်လာသော ကြင်ယာတော်ဒေဝီ၊ အဖြူရောင်ဝတ်ရုံဖြင့် ဇီဝက၊

"ဟော့ . . . မင်းတို့"

"မောင်တော် ဘုရင်မင်းမြတ် . . . တံခါးစောင့်တွေမှာ အပြစ်မရှိပါဘူး၊ ပဋိသန္ဓေ နေ့စေ့လစေ့နဲ့ ဘုရင့်မိဖုရား ရောက်လာတာကို သူတို့ မတားဆီးရက်ကြပါဘူး"

ရက်ပေါင်းများစွာ မတွေ့မမြင်ခဲ့ရသော တွေ့မြင်ဖို့ပင် သတိမရခဲ့သော မိဖုရားကို ယခုမှပင် အသေအချာကြည့်မိ၏။ မျက်ကွင်းများ ချောင်ကျနေကာ အသားအရေ ဖျော့တော့နေသည်။ ပုလဲပတ္တမြားသရဖူကြီးများဖြင့် ဖိတ်ဖိတ်တောက်ခဲ့သော နဖူးဆံစများသည် ယခုအခါ ဖွာရရာကြဲလျက် ခြောက်သွေ့နေသည်။ ထို့ထက်မူ . . .

အညိုရောင်သင်တိုင်းရှည်ကြီးဖြင့် ဖုံးလွှမ်းထားသည့် အထဲမှ စို့စို့ပို့ပို့ သိသာစွာ ရင့်မာနေသော ဝမ်းဗိုက်။

"နှမတော်ကို မောင်တော်ဘုရင်မင်းမြတ် မေ့လျော့ထားခဲ့တာ ကြာပါပြီ၊ နှုတ်ငုံရင့်မာစပြုလာပြီလို့ ပြောပြခဲ့စဉ်က တစ်ခါပဲ မောင်တော် လာခဲ့ဖူးပါတယ်၊ ဒါပေမဲ့ တိုင်းရေးပြည်ရာများကြောင့် အခေါ်မလွှတ်ဘဲ မလာပါနဲ့လို့ မောင်တော် မိန့်ခဲ့တာကြောင့် နှမတော် မလာခဲ့ပါဘူး၊ ဒီလတွေအတွင်းမှာ မောင်တော်လည်း တစ်ခေါက်မှ ဇနီးမယားရဲ့အခြေအနေကို လာကြည့်ဖော်မရခဲ့ပါဘူး၊ ဒီနေ့ညတော့ နှမတော် အရောက်ဝင်လာခဲ့ပါပြီ"

နန်းဆောင်အတွင်းရှိ လူအားလုံး မိဖုရားကို ငေးစိုက်ကြည့်နေကြသည်။ အသံဗလံများအားလုံး ပျောက်ကွယ်နေသဖြင့် မိဖုရား၏စကားသံသာ ဖုံးလွှမ်းနေတော့သည်၊

အရုပ်ဆိုး အကျည်းတန်လှသောအဖြစ်၊ ရှက်စဖွယ်အဖြစ်၊

"သွားကြစမ်း . . . တစ်ယောက်မကျန် ထွက်သွားကြစမ်း၊ မင်းတို့





www.foreverspace.com.mm

ဘာကြည့်နေကြတာလဲ၊ ဘာနားထောင်နေကြတာလဲ"

ကိုယ်လုပ်တော် ရံရွေများ၊ ပန်တျာသီချင်းသည်များကို ငေါက်ငမ်းမောင်းထုတ်လိုက်၏။ သူတို့အားလုံး ပျာပျာသလဲဖြင့် နန်းဆောင်တွင်းမှ ထွက်သွားကြသည်။ မိဖုရားနှင့်ဇီဝကတို့ကား ရပ်မြဲရပ်နေဆဲပင်။

"မင်း ဘာအတွက်လာသလဲ နှမတော်"

"နှုတ်ငုံအရင့်အမာနဲ့ မိန်းမသားတစ်ယောက် သူ့ခင်ပွန်းဆီကို ဘာအတွက်လာသလဲဆိုတဲ့ မေးခွန်းမှာ အဖြေမရှိပါဘူး မောင်တော် . . . ဘာကြောင့်လဲဆိုတော့ အဲဒါဟာ မေးအပ်တဲ့မေးခွန်းမဟုတ်လို့ပါ"

ဘာပြန်ပြောရမှန်းမသိ။ ကိုယ်ဝန်အရင့်အမာလွယ်ထားကာ ဖျော့တော့နေသော ထိုမိဖုရားသည် အဘယ်ကြောင့် လေသံမာမာဖြင့် စကားပြောနေနိုင်သနည်း။

မူးဝေရစ်သီခြင်း၊ ရှုပ်ထွေးခြင်း၊ အံ့ဩခြင်းတို့ဖြင့် ယောက်ယက်ခတ်သွားသောစိတ်သည် မိဖုရားဘေးမှ ဇီဝကကို ပြန်သတိထားမိပြီးမှပင် ထွက်ပေါက်တစ်ခု ရသွား၏၊

"ဟော့ . . . အဲဒီသမားတော်ကကော ဘာကြောင့်ပါလာရသလဲ"

မိမိထံ ဝင်ခွင့်အကြိမ်ကြိမ် တောင်းခံခဲ့ကာ အကြိမ်တိုင်းမှာပင် ဝင်ခွင့်မပေးခဲ့သဖြင့် နန်းဆောင်တံခါးဝသို့ပင် သီခွင့်မရခဲ့သော ဇီဝကသည် ကျူးကျော်စော်ကားလေပြီလား။

ဇီဝကသည် အသိရခက်သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်နေ၏။ ဖြောင့်စင်းစွာရပ်နေသော သူ့ခန္ဓာကိုယ်ပေါ်မှ အဖြူရောင်ဝတ်လုံသည် မီးရောင်အောက်တွင် လင်းလက်နေ၏။

"မဂဓပြည့်ရှင်မင်းရဲ့ မိဖုရား နှုတ်ငုံရှိတယ်ဆိုကတည်းက ဘုရင့်သမားတော် ဇီဝကထံမှာ အပ်နှံထားရတယ် မောင်တော်ဘုရင်မင်းမြတ် . . . ဆရာဇီဝကဟာ တစ်ချိန်လုံး နှမတော်ကို စောင့်ရှောက်ကုသနေတယ်၊ အခုလည်း နှမတော်ရဲ့ ခေါ်ဆောင်မှုနဲ့ သူလိုက်ပါလာခဲ့တာပဲ၊ မိန်းမသားတစ်ယောက် ပဋိသန္ဓေဆောင်တယ်ဆိုတာ သေမင်းနဲ့ စစ်ထိုးနေတာပါ။ ဒါကို အရှင်ခင်ပွန်းဖြစ်သူက မေ့လျော့နေချိန်မှာ သမားတော်တစ်ယောက်အနေနဲ့ သူ အထူးဂရုစိုက် စောင့်ရှောက်နေပါတယ်"

ကိုယ်လုပ်ရုံရွှေတော်များ၊ သဘင်အဖွဲ့သားများကို မောင်းထုတ်ထားမိ၍သာ တော်သေးတော့သည်ဟု အောက်မေ့မိ၏။

မိဖုရားသည် ကျားသစ်မတစ်ကောင်လို တိုက်ခိုက်နေခြင်း မဟုတ်သော်လည်း ခွပ်တော့မည့် ဒေါင်းပျိုမတစ်ကောင်နှယ် ဝံ့ဝံ့စားစား ပြောဆိုနေပေသည်။

စပျစ်သေရည်များလည်း ဘယ်ရောက်သွားသည် မသိတော့။

ကြွင်းကျန်နေသော သေရည်ခိုးများဖြင့် ဝေသီနေဆဲ မျက်စိထဲတွင် စူးစူးဝါးဝါးကြည့်နေသော မိဖုရားနှင့် တည်ငြိမ်လေးနက်စွာ ကြည့်နေသော ဇီဝကတို့ကို တွေ့နေရ၏။

မိဖုရားကို တစ်ခုခုပြောရမည်လား။ ဇီဝကကို ရင်ဆိုင်ရမည်လား မဝေခွဲတတ်၊ သန္ဓေရင်သွေး လွယ်ထားသောမိန်းမသူတစ်ယောက် ဤမျှ ရဲပုံလိမ့်မည်ဟု မထင်တတ်ခဲ့။ ဝေဝေဝါးဝါးဖြစ်နေစဉ် ဇီဝက၏အသံက တစ်လုံးချင်း အေးဆေးစွာ ထွက်ပေါ်လာ၏။

"ဆယ်လအတွင်း ရောက်ရှိနေပြီဖြစ်တဲ့ နှုတ်ကြာင်ုပံဟာ မကြာမီရက်ပိုင်းအတွင်း ဖွားမြင်ပါတော့မယ် ဘုရင်မင်းမြတ် . . . အရှင်မအတွက် လိုအပ်သမျှ အဆောင်တော်၊ ကိုယ်လုပ်ရုံရွှေတော်နဲ့ အခြားပြင်ဆင်မှုများကို ဘုရင်မင်းမြတ်အနေနဲ့ အမိန့်ထုတ်ပြီး စီမံပေးသင့်နေပါပြီ၊ ကျွန်ုပ်ရဲ့ ဆေးဆရာအတွေ့အကြုံအရ အရှင်မရဲ့ မီးရှူးသန့်စင်မှုဟာ ပထမဆုံးအကြိမ်အနေနဲ့ ခက်ခဲနိုင်စရာ ရှိပါတယ်"

ဇီဝကကို မောင်းထုတ်ပစ်လိုက်ရန် စိတ်ကူးခဲ့သော်လည်း စကားလုံးများ ထွက်မလာနိုင်ဖြစ်နေသည်။ သမားတော်တစ်ဦး၏ ရင့်ကျက်ခြင်းနှင့် လူနာဘက်မှ ကြံ့ကြံ့ရပ်တည်နေသောအသွင်ရှေ့တွင် ဘာကြောင့် မိမိ ဆွံ့အနေရသနည်း။

ဒါပေမဲ့ . . . သတိထား . . . သတိထားပေ့ါ။ အဘယ မင်းသားကြီးနဲ့ နိုင်ငံတော်ပြည့်တန်ဆာ သာလဝတီရဲ့သား၊ ဇီဝကဆိုသူဟာ ခမည်းတော်မင်းကြီးကိုယ်တိုင် မြှောက်စားထားတဲ့သူ။ ဆရာအရှင်ကလည်း သူဟာ ဆေးဆရာအဖြစ်သာမက သူလျှိုတမန်အဖြစ်ပါ လှုပ်ရှားနေနိုင်တယ်လို့ သတိပေးထားတယ် မဟုတ်လား၊ ဇီဝကကို မယုံနဲ့၊





ဇီဝက,က တည်ငြိမ်စွာ ဆက်ပြောပြန်၏။

"မဂဓထီးညွန့်နန်းလျာတစ်ပါး အောင်မြင်စွာ မွေးဖွားလာရေးအတွက် ကျွန်ုပ်က သမားတော်တစ်ဦးအနေနဲ့ အစွမ်းကုန်ကြိုးစားနေပါတယ်၊ သို့သော် သန္ဓေသား ဖွားမြင်တော့မယ့် ဇနီးမယားတစ်ယောက်အတွက် ခင်ပွန်းအရှင်လင်တစ်ယောက်ရဲ့ အားပေးဖေးမမှုတွေဟာ အရေးကြီးလှပါတယ်၊ ကျွန်ုပ်တတ်မြောက်ထားတဲ့ ဆေးပညာဟာ ရုပ်ခန္ဓာကိုသာ စောင့်ရှောက်နိုင်ပါတယ်။ စိတ်ခန္ဓာကိုတော့ ခင်ပွန်းလင်ဖြစ်သူသာ ဖေးမကုစားပေးနိုင်ပါတယ်၊

"ကျွန်ုပ်က ဘာလုပ်ပေးရမှာလဲ"

ဤစကားလုံးများ ပြောထွက်သွားခြင်းအတွက် မိမိကိုယ်ကိုမိမိပင် မကျေမနပ်ဖြစ်သွား၏။ မဂဓဘုရင်သည် ကိုယ်ဝန်သည်မိန်းမတစ်ယောက်နှင့် ဆေးဆရာတစ်ယောက်ရှေ့မှောက်တွင် ဤမျှ ကစင့်ကလျားနိုင်သွားသင့်သလား။

မိဖုရား၏ မျက်နှာပြင်သည် ဖျော့တော့နေရာမှ နီမြန်းသွား၏။ ဇီဝက၏ နှုတ်ခမ်းများကမူ တင်းစေ့သွားကြလေသည်။

"ဘုရင်မင်းမြတ်အနေနဲ့ ယနေ့ည၌ ကောင်းစွာ စက်တော်ခေါ်လိုက်ပါ၊ နက်ဖြန်နံနက်မှာ မိမိရဲ့မိဖုရားအတွက် ဘာလုပ်ပေးရမလဲဆိုတဲ့အဖြေပေါ်လာပါလိမ့်မယ်"

ဇီဝက ထွက်သွားစမ်းဟုပြောဖို့ ကြိုးစားကြည့်သည်၊ အသံထွက်မလာချေ၊ ဘာမှန်းမသိနိုင်သော အကျဉ်းအကျပ်ထဲသို့ ကျရောက်နေပြီဟု သိလိုက်၏။ အပြစ်တစ်စုံတစ်ခုကို ကျူးလွန်ထားသူအဖြစ် ခံစားနေရ၏၊ ထိုအချိန်တွင် . . .

ခက်ခဲတင်းကျပ်နေသော အခြေအနေကို ပြေလည်သွားစေမည့် အခြင်းအရာတစ်ခု ပေါ်ပေါက်လာလေသည်။ ထိုအရာကား တံခါးဝမှ သံတော်ဆင့်၏အသံ။

"ပုရောဟိတ် ဝဿကာရ ရောက်နေပါပြီ ဘုရင်မင်းမြတ်"

ဝဿကာရ၏ အမည်ကို ကြားရသည်မှာ သည်တစ်ခါလောက် ဘယ်တုန်းကမှ မချိုမြိန်စဖူးပေ။

"ခုချက်ချင်း ဝင်လာခဲ့ပါစေ"

ဝသာကာရသည် နန်းဆောင်အတွင်း ခြေလှမ်းကျဲများဖြင့် ဝင်လာပြီးမှ ခုလတ်တွင် တုံ့ရပ်သွား၏။ မိဖုရားနှင့် သမားတော်တို့ကို တွေ့လိုက်သောကြောင့် ဖြစ်သည်။

"ဒီနားကိုလာခဲ့ပါ ဝသာကာရ"

ဝသာကာရ၏ခြေလှမ်းကျဲများသည် ငြင်သာဖွဖွခြေလှမ်းများအဖြစ် ပြောင်းလဲသွား၏၊ ဇီဝကဘေးမှ အဖြတ်တွင် ဝသာကာရ သိသိသာသာ ခေါင်းငုံ့သွားကြောင်းလည်း တွေ့လိုက်ရသည်။ ဇီဝကမူ ဝသာကာရကို စူးစူးရှရှ တစ်ချက်ကြည့်လိုက်လေသည်။

မည်သို့ဖြစ်စေ ထွက်ပေါက်ရသွားသောစိတ်ဖြင့် တက်ကြွစွာ လှမ်းပြောလိုက်၏။

"လိုအပ်တဲ့ အစီအမံတွေ နက်ဖြန်မှာ ဖြစ်လာစေရမယ်၊ နှမတော် ခန္ဓာကျန်းသက်သာအောင်နေ . . . ဟုတ်လား၊ အင်း . . . အခုအချိန်မှာတော့ တိုင်းရေးပြည်ရာကိစ္စ ဆွေးနွေးစရာရှိနေသေးလို့ အဲ . . . အဆောင်တော်ပြန်ပြီး စိတ်အေးချမ်းသာ စံနေပေရော့ . . . ဟုတ်လား"

ကြင်ယာတော်ဒေဝီသည် နှုတ်ခမ်းတစ်ချက်တိုက်လျက် ချာခနဲ လှည့်ထွက်သွားသည်။ ဇီဝကကလည်း မဆိုစလောက် ဦးညွတ်နှုတ်ဆက်လျက် လိုက်ပါထွက်ခွာသွားလေသည်။

"ဝသာကာရ . . . ဆိုစမ်း၊ သင်ရောက်လာတာ အင်မတန်ကို အဆင်ပြေပေတာပဲ"

ဝသာကာရသည် ဦးရစ်ခေါင်းပေါင်းအောက် နဖူးစပ်မှ ချွေးများကို သုတ်လိုက်ကာ ရှေ့အနီးသို့ တိုးလာလေသည်၊

❊ ❊ ❊

ဝသာကာရကို ချီးမြှင့်မြှောက်စားရကျိုး နပ်လှချေသည်၊

သမားတော်ဇီဝကနှင့် ပတ်သက်၍ သူ စုဆောင်းလာခဲ့သော အကြောင်းအရာများမှာ စွဲစပ်တိကျလှသည်။ တက္ကသိုလ်သို့သွားရောက်၍ ဆေးပညာသင်ယူခဲ့သော ဇီဝက၏ နောက်ကြောင်းဖြစ်ရပ်များကို ဝသာကာရက အစအဆုံး သယ်ဆောင်လာခဲ့သည်၊





ဇီဝကဟူသောအမည် ထင်ရှားကျော်ကြားသွားစေခဲ့သည့် ပထမဆုံးဖြစ်ရပ်မှာ သာကေတမြို့မှ သူဌေးကတော်တစ်ယောက်၏ ခေါင်းခဲနာကို ကုသခြင်းမှ စတင်ခဲ့၏။ နှစ်ပေါင်းရှည်ကြာ ခံစားလာခဲ့ရသော ထိုခေါင်းကိုက်ဝေဒနာကို ဇီဝကသည် တစ်ကြိမ်တည်း နှာနှပ်ကာ ယူပစ်သလို ပျောက်ကင်းချမ်းသာစေခဲ့သည်။ သူဌေးကတော်နှင့်မိသားစုတို့က ဇီဝကအား အသပြာ တစ်သောင်းခြောက်ထောင်နှင့် မြင်းရထားတစ်စီးအပြင် ကျေးကျွန်များကိုပါ ဆေးကုသကြေးအဖြစ် ပူဇော်ခဲ့ကြ၏။ ဇီဝက၏အမည်သည်လည်း ကျော်ကြားသွားလေသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ဇီဝကသည် မဂဓရှိ အခြားဝါရင့်သမ္မာရင့် သမားတော်ကြီးများကို ဖြတ်ကျော်ကာ ထင်ရှားလာခဲ့၏၊ ဇီဝကအား အထွတ်အထိပ်သို့ ပို့ဆောင်ပေးလိုက်သည့် အဖြစ်ကား ဗိမ္ဗိသာရမင်းကြီး၏ သွေးဒူလာရောဂါကို ဆေးလိမ်းကုသပေးလိုက်ခြင်းပင်ဖြစ်သည်။ မင်းကြီးသည် ရောဂါပျောက်ကင်း ချမ်းသာသွားပြီးနောက် ဇီဝကကို ကြီးစွာသော လာဘ်လာဘ ပစ္စည်းတို့ဖြင့် ချီးမြှောက်ခဲ့၏။ သို့သော် ဇီဝက,က ထိုဆုလာဘ်များကို လက်မခံဘဲ ကျွန်တော်မျိုးရဲ့ ကျေးဇူးကိုသာ အောက်မေ့တော်မူစေချင်ပါသည်" ဟု ဆိုခဲ့သည်။

ဤတွင် မင်းကြီးက . . .

"ငါ့ကို၊ မိဖုရားကို၊ တစ်နန်းတော်လုံးကို သင့်ရဲ့ပညာနဲ့ စောင့်ရှောက်ပါ။ ဒါ့အပြင် ဝေဠုဝန်ဝိဟာရက ဘုရားအမှူးရှိတဲ့ သံဃာတော်များကိုလည်း စောင့်ရှောက်ပါ" ဟု ဆိုခဲ့လေသည်။ ထိုအချိန်မှစ၍ ဇီဝကသည် ဘုရင့်သမားတော်ဖြစ်သွားသည်၊

ဝသာကာရသည် စုံစမ်းရရှိလာသောသတင်းများကို တစ်ခုပြီးတစ်ခု သံတော်ဦးတင်လေသည်။

"အသက်ငယ်ငယ်ရွယ်ရွယ်နဲ့မမျှ ထင်ရှားကြီးကျယ်လာတဲ့ ဇီဝကကို ပိုမိုမြင့်မားအောင် တွန်းထိုးပေးလိုက်တဲ့ နောက်ဖြစ်ရပ်တစ်ခုကတော့ ရာဇဂြိုဟ်က သူဌေးကြီးတစ်ယောက်ရဲ့ ခုနစ်နှစ်ကြာ ဦးခေါင်းခဲနာကို ကုသလိုက်တဲ့ အဖြစ်ပါပဲ အရှင်"

သူဌေးကြီးအား ဇီဝက ကုသပုံကုသနည်း အသေးစိတ်ကိုပါ ဝသာ

ကာရက စုံစမ်းစုဆောင်းခဲ့၏။

"နောက်ဆုံးမှာ ရောဂါပျောက်ကင်းသွားတော့ သူဌေးက အသက်သခင် ကျေးဇူးရှင်ဆိုပြီး ရှိသမျှစည်းစိမ်ကို ပုံအပ်ပေးပါတယ်၊ ဒါပေမဲ့ ဇီဝက ငြင်းပယ်ပြီး သူ့အတွက် အသပြာတစ်သိန်း၊ ဗိမ္ဗိသာရမင်းကြီးအတွက် အသပြာတစ်သိန်းကို တောင်းခံခဲ့ပါသတဲ့"

ဇီဝက၏ ကြီးမားသော အောင်မြင်မှုများကို နားထောင်ရင်း စိတ်မသိုးမသန့် ဖြစ်လာလေသည်။ ရန်သူဟု သတ်မှတ်ထားသော လူတစ်ယောက်၏ အင်အားကောင်းပုံကို သိရခြင်းနှင့်အတူ ကြောက်ရွံ့သောစိတ်က မသိမသာ ခိုအောင်းချင်လာသည်။ သို့သော် ထိုကြောက်စိတ်ကို အတင်းပင် ခါထုတ်ပစ်လိုက်၏။

"ဒါကတော့ . . . ဆေးကလည်း စွမ်းနေ၊ သူ့အကျိုးပေးချိန်ကလည်း ရောက်နေလို့နေမှာပါ ဝသာကာရရယ် . . . နောက်ထပ်တော ဒီသာလဝတီရဲ့ သားက ဘာတွေ နာမည်ကောင်းထွက်သေးသလဲ"

ရာဇဂြိုဟ်တွင် တစ်ခါက နိုင်ငံတော် ပြည့်တန်ဆာဖြစ်ခဲ့ဖူးသော သာလဝတီကို အမည်တပ်၍ သာလဝတီရဲ့သားဟု ပြောချလိုက်၏။

"ရှိပါသေးတယ် အရှင်၊ ဇီဝကဟာ . . ."

ဗာရာဏသီပြည်မှ သူဌေးသားတစ်ယောက်၏ အူထုံးနေသောအနာကို ခွဲစိတ်ကုသပေးခဲ့သည့်အကြောင်း၊ စိတ်ကြွမ်းလူကြမ်းဟု သတင်းကြီးသော ပဇ္ဇောတဘုရင်ကြီး၏ သွေးအားနည်းရောဂါကို ကုသပျောက်ကင်းစေခဲ့သည့်အကြောင်း။

"ဒါတွေထားလိုက်ပါတော့ . . . ဝေဠုဝန်ကျောင်းတိုက်နဲ့ ဗုဒ္ဓနဲ့ ဘယ်လိုအဆက်အသွယ် ရှိသွားတာလဲ၊ အဲဒါကို သိချင်တယ် ဝသာကာရ"

ဝသာကာရသည် ရေးမှတ်လာသော ပုရပိုက်ချပ်တစ်ချပ်ကို ဆွဲထုတ်၍ တစ်ချက်မျှကြည့်ပြီး လျှောက်တင်၏။

"ဗုဒ္ဓဟာ တစ်ခါက သွေးလေချုပ်နိုင်တဲ့ဝေဒနာ ခံစားခဲ့ရပါတယ်၊ ဒီအခါမှာ ဗုဒ္ဓရဲ့ညီတော် ရဟန်းအရှင်အာနန္ဒာရဲ့ ခေါ်ယူမှုနဲ့ ဇီဝက ကုသပေးခဲ့ပါတယ်"

မြတ်စွာဘုရားအား ဇီဝက ကုသပုံအသေးစိတ်ကို ဝသာကာရက





လျှောက်တင်လေသည်၊ ဆေးများဖြင့် ထုံထားသော ကြာပွင့်သုံးပွင့်ကို ဗုဒ္ဓအား နမ်းရှူစေခဲ့ပုံ၊ ထို့နောက် နူးညံ့သော ဝမ်းလျှောဝမ်းသက် ဆေးပေးခဲ့ပုံ၊ နောက်ဆုံး ရေသပ္ပါယ်တော်မူစေပြီး ဗုဒ္ဓ၏ သွေးလေချုပ်သောဝေဒနာကို အပြီးတိုင် ကုစားပေးခဲ့ပုံ။

မကြားတစ်ချက် ကြားတစ်ချက် ဖြစ်လာသည်။ ဝသာကာရ၏စကားကို နားထောင်ရင်းဖြင့် စပျစ်သေရည်ကိုလည်း ဆက်လက်သောက်သုံးခဲ့လေရာ ဘယ်နှစ်ခွက်မြောက်သည် မမှတ်မိတော့။

ဇီဝက၏ အောင်မြင်မှုသတင်းများကို နားထောင်ရသည်မှာ ကြေးမောင်းထိုးစည်တစ်ခု၏ ထိုးသံကို အနီးမှာကပ်ကာ နားထောင်ရသလို နားတွေထူပိန်းလာသည်ဟု ထင်ရလေသည်။

"တော်လောက်ပြီ ဝသာကာရ . . . ဇီဝကရဲ့ ကောင်းသတင်းတွေကို ရပ်လိုက်တော့"

ဝသာကာရသည် ပုရပိုက်ချပ်ကို သိမ်းလိုက်၏။

"ငါသိချင်သေးတာက . . . ဒီလို ဆေးဝါးကုသပြီး ထင်ရှားလာတဲ့ ဇီဝကဟာ လူတွေရဲ့ကျေးဇူးရှင်ဆိုပြီး သူကုသခဲ့ ကယ်တင်ခဲ့သူများရဲ့ ကျေးဇူးကို အတင်ခံပြီး သူ အခု ဘာတွေလုပ်ရှားနေသလဲ၊ လူသူအင်အား စုရုံးနေသလား၊ ဝေဠုဝန်က သံဃာတွေကို စည်းရုံးနေသလား၊ နန်းတော်ထဲမှာကော ဩဇာအာဏာ ပျံ့နှံ့အောင် လျှို့ဝှက်လှုပ်ရှားနေသလား . . . ဒါတွေကို ငါ သိချင်တယ်"

ပုရပိုက်ကို ကတ္တီပါအိတ်ထဲသို့ ထည့်ပြီးမှ ဝသာကာရက . . .

"အဲဒီအချက်အလက်တွေနဲ့ ပတ်သက်ပြီး ဇီဝကထံမှာ ဘာတစ်ခုမှ လှုပ်ရှားမှုသတင်း အစအန မရပါဘူးအရှင်"

စိတ်ပေါ့ပါး သက်သာသွားသော်လည်း ဘဝင်မကျဖြစ်နေပြန်၏။

"သေချာရဲ့လား ဝသာကာရ"

"လွန်ခဲ့တဲ့ နှစ်များစွာက အတိတ်ခြေရာတွေကိုသော်မှ ကျွန်တော်မျိုး အသေးစိတ် ထောက်နိုင်ခဲ့ပါတယ်၊ ပစ္စုပ္ပန်ကာလမှာ ဇီဝကဟာ တစ်စုံတစ်ခု လှုပ်ရှားနေမယ်ဆိုရင် အဲဒါဟာ ဟိမဝန္တာတောင်ထိပ်ပေါ်မှာပဲ ဖြစ်စေဦး၊ ဂင်္ဂါမြစ်ရဲ့ ကြမ်းပြင်အောက်မှာပဲ ဖြစ်စေဦး၊ ကျွန်တော်မျိုး မသိနိုင်စရာ

www.foreverspace.com.mm



မရှိပါ အရှင်"

ဝဿကာရ၏ တိကျပြတ်သားလှသောစကားဖြစ်၏။

"အင်းပါ . . . ငါဆိုလိုတာက ယနေ့အချိန်အထိ ဇီဝကဟာ ဘာ လှုပ်ရှားမှုမှ မရှိဘူးပဲထား၊ နောက်နောင် လှုပ်ရှားလာမယ်ဆိုရင်၊ တစ်ခုခု ထူးခြားလာမယ်ဆိုရင်၊ ဒါကို မျက်ခြည်မပြတ်ဖို့ ငါက ပြောတာပါ ဝဿကာရ"

ဝဿကာရ ဘာမှပြန်မပြောတော့ဘဲ ကတ္တီပါအိတ်ကို ရှုံ့ကြိုးဖြင့် အသေအချာ စည်းနှောင်သည်။ ထို့နောက် ပင်ပန်းနွမ်းနယ်နေသော မျက်နှာဖြင့်ပင် ပို၍ ရှေ့ကျသောနေရာသို့ တိုးကပ်သည်။

"အရှင့်အမိန့်တော်နဲ့ သမားတော် ဇီဝကအကြောင်းကို ကျွန်တော်မျိုး စုံစမ်းထောက်လှမ်းခဲ့ခြင်းဖြစ်ပါတယ်၊ အမှန်ကတော့ အဲဒီဆေးဆရာရဲ့ အတိတ်ဖြစ်စဉ်ထက် ပိုပြီး အရေးကြီးတဲ့ လောလောဆယ်ဖြစ်ရပ်တစ်ခုကို ကျွန်တော်မျိုး တင်စရာရှိနေပါတယ်"

"ဘာများပါလိမ့် ဝဿကာရ"

"ကြေးတိုက်မှူး ပါးကွက်သားချုပ်က သူကိုယ်တိုင် သံတော်ဦး မတင်ရဲလို့ဆိုပြီး ကျွန်တော်မျိုးကို တစ်ဆင့်မှာကြားလိုက်တဲ့စကားပါ အရှင်"

"ဟေ . . . ဘာလဲ . . . ကြေးတိုက်မှူးက"

"အကျဉ်းသား" နှင့်ပတ်သက်ပြီး တစ်ခုခု ထူးခြားချက်ဖြစ်ရမည်ဟု မျှော်လင့်လိုက်ပြီး ရင်ထဲမှာ လှုပ်ရှားသွား၏။ တစ်ဆက်တည်းပင် အစာငတ် ရေငတ် ရိက္ခာဖြတ်ထားခဲ့သော "အကျဉ်းသား" သည် သူ့အလိုလို နိဂုံးချုပ်သွားပြီဟူသောသတင်း ကြားရတော့မည်ဟု နားစွင့်လိုက်၏။

"ကြေးတိုက်ထဲက အကျဉ်းသားဟာ . . ."

ဝဿကာရသည် စကားလုံး အသုံးအနှုန်း မမှားစေရအောင် ဂရုစိုက် သုံးနှုန်းရဟန်ဖြင့် အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ . . .

"အစာရေစာရိက္ခာ ပြတ်လပ်ထားရှိပေမယ့် အံ့ဩစရာကောင်းလောက်အောင် ကျန်းမာသန်စွမ်းနေဆဲ ရှိပါတယ်လို့ ကြေးတိုက်မှူးက သံတော်ဦး အမှာစကား ပါးပါတယ်အရှင်"

အံ့ဩစရာကောင်းလောက်အောင် ကျန်းမာသန်စွမ်း . . .

ဒါဟာ အံ့ဩစရာမဟုတ်ဘူးဟု ရင်ထဲမှာ ကျယ်လောင်စွာ အော်





မြည်လိုက်၏။ ဒါဟာ ထိခိုက်စရာ၊ ထိခိုက်တဲ့သတင်း ငါကိုထိခိုက်တဲ့သတင်းစကား။ အံ့ဩစရာမဟုတ်ဘူး။ ဒေါသထွက်စရာ . . .။

ဘာကြောင့် ဤအကျဉ်းသားအိုကြီးသည် အစာရိက္ခာ ဖြတ်တောက်ထားသည့်ကြားမှ ယခုတိုင် အသက်ရှင်နေဆဲဖြစ်ရသနည်း၊ ဘာကြောင့် ကျန်းမာသန်စွမ်းနေရသည်။ အသီးလည်းမှည့် အကင်းအညှာလည်းပုံ့ကြွေနေပြီးကာမှ ဘာကြောင့် ပြုတ်ကျပျက်စီးခြင်း မဖြစ်ရသနည်း။

ယနေ့ညဦးကား စိတ်လှုပ်ရှား ထိခိုက်စရာတွေချည်း ကြုံရသောညဦးဖြစ်နေပေပြီ။ ဦးစွာ မိဖုရားနှင့် ဇီဝကတို့ ရောက်လာသည်၊ ထို့နောက် ဝဿကာရ ရောက်လာသဖြင့် အကျဉ်းအကျပ်မှ လွတ်ခဲ့ရသည်။ ဝဿကာရ တင်ပြသော ဇီဝက၏ အကြောင်းအရာများမှာလည်း စိတ်ကျေနပ်ဖွယ်မရှိ၊ ယခုနောက်ဆုံးသတင်း၊ ကျန်းမာသန်စွမ်းဆဲ အကျဉ်းသားတဲ့။

ဒေါသလှိုင်းများ တစ်လုံးပြီးတစ်လုံး ရိုက်ပုတ်သဖြင့် ရင်ထဲမှာ တဝုန်းဝုန်း မြည်နေတော့သည်။ မိမိ၏ ရာဇအာဏာအောက်တွင် မိမိ ဖြစ်စေချင်သော အရာများ ဘာတစ်ခုမျှ အပီအသ ဖြစ်မလာသေးပါလား . . .။

"ဝဿကာရ . . . သင် မပြန်နဲ့ဦး၊ တစ်ယောက်ယောက် လာစမ်းဟေ့ . . . ကြေးတိုက်မှူးကို အခု ရှေ့တော်သွင်းခဲ့စမ်း"

ရာဇပြိုဟ်တစ်နန်းတော်လုံး မဂဓနိုင်ငံလုံး အိပ်မောကျနေလောက်ပြီ။ မဂဓဘုရင်မင်းမြတ် စက်ရာဆောင် မဝင်နိုင်သေး။

❊ ❊ ❊

နံနက်စောစီးစွာ ရောက်လာသောကြောင့် ဆရာအရှင် အံ့အားသင့်နေ၏။

ဂယာသီသ ကျောင်းတိုက်သည် နေထွက်ကာစအချိန်တွင် ကောင်းစွာပင် လှုပ်လှုပ်ရှားရှားမရှိသေး။ ရဟန်းအချို့သည် တံမြက်လှည်းရန် ယခုမှ ပြင်ဆင်နေကြဆဲ။ နိဒါန်းမပျိုးတော့ဘဲ လိုရင်းကို လျှောက်တင်လိုက်လေသည်။

ကြေးတိုက်ထဲမှာ လူးလာခေါက်တုံ့ စင်္ကြံလျှောက်နေရင်းနဲ့ပဲ အကျဉ်းသားဟာ ဣရိယာပုတ် မျှတပြီး ကျန်းမာသန်စွမ်းဆဲ ရှိနေပါတယ် ဆရာအရှင်။ ဒါကို ယမန်နေ့ညဦးက လျှောက်တင်လိုက်သည်။

ဆရာအရှင်က "ဟင်း . . . ဟုတ်လား" ဟု အံ့သြတကြီး ရေရွတ်၏၊

ကြေးတိုက်မှူး၏ သံတော်ဦးတင်ချက်များကို အစအဆုံး လျှောက်တင်လိုက်သည်။

"အစာရေစာ ရိက္ခာ ဖြတ်ထားပေမယ့် စကြီလျှောက်ရင်းနဲ့ပဲ အဲဒီလို ကျန်းမာသန်စွမ်းနေရုံမက အကျဉ်းသားရဲ့ ကိုယ်ရေအရောင်အဝါတောင် ပိုပြီး စိုပြည်တင့်တယ်နေပါသတဲ့ ဆရာအရှင်"

"မယုံနိုင်စရာပါလား . . . မိဖုရားကြီးကို လုံးဝ ဝင်ခွင့်မပေးတော့ဘူး မဟုတ်လား"

"တပည့်တော် အမိန့်တော်နဲ့ တားမြစ်ပြီးပါပြီ၊ အရင်က ကြေးတိုက်မှူးဟောင်းတွေနဲ့ ပါးကွက်အမှုထမ်းဟောင်းတွေ အားလုံးကိုလည်း ထုတ်ပယ်ပစ်ပြီး အခု အကြမ်းတမ်းဆုံးဆိုတဲ့ ကြေးတိုက်မှူးနဲ့ အမှုထမ်းတွေကို အသစ်လဲလှယ်ထားတာပါ ဆရာအရှင်၊ မိဖုရားကြီးကို လုံးဝ ဝင်ခွင့်မပြုဖို့နဲ့ တစ်စုံတစ်ခု တံစိုးလာဘ်နဲ့ဖြစ်စေ၊ အခြားအရာနဲ့ဖြစ်စေ ဝင်ခွင့်ပြုရင် အားလုံးကို သတ်ပစ်မယ်လို့လည်း တစ်ချက်လွှတ်အမိန့် ထုတ်ခဲ့တာပါ၊ မိဖုရားကြီး လုံးဝ ဝင်ခွင့်မရှိတော့ပါဘူး"

"အကျဉ်းသားအနေနဲ့ အသက်ဆက်ဖို့ အခြားနည်းလမ်းများကော၊ ဥပမာ - ပါးကွက်သားတွေနဲ့ပဲ ပူးပေါင်းပြီး အစာရိက္ခာယူတာတို့ ဘာတို့ . . ."

"ဒါကိုလည်း တပည့်တော်နဲ့အတူ တပည့်တော်ရဲ့လက်ရုံးပုရောဟိတ် ဝဿကာရတို့နှစ်ဦးသား ပူးညှိပြီး ကြေးတိုက်မှူးနဲ့တကွ အမှုထမ်းတွေအားလုံးကို နည်းအမျိုးမျိုးနဲ့ စစ်ဆေးပြီးပါပြီ၊ လျှို့ဝှက်တဲ့နည်းလမ်း ဘာတစ်ခုမှ မရှိဘူး ဆရာအရှင်"

"မယုံနိုင်စရာပါလား . . . စကြီလျှောက်ပြီးတော့ ကျန်းမာနေတယ်၊ သန်စွမ်းနေတယ်၊ ဘာတဲ့ . . . ပြီးတော့ ကိုယ်ရေအရောင်အဝါများတောင် အရင်ကထက် စိုပြည်တင့်တယ်လို့တဲ့ . . . ဟုတ်လား . . အင်း . . ."

*(မှတ်ချက် - ဗိမ္ဗိသာရမင်းကြီးသည် ရရှိပြီးသော သောတာပတ္တိဖလသမာပတ်ကို မပြတ်ဝင်စားနေခြင်းကြောင့် ဤသို့ ကျန်းမာသန်စွမ်းကာ ကိုယ်ခန္ဓာ အတ္တဘောလည်း အရောင်အဝါ တင့်တယ်နေခြင်းဖြစ်ကြောင်း





ဒေဝဒတ်ရော အဇာတသတ်မင်းပါ မသိနိုင်ကြချေ။)

အတန်ကြာ ငြိမ်သက်နေမိကြ၏၊ ဆရာအရှင်သည် တအင်းအင်းဖြင့် ရေရွတ်ရင်း ဦးပြည်းကို ပွတ်လိုက်၊ နဖူးကို လက်ချောင်းများဖြင့် ခေါက်လိုက်ရှိနေ၏။ သည်းမခံနိုင်တော့သဖြင့် စကားပွင့်ထွက်သွားသည်၊

"တပည့်တော် . . . ဘာလုပ်ရမှာလဲ ဆရာအရှင်"

"မင်းလုပ်ရမယ့်အလုပ်ကို ငါ အခုတွေးနေတယ်၊ အကျဉ်းသားရဲ့ အဖြစ်ကို အဖြေရှာနေတယ်၊ အဲဒီအဖြေကို အခုပဲ ငါရပြီ။ မင်း လုပ်ရမှာက အမိန့်တော်တစ်ခု ထပ်ထုတ်ဖို့ပဲ"

"ဘယ်လိုအမိန့်တော်လဲ ဆရာအရှင်"

"နေဦး . . . အင်မတန်ရိုးစင်းတဲ့ အဖြေရှာနည်းကို ငါ ဦးစွာ ပြောပြမယ်၊ အကျဉ်းသားဟာ စကြီလျှောက်နေတယ်လို့ မင်းပြောတယ်နော်"

"ဟုတ်ပါတယ် ဆရာအရှင်"

"စကြီလျှောက်ရင် ဘာနဲ့လျှောက်သလဲ"

အမေးစကားကို နားမလည်သဖြင့် ငူငူငိုင်ငိုင်ဖြစ်သွား၏။

"ငါမေးတာကို ရိုးရိုးလေးတွေးပြီး ဖြေကြည့်လေကွယ်၊ အသက်ရှူရင် နှာခေါင်းပေါက်ကို သုံးတယ်၊ အစာရေစာ စားသုံးရင် နှုတ်ပါးစပ်ကို သုံးတယ်၊ တစ်စုံတစ်ခုကို ကိုင်တွယ်ရင် လက်ချောင်းတွေကို သုံးတယ် ဟုတ်တယ်မဟုတ်လား . . . ကိုင်း . . စကြီလျှောက်ရင် . . ."

"ခြေထောက်ကိုသုံးတာပေါ့ ဆရာအရှင်"

"အေးပေါ့ကွယ် . . . ဒါပေါ့ကွယ့်၊ ထပ်ပြောစမ်းပါဦး . . . ခြေထောက်မှာ ဘယ်အစိတ်အပိုင်းကို အဓိက သုံးသလဲ"

"ခြေဖဝါးတွေပေါ့ဘုရား . . . ခြေဖဝါးတွေ"

ပြောရင်းဖြင့် ဘွားခနဲ သဘောပေါက်သွား၏။

"ဟုတ်လိုက်လေခြင်းဘုရား . . . တပည့်တော် စိုးရိမ်စိတ်မွန်ပြီး ရိုးရိုးလေး မတွေးမိဖြစ်သွားပါတယ်၊ ခြေဖဝါးတွေနဲ့ စကြီလျှောက်နေတယ်၊ ဒီတော့ စကြီမလျှောက်နိုင်အောင် . . ."

"အေး . . . မင်းထုတ်ပြန်ရမယ့် အမိန့်တော်ကို တွေ့ပလား"

"အဲဒီခြေဖဝါးတွေကို"

ခေတ္တမျှစဉ်းစားပြီး အထိရောက်ဆုံးနည်းလမ်းကို ရရှိလိုက်၏။

"အဲဒီခြေဖဝါးတွေကို ဓားနဲ့မွှန်း၊ ဆီဆားလိမ်းသုတ်နယ်၊ ပြီးရင် ရဲရဲညီးညီး ရှားမီးကျီးနဲ့ တင်ကြ၊ ဒါ တပည့်တော်ထုတ်ရမယ့်အမိန့်တော်ပေါ့ ဆရာအရှင်"

"အင်း . . . ဒါဟာ အမှန်တော့ မဂမင်းမြတ်အနေနဲ့ မင်းက အမိန့်တော်ထုတ်တာမဟုတ်ဘူး၊ အကျဉ်းသားကိုယ်တိုင်ကိုက သူ့ကို ဒီလိုလုပ်ပါတော့လို့ တောင်းဆိုနေတဲ့အဖြစ်ပဲကွဲ့"

"တပည့်တော်ကို ခွင့်ပြုပါဦးဘုရား . . . နန်းတော်ကို ပြန်ပြီး သက်ဆိုင်ရာများကို ဆင့်ခေါ် စီစဉ်ရပါဦးမယ်"

"အေး . . . အေး . . . လုပ်စရာရှိတာကို မဆုတ်မဆိုင်း၊ မဖင့်မနွှဲဘဲ ချက်ချင်း လုပ်တာကိုက မင်းဇကရာဇ်လောင်းလျာတစ်ပါးရဲ့ ထက်မြက်နိုးကြားမှုပေါ့ကွယ်၊ ကဲ . . သွား . . သွား"

တစ်ညည့်လုံးနီးပါး မအိပ်စက်ခဲ့ရသော်လည်း ရာဇပြိုဟ်၏ နံနက်ခင်းလေပြည်ကို အဟုန်ပြင်းစွာ မောင်းနှင်နေသော မြင်းရထားထက်မှ အားပါးတရ ရှိုက်သွင်းရင်း လန်းဆန်းတက်ကြွနေ၏။

❊ ❊ ❊

ထက်မြစွာသော သင်ဓုန်းဓား၏အသွားသည် လက်လက်အရောင်တောက်နေ၏။ ဖြူဖွေးသော ဆားပွင့်များ ထည့်ထားသည့် အင်တုံခွက်သေးတွင် ဝါထိန်နေသော နနွင်းမှုန့်ခွက်ကို ယှဉ်တွဲချထား၏။ ကြွေပန်းကန်စောက်ထဲတွင် ထည့်ထားသော ဆီများက ပျစ်ချွဲနေ၏။

အခြားတစ်ဦးကမူ မီးစွဲစ ရှားမီးကျီးများ ထည့်ထားသည့် သတ္တုဒယ်ကို ကိုင်ထား၏။ မီးကျီးများမှ အလျှံညီးညီးရဲရဲ တောက်နေပြီး အပူရှိန်သည် မျက်နှာဆီသို့ လာဟပ်နေလေသည်။

"ဒါတွေကို ဘာဖြစ်လို့ ငံ့လာပြနေရတာလဲ၊ သွား . . . ယူသွားတော့ လုပ်စရာရှိတာလုပ်ကြတော့ . . . "

မိမိအသံကိုပင် မိမိ မမှတ်မိ။ အခြားတစ်ယောက်ယောက် သို့မဟုတ်





တစ်စုံတစ်ခု ဝင်ရောက်ပူးကပ်နေသည့် ခြောက်သွေ့ကွဲအက်နေသော အသံမျိုး။

ဆေတ္တာသည်သည် သင်ဓုန်းဓားကိုကိုင်လျက် ပါးကွက်သားများက ဆားနှင့်နနွင်းအင်တုံခွက်များကို ကိုင်လျက် ကြေးတိုက်မှူးက ရှားမီးကျီးခဲဒယ်ကို ကိုင်လျက် အလျှိုလျှို ထွက်သွားကြလေသည်။

သေရည်ခွက်ကို လှမ်းယူလိုက်ရင်း ဆရာအရှင်၏စကားသံကို ပြန်ကြားယောင်မိ၏။

"ဒါဟာ အမှန်တော့ မင်းက အမိန့်တော်ထုတ်တာ မဟုတ်ဘူး၊ အကျဉ်းသားကိုယ်တိုင်က သူ့ကို ဒီလိုလုပ်ပါလို့ တောင်းဆိုနေတဲ့အဖြစ်ပဲကွဲ့"

သေရည်ခွက်ကို နှုတ်ခမ်းတွင် တေ့လိုက်လေသည်။

အတိတ်ပန်းချီကားချပ်ကြီးသည် ဆေးရောင်စုံများဖြင့် တစ်စတစ်စ ရုပ်လုံးကြွလာပေပြီ။ ရုပ်ပုံတောက်ကြောင်းများနှင့် အနားသတ်မျဉ်းများလည်း တိကျ ထင်ရှားလာကြပြီ၊ ပြန်လည်အောက်မေ့ခြင်း စုတ်တံ၏အဖျားသည် ပုံကားချပ်၏ ထက်အောက်ဝဲယာတို့တွင် မနားမနေ လှုပ်ရှားခဲ့ပြီးပြီ။

ဆေးရောင်တို့၏ အနုအရင့် အမှိန်အပျော့သည် အလိုလိုပင် ချိန်သားကိုက်နေကြသည်၊ အငေးအနီး အကြီးအသေးပြကွက်များကလည်း အဆင်ပြေစွာ ပေါင်းစည်းနေကြသည်။ အသေးဆုံး အစက်အပြောက်ဖြစ်သော စုတ်တံဖျား၏ တို့ထိချက်သည်ပင်လျှင် သူ့အဓိပ္ပါယ်နှင့်သူ ပြည့်စုံဂုဏ်မြောက်လျက်ရှိသည်။

အတိတ်ဘဝ ပုံကားချပ်ကြီး ရုပ်လုံးကြွလာပြီ။

သို့သော် . . .

စုတ်တံသည် တစ်ခုခုက ဆောင့်ဆွဲဆုပ်ကိုင်ထားခြင်း ခံလိုက်ရသလို တစ်နေရာတွင် တုံ့ဆိုင်းရပ်တန့်သွား၏။ မရပ်မနား ပြေးလွှားနေသော စုတ်ဖျားသည် ထိုနေရာတွင် ဆက်လက်မလှုပ်ရှားနိုင် ဖြစ်သွား၏။

ထိုနေရာကား အနီရောင်ဖြင့်သာ ခြယ်မှုန်းရတော့မည့်နေရာ။

"ရေမြေ့ရှင်မင်းကြီး . . . အတိတ်ကို ရဲ့ရှိုးသားစွာ ရင်ဆိုင်လိုက်ပါ၊ သင့်ရဲ့နှလုံးထဲမှာ စူးဝင်နေတဲ့ အဲဒီဆူးတောက်လုံ့လျင်ကို ဆွဲထုတ်လိုက်ပါ၊ ထွက်ကျလာမယ့် နှလုံးသွေးတွေကို မမြင်ရဲ၊ မကြည့်ရဲ ဖြစ်မနေပါနဲ့ . . .



www.foreverspace.com.mm
www.foreverspace.com.mm

www.foreverspace.com.mm

အဲဒီနှလုံးသွေးကို ထိတို့ပြီးမှသာ အသင့်ရဲ့ အတိတ်ပန်းချီကားကို ဆက်လက်ရေးဆွဲနိုင်မှာဖြစ်တယ်၊ နောက်တွန့်မနေပါနဲ့၊ တုံ့ရပ်မနေပါနဲ့”

လင်းလက်ကြယ်ကလေးများဆီမှ အသံ။

“သာသနာ့ဒါယကာမင်းမြတ် . . . ဖြတ်သန်းပြီးခဲ့တဲ့ အတိတ်ကို ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်ဘူး၊ ဒီအတိတ်ပုံကားချပ်ဟာ သင်ကိုယ်တိုင်ရေးဆွဲခဲ့တာဖြစ်တယ်၊ ရှေ့ကို ဆက်လက်ရေးဆွဲနိုင်ဖို့နဲ့ သင့်ရဲ့ ရေးဆွဲလက်စ ပန်းချီကားချပ်ကြီး အပြီးသတ်နိုင်ဖို့ ဒီနေရာကို သင် ချန်လှပ် ကျော်လွှားသွားလို့ မရဘူး”

လေပြည်ညှင်း၏အသံ။

“အဇာတသတ်မင်းကြီး . . . မိမိစိုက်တဲ့ အပင်ရဲ့အသီးကို မိမိစားသုံးရမှာပဲ၊ မိမိပြုသော အမှုရဲ့ နောက်ဆက် သက်ရောက်မှုကို မိမိ လက်ခံရမှာပဲ၊ သင်ဟာ အနီရောင်သစ်ပင်ကို စိုက်ပျိုးခဲ့တာမို့ ဒီအပင်ကဖြစ်ပေါ်လာတဲ့ အနီရောင်အဖူးအငုံအပွင့်၊ အသီး၊ အနံ့တွေကို သင်ကိုယ်တိုင်ပဲ ခူးဆွတ်ရိတ်သိမ်းရပေလိမ့်မယ်”

ထီးတော် ဆည်းလည်းများ၏အသံ။

“အတိတ်ဘဝရဲ့ ရှုခင်း ရှုကွက်များကို အစဉ်တစိုက် ရေးဆွဲခဲ့ရမှာ သာယာလှပတဲ့ အရာတွေကိုချည်း ရွေးချယ်လို့ ဘယ်မှာရနိုင်မလဲ၊ အလင်းကွက်တွေချည်း ထိုးလို့ ဘယ်ရနိုင်မလဲ၊ အမှောင်ဘက်ခြမ်းတွေကိုပါ ရေးဆွဲရမှာပေါ့၊ ဒါမှသာလျှင် ဘဝပုံရိပ်ကားချပ်ဟာ ပြည့်စုံမှာပေါ့”

လဝန်း၏အသံ။

“သင် စခဲ့တဲ့ အလုပ်တစ်ခုကို ပြီးဆုံးအောင်လုပ်ဖို့သာ ရှိတယ်။ ခုလပ်မှာ ရပ်တန့်ပစ်ခြင်းဟာ ထွက်ပြေးခြင်းတစ်မျိုးပဲ”

ကျောက်သလင်းစကြို၏အသံ၊

မင်းကြီးသည် ပရုဂုဏ်တံတိုင်းကိုမှီရင်း ဒူးများ ခွေကျသွား၏။ အေးမြတိတ်ဆိတ်သော ညဉ့်သည် ပူလောင်ဆူညံခြင်းကို ဖေးနေ၏။

ဝေးလံရှည်လျားစွာ လျှောက်ခဲ့ရသော ခြေလှမ်းများက အားပြတ်ပုံလဲကာ ဗုန်းဗုန်းလဲကျချင်ကြပြီ။ ခရီးကား အမြင့်ပိုင်းဆီသို့ တဖြည်းဖြည်းရောက်လာ၏၊ အမြင့်ဆုံး တောင်ထွတ်များကို ဖြတ်ကျော်ရတော့မည်ဖြစ်၏။





www.foreverspace.com.mm

အခက်ခဲဆုံးနှင့် အကြမ်းတမ်းဆုံး ခရီးအပိုင်းအခြား။

အံသွားတို့ ကျိုးကြေမတတ် အံကိုကြိတ်လိုက်သည်။

တင်းတင်းဆုပ်ထားသော လက်သီးဆုပ်တွင် လက်ချောင်းများက လက်ဖဝါးအတွင်း စူးဝင်ကြတော့မည် ထင်ရသည်။

အရေးအကြီးဆုံးသောအပိုင်းကို ဖြတ်ကျော်ရတော့မည်၊

ရေးဆွဲနေသော အတိတ်ပန်းချီကားချပ်ကြီး၏ အနီရောင် အလွှမ်းမိုးဆုံး အစိတ်အပိုင်း။ တစ်ခွင်တစ်ပြင်လုံး နီမြန်းနေရမည့်နေရာ။ အနီရောင် . . . သွေးရောင် . . . ။

ထိုနေ့က . . . ။

မဂဓလက်နက် နိုင်ငံတော်ကြီး၏ တပ်မများ အဆင့်ဆင့်ဖွဲ့စည်းပုံကို ကြားနာစစ်ဆေးရင်း အတိုင်းမသိ တက်ကြွလန်းဆန်းနေခဲ့၏။

ဆိုင်ရာ စစ်ကဲများက ရထားတပ်၊ ဆင်တပ်၊ မြင်းတပ်နှင့် ခြေလျင်တပ် ဖွဲ့စည်းပုံများကို စာရင်းဇယားတို့ဖြင့် သံတော်ဦးတင်နေကြသည်။

မဂဓတိုင်း၏ လက်ရှိနယ်နိမိတ်အပိုင်းအခြားကို ရေးဆွဲပြသထားသော ပုံကားချပ်ကြီးက နံရံပြည့်မျှ နေရာယူထားသည်။ ပုံကားချပ်ထဲတွင် မြို့တော်ရာဇဂြိုဟ်ကို အဓိကဗဟိုပြုလျက် နိုင်ငံတော်အတွင်းရှိ မြို့ရွာဇနပုဒ်များ၊ တော၊ တောင်၊ မြစ်၊ ချောင်းများကို အသေးစိတ် ဖော်ပြထားသည်။

ကင်းတပ်မြို့များနှင့် နယ်စပ်တပ်ဖွဲ့များ၏ တည်နေရာကို အနီရောင်မျဉ်းစက်များဖြင့် ညွှန်းထားသည်။

မဂဓနိုင်ငံတော် ပုံကားချပ်နှင့်ယှဉ်လျက် ချိတ်ဆွဲထားသော သားရေချပ်ကား မဇ္ဈိမဒေသတစ်ခုလုံးကို ရေးဆွဲပြထားသော ပုံချပ်ဖြစ်လေသည်။ ပုံချပ်၏ ခေါင်းစီးထိပ်တွင် “တိုင်းကြီးသော ဥသကိုပြသော ပုံအညွှန်း” ဟု စာတမ်းရေးထိုးထားသည်။

အင်္ဂ၊ မဂဓ၊ ကာသိ၊ ကောသလ၊ ဝဇ္ဇီ၊ မလ္လ၊ ဝံသ၊ ကုရု၊ ပဥ္စာလ၊ ဂန္ဓာရ . . . ။ တိုင်းအလိုက် မြို့တော်များကိုလည်း ညွှန်ပြထားသည်။ ရာဇတို့ ထီးနန်းစိုက်သော ဒေသများကို ရွှေရောင်ပဝါခြည်များဖြင့် အမှတ်အသားပြုထားသည်။

ရာဇဂြိုဟ်နှင့် ကပိလဝတ်၏ အကွာအဝေး ယူဇနာခြောက်ဆယ်ကို

www.foreverspace.com.mm



လည်း တောလမ်းတောင်လမ်းများဖြင့် အသေးစိတ် ပြသည်။

မဂဓတိုင်းမှ အနောက်မြောက်ဘက် ဂန္ဓာရတိုင်း တက္ကသီလာအထိ ပေါက်သော ဥတ္တရပထ လမ်းမကြီးသည် ပုံကားချပ်ထဲ၌ ထင်းနေ၏။

အရှေ့မှ အနောက်သို့သွားသော ဤလမ်းမကြီး၏ ဝဲယာတို့၌ အလန္ဒာ၊ ပါဋလိပုတ်၊ ဗာရာဏသီ၊ ဂယာဂပတိဌာန၊ ကဏ္ဍကုဇ္ဇ၊ သင်္ကဿ၊ သေရေယျ၊ ဝေရဉ္စ၊ မထုရာ မြို့များကို အစဉ်အတိုင်း ပြထားလေသည်။

ထို့နောက် ဂင်္ဂါမြစ်ကြီးနှင့်တကွ အခြားမြစ်လက်တက်များ၊ မြစ်ငယ်များ၊ လှေဆိပ်များ၊

အရှေ့ဘက်တွင် စမ္ပါ၊ ထို့နောက် ရေလမ်းခရီးဖြင့် တာမရလိပ္ပတိ၊ ထိုမှသည် ပင်လယ်ရေကြောင်းဖြင့် ပေါက်ရောက်နိုင်သည့် သုဝဏ္ဏဘူမိ၊ ရာဇဂြိုဟ်မှ လေးဆယ့်ငါးယူဇနာဝေးသော သာဝတ္ထိ။

နံရံထက်ရှိ ပုံကားချပ်ကြီးများကို ကြည့်ရင်း မဂဓလက်နက်နိုင်ငံတော်၏ အကျယ်အဝန်းကို မှန်းဆတွက်ချက်နေမိ၏။

မဇ္ဈိမဒေသအလုံးနှင့် ဇမ္ဗူဒိပ်ကိုပါ ပိုင်စိုးမည့် မင်းဧကရာဇ်ဘဝကို မျှော်ခေါ်မှန်းဆနေမိ၏။ ကြီးမားကျယ်ပြန့်သော လက်နက်နိုင်ငံတော်ကြီး အတွင်း ဖြန့်ကျက်သက်ရောက်မည့် ဘုန်းတန်ခိုးအာဏာ ရာဇာဓိရာဇာ၊ မင်းတကာတို့ထက် မင်း၊ ဘယ်လောက်ခံ့မင်တပ်မက်ဖွယ်ပေနည်း။

စစ်ကဲမင်းများ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ သံတော်ဦး တင်ပြီး သွားကြ၏။ အလှည့်ပြီးသော စစ်ကဲမင်းများသည် နံရံတွင်ကပ်ထားသော ထိုင်ခုံတန်းလျားရှည်သို့ သွားထိုင်နေကြသည်။

ဗြာဟ္မဏပုရောဟိတ်များအလှည့် ရောက်လာ၏။

လက်နက်နိုင်ငံတော် ချဲ့ထွင်ရေးတွင် လိုအပ်သော အဆောင်အယောင် အစီအမံများကို သူတို့ သံတော်ဦးတင်ကြဦးမည်။ သူတို့ပြီးလျှင် ရေကြောင်း၊ ကြည်းကြောင်း ကုန်သွယ်လုပ်ငန်းအတွက် ကျွမ်းကျင်သော ပညာရှိအမတ်များအလှည့်။ သူတို့ပြီးလျှင် . . .

“အရေးတကြီး သဝဏ်နှစ်ခုအတွက် အမတ်နှစ်ဦးက ဝင်ခွင့်တောင်းနေပါတယ် ဘုရင်မင်းမြတ်”

နန်းရင်းဝန်ကြီး၏ တင်ချက်ကြောင့် ဗြာဟ္မဏတစ်ဦး အစီရင်ခံ သံ





တော်ဦးတင်နေသောစကားမှာ တစ်ဝက်တစ်ပျက် ရပ်သွား၏။

“ဘယ်က အမတ်နှစ်ဦးလဲ”

“ဒေဝီမိဖုရား စံနန်းတော်ရဲ့ အိမ်တော်ဝန်နဲ့ ကြေးတိုက်ဝန်ပါ ဘုရင်မင်းမြတ်”

“ဘာများပါလိမ့် . . . အထဲခေါ်လိုက်”

အမတ်နှစ်ဦးတို့ ဝင်လာကြသည်။ သူတို့အမူအရာမှာ အကဲမရ၊ အရေးတကြီးနိုင်လှသည်။ ရှေ့မှောက်တွင် နေရာယူကြပြီးနောက်တွင်လည်း တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်နေကြပြန်သည်၊ ထို့နောက် အိမ်တော်ဝန်က သဝဏ်လွှာကို နားခံတော်မှူးဆီသို့ လက်ကမ်းလိုက်လေသည်။

နားခံတော်မှူးက သဝဏ်လွှာကို ဖြန့်သည်။

နားစွင့်ထားလိုက်၏။

“မဂဓပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဦးခိုက်တင်လျှောက်ပါသည်၊ မဟေသီခေါင်ဖုရားသည် ယနေ့မှာပင် မဂဓနန်းညွန့်နန်းလျာ သားတော်ရင်သွေးငယ်ကို အောင်မြင်ချောမောစွာ မီးရှူးသန့်စင် ဖွားမြင်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ မိဖုရားကြီးနှင့်တကွ သားတော်ရင်သွေးတို့ နှစ်ပါးစလုံး ကျန်းမာချမ်းသာ ရှိကြပါကြောင်း”

နားခံတော်မှူး၏ဖတ်သံ ပြီးဆုံးသွား၏။

သို့သော် ရင်ထဲသို့ ရိုက်ခတ်သွားသော အသံတစ်သံကမူကား မစဲစတမ်း ပဲ့တင်မြည်နေလေသည်။

“သား . . . သား . . . ”

ထိုအသံသည် နှလုံးအိမ်မှသည် တစ်ကိုယ်လုံးရှိ သွေးကြောများဆီသို့ တဖန်လည်း တစ်ကိုယ်လုံးရှိ သွေးကြောများမှ နှလုံးအိမ်ဆီသို့ အပြန်ပြန် အလှန်လှန် အထပ်ထပ်အခါခါ။

တစ်ခါမှ မခံစားရဖူးသော ထူးခြားလွန်းသည့် ဝေဒနာ၊ မဂဓလက်နက်နိုင်ငံတော် ဧကရာဇ်အဖြစ် စောစောလေးကမှ ခံစားတက်ကြွခဲ့ရသော ဝေဒနာနှင့်လည်း မတူ၊ စစ်ကဲမှူးများ၊ ပုရောဟိတ်များ၏ အနာဂတ်ရှေ့ရေးဆွေးနွေးသံကို ကြားနာခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော အားရရွှင်လန်းမှုမျိုးနှင့်လည်း မတူ။

ရတနာပုံစာအုပ်တိုက်

ထူးဆန်းလှဘိခြင်း။

လက်နက်နိုင်ငံသခင် မဇ္ဈိမဒေသအားလုံး၏ အရှင်၊ ဘုရင် စကြာဝတေးဘဝကို မျှော်မှန်းခံစားကြည့်ရင်း ရခဲ့သော တက်ကြွမှုတို့သည် ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားကြပေပြီ။

သား . . . သား . . . သား . . .

အို . . .၊ ဒေဝီသည် ငါ့အတွက် သားတစ်ယောက်ကို ဖွားမြင်ပေးလိုက်ပါပြီကော၊ ငါ့ရဲ့သား . . .၊ ငါ့သွေး၊ ငါ့သား။

ပြင်းစွာသော ချစ်ခြင်းသည် ရိုးတွင်းချဉ်ဆီသို့တိုင် ခိုက်၏။ မမြင်ရသေးပါဘဲလျက် သား ဖွားမြင်ပြီဟူသောသတင်းစကား ကြားရရုံဖြင့်ပင် ပီတိအဟုန်ဖြင့် ချောက်ချားလာ၏။

"သား . . . သား . . .၊ ငါ့ရဲ့သား"

အလိုလေး . . . ငါဟာ ဖခင်တစ်ယောက်ဖြစ်ပါပြီကော၊ ငါ့မှာ သားတစ်ယောက်ရခဲ့ပြီကော၊ မိန်းမောခြင်းထဲတွင် စူးရှသော အလင်းရောင်အပြောက်ကလေးကို တွေ့မြင်နေရ၏။ ထိုသေးငယ်သော အလင်းစက်ဝန်းအပြောက်ကလေးသည် နှလုံး၏ နက်လှစွာသော တစ်နေရာ၌ စတင်ထွန်းလင်း၏၊ ထိုအလင်းစက်မှ ဖြန့်ထွက်ဖြာဝေသော အလင်းရောင်သည် တစ်မုဟုတ်ချင်းပင် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာ၏၊ အခြားမဲ့၌မူကား မိမိကိုယ်သဏ္ဌာန်ကို ကျော်လွန်ထိုးဖောက်လျက် ကမ္ဘာလောကတစ်ခုလုံးသို့တိုင် လင်းထိန် တောက်ပသွားစေတော့သည်။

အလင်းရောင်ပိုင်ရှင်ကား . . . သား . . .။

သည်းပွတ်နှလုံးသည် မမြင်ရသော စွမ်းအားတစ်ခု၏ ဆုပ်နယ်ဖျစ်ညှစ်ခြင်းကို ခံလိုက်ရ၏၊ သား . . . တဲ့။ ငါ့သွေးကဖြစ်တဲ့ ငါ့ရဲ့သား။ ဟောဒီကမ္ဘာလောကမှာ ငါ့ကိုယ်စားငါ့ကိုယ်ပွား ပေါ်ပေါက်လာတဲ့သား၊ ငါကိုယ်တိုင်ပဲ နောက်တစ်ယောက် ထပ်ဖြစ်ပေါ်လာစေဦးတော့ ဒီလောက်အထိ ချစ်နိုင်ဖွယ်မရှိသည့် သား။

ဟင့်အင်း . . . ငါဟာ ရာဇဂြိုဟ်ပြည့်ရှင် မဂဓတိုင်းသခင် မဟုတ်တော့ဘူး။ ငါဟာ မဇ္ဈိမဒေသရဲ့ လက်နက်နိုင်ငံစကြာဝတေး မဟုတ်တော့ဘူး။ အဲဒါတွေဟာ မပြည့်စုံသေးဘူး။ ငါဟာ သားရဲ့ဖခင်၊ ဟုတ်တယ်။ ဒါဟာ





အပြည့်အစုံဆုံး ငါ။

ငါ့ရဲ့သား . . . ငါ့ရဲ့ အနာဂတ်၊ ငါ့ရဲ့ကမ္ဘာလောက၊ ငါ့ရဲ့နိုင်ငံတော်၊ ငါ့ရဲ့အချိန်ကာလ၊ ငါနဲ့ပတ်သက်သမျှ အလုံးစုံသော အမိပ္ပါယ်တို့ ပေါင်းဆုံဖြစ်ထွန်းရာ . . . ငါ့ရဲ့သား . . .။

အို . . . ငါချစ်လိုက်ရတာပါလား။

ငါ့သားကို ငါချစ်လိုက်ရတာပါလား . . .။

သားတစ်ယောက်ရဲ့ ဖခင်ဖြစ်ရတဲ့ ဘဝဟာ အပြည့်စုံဆုံးဘဝပါလား၊ ငါ့သား သို့မဟုတ် ငါ့ဘဝ၊ ငါ့အသက်ဝိညာဉ် . . .

ဖခင်ရဲ့သား။ သားရဲ့ ဖခင် . . .၊

ထိုခဏမှာပင် . . .

သန္တာန်တစ်ခုလုံး၌ လင်းထိန်တောက်ပနေသော ချစ်ခြင်းအလင်းရောင်ကြီးသည် သိမ့်ခနဲတစ်ချက် လှုပ်သွား၏။

အလိုလေး . . . ဒါဘာလဲ။

ချစ်ခြင်းအလင်းရောင် စက်ဝန်းထဲ၌ ပိုမိုစူးရှ တောက်ပသော အလင်းတစ်ခု ရုတ်ခြည်းပေါ်လာချေသည်။ ဘာလဲ . . . ဒါ ဘာလဲ၊ အလင်းစက်ဝန်းထဲမှ ထိုးထွက်လာသော အလင်းတစ်ခု။

ထိုအလင်းတန်း၏ အနားရေးမှ တရှိန်ရှိန်တောက်ပနေသော အရောင်တို့သည် ကွန့်မြူးပွားများလာကြ၏။ အခြားမဲ့၌မူကား ထိုအရောင်တို့သည် အသံတစ်သံအဖြစ်သို့ ပြောင်းလဲသွားလေသည်။

"ငါ့ကို ဖွားမြင်တုန်းကလည်း ငါ့ဖခင်ရဲ့စိတ်သန္တာန်နဲ့ နှလုံးအိမ်မှာ အခု ငါခံစားရသလို ခံစားရပေမှာပဲ"

မမြင်ရသေးသော သားငယ်၏မျက်နှာရုပ်သွင်တွင် မိမိ၏ မျက်နှာကို တွေ့လိုက်ရ၏။ ထိုမျက်နှာနှင့်ယှဉ်လျက် ပေါ်လာသည့်မျက်နှာကား ဖခင်၏ မျက်နှာ၊ ခမည်းတော်၏မျက်နှာ။

အလိုလေး . . . ငါရယ်၊ ငါ့သားရယ်။

ပြီးတော့ . . . ငါရယ်၊ ငါ့ခမည်းတော်ရယ်။

ခမည်းတော်ကြီးဟာ ငါ့ရဲ့ဖခင်၊

ခမည်းတော်ကြီး ဘယ်မှာလဲ . . . သူ အခု ဘယ်မှာလဲ . . .

အို . . . သူ့ကို ငါ ကြေးတိုက်ထဲ သွင်းထားတာပါလား . . .
ငါ့သားကို ချစ်တဲ့ ငါ့လို၊ ငါ့ကိုချစ်တဲ့ ငါ့ဖခင်ကြီး . . .
ဝမ်းခေါင်းသံကြီးဖြင့် ဟစ်လိုက်မိ၏။
"ခမည်းတော်ကိုလွှတ်လိုက် . . . အခုလွှတ်လိုက်ကြတော့"

❊ ❊ ❊

ကြေးတိုက်ဝန် ယခုမှ လှုပ်ရှားလာ၏။ လက်ထဲမှ သဝဏ်ကို နားခံတော်မှူးထံ ကမ်းသည်။ နားခံတော်မှူးက သဝဏ်ကို မဖြန့်။
ဆို့ဆို့နစ်နစ်အသံ ပေါ်လာ၏။
"ခမည်းတော်မင်းတရားကြီးကို လွှတ်လို့မရတော့ပါဘူး အရှင်"
"ဘာ . . ဘာပြောတယ်၊ ငါအမိန့်ပေးနေတယ်၊ ငါ့ခမည်းတော်ကို အခု လွှတ်လိုက်ကြစမ်း"
"သဝဏ်ကို ကိုယ်တော်တိုင် ဖတ်ရှုတော်မူပါအရှင်"
မဖြန့်သေးဘဲထားသော သဝဏ်ကို နားခံတော်မှူးက ကမ်းလင့်ပေးသည်၊ သဝဏ်လိပ်ကို လှမ်းဆွဲယူလိုက်သည်။ ဖြန့်လိုက်သည်။
"မင်းတရားကြီးသည် ယနေ့လျှင်ပင် ကံတော်ကုန်သွားပြီဖြစ် . . ."
သဝဏ်ပေါ်မှ အက္ခရာများကို မမြင်နိုင်တော့။ အလုံးစုံသော မြင်ကွင်းသည် ဝေဝါး မှုန်မှိုင်းသွား၏။ မိုက်ခနဲဖြစ်သွားသော တစ်ဒင်္ဂအဆုံးဝယ် အက်ကွဲနေသော အသံတစ်သံ ထွက်သွား၏။
"မယ်မယ် . . . ဘယ်မှာလဲ . . . မယ်မယ်ဆီကို ငါ အခုသွားမယ်၊ ဖယ်စမ်း . . . ဖယ်ကြစမ်း၊ မယ်မယ့်ဆီကို ငါသွား . . ."
ရှုးသွပ်သောကစင့်ကလျားခြေလှမ်းများဖြင့် နန်းဆောင်ထဲမှ ပြေးထွက်ခဲ့လေသည်။

❊ ❊ ❊

"ဩော် . . . မင်း ရောက်လာပြီကိုး"
ဖွေးဖွေးဖြူနေသော ဆံပင်များကြောင့် မယ်မယ်ကို ရုတ်တရက်





မမှတ်မိ။ တိုးတိမ်အေးစက်သောအသံနှင့် မှုန်သီဖျော့တော့သော မျက်လုံးများကို အသေအချာ ဂရုစိုက်မိတော့မှပင် မယ်မယ်မှန်း သိလာရ၏။ အို . . . မယ်မယ်ဟာ ဒီလောက်အထိ အိုမင်းသွားရသတဲ့လား။
သလွန်ပေါ်တွင် သစ်သားရုပ်တစ်ရုပ်လို ပုံကျနေသည့် မယ်မယ်သည် "ဩော် . . . မင်းရောက်လာပြီကိုး" ဟု ဆိုကာ အဝေးဆီသို့ ကြည့်နေလေသည်။ မယ်မယ့်လက်ထဲတွင် တွန့်ကြေနေသော သဝဏ်နှစ်ခု။ မယ်တော်ကြီးသည် နောက်ထပ်စကား မဆက်တော့။
အလိုလိုပင် သလွန်ရှေ့၌ ဒူးထောက်ကျသွား၏။
"သား . . . အခုပဲ လွှတ်မိန့်ပေးခဲ့ပါတယ် မယ်မယ်၊ ဒါပေမဲ့ . . ."
စကား ရှေ့မဆက်နိုင်။
"အေး . . . ဒါပေမဲ့ မင်းနောက်ကျသွားပြီ မဟုတ်လား အဇာတသတ္တု"
မယ်မယ့်အသံသည် မြားတံများအဖြစ် ထိုးစိုက်ဝင်လာကြ၏။
ရုတ်တရက် ဖြစ်ပေါ်လာသော ဆန္ဒမှာ သားအမိနှစ်ယောက် ဖက်၍ အားပါးတရ ငိုကြွေးလိုက်ချင်သောဆန္ဒပင် ဖြစ်၏။ သို့သော် မယ်မယ်သည် ဖျော့တော့အေးစက်နေပါလား။
"မယ် . . . မယ်"
ခေါ်သာခေါ်လိုက်မိသော်လည်း ဘာဆက်ပြောရမှန်း မသိ။ အကြောပြိုင်းပြိုင်း အရိုးပေါ်အရေတင် မယ်မယ့်လက်ကို ဖမ်းယူဆုပ်ကိုင်မိ၏။ ထိုလက်များနွေးထွေးခြင်း အလျဉ်းကင်းနေကြလေသည်။
"မယ် . . . မယ်"
လှည့်မကြည့်။ အဝေးဆီသို့ ကြည့်နေသော ဝေသီမှုန်မှိုင်း မျက်လုံးများ၌လည်း မျက်ရည်များမရှိ။ အရေးအကြောင်းတို့ ယှက်မွှာသော ပါးပြင်ပေါ်မှာလည်း မျက်ရည်စများ မရှိ။
ငိုကြွေးခြင်းကို လွတ်မြောက်သွားပြီလား . . . မယ်မယ်၊
"သား . . . သီချင်တာလေးတစ်ခုကို ဖြေပေးမလား မယ်မယ်"
"မင်းက ဘာသိချင်သေးတာလဲ အဇာတသတ်၊ သိချင်သေးတာလို့ မင့်မှာ ရှိသေးလို့လား"

www.foreverspace.com.mm



သလွန်ရှေ့တွင် ကြုံ့ဝင်သေးငယ်သွားပြီဟု ခံစားလိုက်ရသည်။

သို့သော် . . .

“သားကိုဖွားမြင်တုန်းက ခမည်းတော်ဟာ အခု သားခံစားရသလို ခံစားခဲ့ရဖူးသလားဆိုတာ . . .”

စကားလုံးများ တစင့်ကလျားနိုင်လှ၏။

“မင်းက အခု ဘယ်လိုခံစားနေရလို့လဲ အဇာတသတ်”

“သားမှာ သားလေးတစ်ယောက် ရနေပြီဆိုတော့ . . . ဟို . . သား လေးဖွားမြင်ပြီဆိုတာ သိလိုက်တာနဲ့ပဲ သားတစ်ကိုယ်လုံးမှာ ပြောမပြနိုင်အောင် ချစ်ခြင်းကြီးစွာနဲ့ တုန်လှုပ်နေတယ် မယ်မယ်၊ သားဆိုတဲ့အသံ ကြားရတဲ့ ဖခင် တစ်ယောက်ဟာ ဒီလိုပဲလား”

တစ်ချိန်လုံးလုံး ငဲ့စောင်းကြည့်ဖော်မရဘဲ မျက်နှာလွှဲနေခဲ့ရာမှ ရှူးခနဲ မယ်မယ်လှည့်အကြည့်ကြောင့် စကားမဆက်ဝံ့ဘဲ ရပ်သွား၏။

မယ်မယ်၏ မျက်လုံးများဆီမှ မိမိကို တစ်ခါမျှ မတွေ့ဖူးသော အကြည့်မျိုးကို ရင်ဆိုင်လိုက်ရသည်။

အံ့ဩသော ထိုနောက် ဝေးကွာသော သူစိမ်းတစ်ရံဆံအကြည့်။

“လူမိုက်”

မယ်မယ့်နှုတ်မှ တိုးတိမ်စွာ ထွက်ကျလာသောစကားလုံးဖြစ်၏။

“မင့်လက်တွေကို ရှေ့ထုတ်လိုက်စမ်း”

အိုမင်းယွင်းယိုနေသော အဘွားအိုတစ်ယောက်၏ အမိန့်အောက် ဝယ် မဂဓဘုရင်မင်းမြတ်သည် အင်အားချည့်နဲ့စွာ နာခံရလေသည်၊

“မင့် လက်ျာဘက် လက်ညှိုးကို ကြည့်လိုက်စမ်း”

လက်ျာလက်ညှိုးကို ကြည့်လိုက်၏။ တစ်နန်းတော်လုံး တစ်တိုင်းပြည်လုံးကို ဤလက်ညှိုးဖြင့်ပင် ညွှန်၍ အမိန့်တော်များ တစ်ခုပြီးတစ်ခု ထုတ်ပြန်ခဲ့၏။

ဤလက်ညှိုးသည် ရာဇအာဏာ၏ သင်္ကေတ။

“လက်ညှိုးထိပ်ဟာ တခြားလက်ချောင်းတွေလို လုံးဝန်းညီညာမရှိဘဲ နည်းနည်းစောင်းနိမ့်နေတာ တွေ့လား”

“တွေ့ပါတယ် . . . မယ်မယ်”



www.foreverspace.com.mm



“အေး . . . မင်းငယ်စဉ် ရင်ခွင်ပိုက်အရွယ်က အဲဒီလက်မှာ ခူနာ စွဲခဲ့တယ်၊ လက်အနာကိုက်လို့ မင်း စူးစူးဝါးဝါး ငိုတော့ ငါနဲ့တကွ အထိန်းတော် အချော့တော်တွေ အမျိုးမျိုး ချော့ကြတယ်၊ မင်း အငိုမတိတ်ခဲ့ဘူး၊ နောက်ဆုံး တော့ မင်းကို မင့်ဖခင်ဆီ ခေါ်သွားခဲ့တယ်၊ ဒီအချိန်မှာ မင့်ဖခင်ဟာ တရား လွှတ်ရုံးသဘင်မှာ တရားစီရင်နေချိန်”

ကလေးငိုသံဖြင့် ကျွက်ကျွက်ညံနေသော လွှတ်ရုံးခန်းမ၊ မယ်တော် က လှမ်းပေးလိုက်သဖြင့် လွှတ်ရုံးပလ္လင်ထက်မှပင် သားကို လှမ်းယူလိုက်သော ခမည်းတော် . . .

“အို . . . ခူနာက ပြည်သွေးတွေနဲ့ တင်းပြီး အနာရင်းနေတာပဲ၊ ကလေးမှာ အနာကိုက်တာကို ဘယ်ခံနိုင်ပါ့မလဲကွယ်၊ နေဦးကွဲ့ . . . ဒီအနာ ဟာ ပေါက်ကာနီးလေလေ ပိုပြီး ကိုက်ခဲလေလေပဲ၊ ဒီလိုအချိန်မှာ အနွေးဓာတ် ကလေးနဲ့ဆိုရင် ကလေး သက်သာမှာပေါ့၊ အို . . . ဟုတ်ပြီလို့ ပြောပြောဆိုဆို နဲ့ပဲ မင့်ဖခင်ဟာလေ မင့်လက်ညှိုးကို သူ့ခံတွင်းထဲ ထည့်ငုံလိုက်တယ်”

ငိုသံတိတ်သွားသဖြင့် တရားလွှတ်ရုံး ငြိမ်သက်သွားသည်၊

“အနွေးဓာတ်ကြောင့် အကိုက်သက်သာသွားတဲ့ မင်းဟာ အငိုတိတ် သွားတယ်၊ အိပ်ပျော်သွားတယ်၊ မင်း နိုးသွားမှာစိုးလို့ . . . ပြီးတော့ အနာပြန် ကိုက်မှာစိုးလို့ မင့်ဖခင်ဟာ လက်ညှိုးကို ငုံမြဲငုံ၊ မင်းကို ရင်ခွင်ထဲ ပွေ့မြဲ ပွေ့ ထားရတယ်၊ နောက်တော့ . . .”

အေးစက်လွန်းစွာ တစ်လုံးချင်းပြောနေသော မယ်မယ့်အသံသည် ပြိုပျက်စပြုလာ၏၊

“အာခံတွင်းရဲ့ အပူငွေ့ကြောင့် မင့်လက်ညှိုး ခူနာဟာ သူ့ခံတွင်းထဲ မှာပဲ ပြည်ပေါက်သွားတယ်၊ ဒီအခါမှာ . . .”

မယ်မယ့်အသံ နစ်သွားသည်၊ နှုတ်ခမ်းများ ဆတ်ဆတ်တုန်လာ သည်၊ ကြိုးစားအားယူနေရသော မျက်နှာပြင်တစ်ခုလုံး လှုပ်နေသည်။

“သွေးပုပ်ပြည်ပုပ်တွေ ရောနှောနေတဲ့ အဲဒီအနာရည်တွေကို သူ ထွေးမပစ်ဘဲ မင်းလက်ညှိုးကို ခံတွင်းကနေ မထုတ်ဘဲ သူ မြိုချပစ်လိုက်တယ်၊ မင်း နိုးသွားမှာစိုးလို့တဲ့လေ . . . အဲဒါဟာ အခု ကံကုန်သွားတဲ့ မင့်ဖခင်ကြီး ပဲ . . . အဲဒါဟာ သူ့သားအပေါ် သူဘယ်လောက်ချစ်တယ်ဆိုတဲ့ ဖခင်ကြီးရဲ့

တစ်ခုသော ဖြစ်ရပ်လေးပဲ၊ မင်း သိချင်တာ သိရပြီလား အဇာတသတ်”

သားရဲတိရစ္ဆာန်တစ်ကောင်၏ အသံမျိုး မိမိထံမှ ထွက်သွားသည်ဟု ထင်လိုက်၏။ မှိန်းလှုံ့တံ လည်မျိုသို့ ထုတ်ချင်းခတ် စွဲဝင်သော သားရဲတိရစ္ဆာန်တစ်ကောင် ဖြစ်မည်။ ကိုယ့်အသံကိုပင် ကိုယ် မမှတ်မိ၊

မယ်မယ့်ခြေရင်းတွင် ပစ်လဲကျသွားသလား၊ သလွန်ခြေထောက်နှင့် ဦးခေါင်း ပြေးဆောင့်မိသလား၊ မယ်မယ့်ခြေဖမိုးပေါ်သို့ မျက်နှာအပ်မိသလား။ မယ်မယ့်ခြေဖမိုးတစ်ခုလုံး ပူလောင်သော မျက်ရည်တွေ စိုရွှဲသွားသလား။

ဆရာအရှင်ဒေဝဒတ်၏ တပည့်ရင်း မင်းသားငယ်ဘဝ၊ ထိုမှသည် နှုပ်ဖျိုတက်ကြွသော ဥပရာဇာဘဝ။ ထိုမှသည် သက်ဦးဆံပိုင် မဂဓဘုရင်ဘဝ။ ထိုထိုသော ဘဝ ဘဝများဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားသော တစ်သက်တာတွင် တစ်ခါမှ မရေရွတ်ခဲ့ဖူးသည့် စကားသုံးလုံးသည် ဖျစ်ဖျစ်မြည် ကွဲကျေသွားသော နှလုံးထဲမှ ပေါ်ထွက်လာ၏။

“ငါ . . . မှား . . . ပြီ”

❊ ❊ ❊

ကြေးမုံပြင်ရှေ့တွင် ရပ်မိပြန်လေပြီ။

ချောင်ကျနေသော နားထင်နားရင်းဖျား အထက်တွင် ဆံစတို့ ဖွာရရာကြဲနေကြ၏။ မည်းနက်နေဆဲ ဖြစ်သော်လည်း နှုတ်ခမ်းမွေး ကျင်စွယ်သည် ကော့ပျံကြွမနေဘဲ မိုးမိသော ရှဉ့်တစ်ကောင်၏အမြီးလို ဖြစ်နေ၏။ မျက်ဝန်းအိမ်များမှာ အရောင်အဝါတင်းမဲ့နေပြီး မျက်ဖြူဆံသားများ၌ နီရဲသော အကြောမျှင်လေးများ ယှက်သမ်းနေကြ၏။

ကြေကွဲခြင်း၊ ငိုကြွေးခြင်းတို့ဖြင့် အခါခါ ထုထောင်းခံနေရသော ရုပ်သွင်သည် ရက်ပိုင်းအတွင်းမှာပင် ဤမျှ အိုစနာကျသွားရသတဲ့လား။

ကြေးမုံပြင်သည် မဂဓနိုင်ငံတော်သခင် ရာဇဂြိုဟ်ထီးနန်းအရှင် ဘုရင်မင်းမြတ်၏ ရုပ်ပုံအစား သောကဖြင့် တောက်လောင်နွမ်းနယ်နေသော ယောကျ်ားတစ်ယောက်ရုပ်ပုံကိုသာ ဖော်ပြနေလေသည်။

ဤရုပ်ပုံသည် စက်ဆုပ်ဖွယ်လည်းဖြစ်၏။ ရှက်ဖွယ်လည်း ဖြစ်၏။





မမြင်အပ် မကြည့်အပ်သော ရုပ်ပုံလည်းဖြစ်၏။

ဒါ လက်နက်နိုင်ငံတော် ဇကေရာဇ်လောင်းလျာရဲ့ရုပ်ပုံမှ မဟုတ်ဘဲ၊ ဒါဟာ နောင်တတွေနဲ့ ယူကျုံးမရဖြစ်နေတဲ့ အပူသည် ယောကျ်ားတစ်ယောက်ရဲ့ပုံပဲ။

ဟော့ . . . ကြေးမုံပြင်၊ ဒီလိုရုပ်မျိုးနဲ့ မင်း မတွေ့ပြန်နဲ့၊

ကြေကွဲနေသောနှလုံးကို ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်လိုက်၏။

ဘုရင်ဇကေရာဇ်တစ်ပါးဟာ ဒီလိုမဖြစ်ရဘူး။ ပျော့ညံ့သိမ်ဖျင်း မနေရဘူး၊ ဒီလိုဖြစ်နေတဲ့ ဘုရင်တစ်ပါးရဲ့ ရာဇအာဏာနဲ့ သက်ဦးဆံပိုင်ဆိုတာဟာလည်း ဘယ်မှာလာပြီး ခွန်အားရှိနိုင်တော့မလဲ၊

မင်းဟာ မဂဓဘုရင်၊ မင်းဟာ ရာဇဂြိုဟ်ရဲ့ မကိုဋ်သရဖူ၊ မင်းရုပ်သွင်ကို ပြောင်းပစ်လိုက်စမ်းဟော့။ အဲဒီရုပ်သွင်ကို ပြောင်းပစ်ဖို့ ချည့်နဲ့နေတဲ့နှလုံးကိုလည်း ပြောင်းပစ်လိုက်စမ်းဟော့ . . . ၊

ဘာနဲ့ ပြောင်းလဲပစ်မလဲ။ ဂီတ၊ အဆို၊ အက သွားစမ်း။ တွေဝေယစ်မူးစေတတ်တဲ့ အဲဒီသုခမသဘာင်တွေ မလာနဲ့။ ဒါဖြင့် ပဏ္ဍိတ်ဟူးရား ပညာရှိတွေနဲ့ စကားစမြည်ပြောဆိုနေခြင်းတော၊ အို . . . ဒါလည်း အလကားပဲ။ တစ်နန်းတော်လုံးမှာ နှုတ်ခံတွင်းဟပြီး အသံပီပီနဲ့ ပြောရဲတဲ့အမတ် ဘယ်မှာရှိလို့လဲ၊ ဒါဆိုရင် တောလိုက်စကားထွက်ခြင်းတော အင်း . . . ဒါ နည်းနည်းနီးစပ်တယ်။ လှုပ်လှုပ်ရှားရှားနဲ့ သွေးဆူနိုင်တယ်၊ ဒါပေမဲ့ ဒါဟာလည်း ပျော်ရွှင်ဖွယ်ကစားနည်းတစ်ခုသာ ဖြစ်တယ်။

တစ်ခုပြီးတစ်ခု စဉ်းစားမိ၏။

မဂဓတိုင်းအတွင်း ခရီးလှည့်လည်ခြင်း၊ စစ်ရေးသေနင်္ဂလေ့ကျင့်ခြင်း၊ ဆင်တိုက်ပွဲများ ရှုစားခြင်း . . . တစ်ခုမှ စိတ်တိုင်းကျဖွယ်မရှိ၊ စိတ်လှုပ်ရှားပြောင်းလွဲစရာတွေ ဖြစ်သော်လည်း နှလုံးကို ခွန်အားသစ်တွေဖြင့် တက်ကြွသစ်လွင်လာစေသည်အထိ ထိရောက်သောနည်းလမ်းများ မဟုတ်ကြ။

ထိုစဉ် . . . ငုပ်လျှိုးနေသော တစ်စုံတစ်ရာသည် ဘွားခနဲ ပေါ်လာလေသည်။

ထိုအရာသည် လွန်ခဲ့သော နှစ်ကာလ အတန်ကြာကပင် နှလုံးထဲ၌ စွဲထင်ခဲ့သောအရာ ဖြစ်၏။ အခွင့်အခါ မကြုံသေးသဖြင့် အိပ်စက်ငိုက်မျဉ်း

www.foreverspace.com.mm



နေသောအရာဖြစ်၏။ ယခုတော့ သူ နိုးထလာပြီ။

ကောင်းလိုက်သည့် နိုးထခြင်းပေပဲ။

ချည့်နဲ့သော နှလုံးကိုလည်း ပူနွေးနီမြန်းလာစေသည်။ ကြေကွဲမှုကိုလည်း တိုက်ဖျက်ပစ်နိုင်သည်။ ရာဇအာဏာကိုလည်း ပိုမိုထက်မြအောင် သွေးပေးရာရောက်သည်။

ဘုရင်တစ်ပါးဟူသော အဖြစ်ကိုလည်း ထပ်မံ ရုပ်လုံးကြွစေသည်။ ပြီးတော့ ယခုမှ ဖန်တီးယူရမည့် အသစ်မဟုတ်။ မူလကတည်းက ရှိထားနှင့်ပြီးသား ကြီးဝါးသံ။ ထိုအသံ ပြန်လည်ကျယ်လောင်လာပေပြီ။

လွန်ခဲ့သည့် နှစ်အနည်းငယ်က အသံ။

"ငါ့ထက် တစ်ဆင့်နိမ့်တဲ့ ဝသာမျိုးနွယ်ဖြစ်ပါရက်နဲ့၊ ကြည်စမ်း . . . နေတော့လည်း ရတနာခုနစ်ပါးအတိပြီးတဲ့ ဘုံခုနစ်ဆင့်ပြာသာဒ်။ စားတော့လည်း မြောက်ကျွန်းဆန်၊ သုံးတော့လည်း ကျောက်မျက်အလင်းရောင်၊ ငါမင်း စကြာဝဠာဖြစ်လာတဲ့ တစ်နေ့မှာ သင် ဒီလိုမနေစေရဘူး ဇောတိကသူဌေး"

ကြေးမုံပြင်ရှေ့မှ ခွာလိုက်၏။

ထို့နောက် တစ်ဖန်ပြန်၍ ရှေ့တွင် ရပ်လိုက်ကာ ကြေးမုံပြင်ကို ပြောလိုက်၏။

"နောက်များ မကြာမီမှာ သင်ဟာ အဇာတသတ်ဘုရင်ရဲ့ တကယ့်ပကတိရုပ်သွင်ကို ပြန်ထင်ဟပ်စေရမည် မှတ်ထား"

❊ ❊ ❊

ဝရုန်းသုန်းကားဖြစ်နေသော တပ်ဖွဲ့ကြီးကို ဆင်ပေါ်မှ ကြည့်ရင်း တအံ့တသြဖြစ်သွား၏။ ဇောတိကသူဌေး၏ ပြာသာဒ်ဘုံနန်းကို ချီတက်တိုက်ခိုက်ဖို့ လွှတ်လိုက်သည့်တပ်ဦးသည် ဘာကြောင့် ဖရိုဖရဲ လန့်ထွက်လာရလေသနည်း။

မကြာမီပင် စစ်ကဲတစ်ဦးထံမှ သတင်းပို့ချက် လျှောက်တင်လာသည်။

"ဇောတိကသူဌေးရဲ့ စံအိမ်တံတိုင်းရှေ့ ရောက်တယ်ဆိုရင်ပဲ ကျွန်





တော်မျိုးတို့နဲ့ ဆတူ အင်အားကြီးမားတဲ့တပ်ကြီးက ကျွန်တော်မျိုးတို့ရဲ့ ချီတက်စစ်ဆင်ပုံအတိုင်း တုံ့ပြန်တွန်းလှန်တာမို့ တပ်ဦးပျက်ပြီး ဖရိုဖရဲဖြစ်ကုန်ပါတယ် အရှင်"

"နောက်ထပ် တပ်တွေ ဆက်တက်ခိုင်း၊ ပထမတံခါးမှန်ကို အရင်သိမ်း"

စစ်ကဲ ပြန်ထွက်သွား၏။ သို့သော် . . .

ကစင့်ကလျား ပြန်ထွက်စင်လာသော တပ်များသာလျှင် အနီးသို့ ရောက်လာလေသည်။

မြင်းဟီသံ၊ ဆင်အော်သံနှင့်အတူ၊ ဆိုင်ရာ စစ်မှူးတို့၏ မထိရောက်သော တံပိုးသံများ ဆူညံရှုပ်ထွေးသွားသည်။ နားမလည်နိုင်စရာဖြစ်ရပ်ပင်။

ရန်သူ မင်းတစ်ပါးပါး၏ တပ်မကြီးနှင့် စစ်မြေပြင်တွင် ရင်ဆိုင်တိုက်ရသော စစ်ပွဲကြီးမျိုး မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ရာဇဂြိုဟ်တပ်များ ဤမျှ ကသောင်းကနင်း ဖြစ်နေသတည်း။

ကိုယ်တိုင် စီးလာသော တိုက်ဆင်ကြီး၏ ဝဲယာရှေ့နောက်တွင် သွေးပျက်ထိတ်လန့်သော စစ်သည်များဖြင့် ရှုပ်ရှက်ခတ်နေ၏။

အမိန့်ပေးမည့် ဗိုလ်များလည်း ထို ကစင့်ကလျား ရဲမက်များအကြား နစ်မြုပ်နေပြီး သူတို့ကိုယ်တိုင်ပင် ဦးတည့်ရာပြေးနေကြသည်။

နောက်ဆုံးတွင်ကား စစ်လန့်သော အသံဗလံ ပေါင်းစုံတို့ဖြင့် တပ်မကြီးတစ်ခုလုံး ထိန်းမနိုင်သိမ်းမရ ဖြစ်သွားလေသည်။

ဦးတင်းမှ ချွန်းကိုင်ရဲမက်၏ အော်သံကို ကြားလိုက်ရ၏။

"ဆင်တော်ကို ထိန်းလို့မရတော့ဘူးအရှင်"

ပုခက်သည် သိမ့်သိမ့်လှုပ်နေ၏။

တိုက်ဆင်ကြီးလည်း သွေးလန့်သွားပြီ။ အန္တရာယ်အကြီးဆုံးအချိန်ဖြစ်သည်။

အသံတစ်သံ ပေါ်လာသည်။

"မြင်းပေါ်ကို ပြောင်းစီးပါ အရှင်၊ ဒီနေရာက ပြေးမှဖြစ်တော့မယ်"

ဆင်ပေါ်မှ မြင်းထက်သို့ ဘယ်ပုံ ရောက်ခဲ့မှန်းမသိတော့။ တစ်ဟုန်ထိုး ကဆုန်ဆိုင်းပြေးနေသော မြင်း၏ ဇက်ကိုလည်း မထိန်းနိုင်တော့။

www.foreverspace.com.mm



မည်သည့်အရပ်သို့ ဦးတည်ကဆုန်ဆိုင်းနေမှန်းလည်း မသိတော့ပေ။ လေး၊ မြား၊ ဓား၊ ပုဆိန်တစ်ချက်မျှ ပစ်ခတ်ထိုးခုတ်ခြင်း မပြုလိုက်ရဘဲ ထူးဆန်းစွာ တပ်ပျက်သွားရခြင်း ဖြစ်ချေသည်။

❊ ❊ ❊

တရိပ်ရိပ်ပြေးနေသော မြင်းပေါ်မှပင် သင်းကို လှမ်းတွေ့လိုက်ရသည်။ မြင်းဇက်ကို အားကုန်ဆွဲလိုက်၏။ ထိုအခါမှပင် ဝေဠုဝန်ကျောင်းတိုက်ပရဝုဏ်အနီးသို့ ရောက်နေကြောင်း သတိထားမိတော့သည်။

ဇောတိကသူဌေးသည် ကျောင်းတိုက်လှေကားမှ ဆင်းလာ၏။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူအဝတ်ကို ဝတ်လျက်၊ ပခုံးတွင် ရှားနှစ်ရောင်တဘက်ကို ရစ်သိုင်းလျက် လာနေသော သူ့အသွင်မှာ ဘာကိုမှ မသိသလိုပုံမျိုး။ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

သူဌေး၏ ခြေလှမ်းများလည်း ရပ်သွား၏။ ရင်ဆိုင်မိကြပြီ။

"ဘုရင်မင်းမြတ် . . . အကြောင်းကိစ္စ မည်သို့ရှိပါသလဲ"

ဒေါသက အပြင်းအထန် ပေါက်ကွဲသွားသော အေးဆေးသက်သာဖြစ်နေသော သူ့အမူအရာမှာ စော်ကားမော်ကားနိုင်လှ၏။

"သူဌေး . . . သင့်လူတွေကို စစ်ထိုးခိုင်းပြီး သင်က ဒီမှာ ကျောင်းတိုက်ကိုလာပြီး တရားနာသလိုလို ဘာလိုလိုပုံမျိုးနဲ့ သင်လုပ်နေသလား . . . စံအိမ်မှာ စစ်တပ်တွေ ထားတယ်ဆိုတာ ဘုရင့်အာဏာကို ပုန်ကန်တာပဲဆိုတာ သင် နားမလည်ဘူးလား"

ဇောတိကသူဌေး အနည်းငယ်မျှ တွေဝေသွားပြီး . . .

"ဩော် . . . အရှင်မင်းကြီး ကျွန်ုပ်အိမ်ကို သိမ်းယူဖို့ သွားခဲ့သကိုး"

"အေး . . . ဟုတ်တယ် ငါသွားခဲ့တယ်"

ဝေါက်ငမ်းပြောလိုက်ပြီးမှ ရှေ့ဆက်ရန် စကားမရှိဖြစ်နေ၏။

"ဘုရင်မင်းမြတ် . . . ကျွန်ုပ်ရဲ့သဘောဆန္ဒမပါဘဲ ကျွန်ုပ်ရဲ့အိမ်ကို သိမ်းယူဖို့ဆိုတာ အရှင်တစ်ပါးတည်း မဆိုထားနဲ့၊ မင်းအပေါင်းပေါင်း ထောင်ချီ ခေါ်သိကြီတပ်နဲ့ သိမ်းတောင် သိမ်းလို့မရပါဘူး"



www.foreverspace.com.mm



မောက်မာစော်ကားလွန်းသော သူဌေးကို နေရာမှာပင် အမှုန့်အညက် ချေပစ်လိုက်ချင်၏။

သို့သော် တပ်ကြီးပျက်၍ ကစင့်ကလျားဖြစ်ခဲ့ရခြင်းက ပူပူနွေးနွေးပင် ရှိသေးသည်။

"ဩ . . . ဇောတိက၊ မင်းက ဘုရင်ဖြစ်မယ့်သူမို့လား . . . မင်း အခုပြောနေသူဟာ မဂဓဘုရင်ဆိုတာ မေ့နေသလား"

အမျက်စကားလုံးတို့ဖြင့်သာ တုံ့ပြန်နိုင်သောအဖြစ်။

"ဘုရင်မင်းမြတ် . . . ကျွန်ုပ်ဟာ မင်းဘုရင်မဟုတ်ပါ၊ ရာဇ မဟုတ်ပါ၊ ဒါပေမဲ့ ကျွန်ုပ်သဘောမပါရင် ကျွန်ုပ်ရဲ့ပစ္စည်းဥစ္စာ မြိတ်ဆာချည်တစ်မျှင်မျှ မင်းများ ခိုးသူများ သိမ်းပိုက်တိုက်ယူလို့ မရနိုင်ပါဘူး"

သူ့အသွင်က အေးဆေးသက်သာ ရှိသော်လည်း ပြောနေသောစကားများကမူ မကိုင်ရှုသရဖူကို စိန်ခေါ်သည့်အသုံးအနှုန်းများ ဖြစ်ချေသည်။

"ဒီမှာ ဇောတိက . . မင်းသဘောတူမှ ငါက ယူရမှာတဲ့လား"

သင်းက စိန်ခေါ်လေသောအခါ ကိုယ်ကလည်း ရှိုင်းရှိုင်းပျပျပင် ပြောရပေမည်။

"ငါ . . . မဂဓပြည့်ရှင် ဘုရင်ပဲ၊ ငါ သက်ဦးဆံပိုင် အာဏာရှင်ပဲ၊ ငါဟာ ရာဇာပဲ၊ မင့်ပစ္စည်းကို မင်း အလိုမတူပေမယ့် ငါ ယူနိုင်တယ်၊ ယူခွင့်ရှိတယ်၊ ယူလို့ရတယ်"

ဘယ်လောက် မခံချင်စရာ ကောင်းသနည်း၊ ဇောတိကသည် ပြုံးများပင် ပြုံးလိုက်သေး၏။ ထို့နောက် . . .

"ဒါဆိုရင် . . . ဘုရင်မင်းမြတ်"

သူ့လက်အစုံကို ရှေ့သို့ ဆန့်ထုတ်နေသည်။ ဘာအဓိပ္ပါယ်နည်း။

"ကျွန်ုပ်ရဲ့ ဟောဒီလက်ဆယ်ချောင်းမှာ လက်စွပ်အကွင်း နှစ်ဆယ်ရှိနေပါတယ်၊ ကျွန်ုပ်ရဲ့ စကားကို နားစိုက်လိုက်ပါ။ ဟောဒီ လက်စွပ်များကို မဂဓဘုရင်ထံ ကျွန်ုပ် မပေးဘူး၊ ကိုင်း . . . စွမ်းနိုင်ရင် အရှင်မင်းကြီး ဖြုတ်ယူပါ"

'တောက်'တစ်ချက် ပြင်းပြင်းခေါက်မိ၏။

❊ ❊ ❊

www.foreverspace.com.mm



ဒေဝီသမ်းလင့်ပေးသော သားငယ်ကို ပွေ့ယူလိုက်သည်။

ဥဒယဘဒ္ဒ သားတော်ငယ်လေးက ပြုံးကြည့်နေ၏။ သားငယ်၏ အပြုံးကား အပြစ်ကင်းလေစွ။ ငုံရာမှ ပွင့်ကာစ ပွင့်ချပ်တစ်ခုနှယ် နူးညံ့လှစွာသော ပါးပြင်စူံ့စူံ့လေးသည် နှင်းဆီနုရောင် ပြေးနေ၏။ သန္တာခဲ နှုတ်ခမ်းသေးသေးလေးထက်မှ အပြုံးကား နှင်းရည်ဆွတ်သော ဝတ်ဆံကလေးပင် ဖြစ်ပေလိမ့်မည်။

ချစ်မြတ်နိုးဖွယ်အတိဖြစ်သော ကလေးငယ်၏အပြုံးရှေ့မှောက်ဝယ် မရယ်နိုင် မပြုံးနိုင်သော ဖခင်တစ်ဦး၏ ညှိုးနွမ်းသည့်မျက်နှာ ရှိနေလေသည်။ သား၏အပြုံးကိုသော်မှ ဖခမည်းတော်က ပြန်မတုံ့နိုင်သည့်အဖြစ်။

"ဇေတိက သူဌေးကြီးရဲ့စံအိမ်ကို မောင်တော်ဘုရင်မင်းမြတ် တိုက်ခိုက်သိမ်းယူလိုက်တဲ့ကိစ္စ ဘယ်လိုနေသေးလဲဟင်"

မိဖုရား၏ အမှတ်မထင် အမေးတွင် တုန်လှုပ်သွား၏။

မည်သို့ ဖြေရမည်နည်း။ အပြစ်ကင်းသောအပြုံးရှင်သားငယ်နှင့် ရိုးသားကြည်လင်စွာ မေးခွန်းထုတ်နေသော မိဖုရားရှေ့တွင် ကိုယ့်ကိုယ်ကို မနည်းကြီး ဆောက်တည်ထားရသည်ကို ကိုယ်တိုင်သာ အသိဆုံးဖြစ်၏။

ဇေတိက၏ လက်ချောင်းများမှ လက်စွပ်တွေကို ချွတ်မရခဲ့သော အဖြစ်။ ထို့နောက် "အရှင်အလိုတော်ရှိရင် ဝတ်လဲတော်ကို ဖြန့်ခံပါ"ဟု ဆိုကာ သူ့လက်ချောင်းတွေကို အောက်စိုက်လိုက်ရုံမျှဖြင့် တစ်ကွင်းပြီးတစ်ကွင်း ဖြည်းဖြည်းကျလာသောအဖြစ်။ ထို့နောက် . . . ရဟန်းပြုပါရစေတော့ဟု မိမိထံ ခွင့်ပန်ကာ သူဌေးကြီးဘဝကို အပြီးအပိုင် စွန့်လွှတ်သွားသောအဖြစ် . . . ထို့နောက်မူကား . . .။

"အို . . . အခုမှပဲ ငါ့ရဲ့ ရည်ရွယ်ရင်း အထမြောက်ပေတာကလား။ သင်းမရှိတော့ဘူးဆိုတော့ သင်းရဲ့ စံအိမ်စည်းစိမ်ကို ငါ အလွယ်သိမ်းလို့ ရပြီပေါ့"

ဟု ကြုံးဝါးကာ စံအိမ်တော် ဘုံပြာသာဒ်ဆီ ချီတက်သွားခဲ့သော်လည်း ဘုံခုနစ်ဆင့် ပြာသာဒ်စံအိမ်၊ တံတိုင်းခုနစ်ထပ်နှင့်တကွ သူ့မယားမြောက်ကျွန်းသူဆိုသည့် မိန်းမချောပါ ထူးဆန်းစွာ ပျောက်ကွယ်သွားသည့်အဖြစ်။



www.foreverspace.com.mm



ဥသုံ လုံးဝ ရှုံးနိမ့်ခဲ့ရသော အရှုံးပွဲ။

မိဖုရား မေးချေပြီ။ ဘယ်သို့ ဖြေရမည်နည်း။

"အို . . . ဇေတိကဟာ ကြောက်စရာကောင်းတဲ့ မှော်ဆရာကြီးပဲ၊ သူ့ရဲ့ စံအိမ်တို့ စည်းစိမ်တို့ဆိုတာဟာလည်း ပဥ္စလက်မှော်အတတ်နဲ့ လှည့်စားထားတာနေမှာပါ၊ သူလည်း အခု ဂေါတမဗုဒ္ဓဆီမှာ ရဟန်းပြုသွားပါပြီ၊ ဒီသူဌေး အကြောင်း မမေးနဲ့တော့" ဟု ကောက်ကာငင်ကာ ဖြေလိုက်ရ၏။

"ဘယ်လို . . . ပဥ္စလက် မှော်အတတ်တဲ့လဲ မောင်တော်ဘုရင်မင်းမြတ်"

မသိသား ဆိုးရွားလှသော မိဖုရားကို လှမ်းကြည့်လိုက်သည်။ သို့သော် ထိုအခိုက်မှာပင် ရင်ခွင်ထဲရှိ သားငယ်ဆီမှ ဝါးခနဲငိုသံ ပေါ်လာ၏။

ဥဒယဘဒ္ဒ သားငယ်လေးသည် ဖခင်၏ မျက်လုံးများကို စိုက်ကြည့်ရင်းမှ ငိုချလိုက်ခြင်းပင်။ မိဖုရားသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ အထိန်းအယရံရွေများလည်း လှုပ်ခတ်သွားကြလေသည်၊ ဘာကြောင့်များ သူတို့ ကလေးငယ်တစ်ယောက်ငိုသံကြောင့် သည်မျှ ကြွေပျက်နေကြသလဲ မသိ။

"သားတော်လေးဟာ အမြဲပဲ ရယ်ပြုံးပြီး ထူးထူးဝါးဝါး နေရှာတာ၊ တစ်ခါမှ ဒီလို အလန့်တကြား ငိုဖူးတယ်မရှိဘူး၊ ဘာဖြစ်လို့ပါလိမ့် . . . ပေး ပေး. . မောင်တော်"

မိဖုရားက ရင်ခွင်ထဲမှသားကို စိုးရိမ်တကြီး လှမ်းယူသည်။ ပွေ့ပိုက်လျက် အိုအေးရွတ်သည်။ သားငယ် ချက်ချင်း အငိုတိတ်သွားလေသည်။

အဆောင်ထဲရှိ ရံရွေများ ကိုယ်လုပ်တော်များအားလုံး၏ အကြည့်သည် မိမိထံ စုပြုံရောက်ရှိလာကြ၏။

မဂဓထီးနန်းသခင် အနေရခက်လှသည်၊ ပြုံးရယ် မြူးထူးနေသော သားကို အလန့်တကြား ဟစ်ငိုစေလောက်အောင် ဖခင်ဖြစ်သောမိမိ ဘယ်သို့ ပြုမိပါလိမ့်။

သားသည် အဖရင်ခွင်ကို ရင်ခွင်ဟု မထင်လေရော့သလား၊ မေတ္တာ၏ ငြိမ်းအေးခြင်း၊ သို့မဟုတ် နွေးထွေးခြင်းကို သား မသိလေရော့သလား။

နုနယ်လွန်းသော ပန်းကလေးတစ်ပွင့်မို့ ပူပြင်းသောရင်ငွေ့ဒဏ်ကို မခံနိုင်လေရော့သလား။ အလိုလေး . . . သူဌေးတစ်ယောက်ရှေ့တွင်လည်း

www.foreverspace.com.mm

ကျဆုံးခဲ့ရသော မဂဓဘုရင်သည် သားတစ်ယောက်ရှေ့မှာလည်း မအောင်မြင်သောဖခင် ဖြစ်ခဲ့ပြီလား . . . ။

ဆောက်တည်ရာ အဘယ်မှာနည်း၊

"ဆရာအရှင်ဒေဝဒတ် လေသာဆောင်မှာ ရောက်ရှိနေပါတယ် အရှင်"

မင်းချင်းတစ်ယောက်က လျှောက်တင်သည်။

ဆရာအရှင်၊ အို . . . ဟုတ်ပေသားပဲ၊ အကျဉ်းအကျပ်တစ်ခုခု တွေ့လေတိုင်း အလိုလိုရောက်လာတတ်သော ဆရာအရှင်ကို ထိပ်မံ၍ ကြည်ညိုလေးစား ကျေးဇူးထားလိုက်ရပြန်သည်။

ဆရာအရှင် ဘာကြောင့် ညကြီးမင်းကြီး ရောက်လာသလဲမသိ။ မည်သို့ဆိုစေ ဝါးခနဲ လန့်ငိုရာမှ ပကတိအငိုတိတ်သွားသော သားနှင့် ထူးဆန်းအံ့သြဖွယ်အဖြစ်တွေ ငေးစိုက်ကြည့်နေကြသော မိဖုရားနှင့် ရံရွေတို့၏ ရှေ့မှောက်မှ ထွက်ပြေးထွက်ခွာခွင့်ရခဲ့သည်တော့ အမှန်ဖြစ်၏။

"ငါ အခုပဲလာပြီလို့ ဆရာအရှင်ကို လျှောက်ထားနှင့်"

လှည့်အထွက်တွင် သားကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။

သားတော်လေး ဥဒယဘဒ္ဒသည် သူ့မယ်မယ်ရင်ခွင်ထဲ၌ ချစ်စဖွယ် ငြိမ်းရယ်လျက်။

❊ ❊ ❊

"မဂဓဘုရင် . . . သင့်ကြည့်ရတာ ပိုပြီး ရင့်ကျက်ခံ့ညားလာတယ်၊ ဟိုတုန်းက ဥပရာဇာဘဝနဲ့ ဘုရင်ဖြစ်ကာစ အချိန်တုန်းကလို နုနယ်ပျိုမျစ်ခြင်း မရှိတော့ဘဲ အဲဒီလူငယ်တစ်ယောက်နေရာမှာ ရင့်ကျက်တဲ့ မင်းယောကျ်ားကြီးတစ်ဦး ရောက်လာတယ်"

ဆရာအရှင်က တွေ့တွေ့ချင်း ပြောသည်။ ဆရာ့စကားမှာ စင်စစ် လောကွတ်စကားပင်ဖြစ်၏။

မဂဓဘုရင်မင်းမြတ်သည် ရင့်ကျက်ခံ့ညားနေခြင်း မဟုတ်ဘဲ ညှိုးချုံးနွမ်းရော်နေခြင်းသာဖြစ်ကြောင်း ဆရာသိလျက်နှင့် လောကွတ်ဆိုခြင်းဖြစ်မည်။





www.foreverspace.com.mm

"အကြောင်းကိစ္စ ဘယ်သို့ပါလဲ ဆရာအရှင်"

စကားအထွေအထူ ပြောမနေချင်သဖြင့် လိုရင်းကိုမေးလိုက်၏။

အမှန်တော့ ဂယာသီသသို့ မိမိမရောက်တာလည်း ကြာခဲ့ပြီ၊ ဆရာအရှင်လည်း နန်းတော်သို့ မကြွလာသည်မှာ ကြာခဲ့ပြီ။

ဆရာအရှင်က နီးနားဝန်းကျင်သို့ ဝေ့ဝိုက်ကြည့်သည်။ နေ့ခင်းအလင်းရောင် ကောင်းစွာမပြတ်တတ်သေးသော နန်းဆောင်တွင်း၌ အမှုထမ်းတို့က ဆီမီးများကို စောစီးစွာ ထွန်းညှိထားသဖြင့် နီကြန်ကြန်ဖြစ်နေ၏။

ထို နီကြန်ကြန်အလင်းရောင်သည် ဆရာအရှင်၏မျက်နှာတစ်ခြမ်းကို အလင်းတစ်ဝက် ပက်ကြဲပေးထားပြီး ကျန်တစ်ခြမ်းကမူ အမှောင်ရိပ်ထဲ ကျရောက်နေလေသည်။

ဆရာ၏ ဝေ့ဝိုက်အကြည့်ကို နားလည်လိုက်ပြီး . . .

"အနီးဆုံး တံခါးစောင့်ရဲမက်တော်မှ ဟိုဘက်စင်္ကြံဝမှာ ရှိနေပါတယ်၊ ဒီနေရာက အသံကို ဘယ်သူမှ မကြားနိုင်ပါဘူး ဆရာအရှင်"

"အေး . . . ကောင်းတယ်"

ဆရာက ရှေ့သို့ကိုင်းညွတ်လိုက်၏။ ရုံထားသောသင်္ကန်းမှာ ဖိုးရိုးဖားရားဖြင့် ပခုံးပေါ်မှ အိကျလာသည်။

ထိုအခါမှပင် ဆီမီးတိုင်အလင်းအောက်၌ ပေါ်လာသော ဆရာ့မျက်နှာကို အပြည့်အဝ မြင်ရ၏။ မမှတ်မိနိုင်စရာပင်ဖြစ်သည်၊

ဆရာသည် ရက်ပိုင်းလပိုင်း အတွင်းမှာပင် ရင့်ထော်အိုမင်း သွားချေသည်၊ မြွေများ ခြံရံလျက် 'ငါ ဒေဝဒတ်' ဟု ပြောကာ ရောက်လာခဲ့စဉ်က ရုပ်သဏ္ဌာန်မျိုး လုံးဝ မဟုတ်တော့ပြီ။

"မဂဓဘုရင် . . . သင့်ကိစ္စကတော့ အလုံးစုံအောင်မြင်ခဲ့ပြီ၊ ငါ့မှာ အထွတ်အထိပ်ရောက်ဖို့ လက်တစ်ကမ်းစာ လိုနေသေးတယ်၊ ဒီအတွက် ငါ လာတာပဲ"

စိတ်မသက်သာစွာ နားထောင်နေ၏။

ဆရာအရှင်သာမဟုတ်ဘဲ အခြားသူတစ်ယောက်ဆိုလျှင် နန်းဆောင်တွင်းမှ နှင်ထုတ်ပစ်လိုက်မိမည်ဖြစ်သည်၊

"မဂဓဘုရင်"

www.foreverspace.com.mm



ဆရာက လေသံကို နှိမ့်လိုက်၏၊ ဤအမူအရာမျိုးကိုတော့ ကောင်းစွာ မှတ်မိနေဆဲပင်။ အရေးကြီးသော လျှို့ဝှက်သော အကြံအစည်တစ်ခုခုကို ဖွင့်ဟတော့မည်ဆိုတိုင်း ဆရာ၏လေသံသည် ဤသို့ဖြစ်သွားကာ မျက်စိသူငယ်အိမ်များလည်း ကျဉ်းမြောင်းသွားတတ်၏။

ဤအသံနှင့် ဤအမူအရာမျိုးအောက်ဝယ် ယခင်ကဆိုလျှင် မိမိသည် ပြားပြားဝပ် ရှိခဲ့၏။ ဆရာ့ထံမှ စကားဘယ်သို့ထွက်လာမည်နည်းဟု ရင်တလှပ်လှပ်ဖြင့် နားစွင့်ခဲ့ရ၏။

ယခုမူကား အဘယ်သို့ ဖြစ်လေသည်မသိ။ ဆရာ့ကြောင့်လား၊ မိမိကြောင့်လား၊ နှစ်ဦးစလုံးကြောင့်လား၊ သို့တည်းမဟုတ် အခြေအနေကြောင့်လား၊ ဆရာအသံနှင့် အမူအရာသည် မိမိကို ဆွဲဆောင်နိုင်စွမ်း မရှိတော့ပြီ။

သို့သော် ဆရာအရှင်သည် ဆရာအရှင်သာဖြစ်၏၊ ထို့ပြင် ဆရာ့ထံ၌ မိမိ မသိနိုင်စွမ်းသော လျှို့ဝှက်နက်နဲသည့် တန်ခိုးဣဒ္ဓိပါဒ် စွမ်းပကားများ ရှိနေနိုင်သေးသည်၊ အစဉ်တစိုက် ကြောက်ရွံ့လေးစားခဲ့ခြင်း လှံ့ကောက်သွားက နှလုံးတွင် အစွဲအမြဲ စူးဝင်ခဲ့ပြီးပြီ။

"မဂဓဘုရင် . . . သင့်မှာ မဂဓလက်နက်နိုင်ငံတော်အတွက် အမြဲတမ်း လေ့ကျင့်ပြင်ဆင်ထားတဲ့ သူရဲကောင်းတပ်ဖွဲ့တွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ် ဆရာအရှင်"

"အဲဒီအထဲမှာ လေးသည်ကျော်တွေလည်း ပါတယ်မဟုတ်လား'

"ပါပါတယ် ဆရာအရှင်"

"အဲဒီအထဲက အကောင်းဆုံး လေးသည်ကျော် လက်ရွေးစင်တွေကို ငါ လိုချင်တယ်"

ဘာကြောင့်ပါလဲဟု မမေးချင်တော့၊ မေးရန်လည်း မလိုတော့။

"အကောင်းဆုံး လက်ရွေးစင် လေးသည်ကျော် ရာနဲ့ချီရှိပါတယ် ဆရာအရှင်"

"အို . . . အို . . . ရာနဲ့ချီပြီး ငါ မလိုချင်ပါဘူး၊ နေဦး . . . အဲ. . . ပထမတစ်ယောက်၊ နောက်ထပ် သူ့အတွက်က နှစ်ယောက်၊ အဲဒီနှစ်ယောက်အတွက်က လေးယောက်ဆိုတော့ . . . နေဦးကွယ့်"

ဆရာအရှင်သည် လက်ချောင်းများကို ချိုး၍ ရေတွက်နေ၏။ ထို့



www.foreverspace.com.mm



နောက် သလွန်ပေါ်တွင်လည်း လက်ချောင်းဖြင့် ခြစ်ကာ ရေတွက်ပြန်၏။

"အင်း . . . ပဥ္စမအသုတ်အထိ ဆိုတော့ စုစုပေါင်း သုံးဆယ့်တစ်ယောက်လိုတယ်၊ ဟုတ်တယ် သုံးဆယ့်တစ်ယောက်ပဲ ငါလိုချင်တယ်"

"ရပါစေမယ် ဆရာအရှင်"

"လေးသည်ကျော် သုံးဆယ့်တစ်ယောက်ကို မြားကျည်တောက်ထဲမှာ မြားအပြည့်နဲ့ အဆင်သင့် ရှိနေကြပစေ"

"ဘယ်နေ့ ဘယ်အချိန်မှာ အလိုရှိပါသလဲ ဆရာအရှင်"

"အခု"

ပြေကျနေသော သင်္ကန်းကို ဆရာ လုံးထွေး၍ ရုံလိုက်၏။

ထို့နောက် မြွေတွန်သံနှယ်သို့သောအသံမျိုးက ဆရာ၏ သွားကြားထဲမှ စကားလုံးများအဖြစ် ထွက်ပေါ်လာသည်၊

"ဗုဒ္ဓကို ငါ လုပ်ကြံမလို့၊ ကိုင်း . . . သင့်လေးသည်ကျော်တွေကို ဆင့်ခေါ်ခိုင်းလိုက်"

❊ ❊ ❊

ပုရောဟိတ် ဝဿကာရ၏မျက်နှာသည် ခါတိုင်းလိုပင် ခံစားချက်ကင်းမဲ့သော မျက်နှာသေဖြစ်၏။ ရေခဲပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော အသံမျိုးဖြင့် သူ စကားပြောပုံကလည်း ပကတိ အေးစက်စက်၊

"ဆရာဒေဝဒတ်က ပထမလေးသည်ကျော်ကို လွှတ်ပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓရှေ့မှာ သူဟာ ချောက်ချားပြီး တောင့်တောင့်ကြီး ရပ်နေပါတယ်၊ ညှို့မှာ မြားတပ်ဖို့ဝေးစွ၊ ကျည်တောက်ထဲက မြားကိုတောင် သူ မထုတ်နိုင်ပါဘူး၊ နောက်ဆုံးတော့ သူဟာ ဗုဒ္ဓရဲ့ခြေရင်း ရောက်သွားပါတယ်၊ ဗုဒ္ဓက သူ့ရဲ့အပြန်လမ်းကို လမ်းကြောင်းလွှဲပေးလိုက်ပါတယ် အရှင်"

ဝဿကာရက သူကိုယ်တိုင် မြင်ခဲ့ရသည့်အလား အသေးစိတ် လျှောက်တင်နေသည်။ သို့သော် သူ့အမူအရာမှာ မိမိနှင့် ဘာမျှမဆိုင်သော ပွဲကြည့်ပရိသတ်တစ်ယောက်၏ သွေးအေးသောအသွင်မျိုး ဖြစ်၏၊

"ဒီလိုနဲ့ပဲ ဒုတိယအသုတ် လေးသည်ကျော်နှစ်ယောက် တတိယ

www.foreverspace.com.mm



အသုတ် လေးယောက်၊ စတုတ္ထအသုတ် ရှစ်ယောက်။ ပဥ္စမအသုတ် တစ်ဆယ့်ခြောက်ယောက်တို့ဟာ ဗုဒ္ဓရဲ့ ညွှန်ပြမှုကြောင့် အပြန်လမ်းတွေ လွဲချော်ကုန်ကြပါတယ်၊ ဒီအခါမှာ ဆရာဒေဝဒတ်ရဲ့ အစီအမံဟာ လုံးဝ အထမမြောက်တော့ပါဘူး အရှင်"

"နေဦး . . . ဆရာအရှင်ရဲ့ အစီအမံက"

"ဗုဒ္ဓကို မြားနဲ့ခွင်းပြီးတဲ့ ပထမလေးသည်ကျော်ကို ဒုတိယအသုတ် နှစ်ယောက်က အပြန်မှာ အဆုံးစီရင်၊ အဲဒီနှစ်ယောက်အပြန်မှာ တတိယအသုတ် လေးယောက်က အဆုံးစီရင်၊ ဒီလိုနည်းနဲ့ လက်စတုံးဖို့ စီမံခဲ့တာပါ။ လေးသည်ကျော်တွေကလည်း သူတို့လေးနဲ့ ပစ်စိုက်သတ်ဖြတ်ခဲ့သူတွေဟာ သူတို့လို လေးသည်ကျော်တွေပဲဆိုတာ မသိကြစေတဲ့ လမ်းခရီးကနေ ကိစ္စတုံးပစ်ဖို့သာ ဆရာဒေဝဒတ်က စီမံခဲ့တာပါ အရှင်"

"အခု . . . အဲဒီလိုဆိုတော့ . . . "

"လေးသည်ကျော် သုံးဆယ့်တစ်ယောက်ဟာ အားလုံးပဲ ဗုဒ္ဓထံမှာ သရဏဂုံတည်သွားကြပြီလို့ သိရပါတယ်"

"ငါ့ဆရာအရှင်က ဘာပြောသေးသလဲ"

ဝဿကာရသည် ရွှေကြိုးစလွယ်ကို ပခုံးထက်၌ နေသားတကျဖြစ်အောင် ပြင်လိုက်၏။

"ပထမဆုံး လွှတ်လိုက်တဲ့ လေးသည်ကျော်ဟာ ဆရာဒေဝဒတ်ထံ ပြန်သွားပြီး ဗုဒ္ဓကို သူ မသတ်နိုင်ပါလို့ ပြောပါသတဲ့၊ ဒီအခါ ဆရာဒေဝဒတ်က အဲဒီလေးသည်ကျော်ကို ပြောလိုက်တဲ့စကားကိုပဲ ကျွန်တော်မျိုးကို ပြောလိုက်ပါတယ်"

"အင်း . . . ဘာပြောလိုက်သလဲ"

"ဆရာဒေဝဒတ်ရဲ့ စကားလုံးများအတိုင်း တင်ပြမယ်အရှင် . . . ငါကိုယ်တိုင်ပဲ ရဟန်းဂေါတမကို သတ်တော့မယ်တဲ့"

စကားဆုံးသွားပြီးနောက် ဝဿကာရသည် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မရှား ထိုင်နေ၏။

"သင် ဘယ်လိုထင်သလဲ . . . ဝဿကာရရဲ့"

ဝဿကာရလို ပုရောဟိတ် အမတ်လူယုံမျိုးကို မမေးသင့်သောစကား



www.foreverspace.com.mm



ဖြစ်ကြောင်း ပြောပြီးမှ သတိရလိုက်သည်။ ဝဿကာရက မဆုတ်မဆိုင်း ဖြေ၏။

"ကျွန်တော်မျိုးဟာ အရှင်ရဲ့ တစ်ပါးကျွန်ဖြစ်ပါတယ်၊ ဒီအရေးဟာ ဆရာဒေဝဒတ်၏ ဂေါတမဗုဒ္ဓတို့ရဲ့ ပတ်သက်တဲ့အရေး ဖြစ်ပါတယ်၊ အထူးအားဖြင့် ဆရာဒေဝဒတ်ရဲ့ လှုပ်ရှားမှုသာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုးမှာ ဒီအရေးနဲ့ပတ်သက်ပြီး ဘာမှ ထင်မြင်စရာလည်း မရှိပါ၊ ဘာမှ လျှောက်တင်စရာလည်း မရှိပါ။ အရှင်မင်းကြီးရဲ့ အမိန့်အာဏာအတွက်သာ ကျွန်တော်မျိုးရဲ့ နားရွက်များကို အသုံးပြုပါတယ်"

ဝဿကာရသည် လက်နက်အသွားကဲ့သို့ ထက်မြပြတ်သားသူ ဖြစ်၏။ သူသည် ခံစားမှုကင်းမဲ့သော သစ္စာရှိလူယုံအမတ်ကျွန်သာ ဖြစ်သည်။ သူ့အာရုံကို ဘုရင့်အမိန့်မှတစ်ပါး မည်သည့်ဆီကိုမျှ အရောက်မခံသော လူစားမျိုး၊ သူ့ကို ဘာမှ မေး၍ရမည်မဟုတ်တော့၊

"အင်း . . . ကောင်းပြီလေ၊ သင်ပြန်ကာနီးမှာတော့ ဆရာအရှင်က ဘာမှာလိုက်သေးသလဲ"

"ငါကိုယ်တိုင်ပဲ ရဟန်းဂေါတမကို သတ်တော့မယ်လို့ ပြောအပြီးမှာ ဆရာဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ကြီးကို လှမ်းမြင်ရတဲ့ ပြတင်းပေါက်ဆီ သွားရပ်နေပါတယ်၊ ကျွန်တော်မျိုးကို လှည့်လည်းမကြည့်တော့ပါဘူး၊ စကားလည်း မပြောတော့ပါဘူး"

"သင် သွားနိုင်ပြီ ဝဿကာရ"

ဝဿကာရထွက်သွားပြီးနောက် လေသာဆောင်သို့ ထွက်လာခဲ့၏။ အဝေးဆီမှ မှိုင်းမှိုင်းညို့ညို့ ဂိဇ္ဈကုဋ်တောင်ထွတ်ဖျားကြီးကို ဖျပ်ဖျရေးရေး တွေ့လိုက်ရသည်။ ဥင်းတင့်ကျောက်၏ နှုတ်သီးပုံစံ ကောက်တွေးနေသော တောင်ထွတ်ဖျားကို ငေးကြည့်ရင်း ဘာကြောင့်မှန်းမသိ အလိုလိုပင် ကြက်သီးများ ဖြန်းခနဲ ထသွားလေသည်။

ဆရာအရှင် မည်သို့ လှုပ်ရှားဦးမည်နည်း၊ ဆရာသည် အရှုံးကို လက်ခံတတ်သူမဟုတ်၊

❊ ❊ ❊

ရာဇဂြိုဟ်မြို့တော်၏ လုံခြုံရေးနှင့် တိုးတက်သာယာရေးအစီအမံများကို ဆိုင်ရာမြို့ဝန်များ၊ နယ်စားများ၊ တောင်ခြေစောင့်တပ်မမင်းများနှင့် စုံညီဆွေးနွေးသော ညီလာခံတစ်ခု ကျင်းပနေစဉ် ဖြစ်လေသည်။

ရာဇဂဟ (ရာဇဂြိုဟ်)၏ အတွင်းမြို့ အန္တနဂရနှင့် အပြင်မြို့ မဟိနာဂရ တံတိုင်းများ အစီအမံကို မြို့ဝန်က အသေးစိတ်ရှင်းပြပြီးနောက် ပဏ္ဍဝတောင်ခြေဒေသကို တာဝန်ယူရသော စစ်ကဲမင်းအလှည့် ရောက်လာသည်။

ဝေပုလ္လတောင်၏ မြောက်ဘက်တွင်ရှိသော ပဏ္ဍဝတောင်အကြောင်းကို စစ်ကဲမင်း သံတော်ဦးတင်သွင်းနေစဉ် တစ်ချိန်လုံး စိတ်မရွှင်မလန်းဖြစ်နေ၏။ အကြောင်းမှာ ခမည်းတော်မင်းကြီးနှင့် သိဒ္ဓတ္ထမင်းသားတို့ စတင်တွေ့ဆုံသောနေရာမှာ ဤပဏ္ဍဝတောင်ဖြစ်ခြင်းကြောင့်ပင်၊

ထို့ကြောင့် ပဏ္ဍဝတောင် တာဝန်ခံ စစ်ကဲမင်းအား နောက်ဆုံးမှ အလှည့်ယူရန် အမိန့်ပေးလိုက်သည်။

ဒုတိယတင်သူမှာ ဝေပုလ္လတောင် တာဝန်ခံစစ်ကဲမင်းဖြစ်၏။ ထို့နောက် ဝေဘာရတောင် တာဝန်ခံ၊ စင်စစ်မူ တောင်ကြီးငါးလုံးက သဘာဝတံတိုင်းကြီးများအဖြစ် ဝန်းပတ်ကာရံထားပြီးဖြစ်နေသော ရာဇဂြိုဟ်မြို့တော်သည် လုံခြုံစိတ်ချရပြီးသားပင် ဖြစ်၏။ အထူးတလည် ကာကွယ်ရေးအစီအမံများ ချထားရန်မလိုကြောင်း သိပြီးဖြစ်ပါလျက် မလုံမခြုံ ခံစားနေရသောစိတ်ကြောင့် စစ်ကဲမင်းများကို ဆင့်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

ဝေပုလ္လတောင် တာဝန်ခံစစ်ကဲမင်းအပြီးတွင် အလှည့်ကျသူကား ဂိဇ္ဈကူဋတောင် တာဝန်ခံဖြစ်၏။

ဂိဇ္ဈကူဋ၊ ရာဇဂြိုဟ်ကို ဝန်းရံနေသော တောင်ငါးလုံးတွင် အမြင့်ဆုံးလည်းဖြစ် တောတောင်ရှုခင်း အသာယာဆုံးလည်းဖြစ်သော တောင်ကြီး၊ ရာဇဂြိုဟ်မြို့တော်၏ အရှေ့မြောက်ဘက်အရပ်မှ ဂိဇ္ဈကူဋ။

တိုက်ဆိုင်လွန်းလှသည်ဟုပင် ဆိုရတော့မည်။

ဂိဇ္ဈကူဋတောင်အကြောင်းကို စစ်ကဲမင်းက သံတော်ဦးတင်ရန် ပြင်ဆင်နေချိန်မှာပင် ခန်းမဆောင်ဝဆီမှ အသံဗလံများ ပေါ်လာသည်၊ အဲမောင်းလုံ့ကိုင် ရဲမက်များ ချထားသောတံခါးဝတွင် အလင်းရောင်စူးဝင်နေသဖြင့် ကောင်းစွာ သဲသဲကွဲကွဲ မမြင်ရ။ သို့သော် ထိုနေရာတွင် လှုပ်လှုပ်ရှားရှား





ဖြစ်နေသည်ကိုတော့ လှမ်းတွေ့နေရ၏။

လှမ်းကြည့်နေချိန်မှာပင် လှံကိုင်ရဲမက်များအကြားမှ ခြေသံပြင်းပြင်းဖြင့် ဝင်လာသော သူတစ်ယောက်ကို မြင်လိုက်ရသည်၊ ထိုသူသည် စစ်ကဲမင်းများရှေ့မှ ရဲ့ဝံ့သောခြေလှမ်းများဖြင့် လျှောက်ဝင်လာကာ ခပ်လှမ်းလှမ်းတွင် ခြေစုံရပ်လိုက်၏။

သူကား အဖြူရောင်ဝတ်စုံဖြင့် သမားတော်ဇီဝက။

အမြဲတစေ အေးဆေးတည်ငြိမ်လျက် သိုက်မြိုက်ခမ်းနားစွာနေလေ့ရှိသော သမားတော်ဇီဝကကို ယခုလို မြင်လိုက်ရသည့်အတွက် အံ့အားသင့်သွားမိ၏။ အဘယ်ကြောင့်ဆိုသော် ဆရာဇီဝကသည် စိတ်လှုပ်ရှားနေသော အမူအရာမျိုးဖြင့် ရှုးရှူးရှားရှားရှိနေသောကြောင့် ဖြစ်လေသည်၊

အံ့သြခြင်းဖြင့် မိမိ ဘာမျှ မပြောနိုင်မီမှာပင် ဇီဝကထံမှ လှုပ်ခတ်သောစကားသံ ပေါ်ထွက်လာ၏။

“ဂိဇ္ဈကူဋတောင်ခြေမှာ ဖြစ်ခဲ့တဲ့ ဇရာမလုပ်ကြံမှုကြီးကို ဘုရင်မင်းမြတ် သိပြီးပါပြီလား”

ဂိဇ္ဈကူဋတောင်အကြောင်း ဆွေးနွေးတော့မည့်အချိန်တွင် ရောက်လာသော ဆရာဇီဝကနှင့် သူ၏ လေသံ၊ အမူအရာ။

“ဘာဖြစ်လို့လဲ ဆရာဇီဝက”

ခမည်းတော်မင်းကြီးကို ကြေးတိုက်ထဲ သွင်းလိုက်ချိန်မှစ၍ မိမိနှင့်သမားတော်အကြား ဆက်ဆံရေးသည် အေးစက်တင်းမာခဲ့လေသည်။

ထို့အပြင် ဆရာအရှင် ဒေဝဒတ်၏ သတိပေးစကားအရ သမားတော်၏ နောက်ကြောင်းကို ဝသာကာရအား စုံစမ်းထောက်လှမ်းခိုင်းခဲ့သည်ကိုလည်း သူ သိထားခဲ့၏။

တစ်ဖန် ခမည်းတော်ကြီး ကံကုန်သွားပြီးနောက်တွင်ကား သမားတော်နှင့် မိမိတို့ သူစိမ်းပြင်ပြင် ဖြစ်ခဲ့ကြလေသည်။

“နောင်ကြီးဇီဝက” ဟု ဥပရာဇာဘဝက ခေါ်ဝေါ်ခဲ့၏၊ သူကလည်း အရှင့်သားဟု ရင်းနှီးချစ်ခင်စွာ ဆက်ဆံခဲ့ဖူး၏၊ ယခုမူ သူ့အား အသက်အရွယ်နှင့် ဂုဏ်ကို ထောက်ထားလျက် ဆရာဇီဝကဟုသာ ခေါ်ဖြစ်တော့သည်။

သူသည် စစ်ကဲမင်းများနှင့် ဆွေးနွေးရာ ခန်းမဆောင်ထဲသို့ ဝိုင်းစိုးပိုင်

www.foreverspace.com.mm

နင်း ဝင်လာတာ အကဲမရသော အမူအရာဖြင့် ရောက်ရောက်ချင်း မေးလေပြီ။

ဂိဇ္ဈကူဋမှာဖြစ်ခဲ့တဲ့ ရေမလုပ်ကြံမှုကြီးတဲ့။ ဘာဖြစ်လို့လဲ ဆရာဇိဝကဟု ပြန်မေးလိုက်ပြီးနောက် တိတ်ဆိတ်သွားသည်။

ဇီဝကသည် တစ်ခုခုပြောရန် ကြိုးစားနေပုံရ၏။ တိတ်ဆိတ်သွားသော ဤကာလ အပိုင်းအခြားလေးအတွင်းမှာပင် အတွေးတစ်ခု ရုတ်ခြည်း ဝင်လာသည်။

ရေမလုပ်ကြံမှုကြီး၊ ဂိဇ္ဈကူဋတောင်ခြေ . . . ဆရာအရှင်သည် ဗုဒ္ဓအား အောင်မြင်စွာ လုပ်ကြံလိုက်ပြီလော . . .။

"ဘာဖြစ်ရမှာလဲ အရှင်မင်းကြီး . . . အရှင်ဒေဝဒတ်ဟာ ဂိဇ္ဈကူဋတောင်ပေါ်ကနေ ကျောက်တုံးကြီးကို လှိမ့်ချပြီး တောင်ခြေမှာ စင်္ကြံကြွတော်မူနေတဲ့ ဘုရားရှင်ကို လုပ်ကြံခဲ့လို့ပဲ"

စစ်ကဲမင်းများအားလုံးထံမှ ဟယ်ခနဲအသံများ ထွက်လာ၏။

ဂိဇ္ဈကူဋတောင် တာဝန်ခံစစ်ကဲမှာကား သူ့လက်ထဲတွင် အသင့်ပြင်ထားသော သဝဏ်များ၊ ပုရပိုက်ချပ်များကို အယောင်ယောင်အမှားမှားဖြင့် ဆုပ်ကိုင်လေသည်။

ဆရာဇီဝက,က တည့်တည့်ကြီး စိုက်ကြည့်နေ၏။

သူ့မျက်လုံးများကို ရင်မဆိုင်ရဲ၊

"ရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားကို ကျောက်တုံးလှိမ့်ချပြီး လုပ်ကြံခဲ့တယ်၊ ဒါပေမဲ့ တောင်ထွတ်ကျောက်ချပ်နှစ်ခုက တားဆီးခံထားလို့ ကျောက်တုံးဟာ ဘုရားရှင်ထံကို မရောက်ခဲ့ဘူး၊ ဒါပေမဲ့လည်း ပဲ့စင်ထွက်ကျလာတဲ့ ကျောက်လွှာထိပြီး ဘုရားရှင် ခြေတော်မှာ သွေးစိမ်းတည်ခဲ့တယ်၊ ဒါကို ဘုရင်မင်းမြတ် သိပါရဲ့လား"

ထူးခြားလှသော အခြေအနေပင်ဖြစ်သည်။ သမားတော်သည် သမားတော်နှင့်မတူဘဲ တရားရုံးလွှတ်သဘင်မှ တရားသူကြီးတစ်ယောက်နှင့် တူနေ၏၊

ထိုအချိန်ဝယ် မဂဓဘုရင်မှာလည်း ဘုရင်နှင့်မတူဘဲ ရုံးတော်တွင် ဆင့်ခေါ် စစ်မေးခြင်းခံရသော သက်သေ သို့မဟုတ် တရားခံတစ်ယောက်လို ဖြစ်နေ၏။





www.foreverspace.com.mm

ဆရာအရှင်သည် တကယ်ပင် ဂေါတမဗုဒ္ဓအား ကိုယ်တိုင် လုပ်ကြံခဲ့ပြီးကော။

ဆရာအရှင်၏ မအောင်မြင်သော လုပ်ကြံမှုသတင်းကို ကြားလိုက်ရချိန်တွင် ထူးဆန်းသောဒေဝနာနှစ်ခု ရိုက်ခတ်သွား၏။

ဆရာအရှင်၏ မအောင်မြင်မှုအတွက် စိတ်မကောင်းသော ခံစားမှု။ သို့သော် ထိုမအောင်မြင်မှုအတွက်ပင် စိတ်သက်သာရသွားသော ခံစားမှု။

ဆရာဇီဝကကား ကြုံ့ကြုံ့တည်ရပ်ဆဲမှုပင် ဆက်ပြောလာ၏။

"ရဟန်းတော်တွေက မဒ္ဒကုစ္ဆိဥယျာဉ်ကျောင်းတိုက်ဆီ ဘုရားရှင်ကို ပင့်ဆောင်သွားခဲ့ကြတယ်၊ အဲဒီကမှတစ်ဆင့် ဘုရားရှင်ရဲ့ဆန္ဒတော်အရ ကျွန်ုပ်လှူထားတဲ့ သရက်ဥယျာဉ်ဆီကို ပင့်ဆောင်ခဲ့ကြတယ်၊ အခု ကျွန်ုပ်ဟာ ဘုရားရှင်ရဲ့ခြေတော်က ဒဏ်ရာကို ဆေးကု၊ အဝတ်စည်းပေးပြီး လာခဲ့တာပဲ၊ မြို့တွင်းမှာ ဆေးပေးထားတဲ့ အရေးကြီးလူနာတစ်ယောက်ရှိနေလို့ ကျွန်ုပ် ပြန်လာခဲ့ရတယ်၊ အခု အဲဒီလူနာဆီမသွားခင် ဒီသတင်းကို ဝင်ပြောခြင်းဖြစ်တယ်"

နောက်ထပ် စကားဆက်ရန်ရှိသေးဟန်ဖြင့် ဆရာဇီဝကသည် နှုတ်ခမ်းကို ပြင်လိုက်ပြီးမှ ဘာမှ ထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

ဝင်လာစဉ်ကအတိုင်း ဝံ့စားသော ခြေလှမ်းကြီးများဖြင့် စစ်ကဲမင်းတို့ ရှေ့မှ ဖြတ်သွားသည်၊

တံခါးဝမှ ဆရာဇီဝက ကွေ့ထွက် ပျောက်ကွယ်သွားပြီးမှပင် မိမိကိုယ်မိမိ ပြန်လည်သတိရတော့သည်။

မြို့တော်လုံခြုံမှု ဆွေးနွေးပွဲကား ပျက်ပြားသွားပေပြီ။ စစ်ကဲမင်းများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။

အမူအမျိုးဖြင့် စကားပြောနေကြ၏။

ဂိဇ္ဈကူဋ-လင်းတငှက် နှုတ်သီးသဏ္ဍာန် အထွတ်ရှိသည့် တောင်ကြီး။ ရာဇဂြိုဟ်၏ အမြင့်ဆုံး အလှဆုံး တောင်ကြီး။ ယခုတော့ အကြီးကျယ်ဆုံး တုန်လှုပ်ဖွယ်အကောင်းဆုံးဒေသကြီး ဖြစ်သွားပေပြီ။

ဘုရားရှင်ကို လုပ်ကြံမှု . . .။

ဆရာဇီဝက ပြောဆိုပြုမူသွားပုံများက နံရံဆီမီးတိုင်မှ မီးခိုးငွေ့များများနှယ် ခန်းမဆောင်အတွင်း ရိုက်ပျံ့နေဆဲ။

လှုပ်လှုပ်ရွရွဖြစ်နေသော စစ်ကဲမင်းများကို အမိန့်ပေးလိုက်သည်။

"အားလုံး ပြန်ကြတော့"

အလျှိုအလျှို ဦးညွတ်လျက် ထွက်သွားကြ၏။

ခန်းမဆောင်အတွင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

စောစောက ဆရာဇီဝက ရပ်သွားသောနေရာကို အငူသား ကြည့်နေမိ၏။ မဂဓသက်ဦးဆံပိုင်ကို ဆေးဆရာတစ်ယောက် ပြောဆိုဆက်ဆံသွားပုံမှာ မဖွယ်မရာရှိလွန်းပေစွ။

သို့သော် မိမိ ဘာကြောင့် ဆရာဇီဝကအပေါ် အမျက်ဒေါသ မထွက်သနည်း။ အဘယ်ကြောင့် သူ့ကို အော်ဟစ်နှင်ထုတ်ပစ်ဖို့ အမိန့်မပေးဖြစ်သနည်း။

ဗုဒ္ဓ၏ ခြေအနာကို သူ ဆေးကုသခဲ့ရသည်ဟု ဆို၏။

ဗုဒ္ဓ၊ နောက်ပါရဟန်းများစွာ ခြံရံသောဗုဒ္ဓ။ ဝေဠုဝန်ဝိဟာရတွင် သီတင်းသုံးသောဗုဒ္ဓ။ မဇ္ဈိမဒေသတစ်ခွင် လှည့်လည်နေသောဗုဒ္ဓ။ ဘုရားအဖြစ် မရောက်မီက ကပိလဝတ်ထီးညွန့်နန်းလျာ ဥပရာဇာဖြစ်ခဲ့သူ။ သကျမျိုးနွယ်။ သွားလေသူ ခမည်းတော်ကြီးနှင့်တကွ ရာဇပြိုဟ်တစ်ပြည်လုံးနီးပါး ဆည်းကပ်ခြင်းကို ခံယူရရှိသူ၊ ထိုမြတ်စွာဘုရားကိုမှ . . . ။

ဆရာအရှင်သည် တိုက်ရိုက် ကိုယ်ထိလက်ရောက် ပြုခဲ့ပေပြီ။

မဂဓတစ်နိုင်ငံလုံး သိထားကြသည်မှာ အရှင်ဒေဝဒတ်နှင့် အဇာတသတ်ဘုရင်တို့သည် ဆရာရင်း တပည့်ရင်း၊

မအောင်မြင်သော လုပ်ကြံမှုကြီးအတွက် တုန်လှုပ်ချောက်ချားနေရင်းမှာပင် ဗုဒ္ဓဘုရားသည် အသက်ဘေးမှ လွတ်မြောက်သည့်အတွက် စိတ်သက်သာရာရမိနေသော ထူးဆန်းသည့် ခံစားမှုကို ကိုယ့်ဘာသာကိုယ်ပင် နားမလည်နိုင်။

ဆရာဇီဝကကို မြင်ယောင်လာပြန်၏။

မြတ်စွာဘုရားကို ကုသပေးနေသောသူ၊ စိုးရိမ်စိတ်သည် အလုံးအရင်းဖြင့် ရင်ဝသို့ တိုးဆောင့်၏။ ဆရာဇီဝကသည် အင်အားကြီးလှသူစင်စစ်ဖြစ်ချေသည်။

ဆေးဆရာတစ်ယောက်ထက်မကသော တန်ခိုးသြဇာများဖြင့် သူ့





တစ်ကိုယ်လုံး တရှိန်ရှိန်တောက်နေသည်ဟု မြင်ရသည်။

ယခုလိုအချိန်တွင် ဆုံးဖြတ်စရာတစ်ခုတည်းသာ ရှိတော့၏။

အားကြီးသောရန်သူကို ဆက်လက်ရင်ဆိုင်နိုင်ဖို့ မိမိဘက်မှ ရပ်တည်မည့်သူ၊ အပြန်အလှန် ကျောထောက်နောက်ခံပြုစရာဆို၍ ဆရာအရှင်ဒေဝဒတ်မှတစ်ပါး အခြားမရှိ။

မိမိပင်လျှင် ဤမျှ ချောက်ချားနေပါက မအောင်မြင်သောလုပ်ကြံမှု၏ ကာယကံရှင် ဆရာအရှင် မည်သို့ ရှိချေမည်နည်း။ ထိုင်ခုံ၏ နောက်မှီကနုတ်ပန်းများဆီသို့ ကျောပြင်ကို ဖိကပ်လိုက်မိ၏။ ဤနောက်ကျော လုံခြုံရေးအတွက် ဆရာအရှင်တစ်ဦးသာ ရှိတော့သည်။ ဆရာသည်လည်း မိမိကိုသာ အားထားစရာရှိပေတော့မည်။

နံရံကပ် ကညင်ဆီမီးတိုင်များ ငြိမ်းသေတော့မည်။ အချို့မီးတိုင်များ ငြိမ်းသေသွားကြပြီ။ ငြိမ်းလုဆဲမီးတိုင်၏ မီးတောက်ထဲသို့ ပိုးဖလံများ တဖြည်းဖြည်း တိုးဝင်နေကြ၏၊

ကြမ်းပြင်တွင် ပိုးဖလံအသေကောင်များ အတုံးအရုံး၊

❊ ❊ ❊

ဆရာအရှင်နှင့် အတူလိုက်ပါလာသည့် ရဟန်းသုံးဦးကို အထူးအဆန်းအဖြစ် အကဲခတ်နေမိသည်။ သည်တစ်ခါ ဆရာ နန်းတော်သို့ ကြွလာသည်မှာ တစ်ဦးတည်းမဟုတ်။ နောက်ပါ ရဟန်းသုံးဦး ခြံရံလျက် လာသည်။

"ငါ့ရဲ့ အယုံကြည်စိတ်အချရဆုံး ဂိုဏ်းဆရာကြီးတွေပါ၊ တစ်နည်းဆိုတော့ လက်ရုံးကြီးတွေပေါ့၊ အသက်ကလေးရလာပြီဆိုတော့ ထသွားထလာအဖော်သဟဲ လိုလာပြီလေ၊ တစ်ကိုယ်တည်း ကြွလို့မသင့်ဘူး မဟုတ်လား"

ဆရာက သူ့တပည့်သုံးယောက်ကို အကဲခတ်နေမှန်းသိ၍ ကြိုပြော၏၊ ဆရာ့စကားတွင် အမှန်တစ်ဝက်သာပါသည်ဟု နားလည်လိုက်သည်။ တကယ်တော့ ဂိဇ္ဈကုဋ္ဋ လုပ်ကြံမှုကြီး မအောင်မမြင်ဖြစ်ခဲ့ပြီးနောက်တွင် ဆရာသည် တစ်ယောက်တည်း မနေရဲတော့ကြောင်း သဘောပေါက်ထား၏။

"သူက ကောကာလိက . . . တဲ့၊ ငါ အားအထားရဆုံး လက်ရုံးကြီးပဲ"

www.foreverspace.com.mm



ကောကာလိက အမည်ရှိ ရဟန်းကြီးကို ကြည့်လိုက်သည်။ ရဟန်းတစ်ပါးနှင့် မတူ။ မည်းနက်သော အသားအရေ၊ ထွားကျိုင်းမြင့်မားလှသော ခန္ဓာကိုယ်၊ တင်းမာခက်ထန်သောမျက်နှာထား။ နက်မှောင်ထူထဲသော မျက်ခုံးများအောက်မှ အကြည့်ရဲသည့် မျက်လုံးများ . . . အထူးသဖြင့်မူ ကောကာလိက၏ လက်ဖဝါးများမှာ ကြီးမားကျယ်ပြန့်လှပြီး လက်ချောင်းများသည် တုတ်ခိုင်သန်စွမ်းကြသည်။ နပမ်းသမားကြီးတစ်ယောက်နှင့်တူနေသော ကောကာလိက ရဟန်း။

ကောကာလိက,က ထူပျစ်သော နှုတ်ခမ်းများကို ဖွင့်၍ သွားဖြီးကာ ပြုံးပြုလေသည်။ ထို့နောက် . . .

"မဂဓဘုရင် သက်တော်ရာကျော်ရှည်ပါစေ" ဟု ရေရွတ်လိုက်၏။

"သူက ကဋ္ဋမောဒက တိဿက . . . တဲ့၊ သူ့မိခင်က မိဖုရားဟောင်းတစ်ပါးပဲ၊ ခဏ္ဍာမိဖုရားတဲ့၊ ခတ္တိယသွေးပါသူပေ့ါ"

အရပ်ပုပျပ်ပျပ် ခန္ဓာကိုယ်နှင့် လေးထောင့်စပ်စပ်မျက်နှာရှိသူ ရဟန်း ဖြစ်သည်။

"သူကတော့ . . . သမုဒ္ဒဒတ္တ"

ပိုးဟပ်ဖြူလို ဖျော့တော့သော အသားအရေရှိပြီး အရပ်ရှည်သလောက် ကိုင်းညွတ်ညွတ်ဖြစ်နေသော ရဟန်းကလည်း ခေါင်းညိတ်ပြ၏။

"ဂယာသီသကျောင်းတိုက်ဟာ စစ်တပ်ကြီးတစ်တပ်ဖြစ်မယ်ဆိုရင် သူတို့သုံးပါးဟာ စစ်ကဲမှူးကြီးတွေပေါ့ကွာ၊ ကဲ . . . မဂဓဘုရင်၊ ဆင်တင်းကုပ်ဆီ သွားကြစို့"

"အားလုံး အဆင်သင့်ပါ ဆရာအရှင်"

ဆရာအရှင်နှင့်ယှဉ်လျက် နန်းတော်မြောက်ဘက် ဘုရင့်ဆင်တင်းကုပ်ဆီသို့ လျှောက်ခဲ့ကြ၏။ လက်ရုံးကြီးသုံးပါးက နောက်ခပ်လှမ်းလှမ်းမှ လိုက်ပါလာကြသည်။

ဆင်တင်းကုပ် ဝင်းတံခါးအရောက်တွင် ဆရာက တိုးတိုး ကပ်ပြော၏။

"မနေ့က ငါ အကြောင်းကြားလိုက်တဲ့စကား မှတ်မိရဲ့မဟုတ်လား မဂဓဘုရင်၊ ရဟန်းဂေါတမဟာ ဇီဝကကုသပေးလိုက်ပြီးနောက်မှာ ပကတိ



www.foreverspace.com.mm



ကျန်းမာခဲ့တယ်၊ ရဟန်းအပေါင်းခြံရံပြီး ဝေဠုဝန်ကို ဇဟိုပြုပြီး လှည့်လည်နေတယ်၊ သူက ရုပ်ဆင်းရူပကာယတင့်တယ်သူ။ သူ့မြင်ရရင်လည်း လူတွေဟာ အလိုလို ကြည်ညိုကုန်ကြတာ၊ ဒီတော့ သူ့ကို လုပ်ကြံဖျက်ဆီးဖို့အတွက် အသိဉာဏ်ရှိတဲ့ ဘယ်လူသားမှ တတ်နိုင်မှာမဟုတ်ဘူး၊ အနားချဉ်းကပ်လိုက်တာနဲ့ သူ့ရဲ့သာဝက၊ ရဟန်း ဖြစ်သွားမှာချည်းပဲ၊ ဒါကြောင့် အသိဉာဏ်ကင်းမဲ့ပြီး ရဟန်းဂေါတမကို ရဟန်းဂေါတမမှန်း မသိတဲ့၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့ တိရစ္ဆာန်မျိုးကို ငါ ရွေးလိုက်တာပဲ၊ ဟင်း . . ဟင်း . . . ဆင်ကြမ်း ဆင်ဆိုးဆိုတာ ဘုရား တရား သံဃာကို မသိဘူးလေ . . .၊

"ကဲ . . . ဘယ်မှာလဲ၊ သင့်ရဲ့ အကောင်းဆုံးဆင်တွေထားတဲ့နေရာ"

"ဟောဒီဘက်ကို ကြွပါ ဆရာအရှင်"

ဆင်တင်းကုပ်ထဲ ဝင်ခဲ့ကြ၏။ ထူးခတ်ထားသော ဆင်ကြီးများရှိရာ သံတိုင်တဲများဆီ ရောက်လာသည်။

ဆင်အမှူထမ်းများသည် မိမိတို့ တာဝန်ယူထားသော ဆင်များရှေ့တွင် အသင့်ခစားလျက် ရှိကြသည်၊ ဆရာသည် ဆင်တင်းကုပ် တစ်ခုပြီးတစ်ခုသို့ လှည့်လည်ကြည့်ရှု၏။

နောက်ဆုံး ဆင်တဲတစ်ခုရှေ့တွင် ရပ်လိုက်သည်၊

တဲထဲမှဆင်ကြီးမှာ သံကြိုးများ အဆိုင်းအဆိုင်းဖြင့် ထူးခတ်ထားသည့်ကြားမှ ရုန်းကန်နေ၏။ သံကြိုးသံများက တချွင်ချွင်ညံနေသည်။ တဲငယ်တစ်လုံးစာမျှ ကြီးမားသော ဦးခေါင်းကြီးကို ခါနေသည်။ ကြီးမားသော နားရွက်ကြီးများ အဆက်မပြတ် လှုပ်ရမ်းနေသည်။ နှာမောင်းကြီးကို မြှောက်နေသည်မှာလည်း အောက်ချသည်မရှိတော့။ ဖြူဖွေးနီကြန်အစွယ်ကြီးများ ငေါငေါထွက်လျက်ရှိသည်။ ဦးကင်းနားရွက်နောက်နှင့် လက်ပြင်တွင် ချွန်းဒဏ်ရာ သွေးများ စို့နေဆဲ။

"ဒီကောင်ကြီးက"

"အမှူထမ်း လာစမ်းဟေ့ . . . ဒီကောင်ကြီးအကြောင်းပြောစမ်း"

ဆင်အမှူထမ်းတစ်ယောက် ပြေးလာပြီး ဒူးတုပ်လျက် . . .

"ဆင်ကျုံးထဲကနေ ခေါ်လာတာ မကြာသေးပါဘူးအရှင်၊ အင်မတန်ဆိုးတဲ့အကောင်ကြီးပါ၊ သူ ရောက်လာတာနဲ့ တခြားဆင်တွေအားလုံး လန့်အော်

www.foreverspace.com.mm



ကြပါတယ်၊ ထူးခတ်ကြိုးဆိုင်းဖို့ ကျွန်တော်မျိုးတို့ ဆင်သမားခြောက်ယောက် မနည်းကြီးလုပ်ရပါတယ်။ ကျုံးသွင်းတုန်းကလည်း ဆင်သမားနှစ်ယောက် အကြီးအကျယ် ဒဏ်ရာရသွားပါတယ်"

"အင်း . . . ဟုတ်ပါပြီ၊ ဒါထက် မင်းတို့ သူ့ကို သေရည်တွေ ဘာတွေ တိုက်ကျွေးရသလား"

ဆရာအရှင်က မေးသည်။

"တိုက်ကျွေးရပါတယ်အရှင် . . . တစ်နေ့ကို ရှစ်အိုး သူသောက်ပါတယ်"

"ရှစ်အိုး . . . အင်း . . နက်ဖြန်ကျရင် သူ့ကို ဆယ့်ခြောက်အိုး တိုက်စမ်းဟေ့ . . . ကြားလား"

ဆင်အမှုထမ်းက မျက်လွှာပင့်၍ လှမ်းကြည့်နေသဖြင့် "ငါ့ဆရာ အရှင် ပြောတဲ့အတိုင်းလုပ်" ဟု အမိန့်ပေးလိုက်ရ၏။

"အသေးစိတ် အစီအစဉ်ကို ပြီးမှ ငါပြောပြမယ်၊ အင်း . . . ဒီ တစ်ခါတော့ . . . "

ဆရာအရှင်သည် စကားကိုရပ်လိုက်ပြီး သူ့တပည့်ကြီးသုံးဦးဆီသို့ လှမ်းပြောလိုက်၏။

"ကောကာလိကတို့ တွေ့လားဟေ့ . . . ငါလိုချင်နေတာ ဒီလို အကောင်ကြီးမျိုးပဲ။ ဒါကြီးမျိုးနဲ့ဆိုရင် ငါ့အကြံ . . . ဟင်း . . ဟင်း"

ကောကာလိကတို့သည် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေကြ၏။

"မဂဓဘုရင်"

ဆရာအရှင်၏ အမူအရာ ပျော်ရွှင်တက်ကြွနေသည်၊

"မင်း . . . အမိန့်တော်တစ်ခုတော့ ထုတ်ပြန်ရလိမ့်မယ်၊ ရာဇဂြိုဟ် မြို့တွင်းပါပဲ၊ မြို့တော်သူမြို့တော်သားတွေ မိမိတို့လုပ်ဆောင်ဖွယ် ကိစ္စအဝဝ ကို စောစောစီးစီးလုပ်ထားကြ၊ ဆွမ်းခံဝင်ချိန်ကျရင် မြို့တွင်းလမ်းမ လမ်းသွယ် တိုင်းမှာ အသွားအလာ မရှိစေရဆိုတဲ့ အမိန့်ပါ"

"ဘယ်တော့ပါလဲ ဆရာအရှင်"

"နက်ဖြန်လေ . . . ဒီကောင်ကြီး သေရည်ဆယ့်ခြောက်အိုး သောက်မယ့် နက်ဖြန်ပေါ့"



www.foreverspace.com.mm



"ကောင်းပါပြီ ဆရာအရှင်"

"ဟုတ်ပြီ . . . အသေးစိတ်ကို မင့်နန်းတော်ကျရင် ငါပြောမယ်၊ ဩော် . . . နေဦးဟေ့၊ မင်းတို့ကောင်ကြီးရဲ့အမည် ဘယ်လိုခေါ်သလဲ"

ဆင်အမှုထမ်းက အက်ကွဲသော အသံဖြင့် ဖြေသည်၊

"နာဠာဂီရိပါတဲ့ ဘုရား"

"နာဠာဂီရိ . . . သိပ်ကောင်းတဲ့ အမည်နာမပဲ"

ဆရာအရှင်သည် ဆင်ကြီးကို တစ်ချက်တွေ၍ စိုက်ကြည့်ပြန်၏။ ဆင်ကြီးကလည်း နားရွက်ကို ရပ်တန့်လျက် ဆရာ့ကို ပြန်ကြည့်နေဟန်။

ထိုအခိုက်ဝယ် ဆရာအရှင်၏ မျက်လုံးများနှင့် နာဠာဂီရိ ဆင်ကြီး၏ မျက်လုံးများမှာ အတူတူလို ဖြစ်နေကြသည်ဟု ထင်မိလေသည်၊

❊ ❊ ❊

နန်းဆောင်အထက်ဆင့် လေသာဆောင်ကို ပန်းဥယျာဉ်အဖြစ် စီမံထားသည်။ ပန်းရနံ့တို့ သုတ်ဖြူးသော လေပြည်ဖြင့် လေသာဆောင်သည် မွှေးပျံ့နေ၏။ သို့သော် ထိုပန်းတို့၏အလှနှင့် ရနံ့တို့ကို လုံးဝ မခံစားဖြစ်ပေ။

ဝသာကာရနှင့်အတူ နှစ်ကိုယ်တည်း ထိုင်နေကြသည့် တစ်ချိန်လုံး လုံး စကားလည်း တစ်ခွန်းမှ မပြောဖြစ်ကြ။ ဝသာကာရကလည်း ထုံးစံအတိုင်း ကျောက်ရုပ်။

တိတ်ဆိတ်ခြင်း၏ အေးစက်မှုကို သည်းမခံနိုင်တော့သဖြင့် မိမိက ပင် စကားစလိုက်၏။

"ဝသာကာရ . . . နာဠာဂီရိဆင်ကြီးကို သေရည် ဆယ့်ခြောက်အိုး တိုက်ပြီး မြို့တွင်းလမ်းမအတိုင်း လွှတ်လိုက်တဲ့ကိစ္စ . . . "

စကားကိုပင် ဆုံးအောင် မပြောလိုက်ရတော့ချေ။ ဝသာကာရလည်း အဖြေပေးရန် မလိုတော့ချေ။ အကြောင်းမူ . . . အန္တနဂရ အတွင်းမြို့နှင့် ဗဟိနဂရ အပြင်မြို့တံတိုင်းများနှင့် ရာဇဂြိုဟ်မြို့တော် လမ်းမကြီးဆီမှ အုတ် အုတ်ကျက်ကျက်အသံများ လွင့်လာသောကြောင့်ဖြစ်၏။

"မနပါလဆင်ကြီး . . . မနပါလဆင်ကြီးဟေ့"

www.foreverspace.com.mm

"ဘုရားရှင်ကိုယ်တော်ဟာ နာဠာဂီရိဆင်ကြီးကို ဆုံးမပြီး ဓနပါလ အမည်သစ် တွင်စေခဲ့ပြီ"

အုတ်အုတ်ကျက်ကျက်အသံများ ပို၍ နီးလာ၏၊ ပို၍လည်း အထု အထည် ကြီးမားကျယ်လောင်လာ၏။

"ဒေဝဒတ်ဆိုတာ ဘာလဲဟေ့"

"ဗိမ္ဗိသာရမင်းကြီးကို အသတ်ခိုင်းသူ"

"ဒေဝဒတ်ဆိုတာ ဘာလဲဟေ့"

"လေးသည်ကျော် လူသတ်သမားတွေကို စေလွှတ်သူ"

"ဒေဝဒတ်ဆိုတာ ဘာလဲဟေ့"

"ဂိဇ္ဈကုဋ္ဌ လုပ်ကြံမှုကြီးရဲ့ တရားခံအစစ်"

"ဒေဝဒတ်ဆိုတာ ဘာလဲဟေ့"

"နာဠာဂီရိဆင်ကြီးကို လွှတ်ပြီး အသတ်ခိုင်းသူ"

အတိုင်အဖောက်အသံများ ဖြစ်သည်၊ တစ်စုတစ်ရုံးတည်း ဟစ်ကြွေး သံများဖြစ်သည်။

"ဒေဝဒတ်"

"လူသတ်သမား"

အသံများ ပို၍ပို၍နီးကပ်လာသည်။

ဖြစ်ရပ်ခြင်းရာ အသေးစိတ်ကို မသိရသေးသော်လည်း အဖြေရလဒ် ကား ဘွားဘွား ထွက်ပေါ်ခဲ့လေပြီ။ ဆရာအရှင် ရှုံးနိမ့်သွားပြီ၊

ထိုအခိုက် ဝဿကာရ စေလွှတ်ထားသော အထောက်တော်ရဲမက် များ ရောက်လာကြသည်၊ ဝဿကာရက သူတို့ကို ငြိမ်သက်စွာ ခစားနေကြရန် ခြေဟန်လက်ဟန်ဖြင့် အမိန့်ပေးလိုက်၏။

"အနုသာသနီပါဋိဟာရိယတန်ခိုးနဲ့ တို့ရဲ့ဘုရားရှင်"

"နာဠာဂီရိဆင်ကို  ဆုံးမအောင်မြင်လိုက်ပြီဟေ့"

"တိရစ္ဆာန် ဆင်ရိုင်းကြီးကို မြတ်စွာဘုရားဆိုတဲ့ အတုမဲ့ဆင်ပြောင် ကြီးက အောင်မြင်လိုက်ပြီဟေ့"

"နာဠာဂီရိ အမြင်မှန်ရ"

"ဓနပါလ ခေါ်ဆိုကြစို့"





www.foreverspace.com.mm

တစ်ခဲနက် ဟစ်ကြွေးသံများသည် လေသာဆောင် ပန်းဥယျာဉ်သို့ အလုံးအရင်းနှင့် ထိမှန်လာကြသည်။

မမေးဘဲနှင့် မဖြေတတ်သော ဝဿကာရသည် အနားသို့ ကပ်လာ ၏၊

"ဖြစ်ပျက်ပုံအသေးစိတ်ကို ကျွန်တော်မျိုးရဲ့လူတွေ သတင်းယူလာ ကြပါပြီ အရှင်"

"နောက်မှပြော . . . ငါ မသိချင်တော့ဘူး ဝဿကာရ"

ပန်းနံ့သင်းသော လေပြည်၏ အအေးဓာတ်အောက်၌ ချွေးသီးချွေး ပေါက်များ ပြန်လာသည်။

ဥယျာဉ်ထဲမှ ပန်းပွင့်များသည်ပင် ချက်ချင်း ညှိုးကျသွားပြီဟု ထင် လိုက်၏။

အုတ်အုတ်ကျက်ကျက်အသံများ နန်းတော်အောက် သစ်ပင်အုပ်များ ဆီသို့ ရောက်လာသည်။

အုံ့ကြွသော ပိုးပရွက်များပမာ ဖွေးဖွေးလှုပ်နေသည့် မြို့သူမြို့သား များ၏ အသွေးအရောင်စုံတို့ကို အပေါ်စီးမှ မြင်နေရသည်။

အသံများ လျှံတက်လာ၏။

"လူသတ်သမားကို ဆရာတင်"

"ငါတို့ဘုရင် အဇာတသတ်"

"တို့ဘုရင်ရဲ့ မင်းဆရာ"

"ဒေဝဒတ်ဟာ လူသတ်သမား"

ကျောက်သလင်းခုံမှ ဝုန်းခနဲ ထလိုက်မိလေသည်။

ဝဿာရ လျှောက်တင်သည်။

"အတွင်းဆောင်ထဲကို ပြန်ကြွ စံမြန်းသင့်ပါတယ် ဘုရင်မင်းမြတ်"

ခြေအလှမ်းတွင် ဒူးများ ညွှတ်ခွေကာ ဒယီးဒယိုင်ဖြစ်သွားသဖြင့် ဝဿကာရက နောက်မှ ဖမ်းဆွဲထား၏။ သူ့လက်များ သန်မာသောကြောင့်သာ တော်သေးတော့သည်၊

ပန်းဥယျာဉ်မုခ်ဝကို ဖြတ်ပြီး အပြင်စင်္ကြံလမ်းအဝင်အထိ အုတ်အုတ် ကျက်ကျက် အသံများက သဲ့သဲ့ လိုက်ပါလာကြသေးသည်။

www.foreverspace.com.mm

"လူသတ်သမားကို ဆရာတင်"

"ငါတို့ဘုရင် အဇာတသတ်"

❊ ❊ ❊

လှိုင်းထန်ပင်လယ်ပြင်မှ လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး လိမ့်တက်လိမ့်ဆင်း ကျော်ဖြတ်သွားသည့်နှယ် အဖြစ်အပျက်များကား မြန်ဆန်လွန်းလှလေသည်။

ရာဇဂြိုဟ်တစ်မြို့လုံးရှိ လူများ၊ မြို့တော်လမ်းမပေါ် ထွက်ရောက်အုံကြွခဲ့သော ထိုနေ့ညဉ့်မှာပင် အမိန့်တစ်ခု ချမှတ်လိုက်၏။

"နက်ဖြန်ကစပြီး ဂယာသီသကျောင်းတိုက်ကို ပို့နေတဲ့ ဆွမ်းအုပ်ငါးရာကို ရုပ်သိမ်းလိုက်တော့"

ဤအမိန့်တော်သည် မဂဓဘုရင် အဇာတသတ်နှုတ်မှ ထွက်ပေါ်လာသည်ဖြစ်သော်လည်း တကယ်တမ်း ဤအမိန့်ပေါက်ဖွားလာသည့် အရင်းအမြစ်မှာ ရာဇဂြိုဟ်မြို့သူမြို့သားများ၏ မထုတ်ဖော်သော တောင်းဆိုချက်ဖြစ်ကြောင်း မိမိဘာသာ သိလိုက်သည်။

ဝဿကာရ၊ နန်းရင်းဝန်၊ အိမ်တော်ဝန်နှင့် အခြား ဗြာဟ္မဏ ဟူးရား ပုရောဟိတ်များ၊ အမတ်များ၊ စစ်ကဲမင်းများ စုံညီရှေ့တွင် နောက်ထပ်တစ်ခွန်း ကြေညာလိုက်သည်။ ထိုစကားမှာ အမိန့်တော်ဖြစ်သော်လည်း အခြားတစ်ပါးလူများနှင့် မဆိုင်ဘဲ မိမိကိုယ်မိမိ ထုတ်ပြန်လိုက်သောအမိန့်တော်ဖြစ်၏။

"ခုချိန်ကစပြီး ဂယာသီသကျောင်းတိုက်နဲ့ ရှင်ဒေဝဒတ်ဆီကို ငါ ဘယ်တော့မှ မသွားတော့ဘူး၊ ခြေဦး မလှည့်တော့ဘူး"

နန်းရင်းဝန်က အားပါးတရလေသံဖြင့် ဆိုလာ၏။

"တစ်မြို့လုံး ရှိရှိသမျှ ဘယ်သူကမှလည်း ရှင်ဒေဝဒတ်ကို ဆွမ်းလောင်းတော့မှာ မဟုတ်ပါဘူး ဘုရင်မင်းမြတ်"

နန်းရင်းဝန်ကြီး၏စကားကို ကြားသော်လည်း သူ့ကို အမြင်အာရုံထဲ၌ မထင်၊ မြင်နေသည်ကား လှိုင်းထန်သမုဒ္ဒရာပြင်ထဲ၌ ရွက်များစုတ်ပြဲလျက် လင်းယဉ်တိုင်ကြီးပိုင်းပိုင်းကျိုးလျက် လှေဦးလှေဝမ်း အစိတ်စိတ်ကွဲလျက် ဝရုန်းသုန်းကား နစ်မြုပ်သွားသော လှေကြီးတစ်စင်းလို မြင်ယောင်နေ၏။





www.foreverspace.com.mm

ထိုလှေကြီးနှင့် မနီးမဝေးတွင် လွင့်စဉ်ထွက်လာသော ဖျဉ်ချပ်ကို တွယ်ဖက်ကာ လှိုင်းနှင့် ဝဲကန်တော့များအကြားမှ ရုန်းကန်ကူးခတ်နေသူ တစ်ယောက်ကိုလည်း မြင်ယောင်နေ၏။

ထိုသူကား . . . မိမိ မဂဓဘုရင် ကိုယ်တိုင်။

နှလုံးသည်းပွတ်ထဲ၌မူ နာကျင်နေ၏။

ထိုနှလုံး၏ ပုပ်ရိပျက်စီးနေသော အပိုင်းသည် ကြွေကျသွားပြီဟု ခံစားနေရ၏။ ပဲ့ထွက်ကြွေကျသွားသော နှလုံးအပိုင်းအစထဲ၌ 'ဆရာအရှင်' ဟု မိမိ ကြောက်ရွံ့ ခံ့ညားစွာ ခေါ်ဝေါ်ခဲ့လေသော ရှင်ဒေဝဒတ်ပါသွားခဲ့ပြီဖြစ်၏။

မည်သို့မျှ မတတ်နိုင်။ ပျက်စီးယိုယွင်းနေသော အစိတ်အပိုင်းကို ဖဲ့ခွာမချပါက နှလုံးတစ်ခုလုံး အဆိပ်ရည်များ ပျံ့နှံ့တော့မည်။ ယခုပင်လျှင် ကြွင်းကျန်နေခဲ့သော နှလုံးသားအပိုင်းသည် အကောင်းပကတိ မဟုတ်တော့။

"ဘုရင်မင်းမြတ် . . . ကောင်းစွာ အနားယူအပန်းဖြေတော်မူဖို့ လိုအပ်နေပြီလို့ ထင်ပါတယ်"

ဝဿကာရ၏ စကားကို အားလုံးက ထောက်ခံကြသည်။

ထိုအခါမှပင် ဘယ်လောက်ပင်ပန်းနွမ်းနယ်ကာ ချူးချူးကျနေကြောင်း သတိထားမိတော့၏။

မဂဓဘုရင်၏ ရာဇပလ္လင်သည် တစ်ချက်မျှ သိမ့်ခါသွားခဲ့သည်။ မကိုဋ်သရဖူသည်လည်း ရွဲ့စောင်းသွားခဲ့သည်။ ဘုရင်မင်းမြတ်တစ်ပါးအတွက် ကြောက်စရာအကောင်းဆုံး အန္တရာယ်။

အလိုလေး . . . တည်းတည်းလေးပါလား . . . ။

မူးဝေနောက်ကျိသွားခြင်းမှာ မိမိကိုယ်တိုင်၏ ဖျော့တော့အားနည်းမှုကြောင့် သက်သက်မျှသာမဟုတ်။

မိမိထိုင်နေသော ရာဇပလ္လင် သိမ့်ခါသွားခြင်းနှင့် မကိုဋ်သရဖူ ရွဲ့စောင်းသွားခြင်းကြောင့်လည်း ဖြစ်ပေမည်၊

"သမားတော်များ လွှတ်ပေးရမလား အရှင်"

"မလွှတ်နဲ့ . . . ဘယ်သူ့ကိုမှ မလွှတ်နဲ့၊ ငါ တစ်ယောက်တည်း နေချင်တယ်"

ဆရာဇီဝကကို မြင်ယောင်ရင်း ခါးခါးသီးသီး ငြင်းလိုက်၏။

သို့သော် ဆရာဇီဝကနှင့် တွေ့လိုသောဆန္ဒရှိနေကြောင်းကိုလည်း အံ့ဩဖွယ်သိလိုက်ရသည်။ သည်မျှအထိတော့ မဝံ့သေး။

"ပြာသာဒ်ဆောင် ဘုံဆင့်မှာပဲ ငါ စံမယ်၊ ဘယ်သူမှ အဝင်အထွက် မရှိစေနဲ့ . . . ဝဿကာရ တစ်ဦးပဲ အပြင်မှာ အဆင်သင့် ခစားစောင့်ဆိုင်း နေပစေ၊ အဲ . . . "

သေးငယ်စူးမျှင် အလင်းရောင်လေး ဖြတ်ခနဲ ပေါ်လာ၏၊

"မိဖုရားနဲ့ ငါ့သားတော် ဥဒယဘဒ္ဒတို့ကို လွှတ်လိုက်"

သားကို ပွေ့ချီထားရလျှင် ပူလောင်သောရင်သည် အတန်ငယ် အေးမြလိမ့်မယ်ထင်သည်၊ သား . . ငါ့သား၊ ဟင် . . . ဒါပေမဲ့ . . . ။

သားနှင့်ယှဉ်လျက် ပေါ်လာသည်ကား ခမည်းတော်ကြီး၏ မျက်နှာ။

မဂဓဘုရင်အတွက် ခိုနားစရာ အရိပ်အာဝါသ မရှိတော့ဘူးလား။

သူရူးတစ်ယောက်နှယ် အသံကုန်ဟစ်လိုက်ချင်တော့၏၊

❊ ❊ ❊

အိပ်စက်၍မပျော်နိုင်သော ညဥ့်များက ပို၍များပြားလာသည်။

ညဥ့်တာများသည် မကုန်နိုင်တော့ဟု ထင်ရလောက်အောင် ပို၍ ရှည်လျားလာကြသည်။ ထိုအခါ ညီလာခံသဘင်များကိုလည်း ညဥ့်နက်သည် အထိ ကျင်းပရတော့သည်။ ညဥ့်ညီလာခံများ တစ်ခုပြီးတစ်ခု၊ တစ်ညဥ့်ပြီး တစ်ညဥ့်။

ရက်၊ လ များကမူ သူ့အလိုအလျောက်ပင် ဖြတ်သန်းသွားကြ၏။

ဤ ခုနှစ်လ၊ ရှစ်လအတွင်း ကြုံတွေ့ရသော ဖြစ်ရပ်များကို အမှုမှတ် မဲ့ ထားဖို့ ကြိုးစားရင်းကပင် စွဲစွဲနစ်နစ် ဖြစ်ရပြန်လေသည်။

ဗုဒ္ဓနှင့် ရဟန်းတော်များလည်း ရာဇဂြိုဟ် ဝေဠုဝန်မှသည် သာဝတ္ထိ မြို့တော် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူသွားကြ၏၊

ရာဇဂြိုဟ်တွင် သီတင်းသုံးနေစဉ်ကာလအတွင်း ဆရာဒေဝဒတ်၏ နောက်ထပ်လှုပ်ရှားမှုသတင်းများ ပေါ်လာသေးသည်။





နန်းတော်မှ ဆွမ်းအိုးငါးရာ ရိက္ခာမရတော့သည့်နေ့ကစ၍ ဂယာ သီသ ကျောင်းတိုက်သည် လုံးဝခြောက်သွေ့ တိတ်ဆိတ်သွားသည်။

လာဘ်လာဘမှန်သမျှ ဆုတ်ယုတ်ပျက်စီးသွားပြီးနောက်တွင် ဆရာ ဒေဝဒတ်သည် ဗုဒ္ဓထံ သွားရောက်ခဲ့သည် ဆို၏။

ထို့နောက် အချက်ကြီးငါးချက်ကို တင်ပြတောင်းဆိုသည်ဟု ကြားရ ၏၊

ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်းမှာ နေထိုင်ကြရန် အသက်ထက်ဆုံး ဆွမ်းခံစားကြရန် အသက်ထက်ဆုံး ပံ့သကူသင်္ကန်း ဝတ်ရုံ ကြရန်၊ အသက်ထက်ဆုံး သစ်ပင်ရင်း၌သာ နေကြရန်နှင့် အသက်လွှတ်ဟင်း သာ စားကြရန်။

ဗုဒ္ဓက ထိုအချက်ငါးချက်စလုံးကို ပယ်တော်မူခဲ့သည်၊

ဤတွင် ဆရာဒေဝဒတ်သည် ကောကာလိက အမှူးပြုသော လူယုံ လက်ရင်း တပည့်ကြီးသုံးယောက်နှင့်တကွ ရာဇဂြိုဟ်မြို့တွင်းလှည့်ကာ မိမိ တင်သွင်းသော အချက်ငါးချက်ကို ဗုဒ္ဓက ပယ်ချကြောင်းနှင့် မိမိတို့ကမူ ထို ငါးချက်အတိုင်း ကျင့်သုံးကြမည်ဟု ဝါဒဖြန့်ချိကြသည်ဆို၏။

ထိုမျှသာမက ဆရာဒေဝဒတ်သည် သံဃာသင်းကွဲပြားစေဖို့ မိမိပြု ကြောင်း ဗုဒ္ဓကမေးသည်ကို ဝန်ခံခဲ့လေသည်၊ နောက်ဆုံးတွင်ကား ရှင်ဒေဝဒတ် သည် သီးခြားသံဃာ့ကံကိုဆောင်၍ တစ်စင်ထူထောင်ခဲ့တော့သည်၊ သို့သော် . .

ဆရာဒေဝဒတ်အကြောင်း ကြားရသမျှ အလုံးစုံမှာ အနိဋ္ဌာရုံတွေ ချည်းသာ ဖြစ်၏။ ဗုဒ္ဓ၏ အဂ္ဂသာဝက နှစ်ပါးထံသို့ ဂယာသီသမှ ရဟန်းများ လိုက်ပါသွားကြသည်။ ဂယာသီသ၌ ဆရာဒေဝဒတ်နှင့် သူ၏လူယုံ ကောကာ လိကတို့သုံးဦးသာ ကျန်ရစ်ခဲ့ကြသည်။ ထိုအချိန်တွင် ဆရာဒေဝဒတ်သည် ပြင်းစွာ နာမကျန်းလည်း ဖြစ်နေပြီဟု ကြားရလေသည်။

နောက်ဆုံးရသည့်သတင်းကား ဗုဒ္ဓနှင့် ရဟန်းများ သာဝတ္ထိသို့ မကြွ သွားခင် အချိန်လေးတွင် ဆရာဒေဝဒတ်သည် သူ့စိတ်အချရဆုံးဆိုသော ကော ကာလိ၏ ကိုယ်ထိလက်ရောက် ပုန်ကန်နှိပ်စက်မှုကြောင့်လည်းကောင်း၊ သူ ကိုယ်တိုင်၏ ဖိစီးသော အနာရောဂါကြောင့်လည်းကောင်း သွေးအန်သော ရောဂါဆိုးကြီး ရသွားသည်။

www.foreverspace.com.mm



ထို့နောက် ဘုရားရှင်နှင့် ရဟန်းတော်တို့ သာဝတ္ထိသို့ ကြွသွားကြ၏။

ကိုးလ . . .။ ဘာမှ မကြာလိုက်သောအချိန်သမယ ဖြစ်၏။

ဆရာဒေဝဒတ်သည် ကိုးလတိုင် သွေးအန်သောရောဂါဖြင့် ပြင်းစွာနာမကျန်းဖြစ်ခဲ့ပြီးနောက် သာဝတ္ထိသို့ လိုက်သွားသည် . . . တဲ့။

နောင်တကြီးစွာကို ပွေ့ပိုက်လျက် နောင်တော်မြတ်စွာဘုရားကို ဖူးမြော်ရန် လိုက်သွားသည်ဟု သတင်းကြားရသည်။

ထို့နောက် ရက်အနည်းငယ်မျှ ဆရာဒေဝဒတ်အကြောင်း သတင်းများ အစပျောက်သွားခဲ့သည်။

သို့သော် များမကြာမီမှာပင် သတင်းရလာပြန်၏။

ဆရာဒေဝဒတ်နှင့် ပတ်သက်သော နောက်ဆုံးသတင်း၊

သွေးပျက်ရူးသွပ်ဖွယ် ကြောက်စရာကောင်းသော သတင်း၊

"ဒုသီလလည်း ဖြစ်၊ မြတ်စွာဘုရားကို အကြိမ်ကြိမ် အသက်အန္တရာယ်ပြုသူလည်းဖြစ်၊ သံဃာသင်းခွဲသူလည်း ဖြစ်သော ဒေဝဒတ်တည်းဟူသော အတ္တဘောနှင့် အမည်နာမကို မိမိအပေါ်၌ ထမ်းရွက်ထားရန် အလိုမရှိတော့သည့် မဟာပထဝီမြေကြီးသည် ယုတ်မာသောသူအား စုပ်ယူဝါးမျိုပစ်လိုက်ပြီ" ဟူသောသတင်း။

❊ ❊ ❊

"ဇေတဝန်ကျောင်းတိုက်အနီး ရေကန်နားက ညောင်စောင်းမှာ သူ့ကိုချထားပြီး တပည့်တွေက ရေကန်ထဲဆင်း ရေချိုးနေကြတုန်း ဖြစ်တာ"

"ညောင်စောင်းပေါ်လဲနေရာက ခြေနှစ်ဖက် တွဲလဲချလိုက်တယ် ဆိုရင်ပဲ . . ."

"မြေကြီးအပြင်ဟာ သက်ရှိသတ္တဝါကောင်ကြီးရဲ့လျှာလို အလိပ်လိုက် စုံ့စုံ့ကြီးတက်လာပြီး သူ့ခြေဖမိုးတွေကို စတင်စုပ်ယူလိုက်သတဲ့"

"အနီးအနား မြေပြင်တစ်ဝိုက်မှာလည်း ဖျစ်ဖျစ်မြည်အသံတွေနဲ့ ရိုက်ခွဲခံလိုက်ရတဲ့ ကြေးမုံမှန်လို အစိတ်စိတ် အက်ကြောင်းတွေ ပေါ်လာသတဲ့"

"မီးအလျှံတွေကလည်း ပတ်ကြားအက်ထဲကနေ သတ္တဝါကောင်တွေ





ရဲ့ ခံတွင်းလျှာလို ဖြာပြီး အက်လာကြတယ်"

"အဲဒီနောက်မှာတော့ ဖမိုးဖမျက်ကနေ ခြေကျဉ်းဝတ်၊ နောက် ခြေသလုံး၊ နောက် ဒူးဆစ်၊ ပေါင်လယ်၊ ခါးရိုး၊ ရင်ပတ် . . . နောက်ဆုံး တစ်ကိုယ်လုံး စုံးစုံးမြုပ် အမျိုခံလိုက်ရတာပဲ"

"မဟာပထဝီမြေကြီးဟာ ဒေဝဒတ်ရဲ့ ယုတ်မာရက်စက် မိုက်မဲမှုနဲ့ နှိုင်းစာရင်း အဲဒီလို စုပ်ယူဝါးမျိုလို့ အားရတင်းတိမ်မှာတောင် မဟုတ်ဘူး ထင်တာပဲ"

"အားရ တင်းတိမ်နိုင်မှာပါ၊ ဘာကြောင့်လဲဆိုတော့ မြေ အမျိုခံရပြီးတဲ့ ဒေဝဒတ်က မဟာအဝီစိငရဲထိ ဒုတ်ဒုတ်ထိ ကျရောက်သွားပြီတဲ့"

❊ ❊ ❊

နန်းကြမ်းပြင် ကျောက်သလင်းပြားများမှ ပန်းပွင့်ပုံဖော်ထားသော မျဉ်းကွက်မျဉ်းကြားများပေါ်သို့ ခြေမချရဲ၊ နန်းရင်ပြင်သည် ထိုနေရာမှနေ၍ ဖျစ်ဖျစ်မြည်ကာ ကွဲအက်လာလေမလား၊

ဥယျာဉ်တော်ထဲမှ ကျောက်ဖျာကြီးသည် နှစ်ခြမ်းကွဲထွက်ကာ အထဲမှ မီးလျှံများ ထိုးထွက်လာလေမလား။

ရာဇပလ္လင် အောက်ခြေခုံမြင့်သည်ကော စုပ်ယူမည့်ကမ္ဘာမြေ၏ ခံတွင်းဝ ဖြစ်လေမလား၊

ဘုံဆောင်မြင့် ပြာသာဒ်နှင့် ဥကင်တစ်ခုလုံး မိမိ ထိုင်နေချိန်မှာပင် ကျယ်လောင်စွာ မြည်ဟည်းကာ မြေကြီးထဲ နစ်ကျွံသွားလေမလား၊

စက်ရာဆောင်သလွန်၏ ဆင်ရုပ်ခံခြေထောက်များသည် မိမိတက်ရောက် လဲလျောင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဒိခနဲ နိမ့်ဝင်သွားလေမလား။

❊ ❊ ❊

ခမည်းတော်ဘုရား . . . ကယ်တော်မူလှည့်ပါ၊ မယ်မယ် . . . ကယ်လှည့်ပါ၊ မိဖုရား . . မင်းကတော၊ ငါ့ကို မြေကြီးက စုပ်ယူမြိုချနေချိန်မှာ

www.foreverspace.com.mm



ငါ့ကို ဒီအတိုင်း ကြည့်နေမှာလား . . .၊ သားတော် . . . သားတော်လေး ဥဒယဘဒ္ဒ . . . သွား . . . သွား . . . ဖခမည်းတော်ဆီ မလာနဲ့ . . . သားကို ပွေ့ချီထားတုန်း ငါ့ကို မြေကြီးစုပ်မျိုသွားရင် သားပါ ပါသွားလိမ့်မယ်။

❈ ❈ ❈

ဝဿကာရ . . . ငါ့ကိုကယ်ပါဦး။ ဒီရာဇဂြိုဟ်မှာ ဒီနန်းတော်မှာ ဒီမဂဓမှာ အို . . . ဒီမဟာ ပထဝီမြေအပြင်ထက်မှာ ငါ ခြေချစရာနေရာ မရှိတော့ဘူးကွယ့်။ ဟောဟိုမှာ အက်ကြောင်းတစ်ခု၊ ဟောဟိုမှာလည်း ပတ်ကြားအက်ကြီးတစ်ခု၊ မကယ်နိုင်တော့ဘူးလား ဝဿကာရရယ် . . .၊ ငါ့အတွက် ခြေတစ်ဖဝါးစာ မြေအပြင်တောင်မှ မရှိတော့ပါလား။

❈ ❈ ❈

ငါ့စက်ရာဆောင်ထဲမှာ မီးတိုင်တွေကို လင်းထိန်နေအောင် မပြတ်ထွန်းထားစမ်းဟေ့၊ အိပ်ဖန်စောင့်တွေ၊ ရဲမက်တွေ ကိုယ်ရံတော်တွေ အချိန်ပြည့်ရှိနေကြ။

❈ ❈ ❈

နန်းရင်ပြင် အဲဒီနေရာကို သံပြားတွေ၊ သံကွန်ယက်တွေ ခင်းကြစမ်း။ အဲဒီအပေါ်ကနေ ထပ်ပြီး ကျောက်ဖျာတွေတင်လိုက်ကြစမ်း၊ ဟေ့ . . . ဟေ့. . . အကြားအလပ် လုံးဝမရှိစေနဲ့၊ အပ်ဖျားထိပ်မှ မဝင်သာအောင် အစေ့အစပ် ခင်းကြ၊ ကြားလား . . .။

အို . . . ဟုတ်ပြီ . . . ဟုတ်ပြီ။ စက်ရာသလွန်ကို သိမ်းလိုက်။ နံရံမှာ သံကောက်တွေတပ်ပြီး အဝတ်ပုခက်ဆင်ကြစမ်း။ ခပ်မြင့်မြင့်လုပ်ဟေ့။ မြေပြင်ကနေ ကွာနိုင်သမျှ ကွာအောင်လုပ်၊

❈ ❈ ❈





ဥယျာဉ်တော်ရှေ့က ဟိုရေမြောင်းကို ခုချက်ချင်း ဖို့ပစ်လိုက်စမ်း။ ပြီးတော့ မြေစေးရွှံ့နှစ်အင်္ဂတေနဲ့ အသေပိတ်လိုက်စမ်း၊ အဲဒီနေရာဟာ မြေပြင်ရဲ့လျှာကြီး ထွက်လာမယ့်နေရာဆိုတာ မသိဘူးလား။

ဘာ . . . ဘာ . . . ဗိုလ်ရှုခံကွင်းပြင် . . . ဟုတ်လား။ မသွားဘူး၊ ငါ မသွားဘူး။ ခြောက်သွေ့တင်းမာနေတဲ့ အဲဒီကွင်းပြင်ကြီးမှာ ပတ်ကြားအက်တွေ အများကြီးရှိနေတယ်ဆိုတာ မသိဘူးလားဟေ့။

❈ ❈ ❈

တင်းတိမ် ကန့်လန့်ကာတွေ အထပ်ထပ်ကာစမ်း။ တစ်ညဥ့်လုံးလုံး ဆီမီးတွေ ထိန်ထိန်လင်းနေတော့ ငါ ဘယ်မှာ အိပ်ပျော်တော့မလဲ၊ ဟေ့ . . . နေဦး။ တင်းတိမ်အတွင်းမှာ သိပ်လည်း မှောင်အတိမကျစေနဲ့။

အိပ်ချင်လှပါပြီ။ အိပ်ပါရစေတော့။ အိပ်ပျက်ညဥ့်တွေ များလှပါပြီ။ ငါ့မျက်လုံးတွေဟာ တစ်ချိန်လုံး ကျိန်းစပ်နေပါပြီ။ နီရဲနေတဲ့အကြောမျှင်တွေနဲ့ မျက်ဆံအိမ်တွေ ပေါက်ကွဲမတတ် ဖြစ်နေပြီ . . .။ ပေးစမ်း . . . ပေးစမ်း. . . အဆုံးစွန် မူးယစ်ခြင်းနဲ့ အိပ်ပျော်သွားအောင် သေရည်ပြင်းပြင်း ပေးစမ်း . . . ထည့်ဦး၊ နောက်တစ်ခွက်၊ ဟုတ်ပြီ။

❈ ❈ ❈

ကိုင်း . . . ငါ အိပ်ပျော်တော့မယ်။ သေရည်ငွေ့တွေက ငါ့မျက်ခွံတွေကို ဆွဲချနေကြပြီ။ နားထင်နားရင်းတွေမှာ သေရည်ဒိုးတွေက ဒိုင်းဒိုင်းတိုး ဆောင့်ပြီး ငါ့ကို အိပ်စက်ခြင်းဆီ ဆွဲခေါ်သွားကြပြီ . . .။

❈ ❈ ❈

အလို . . . ဟိုဟာ ဘယ်သူလဲ၊ ဩော် . . . ဆရာဇီဝကလား၊ နေပါဦး။ ဆရာဇီဝက,က ဘာကြောင့် ခါတိုင်းလို ဝတ်ဆင်မြဲ အဖြူရောင်ဝတ်စုံ မဝတ်ဘဲနဲ့ အနီရောင်ရဲရဲကြီးကို ဝတ်ထားရတာတုန်း။ အို . . . ဘာပဲဖြစ်ဖြစ်



www.foreverspace.com.mm

www.foreverspace.com.mm



ဆရာဇီဝက . . . နောင်ကြီးဇီဝက . . . ကျုပ်ကို အဆုံးစွန် သတိမေ့သွားစေမယ့် ဆေးဝါးတစ်ခုခု စီမံပေးစမ်း၊ အင်း . . . ဟုတ်ပြီ . . . ပေး . . ပေး. . .။

အို . . . ဆေးမှ မဟုတ်ပါဘဲလား။ ဒါ . . . သွေးတွေ . . . သွေးတွေ၊ ဘာရယ် . . . ခမည်းတော်ကြီးရဲ့ ခြေဖဝါးက ထွက်ကျလာတုန်းက ခံထားတဲ့သွေးတွေ . . . ဟုတ်လား၊ ပြန်ယူသွား . . . ပြန်ယူသွားကြပါ။

❊ ❊ ❊

သားလေး . . . သားတော်လေး ဥဒယဘဒ္ဒ . . . မင်းကိုယ်ခန္ဓာဟာ ဘာကြောင့် ခမည်းတော်လက်ထဲမှာ တဖြည်းဖြည်း လေးလံရတာလဲ . . .။ မင်းကို ခမည်းတော် မချီနိုင်တော့ဘူး။ အို . . . ဘာဖြစ်လို့ ပြုံးနေတာလဲ။ မင့် ကိုယ်ခန္ဓာက တဖြည်းဖြည်း လေးလာပြီ။ မိဖုရား . . . ဒေဝီ၊ သားကို ပြန်ယူလိုက်တော့ . . . သူ့ရဲ့ အလေးဒဏ်ကြောင့် ငါ့ကိုယ်ကြီးဟာ အောက်ကို နစ်ကျွံဝင်တော့မယ် တွေ့လား၊ သားကို ငါ ချီလို့ မရဘူး၊ ပြန်ယူ . . . ပြန်ယူ၊ အေး . . . ဟုတ်ပြီ။

❊ ❊ ❊

အလိုလေး . . . ကယ်တော်မူကြပါ။ သားကို ချီမထားတော့ပေမယ့် ဘာကြောင့် ငါ့ကိုယ်ကြီးက မြေကြီးထဲ ကျွံကျွံသွားပါလိမ့်။ အောင်မယ်လေး၊ အောက်ကနေ ဆွဲချနေတော့ပါလား။

ငါ့ခြေထောက်တွေကို ဆုပ်ကိုင်ပြီး ဆွဲချနေတာ ဘယ်သူလဲ။ လွှတ်. . . လွှတ် . . . အခုလွှတ် . . . ဟင် . . . ဆရာဒေဝဒတ်ပါလား၊ လွှတ်ပါ . . . ဆရာအရှင်၊ ကျုပ်ဆရာနဲ့အတူ မလိုက်ဘူး . . . မလိုက်ဘူး၊ ဟော . . . ဟော . . . ဒူးဆစ်၊ ပေါင်လည်၊ ခါး၊ ရင်ညွန့်ကယ်ကြပါ၊ ဒေဝဒတ် ငါ့ကို မြေကြီးထဲကနေ ဆွဲခေါ် ချနေပါပြီ။ ကယ်ကြပါ . . . ကယ်ကြပါ . . . ငါ့ကို မြေမျို . . . အား . . .။

❊ ❊ ❊



www.foreverspace.com.mm



လပြည့်ဝန်းသည် တစ်လောကလုံး၏ ဇကရာဇ်ဖြစ်နေ၏။

ဝသန္တသည် ရာဇဂြိုဟ်မှ ဆုတ်ခွာသွားခဲ့ပြီးဖြစ်သော်လည်း ဝင်လာလုဆဲ ဟေမန္တကို မဖိတမီ နှုတ်ဆက်ချင်နေသေးသည်။ ထိုအခါ မိုးနှောင်း၏ အအေးဓာတ်နှင့် ဆောင်းဦး၏ မြူငွေ့ကို ပွေ့ဖက်မိသွားကြ၏။ သို့သော် ခဝဲပွင့်တို့က စစ်သည်တော်ရဲမက်များ သံခမောက်ကိုဆောင်းကာ ပြိုင်ပြိုင်ထလာကြသည့်နှယ်၊ အလျှိုလျှို ပေါ်လာသောအခါတွင်ကား ဝသန္တဥတုသည် လုံးဝ ရှုံးနိမ့်ထွက်ပြေးခဲ့ရလေပြီ။

ကြတ္တိကာနက္ခတ်သည် ရာဇဂြိုဟ် ကောင်းကင်ထက်ဝယ်၊ တပ်မင်းကြီးအဖြစ် ထွန်းပေါ်လာ၏။ ကြယ်တာရာစုံတို့သည် ဟေမန္တသူ့ရဲကောင်းများအဖြစ် နဂါးငွေ့တန်းယာဉ်ရထားကို စီးနင်းကာ တပ်မင်းကြီးကို ခြံရံလျက် သောင်းသောင်းဖြဖြ လိုက်ပါလာကြသည်။

နက္ခတ်စုံညီလာခံ၏ ဇကရာဇ်ကား လပြည့်ဝန်းဖြစ်၏။

ဝိုင်းစက်လဝန်းမှ ဖြူပြာရောင်တို့သည် မဂဓတိုင်းပေါ်သို့ အဆီးအတားမဲ့ စီးသွန်နေကြသည်။

ထိုလရောင်ကို တုပပြိုင်ဆိုင်ခြင်း မဟုတ်သော အလင်းရောင်များသည်လည်း ရာဇဂြိုဟ်တစ်မြို့လုံး၌ ထိန်ထိန်ညီးလျက်ရှိ၏။ ထိုအလင်းရောင်များမှာ တောင်ထိပ်နက္ခတ်ပွဲအတွက် မြို့သူမြို့သားတို့ ထွန်းညှိကြသော မီးတိုင်များပင် ဖြစ်လေသည်။

ရာဇဂြိုဟ်၏ လမ်းမ၊ လမ်းသွယ် လမ်းငယ်တိုင်းတွင် မီးရှူးမီးတိုင်များကို အလျှံပယ်ထွန်းညှိထားကြ၏။ ဗြာဟ္မဏတို့၏ ဆုတောင်းရွတ်ဖတ်သံများလည်း ကြိုကြားကြိုကြား ထွက်ပေါ်နေကြ၏။ ကြတ္တိကာနက္ခတ်ကိုစောင့်သော မီးနတ်ကြီးသည် မယ်ဇလီပင်စောင့်နတ်ထံသို့ ခေတ္တအလည်အပတ် ရောက်ရှိချိန်တွင် အခြားသစ်ပင်စောင့်နတ်များလည်း မီးနတ်ကြီးနှင့်တွေ့ဆုံရန် မယ်ဇလီပင်သို့ စုရုံးရောက်ရှိလာကြကြောင်းဖြင့် ဗြာဟ္မဏများက သီကုံးရွတ်ဆိုပြနေကြ၏။ ဤတွင် မယ်ဇလီပင်သည် နတ်ဒေဝတာများ၏ စုရုံးရာအရပ်အဖြင့် အစွမ်းအာနိသင်များ ထက်မြက်လာသည့်အတွက် ရာဇဂြိုဟ်သားလုလင်များ လုံမငယ်များသည် မယ်ဇလီဖူးများကို ဖွယ်ဖွယ်ရာရာ စီမံ၍ စားသောက်ကြ၏။ အချင်းချင်း လက်ဆောင်ကမ်းကြ၏။

ထိုမယ်ဇလီ လက်ဆောင်များနှင့်အတူ မောင်မယ်တို့၏ ချစ်ခြင်းအငွေ့များလည်း ထုံယစ်နေကြပေမည်၊ တောင်ထိပ်နက္ခတ်ပွဲသည်လည်း ချစ်ခြင်းပျော်ရွှင်ခြင်း၊ ကလူကျီစယ်ခြင်းများဖြင့် နွေးထွေးနေကြလေသည်။

သို့သော် ပျော်ရွှင်ကြည်နူးဖွယ် ရာဇဂြိုဟ်တစ်မြို့လုံးနှင့် ဝိဘိဆန့်ကျင်ဘက်တစ်နေရာလည်း ရှိနေ၏၊ ထိုနေရာကား မဂဓနိုင်ငံ အရှင်သခင်ဘုရင်မင်းမြတ်၏ နန်းရင်ပြင် ညီလာခံဖြစ်လေသည်။

ကြိတ္တိကာနက္ခတ်ပွဲ၏ အဆောင်အယောင်များဖြင့် နန်းတော်ကို မွမ်းမံထားသော်လည်း ထိုအရာများမှာ အသက်ကင်းမဲ့နေ၏။ အခမ်းအနားအပြင်အဆင်များ၏ ကြီးကျယ်လှပမှုတို့သည် လူတွေနှင့် တစ်သီးတခြား ဖြစ်နေ၏၊ လုလင် သို့မဟုတ် လုံမပျိုတစ်ယောက်၏ လက်ဖဝါးထဲမှ ဖက်ရွက်ဖြင့်ထုပ်ထားသော မယ်ဇလီဖူးသုပ်တစ်ထုပ်လောက်မျှပင် စိုပြည်လတ်ဆတ်မှု မရှိပေ။

ဆေးပေါင်းခသည်ဆိုသော မယ်ဇလီသုပ်များကို ရွှေကလပ်၊ ငွေကလပ်များဖြင့် ပြင်ဆင်ထားသော်လည်း ယင်းတို့သည် ထိတို့မည့်သူ စားသောက်မည့်သူ မရှိဘဲ ရွှေရောင်ငွေရောင်အကြားမှာပင် အေးစက်မာကျောသွားကြသည်။

နန်းတော်တွင်း ပန်းဥယျာဉ်များ၊ စင်္ကြံလမ်းများ၊ မုခ်ဝများ၊ တံခါးတိုင်များ၊ နံရံများ၌ ကြိတ္တိကာ နက္ခတ်အလင်းကို ဂုဏ်ပြုသော မီးရှူးမီးတိုင်များ ထွန်းညှိထားသော်လည်း ထိုမီးတိုင်များမှ မီးတောက်များသည် တဟဲဟဲ အော်မြည်ရင်းဖြင့်သာ အချိန်ကုန်သွား၏။

မီးတိုင်အလင်းရောင်သည် ပျော်ရွှင်သော မျက်နှာများကို ထင်ဟပ်ခွင့်မရဘဲ ညှိုးငယ်နေသောမျက်နှာသေများ ပေါ်သို့သာ နီကြန်ခြောက်သွေ့စွာ အလင်းထိုးပေးနေကြရသည်။

တန်ဆောင်မုန်းညဥ့်၏ လပြည့်ဝန်းသည် ရာဇဂြိုဟ်မြို့တော်အပေါ်သို့ မိမိ၏ ဘော်ငွေရောင်အလင်းကို ဖြန့်လွှတ်ပေးရာ၌ နန်းတော်ကို ဝကွက်ချန်မထားပေ။

နန်းတော်ကသာလျှင် နှင်းဆွတ်လရောင်လို အပြည့်အဝ မခံယူနိုင်ခြင်း ဖြစ်ပေသည်။





နန်းကြမ်းပြင်တွင် အစီအရီနေရာယူလျက် ထိုင်နေကြသော မှူးမတ်ဗိုလ်ပါ ရုံရွှေများကို တစ်ချက် ဝေ့ကြည့်ရင်း မဂဓဘုရင်သည် သက်ပြင်းရှိုက်လိုက်၏။

ညီလာခံခန်းမဆောင်သည် ကြိတ္တိကာ နက္ခတ်ပွဲ ညဥ့်ကို ဆင်ယင်နေသည်ဟု အမည်တပ်ထားစေကာမူ အသက်မဝင်ဘဲ ခြောက်သွေ့တိတ်ဆိတ်နေ၏။

တစ်ချက်တစ်ချက်၌ ဗဟိနဂရအပြင် မြို့တံတိုင်းဆီမှ မြို့သူမြို့သားများ၏ သဘင်ပွဲသံများသည် ခန်းမဆောင်ဆီသို့ လွင့်လာတတ်သည်၊

စည်သံ၊ ချူသံ၊ ဗုံသံများ သဲ့သဲ့ကြားရသည်၊ လွတ်လပ်ပျော်ရွှင်နေကြသော ထိုအသံများသည် ရွှေရောင်တောက်၍ တိတ်ဆိတ်နေသော နန်းတော်ခန်းမကို လှောင်ပြောင်နေသည်ဟု ထင်ရ၏၊

ပလ္လင်ထက်တွင် မလှုပ်မရှားထိုင်ရင်း ကျောက်သလင်းတိုင်လုံးများအကြားမှ မြင်နေရသော အပြင်ဘက်မြင်ကွင်းကို လှမ်းကြည့်လိုက်၏။

လရောင်တောက်ပသော ညဥ့်၊ ကြယ်စုံဝင်းသော ညဥ့်၊

နို့နှစ်အဆင်း လရောင်ခြည်သည် ပလ္လင်ရှိရာသို့ တိုက်ရိုက်စီးဖြာကျလာသည်။

လဝန်းသည် ပြုံးနေသောမျက်နှာတစ်ခုနှင့် တူနေ၏။ ထိုအပြုံး၌ အေးမြခြင်းနှင့်အတူ ဖိတ်ခေါ်ကြိုဆိုသော အဓိပ္ပါယ်များကိုလည်း တွေ့လိုက်ရသည်။

ကရုဏာနှင့်ယှဉ်သော အမေးစကားလုံးများကိုလည်း ကြားလိုက်ရသည်။

“မဂဓဘုရင်မင်းမြတ် . . ကြိတ္တိကာ နက္ခတ်ပွဲ ဆင်နွှဲနေကြတဲ့ ပြည်သားပြည်သူ အားလုံးဟာ လွတ်လပ်စွာ ပျော်ရွှင်နေကြတယ်၊ သင်က ဘာဖြစ်လို့ မပျော်မရွှင် ဖြစ်နေရသလဲ၊ ဖြေရန်စကား ရှာမတွေ့”

“ကျွန်ုပ်ရဲ့ လရောင်ဟာ ကမ္ဘာမြေပြင်ပေါ်က လူတွေအားလုံးအတွက် ဖြစ်တယ်၊ သင့်ထံကိုလည်း ကျွန်ုပ် လောင်းသွန်ပေးနေတယ်၊ အခြားသူများနဲ့အတူ ကျွန်ုပ်ရဲ့ လရောင်နဲ့တကွသော အေးမြမှု ငြိမ်းချမ်းမှုများကို ခံယူလိုက်ပါလား မဂဓဘုရင်”

www.foreverspace.com.mm

ကြိတ္တိကာ နက္ခတ်ကလည်း ဝင်းပြက်သော မျက်တောင်တစ်ချက် ခတ်လျက် လှမ်းပြောနေ၏။

"ဟေမန္တဦးရဲ့ လပြည့်ည သမယမှာ ကျွန်ုပ်ကို အကြောင်းပြုပြီး နက္ခတ်သဘင် ဆင်ယင်နေတယ်၊ ကြယ်တာရာတွေကလည်း ဒီညဥ့်မှာ ကျွန်ုပ်ကို ဂုဏ်ပြုနေကြတယ်၊ ကျွန်ုပ်ဟာ ဒီညဥ့်အဖို့တော့ အဇ္ဈာရဲ့အောင်ပွဲ ဘိသိက်ရှင်ပေါ့၊ သင်ကော . . . မဂဓဘုရင်၊ တစ်နှစ်တာရဲ့ တစ်ခုသော ညဥ့်တစ်ညဥ့်လေးကိုသာ ပိုင်စားစိုးစံခွင့်ရတဲ့ ကျွန်ုပ်တောင်မှ ပျော်ရွှင်နိုင်သေးတာပဲ၊ သင်က နေ့ပေါင်း ညဥ့်ပေါင်း ရက်ပေါင်းလပေါင်းများစွာတို့မှာ ပိုင်စားစိုးစံရတဲ့ ဘုရင်မင်းမြတ်မဟုတ်လား၊ ဘာကြောင့်များ ကျွန်ုပ်လို အောင်ပွဲဘိသိက်အတွက် မပျော်ရွှင်နိုင်ရတာလဲ"

ကြိတ္တကာနက္ခတ်၏ မေးခွန်းကို မကြားယောင်ပြုလိုက်ရ၏။

ရွှန်းလက်ကြယ်တာရာတို့က တစ်စခန်းထလာကြပြန်သည်။

"မဂဓနိုင်ငံတော်နဲ့ ရာဇဂြိုဟ် မြို့တော်ကြီးရဲ့ အထက်ကောင်းကင်မှာ ကျွန်ုပ်တို့ ရှိနေတယ်၊ လပြည့်ညရဲ့ ဧကရာဇ်လဝန်းကြီးနဲ့ တပ်မင်းကြီး ကြိတ္တိကာတို့ကို ကျွန်ုပ်တို့ စုံညီစွာ ခစားဂုဏ်ပြုနေကြတယ်၊ ဒီအချိန်မှာ သင့်ရဲ့ နန်းတော်ညီလာခံခန်းမကြီးထဲက မှူးမတ်ဗိုလ်ပါရံရွေတွေကတော့ မလှုပ်မယှက် ထိုင်ပြီး တိတ်ဆိတ်နေတဲ့ မျက်နှာကြီးတွေနဲ့ သင့်ကို ခစားနေကြပါလား မဂဓဘုရင် . . . အဲဒါ ဘာကြောင့်ပါလဲ"

မိုးကောင်းကင်မှ မျက်နှာလွှဲ၍ အကြည့်ရုပ်သိမ်းလိုက်၏။ ညီလာခံကို ကြည့်မိပြန်သည်။

အချို့နေရာများတွင် လေသာတံခါးပေါက်များအကြားမှ ထိုးဆင်းလာသော လရောင်တို့ ဖြန့်ကျက်နေသည်။

တစ်နေရာတွင်မူကား . . .

လရောင်၏ ဖြူပြာအဆင်းနှင့် လိုက်ဖက်စွာ ဖြူဝင်းတောက်ပနေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရ၏။ ထိုသူ၏ ဝတ်စုံမှာ ဆွတ်ဆွတ်ဖြူသော အဖြူရောင်ဖြစ်သဖြင့် လရောင်အောက်တွင် အခြားသူများထက် ပို၍ ထင်ရှား ဝင်းလက်နေလေသည်။

သူကား . . . ဆရာဇီဝက။





www.foreverspace.com.mm

ရှင်ဒေဝဒတ်ကို မဟာပထဝီက စုပ်မျိုသွားပြီးနောက်ပိုင်းတွင် ဆရာဇီဝကနှင့် မိမိ ဆက်ဆံရေးမှာ ပြန်လည် အသက်ဝင်လာခဲ့၏။

တင်းမာမှုများ၊ အေးစက်မှုများ လျော့ပါးလာခဲ့၏။ သွေးပျက်ဖွယ် အိပ်စက်ခြင်းမဲ့ ညဥ့်များကြောင့် ကိုယ်စိတ်ညှိုးချုံး နွမ်းရိလာသောအခါ ဆရာဇီဝကသည် သမားတော်တစ်ဦး၏ မြင့်မြတ်သော နှလုံးသားဖြင့် စက်ရာသလွန်ဘေးသို့ ရောက်လာခဲ့ပေသည်။

သွေးလေချောက်ချားခြင်းနှင့် အိပ်မက်ဆိုးများကြောင့် ဟာဒယနှလုံး ထိခိုက်ချွတ်ယွင်းခဲ့သည်ကို ဆရာဇီဝကသည် သူ၏ ထက်မြက်သော ဆေးဝါးများဖြင့် ကုသပေးခဲ့၏။ သင့်မြတ်သော ဓာတ်စာများကို ပေးခဲ့၏။

ဆရာဇီဝကသည် သမားတော်စစ်စစ်တစ်ဦး အဖြစ်သာမက အားကိုးရာ မိတ်ဆွေကြီးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

လရောင်ရိပ်ဝန်းထဲတွင် ကျရောက်နေသော သူ့သဏ္ဌာန်မှာ ကြံ့ခိုင်ဖြောင့်စင်းနေပြီး အားထားဖွယ်လည်း ဖြစ်နေ၏။

"နောင်ကြီးဇီဝက" ဟု မိမိ ပြန်ခေါ်ဖြစ်သည်ကတော့ မကြာလှသေး။ ဆရာဇီဝကသည် လူနာတို့အပေါ် ထားရှိသော သူ၏ သမားတော်မေတ္တာဖြင့် မိမိကို ဂရုတစိုက် ကုသ ကယ်မ,ပေးခဲ့ချေသည်၊ ဆရာဒေဝဒတ်ရှိစဉ်က "ဇီဝကကို သတိထား" ဟု ပြောခဲ့သော်လည်း ဆရာဇီဝကထံ၌ ဖြူစင်မှန်မြတ်သော ဆေးဆရာတစ်ယောက်၏ နှလုံးသားမှအပ ဘာတစ်ခုမှ အစွန်းအထင်း မရှိသည်ကို တွေ့ခဲ့ရ၏။

လဝန်း၊ ကြိတ္တိကာနက္ခတ်၊ ကြယ်တာရာတို့နှင့် ရွှန်းမြသာယာလှသည့် လပြည့်ညဝယ် ယစ်မူးခြင်း၊ အားငယ်ခြင်း၊ ဆွတ်ပျံ့ခြင်းများဖြင့် မရေမရာ လွင့်နေသည့် စိတ်အစဉ်သည် လရိပ်ဟပ်နေသော ဆရာဇီဝကကို မြင်လိုက်ရသောအခါ ဆောက်တည်မှု ရလာသလိုလို ခံစားရ၏။

လှုပ်ရှားထွေပြားခြင်းသည် ပျံ့လွင့်ခြင်းအားဖြင့် အားနည်းခဲ့သည်။ ဆောက်တည်ရပ်နားခြင်းသည် ငြိမ်သက်ခြင်းအားဖြင့် အားကောင်းလာခဲ့ပြီ။

ဆရာဇီဝကကို တွေ့မြင်နေခြင်း တစ်ဆင့် နှလုံးထဲသို့ အလင်းရောင် တစ်ခု ဝင်လာ၏။

စင်စစ် ထိုအလင်းရောင် ဖြစ်ပေါ်ခဲ့သည်မှာ မကြာလှသေးပေ။

www.foreverspace.com.mm



ယမန်နေ့ညဉ့်ကမှ ပေါ်ပေါက်ဖြစ်တည်လာခဲ့သည်ဟု ဆိုနိုင်၏။ ချောက်ချား ခြင်းထဲမှ ထွက်ပြူလာရသော အလင်းရောင် . . .

ဆရာဒေဝဒတ်သည် သူ၏ နောက်ဆုံးအချိန်များတွင် ဗုဒ္ဓထံသို့ အဖူး အမြော်ဝင်ရန် ကြိုးစားခဲ့သည်ဟု သိခဲ့ရသည်။ ထိုအချိန်ဝယ် ဒေဝဒတ်သည် နောင်တပူပန်ခြင်းကို တစ်ပွေ့တစ်ပိုက်ကြီး သယ်ဆောင်သွားခဲ့သည်၊ ဇေတဝန် ကျောင်းတော်သို့ သူ မရောက်နိုင်ခဲ့။ သို့သော် သူ၏ နောက်ဆုံးမြည်တမ်းသွား သော စကားများကမူ နောင်တော် ဗုဒ္ဓ အပေါ်၌ သူ ဘယ်လောက်ကြည်ညို သွားကြောင်းကို မြည်တမ်းသွားခဲ့သည်ဟု ဆို၏။

မိမိ၏ဆရာသည် နောက်ဆုံးအချိန်များ၌ မြတ်စွာဘုရားအား အကြွင်း မဲ့ ကိုးကွယ်မှီခိုခဲ့ချေသည်။

သေကာနီးဆဲဆဲ ကျွန်ုပ်သည် ကြွင်းကျန်နေသမျှသော အရိုးတို့ဖြင့် အသက်တို့ဖြင့် မြတ်စွာဘုရားကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ သက်ဝင်ဆည်းကပ်ပါသည် . . . ဟု ဆရာဒေဝဒတ် တဖွဖွ ရွတ်ဆိုသွားခဲ့ ပေသည်။

ဆရာ့တပည့်ဖြစ်သော ဆရာနှင့် အကြံတူညာဏ်တူဖြစ်ခဲ့သော ဆိုး တိုင်ပင် ကောင်းတိုင်ပင် ဖြစ်ခဲ့လေသော မိမိသည်ကော . . . ၊

ဘုရားရှင်ကို ဖူးမြင်လို၊ ကန်တော့လို၊ မေးလျှောက်လိုသော ဆန္ဒသည် ကြီးစွာသော အထုအထည်ဖြင့် ရင်ထဲ၌ ကိန်းဝပ်ခဲ့၏၊ သို့သော် ဒေဝဒတ်၏ တပည့်ရင်း အဇာတသတ်သည် ဘုရားရှင်ထံ မည်သို့ ချဉ်းကပ်မည်နည်း။

သမုဒ္ဒရာကြမ်းပြင်မှ ရေမျော်ပင်သည် ကောင်းကင်မှ နေဝန်းကြီးကို မည်သည့်နည်းဖြင့် မော်ကြည့်ခွင့်ရနိုင်မည်နည်း။

သို့သော် . . .

တန်ဆောင်မုန်းလပြည့်ည၏ ကြယ်စုံလင်းသော လဝန်းထွန်းသော အဇမ္ဗာပြင်ကြီးက ဖမ်းစားညို့ငင်နေသည်၊

လရိပ်ကျသည့်နေရာမှာ ထိုင်နေသော ဆရာဇီဝကကို ကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

❊ ❊ ❊





"ဆီးနှင်း၊ မြူ၊ တိမ်၊ အသူရိန်၊ မီးခိုး . . . အညစ်အကြေး ငါးမျိုးကနေ ကင်းလွတ်တဲ့ ဒီနေ့ညဉ့်ဟာ နှလုံးမွေ့လျော်ဖွယ်လဲဖြစ်တယ်၊ လှပတဲ့အဆင်း ကိုလည်း ဆောင်တယ်၊ ရှုချင်စဖွယ်လည်း ရှိတယ်။ စိတ်ကို ကြည်လင်အောင် လည်း ပြုနိုင်တယ်။ ဒါကြောင့် ဒီညဉ့်ဟာ ထူးခြားထင်ရှားတဲ့ မှတ်မှတ်ရရ ညဉ့်ဖြစ်သင့်တယ်လို့ ကျွန်ုပ်ထင်တယ်"

နန်းရင်ပြင်ရှိ မှူးမတ်များအားလုံး၏ ငုံ့ငိုက်နေသော မျက်နှာများ တစ်ပြိုင်တည်းလိုလို မော့လာကြလေသည်၊

တိတ်ဆိတ်ခြင်းကို မည်သူကမျှ မဖြိုခွင်းရဲဖြစ်နေရာတွင် ရာဇပလ္လင် ထက်မှ ထွက်ပေါ်လာသည့်အသံသည် ပီပီသသကြီးဖြစ်နေသည်၊

သူတို့အားလုံး၏ မျက်နှာများပေါ်၌ အံ့သြခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ အတူတကွ ထင်ဟပ်နေကြသည်။

သည်လိုစကားမျိုးကို မဂဓဘုရင်ထံမှ ကြားရလိမ့်မည်ဟု သူတို့ မျှော် လင့်ထားခြင်းမရှိကြ။ လရောင်သည် ပြတင်းကျယ်ကြီးမှတစ်ဆင့် ညီလာခံ ရင်ပြင်သို့ ပက်ဖြန်းလာ၏။ လရောင်အောက်မှ သူတို့တစ်တွေ၏ အံ့သြဝမ်းသာ သော အမူအရာကို မသိကျိုးကျွံပြုလျက် ဆက်ပြောလိုက်၏။

"ဒီလိုညဉ့်မျိုးမှာ အခြားအခြား ပွဲသဘင်တွေ ခံနေမယ့်အစား ကျွန်ုပ် တို့ရဲ့စိတ်အာရုံကို ပိုပြီး ကြည်လင်ချမ်းသာစေမယ့်အရာမျိုးကိုသာ ပြုလုပ် သင့်တယ်၊ အကောင်းဆုံးကတော့ စိတ်အာရုံနဲ့ သဒ္ဓါကြည်ညိုမှုကို ဖွံ့ဖြိုးစေမယ့် သမဏ၊ ဗြာဟ္မဏ ပုဂ္ဂိုလ်မြတ်တစ်ဦးဦးထံ ဆည်းကပ်ခြင်းပဲ"

စကားအဆုံးတွင် ဆရာဇီဝကကို တည့်တည့်ကြီး ကြည့်ပစ်လိုက်၏။

ဆရာဇီဝက၏ မျက်နှာပေါ်တွင် ထူးဆန်းသော အရိပ်အငွေ့များ ဖြတ်သွားသည်ဟု ထင်ရ၏။ တစ်ခုခုကို လေးနက်စွာ တွေးနေဟန်လည်း ရှိ၏။ ဆရာဇီဝက တစ်ခုခုပြောတော့မည်လား၊ စောင့်နေလိုက်သည်။

သို့သော် . . . သမားတော်သည် အားလုံးနှင့် ဆန့်ကျင်စွာ မျက်နှာ ကို အောက်ချလိုက်လေသည်။

ထိုအချိန်မှာပင် လက်ဝဲဘက် ထောင့်တစ်နေရာမှ အသံတစ်သံ ပေါ်လာ၏။

"သံတော်ဦးတင်ပါရစေ အရှင်မင်းမြတ် . . . ဒီလိုညဉ့်မျိုးမှာ စိတ်

အာရုံရဲ့ သဒ္ဓါကြည်ညိုမှုကို ဖွံ့ဖြိုးစေနိုင်မယ့် ပုဂ္ဂိုလ်မြတ်တစ်ပါးရှိပါတယ်၊ သူ့အမည်က ပုရာဏကဿပ ဖြစ်ပါတယ်၊ ပုဂ္ဂိုလ်မြတ်ကြီးဟာ တပည့်အပေါင်းနဲ့ ပြည့်စုံသူ၊ ဂိုဏ်းဆရာ ခံယူသူ၊ ထင်ရှားကျော်စောသူ၊ အယူဝါဒတီထွင်သူ၊ သူတော်ကောင်းလို့ လူအများက သတ်မှတ်ထားသူ၊ ဝါသက္ကာရင့်ကျက်သူ၊ ဝယဂုဏ်နဲ့ပြည့်စုံသူ ဖြစ်ပါတယ်၊ ဂိုဏ်းဆရာသူတော်မြတ်ကြီး ပုရာဏကဿပကို ဆည်းကပ်မယ်ဆိုရင် အရှင့်ရဲ့အလိုတော် ပြည့်ပါလိမ့်မယ်"

ပုရာဏကဿပ ဆရာကြီးကို မိမိ သိပြီးဖြစ်၏။

သရက်သီးမှည့်ကို စားလိုသည်ဆိုကာမှ ချဉ်စူးသည့် ဖန်ခါးသီးကို တွေ့လိုက်ရသလို မသက်မသာ ခံစားရလေသည်။ ဆိတ်ဆိတ် နေလိုက်သော အခါ အမတ်သည်လည်း ဦးခေါင်း ပြန်လျှိုးသွား၏။

"အရှင်မင်းမြတ်၊ မက္ခလိဂေါသာလဆိုတဲ့ အမည်နာမကို သတိရတော်မူလိုက်ပါ"

ထောင့်တစ်နေရာမှ နောက်အသံတစ်သံ ပေါ်လာပြန်၏။

"ဆရာကြီး မက္ခလိဂေါသာလဟာ တပည့်အပေါင်းနဲ့ ပြည့်စုံသူ၊ ဂိုဏ်းဆရာခံယူသူ၊ ထင်ရှားကျော်စောသူ အယူဝါဒတီထွင်သူ . . ."

ကြားနေရသောအသံများ နားဝမှ ဖိတ်လျှံကျသွားကြ၏။

ဆိတ်ဆိတ်နေခြင်းဖြင့် တုံ့ပြန်ရန်မှတစ်ပါး ဘာမှ လုပ်စရာမရှိ။

"အရှင်မင်းမြတ် . . . အဇိတကေသကမ္ဗလ ဆိုတဲ့ အမည်နာမကို သတိရတော်မူလိုက်ပါ၊ ဆရာကြီး အဇိတဟာ တပည့်အပေါင်းနဲ့ ပြည့်စုံသူ ဂိုဏ်းဆရာခံယူသူ ထင်ရှားကျော်စောသူ . . ."

စောစောက ကြည်လင်ချင်သလိုလို ဖြစ်နေသော စိတ်အစဉ်သည်ပင် ပျောက်ကွယ်တော့မလို ဖြစ်လာ၏။ နောက်ထပ်အသံများ ပေါ်လာပြန်သည်။

"အရှင်မင်းမြတ် . . . ဆရာကြီး ပကုဓကစ္စာယနဟာ ဆိုရင် . . ."

"အရှင်မင်းမြတ် . . . ဆရာကြီး သဉ္စယဗေလဋ္ဌပုတ္တဟာ ဆိုရင် . . ."

"အရှင်မင်းမြတ် . . . ဆရာကြီး နိဂဏ္ဌနာဋပုတ္တဟာ . . ."

ထိုအမတ်များကို လည်ကုပ်မှကိုင်ဆွဲကာ ခန်းမအပြင်သို့ နှင်ထုတ်လိုက်ဟု အမိန့်ပေးမိလုနီးနီး ဖြစ်သွား၏။





သို့သော် ထိုသို့ အရေးယူလိုက်လျှင် ပြောလာသူတိုင်းကို အပြစ်ဒဏ်ပေးသည်ဟု ကြောက်ရွံ့သွားကြကာ နောက်ထပ် မည်သူမျှ ထပ်မပြောဝံ့တော့မည်ကို တွေးမိသဖြင့် အမိန့်ပေးအံ့ဆဲဆဲ နှုတ်ကို ထိန်းသိမ်းလိုက်ရ၏။

ဆရာဇီဝကကား ငြိမ်ချက်သားကောင်းနေမြဲ။

ငြိမ်သက်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သူ ဆရာဇီဝကသည်လည်း ငြိမ်သက်သူသာ ဖြစ်ပေမည်။

ထို့အပြင် ဖြောင့်မတ်တည်ကြည်သော ဤသမားတော်သည် ဘုရင်မင်းမြတ်က စကားစလိုက်သည်နှင့် ယောက်ယက်ခတ်သွားပြီး စကားတွေ တဖောင်ဖောင်ပြောမည့်လူစားမျိုးတွင် ပါဝင်သူမဟုတ်ချေ။

သူ ဆွတ်နိုင်ဖို့ ကိုယ်ကပင် ညွှတ်ပေးရတော့မည်။

သက်ဦးဆံပိုင် အာဏာရှင် ဘုရင်မင်းမြတ်သည် ပညာရှိသူတော်ကောင်းတစ်ဦးရှေ့တွင် ဦးညွှန်ရတော့မည်၊

အကြောင်းမူ ထိုဘုရင်မင်းမြတ်သည် ထိုပညာရှိထံ အမှန်တရားနှင့် နားခိုရာကို အလိုရှိသောကြောင့် ဖြစ်လေသည်။

မကိုင်မရှသရဖူသည် ဖြူစင်ဖြောင့်မတ်ခြင်းကို အလျှော့ပေးလိုက်ရပြီ။

"ဆရာဇီဝက"

နှစ်ကိုယ်တည်းသာဆိုလျှင် ဟိုယခင် ဥပရာဇာဘဝတုန်းက ခေါ်သလို နောင်ကြီးဇဝကဟုပင် ခေါ်မိမည်ဖြစ်၏။

"ကြားလိုက်တယ်မဟုတ်လား . . . အမတ်တွေက သူတို့ ဆည်းကပ်ကိုးကွယ်ရာ ဂိုဏ်းဆရာကြီးတွေရဲ့ အမည်နာမနဲ့ ဂုဏ်ကျေးဇူးတွေကို ထုတ်ဖော်သွားလိုက်ကြတာ၊ ခံတွင်းနှုတ်နဲ့ မဆံ့သလောက်ဘဲ၊ ဆရာဇီဝက,ကတော့ ဒီအချိန်မျိုးမှာ ငြိမ်ချက်သားကောင်းလှချည်လား . . . ဆရာဇီဝကမှာ ကိုးကွယ်ရာ ဆရာရဟန်း မရှိဘူးလား"

တိုက်ရိုက်ပင် မေးချလိုက်လေသည်၊

ဆရာဇီဝက၏ ငုံ့ငိုက်ထားသော မျက်နှာလည်း ပြန်မော့လာသည်။

ထိုမျက်နှာပေါ်တွင် လရောင်သည် အဆီးအတားမဲ့ သွန်းဖြာလျက်ရှိသည်။

သည်မျှလောက်နှင့် မရပ်သင့်သေး၊



www.foreverspace.com.mm
www.foreverspace.com.mm

www.foreverspace.com.mm

ထိုမျက်နှာ၏ နှုတ်ခံတွင်းကို ပွင့်အောင် ဖွင့်ရလိမ့်မည်။ အသံထွက်ပေါ်လာအောင် ဆွဲထုတ်ရမည်။

"ခမည်းတော်ကြီးပေးသနားထားတဲ့ ရာထူးစည်းစိမ်က မလုံမလောက်ဖြစ်နေလို့ ဆရာဇီဝကမှာ ချို့ချို့ငဲ့ငဲ့ဖြစ်နေလို့ ကိုးကွယ်ရာ ဆရာရဟန်း မရှိတာလား . . . ဒါမှမဟုတ် . . သဒ္ဓါတရား ခေါင်းပါးနေလို့ ကိုးကွယ်ရာ ဆရာရဟန်း မရှိတာလား"

သိသိနှင့်ပင် မေးလိုက်ခြင်းဖြစ်၏။

ဆရာဇီဝကသည် ထိုင်နေရာမှ ထရပ်လိုက်လေသည်။

ထို့နောက် လရောင်စီးဆင်းနေသော ပြတင်းဘက်အပြင်သို့ ကိုယ်ကို လှည့်ပြီး နဖူးပြင်ဦးထိပ်ထက်၌ လက်အုပ်ချီလိုက်သည်။

ချက်ချင်း သိလိုက်၏။ ဆရာဇီဝက ရည်မှန်းဦးတိုက်သော အရပ်တွင် သရက်ဥယျာဉ်တိုက် ရှိနေသည်။

ဆရာသည် သူပိုင်သော သရက်ဥယျာဉ်ကို မြတ်စွာဘုရားနှင့် သံဃာအား လှူဒါန်းထားပြီးဖြစ်သည်။

ယခု သူသည် ဘုရားရှင်ရှိရာသို့ ဦးတိုက်ပူဇော်လိုက်ခြင်းပင်။

စောစောက အမတ်တွေ၏ အပြုအမူနှင့် ကွာခြားလှသည်။ အမတ်များ တစ်ယောက်ပြီးတစ်ယောက် သူတို့၏ ဆရာကြီးများအကြောင်းကို ဂုဏ်တင်သွားကြသည်။

သို့သော် ကိုယ့်ဆရာအကြောင်း ပြောပြသည့် ထိုအမတ်တို့သည် ထိုင်ရာက မထစတမ်း ရေရွတ်သွားကြသည်သာ။

ဆရာဇီဝကကား သရက်ဥယျာဉ်ရှိရာသို့ လက်အုပ်ချီပေပြီ၊ ခဏကြာမှ ရာဇပလ္လင်ဘက်သို့ သူ ပြန်လှည့်၏၊

"ဘုရင်မင်းမြတ် . . . ယခုအချိန်မှာ သုံးလောကသခင် ဘုရားရှင်က တစ်ထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာတို့နဲ့အတူ ကျွန်ုပ် လှူဒါန်းထားတဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးတော်မူနေပါတယ်"

ငြင်သာစွာ ဖြန့်ကျက်နေသော လရောင်သည်ပင် ဆရာဇီဝက၏ စကားများကို နားဆင်ရန် ရပ်တန့်ငြိမ်သက်သွားသည် ထင်ရ၏။

"ထိုမြတ်စွာဘုရားရှင်ဟာ ပူဇော်အထူးထူးကို ခံယူထိုက်ခြင်း ဂုဏ်၊





www.foreverspace.com.mm

အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိခြင်းဂုဏ်၊ အသိဉာဏ်နဲ့ အကျင့်တို့ဖြင့် ပြည့်စုံခြင်းဂုဏ်၊ ကောင်းသောစကားကို ဆိုတတ်ခြင်းဂုဏ်၊ လောကအလုံးကို သိခြင်းဂုဏ်၊ ဆုံးမထိုက်သူကို ဆုံးမရာမှာ အတုမဲ့ပုဂ္ဂိုလ်ဖြစ်ခြင်းဂုဏ်၊ နတ်လူတို့ရဲ့ ဆရာဖြစ်ခြင်းဂုဏ်၊ သစ္စာလေးပါးတရားကို သိခြင်း၊ သိစေခြင်းဂုဏ်၊ ဘုန်းတန်ခိုးကြီးမားခြင်းဂုဏ်ဆိုတဲ့ . . . အနှိုင်းမဲ့ ဂုဏ်တော်ကိုးပါးတို့ဖြင့် ပြည့်စုံတော်မူပြီး အဲဒီလို ပြည့်စုံတော်မူခြင်းဟာလည်း ကမ္ဘာလောကမှာ ပျံ့နှံ့ထင်ရှားပါတယ်။ ကျေးဇူးသတင်းကျော်ဇောခြင်းဟာလည်း ဘဝဂ်မဆုံ့နှံ့တတ်ပါတယ်"

ရဲဝံ့ပြတ်သားသော လေယူလေသိမ်းအောက်တွင် ညီလာခံတစ်ခုလုံး ဝပ်စင်းကျရောက်သွား၏။

"ဘုရင်မင်းမြတ် . . . မြတ်စွာဘုရားကို ဆည်းကပ်တော်မူပါ၊ မြတ်စွာဘုရားကို ဆည်းကပ်ရင် အရှင့်စိတ်အလုံး မုချကြည်လင်လာပါလိမ့်မယ်"

ကြားချင်သောစကား ကြားရပြီ။

တစ်ကိုယ်လုံး ပီတိအဟုန်ဖြင့် ကြက်သီးဖြန်းဖြန်း ထသွား၏။

"ဆရာဇီဝက . . . ဆင်ယာဉ်တို့ကို ယခုပဲ ပြင်ဆင်လိုက်ပါ"

"ကောင်းပါပြီ . . . ဘုရင်မင်းမြတ်"

ဆရာဇီဝက ထွက်သွား၏၊ မိမိလည်း ရာဇပလ္လင်မှ ထခဲ့၏။

ပြာသာဒ်အမိုးစွန်ထက်သို့ ရောက်ရှိသွားသောကြောင့် လရောင်ပျောက်ကွယ်သွားလေရာ ညီလာခံခန်းမသည် မှူးမတ်ဗိုလ်ပါများနှင့်အတူ မှောင်ရိပ်ထဲတွင် ကျန်ရစ်ခဲ့လေသည်။

* * *

အတိတ်ရုပ်ပုံလွှာ ပန်းချီကားချပ်ကြီး အရေးကြီးဆုံး အစိတ်အပိုင်းသို့ ရောက်ပေပြီ။

ထိုနေရာသည် အတောက်ပဆုံးဆေးရောင်များကို အနုစိတ်ဆုံး စုတ်တံများဖြင့် အကျွမ်းကျင်ဆုံး မှုန်းခြယ်ရမည့်နေရာဖြစ်၏။

www.foreverspace.com.mm

မဟာစေတီ ဆည်းလည်းသံများက ညိုးညိုးညံ့ တောင်းချီးပေးနေကြသည်။

အတိတ်ခရီးသည်ကြီးသည် ကန္တာရအသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ပြီးပြီ။ မြင့်မားသော တောင်ထွတ်သို့ ရောက်တော့မည်။ အတုမဲ့ ရှင်သန်ခြင်းသည် လေပြည်ကို ရှူလိုက်ရတော့မည်။

ကွဲကြေလောင်ကျွမ်းခဲ့သော နှလုံးကို အမြိုက်ရေစင်ဖြန်းပေတော့မည်။

အဇာတသတ်မင်းကြီးသည် တံတိုင်းကို မှီလျက် ချည့်နဲ့စွာထိုင်ရာမှ ကိုယ်ကို တည့်မတ်စွာပြင်လိုက်၏။ ဒူးတုပ်ထိုင်ကာ အပေါ်ရုံတဘက်ကို ရှေ့တွင် ဖြန့်ခင်းလိုက်၏။

အတိတ်ပန်းချီကားချပ် ရွက်ဖျဉ်ပေါ်၌ မရပ်မနား ပြေးလွှားနေသော အောက်မေ့ခြင်းစုတ်တံကို သတိကြီးစွာဖြင့် ကိုင်လိုက်လေသည်။

❊ ❊ ❊

လောကပညတ် အမြတ်ဆုံးသော ဆင်ယာဉ်။

ထိုမျှသာမက ဖဝါးခြေထပ် သွားစေကာမူ ခြေသံမကြားရအောင် လုံခြုံသောဆင်ယာဉ်ကို အသုံးပြုခြင်းအားဖြင့် ငြိမ်းအေးငြိမ်သက်တော်မူသော မြတ်စွာဘုရားအထံတော်သို့ ငြိမ်းအေးငြိမ်သက်တော်မူသော ယာဉ်ဖြင့်သာ သွား သင့်သည်ဟူသော စိတ်ကူး၌ မဂဓဘုရင်နှင့် သမားတော်တို့ အလိုအလျောက် စိတ်တူသဘောတူဖြစ်နေကြ၏။

ဆင်မယာဉ်သာ ငါးရာသည် ကကြိုးအစုံအလင်ဖြင့် အဆင်သင့်ဖြစ်နေကြပြီ။ မင်္ဂလာစီးတော်ဆင်ပေါ်သို့ တက်ကာနီးတွင် ဆင်ကို ဝန်းရံလိုက်ပါမည့် ရဲမက်များ၏ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရ၏။ ရဲမက်များသည် လှပကျော့ရှင်းနေကြပါကလား . . .။

အသေအချာ အကဲခတ်တော့မှပင် အဖြစ်မှန်ကို သိလိုက်၏။ တစ်ဆက်တည်းပင် ဆရာဇီဝက၏ အစီအမံကိုလည်း ကြိတ်၍ ချီးမွမ်းလိုက်မိ၏။ ရဲမက်များသည် ခါတိုင်းလိုက်ပါနေကျ ကြံ့ခိုင်တောင့်တင်းသော မင်းယောကျ်ားကြီးများမဟုတ်။ ရဲမက်ဝတ်စုံကို ဝတ်ထားသော နန်းတွင်း မောင်းမ မိန်းမသူ





www.foreverspace.com.mm

များပါတကား။ ညဥ့်နက်သန်းခေါင် ထွက်တော်မူသော ဘုရင်မင်းမြတ်၏ လုံခြုံစိတ်ချမှုကို ဆရာဇီဝက စေ့စပ်စွာ ဖန်တီးထားချေသည်။

မင်္ဂလာဆင်တော်က အသာအယာ ရှေ့ခြေများ ညွတ်ကာ ဒူးတုပ်ပေးလိုက်သဖြင့် ကျောက်ကုန်းပေါ်ရှိ ပုခက်သည် အလိုက်သင့် ရပ်တည်လေ၏၊

မိန်းမသူရဲမက်တစ်ဦးက ခြေတင်လှေကားခုံကို ချခင်းပေးသည်။ ခုံပေါ်မတက်ခင် အနီးရှိ ဆရာဇီဝကအား ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်၏၊ ကျေးဇူးစကားကို မျက်လုံးများဖြင့် ဆိုလိုက်၏။

ဆရာဇီဝကသည် လက်နှစ်ဖက်နောက်ပစ်လျက် . . .

"ထွက်တော်မူကြီး အခမ်းအနား စီရင်ထားပါတယ် ဘုရင်မင်းမြတ်၊ လုလင်ယောကျ်ားအသွင် ဝတ်ဆင်ထားတဲ့ မိန်းမသူများနောက်က ကချေသည်တွေ လိုက်ပါကြပါမယ်၊ သူတို့နောက်က အထိန်းအယ မိန်းမကြီးများ လိုက်ပါ့ပါမယ်၊ အဲဒီနောက်မှာ အဆင့်ဆင့် တိုင်းကြပ်မင်းသားများ၊ ဟူးရားပုဏ္ဏားများ၊ တူရိယာသည်များ၊ လေးတော်သား၊ ဆင်တော်သား၊ မြင်းတော်သား၊ ရထားတပ်သား၊ ခြေလျင်တပ်သား၊ ပြီးတော့ ရာထူးအလိုက် ပါဝင်မယ့် တစ်ဆယ့်ရှစ်ဖွဲ့ လိုက်ပါကြပါမယ်"

ခုံပေါ်တက်အံ့ ခြေကို မရွှေ့လျားသေးဘဲ မေးလိုက်သည်၊

"ဒီလောက်အချိန်ကလေးအတွင်းမှာ ဒီလောက် ကြီးကျယ်စေ့စပ်တဲ့ ထွက်တော်မူသခင်ကြီး ဖြစ်အောင် နောင်ကြီးဇီဝက ဘယ်လိုများ လုပ်လိုက်တာပါလိမ့်"

"စစ်မှန်တဲ့ ငြိမ်းချမ်းခြင်းနဲ့ အတုမဲ့ ဘုရားရှင်ထံတော်ကို သွားရောက်တဲ့ ခရီးဖြစ်တဲ့အတွက် အစစအရာရာဟာ သူ့သဘောသူဆောင်ပြီး အချိုးညီပြေပြစ်သွားကြပါတယ်၊ ကျွန်ုပ်ရဲ့ စီမံခန့်ခွဲမှုအစွမ်းကြောင့် မဟုတ်ပါဘူး၊ ကျွန်ုပ်က မင်းခမ်းမင်းနားကိုစီမံတဲ့ အမတ်ဝန်၊ တပ်မင်းဗိုလ် မဟုတ်ပါဘူး၊ ဆေးကုတဲ့ သမားတော်တစ်ယောက်သာ ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

"ဒါပေမဲ့ နောင်ကြီးဇီဝကဟာ ကျွန်ုပ်ရဲ့ အတွင်းအပ ဝေဒနာတွေကို ကုသပေးတဲ့ တကယ့်သမားတော်ပါပဲနောင်ကြီး"

လှိုက်လှိုက်လှဲလှဲ ပြောပြန်လေသည်။ ဆရာဇီဝကသည် ပြုံး၍ ခေါင်း

ကို တစ်ချက်လေးပင့်စွာ ညိတ်လျက်။

“တစ်လောကလုံးကို ကယ်တင် ကုစားပေးတဲ့ တကယ့်အတုမဲ့သမားတော်ကြီးကတော့ အခု ဘုရင်မင်းမြတ် သွားရောက်မယ့်နေရာက မြတ်စွာဘုရားရှင် ဖြစ်ပါတယ်”

လှေကားခုံမှတစ်ဆင့် ဆင်ပုခက်ထဲ ရောက်ခဲ့၏။

အရာအထောင်သော မီးရှူးမီးတိုင်များမှ အလင်းရောင်များ ဝင်းခနဲလင်းဖြာသွားကြသည်။ အင်္ဂ၊ မဂဓ၏ အချက်အချာ ရာဇဂြိုဟ်မြို့တောင်မြေပြင်မှ အလင်းရောင်များသည် လပြည့်ည ကောင်းကင်မှ ကြယ်တာရာတို့ကို ယှဉ်ပြိုင်လိုက်ကြပေပြီ၊

❊ ❊ ❊

မွှေးပျံ့စိမ်းမြ သရက်နံ့တို့ကို သဲ့သဲ့ရှူရှိုက်မိ၏။

တိုးတိတ်ညင်သာသော ရွက်ချင်းပွတ်သံကို ကြားရ၏၊

သရက်တောဥယျာဉ်ကျောင်းတိုက် ပရဝုဏ်သို့ ချဉ်းကပ်မိပြီ။

တူရိယာအဖွဲ့ လုံးဝ မတီးမမှုတ်ရ၊ ရဲမက်ဗိုလ်ထု အချင်းချင်း စကားမပြောရ၊ မချေဆတ်ရ၊ ချောင်းမဟန့်ရ၊ လက်နက်အဖျား အသွားချင်း ထိခတ်သံမထွက်စေရ၊ ခြေသံရှပ်ရှပ် မထွက်စေရ၊ အသံဟူသမျှကို အတတ်နိုင်ဆုံး ထိန်းသိမ်းလိုက်ကြ . . .။

ဆရာဇီဝက ကြိုတင်ထုတ်ပြန်ထားသော အမိန့်ဖြင့် အားလုံးသည် ပကတိတိတ်ဆိတ်စွာဖြင့် ရွေ့လျားနေကြလေသည်။

သရက်တောဥယျာဉ်သည် အခါမဟုတ်ပါဘဲလျက် ထူးမြတ်သောညဥ့်ကို ကြိုဆိုဂုဏ်ပြုနေပြီလားမသိ။ သရက်ဖူး သရက်ကင်း သရက်ပွင့်ရနံ့သင်းသင်းက မဂဓဘုရင်ကို ဆီးကြိုနှုတ်ဆက်နေကြ၏။

လရောင် . . . သရက်နံ့ . . . ထို့နောက် တိတ်ဆိတ်ခြင်း . . .။

ကြည်လင်ငြိမ်သက်နေခဲ့သော အာရုံတို့ ဂယက်ထသွား၏၊

တိတ်ဆိတ်ခြင်းသည် ဖြစ်သင့်သည်ထက် ပို၍ နက်ရှိုင်းနေသလား။ တိတ်ဆိတ်ခြင်း အထုအထည်ကြီးမားလှချေလား။ ညဥ့်၏ ပိုးနံ့ကောင်အသံတို့ ပင်လျှင် ငြိမ်ချက်သားကောင်းလွန်းနေသည်၊





အသံမဲ့လောကကြီးဖြစ်နေသည်၊

မင်္ဂလာဆင်တော်၏ ညင်သာသော ခြေလှမ်းများကြောင့် ရတနာပုခက်သည် တငြိမ့်ငြိမ့် အလိုက်သင့် လှုပ်နေသောလည်း လိုက်ပါစီးနင်းသူ၏ ရင်ထဲမှာမူ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာ၏။ တိတ်ဆိတ်ခြင်း၊ တိတ်ဆိတ်လွန်းခြင်း၊ အသံမဲ့လောက၊

သရက်တောဥယျာဉ်ကျောင်းတိုက်အနီးသို့ ရောက်ခဲ့ပြီ၊

ဖြန်းခနဲ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွား၏။

အေးမြသောလရောင်နှင့် နှင်းဆွတ်ညဥ့်လယ်တွင် နဖူးဆံစပ်၌ ချွေးသီးများ စို့လာ၏။ တိတ်ဆိတ်ခြင်းသည် အင်အားကြီးစွာဖြင့် မိမိကို စုပ်ယူနေသည်ဟု ခံစားလာရ၏။ နောက်တစ်ကြိမ် တစ်ကိုယ်လုံး ဖြန်းခနဲ . . .။

ဒါ . . . ဘာဖြစ်တာလဲ၊

မိမိမေးခွန်းကို မိမိ ပြန်ဖြေလိုက်သည်။

ကြောက်ခြင်း . . .။

ဘာကိုကြောက်သလဲ။

ဘုရားရှင်နှင့်အတူ ရဟန်းသံဃာ တစ်ထောင့်နှစ်ရာ့ငါးဆယ်တို့ သီတင်းသုံးနေတော်မူကြသည်ဆိုသော ဤသရက်ဥယျာဉ်ကျောင်းကြီးမှာ အသံဗလံ လုံးဝကင်းမဲ့နေသည်၊ စကားပြောသံ၊ လှုပ်ရှားသံ၊ ယုတ်စွအဆုံး ရဟန်းတစ်ပါးပါး၏ ချောင်းဟန့်သံ၊ ချေဆတ်သံသော်မှ ထွက်ပေါ်နေခြင်း မရှိ။’

သရက်ဥယျာဉ်ကျောင်းမှာ ဘုရားရှင်နှင့် ရဟန်းများ ရှိနေသည်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား . . .။

မဖြစ်နိုင်ဘူး၊ ဒါဆိုရင် လူသူကင်းဝေးရာဆီ ပရိယာယ်နဲ့ ခေါ်လာပြီး ဆရာ . . . ဇီဝက . . . က၊ ဟာ . . ငါ့ကို လုပ်ကြံ . . .

တုန်လှုပ်ခြင်းသည် ရာဇက္ကန္ဓေကို တိုက်စားသွား၏။

ကြောက်ခြင်းသည် မကိုဋ်သရဖူကို ရွဲ့စောင်းသွားစေ၏၊

“ဆရာဇီဝက”

အသံတွေ တုန်နေသည်။

“နောင် . . . ကြီး . . . ဇီဝက . . . ကျွန်ုပ်ကို မလှည့်ပတ်ပါဘူးနော်၊ ဖြားယောင်းပြီး ခေါ်လာခဲ့တာ မဟုတ်ပါဘူးနော်၊ ကျွန်ုပ်ကို ရန်သူတို့



www.foreverspace.com.mm

www.foreverspace.com.mm

လက်ထဲထည့်တာ မဟုတ်ဘူးဟုတ်လား"

"ဘုရင်မင်းမြတ် . . . ဘယ်လိုဆိုလိုက်တာလဲ"

"ဒီကျောင်းတိုက်ကြီးမှာ ရဟန်းပေါင်း တစ်ထောင့်နှစ်ရာငါးဆယ် ရှိတယ်ဆို . . . အခုတော့ အသံဗလံ လုံးဝ ကင်းမဲ့တိတ်ဆိတ်နေပါလား"

သရက်ရွက်များ ဖားလျားလျား အကြားမှာ ပျောက်တိပျောက်ကြား ကျဆင်းနေသော ဆရာဇီဝက၏မျက်နှာပေါ်၌ ကြင်နာငွေးထွေးသော မျက်လုံးများကို တွေ့လိုက်ရ၏။

ထို့နောက် နူးညံ့သောလေသံဖြင့် . . .

"ဘုရင်မင်းမြတ် . . . မကြောက်ပါနဲ့ မကြောက်ပါနဲ့"

နှစ်ခွန်းထပ်ဆင့်ပြောကာ ခေတ္တရပ်သည်။

"ဘုရင်မင်းမြတ်ကို ကျွန်ုပ် မလှည့်ပတ်ပါဘူး၊ မဖြားယောင်းပါဘူး၊ ရန်သူ့ထံ မအပ်နှင်းပါဘူး"

ခေတ္တရပ်ပြန်သည်။ ပြီးမှ . . .

"ဘုရင်မင်းမြတ် . . . ရှေ့ကို တိုးကြွလိုက်ပါ၊ ဆက်ပြီး ကြွလှမ်းလိုက်ပါ"

ဆရာဇီဝက၏အသံသည် အနူးညံ့ဆုံး အလေးနက်ဆုံးရောက်သွားပြီး . . .

"ဟောဟိုက တန်ဆောင်းဝန်းထဲမှာ ဆီမီးတွေ တောက်ပနေကြပါတယ်"

ဆီမီးတွေ တောက်ပနေကြပါတယ် . . . တဲ့။

သမားတော်၏စကားလုံးများက ဆောက်တည်ရာမဲ့ခြင်းအားလုံးကို တစ်ချက်တည်းဖြင့် ပျပ်ဝပ်သွားအောင် လုပ်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

တုန်လှုပ်မှုသည် လုံးဝ ကင်းစင်သွား၏။

သရက်ကင်းရနံ့ မွှေးပျံ့ပျံ့ကို တစ်ချက်ရှူရှိုက်လျက်။

"ဆင်တော်ကို ရပ်လိုက်တော့ . . . တံတိုင်းမုခ်ဝကို ရောက်နေပြီ၊ ဆင်ပေါ်က ဆင်းပြီး ငါ ခြေလှမ်းတွေနဲ့ ဝင်သွားတော့မယ်" ဟု ချွန်းကိုင်ဦးစီးအား အမိန့်ပေးလိုက်လေသည်။

* * *





www.foreverspace.com.mm

တံတိုင်းမုခ်ကို ဖြတ်လျက် တန်ဆောင်းဝန်းတံခါးရှေ့တွင် ရပ်လိုက်၏။

ဘုရားရှင်ကို ဖူးမြင်တွေ့ဆုံရတော့မည်ဟူသော ကြည်နူးမှုက တစ်ဖက်၊ အဖကို သတ်ခဲ့မိသော အညစ်အကြေး စွန်းပေနေသည့် နှလုံးသားက တစ်ဖက်၊ အပြန်အလှန် တုံ့ဆွဲနေကြသည်။

နောင်ကြီးဇီဝက၏လက်ကို လှမ်းဆွဲထားလိုက်သည်။

တန်ဆောင်းဝန်းအတွင်း လှည့်လည်ဝင်ရောက်ခဲ့သည်။

ညီမှုရာခန်းမဆောင်ရှေ့သို့ ရောက်ခဲ့ပြီ။

"နောင်ကြီး . . . မြတ်စွာဘုရား ဘယ်မှာလဲ"

"ညီမှုရာခန်းမထဲကို ရှုစားလိုက်ပါ ဘုရင်မင်းမြတ် . . . အလယ်တိုင်လုံးကို ကျောပြုပြီး အရှေ့အရပ်ကို မျက်နှာမူ ရဟန်းသံဃာတို့ ရှေ့မှောက်မှာ ထိုင်တော်မူနေသူဟာ မြတ်စွာဘုရား ဖြစ်ပါတယ်"

နောင်ကြီးဇီဝက၏လက်ကို ဖမ်းဆုပ်ထားရာမှ အသာအယာ ဖြည်ချလိုက်သည်။

ထိုလက်များဖြင့်ပင် ဝတ်ရုံသင်တိုင်းကို ကြို့ရရုံဖြစ်သွားအောင် သိမ်းယူသည်။

ထို့နောက် တန်ဆောင်းဝန်းထဲသို့ စတင်လျှောက်လှမ်းဝင်ခဲ့သည်။

ဖွဖွငြင်သာ ခြေလှမ်းများဖြစ်၏။

ကြမ်းပြင်နှင့် ခြေဖဝါး ထိတိုက်ပွတ်ရွှေ့သံ လုံးဝမထွက်စေရအောင် သတိကြီးစွာ ထိန်းသိမ်းထားသော ခြေလှမ်းများ ဖြစ်၏။

ခြေလှမ်းများ၏ အကြွ၊ အရွှေ့၊ အနှုတ်၊ အသိမ်းတိုင်းသည် လေးနက်သော အဓိပ္ပါယ်ကို ဆောင်နေလေသည်။

ဗုဒ္ဓမြတ်စွာထံပါးသို့ ချဉ်းကပ်သွားနေပြီ။

ကမ္ဘာလောကတစ်ခုလုံး၏ သမားတော်ကြီးရှိရာသို့ တိုးရွေ့သွားနေပြီ။

ဤခြေလှမ်းတိုင်းလည်း အလုံးစုံကို ပြောင်းလဲပစ်မည့် ခြေလှမ်းများ ဖြစ်သည်။

အမှောင်တိုက်မှသည် အလင်းရောင်ဆီသို့ ကူးပြောင်းရွေ့လျားမည့်

ခြေလှမ်းများဖြစ်သည်။

ညွတ်ကိုင်းသောကိုယ်၊ ငုံ့ငိုက်သောဦးခေါင်း၊ တိုးဖွသော ခြေသံတို့ထံမှ မဂဓဘုရင်တည်းဟူသော အဖြစ်သည် ထွက်ပြေးပျောက်ကွယ်သွားပြီ ဖြစ်၏။

မကိုဋ္ဋသရဖူသည် အဆင်တန်ဆာတစ်ခုမျှသာဖြစ်သွား၏။ အာဏာရှင်ဟူသော အဓိပ္ပါယ်ကို မဆောင်တော့။ စင်စစ်မူ တန်ဆောင်းဝန်းတံခါးမ အပြင်မှာပင် အင်္ဂ၊ မဂဓနိုင်ငံတော်ကြီး၏ အရှင်သခင်ဘဝသည် ပြုတ်ကျရစ်ခဲ့ပေပြီ။

ဘုရားရှင်ထံတော်ပါးသို့ ရောက်သည်။

လက်အစုံတို့ အလိုလို လှုပ်ရှားလာကြသည်။

လက်ညှိုးညွှန်၍ အမိန့်အာဏာတွေ တစ်ခုပြီးတစ်ခု ပေးခဲ့သော လက်၊ ရာဇလှံတံနှင့် သံလျက်ကို ကိုင်စွဲခဲ့သောလက်၊ မဂဓနိုင်ငံအလုံးကို အုပ်မိုးလုပ်ကိုင်ခဲ့သောလက်၊ ကာမဂုဏ်အာရုံအမျိုးမျိုးတို့ကို ထိတွေ့ခဲ့သော လက် . . .။

ထိုအလက်အစုံတို့သည် ယခုအခါ ကြာပဒုံသဖွယ် ဖူးငုံဖို့မှအပ အခြားပြုဖွယ်မရှိတော့ချေ။

ညွတ်နူးပျောင်းအိခြင်းများဖြင့် ရှိခိုးဦးချပြီးနောက် သင့်တင့်သော တစ်နေရာတွင် ရပ်တည်ခဲ့၏။

ထို့နောက် တစ်ထောင့်နှစ်ရာ့ငါးဆယ်သော ရဟန်းသံဃာတို့ကို လှမ်းကြည့်လိုက်သည်။

နေဝန်းကြီးကို မျက်နှာမူနေကြသည့် နေကြာပန်းတို့၏ ငြိမ်သက်ခြင်းကို တွေ့လိုက်ရ၏။

မဂဓဧကရာဇ်နှင့် သူ၏ဗိုလ်ပါပရိသတ်ထုကြီးကို တစ်ချက်ကလေးမျှ ငဲ့စောင်းကြည့်ခြင်းမရှိဘဲ မြတ်စွာဘုရားရှင်ကိုသာ တည်ငြိမ်ရင့်ကျက်စွာ ဖူးမြော်နေကြသည့် တိတ်ဆိတ်သောသံဃာ။

ချောင်းဟန့်ခြင်း၊ ချေဆတ်ခြင်း၊ ကိုယ်အနေပြင်ခြင်း၊ ဦးခေါင်း၊ လက်ခြေ စောင်းငဲ့ ရွေ့လျားခြင်း အလျဉ်းမရှိ။ အသက်မျှပင် ရှူသေးရဲ့လား ဟု ထင်ရလောက်အောင် ငြိမ်သက်နေသော သံဃာ။





အကြိမ်ကြိမ်အဖန်ဖန်ကြည့်ရင်း ရင်ထဲတွင် အသံတစ်ခု ဖြစ်လာ၏။ ထိုအသံသည် နှလုံးအိမ်နံရံကို ရိုက်ခတ်သော ဥဒါန်းကျူးရင့်သံလည်း ဖြစ်၏။

“ငြိမ်သက်ခြင်းနှင့်ပြည့်စုံသော သံဃာပါတကား၊ ငါ့သား ဥဒယဘဒ္ဒ မင်းသားလည်း ဤသို့ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေ”

အသံမဲ့သော ဥဒါန်းကျူးရင့်ခြင်းဖြင့် ရပ်တည်နေသော်လည်း ဘုရားရှင်ကို မိမိက ဘယ်သို့ စကားစတင်ပြောရမည်နည်း။ မည်သို့ ပြောဝံ့မည်နည်း။

ထိုအချိန်မှာပင် အတုမဲ့အသံကို ကြားလိုက်ရလေသည်။

“မဟာရာဇ ချစ်မြတ်နိုးရာသို့ သင်ရောက်သွားပြီ”

❊ ❊ ❊

အို . . . ဗုဒ္ဓမြတ်စွာက ငါ့ကို စတင်ဆိုတော်မူပြီ။

မဝံ့မရဲ ဆွံ့ခဲ့သော နှုတ်တို့ ပွင့်ပြီ။ ငါ ဆိုခွင့်ရပြီ။

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . တပည့်တော်ဟာ သားတော် ဥဒယဘဒ္ဒကို လွန်စွာချစ်လှပါတယ်၊ ယခု ညီမူရာတန်ဆောင်းဝန်းထဲက ရဟန်းသံဃာများဟာ ငြိမ်သက်ခြင်းနဲ့ ပြည့်စုံလှပါတယ်၊ တပည့်တော်ရဲ့ သားတော်လည်း ငြိမ်သက်ခြင်းနဲ့ ပြည့်စုံပါစေဘုရား”

စောစောက ရင်ထဲတွင်သာ ရိုက်ခတ်ခွင့်ရခဲ့သော ဥဒါန်းကျူးရင့်စကားကို ယခုမှပင် နှုတ်မှ ဖွင့်လှစ်နိုင်တော့သည်။

ထို့နောက်တွင် မိမိ၏ ရပ်တည်နေပုံ အနေအထားကို သုံးသပ်မိ၏။ ဘုရားရှင်ကို ဦးခိုက်ရှိခိုးပြီးပြီ။ ရဟန်းသံဃာများရှိရာသို့ ရှိခိုးနေလျှင် ဘုရားရှင်ကို ကျောပေးနေရာရောက်သွားမည်။ အဂါရဝအမှု မဖြစ်သင့်။

ဘုရားရှင်ကို ရှိခိုးဦးခိုက်ကာ ရောက်ရှိရပ်တည်နေသော နေရာမှ ခွာခဲ့၏။ ထို့နောက် ဘုရားရှင်ထံတော်သို့လည်း မျက်နှာမူမိအောင်၊ ရဟန်းသံဃာကိုလည်း ဂါရဝပြုဖြစ်အောင် သင့်တင့်သောနေရာတစ်နေရာကို ရွေး၍ ဒူးတုပ်ထိုင်လိုက်၏။

ဗုဒ္ဓမြတ်စွာအား လျှောက်ထားခွင့်ရပေပြီ။

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . အရှင်ဘုရား ခွင့်ပြုပါက



www.foreverspace.com.mm

www.foreverspace.com.mm

တစ်စုံတစ်ခုသော အကြောင်းအရာပြဿနာကို တပည့်တော် မေးလျှောက်လိုပါတယ် ဘုရား"

"မဟာရာဇ် . . . မေးလိုရာကို မေးပါ"

ရဲရဲတောက် ဖိတ်ကြားခွင့်ပြုမှုဖြစ်၏။ မေးသောအမေးစကားကို ကြားနာပြီးမှ ငါ သိရင်ဖြေမယ်ဟူသော စကားကြွင်း ခြွင်းချက်ထားသည့် ဖိတ်ကြားခွင့်ပြုမှု မဟုတ်။ သင်အလိုရှိရာ မေး၊ မေးသမျှ ငါ အဆုံးရောက် ဖြေမည်ဟူသော ခြွင်းချက်မဲ့ ဖိတ်ကြားခွင့်ပြုမှု။

မိမိတစ်သက်လုံး ကြားခဲ့ရသော ဖိတ်ကြားခွင့်ပြုမှုများနှင့် ခြားနားဘိခြင်း။ အတိုင်းမသိ နှစ်ထောင်းအားရ ဖြစ်သွား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . တပည့်တော် သိသမျှများစွာသော အတတ်ပညာသည်တို့ ရှိကြပါတယ်၊ အဲဒါတွေကတော့ . . ."

. . . . . . . . . . . . . . . . . .

❊ ❊ ❊

မဂဓနိုင်ငံတော်အတွင်း ရှိရှိသမျှသော အသက်မွေး ဝမ်းကျောင်းမှုများ၊ အတတ်ပညာများ၊ ကုန်သလောက်နီးနီးပင်။ မိမိ သိထားသမျှတို့ကို တစ်သီတစ်တန်း ထုတ်ဖော်ရေတွက်ပြလိုက်၏။

ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ လေးတော်သား၊ အောင်လံကိုင်၊ စစ်ဆင်စစ်တက်စစ်ထိုးသူ စသော လက်ရုံးရည်အတတ်ပညာသည်များ၊ ထို့နောက် ကျွန်များ၊ ထမင်းချက်များ၊ ဆေတ္တာသည်များ၊ စားဖိုသည်များ၊ ပန်းကုံးသူများ၊ ခဝါသည်များ၊ ရက်ကန်းသည်များ၊ ကျူထရံသည်များ၊ အိုးထိန်းသည်များ၊ သင်္ချာဗေဒပညာရှင်များ . . .။

သူတို့ သူတို့တစ်တွေမှာ သူတို့တတ်မြောက်အပ်သော အတတ်ပညာများဖြင့် မျက်မှောက်ဘဝ၌ ရပ်တည်ကြပုံ၊ အကျိုးစီးပွားဖြစ်ကြပုံ၊ မိဘဆွေမျိုးအသိုင်းအဝိုင်းကို ပြုစုဖွံ့ဖြိုးစေကြပုံ၊ တမလွန်ဘဝအတွက်လည်း အလှူကောင်းမှုများ ပြုကြပုံ . . . တို့ကို -

ခင်းဖြန့်လျှောက်ထားပြီးမှ -

"အဲဒီလို အလားတူစွာပဲ မျက်မှောက်ဘဝမှာပဲ ကိုယ်တိုင်သိမြင်ရတဲ့





www.foreverspace.com.mm

ရဟန်းပြုရကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသလား အရှင်ဘုရား"

ညီမူရာ တန်ဆောင်းဝန်းထဲမှ ရဟန်းသံဃာတို့ရှေ့မှောက်နှင့် ဘုရားရှင်ထံတော်ပါးဝယ် အတိအလင်း မေးလျှောက်လိုက်ခြင်းပင် ဖြစ်၏။ ရဟန်းပြုရခြင်း အကျိုးကို မိမိ တကယ်လည်း မသိ။

ဗုဒ္ဓမြတ်စွာ ပြန်လှန်မေးခွန်းထုတ်တော်မူ၏။

"မဟာရာဇ တခြားသမဏ ဗြာဟ္မဏများကို ဒီပြဿနာ သင်မေးဖူးသလား"

"မေးဖူးပါတယ်ဘုရား"

"သူတို့ ဘယ်လိုဖြေကြသလဲ . . . သင် ဝန်မလေးရင် ပြောကြားပါ"

ပညာရှိဟန်ဆောင်သူများထံ၌ ပြောရဆိုရသည်မှာ ခက်ခဲလှကြောင်း ကိုယ်တွေ့ရှိထားပြီး ဖြစ်ပေသည်။ ထို ဟန်ဆောင်ပညာရှိတို့သည် မေးခွန်းတစ်ခုခုနှင့် ရင်ဆိုင်ရတိုင်း အဖြေကို မပေးသေးဘဲ၊ မေးခွန်းကိုပင် ပုဒ်ပါဒ် အက္ခရာများ၌ အပြစ်အနာအဆာများကို လိုက်ရှာပြီး ဘယ်သို့ဘယ်ညာ ကဲ့ရဲ့ ပြင်ဆင်နှင့်ကြလေသည်။

ယခုမူ ဗုဒ္ဓမြတ်စွာက သင် ဝန်မလေးရင် ပြောကြားပါဟု မိန့်ပေပြီ။ အတုမဲ့ပညာရှိပုဂ္ဂိုလ်မြတ်ရှေ့၌ ဘာကြောင့် ဝန်လေးရမည်နည်း။

သွက်သွက်ကြီး လျှောက်တင်လိုက်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်မျိုးရှေ့မှောက်မှာ တပည့်တော် ဝန်မလေးပါဘူးဘုရား"

"မဟာရာဇ . . . သို့ဆိုလျှင် ပြောကြားလော့"

ပူရဏ ကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယာန၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ စသော တိတ္ထိဆရာကြီးများထံ ချဉ်းကပ်၍ ရဟန်းပြုခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံတို့အကြောင်း မေးမြန်းခဲ့ပုံနှင့် ရရှိခဲ့သော အဖြေစကားများအကြောင်း လျှောက်ထားလိုက်သည်။

သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲကို ဖြေသောအဖြေ။ တောင်ပိန္နဲကို မေးပါလျက် သရက်ပင်ကို ဖြေသောအဖြေ၊ အမေးတခြား အဖြေတလွဲများသာ ရခဲ့ပုံ။ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝအကျိုးကို မေးပါလျက်

www.foreverspace.com.mm

ယင်းကို မဖြေဘဲ သူတို့၏ဝါဒများအကြောင်းသာ ဖြေကြားကြပုံ မနှစ်သက်သော်လည်း ထိုစကားများကို မနာယူ မမှတ်သားဘဲ နှလုံးမသာမယာဖြင့် ထပြန်ခဲ့ရပုံများကို လျှောက်ထားဖြစ်ပြန်၏။

"ဒီမေးခွန်းကိုပဲ တပည့်တော် ယခု မေးအပ်ပါပြီ အရှင်ဘုရား"

ရဟန်းပြုရခြင်းရဲ့ မျက်မှောက်ဘဝအကျိုးဟာ ဘယ်သို့ပါလဲ ဘုရား"

"မဟာရာဇ . . . နားကြားလော့"

မမ္မအဖြိုက်ရေစင် သွင်သွင်သွန်းလောင်းအပ်ပေပြီ။

နှလုံးအိမ်၌ ဆီမီးအရာအထောင်တို့ စတင်ထွန်းညှိပြီပေပြီ၊

ကျွန်ယောကျ်ား ရဟန်းပြုသဖြင့် မင်း၏ အပူဇော်ရခြင်း ဥပမာ၊ အခွန်ထမ်း လယ်သမား ရဟန်းပြုသဖြင့် မင်း၏ အပူဇော်ခံရခြင်းဥပမာ၊ ထို့ထက်သာလွန်မွန်မြတ်သောအားဖြင့် ဇာတ်နိမ့်ဇာတ်မြင့် တစ်ဦးဦး ရဟန်းပြုခဲ့ပြီးနောက် စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလတို့ကို ဖြည့်ကျင့်ကာ အဆင့်ဆင့်တက်ခဲ့ပုံများ . . .

ဣန္ဒြေကို စောင့်စည်းခြင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ နီဝရဏတရားတို့ကို ပယ်ခြင်းတို့နှင့်အတူ . . .။

ပထမဈာန်ရခြင်း၊ ဒုတိယဈာန်ရခြင်း၊ တတိယဈာန်ရခြင်း၊ စတုတ္ထဈာန်ရခြင်း၊ ထိုမှတစ်ဆင့်တက်ကာ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ် မည်သော အရဟတ္တမဂ်ဉာဏ်တိုင်အောင်သော အဆင့်ဆင့်သာလွန်မြင့်မြတ်သည့် ဝိဇ္ဇာရှစ်ပါး၊ တရားထူးကို ရသဖြင့် ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝအကျိုးရပုံများ . . .။

ဩော် . . . ကောင်းစွ . . . ကောင်းလေစွပါတကား . . .။

နာယူရသော မမ္မအခန်းတိုင်း၊ စကားပိုဒ်တိုင်း၌ သာဓုအကြိမ်ကြိမ်ခေါ်ရလေတော့သည်၊

အမိုက်တိုက်ကြီး ပြိုကွဲသွား၏၊

နှလုံးအိမ်သည် မမ္မအလင်းဖြင့် ပျံ့နှံ့ဝင်းပသွား၏။

"အရှင်မြတ်ဘုရား . . . နှစ်သက်ဖွယ် အလွန်နှစ်သက်ဖွယ် ရှိပါပေတယ်ဘုရား . . . မှောက်ထားသော ဝတ္ထုကို လှန်လိုက်သလို ဖုံးထားသော ဝတ္ထုကို ဖွင့်လိုက်သလို၊ မျက်စိလည် လမ်းမှားသူကို လမ်းမှန် ညွှန်လိုက်သလို





www.foreverspace.com.mm

အမိုက်မှောင်မှာ ဆီမီးတိုင် ထွန်းညှိလိုက်သလို အရှင်ဘုရားဟာ တပည့်တော်ကို ထင်ရှားစွာ ဟောကြားတော်မူခဲ့ပါပြီဘုရား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . တပည့်တော် အဇာတသတ်ဟာ မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ် ဆည်းကပ်ပါ၏ဘုရား . . . ယနေ့မှစ၍ တပည့်တော် အဇာတသတ်အား အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံ တည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါဘုရား"

ဟဒယနှလုံးကြားမှ စိမ့်ထွက်စီးကျလာသောစကားများပင်၊

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . မိုက်မဲသော တွေဝေသော မလိမ္မာသောတပည့်တော်ရဲ့ အပြစ်ဟာ တပည့်တော်ကို လွှမ်းမိုးခဲ့ပါပြီဘုရား၊ တရားစောင့်သော ခမည်းတော်မင်းတရားကြီးကို ရာဇပလ္လင်နဲ့ မကိုင်မိသရဖူအတွက် တပည့်တော်သတ်ခဲ့မိပါတယ်ဘုရား၊ ထိုအပြစ်ကို နောင်အခါ စောင့်စည်းဖို့ရန် အပြစ်အနေအားဖြင့် သည်းခံတော်မူပါဘုရား"

စူးဝင်နေသော တံကျင်ဆူးကို ယခုမှပင် ဆွဲထုတ်နိုင်ပြီဖြစ်၏။ ဆွဲထုတ်လိုက်သော တံကျင်စူးနှင့်အတူ နှလုံးသွေးတို့ ရဲခနဲဖြစ်သွား၏။ ရဲရဲနီ ထိုနှလုံးသွေး၌ပင် တည့်ရပ်လျက် ဘုရားရှင်အား ပူဇော်နေရသောဘဝ။

"မဟာရာဇ . . . မိုက်မဲသော၊ တွေဝေသော၊ မလိမ္မာသောကြောင့် အပြစ်ဟာ သင့်ကို လွှမ်းမိုးခဲ့တယ်၊ တရားစောင့်သော ခမည်းတော်ကို သင်သတ်ခဲ့မိတယ်၊ မဟာရာဇ . . . အပြစ်ကို အပြစ်လို့ သင် ရှုမြင်ပြီ၊ အပြစ်အားလျော်စွာ ကုသတဲ့အတွက် သင့်အပြစ်များကို ငါ သည်းခံတယ်။ မဟာရာဇအကြင်သူဟာ အပြစ်ကို အပြစ်လို့ရှုမြင်ပြီး အကြောင်းအားလျော်စွာ ကုစားတယ်၊ နောင်အခါ စောင့်စည်းတယ်၊ ဤကုစားခြင်း၊ စောင့်စည်းခြင်းဟာ ငါဘုရားရဲ့ သာသနာမှာ ကြီးပွားခြင်းပင် ဖြစ်တယ်"

လောကအတုမဲ့ သမားတော်ကြီးနှင့် လောကအတုမဲ့ဆေးဝါးတို့အားဖြင့် သည်းထန်ပြင်းပြသော ဝေဒနာဆိုးကြီး သက်သာပျောက်ကင်းခဲ့ချေပြီ။

ကြယ်တာရာ၊ ကြတ္တိကာနက္ခတ်၊ လဝန်းနှင့် တန်ဆောင်မုန်းလပြည့် ညသည် အလှဆုံးအချိန် ရောက်နေကြ၏၊

❊ ❊ ❊

အတိတ်ပန်းချီကားချပ်ကြီးပေါ်မှ စုတ်တံဖျားသည် ရပ်တန့်သွားလေသည်။

ဆေးရောင်အသွေး၊ ရုပ်လုံးအနီးအဝေးတို့ အလုံးစုံ ထင်ရှားခဲ့ကြပြီ။ အောက်မေ့ဆင်ခြင်ခြင်း စုတ်တံကို သတိကြီးစွာဖြင့် ကိုင်တွယ်ခြယ်မှုန်းခဲ့သည် ဖြစ်၍ ပန်းချီကားသည် ပြီးပြည့်စုံခြင်းသို့ ရောက်ခဲ့ပြီဖြစ်၏။

အဝေးအနီး၊ အလင်းအမှောင်၊ အနုအရင့်တို့ကိုလည်း ချိန်သားကိုက်အောင် ရေးဆွဲခဲ့ပြီးပြီ။ ရုပ်ပုံရှုကွက်တို့ သူ့နေရာနှင့်သူ စနစ်တကျ ရှိကြပြီ။ အဇာတသတ္တု အမည်ရှိသော သူတစ်ယောက်၏ ဘဝပန်းချီကား၊

အဇာတသတ်မင်းကြီးသည် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်၏၊

တန်ဆောင်မုန်းလပြည့် ညဥ့်တစ်ညဥ့်ကို နွေးထွေးစွာ သတိရမိနေ၏၊

သြော် . . . ယခုတော့ ဗုဒ္ဓမြတ်စွာလည်း သက်တော်ထင်ရှား မရှိတော့ပါပြီ။

ဗုဒ္ဓမြတ်စွာကိုယ်စား ဝေစုရခဲ့သော သရီရဓာတ်တော်များကို စေတီကြီးအတွင်း၌ ဌာပနာ၍ ကိုးကွယ်ရလေပြီ၊

ခုနစ်လတိုင် ကျင်းပခဲ့သော သင်္ဂါယနာတင်ပွဲကြီးလည်း အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်၏၊

အနောက်ဘက်ကောင်းကင်ယွန်းယွန်းသို့ ရောက်ရှိနေသည့် တန်းဆူးအကြို ညဥ့်၏လခြမ်းကို ငေးကြည့်မိသည်။ ဖျော့တော့သော လရောင်သည် ဝေဘာရတောင်၏ မြောက်ဘက်ရှိ ဝေဠုဝန်ကျောင်းတော်နှင့်တကွသော ကျောင်းတိုက်ကြီး ဆယ့်ရှစ်ခုပေါ်သို့လည်း ယခုအချိန် ကျရောက်ဖြတ်သန်းနေလိမ့်မည်။

ထိုကျောင်းတိုက်ကြီး ဆယ့်ရှစ်ခုတို့တွင် ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းနှင့် တောင်နံရံကမ်းပါး တောင်ခြေတို့ရှိ စောရပပါတကျောင်းတို့လည်း အပါအဝင်ဖြစ်၏။ သြော် . . . ဂိဇ္ဈကုဋ်တောင် . . .။ မည်သို့မျှ မေ့ကောင်းစရာမရှိသည့် အထင်ကရတောင်ကြီး . . .။

အဇာတသတ်မင်းကြီးသည် သက်ပြင်းတစ်ချက်ကို လေးလံစွာ မှုတ်ထုတ်လိုက်၏။ အတိတ်ပန်းချီကားကြီးကို အစဉ်တစိုက် ရေးဆွဲခဲ့ရသဖြင့် အာရုံ





တို့လည်း နွမ်းနယ်လျက်ရှိ၏။ သို့သော် ခြေကုန်လက်ပန်းတော့ မကျသေး။

အရှင်မဟာကဿပ မထေရ်ကြီးအား မိမိလျှောက်ထားခဲ့သည့် စကားများကို ပြန်ကြားယောင်မိသည်။

“သင်္ဂါယနာတင်ပွဲကို ရဲရဲကြီးသာ ပြုတော်မူကြပါဘုရား၊ အရှင်ဘုရားတို့ဘက်မှ မမွစက်တည်အောင် ကြိုးပမ်းတော်မူကြချိန်မှာ တပည့်တော်ဘက်က အာဏာစက်နဲ့ ကူညီပါမယ်ဘုရား၊ သင်္ဂါယနာတင်ပွဲကြီးအတွက် တပည့်တော်ကို အလိုရှိရာ ခိုင်းစေတော်မူကြပါဘုရား”

ထိုစကားလုံးများ၏ အရှိန်အဟုန်ဖြင့်သာ မင်းကြီးသည် ကြံ့ကြံ့ရပ်တည်နိုင်စွမ်းရှိခဲ့လေသည်။ မဂဓနိုင်ငံအရှင်သခင်၏ အာဏာစက်ကို နှစ်ပေါင်းများစွာ အသုံးချခဲ့ရာ၌ ပြီးခဲ့သော သင်္ဂါယနာတင်ပွဲကြီးအတွက် အသုံးချခဲ့ခြင်းတစ်ခုသာလျှင် တန်ဖိုးအရှိဆုံးဟု ထင်မှတ်မိ၏။ တစ်နည်းအားဖြင့် ဘုရင်မင်းမြတ်၏ အာဏာတော်ကို အဓိပ္ပါယ်ရှိစွာ အသုံးပြုခွင့်ရခဲ့သော တစ်ကြိမ်တည်းအခွင့်အခါ။

မင်းကြီးသည် စေတီပရဝုဏ်အတွင်းမှ ထွက်ခဲ့လေသည်၊

ရှည်လျားသောစိတ်ခရီးကြောင့် မိမိ မောပန်းနွမ်းနယ်နေသည်ကိုလည်း သတိပြုမိ၏၊

သြော် . . . သက်ကြီးရွယ်ရင့် ဘုရင်အိုတစ်ပါး ဖြစ်နေပြီကော။

❊ ❊ ❊

သန်းခေါင် ယွန်းညဥ့်အလယ် ဖျော့တော့သော လရိပ်မှောင်အောက် တစ်ကိုယ်တည်း လျှောက်လာခဲ့၏။ ဤခြေလှမ်းများ အဘယ်ဆီသို့ လျှောက်ကြမည်နည်း။

ပြုဖွယ်မှန်သမျှ ပြုခဲ့ပြီးပြီ။

ဘုရင်အိုကြီးတစ်ပါးအနေဖြင့် ဘာများပြုဖွယ် ရှိသေးသနည်း။

မဂဓလက်နက်နိုင်ငံတော်ကြီးကတော့ ကြုံလိုသောလက်ချောင်းများအတွင်း၌ ဘာများ အဓိပ္ပါယ်ရှိသေးသနည်း၊ ဦးခေါင်းပေါ်မှ မကိုဋ်သရဖူကကော၊ ဖြူဆွတ်ကြိုးကြဲဆံပင်များအထက်တွင် အချည်းနှီးအဆင်တန်ဆာ ဖြစ်နေပေပြီ။

ရာဇလုံတံ၏ ပတ္တမြားစီသော ရွှေလက်ကိုင်ကို ဆုပ်ထားသည့် လက်ဖဝါးတို့သည်လည်း ချိုင့်ခွက်နေကြ၏။ အကြောပြိုင်းပြိုင်း လက်ချောင်းများသည် နဝရတ်လက်စွပ်များ၏ ပြက်ရယ်ပြုခြင်းကို ခံနေရ၏။

ပြည့်တင်းသောအသားစိုင်တို့ ဆုတ်ယုတ်နေသည်။ အရိုးငေါငေါ ကျောပြင်၊ ခါးဆစ်ထက်မှ ရွှေခြည်ဖောက်ဝတ်ရုံနှင့် ပုလဲသွယ်ခါးစည်းကြိုးတို့သည် အလိုလိုပင် အရောင်မှေးမှိန် လွင့်ပါးနေကြ၏။

နူးညံ့သော လွှာဖိနပ်သိုင်းကြိုးနှင့် ကတ္တီပါခြေနင်း၏ ဒရယ်သားရေခင်းသည် ရှုံ့တွသော ခြေကျင်းနှင့် ခြေဖမိုးတို့ကို အလိုမတူဘဲ ဖုံးလွှမ်းချည်ပတ်ပေးနေရ၏။

ဩော် . . . ငါ အိုမင်းရင့်ရော်နေပါပကော။

အဇာတသတ်မင်းကြီးစိတ်ထဲမှ ရေရွတ်လိုက်သည်။

သူတစ်ပြန် ကိုယ်တစ်ပြန် စစ်ထိုးခဲ့သော သာဝတ္ထိဘုရင် ကောသလမင်းကြီးလည်း မရှိတော့ပြီ။ ဦးရီးတော် ကောသလမဟာရာဇာသည် ဝိဋ္ဋူဘကို တိုက်ခိုက်ရန် မိမိထံ စစ်ကူတောင်းဖို့ လာခဲ့သေး၏။ သို့သော် ဦးရီးတော်ဘုရင် ကြီးသည် ရာဇဂြိုဟ်မြို့တံခါးအပြင်ဘက် ဇရပ်တစ်ဆောင်ပေါ်၌ သေဆုံးသွား ခဲ့လေသည်၊

ဘုရင်တစ်ပါး၏ နောက်ဆုံးအချိန်ကား သံဝေဂရဖွယ်အတိ။

သာဝတ္ထိပြည့်ရှင်ကြီးသည် မောင်းမငယ်တစ်ဦး၏ ရင်ခွင်ထဲ၌ ဝေဒနာကြီးစွာဖြင့် သေဆုံးခဲ့ရ၏။ ရုပ်အလောင်းကို ပိုက်ရင်း မျက်ရည်တွေ ခြောက်သွေ့နေကာ ငေးကြောင်နေသော မောင်းမငယ်တစ်ယောက်မှအပ ဘယ်သူမှ မရှိ၊ ဘုရင်တစ်ပါးနတ်ရွာစံရပုံကား ထိတ်လန့်ဖွယ်ပင်။ အသက်ရှစ်ဆယ်အရွယ် ဘုရင်အိုကြီး၏ နောက်ဆုံးအချိန်မှာ သူ အသက်ရှိစဉ်က ကာသိတိုင်းနှင့် ကောသလတိုင်းကို အုပ်ချုပ်မင်းလုပ်ခဲ့ပါသည်ဟု ပြောလျှင်သော်မှ ယုံနိုင်ဖွယ်မရှိ။

ဦးရီးတော်၏ ရုပ်အလောင်းကို ကြီးကျယ်ခမ်းနားစွာ ဖုတ်ကျည်းသင်္ဂြိုဟ်ပေးနိုင်ခဲ့ခြင်းတစ်ခုသာ အဇာတသတ်မင်းကြီးအတွက် ဖြေသိမ့်စရာဟု ဆိုနိုင်၏။ ဝိဋ္ဋူဘကို တိုက်ရန် တပ်မကြီးဖွဲ့ခဲ့သော်လည်း မှူးမတ်တို့ တောင်းပန်ချက်ကြောင့် မတိုက်ဖြစ်ခဲ့၊ ဝိဋ္ဋူဘကလည်း သူတပ်ကြီးနှင့်အတူ





အစိရဝတီမြစ်ကြီး၏ လှိုင်းတံပိုးများအောက် ရောက်သွားခဲ့ချေသည်၊

ဝိဋ္ဋူဘကို မတိုက်ဖြစ်သော်လည်း လိစ္ဆဝီမင်းတို့ကိုကား မိမိ ချေမှုန်းနိုင်ခဲ့လေသည်၊

ဂင်္ဂါမြစ်အနီးမှ ပဋ္ဋနဂါမ လှည်းဆိပ်ရွာတောင်ခြေရှိ ကျောက်မျက်ရတနာ ဘဏ္ဍာများကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သောစစ်ကြီး၊ ထိုစဉ်ကလည်း လက်ရုံးအမတ်ကြီး ဝဿကာရအား ဂိဇ္ဈကုဋ်တောင်ကျောင်းရှိ ဗုဒ္ဓမြတ်စွာထံ စေလွှတ်ခဲ့၏။ ဝဇ္ဇီမင်းတို့၏ ဂဏနိုင်ငံကို ချေမှုန်းရေးတွက် ဝဿကာရကို အထောက်နားခံတော်ပြုခဲ့၏။ သက်တော်ခုနစ်ဆယ့်ကိုးနှစ် ရှိပြီဖြစ်သော ဗုဒ္ဓမြတ်စွာထံမှ ရာဇ အပရိဟာနိယတားတို့ကို ဝဿကာရနာယူသယ်ဆောင်ကာ ပြောင်းပြန် အကျိုးသက်ရောက်စေမှု သေနင်္ပရိယာယ်ဖြင့် ဝေသာလီကို ချေမှုန်းနိုင်ခဲ့ပေသည်၊

အချိန်သုံးနှစ်ခန့်ယူ၍ ကြိုတင်ပြင်ဆင်ခဲ့ပြီး လိစ္ဆဝီတို့၏ ဝေသာလီကို အောင်မြင်ပြီးနောက်တွင်ကား မဂဓသည် မဇ္ဈိမဒေသအားလုံး၏ ပြိုင်ဘက်ကင်းသော လက်နက်နိုင်ငံတော်ကြီး ဖြစ်ခဲ့လေသည်။

ယခုတော့ ထိုလက်နက်နိုင်ငံတော်ကြီးသည် ဘုရင်အိုကြီးတစ်ပါးအတွက် ဘာများ အသုံးဝင်သေးသနည်း။

ရာဇအာဏာဟူသည် အဘယ်နည်း၊ သက်ဦးဆံပိုင်ဟူသည် အဘယ်နည်း။ မကိုင်ရှုသရဖူဆောင်း၍ လောကအတွက် ဘာတွေလုပ်ပေးနိုင်ခဲ့သနည်း။ အရှင်မဟာကဿပ မထေရ်ကြီးဦးစီးသော သင်္ဂါယနာတင်ပွဲကြီးအတွက် မင်းအာဏာစက်ဖြင့် ပူဇော်ကူညီခဲ့ခြင်းဆိုတာကိုသာ နုတ်ပယ်လိုက်လျှင် မဂဓနိုင်ငံကြီးသခင်ဟူသော ဘဝသည် သုညသာ ကြွင်းပေလိမ့်မည်။

ပြုဖွယ်ရှိသည်များ ပြုခဲ့ပြီးပြီ။

ရှေ့ဆက်၍ ဘာလုပ်စရာ ရှိသေးသနည်း။

လေရူးတစ်ချက်အသုတ်တွင် သစ်ရွက်ခြောက်များ ဖြည်းဖြည်းကြွေကျလာ၏။ ရွက်ကြွေများကို နင်းဖြတ်မိသည်၊ နင်းဖြတ်သူကိုယ်တိုင်ကလည်း ရော်ရွက်တစ်ရွက်သာဖြစ်၏။

❊ ❊ ❊



www.foreverspace.com.mm

www.foreverspace.com.mm



ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များကို ဌာပနာ ကိုးကွယ်ထားသည့် မဟာစေတီ ပရဝုဏ်အပြင်သို့ ရောက်ခဲ့သည်၊ ကွက်လပ်ကွင်းပြင်ကျယ်ကို ဖြတ်သည်။ ရှေ့ဆီတွင် ခင်တန်းတောစပ်လေးတစ်ခု ရှိသည်၊ ထိုတောစပ်ကို ဖြတ်ကျော်ပြီးမှ မြေလမ်းသို့ ရောက်မည်ဖြစ်၏။

အဇာတသတ်မင်းကြီးသည် ဖြည်းဖြည်းသက်သာ ဆက်လျှောက်ခဲ့လေသည်။ ခင်တန်းတောအုပ်ကလေးသည် ငြိမ်သက်နေ၏။ ကျီးများပင် မနိုးကြသေး။ အရုဏ်သည် အရှေ့ဘက်တောင်တန်းများနောက်တွင် စတင်မွေးဖွားစဖြစ်မည်။ ထွက်ပြူနိုင်ခြင်းမရှိသေး။

ထိုစဉ် . . .

တောစပ်တစ်ဖက် မြေနီလမ်းဘက်ဆီမှ ခြေသံများ ကြားလိုက်ရသလိုလို ရှိ၏။ ဒီလိုအချိန်ကြီးမှာ ဘယ်ကခြေသံတွေနည်း၊ မိမိအကြားလွဲခြင်းလော . . . မဟုတ်ပေ၊

ခြေသံများပင်ဖြစ်၏။ ကသောကမျော အသော့နှင်လာသော ခြေသံများက တစ်စတစ်စ နီးလာကြသည်။ မည်သူတွေနည်း။

ဘယ်လိုမှ မစဉ်းစားတတ်မီမှာပင် တောစပ်အကွယ်မှ ဘွားခနဲ လူရိပ်ပေါ်လာ၏။ မည်းမည်းမှောင်မှောင်သဏ္ဌာန် လူလုံးမကွဲပြား။ သို့သော် သဏ္ဌာန်သည် မိမိရှိရာသို့ ရှေ့ရှုပြေးလာနေလေသည်၊

“အရှင်မင်းကြီး . . . လွတ်ရာပြေးပါတော့”

မောဟိုက်တုန်လှုပ်နေသည့်အသံ ကြားလိုက်ရသည်။

“အလို . . . ဝဿကာရအသံပါလား”

ဝဿကာရသည် တောစပ်ဆီသို့ အားသွန်ပြေးလာရင်း အသံကုန်အော်နေသည်။

ခြေလှမ်းများ တုံ့သွား၏။ ဘာမှ နားမလည်နိုင်၊ ဘာကြောင့် ဝဿကာရ ပြေးလာသလဲ။ အော်ဟစ်လာသလဲ။ ဘာကြောင့် လွတ်ရာပြေးရမှာလဲ၊ ရာဇပြိုဟ်စစ်မက်ဖြစ်ဖို့ အကြောင်းမရှိ။

သို့သော် . . . ထိုမေးခွန်းများ၏ အဖြေက ချက်ချင်းထွက်ပေါ်လာလေသည်။

ဝဿကာရ နောက်မှ လိုက်ပါလာသော မြင်းခွာသံများ၊





ထို့နောက် . . . ဟစ်ကြွေးကြုံးဝါးသံ . . . ။

“ဥဒယဘဒ္ဒ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ဟေ့ . . . ၊

“နန်းကျဘုရင် အဇာတသတ်ကို လက်ရဖမ်း၊ ခုခံကာကွယ်သူ မှန်သမျှ နေရာမှာပဲ လက်စတုံးပစ်”

သိလိုက်ပေပြီ၊

ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ရုတ်ခြည်း မြင်ယောင်လိုက်၏။

ဩော် . . . မိမိအလှည့်ပါတကား၊

ဥဒယဘဒ္ဒ ဘုရင်မင်းမြတ် . . . တဲ့။ သားတော်သည် ထီးနန်းပလ္လင်ကို သိမ်းပိုက်လိုက်ပေပြီ။ နန်းကျဘုရင် အဇာတသတ် . . . တဲ့၊ မိမိ နန်းအချခံလိုက်ရပေပြီ။

လက်ရုံးတစ်ဆူဖြစ်သော အမတ်ကြီး ဝဿကာရသည် အားကုန်သွန်ပြေးရင်း ရှေ့မှောက်တွင် လဲပြိုကျလာ၏။ မင်းကြီး၏ ဝတ်ရုံစအနားကို သွေးရူးသွေးတန်း ဆုပ်ကိုင်၏။

ဝဿကာရကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

“ငါ့အလှည့်ရောက်ပြီ ဝဿကာရ . . . ဘာမှ မကြီးစားနဲ့တော့. . . ငါ့ ဖခမည်းတော်ကို ငါ သတ်ခဲ့တယ်၊ အခု ငါ့သားတော်က ငါ့ကို သတ်တော့မယ်၊ ပေးဆပ်ဖို့ကလွဲပြီး ငါ့မှာ ရွေးစရာ မရှိတော့ဘူး၊ ဟုတ်တယ် . . . ငါ ပေးဆပ်ရတော့မယ်”

မြင်းခွာသံများ နီးလာပေပြီ။ ။ . . . . . . . . . . . .

**ချစ်ဦးညို**
**၁၉၉၅၊ ဒီဇင်ဘာ (၄)**

www.foreverspace.com.mm

## စာရေးသူ၏ နောက်ဆက်အမှာ

စင်စစ် အမှာစကားဟူသည်မှာ ဝတ္ထုမစခင် ရှေ့ပိုင်းတွင် ရေးရန် ဖြစ်သော်လည်း ယခု အမှာကိုမူ နောက်ဆက်အဖြစ်သာ ရေးလိုက်ရပါသည်။ ဝတ္ထု၏ အာနိသင်ကို မထိခိုက်စေလို၍လည်းကောင်း၊ စကားဦးမသန်းလို၍ လည်းကောင်း နောက်ဆက် အမှာအဖြစ် ရေးခြင်းဖြစ်ပါသည်။

အဇာတသတ်မင်းကြီးသည် "ပေးဆပ်"သွားခဲ့ပြီးဖြစ်ပါ၏။

သို့သော် ထိုပေးဆပ်ခြင်းမှာ ထိုဘဝ ထိုဘဝ ထိုတစ်သက်တာမျှသာ မဟုတ်ကြောင်း သူကိုယ်တိုင် သိမသွားခဲ့ပါ။

❊ ❊ ❊

သရက်ဥယျာဉ်ကျောင်းမှ အဇာတသတ်မင်းကြီး ပြန်ခဲ့ပြီးနောက် ဘုရားရှင်က ရဟန်းများအား မိန့်မြွက်တော်မူသော စကားများကို သူ သိမသွားခဲ့ပေ။ ထိုစကားမှာ -

"ရဟန်းတို့ . . . ဤအဇာတသတ်မင်းသည် မိမိ၏တည်ရာကို မိမိပင် ဖျက်ဆီးခဲ့၏၊ ဤ အဇာတသတ်မင်းသည် တရားစောင့်သော၊ တရားသဖြင့်



www.foreverspace.com.mm



မင်းပြုသော ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို မသတ်မိပါမူ ဤမင်း၏သန္တာန်၌ ဤနေရာမှာပင်လျှင် သောတာပတ္တိမဂ်ဉာဏ်အမြင် ဖြစ်ပေါ်လေရာ၏။ ယခုမှာမူ ဒေဝဒတ်တည်းဟူသော မိတ်ဆွေဆိုးနှင့် ပေါင်းသင်းမိသည့်အတွက် သောတာပတ္တိမဂ်ဉာဏ်၏ အန္တရာယ် ဖြစ်ရှိလေတော့၏"

"ထိုသို့ပင် ဖြစ်သော်လည်း ငါဘုရားကို ဆည်းကပ်၍ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောကြောင့်လည်းကောင်း၊ သူ၏ ဆည်းကပ်ရာ ငါဘုရား၏ သာသနာသုံးရပ်က မြတ်လှကြီးလှသောကြောင့်လည်းကောင်း၊ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သောယောကျ်ားသည် လူသတ်မှုကို ကျူးလွန်မိ၍ သေစားသေရန် အပြစ်ဒဏ်ကို ခံရမည်ဖြစ်သော်လည်း အမှီကောင်းကို ရရှိသည့်အတွက် ပန်းတစ်ဆုပ်မျှသော လက်ဆောင်ဖြင့် (ဝါ) ပန်းတစ်ဆုပ်မျှသော ဥစ္စာဒဏ်ကို ပေးဆောင်ကာ သေဒဏ်မှ လွတ်သကဲ့သို့ ဤအတူပင်-

"အဖကို သတ်ခြင်းတည်းဟူသော အနန္တရိယကံကြောင့် အဝီစိငရဲ၌ ဖြစ်ထိုက်သော်လည်း ငါဘုရားသာသနာတည်းဟူသော အမှီကောင်းကို ရရှိသည့်အတွက် သေပြီးနောက် လောဟကုမ္ဘီငရဲ၌သာ ဖြစ်ပြီးလျှင် အနှစ်သုံးသောင်းကြာ အောက်သို့မြုပ်၍ အောက်အပြင်သို့ ရောက်ရှိကာ တစ်ဖန် အနှစ်သုံးသောင်းကြာ အထက်သို့တက်၍ အထက်နားရေးအပြင်သို့ ရောက်ရှိလတ်၍ (အနှစ်ခြောက်သောင်းကြာလျှင်) ထို လောဟကုမ္ဘီငရဲမှ လွတ်မြောက်လိမ့်မည်" . . . ဟူ၍ ဖြစ်လေသည်။

***(မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ စာ-၇၀၇-၇၀၈)***

အဇာတသတ်မင်းတို့၏ အဆက်အနွယ်၌ ငါးဆက်တိုင်တိုင် သားက အဖကို သတ်ခဲ့သည်ဟု ကျမ်းများက ပြဆိုထားပေသည်။

(၁) အဇာတသတ်မင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်သည်။

(၂) ဥဒယဘဒ္ဒမင်းသားသည် ခမည်းတော် အဇာတသတ်ကို သတ်သည်။

(၃) မဟာမုဏ္ဍိက မင်းသားသည် ခမည်းတော် ဥဒယဘဒ္ဒကို သတ်သည်။

(၄) အနုရုဒ္ဓမင်းသားသည် ခမည်းတော် မဟာမုဏ္ဍိကကို သတ်သည်။

(၅) နာဂဒါသမင်းသားသည် ခမည်းတော် အနုရုဒ္ဓါကို သတ်သည်။

www.foreverspace.com.mm

နောက်ဆုံးတွင်ကား "ဤမင်းတို့သည် ရာဇဝင် အနွယ်အဆက်ကို ဖြတ်တောက်သော မင်းတို့ဖြစ်ကုန်သည်။ ဤမင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု တိုင်ပင်ညီညွတ်ကာ တိုင်းသူပြည်သားတို့က နာဂဒါသ (နောက်ဆုံးမင်း)ကို သတ်ဖြတ် ဖျောက်ဖျက်ကြလေသည်။

❊ ❊ ❊

တန်ဆောင်မုန်းလပြည့်ညဉ့်၌ မြတ်စွာဘုရား ဟောကြားတော်မူသော "သာမညဖလသုတ်" ကို ကြားနာရ၍ အဇာတသတ်မင်းသည် ကြီးစွာသော အကျိုးအာနိသင်ကို ရခဲ့ပေသည်။

ရပုံမှာ - ခမည်းတော်ကို သတ်ပြီးသောအခါမှစ၍ ဒုဂ္ဂတိနိမိတ်တို့သာ ထင်နေသဖြင့် နေ့နေ့ညဉ့်ညဉ့် အိပ်စက်ခွင့်မရခဲ့ပေ။ သာမညဖလသုတ်ကို ကြားနာရသောအခါမှစ၍ နေ့နေ့ညဉ့်ညဉ့် ချမ်းသာစွာ အိပ်စက်ခွင့်ရခဲ့၏။ ထို့အပြင် ရတနာသုံးပါးတို့အားလည်း ကြီးစွာသော ပူဇော်သက္ကာရမှု ပြုလေသည်။ အဇာတသတ်မင်းနှင့်တူသော ပုထုဇဉ်တို့သဏ္ဍာန်၌ဖြစ်သည့် သဒ္ဓါတရား (ပေါထုဇ္ဇနိကသဒ္ဓါတရား)နှင့် ပြည့်စုံသူဟူ၍ အခြားတစ်လူမျှ မရှိအောင် ပြိုင်ဘက်ကင်း ဥပါသကာလည်း ဖြစ်ခဲ့လေသည်။

နောင်အနာဂတ်အတွက်မှာလည်း လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းခံခဲ့ပြီး လွတ်မြောက်လာသောအခါ အဇာတသတ်မင်းသည် အကျိုးခံစားရမည်ဖြစ်၏။ ထိုအကျိုးကား ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းမည့်အကျိုးဖြစ်၏။

ဤဝတ္ထု၏ အမည်ဖြစ်သော (ဝိဇိတာဝီ)သည် ထိုပစ္စေကဗုဒ္ဓါဘဝတွင် ခံယူရရှိမည့် အမည်နာမ ဖြစ်ပေသည်။

❊ ❊ ❊

နောက်ဆက်အမှာ၏ နိဂုံးကမ္ပတ်တွင်ကား ဤ (ဝိဇိတာဝီ)ကို အားထုတ်ရေးသားရာ၌ လက်စွဲပြု မှီငြမ်းရသော ကျမ်းများစာရင်းကို ဖော်ပြခြင်းနှင့် ကျေးဇူးဂုဏ်တရားတို့အား အောက်မေ့ပူဇော်ခြင်းမှအပ အခြားဆိုရန် မရှိတော့ပါ။

ရတနာပုံစာအုပ်တိုက်



www.foreverspace.com.mm

(ဝိဇိတာဝီ) ဝတ္ထုကို ရေးသားရာ၌ -

(၁) နိုင်ငံတော်ဗုဒ္ဓသာသနာ၊ မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ။
(၂) နိုင်ငံတော်ဗုဒ္ဓသာသနာ၊ မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ။
(၃) နိုင်ငံတော်ဗုဒ္ဓသာသနာ၊ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ။ (ပထမပိုင်း)
(၄) နိုင်ငံတော်ဗုဒ္ဓသာသနာ၊ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ။ (ဒုတိယပိုင်း)
(၅) အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် - အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာသက နိပါတ်။
(၆) သီလက္ခန္ဓဝဂ် ပါဠိတော် မြန်မာပြန်။
(၇) ရာဇဗြိုဟ် (ဆောင်းပါး) (ပါရဂူ) ဉာဏ်လင်း မဂ္ဂဇင်းပဒေသာ။
(၈) ဒေဝဒတ်နှင့် အဇာတသတ် (ဒဂုန်-ဦးစန်းငွေ) တို့ကို လက်စွဲပြု မှီငြမ်းကြောင်း ဖော်ပြအပ်ပါသည်။

(ဝိဇိတာဝီ)ကို ရေးသားနိုင်ရန် စာရေးသူ ခံယူရရှိအပ်သော ကျေးဇူးတရားတို့၏ ရေသောက်မြစ်၊ ကျေးဇူးတော်ရှင်တို့ကား များပြားလှပါ၏။ မဟာဗုဒ္ဓဝင်ကျမ်းများကို ဦးစီးရေးသားတော်မူခဲ့သော တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး (ဦးဝိစိတ္တသာရာဘိဝံသ)မှ အစပြုလျက် လက်စွဲကိုးကားရာ ကျမ်းများကို ပြုစုခဲ့ကြသော ရဟန်းပညာရှိ၊ လူပညာရှိများသည် ဤဝတ္ထုအတွက် အနီးကပ် အကြောင်းခံ ကျေးဇူးရှင်များဖြစ်ကြပါသည်။

ထို့အပြင် စာရေးသူ၏ သဏ္ဍာန်၌ ရတနာသုံးပါး၏ ဂုဏ်ဖြပ်များ ထုံမွှမ်းအောင် မျိုးစေ့ချ သွန်းလောင်းပေးကြသော အမိဒေါ်စိန်ရင် (မိုးကုတ် ဝိပဿနာရိပ်သာ)၊ အဘ ဦးရွှေဒေါင်းညို၊ အဘွား ဒေါ်ဧကြင် (ကွယ်လွန် မိုးကုတ်ယောဂီ)၊ အဘိုး ဦးဘတင် (ကွယ်လွန်၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး၊ အဘိဓမ္မာပြန့်ပွားရေးအသင်း)တို့၏ အနန္တကျေးဇူးကိုလည်း ပူဇော် မှတ်တမ်းပြုပါသည်။

ထို့အပြင် မိမိအပေါ် နားလည်ယုံကြည်မှုထက်သန်သော စေတနာတို့ဖြင့် (အဇာတသတ်အကြောင်း ဒကာရေးစမ်းပါ) ဟု တိုက်တွန်းခဲ့သော ဆရာတော် ဘဒ္ဒန္တကုမာရ (မဟာစရိယ၊ ဘီအက်စီ) [မဟာသုံ့သာရဆရာတော် ဇေယျသိဒ္ဓိကျောင်းတိုက်၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့]၏ စေ့ဆော်အားပေးမှု ကျေးဇူးတရားများကိုလည်း ပူဇော် မှတ်တမ်းပြုအပ်ပါသည်။ ။

ချစ်ဦးညို

# ချစ်ဦးညို

ဝိဇိတာဝီ



www.foreverspace.com.mm